www.burmeseclassic.com

# လရောင်ကျေးရှင်

ဒီကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

လရောင်ကျူးရင့်
ဒီကောင်မလေး/ လရောင်ကျူးရင့်၊ ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၃။
၃၆၄- စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။
(၁) ဒီကောင်မလေး



အခန်း (၁)

"တစ် .. နှစ် .. သုံး ..."
"ငှစ် .."
"ခွမ်း .."
ပစ်ထည့်လိုက်ပြီးတာနှင့် နားစွင့်ထားမိကာ 'ခွမ်း'ခနဲ ကွဲသံ ကြားလိုက်ရတော့ နှစ်ယောက်သား မျက်နှာချင်းဆိုင်ပြီး လက်မတွေ ထောင်လိုက်ကြ၏။
ပြီးတော့ လက်ဝါးချင်း ရိုက်လိုက်ကြတာ ဖြန်းခနဲ ..။
"တောက်!..."
တက်ခေါက်သံကြောင့် နှစ်ယောက်စလုံး ခေါင်းတွေကို ပုထားလိုက်ကြ၏။
"ဘယ်ကောင်တွေလဲကွ .. ဟော .. ဒီလောက်တောင် လက်သရမ်းတာ .."
"ဘာဖြစ်လို့လဲ အစ်ကို .."



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ခြံထဲဆင်းပြီး စာဖတ်ရင်း အေးအေး နားမလို့ဟာ .. ကော်ဖီခွက်ထဲကို လောက်စာလုံး လာကျတာ .."

"ဟင်!..."

"ကွဲသွားပြီ .. ကော်ဖီတွေလည်း ဖိတ်ကုန်တာ ..၊ စာအုပ်တွေ ဖွန်းကုန်တာ ကြည့် .."

"အစ်ကိုရယ် .. ခေါင်းတွေဘာတွေကို မထိတာ ကံကောင်း ..

"ခေါင်းကို ထိသွားရင် ပြေးချုပ်လိုက်လို့ ရတယ်ကွ .. တောက် ငါ့စာအုပ်တွေ ကြည့်စမ်း ..၊ ဒီလောက် လက်သရမ်းတဲ့ ကလေးတွေ တွေ့လို့ကတော့ကွာ .."

တစ်ဖက်ခြံထဲက အသံတွေကို နားထောင်ရင်း သာသာ ပါး ဖိတ်ပြီး တစ်ကိုယ်လုံး လှုပ်အောင် ရယ်၏။ အလက်ာ က ပါးစပ်ပိ ရာကနေ လက်ဖယ်ပြီး ခွီးခနဲ ရယ်လိုက်သဖြင့် အလက်ာ့ ပါးစပ် လှမ်းပိတ်ရင်း အိမ်ဘက်ကို ပြန်ပြေးလာခဲ့ရသည်။

"ကြားသွားရင် မိုးမီးလောင်တော့မယ် .. ဘယ်လိုဖြစ်ရတာ ပါးစပ်ကြီးဖြဲပြီးတော့ .."

"တီတီသာ ကလည်း ခေါင်းကို ထိသွားရင်ဆိုတော့ အဲဒီလူကြီး ထိပ်ပြောင်ပြောင်ကြီးကို မျက်လုံးထဲမြင်ပြီး ရယ်ချင်တာပေါ့ .."

ပြောပြီးတော့ တဟီးဟီး ရယ်နေသေးသည်။ နှစ်ယောက်ပေါ ရယ်လိုက်တော့ ပိုဆိုးသွား၏။

"တကယ်ပဲကွာ .. တီတီသာ့ လက်က တန်းခနဲပဲ .."

"ဟဲ .. ဟဲ .. ဟဲ့ .. လေ့ကျင့်ထားရတာလေ .. အဲ့ဒါ မှတ်ထား ဘာဖြစ်ဖြစ် တဘ်ချင်ပြီဆိုရင် ထူးချွန်အောင် ကြိုးစားရတယ် .."

"သိတယ် .. သိတယ် .. ကလေးကို ထူးချွန်အောင် ကြိုးစား တိုက်တွန်းနေရင် ဒါတွေပဲဆိုတာ .."

"မေမေ .."





အသံကြားလိုက်တာနှင့် အနားရောက်နေတတ်သော မေမေ့ထက် တော့ သာသာ ဘယ်တုန်းကမှ မလျင်ခဲ့ပေ ..။

"ပေး .. အဲ့ဒီ လောက်လေးငွ .."

ဒေါ်ချိုမြလွင် က လောက်လေးငွကို ဆွဲယူလိုက်ပြီး အလက်ာ့ ရှပ်အင်္ကျီအိတ်လေးထဲက လောက်စာလုံး သုံးလုံး ရှိနေတာကိုပါ တစ်ခါ တည်း မြင်၏။

"ကြည့်ပါဦး .. အင်္ကျီလေးတွေ ဝတ်ထားတာ ဖြူဖြူစင်စင်နဲ့ .. လောက်စာလုံးတွေကြောင့် ပေကုန်ပြီ .."

"ဘွားဘွားကလည်း မပေပါဘူး .. သားက အိတ်လေးနဲ့ သပ်သပ် ထည့်ထားတာကို .."

"မရှည်နဲ့ .. ပေး .. အဲ့ဒါတွေကော .."

စိတ်တွေ တိုနေတာ ဘာနဲ့ တင်စားပြောရမှန်းတောင် မသိတော့ ပါ။ လူက တက္ကသိုလ်ကျောင်းသူ ဖြစ်နေပြီ .. ခုချိန်ထိ တူဖြစ်တဲ့သူနဲ့ ဆော့နေတုန်း ..။

ဆံပင်က စတက်ပ်ပုံ ပခုံးလောက်ပါးပါးလေးနဲ့ အင်္ကျီဝတ်လိုက် တိုင်း ခါးတိုတို .. လက်တိုတိုတွေပဲ များကာ အိမ်နေရင်း ဖြစ်သလို နေတဲ့ပုံမျိုး ပေါက်နေတာလည်း အမြဲတမ်း ..။

ထို့ပြင် ဆောင်းဘီရှည် သရီးကွာတား စကက် ဂါဝန် ဘာဖြစ်ဖြစ် တတ်သည်။ မြန်မာဆန်ဆန်လေး ဝတ်စမ်းပါဆို သင်းမှာ ကျပ်လို့ .. ဘားလို့ .. အသက်ရှူမဝလို့ စသဖြင့်သော အကြောင်းပြချက်တွေနှင့်..၊

"အခု ဒီ လောက်လေးငွနဲ့ ဘယ်အိမ်က မှန်ပြတင်းပေါက်တွေကို ထိုက်ခွဲထားပြီလဲ .."

"ဟာ .. သူများမှန်တွေ ထပ်ခွဲရင် ဒီတစ်ခါ မေမေ ရိုက်တော့မှာ သာသာ သိပါတယ် .."

"သိရှာသေးသကိုး .."

www.burmeseclassic.com



"အပျွန်း .. မမေကလည်း ဝါသနာပါလို့ ကိုင်နေတာ .. ဘယ်
တိုမှ မပစ် .. အဲ့ .."

"အေးနော် .. လုပ်ရဲလို့လုပ်ရင် မမြင်အောင် လုပ်ကြ .. ငါ့
ပက်ဝင်းတိုးလို့ထတော့ .."

ကြည့်စမ်း ..၊

သာသာ ညာနေတာ မဆုံးခင် ဟိုဘက်ခြံကလူကြီးအသံ ခြံစည်
ရိုးနားကနေ နီးနီးကပ်ကပ်ကြီး အော်လာသဖြင့် အတိုင်းသား ကြာ
လိုက်ရ၏။

"ဘယ့်နှယ် .. သားသမီး မွေးထားပြီး မဆုံးမနိုင်ရင် အိမ်တိုင်မှာ
ဖြစ်ဖြစ် ကြိုးနဲ့ ကပ်တုပ်ထားကြ ..၊ ပတ်ဝန်းကျင်ကို နှောင့်ယှက်နေ
တာ သိရဲ့သားနဲ့ လွှတ်ထားတာ ဒီတစ်ခါဆိုလို့ကတော့ အေဝတာ
တွေပြီ မှတ် .."

ဒေါ်ချိုမြလွင် မျက်လုံးတွေ သာသာ့ ဆီ ရောက်လာ၏။ ပြီးတော့
အလတ်မှာ ..၊

"ကြားလား ..၊ ပြောသွားတာ ကြားလား သာသာ .."

"မမေကလည်း အဲဒီလူကြီးက ဝေါက်သီး .."

"တာ ဝေါက်သီးလဲ .. နိုင်ငံခြားပြန် စိတ်ပါရဂူကြီး ဒေါက်တာ
ဦးအေဝတာ တဲ့ ..၊ ညည်းတို့ အဲဒီခြံကိုမှ ဘာလို့ သွားသွား 'စ'နေကြ
တာလဲ ပြောစမ်း .."

"မစပါဘူး .."

"စလို့ အခု အော်ဆဲနေပြီလေ .. ဒီခြံထဲက ကလေးတွေမှန်း သိ
လို့တို့ ထမင်း ဒီနား လာဆဲတာ .."

"မဆဲပါဘူး မမေရယ် .. သူ့ကော်ဖီခွက်လေး ကွဲသွားတော့.."

"ဘာ!..."

ရှုးရှူးဝါးဝါး အော်သံကြောင့် သာသာ ပခုံးလေးပါ တုန်သွားသည်။





"ဘွားဘွားကလည်း သားတို့က ငှက်ပစ်တာပါ .."

"အံမာ .. သူက တစ်မျိုး .."

"တကယ်ပြောတာ.. ငှက်ကိုတောင် ထိတော့မလို့ .. အဲ့ဒါ သီသီ
လေး ကပ်လွဲပြီး အဲဒီပေါ် ပြုတ်ကျသွားတာ .."

"ဘယ်ပေါ်ကိုလဲ .."

"ကော်ဖီပန်းကန်ပေါ် .."

"တွေ့လား .. နှစ်ယောက်စလုံး သူတို့ကိုယ်သူတို့ ရှယ်တူ သူငယ်
ချင်းတွေများ မှတ်နေကြသလား မသိဘူး ..၊ အတိုင်အဖောက်တွေ
ညီနေကြတာ .."

ဒေါ်ချိုမြလွင် သမီးနဲ့ မြေးကို ကြည့်၍ တုတ်ပဲ ဆွဲရမလား ..၊
နားရွက်တွေပဲ ဆွဲခေါ်သွားရမလား ..။

ဘာမှလည်း မလုပ်ဖြစ်ဘဲ စိတ်ပျက်စွာရှိရင်း ...

"လာခဲ့ .. လာခဲ့ကြ .. နှစ်ယောက်စလုံး .."

ထဘီတစ်စ 'မ'၍ အိမ်ထဲကိုပဲ လှည့်ဝင်လာခဲ့မိသည်။ သာသာ
နဲ့ အလတ်မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြကာ ...

"ဘယ်လိုလုပ်ကြမလဲ .."

"ဘယ်လိုလုပ်မလဲ .."

သံပြိုင် မေးမိရင်း မျက်နှာတွေ မဲ့သွားကြပြီး ခေါင်းကုတ်ကြတာ
လည်း ပြိုင်တူ ..။

"ဟဲ့ .. ဟိုနှစ်ကောင် .."

"လာပြီ .."

"လာပါပြီ ဘွားဘွား .."

ထူးသံ ပြိုင်တူပေးရင်း အိမ်ထဲဝင်သွားကြတော့ ထုံးစံအတိုင်း
ဒေါ်ချိုမြလွင် မှာပဲ ဒေါသတွေနဲ့ ပြည့်နှက်နေကာ ဦးအေးချို ကတော့ သည်
ငြိမ်အေးချမ်းသည့် မျက်နှာနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလုပ်ထားကြပြန်ပြီလဲ ဒီနှစ်ယောက် .."

အေးဆေးပဲ မေးပြီး ဆိုဖာပေါ်မှာ အကျအန သွားထိုင်၏။ ဒေါ်ချို မြလွင် က သာသာ တို့ နှစ်ယောက်စလုံး ဝင်လာတာကို အစအဆုံး ကြည့်နေပြီးမှ ...

"ထိုင်ကြစမ်း .."

"စောစောစီးစီးကွာ .. မင်းကလည်း .."

ကလေးတွေ ထိုင်ပြီးလို့ ကိုယ်ပါ ထိုင်မလို့ ထဘီစ အသာ'မ'၍ ဟန်ပြင်ပြီးကာမှ ဦးအေးချို စကားကြောင့် ထိုင်မလို ထမလို ဖြစ်သွားခဲ့ပြီး ...

"စောစောစီးစီး အစ်ကို့သမီး ပြဿနာရှာထားတာလေ .."

"အေးပါ .. ကဲ .. ထိုင်ပြီးမှ ပြော .."

ထိုင်ဖို့ သတိပေးမှ ထိုင်ချလိုက်ပြီး ...

"ခုပဲ ဗရေ့ဖက်(စ်)စားပြီး ထွက်သွားကြတယ် .."

လောက်လေးစာ မိလို့ ဟိုဘက်ခြံက ကြိမ်းမောင်း ဆဲဆိုခံရတဲ့ အကြောင်း ဦးအေးချို ကို စီကာပတ်ကုံး ပြောပြသည်။

ပြီးမှ ...

"ဒေါက်တာ ဦးဒေဝတာ အကြောင်း အစ်ကို သိသားပဲ .."

"ဂေါက်သီးကြီး ဖေဖေ .."

"အံမာ .."

သွက်သွက်လက်လက် ဝင်ပြောလိုက်ပြီးမှ သာသာ နှာခေါင်းလေး ရှုံ့မှုမှုနှင့် ငုံ့သွားသည်။

"သာယာချို .."

ဒေါ်ချိုမြလွင် ဒေါသကို ဘယ်လိုမှ မထိန်းနိုင်တော့ပေ ...၊

"ညည်းကိုယ်ညည်း ဆယ့်သုံးနှစ်သမီးလေး မှတ်နေသလားဟင်- အသက်သာကြီးပြီး ကိုယ်ခန္ဓာအချိုးအစား မဖွံ့ဖြိုးဘဲ သေးသေးညှပ်





ညှပ်လေးမို့ ကလေးလို ပေါ့ပေါ့ပါးပါး နေတတ်တာမျိုးဆိုရင်လည်း ငါ မပြောဘူး .."

"ဘွားဘွားကလည်း .. တီတီသာ က လူကြီးနဲ့ မတူပါဘူး .."

"တွေ့လား .."

ကလေးက တစ်မျိုးပြောတာကို ဒေါ်ချိုမြလွင် က ဒေါကန်သွားကာ ...

"အဲဒါ ညည်းကို ကလေးကတောင် လူမထင်တာတွေလေ .."

"ဟာ!... သားက အဲဒီလိုပြောတာ မဟုတ်ပါဘူး ...၊ တီတီသာ့ အရွယ်လည်း ဆော့လို့ရတာပဲဥစ္စာ .."

"မြေး .. တိတ်တိတ်နေစမ်း .."

"ကဲပါ ချို ရယ် .. မြေးငယ်ငယ်လေးတုန်းကတော့ မြေး အဖော်ရ ပါ့လားဆိုပြီး သမီးကို မင်းပဲ လွှတ်လွှတ်လပ်လပ် ထားခဲ့တာမို့လား.. ကျေးဇူးတင်ရဦးမယ်လို့တောင် ပြောသေးတာ .."

"အစ်ကို အဲဒီလို ဝင်ဝင်ပြီး ကာကွယ်နေလို့ အစ်ကို့သမီး ပြောမရ ဖြစ်နေတာ .."

"မဟုတ်ပါဘူး .. သူတို့နှစ်ယောက် တူဝရီးပေမယ့် သူငယ်ချင်း လို နေလာခဲ့ကြတာ ငါတို့ ကျေနပ်ခဲ့တာပဲမို့လား ...၊ ကဲ .. ကဲ .. သမီးနဲ့ မြေးတို့ သွားကြ .. ဒီနေ့ ကျောင်းပိတ်ကြတာပဲ ခြေလက်ဆေး ပြီး မြေးတို့ဘွားဘွား ကျက်ခိုင်းထားတဲ့ အင်္ဂုလိမာလသုတ် ကျက်ချေ ကြ ...၊ ရပြီဆိုရင် ပါဠိတော် အသံထွက်အတိုင်း ပိုမှန်အောင် ဆိုနိုင်တဲ့ လူကို ဘိုးဘိုးက ဆုချမယ် .."

"ဖေဖေ့ .."

"ယော .."

"အင်္ဂုလိမာလသုတ်က ကလေးမွေးတဲ့လူတွေအတွက် မဟုတ်ဘူး လား .."



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား .. အစ်ကို့သမီး ..၊ အဲဒီလို နည်းနည်းလေး အထွန့်တက်ချင်တာ အကျင့်ကို ပါနေတာ .."

ကြည့်နေရင်း ဒေါ်ချို့မြလွင် က အသည်းတွေယားနေ၏။ ဦးအေးချို က အပြုံးတစ်ဝက် မျက်နှာနှင့် ...

"ဟုတ်တယ်လေ .. ဒါပေမယ့် ကိုယ်က ရထားတော့ ကိုယ့်အတွက် ကိုယ် ရွတ်လို့ ရတယ် .. တခြားလူအတွက် ဓမ္မဒါန ပြုပေးနိုင်တယ် ..၊ ဘယ်သူပဲဖြစ်ဖြစ် ဗုဒ္ဓဘာသာလူမျိုးဆိုရင် ပရိတ်ကြီး (၁၁)သုတ်နဲ့ ဂါထာတော်တွေကို ကျွမ်းကျွမ်းကျင်ကျင် ရွတ်နိုင် ဖတ်နိုင်နေရမှာပေါ့ .."

"ရွတ်နိုင်တယ်လေ ဖေဖေရဲ့ .. အလွတ်မရတာလေးပဲ ရှိတာ.."

"အလွတ်ရမှ ရွတ်နိုင်မှာပေါ့ .. စာအုပ်တွေ နေရာတကာမှာ ကိုယ်နဲ့ သယ်သွားနေမှာမှ မဟုတ်တာ .."

"နေရာတကာမှာ ဘုရားစာတွေပဲ ရွတ်နေမှာလည်း မဟုတ်ဘူးလေ ဖေဖေကလည်း .."

"အမလေးနော် .. အဲဒီခေါင်းလေးကို နာနာသာ ခေါက်ပစ်ချင်တော့တယ် ..၊ သွား .. အခု သွားကျက်ဆို ကျက် .. စိတ်မပါဘဲ ကျက်မှာဆိုတော့ အချိန် နှစ်နာရီပေးမယ် .. မရမချင်း ဘုရားခန်းထဲက မထွက်ရဘူး .."

သမီးမျက်နှာလေးကို တကြည့်ကြည့်နှင့် ဖအေဖြစ်သူက စိတ်မကောင်း ..၊ ဒေါ်ချို့မြလွင် က လင်မယားနှစ်ယောက်ပဲ ကျန်ကာမှ သက်ပြင်းချကာ ...

"အစ်ကို့သမီးကို ဘယ်အချိန်ထိ အလိုလိုက် အကြိုက်ထားနေမှာလဲ အစ်ကို .."

"ဘာဖြစ်လဲ ချို ရယ် .. မိန်းမပျိုလေး အရွယ်ရောက်လာပြီဆိုတခြား ဘာညာကိစ္စတွေ မိဘတိုင်း ပူနေရပြီ .. အခု ငါတို့ မပူရဘူး..၊





သွားမယ် .. စားမယ် .. လည်မယ် .. ပတ်မယ် ဘာမှမရှိဘဲနဲ့ သူ့တူလေးနဲ့ ကိုယ့်ဝင်း ကိုယ့်ခြံထဲမှာပဲ ပြေးလွှားဆော့နေကြတာ နေပါစေ .."

"မနေရဘူး .. နေလို့ မရတော့ဘူး .. အခု ဆောင်းဦးနိုက် ပြန်လာတော့မယ် ..၊ နိုင်ငံခြားပြန် ပညာတတ်တစ်ယောက်ဆိုရင် မိန်းကလေးတချို့က ထွန့်ခြေဆည်ကြတာ မဟုတ်ဘူး .. ပြီးတော့ အရွယ်ရှိတယ် .. ရုပ်ရည်ရှိတယ် ..၊ ဒီလိုအရည်အချင်းမျိုးရှိတဲ့ ယောကျ်ားကို မဆိုးဖိုဖြစ်ဖြစ် .. တစ်ခုလပ်ဖြစ်ဖြစ် ရှောင်နေမယ် မှတ်လို့လား .."

"ယောကျ်ားလေးက မရှောင်နိုင်ရင်သာ တည့်တည့်တိုးတတ်ကြတာပါကွာ .. ဆောင်းဦးနိုက် က ဒီလိုလူစားမျိုး မဟုတ်ပါဘူး၊ ပြီးတော့ သမီးငယ်နဲ့ ပြန်ပြီး လက်ထပ်ပေးမယ့်အကြောင်း ငါတို့ အသိပေးပြီးပြီပဲ .."

"အဲဒါကြောင့် ပိုခက်နေတာ ..၊ ဟိုက သိပြီးပေမယ့် အစ်ကို့သမီးက ခုချိန်ထိ လောက်လေး၀ ကိုင်တုန်း .."

"အဲဒါလည်း ဆောင်းဦးနိုက် သိပါတယ် .."

"သိခဲ့တာက သူ့ခယ်မလေး.. မိန်းမဆိုးလေး အဖြစ်တုန်းကလေ.. အခု ကိုယ့်ဇနီးဖြစ်တော့မယ်ဆိုရင် ဒီလိုပုံစံ ဘယ်ယောကျ်ားက ကြိုက်မှာလဲ .."

"သူကြိုက်ဖို့ မလိုဘူး ချို .. ငါတို့သမီးလေး စိတ်ချမ်းသာဖို့ပဲ လိုတာ .."

ဦးအေးချို က သမီးဘက်ကပဲ အပြည့်အ၀ ရှိနေခဲ့လျက် ...

"သူ့အတွက် ပါရမီဖြည့်ဖက်ဖြစ်အောင် ငါတို့က ရှာပေးနေတာ မဟုတ်ဘူး .. သမီးအတွက် စိတ်အေးချင်တာ ..၊ သမီးလေး ဒီပုံစံ ဒီလိုဆိုးနေလို့လည်း သူ့လက်ထဲထည့်ဖို့ စိတ်ကူးရတာ .."

"အစ်ကိုရယ် .. ချို ပြောတာလည်း အဲဒါပဲလေ .. ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သမီး ဆိုးလို့ လူဆိုးထိန်းလက်ထဲ ခဏ ထည့်ထားရတာမျိုးမှ မဟုတ်တာ ‥ သူ လက်ထပ်ယူပြီးရင် သူ ပိုင်သွားပြီ ‥၊ ချို တို့က ဆိုင်သာဆိုင်တာ မပိုင်တော့ဘူး ‥ လင်နဲ့မယား ဖြစ်သွားပြီဆို လင်က လင် ‥ မယားက မယား ‥ ကိုယ့်ဝတ္တရားကို မကျေလို့ မရတော့ဘူး‥”

“ဪကွာ ‥ အဲဒီလို တာဝန်မသိတာမျိုးတွေ ရှိလာမှာမို့လို့ပဲ အကြောင်းသိ စိတ်သိအချင်းချင်း လက်ထပ်ပေးဖို့ စဉ်းစားရတာပေါ့၊ ဆောင်းဦးခိုက် လည်း နားလည်ပါတယ်ကွာ ‥ အစတည်းက တစ်အိမ်တည်း အတူနေလာကြတာ ချစ်ခင် ရင်းနှီးပြီးသားတွေ ‥ မင်းကိုက ပူလွန်းတာဝါ ‥”

ဒေါ်ချိုမြလွင် ပြောရခက်သွားသဖြင့် ဘာက အစပြန်ကောက်ရမှန်းကို မသိတော့ပါ။ ကိုယ်က မိန်းမသား ဖြစ်နေသည်မို့ ဆောင်းဦးခိုက် ၏ ပုံစံဟာ စိတ်မချနိုင်စရာ အရည်အချင်းကောင်းတွေ ပြည့်နှက်နေတာကို သိနေသည်။

ပြီးတော့ သမီးကြီးနဲ့တုန်းကလည်း သူငယ်ချင်းလိုပဲ ခင်ကြပါသည်ဆိုပြီး လက်ထပ်ပေးလို့ မရခဲ့သဖြင့် နှစ်ဖက်မိဘတွေ ဦးနှောက်ခြောက်ခဲ့ရ၏။

နောက်ဆုံး သူ့မိဘတွေ လားရှိုးဘက်ကို ပြောင်းသွားကြကာမှ မပြောင်းသေးခင်မှာ လက်ထပ်ပေးဖို့ကိစ္စက အောင်မြင်ခဲ့သည်။

ဟိုဘက်ခြံက ဟိုအရင်တုန်းကဆို ဆောင်းဦးခိုက် တို့ ခြံ ဖြစ်သည်။ တလေးတွေ အလယ်တန်းကျောင်းသားတွေ အရွယ်တည်းက သူတို့က မော်ဘီကို ပြောင်းသွားကြသည်။

ကျောင်းနဲ့ဝေးသွားမှာ စိုးကာ ဆောင်းဦးခိုက် ကိုတော့ အိမ်မှာပဲ နေပြီး ကျောင်းတက်ဖို့ သဘောတူခဲ့၏။

လားရှိုးထိ ပြောင်းဖို့ ဖြစ်လာကြတော့ ကလေးတွေ အရွယ်ရောက်နေကြပါပြီ ‥။





ထို့ကြောင့် လက်ထပ်ပေးမယ်ဆိုတော့ ချစ်လို့မရပါ ‥၊ ကြိုက်လို့မရပါနှင့် တော်တော် အခက်ကြုံခဲ့ရ၏။

‘ပြီးတော့လည်း ပြီးတာပါပဲ’ ဆိုပေမယ့် လက်ထပ်ပေးပြီးကာမှ သူငယ်ချင်းလိုတောင် မရင်းနှီးတော့ဘဲ အိမ်ထောင်ရေးက အေးစက်စက် ထုံထိုင်းထိုင်းကြီး ဖြစ်နေတာ ဘယ်သူတွေ စိတ်ချမ်းသာရလို့လဲ‥။

ဒီမြေးလေး ရဖို့အတွက် တခြားကလေး ခေါ်မွေးစားမယ် ဘာညာတွေဖြစ်ကာမှ သမီးကြီး သံသာချို က ကလေးယူပါ့မယ်လို့ ခေါင်းညိတ်တော် ရ၏။

နှစ်ယောက် အတူတူနေကြရလို့ မကင်းရာမကင်းကြောင်းလေးတွေ ရှိတတ်ပေမယ့် ဒါနဲ့ပဲ သာယာတဲ့ အိမ်ထောင်ရေးတစ်ခု ဖြစ်လာဖို့က မလွယ်ပေ ‥။

နီးစပ်လို့ ပတ်သက်မိတာမျိုးက အချစ်မှ မဟုတ်ဘဲ ‥၊

“ချို ‥”

“ဟင် ‥”

စိတ်ကူးနဲ့ ပူလောင်နေတာတွေကို ဦးအေးချို က သိနေ၏။

“ကြဲဖန်ပြီး တွေးပူမနေနဲ့တော့ ‥ အားလုံးပဲ ကိုယ် လုပ်တိုင်း ဖြစ်နေတာ မဟုတ်ဘူး ‥၊ အေး ‥ လုပ်သလို ဖြစ်လာပြီဆိုရင် အဲ့ဒါ ဖြစ်သင့်လို့ ဖြစ်လာတာ ‥ ရှေ့ဆက်ပြီး သူ ဖြစ်ရမယ့်အတိုင်း ဖြစ်သွားမှာပဲ ‥၊ ဖြစ်ပြီးရင် ပျက်တဲ့သဘောထဲမှာ အိမ်ထောင်ရေး မပါပါဘူးကွာ ‥ တချို့တလေ ပျက်သွားကြတာလည်း ပျက်ချိန်တန်လို့ပဲ ‥”

“အမလေး အစ်ကိုရယ် ‥ ချက်ချင်းပဲ သီလရှင် ပြေးဝတ်ချင်စိတ်ပေါက်လာပြီ ‥”

ဦးအေးချို က ဒေါ်ချိုမြလွင် ရဲ့ပခုံးကို ချစ်စနိုး လှမ်းရိုက်ပြီး ရယ်၏။ ပြီးတော့ ‥‥

“သက်သာရာ သက်သာကြောင်း ပြောပြတာပါကွာ ‥”



www.burmeseclassic.com

www.burmeseclassic.com



"မသက်သာဘူး အစ်ကို .. သားသမီး အိမ်ထောင်ရေးကို ပူတဲ့နေရာမှာ အမေတွေက အဖေတွေထက်တော့ ပိုပြီး ပူရတာပဲ .."

"ဟုတ်တယ် .. မင်းတို့ပဲ ပူနိုင်တာ .."

"**အစ်ကိုနော်** .."

"မင်း ပြောသလို ပြောပြတာပါ .."

"မပူလို့ မရဘူးလေ အစ်ကို.. လက်ထပ်ဖို့ကိစ္စ ဘယ်လိုပြောရမှန်း မသိလောက်အောင် အစ်ကို့သမီးက ကလေးဆန်ပြီး ရိုးသားနေတာ.."

"သြော် .. မရိုးသားဖို့ လိုအပ်လာမှန်းသိရင် မရိုးမသားစိတ်က သူ့အလိုလိုကို ဝင်လာတာ .."

"လွယ်လွယ်လေး ပြောနေလိုက်တာ အစ်ကိုရယ် .."

"ဘာမှမခဲယဉ်းတာကို မင်းပဲ တွေးပြီး ခက်ခဲနေတာ .. မင့်သမီးအကြောင်းကို ဆောင်းဦးနိုက် က သိပြီးသား ..၊ ဆောင်းဦးနိုက် မှဆိုးမိုကလေးအဖေ .. ဘယ်လိုစိတ်ဓာတ်ရာဇဝင်လဲဆိုတာကအစ မင့်သမီးသိတယ် .. ဘာမှ မလိုဘူး .."

"အဲ့ဒါက ခဲအိုနဲ့ ခယ်မတုန်းကလေ .."

"ခက်တော့တာပဲကွာ .. မင်း ဒါပဲ ခွေရစ်နေတာကျနေတာပဲ.."

"ဆောင်းဦးနိုက် က သူ့အမေ မရှိတဲ့နောက်ပိုင်းမှာ ဖအေကလည်း နောက်အိမ်ထောင်သစ် ထူလိုက်တော့ .."

"ပါလာပြန်ပြီ အပိုတွေ .."

"ထပ်ပိုရဦးမှာ .."

ခေါချိုမြလွင် ကလည်း ရွဲ့နေသလိုပင် ..။

"အရမ်းကို ရင့်ကျက်ပြီး အလုပ်ကြိုးစားတယ် .. သူ့အလုပ်မှာ အရမ်း အာရုံစိုက်တယ် ..၊ အခု နိုင်ငံခြားက ပြန်မလာသေးဘူး သူ့အဖွဲ့ကို ဒီမှာ ပလန်ချပေးထားတာ .. ခုဆို လုပ်ငန်းက အကောင်အထည်ပေါ်နေပြီ .."





"ဘာလဲ .. အထင်ကြီးစရာ အမှတ်တွေလား .."

"ထပ်ရှိသေးတယ် .. ဟိုအရင် ဂျပန်ကို တစ်နှစ်ခွဲ သွားနေတုန်း ...ည်းက သူ့ပညာက မြင့်မားနေပြီ .. ခုဆို နိုင်ငံတကာရဲ့ နည်းပညာ ...တွေနဲ့ တကယ့် ကျွမ်းကျင်တဲ့ ကွန်ပျူတာပညာရှင် ဖြစ်နေပြီ .."

"အဲ့ဒါနဲ့ပဲ ငါတို့က ပြေးပြီး ပန်းကုံးစွပ်ရမှာလား .."

"သူ့ အရင်လို မဟုတ်တော့မှာကို ချို စိတ်ပူတယ် .."

"လိုရင်းက ဒါပဲဟာ .. မင်း ပါးစပ်ထဲမှာ ဆောင်းဦးနိုက် ကို ...တောင် ပြေးပြီး ဦးနိုက်ရမလို ဖြစ်နေပြီ .."

"အစ်ကိုကလေ .. အဲ့ဒါ ခက်တာပဲ ..၊ လူတစ်ယောက်ကို အမြဲ ...မ်း ဒီတိုင်းသွားမယ်လို့ သတ်မှတ်ထားလို့ ရမလား .. အသက်အရွယ် ...ခြေအနေ အချိန်အခါတွေ ပြောင်းလဲသလို .. လူ့စိတ်က အများကြီး ...ပြောင်းလဲတာပဲ .. သူ့မှာ ကလေးအဖေဆိုတဲ့ ချို့ယွင်းချက်တစ်ခုပဲ ...တာ .."

"ပြောပါဦး .. မင်းက ဘာတွေ ပူနေတာလဲ .."

"လင်မယားချင်းမို့ ပွင့်ပွင့်လင်းလင်း ပြောရရင် သမီးလေးကို ... စိတ်ပျက်ပြီး .."

"ငါတို့သမီးက ဘာစိတ်ပျက်စရာ ရှိလို့လဲ .."

"အိမ်ထောင်ရှင်မနဲ့ ဘယ်နေရာမှ မတူဘူး .. တူလာအောင် ...ပေးဖို့လည်း အစ်ကို ကြည့်ဦးလေ .. တစ်ချက်လေးမှ ခြေမငြိမ်တဲ့ ...ငြိ .. ဘဲဥကြော်ပါ ဆိုတာတောင် ဘဲဥကို ဘယ်လိုခွဲရမလဲတဲ့.."

"ဒါကတော့ ငါ့သမီးက ငယ်ပါသေးတယ်ကွာ .."

"ဘာရယ်!..."

"ဘယ်သူမှလည်း ဒန်အိုး ခေါင်းပေါ်တင်ပြီး ယောက်မ ခါးကြား... မွေးလာတာ မဟုတ်ပါဘူး .. သမီးကို မိန်းကလေးပီသအောင် ... သင်ပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"သင်လို့ မရလို့ ခက်နေတာပါဆို .."

"သင်ချင်စိတ် ဖြစ်လာအောင်လည်း မင်းပဲ ကြိုးစားရမှာလေ.. ခက်နေတာက မြေးလေးနဲ့ ဆော့ဘက်လို ဖြစ်နေတော့ မြေးက ကစားမယ်ဆိုတိုင်း လက်ချင်းတွဲပြီးသား ဖြစ်နေတာ .."

"ဆောင်းဦးနိုက် က ပြန်လာတော့မှာ အစ်ကို .. တစ်လတောင် မလိုတော့ဘူး .."

"ပြန်လာတာနဲ့ ပေးစားမှာမှ မဟုတ်တာကွာ .."

"ပြန်လာတာနဲ့ ပေးစားလိုက်မှ စိတ်ချရမှာပေါ့ အစ်ကိုရဲ့ .. မီးဖိုချောင် မနိုင်နင်းတာ မပြောနဲ့ .. အစ်ကို့သမီးက စီးပွားရေးဆိုလည်း စုပါမားကတ်မှာ ဈေးဝယ်ဖို့ပဲ ရတာ .."

"ဟား .. ဟား .. ဟား ..."

ရယ်နိုင်နေသေးသည့်မျက်နှာကို ကြည့်ရင်း စိတ်ညစ်သွားမိသည်။ အိမ်ထောင်ရေးကို ပြက်ရယ်ပြုတော့ 'ယောကျ်ားပီသပါပေ့'ဆိုသည့် ကဲ့ရဲ့ခြင်းတွေလည်း ကိုယ့်မျက်လုံးတွေထဲမှာ ပါသွားပြီ ထင်ပါသည်။

ဆုတောင်းရတော့မှာ တစ်ခုပဲ ရှိသည်။

ကိုယ် စိတ်ပူရတာတွေ ဖြစ်မလာပါစေနဲ့ ...။"





## အခန်း (၂)

"ဟိတ် .. ရှူး .."

အသံတိုးတိုး ခေါ်တာပေမယ့် ကောင်လေးက လှည့်ကြည့်သည်။

"လာ .. ဒီကို .."

"ဟင်!..."

"ဒီကို ခဏလောက် .."

ကောင်လေးက အလင်္ကာ့ ထက် အသက်ကြီးရင်တောင် အလွန် တစ်နှစ် နှစ်နှစ်လောက်ပဲ ဖြစ်မည်။

အလင်္ကာ လက်ယပ်ခေါ်တော့ အနားရောက်လာကာ သစ်ပင်တွေကြားမှာ သာသာ့ ကို မြင်သွားသဖြင့် ခြေလှမ်းတုံ့သွားသည်။

သာသာ က ရှေ့ကို ထွက်လိုက်ပြီး ...

"လာပါ မောင်လေးရဲ့ .. မမတို့က ခင်ချင်လို့ပါ ..၊ အိမ်နီးချင်းဆိုတော့ ကစားဖော်တွေ တိုးတာပေါ့ .."

"ဟင့်အင်း .. မကစားချင်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ .."

"ပရော်ဖက်ဆာကြီး ရိုက်မှာစိုးလို့ .."

"ဒေါက်တာ ဦးဒေဝတာကြီး လား .."

"ပရော်ဖက်ဆာကြီးလို့ ခေါ် .."

"ဩော် .. အဲဒီလို ခေါ်ရမယ်တဲ့လား .."

"အင်း .."

ကောင်လေးက အသားဖြူပေမယ့် မွဲခြောက်ခြောက်လေးဖြစ်က... စကားပြောဖော်တော့ ရပေမယ့် မျက်လုံးတွေ .. ကိုယ်အမူအရာ လှု... ရှားမှု ဘာမှမပါဘဲ အရုပ်က စကားပြောတာနှင့် တူ၏။

"ဟဲ့ .. စိုးအောင် .. လာစမ်း .. လာစမ်း .. အမလေးနော်... သေချင်လို့ .."

ပျာယာခတ်နေသည့်အသံနှင့် စိုးစိုး ဆိုသည့် အမျိုးသမီး အရွ... တစ်ပိုင်း ရောက်လာသည်။

အဲဒီဘက်မှာ သူမက ပရော်ဖက်ဆာကြီး ရဲ့ အကူသူနာပြုပေမယ်... အိမ်အကူလိုမျိုး အမြဲတမ်းရှိနေပြီး အိမ်ဖာဟီရတွေ လုပ်နေရတာ သူ... တို့ သိပြီးသားပါ ..။

ဦးဒေဝတာ က ဇနီးနဲ့ သားလေးတစ်ယောက်ပဲ ရှိကာ စိုး... ၏သားလေးနှင့် မတိမ်းမယိမ်းလောက်ပဲ ထင်သည်။ ထိုပြင် ...

ရောဂါသည်လေးလို့ ပြောသံကြားဖူးတာက ဒီကောင်လေးလား... ဦးဒေဝတာ ရဲ့သားလားဆိုတာ မသိ ..။

"ဒီမှာ သမီးတို့ရယ် .. နောက်ကို ဒီနားလည်း မလာကြပါနဲ့... ကိုယ့်ဘာသာ ကိုယ့်ခြံထဲ ကိုယ်နေတာဆိုရင်လည်း ငါ့သားကို လှမ်း... ခေါ်ပြီး စကားပြောတာတွေဘာတွေ မလုပ်ပါနဲ့.. တောင်းပန်ပါတယ်..."

"ဘာဖြစ်လို့လဲ အစ်မရဲ့ .. အိမ်နီးနားချင်းပဲဟာ .."

"မရဘူး .. မရဘူး .. ပတ်ဝန်းကျင်နဲ့ အဆက်အဆံလုပ်တ...





...တို့ကို မကြိုက်ဘူး .. ပရော်ဖက်ဆာကြီး သိရင် မလွယ်ဘူး အဲဒီကိစ္စ.. ...ပ်ကြပါနဲ့ .."

ကောင်လေးကို ခေါ်ထွက်သွားပုံက သာသာ တို့ကပဲ လိုက်ဆွဲ... ...မှာ စိုးရိမ်နေသလို နောက်လှည့်ကြည့်ရင်း ခလုတ်တိုက်မတတ်..။

"တီတီသာ .. အဲဒီအိမ်ကလူတွေက တစ်မျိုးပဲနော် .."

"အေးလေ .. လူလေးရှိတာမှ နှစ်ယောက်တစ်ပိုင်းရယ် .. ဘေး... ...တွေနဲ့လည်း မခေါ်မပြော .. သူတို့ချင်းလည်း စိုစိုပြည်ပြည်ရှိပုံ ...ပါဘူး .."

"တွေ့လား .. ဦးဒေဝတာကြီး က ဓါက်သီးပါဆိုတာ ဘွားဘွား ...မယုံဘူး .."

"မေမေ ယုံယုံ မယုံယုံ ဒီလူကြီးအကြောင်း အားလုံး သိပါတယ်"

"ဘယ်လူကြီးအကြောင်းလဲ .."

အပြင်မှာ သာသာ လွှတ်လွှတ်လပ်လပ် ပြောတော့မယ် .. ကစား... ...ာမယ်ဆိုရင် အနားကို ရောက်လာတတ်တာ မေမေပဲ ဖြစ်နေ၏။

ဒေါ်ချိုမြလွင် က မေးလိုက်ပေမယ့် နားလည်နေပုံရှိလျက် ...

"အဲဒီခြံက လူတွေကို စိတ်မဝင်စားပါနဲ့လို့ ပြောတာလည်း အခါ ...ခါင်း မနည်းတော့ဘူး ..၊ ပါးစပ်နဲ့ စပ်စုလိုက် .. လက်နဲ့ ရန်စလိုက်.."

"လက်နဲ့ ရန်စတယ်ဆိုတာ မဟုတ်ပါဘူး မေမေရယ် .. မတော် ...ဆပါဆိုမှ .."

"တော်တော့ သာသာ .. အဲဒီ မတော်တဆတိုင်း လိုက်ရှင်းနေရ ...တာ ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါ ရှိနေပြီမှန်းတောင် မသိတော့ဘူး .."

သာသာ က ကော့နက်ထူခဲနေသည့် မျက်တောင်ရှည်တွေကို ...ခင် ဖိခတ်နေရင်း နှုတ်ခမ်းစူသည်။ ကိုယ့်သမီးလေးကို စိတ်ပျက် ...က်ပျက် ကြည့်နေမိတိုင်း ငါ့သမီးလေး လုလိုက်တာလို့ ကျေနပ်မိ... ...တ်ကလည်း တွဲလျက် ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မထူမပါး မျက်ခုံးတန်း နက်နက်လေးတွေနှင့် မျက်တောင်အေ တို့ ဝိုင်းရံခနေသည့် မျက်ဝန်းပြာလေးတွေက အရုပ်လေးနဲ့တူအေ လှသည်။

ပါးမို့လေးတွေ အမြဲတမ်း နီမြန်းနေတာရော .. ထူပြည့် ပုံကျသ နှုတ်ခမ်းသားလေးတွေက ဘယ်တော့မှ တင်းခြောက်နေတာ မရှိတ ဘဲ ပန်းရောင်နုနုနှင့် အမြဲတမ်း လက်ဆတ်နေတတ်၏။

မိန်းကလေးတစ်ယောက် ရှိသင့်သော အရုပ်အမောင်းလေးနဲ့ ကိုယ်ဟန်သွယ်သွယ်လေးနဲ့ သမီးလေးကိုယ်မှာ မလှပါဘူးလို့ ပြေ လောက်အောင် အပြစ်ဆိုတာ မမြင်ပါ ..။

ဒါပေမယ့် မိန်းကလေးတစ်ယောက် တတ်အပ်သော ဘယ် ပညာရပ်မျိုးကိုမှ သူမလေးက မကျွမ်းကျင် ..။ ထို့ကြောင့် အိမ်ထေ ရေးကိစ္စကို ပြောဖို့ထက် လောလောဆယ်မှာ သူမကို မိန်းကလေ ပီပီသသနေတတ်အောင် ဘယ်လိုသင်ပေးရမလဲ စဉ်းစားရင်း တကော ကောက် လိုက်ကြည့်မိတဲ့အထိ ..။

"မမေက ညစာ ချက်ပြုတ်ဖို့ စီမံပေးခဲ့ပြီလား .."

"ဒီအချိန်ကြီးထိ မချက်ပြုတ်ရသေးဘဲ နေပါ့မလား ..၊ ဘာဖေ မေးနေတာလဲ .."

"ဖေဖေ ပြန်လာရင် သံပရာရည် သောက်နေကျနော် .."

"အဲ့ဒါ ဘာဖြစ်လဲ .."

"သံပရာသီး ကုန်နေတယ်လို့ ပြောသံကြားထားလို့လေ ..၊ မေ မေ့နေမှာစိုးလို့ .."

"ဒါတွေ ငါ လုပ်နေကျပါ သာသာ ရယ် .. နေပါဦး .. ညည်း မအေကိုများ အလုပ်မရှိ အကိုင်မရှိမို့လို့ ညည်းကိုချည်း လိုက်ကြည့် တယ် ပြောချင်သေးလို့လား .."

မေးသမျှကို ဖြေနေပြီးမှ ဒေါ်ချိုမြလွင် ဒေါသထွက်ဖို့ သတိရ၏





"သာသာ နော် .. ညည်းကို မေမေ ဘယ်လိုမှ နားလည်ပေးလို့ နေတော့အောင် ဆိုးမလာနဲ့ .."

"သာသာ ဘာလုပ်လို့လဲ မေမေရဲ့ .."

"ညည်းကို ယောက်ျားပေးစားပစ်ဖို့ထိ ငါ စိတ်ကူးထားပြီးပြီ.."

"ယောက်ျားပေးစားပစ်ရအောင် သာသာ က ဘာအပြစ်တွေ လုပ် မိလို့လဲ ..၊ မေမေနော် .. မတည့်အောင် မပြောနဲ့ .."

"အံမယ် .. မအေကို ပြောပုံက ကြည့် .."

"ဘွားဘွားကလည်း ဟုတ်သားပဲ.. သား တီတီသာ့ ကို ယောက်ျား ပေးစားရပါဘူး .."

တူလုပ်တဲ့လူကလည်း သူ့အဒေါ်ကို အဒေါ်လို မမြင် ..၊ သူငယ် ချင်းတစ်ယောက် လျှော့သွားမှာစိုးတာမျိုး ဘွားအေကို ခံပြောပုံက ..၊

"ဘွားဘွား .."

"ပြော .. ပြော .. ဘာလဲ .."

ကိုယ့်စကားကို အစခက်နေတိုင်း စိတ်က တိုနေသဖြင့် ထူးသံက ငေါ်သာ ..။

"တီတီသာ့ ကိုလည်း ယောက်ျား မပေးစားနဲ့ ..၊ သားတို့လည်း နောက်ကို လောက်လေး မပစ်တော့ဘူး .. အခု သား မေးတာကို ဖြေ မှာလား .."

"ဘာလဲ .. မေး .."

"အဲဒီဘက်က ခြံကြီးက သားတို့ ခြံကြီးဆို .."

ဒေါ်ချိုမြလွင် က ဟိုဘက်က နှစ်ဆောင်ပြိုင် နှစ်ထပ်တိုက်မြင့် ကြီးကို တစ်ချက်ပဲ လှမ်းကြည့်ပြီး ခေါင်းညိတ်၍ ...

"ဟိုးအရင်က ဟုတ်တယ်လေ .. မြေးရဲ့ ဖေဖေရယ် .. မေမေ ရယ် .. တီတီသာ ရယ် .. အဲ့ဒီဘက်မှာ ကြက်တောင်ရိုက်ကြ .. ပြေးစူး ကြနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ရေကူးကန် ရှိတယ်ပေါ့ .."

"ရှိတယ် ..၊ နောက်ဖေးမှာ .."

"အဲဒီတုန်းက သားက ဘယ်ရောက်နေတာလဲ ဟင် .."

"နင်က ငါ့အစ်မဗိုက်ထဲ မဝင်ရသေးလို့ .. အိမ်ကြိုအိမ်ကြား မြောင်းကြိုမြောင်းကြား .. အမှိုက်ပုံဘေးက ခွေးချေးပုံနားမှာ သရဲဘေ ဘဝနဲ့လေ .. ငုတ်တုတ်လေး .."

"တီတီသာ မြင်ရလို့လား .."

"ဟား .. ဟား ..."

သာသာ က မျက်နှာလေးမော့ ရယ်ကာ ...

"မြင်ရစရာကို မလိုဘူး .. သိနေတာ ..၊ နင့်ကို မမ ကိုယ်ဝန်ရှိ တုန်းက လမ်းဘေးက တုတ်ထိုးဆိုင်မှာ ထိုင်ချင်တယ် .. လမ်းပေါ် ရေခဲပူစီ စားချင်တယ် ..၊ ပြီးတော့ ဘာဖြစ်သေးလဲ သိလား .."

သူ့ကို အပြတ်အသတ် ဖဲ့နေတော့ အလက်ာ့ မျက်နှာလေး ရှုပုတ် ပုတ် ဖြစ်လာ၏။

ဘွားအေ့မျက်နှာကို အားကိုးတကြီး မော့ကြည့်တော့လည်း ရွှေ ယောင်းနှောင်းဖြစ်တွေကို သတိရပြီး ပြုံးတုံ့တုံ့ ဖြစ်နေပုံက ဒါတွေ အမှန်ပဲဆိုတာ ထောက်ခံနေသည့်နှယ် ..။

" 'ရွှေအလှ'တို့ .. 'ရွှေဦးကျက်သရေ'တို့ ခေါင်းစဉ်နဲ့ တို ငယ်ငယ်က ကျောင်းမှာ ပြိုင်ပွဲဝင်ဖို့ ဆွဲကြတဲ့ ပန်းချီကားလေးတွေ လေ .. အဲဒီမှာ ပထမ ရထားတဲ့ ငါ့ရဲ့ပန်းချီကားအဟောင်းလေးကို ကြည့်ပြီး အဲ့ဒီသစ်ပင်ကြီးအောက်က လမ်းဘေးရေအိုးစင်လေးက ရေ ကို သောက်ချင်ပါတယ် .. တဲ့ .. ဟား .. ဟား ..."

သာသာ က လက်ခုပ်လက်ဝါးတီးပြီး ရယ်သည်။ အလက်ာ က မျက်မှောင်ကုတ်လေးနဲ့ ကြည့်နေ၏။

ပြီးတော့ ဒါနဲ့လည်း မပြီးသေးဘဲ ...





"သိတယ် မှတ်လား .. လမ်းဘေးမှာလေ .. မြေအိုးဖုံးလေးနဲ့ ရေမှုတ်လေး တင်ထားတဲ့ ရေအိုးစင်မျိုးလေး .."

"အဲ့ဒါ ဘာဖြစ်လဲ .."

"ဘာဖြစ်ရမလဲ .. သစ်ပင်ကြီးတော့ သရဲခိုတယ် ..၊ တောကြို အုံကြားမှာ သရဲတွေ ခြောက်ကြတာ မကြားဖူးဘူးလား အလက်ာ ရဲ့..၊ ငါ့ရဲ့ပန်းချီကားက တောရိပ်တောင်တန်း မှုန်ပျပျလေးရယ် .. လာလမ်း ကောက်ကောက်ကွေ့ကွေ့လေးရယ် .. သစ်ပင်အုပ်အုပ်ရဲ့အောက်မှာ ရေအိုးစင်ကလေးက .."

"ဟား .. ဟား .. ဟား ..."

အလက်ာ က ဝါးလုံးကွဲ ထရယ်လိုက်လျှင် သာသာ မျက်မှောင် ကုတ်သွားပေမယ့် ဒေါ်ချိုမြလှိုင် က သဘောပေါက်သည့်အပြုံးနှင့် အသာကြည့်နေခဲ့၏။

"တီတီသာ က ဘာပြောမလို့လဲ .. အဲဒါတွေနဲ့ သားနဲ့ ဆိုင်တယ် ပေါ့ ဟုတ်လား .."

"ဟုတ်တယ်လေ .. နင့်ကို ကိုယ်ဝန်ရှိမှ ချင်ခြင်းတပ်လိုက်တာ တစ်ခုမှ အကောင်းအကန်း မပါတော့ နင် ဘယ်ကလာတယ်ဆိုတာ သိသာတာတွေ ပြောပြတာ ..၊ ဟဲ .. ဟဲ .. ခုတော့ အရင်ဘဝက အကြောင်းတွေကို မတမ်းတတော့ပါဘူး .. အလက်ာ ဆိုတဲ့ကောင်လေး အကောင်းကြိုက်မှ ကြိုက် .. စိတ်မဆိုးနဲ့ .. လူတိုင်းပဲ ဘဝအဟောင်း မှာ ကောင်းခဲ့ပါတယ် .."

"သားကို အားမပေးပါနဲ့ တီတီသာ ရာ .. တီတီသာ ပဲ ကိုယ့် ဘာသာ ဖြေနိုင်အောင် ဖြေပါ .."

"အံမာ .. ငါ့ကိုများ .."

"ဟုတ်တယ်လေ .. အဲဒီနေရာတွေမှာ သရဲတွေ နေတတ်တယ် ဆိုတာ တီတီသာ ပဲ သိတာ ..၊ သားဖြင့် မကြားဖူးပါဘူး ..၊ ဘွားဘွား..



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားရော ကြားဖူးလား ..”

ဒေါ်ချိုမြလွင် က ရယ်ပြီး ခေါင်းခါပြလိုက်လျှင် သာသာ့ မျက်နှာလေး ပျက်သွား၏။

“ဟား .. ဟား .. ဟား ...”

အလက်ာ က သူမ ရယ်ခဲ့သလို လက်ခုပ်တီးပြီး အကျယ်ကြီး ရယ်ချလိုက်၏။

“ဘိုးဘိုး ပြောဖူးတယ် .. ဘာလဲ .. ဟိုဥစ္စာ ‘ပြောမယုံ ကြုံမှသိ’ တဲ့ ..၊ တီတီသာ က ယုံကြည်လို့ အနိုင်အမာ ပြောနေတာဆိုတော့ ..”

“အလက်ာ ..”

“ဘာလဲ .. သားဖြင့် ဆုံးအောင် မပြောရသေးဘူး ..၊ တီတီသာ သရဲဘဝမှာ အကြာကြီးနေခဲ့ရမှာ တွေးပြီး သနားလို့ပါ ..၊ ဟီး .. ဟီး .. သားထက်အရင် ဗိုက်ထဲဝင်ခွင့်ရသွားလို့ သားရဲ့ တီတီသာ ဖြစ်နေရတာ ..”

“ကြုံဖူးစရာ မလိုဘူး သိလား .. ကြားဖူးတာတွေ ပြောပြတာ..”

“ကြားဖူးတာတွေကလည်း နေရာတွေမှ စုံနေတာပဲ .. ဒီလောက်တောင် နေရာအနှံ့ ..”

“အလက်ာ နော် ..”

“ဟဲ့ ..”

ခေါက်ချလိုက်ဖို့ လက်ရွယ်လိုက်တော့ အလက်ာ က ခေါင်းလေး အုပ်ပြီး ထပြေးသည်။ ဒေါ်ချိုမြလွင် က ထိုလက်ကို လှမ်းဆွဲထားလိုက်ကာ ...

“ဘယ့်နှယ် ဖြစ်တာလဲ .. ကလေးနဲ့ဖက်ပြီး ..”

“မေမေ့မြေးက ကလေးစကား ပြောလို့လား ..”

“တီတီသာ နော် .. သူပဲ စပြီးတော့ ..”





“ဟုတ်သားပဲ .. ကလေးနဲ့ ရောတုန်းက ရောပြီးတော့ .. သူငယ်ချင်းပေါင်း ပေါင်းမှတော့ သူငယ်ချင်းပြော ပြောတာ ခံရမှာပေါ့၊ ဒီနေ့ကစပြီး မြေးနဲ့အတူတူ တတွဲတွဲနဲ့ ကလေးဆော့တိုင်း လိုက်ဆော့တာတွေ ပြင်ရမယ် ..”

“ဟာ!... ဘွားဘွားကလည်း ..”

“သာသာ က ဆော့တာမှ မဟုတ်တာ ..၊ အလက်ာ့ မှာ ကစားဖော် မရှိလို့ သနားလို့ပါ ..”

အတူတူ ကစားပေးဖို့ ဖြစ်လာခဲ့ရတဲ့ အဓိကအကြောင်းကတော့ ဒါပဲဆိုတာ အားလုံး သိပြီးသားပါ။ သားကို မွေးပြီးတာနဲ့ မကြာခင်မှာပဲ သမီးကြီး ဆုံးသွားခဲ့သည်။

မိခင်နို့ကို လပိုင်းလောက်လေးပဲ စို့ခဲ့ရရှာသည့် မြေးလေးကို သနားလွန်းလို့ ..၊ ပြီးတော့ မြေးက ငယ်ငယ်လေးတည်းက သာသာ ဆော့ပြတာတွေကို သဘောကျသည်။

သာသာ ချော့မော့နေလျှင် သူမလက်ထဲမှာ ငြိမ်နေတတ်သည်။ ထိုမှ အစပြု၍ ...

“ဘွားဘွားကလည်း တီတီသာ့ ကို မဆူနဲ့တော့ .. သားလည်း တီတီသာ့ ကို နောက်ကို မလေးမစား မပြောတော့ဘူး .. အိုခေလား..”

လက်မလေး ထောင်ပြတာကို သာသာ က ရှုံ့မှုံ့ မျက်စောင်းထိုးရင်း လက်မထောင်ထားသည့် လက်သီးဆုပ်လေးနဲ့ ထိကပ်ပြီး တွန်းပစ်လိုက်၏။

အလက်ာ က ရယ်ကာ ...

“ဘွားဘွား ..”

“ပြော ..”

“ဖေဖေတို့က ဘာဖြစ်လို့ အဲဒီတိုက်ကြီးကို ရောင်းပစ်တာလဲ..၊ မဟုတ်ရင် သားတို့ ဝင်ဆော့နေရမှာ ..”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် .. အဲဒီတုန်းကတော့ ဒီလိုမျိုး မျောက်မူးလဲ မမနဲ့ မီးခဲမောင်မောင်လေး ပေါင်းမိကြမယ်မှန်းမှ မသိတာ .. ဟိုတုန်းက ဟိုတုန်းကစိတ်ကူးတွေနဲ့ ဖြစ်မှာပေါ့၊ အိမ်ဆိုတာလည်း လူမနေရင် ပိုးမွှားဖျက်လို့ ပျက်တာပဲ .. ခြံဆိုရင်လည်း မထူးဘူးလေ .. မြေဝယ်တာ အစာကျွေးထားရတာ မဟုတ်ဘဲ တိုးပွားတယ်ဆိုပေမယ့် အရင်ဆုံး တိုးပွားတာကတော့ ချုံတွေပဲ .."

"ဒါဆို အဲဒီတိုက်ကြီးထဲမှာ တီတီသာ သွားလာဖူးနေတာပေါ့.."

"ဒါပေါ့ .."

သာသာ က လက်လေးပိုက်၍ ...

"အဲဒီတိုက်ထဲမှာ ပိုးဟပ် ဘယ်နှစ်ကောင် .. ခြ ဘယ်နှစ်ကောင် ရှိတာကအစ သိတယ် .."

"ဩော် .. တီတီသာ ကျတော့ ဘယ်ဘဝကိုမှ မမေ့ဘဲကိုး .."

"ဟယ်!... ကြည့်စမ်း .. ဝဲစားလေး .."

"ဘွားဘွားရေ .. တီတီသာ့ ကို ဆွဲပါဦး .."

သမီးကို ဆုံးမမယ့်အရေးမှာ ဒေါ်ချိုမြလွင် ပါ ရောယောင် ရယ်နေမိခဲ့၏။

ဆောင်းအလကာ ..၊

ဒီကောင်လေးကိုက ကလေး ပိစိကွေးအရွယ်တည်းက စကားတတ်လွန်းတာ ..၊





## အခန်း (၃)

"ပြန်လာမယ်ဆိုလည်း ကြိုပြီး ဖုန်းလေးဘာလေး ဆက်ရောပေါ့ကွယ် .."

"ဆောရီးပါ အန်တီချို ရယ် .. ကျွန်တော် ဖုန်းဆက်မလို့ပါ ..၊ ဒါပေမယ့် ရောက်ရောက်ချင်း အလုပ်ထဲကို အရင်သွားရဖို့ အရေးကြီးကိစ္စ ရှိနေတော့ အန်တီချို တို့ လာကြိုကြရင်လည်း ကျွန်တော် အိမ်ပြန်လိုက်နိုင်ဦးမှာ မဟုတ်လို့ပါ .."

ကျေနပ်လိုက်ရပေမယ့် မတင်မကျကြီးတော့ ခံစားနေရဆဲ ဖြစ်သည်။

တကယ့်မိသားစုက ကြိုခွင့်မရခဲ့ပေမယ့် ဆောင်းဦးနိုက် ပြန်လာတာကို သူ့အသိုင်းအဝိုင်းနယ်ပယ်က မိတ်ဆွေလူရင်းတွေ ဘယ်လိုတစမ်းတနား ကြိုခဲ့ကြသလဲဆိုတာ ပြောနေတဲ့စကားတွေထဲမှာပဲ အဖြေရှာကြည့်လို့ ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေ ထင်ထားသလို ဆောင်းဦးနိုက် တကယ်ပဲ ပြောင်းလဲသွားပြီလား ..၊

ဦးအေးချို က အပြုံးမပျက် နားလည်နေပေမယ့် ခေါ်ချိုမြလွင် အကဲခတ်ရပါပြီ ..။

"သားလေးရော အန်တီချို .."

"ရှိပါ့ကွာ .. မင့်သား လက်လက်ကို ထနေတာပဲ .. သူ့အခေါ်ကို သူငယ်ချင်းလုပ်ပြီး လောကကြီး ပြီးပြည့်စုံနေတာ.. ဟား .. ဟား..."

ကိုယ့်သမီး ကလေးနဲ့ ရောဆော့နေတာကိုများ ပြောချလိုက်ဦးမှာလားလို့ ခေါ်ချိုမြလွင် မျက်နှာပျက်သွား၏။ ထို့ကြောင့် ...

"သမီးခများလည်း သူ့တူကို ငဲ့ပြီး သူငယ်ချင်းတွေနဲ့တောင် အပြင်ထွက်မလည်ရရှာပါဘူး ..၊ ဒါပေမယ့် သား သိတဲ့အတိုင်းပဲ သူ ကိုယ်တိုင်က အဲဒီလို ကလေးနဲ့ နေရတာကို ဝါသနာပါတာလေ .."

"ဟုတ်တယ် .. သာသာ အဲဒီပုံစံအတိုင်းပဲလား .."

ဆောင်းဦးနိုက် က ရယ်သည်။

အစတည်းက အသားဖြူပြီးသား မျက်နှာက ပို၍ ဖြူနုလာသဖြင့် ပါးသိုင်းမွေးရာတွေမှာ ပိုပြီး စိမ်းဖန့်ဖန့် ဝင်းစိုလာသည်။

အထူအပါးညီ၍ ပုံကျသည့် နှုတ်ခမ်းသားတွေကလည်း ပန်းရောင်သမ်းနေသည်။

မျက်ခုံး မျက်လုံးကအစ မျက်နှာတစ်ပြင်လုံးက ချောမွေ့နေကာ သွားလာလှုပ်ရှားနေသမျှ ယောကျ်ားကောင်းတို့၏ ဆွဲဆောင်မှုတွေ အပြည့်နှင့် ..၊

ခုချိန်မှာ ဒီလိုအရည်အသွေးတွေ ပိုပြီး အရောင်လက် တောက်ပနေတာ ကိုယ့်မြေးလေးနဲ့ ဝေးကွာစေဖို့ အကြောင်းတွေများလား ..၊

ဒါမှမဟုတ် သမီးလေး လှသလောက် သူ့မှာလည်း အရည်အချင်းကောင်းတွေနဲ့ဆိုတဲ့ မာနတွေ ရှိနေခဲ့ပြီလား ..။





"ကျွန်တော် သားဆီ သွားလိုက်ဦးမယ် .. အိတ်ထဲမှာ အားလုံးအတွက် လက်ဆောင်တွေ ပါတယ် .."

'သားရေ .. ' လို့ ခေါ်ပြီး အပေါ်ထပ်တက်သွားသည့်ပုံရိပ်ကို ထိုက်ပေးကာ ဖန်းသည် မျက်နှာမကောင်းတာကို ဦးအေးချို နားလည်နေသည်။

မိန်းမသားပီပီ မြေးလေးကိုလည်း မပေးနိုင် ..၊ အိမ်ထောင်ဦးစီးဆောင်းတစ်ယောက်ကိုလည်း လက်လွှတ်ဆုံးရှုံးမခံနိုင်သည့် လောဘဒေါ်တွေနှင့် သူ့ဇနီးရင်ထဲမှာ ဘာတွေ ဖြစ်နေပြီလဲ ..။

ဆောင်းဦးနိုက် ကို မြင်လိုက်ကတည်းက ဇနီးဖြစ်သူ ရင်ထဲက စိုးရိမ်မှတ်တွေ ဒီဂရီ ဘယ်လောက်ထိ မြင့်တက်သွားပြီမှန်းလည်း သိတာ ...

"ကံကို လူက မမြင်နိုင်ပေမယ့် ကံကတော့ လူတွေကို ကြိုးဆွဲရာ အခိုင်းနေမှာပဲ ချို ..၊ နေရာတကာ ကံကိုပဲ ပုံချလို့ မရပေမယ့် တစ်ခါတလေ ပုံချပေးလိုက်မှ ကိုယ့်စိတ်ချမ်းသာရာ ရတာ .. နေရာတကာ ကိုယ်လိုချင်တိုင်း ဖြစ်ဖို့ချည်းပဲ ခေါင်းထဲ မထားနဲ့ကွာ .."

"အစ်ကိုကိုယ်တိုင် ခုတော့ တွေးမိလာပြီမို့လား .."

"မင်း တွေးနေတာတွေကို နားလည်လို့ပါ .."

"နားလည်နိုင်သွားတာက ကိုယ်ကိုယ်တိုင် နားလည်သွားလို့ပါ.. အဲဒါကို အစ်ကို ငန်ခံစမ်းပါ၊ ချို ပြောနေတုန်းက အစ်ကို မထင်ခဲ့ဘူး၊ အခု ဆောင်းဦးနိုက် ရဲ့အရှိန်အဝါကို မြင်ရတော့ .."

"အရင်နဲ့ မတူတော့တာ မှန်ပါတယ် ..၊ ဒါပေမယ့် သူ အရင်တည်းက သူ့ဝါသနာအပေါ်မှာ စူးစိုက်တတ်တဲ့အကျင့် ရှိတာပဲ .. အောင်မြင်လာတဲ့ လူတစ်ယောက်ဟာ .."

"ချို ထင်နေတာ အဲဒါ မဟုတ်ဘူး အစ်ကို .. သမီးကြီးနဲ့လက်ဆပ်ပေးကြတည်းက 'လူကြီးတွေ အဲဒီလို စီစဉ်ဖို့အထိ မျက်လုံးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားအောင် ငါတို့က ရင်းနှီးခဲ့တာကိုး'လို့ သမီးကို သူကိုယ်တိုင် ပြောခဲ့တဲ့ နောင်တစကား ချို ကိုယ်တိုင် ကြားခဲ့ရတာ ..."

"ဟင်!..."

"နောက်ပိုင်းမှာ သူတို့ သူငယ်ချင်းလိုတောင် မရင်းနှီးတော့သလို ဖြစ်သွားကြတာလေ ...၊ သမီးကြီး ဆုံးတာနဲ့ သိပ်မကြာဘူး ဂျပန်ကို ထွက်သွားတယ် .. ပြီးတော့ ခဏပဲ ပြန်နေပြီး အမေရိကကို သွားလိုက်တာ ခုမှပဲ ပြန်ရောက်လာတယ် ...၊ ပြောရမယ်ဆိုရင် ဖောင်းက လွှတ်လိုက်တဲ့ မြင်းလိုပဲ .."

"မင်း မှားတယ် ချို .."

"ဘာဖြစ်လို့လဲ .."

မျက်နှာ မပျက်စဖူး ဦးအေးချို ခေါင်းတခါခါနှင့် ရှိနေကာ ...

"မင်း ဒါတွေ သေချာ ဆက်စပ် သိနေသားနဲ့ သမီးငယ်နဲ့ လက်ထပ်ပေးဖို့ ထပ်ပြီး စီစဉ်ခဲ့တာ .. သူ့ကို ပြောပြလိုက်တဲ့အထိ ခြေလှမ်းခဲ့တာ .. အဲဒါတွေ မင်း သိပ်မှားတယ် .."

"မှားတယ် ဟုတ်လား ...၊ သူက သူ့မိဘအိမ်လည်း ပြန်တော့တာ မဟုတ်ဘူး ...၊ မြေးလေးနဲ့ ဒီမှာပဲ အတူတူ နေခဲ့တာလေ .."

"အဲဒီတော့ ဒီလို စီစဉ်ချင်စရာ ဖြစ်သွားတယ်ပေါ့ .."

"မြေးကို သူ ဒီမှာပဲ စိတ်ချသလို ချို တို့ကလည်း တခြားတစ်ယောက်လက်ထဲ မြေးလေးကို ထည့်မပေးလိုက်နိုင်ဘူးလေ .."

"အင်းလေ .. 'ထွက်ပြီးတဲ့ ဆင်စွယ် .. ထွေးပြီးသား တံတွေး' တဲ့ .. ဒါတွေက ပြင်ဆင်ခွင့် မရှိနိုင်တော့တဲ့ အမှားတွေကို သတိရစေတဲ့ စကားပုံတွေပဲ ...၊ ခုမှတော့ စောင့်ကြည့်ရုံအပြင် မရှိတော့ဘူး .."

"ချို ပြောလိုက်တုန်းကတော့ အစ်ကို သန့်ဇင် က ဝမ်းသာအားရ ပြောခဲ့တာပဲ .. သားကို အသိပေးထားပြီးပြီ .. သူ လက်ခံမှာပါတဲ့ .."

"ဟင်း .."





ဦးအေးချို က သက်ပြင်းချ၏။

"အစ်ကိုသန့်ဇင် က သမီး လက်မခံမှာ စိုးလို့တောင် ကလေးကို ည်း သေချာ ပြောပြထားပါဦးတဲ့ ...၊ စီစဉ်ကြကာမှ တစ်ခုခု ပြဿနာ ာမှာ စိုးလို့တဲ့ .."

ဦးအေးချို ဘာမှ မပြောခဲ့ပေ ...။

အားလုံးသော စကား အပေးအယူတွေမှာ ကာယကံရှင်တွေ ယ်တိုင်ဆီက တစ်ခွန်းတစ်ပါဒမှ မပါဘဲနဲ့ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

သူ အခန်းရှေ့ကို ရောက်တော့ ကိုယ်က အသံမပေးခင် အထဲ
စကားသံတွေ ထွက်လာသဖြင့် တံခါးနား ကပ်ပြီး အသာ နားထော
လိုက်မိသည်။

"အဲ့ဒါကြောင့် ပြောတာ အလကာ .. နင် ခုံပေါ်တက်ပစ်လ
နင် လုပ်လို့ ရတာ ဒါပဲလေ ..၊ ဖယ် .. ဆင်း .. နင့်ကို ငါ ဆရာ
မချန်ဘဲ လုပ်ပြမယ်..၊ တည့်တည့်မဟုတ်ဘူးနော် .. သေချာကြည့်ေ

ခုံရွှေ့သံ .. စကားပြောသံတွေ နားထောင်ရင်း တံခါးက စေ့ထ
သဖြင့် သူ တွန်းဝင်လိုက်၏။ ထိုစဉ် ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွ
မှန်းတောင် မသိလိုက်ဘဲ ကယောင်ကတမ်း လက်နဲ့ ကာကွယ်လိုက
လျှင် ...

"အား!..."

"ဟာ!... ဖေဖေ .."

"အယ်!..."





လက်ဖဝါးထဲမှာ ပစ်စိုက်သွားသည့် အနီရောင်အမြီးနဲ့ မြားတံ
..၊

"ကိုကို .."

"ဟုတ်တယ် .. ငါ ..၊ ဘာလုပ်နေကြတာလဲ အဲ့ဒါ .."

"ကိုကို .. အဲ့ဒါ .."

"လက်ဝါးသာ အချိန်မီ မကာလိုက်ရင် မျက်လုံးနဲ့ အတည့်ပဲ..
..."

"ဖေဖေ .. သားတို့က မြားပစ် လေ့ကျင့်နေကြတာ .."

"ဘာ!..."

"ဖေဖေ ပြန်လာတယ် ဟုတ်လား .. ဘယ်တုန်းက ပြန်ရောက်
လဲ .."

"အား!..."

သွေးတပေါက်ပေါက်ကျလာတာကို သား မြင်မှာစိုးကာ လက်
ချင်း ထပ်အုပ်ထားပြီး အပြင်ကိုထွက်ဖို့ မေးဆတ်ပြလိုက်ရင်း...

"ဖေဖေ ခုနကမှ ရောက်တာ .. ဘွားဘွားတို့ဆီမှာ လက်ဆောင်
ပါတယ် ..၊ သားအတွက် .."

"ဟေး .."

လက်ကို မြားတံလေး စိုက်ဝင်နေမှန်း သေချာ မသိလိုက်ဘဲ
ကာ က နှုန်ပေါက် ပြေးထွက်သွား၏။ သာသာ က သေချာမြင်
သဖြင့် သူ့လက် ထပ်ဆုပ်ထားတာကို ဆွဲယူကြည့်ကာ ...

"သွေးတွေ .."

"ဟုတ်တယ် .. ရောက်ရောက်ချင်းပဲ ခင်ဗျား နှုတ်ဆက်လိုက်တဲ့
လေ .."

"ကိုကိုရယ် .. ကိုကို အဲ့လို ဝင်လာမယ်လို့မှ မထင်တာ ..
ရင် အသံပေးပြီးမှ ဝင်တာဆိုတော့ မေမေ့အသံ ကြားတာနဲ့ မြားတံ

www.burmeseclassic.com



လေးတွေကို ဗုက်ထားလိုက်ရုံပဲ ..၊ မေမေ ဝင်လာရင် တံခါးပွင့်သ
တာနဲ့ ပစ်မှတ်က တံခါးနောက်မှာ ကွယ်ထားပြီးသား ဖြစ်သွားရော

"ဖယ်ပါကွာ .. ဘာလုပ်မလို့လဲ .."

"မြှားနတ်ပေးမယ်လေ .."

"နတ်လိုက်တာနဲ့ သွေးက တိတ်ဖို့ မလွယ်ဘူး ..၊ ဒီမှာ စွန်
ကုန်မှာပေါ့ကွ .."

သူ လှည့်ထွက်သွားတာနှင့် သာသာ အပြေးတစ်ပိုင်း လိုက်
ကာ ...

"ကိုကို ဘယ်တုန်းက ပြန်ရောက်နေတာလဲ ..၊ တခြားမှာ ရော
နေပြီး ဒီကို ခုမှ ရောက်တာလား ..၊ ဘာဖြစ်လို့ ဖုန်းလေးတော
မဆက်ရတာလဲ .. နိုင်ငံခြားပြန်ဆိုပြီး ကိုယ့်သားလေးကိုတောင်
တွေ့ရမှန်း မသိအောင် လွင့်သွားတာမျိုးမို့လား ..၊ ထင်သားပဲ .. အ
သားလေးကို ပစ်ပြီး ဒီလောက်အကြာကြီး ခွဲထွက်နေနိုင်တည်းက

"သာသာ .."

"ဟင် .."

"ပါးစပ်ကို ခဏပိတ်ပြီး ဟိုဗီရို သွားဖွင့် .. လိုအပ်တာ အ
ယူခဲ့ပေး .."

"သိပါတယ် .. လုပ်ပေးမလို့ လိုက်လာတာပဲဟာ .."

သာသာ က ကော်ဘူးကြီးကို ဒီတိုင်း ဆွဲချလာပြီး သူ့ဘေး
ချကာ ...

"သာသာ့ အတွက် ဘာလက်ဆောင် ပါလဲ .. ဆလင်းဘက်ခ်
ဆို လုံးဝ မယူဘူး .. ကိုကို့ရည်းစားရှိရင် ပေးလိုက် ..၊ ဒေါက်ဖိနပ်တွေ
မိတ်ကပ်ဘူးတွေ ဘာမှ မယူဘူး .."

"ဟုတ်တယ် .. ဘာဝယ်ရမှန်း မသိလို့ ဘာမှ ဝယ်မလာဘူး

"ဟင်!... ဘာ .. တကယ် ဘာမှမပါဘူး .. ဟုတ် .."





"ဟုတ်တယ် .. အါ..."

သူ့ဘာသာ ဆေးထည့်နေတာကို ဝိုင်းတော့ ကူပေးပါ၏။ လက်
တခြား .. မျက်လုံးက တခြား .. ပါးစပ်ကလည်း တစ်ချက်မှ
ပေ ..။

"ထင်သားပဲ .. ကလေးအတွက်တောင်မှ အမျှော်ပြေရုံ အလွယ်
ရတာလေးတွေ ကောက်ကပ်ထည့်ဝယ်လာတာမို့လား.. ယောကျ်ား
'မ'ချစ်လို့ 'ဥ'ချစ်ကြတာတဲ့ .. မိန်းမကို မနှမ်းမင်တော့ရင် အဲဒီ
းကို .."

"သာယာချို .."

"ဘာလဲ .."

"မင်း အဲဒါတွေ ဘယ်ကနေ စုဆောင်းထားတာလဲ ဟင် .."

"စုဆောင်းထားဖို့ မလိုပါဘူး .. အိမ်ကလူတွေကို သတိမရတော့
ဆိုတည်းက ကိုကို နောက်တစ်ယောက် တွေ့နေပြီဆိုတာ အသိသာ
.."

"တွေ့တွေ့ မတွေ့တွေ့ .. တခြားလူတွေကိုပါ ငါ့ဘာသာ မေ့မေ့
မေ့ .. ငါ့သားကို ငါ မမေ့ဘူး .."

"သြော် .. တခြားလူတွေဆိုတာ သာသာ တို့ပေါ့ .."

"မသိဘူး .. သတိရသင့်တဲ့ စာရင်းမှာ ပါသင့်လား .. မပါသင့်
သား .. ဒီလက်ဝါးထဲမှာ ကြည့်ရင် သိတယ် .."

ပတ်တီးစည်းတော့ သာသာ့ ကို မခိုင်းတော့ဘဲ သူ့ဘာသာ လှည့်
သွားပြီး ပါးစပ်နဲ့ ရအောင် လုပ်နေ၏။

"ကိုကိုက သာသာ့ ကို စိတ်ဆိုးတာလား .."

"မင်း ပြောတာတွေကရော ချစ်စရာ ဘာရှိလို့လဲ .."

"ကိုကိုပဲ သာသာ့ အတွက် ဘာမှမပါဘူးဆို .. ဒဏ်ရာဖြစ်သွား
တာ တမင်ဖြစ်အောင် လုပ်တာမှ မဟုတ်တဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ပါသလဲ မေးမယ့်အစား ဒီမှာ သွေးချင်းချင်းနီနေတာ တော်တော်များ နာသွားမလားလို့ မင်း တွေးမိခဲ့လား .."

"တွေးမိတယ်လေ .. တွေးမိပေမယ့် မပြောမိလို့ဥစ္စာ .."

ကျောခိုင်းလာခဲ့ပြီးမှ ဆောင်းဦးခိုက် မျက်နှာမှာ ပြုံးယောင်သ သွားသည်။ အရုပ်လေးနဲ့တူအောင် လှပြီး ချစ်စရာကောင်းနေတဲ့ မျ နှာလေးကတော့ ပြောင်းလဲမသွားပါ ..။

ဒါပေမယ့် သူမရဲ့ ဖွံ့ဖြိုးလှပလာသည့် ကိုယ်ဟန်သွယ်သွယ် က သိသာစွာ ပြောင်းလဲနေပြီ ဖြစ်၏။ ထို့ပြင် လက်ဆောင်မပေး နေမှာစိုးလို့ နောက်က တဖားဖား ကပ်လိုက်နေသည့်ပုံစံလေးက ခု ထိ ကလေးဆန်နေတုန်း ..။

"ကိုကို့ .."

"ဘာလဲ .."

"နေပါဦး .."

လှေကားထိပ်ရောက်တော့ နောက်ကနေ လက်မောင်းကို ပြန် ထားကာ ...

"လက်ဆောင်မပါပေမယ့် သာသာ ကျေနပ်ပေးမယ်လေ .. နေ မေမေ့ကို အဲ့ဒီလက်ကကိစ္စ နည်းနည်းပါးပါး ဆူခံရ သက်သာအေ ပြောပေး .."

"မပြောတတ်ဘူး .. အရှိအတိုင်းပဲ .."

"ကိုကို နော် .."

အောက်ထပ် ဧည့်ခန်းကနေ လှမ်းမြင်လို့ရတဲ့နေရာ မရောက် အထိ သာသာ က လက်မောင်းကိုကိုင်ပြီး လိုက်နေကာ ...

"ကိုကို့ဒဏ်ရာ လက်ကြီးပြုတ်ကျပါတော့မယ်လို့ပဲ ပြန်ပြော ရပါတယ် .. ဟိုလေ .. အခန်းတံခါးနောက်မှာ ဂိမ်းပိုစတာ ကပ်ထ တာ သွားမပြောနဲ့နော် .."





သာသာ က တစ်ချက်မှ ခြေလှမ်းနှေးမသွားသည့် ဆောင်းဦးခိုက် ဆွဲထားလို့မရမှန်း သိလာကာ လှေကားလက်ရန်းနဲ့ ဖိကပ်ထား တော့မတတ် တစ်ဖက်ကနေ တိုးတိုက် ပြောနေရင်း ...

"မေမေ ဒေါ်ပွပြီး ပိုစတာကို ဆွဲဖြုတ်လိုက်ရင် တံခါးပေါ်မှာ ကော်တွေ ပွထနေတာ မြင်သွားမှာစိုးလို့ ကိုကိုရဲ့ .. ကိုကိုက လိမ္မာ တယ် .. သာသာ့ ကို ဒါလေးတော့ အလိုလိုက်ပေးနော် .. နော် လို့ ကို .."

"ဟင်!... ပတ်တီးတောင် စည်းလာရတယ် .. ကြည့်စမ်း .."

အလကား ပြောထားလို့ သိထားပြီဖြစ်ပုံရှိလျက် .. လူနဲ့ ပတ်တီး မြင်တာနှင့် မေမေ့အသံကို မဆိုင်းမတွ ကြားလိုက်ရ၏။

"တော်တော် များသွားသလား သား .. ဘယ်လိုပစ်လိုက်လို့ ဒီ လောက်တောင် ဖြစ်သွားရတာလဲ .."

"သား ပစ်တာ မဟုတ်ဘူးနော် ဘွားဘွား .. အဲ့ဒါ တီတီသာ ..."

"သံနဲ့ ဟုတ်လား .. မြားတံဆိုတော့ ကစားစရာပေမယ့် ဒါ ရာယ်ကြီးတယ် .."

"ရပါတယ် အန်တီချို .. ဆေးထည့်ထားပြီးပါပြီ .."

"သြော် .. ကွယ် ..."

ပတ်တီးပဲ ပြန်ဖြေကြည့်တော့မလိုလို ပြောနေသဖြင့် သာသာ ထိတ်ထိတ် ဖြစ်နေစဉ် ဆောင်းဦးခိုက် ဖုန်းဝင်လာသဖြင့် အပြင် ထွက်သွားမှ ...

"ဟင်း .."

"အံမယ် .. သူက သက်ပြင်းတွေ ချလို့ .."

စိတ်လက်ပေါ့ပါးသွားသည့် သက်ပြင်းတစ်ချက်ကို သတိလစ် လွတ် ချမိသဖြင့် မေမေက ကပ်ကြိမ်းကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်ထားတာလည်း ကြည့်ဦး .. ပေါင်လယ်လောက် ဘောင်း တို .. ဆွယ်တာချိုင်းပြတ် ကပ်ကပ်လေးနဲ့ .."

"အဲ့ဒါ .."

"အဲ့ဒါ အိမ်နေရင်း ဝတ်ထားတော့ရော အခု တစ်မိုးယောက် လေး ရောက်လာပြီ .. ဒီတိုင်းပဲ ဆင်းလာရသလား ..၊ အဝတ် လဲပြီးမှ ဆင်းတော့ ဘာဖြစ်မှာမို့လို့လဲ .."

'သူ့ မေမေ့ကို အကုန် ပြန်တိုင်မှာစိုးလို့ အပြေးအလွှား လိုက် ရတာ' လို့ စိတ်ထဲက ပြောမိပေမယ့် ...

"လက် .. လက်ဆောင်ပါတယ်ဆိုလို့ အဲ့ .. ပါမလားလို့ ကမ ကတန်းနဲ့ .."

"ဟာ .. ဒီမှာ တီတီသာ့ အတွက် အများကြီးပဲ .. ဒီမှာ စကိတ်.

"ဟား!... ပွတာပဲ .."

အားကစားပစ္စည်းတွေချည်းဖြစ်ကာ ဝတ်စုံတွေလည်း သုံး လောက် ပါသည်။ ခေါင်းပက် လက်ပက် ခြေအိတ်တွေကအစ အား စုံအောင် ပါ၏။

အိတ်တစ်ခုလုံးဟာ ကလေးနဲ့ သာသာ့ အတွက်ချည်းပဲလို ဖြ နေကာ သာသာ ကတောင် ပိုများနေသေးသည်။

ဆူမလို့ စကားတွေလည်း ဘယ်ရောက်ကုန်မှန်း မသိတော့ ခေါ်ချိုမြလွင် ပါ အံ့ဩနေမိလေသည်။

ဒါတွေဟာ ကမန်းကတန်း ပြေးသွားပြီး ပြန်ဖို့နီးမှ လက်ဆော ပါရုံလေး ဝယ်ချလာလို့ရတာမျိုးတွေ မဟုတ်ပေ ...။

ဘာပဲဖြစ်ဖြစ် စိတ်တော့ ချမ်းသာသွားခဲ့မိသည်။ သို့သော် ...





အခန်း (၅)

"ဘယ်လို!.. အန်တီ နားမရှင်းလိုက်ဘူး ..၊ သား ဘယ်လို အဓိပ္ပာယ်မျိုး ပြောလိုက်တာလဲ .. ဟင် .."

"ကျွန်တော်နဲ့ သာသာ လက်ထပ်ဖို့က မဖြစ်နိုင်ဘူးထင်လို့ပါ.."

"ဟင်!..."

"အင်း .. ပြောမိကြပြီဆိုမှတော့ အစတည်းက မိဘနဲ့ သားသမီး တွေပါပဲကွာ .. ဒီထက် ပွင့်ပွင့်လင်းလင်း ပြောကြတာပဲ ကောင်းပါ တယ် ..၊ မင်း ပြောတာကို အကြောင်းရင်းလေးပါ ထည့်ရှင်းပြစမ်း ပါ .."

ဖအေမို့ ပိုပြီး ရှက်မိပါ၏။ ဒါပေမယ့် ဒီထိ ပြောဆိုခဲ့ကြပြီးမှ ရှက်ရှက်နဲ့ မျက်နှာလွှဲနေလိုက်လို့ရော ဒီအရှက်က ပြေမှာမို့လို့လား။

ဦးအေးချို မျက်နှာကို အတတ်နိုင်ဆုံး မပျက်ယွင်းရအောင် ထိန်း နေရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်လ်တို့ကတော့ မြေးလေးအတွက် အမိက စဉ်းစားကြတာပါ ...၊ ဒီထက်ရှင်းအောင် ပြောရရင် မင်းညီမ ကလေးဆန်ဆန် နေတတ်တာကို မင်းလို အတွင်းသိထဲက အုပ်စီးနိုင်မယ့်လူနဲ့မှ စိတ်ချရမယ်လို့ တွက်မိတာလည်း ပါတယ် .. အားလုံး အဆင်ပြေသွားမယ်ပေါ့လေ .."

"လူကြီးတွေဘက်က မှန်ပါတယ် အန်ကယ်လ် .. ဒါပေမယ့် အိမ်ထောင်ရေးတစ်ခုမှာ မြင်နိုင်တာတွေအားလုံးကို အဆင်ပြေအောင် စီစဉ်ပေးလို့ ရနိုင်ပေမယ့် မမြင်နိုင်တဲ့ နက်နဲရှုပ်ထွေးမှုတွေကိုကျတော့ စီစဉ်ထားလို့ မရသလို ဖြစ်လာပြီဆိုမှ မှားသွားပြီလား .. မှန်ခဲ့သလား သိရရင်လည်း ဘာမှ ပြုပြင်လို့ မရတော့ဘူး .."

"ဖြစ်ခဲ့တဲ့ အိမ်ထောင်ရေးမှာ သားဘက်က .."

"မဟုတ်ဘူး အန်တီ .. ကျွန်တော့်ဘက်ကပဲ မဟုတ်ဘူး...၊ သံသာ့ဘက်ကလည်း ဒီတိုင်းပဲ ရှိခဲ့တာ .."

ဟိုတုန်းက ယောက္ခမတွေ ဖြစ်ခဲ့သလို ခုလည်း သူ နောက်ထပ် အိမ်ထောင်မပြုခဲ့သေးသည့်ပြင် သားလေးကိုလည်း ဒီမှာပဲ အပ်နှံထားရတုန်းမို့ ခုချိန်ထိ ယောက္ခမတွေပဲ ဖြစ်လေသည်။

နှစ်ယောက်စလုံးကို အားတော့ နာပါသည်။ သို့သော် ...

"မိဘစကား မလွန်ဆန်ချင်တာတွေ .. ကိုယ့်ဘက်က ခေါင်းခါလိုက်ဖို့ မကောင်းတတ်လို့ပဲ ညာကြတာတွေ .. အဲဒီအချိန် အဲဒီလိုအရွယ်လည်း မဟုတ်တော့ဘူး ...၊ ဒါက အခု ကျွန်တော့်ဘက်က ပြောတာပါ .. ကျွန်တော့်အိမ်ထောင်ရေးကို နောက်ထပ် ထူထောင်ချင်တဲ့ဆန္ဒ ရှိလာရင် ကျွန်တော်ကိုယ်တိုင် မြတ်နိုးတွယ်တာရတဲ့ မိန်းကလေးဖြစ်ချင်တယ် ...၊ ဒီလိုပြောတဲ့အတွက် သာသာ့ ကို မခင်တွယ်ဘူးလို့ ပြောချင်တာ မဟုတ်ပါဘူး .."

"အေးပါ .. အန်ကယ်လ် နားလည်တယ် .. ဆက်ပြော .."





"သာသာ့ ကို ကျွန်တော့်အိမ်ထောင်ဖက်အဖြစ် နေရာထားကြည့်လိုက်ပေမယ့် မလွယ်တာတွေ အများကြီး ဖြစ်နေလို့ပါ ...၊ တစ်မိသားနဲ့တစ်မိသား ပေါင်းဖက်ရာမှာ တစ်ဖက်ဖက်က မေတ္တာရှိနေရင်တော့ အဲ့ဒီဘက်က အမြဲတမ်း နွေးထွေးနေမှာ ဖြစ်တဲ့အတွက် ကြာလာရင် အဆင်ပြေပြေ ပေါင်းဖက်သွားကြဖို့ ဖြစ်နိုင်သေးတယ် .. ဘယ်ဘက်ကမှ စိတ်ဝင်စားမှု မရှိကြဘူးဆိုရင် ဒါက တော်တော်ကို မလွယ်တာ.."

ဦးအေးချို က ခေါင်းညိတ်ပေမယ့် ဒေါ်ချိုမြလွင် ခေါင်းမညိတ် ခေါင်းမခါနှင့်ပဲ ဆောင်းဦးနိုက် ကို ကြည့်နေမိ၏။

"သံသာ နဲ့ ကျွန်တော့်အိမ်ထောင်ရေးက ဒီတိုင်းနဲ့ပဲ အဆုံးသတ်ခဲ့ကြတာ .. ဘယ်သူကမှ ရှေ့တစ်လှမ်း ပိုမတိုးနိုင်ဘူး၊ လင်မယားဆိုတဲ့ ရင်းနှီးမှုနဲ့ အတူတူ နေထိုင်ခြင်းကြောင့် ပေါင်းဖက်ခဲ့ကြတာမျိုး ရှိခဲ့ပေမယ့် ဘယ်သူ့ဘက်ကမှ နွေးထွေးမှု မပေးနိုင်ဘူး ...၊ ကျွန်တော် ပြောတာ အတိုင်းအတာလွန်နေခဲ့ရင် နားနဲ့မနာ ဖဝါးနဲ့ နာပါ အန်တီ .."

"မဟုတ်ဘူး .. ဒါက အိမ်ထောင်ရေး ဆွေးနွေးနေကြတာပဲ ရတယ် .. ပွင့်လင်းမှပဲ ဖြစ်မှာ .."

ဦးအေးချို က ဖအေပေမယ့် သဘောထားကြီးနိုင်ဖို့ပဲ စဉ်းစားပေးခဲ့သည်။

"လူငယ်တွေလို ရှုးသွပ်တဲ့စကား ပြောရရင် အိမ်ထောင်ရေးမှာ အချစ်တစ်ခုတည်းနဲ့ မပြည့်စုံနိုင်ပေမယ့် အဓိကအကျဆုံးက အချစ်ပါပဲ ...၊ အဲ့ဒါကြောင့် သာသာ့ ကို ကျွန်တော် လက်ထပ်ဖို့ မဖြစ်နိုင်သေးဘူးဆိုတာ ပြောပြတာပါ .."

"မဖြစ်နိုင်သေးဘူးဆိုတာက ဘယ်လိုမျိုးလဲ သား .."

"ကျွန်တော့်ကို တစ်မျိုးမထင်ဘူးဆိုရင် သာသာ့ ကို ကလေးနေရာမှာပဲ ထားပြီး လူကြီးချင်း ဆွေးနွေးတာမျိုး ပြောခွင့်ပြုပါ.."

"မထင်ပါဘူး .. ပြောပါ .."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် စဉ်းစားချင်ပါတယ် .. လက်ထပ်ပေးမယ့် လူနှစ်ယောက်လို့ သတ်မှတ်ထားတာမျိုး .. အဲဒီလို စည်းသား သတ်မှတ်ထားတာမျိုး မရှိချင်ဘူး .. ကျွန်တော်နဲ့ သာသာ လက်ထပ်နိုင်ကြတဲ့အထိ ရင်းနှီးကြတာမျိုးလည်း ရှိရင် ရှိလာမယ် ..၊ သူ့သပ်သပ် ကိုယ်သပ်သပ် ချစ်ရမယ့်သူ ကိုယ်စီ တွေ့သွားကြတာမျိုးလည်း ဖြစ်လာနိုင်တယ် ..၊ သူ့အလိုလို ဖြစ်လာတဲ့ ခံစားချက်တွေအတိုင်းပဲ ဆုံးဖြတ်ချင်တာ .."

"အန်တီ တစ်ခုလောက် ပွင့်ပွင့်လင်းလင်း မေးချင်တယ်ကွယ် .. သားမှာ ချစ်ရမယ့်လူများ ရှိနေပြီလား ..၊ အန်တီတို့ကို အားနာပြီး လိုးလွှဲပြောနေရတာမျိုး ဖြစ်နေတယ်ဆိုရင် ဒါက အားနာစရာ မဟုတ်တဲ့အပြင် ပိုပြီး နားလည်ရခက်စရာတွေ ဖြစ်ကုန်မှာ .."

"ကျွန်တော့်မှာ အဲဒီလို မရှိဘူး အန်တီ .. ဒါကို စိတ်မဝင်စားခဲ့လို့လား မသိဘူး .. ကျွန်တော့်ရဲ့ မအားလပ်တဲ့အချိန်တွေထဲမှာ အဲဒီကိစ္စက ဘယ်ကဏ္ဍမှာမှ မပါခဲ့ပါဘူး .."

"ဒါဖြင့် ခုကျမှ အန်တီတို့က ခေါင်းထဲထည့်ဖို့ ဖိအားပေးသလိုများ ဖြစ်နေသလားကွယ် .."

"ကျွန်တော် ကလေးမှ မဟုတ်တာ အန်တီ .. တွေးပါ ရေးပါဆိုမှ တွေးတတ် ရေးတတ်တဲ့အရွယ် မဟုတ်တော့ပါဘူး ..၊ ခု စဉ်းစားဖို့လိုလာပြီဆိုတာ ကျွန်တော် သိတယ် ..၊ အဲဒါက ကိုယ့်ဘဝနဲ့ အလေးထား ဦးစားပေးရမယ့် ကျွန်တော့်သားလေး ရှိသေးတယ် ..၊ ဒါပေမယ့် သားအတွက်ပဲ စဉ်းစားပြီး ကလေးထိန်း ရှာသလို မိန်းမကောက်ယူတာမျိုးတော့ မဖြစ်ချင်ဘူး .. သားအတွက် လိုအပ်ချက်တစ်ခု ဖြစ်ပေမယ့် ဒါက ကျွန်တော့်အိမ်ထောင်ရေး .."

သူ မချစ်ဘဲနဲ့တော့ မယူနိုင်ပါဘူးလို့ ငြင်းဆန်လိုက်ခြင်းပဲ ဖြစ်၏။ ထို့အတူ သာသာ့ ကို မချစ်နိုင်တဲ့အကြောင်း ဖော်ပြလိုက်ခြင်းလို့လည်း ဆိုနိုင်သည်။





ဒေါ်ချိုမြလွင် နားလည်ပေးဖို့ပဲ ကြိုးစားရကာ ...

"သား ပြောတာတွေကို အန်တီတို့ နားလည်ပါတယ် ..၊ ခုလို ပြောထားကြတဲ့ စကားတွေကြောင့်လည်း သားစိတ်ထဲ လေးဖင့်မနေပါနဲ့ ..၊ တစ်ခုပဲ ရှိတယ် .. သား တွေ့ရှိခဲ့တဲ့ မိန်းကလေးဟာ တခြားတစ်ယောက် ဖြစ်နေခဲ့ရင် တစ်ခုခု လုပ်တော့မယ်ဆိုမှ အန်တီတို့ကို အသိပေးတာမျိုးတော့ မလုပ်ပါနဲ့ကွယ် ..၊ ပြီးတော့ မြေးလေးကို အန်တီတို့ ရင်ခွင်ထဲက ဆွဲထုတ်သွားရတော့မှာဆိုရင် သားက ဖအေမို့ ဆုံးဖြတ်ခွင့်ရှိတာ မှန်ပါတယ်.. ဒါပေမယ့် အန်တီတို့ကို ငဲ့ညှာပြီး စဉ်းစားပေးပါ.."

ဆွေးနွေးခဲ့ပေမယ့် အဖြေမထွက်ဘဲ အဆုံးသတ်ခဲ့ကြသည်။

မိုးရာသီမို့ မိုးသားတွေ ညှို့မှိုင်းနေပေမယ့် ရွာသော ရွာမည် ဘယ်အရပ်ဆီမှာဆိုတာ မသိ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ငါတော့ ကျောင်းမြန်မြန်ပြီးချင်ပါပြီဟာ .. ငါတို့ကျောင်းမှာ အနေအထိုင်မတတ်တဲ့ ကျောင်းသူတချို့ကြောင့် နာမည်တွေ ထွက်နေတာ .. အရမ်း စိတ်ညစ်တာပဲ .."

"ဟုတ်ပ .. အခု အိုင်တီသင်တန်းတွေ အကြီးအကျယ် ပေါ်လာတော့ သင်တန်းတွေတက်ပြီး အလုပ်လေးအကိုင်လေးနဲ့ ခန့်ခန့်ထည်ထည် နေချင်လှပြီ .."

သာသာ က လွယ်အိတ်ရှည်လေးကို နောက်ပို့ထားရင်း ကစားစရာပစ္စည်းတွေ ရောင်းသည့်ဆိုင်ရှေ့မှာ စိတ်ဝင်တစား ရပ်လိုက်လျှင်—

"ကဲ .. သာသာ့ ရယ် .."

ပိုး က သာသာ့ လက်ကို ဆွဲထားလိုက်ပြီး ရှေ့ဆက်လျှောက်သွားရင်း ...

"တစ်ခါတလေ စိတ်ပြေလက်ပျောက်လေး အပြင်လစ်ထွက်ပြီး လျှောက်လည်ပါတယ် .. သူ့မှာ မျက်လုံးက ကစားစရာဆိုင်တွေဆီမှာချည်းပဲ .."





"ဟုတ်ပ .. အဲ့ တစ်ယောက် .. ဆယ်ပြားလိုနေပြီလားတောင် သိဘူး .."

"နင်တို့ကလည်းဟာ ငါ့တူလေးအတွက်ပါ .."

"အဲ့ဒီတူနဲ့ လိုက်ဆော့နေရင်း ရှင်ပါ ကိုယ့်ကိုယ်ကိုယ် အသက်မေ့သွားမှာ စိုးလို့ .."

ပိုး နဲ့ နိုင်ဝါ က စကားပြောဖော် မဖြစ်တိုင်း သူတို့ထွက်သည့်အခါသက သာသာ့ ဆီမှာပဲ ဖြစ်နေတတ်၏။

"နင်ရော ဘီအီး ဆက်တက်ဦးမှာလား .."

"တတ်မှာပေါ့ .."

"အခု ငါတို့ ညည်းညူနေကြတာတွေရော နင် ကြားရဲ့လား .."

"ကြားသားပဲ .."

"အဲ့ဒါတောင်မှ .."

"ဟဲ့ .. ကျောင်းက ပညာတွေပဲ ပေးနေတာ ..၊ ပညာမယူဘဲ သူချင်တာ ယူကြတဲ့ မကောင်းသူတချို့ကြောင့် ကိုယ့်ကျောင်းကို ရှုံ့ချနေရမှာလား ..၊ ဘာမှ မဆိုင်တာ .."

"မဆိုင်ပေမယ့် တို့တွေ မျက်နှာငယ်ရတာပေါ့ .."

"မငယ်ပါဘူး .. ငါကတော့ ဂရုကို မစိုက်ဘူး .."

သာသာ က မျက်လုံးကတော့ ဆိုင်ခန်းတွေကိုပဲ လိုက်ငေးကြည့်နေကာ ...

"မိသားစု တစ်စုထဲမှာတောင် ဆိုးတဲ့ သားသမီး .. လိမ္မာတဲ့ သားသမီးဆိုတာ ရှိလာကြတာပဲ ..၊ ကျောင်းကြီးတစ်ကျောင်းလုံးမှာ ဒီလောက် လူတွေ အများကြီး ..၊ လူတိုင်းပဲ ဗွေခြွေသိက္ခာတွေ ကြီးနေကြပါ့မလား ..၊ ကျောင်းသားတချို့ မကောင်းတာ ကျောင်းနဲ့ ဘာမှ မဆိုင်ဘူး .."

ဟုတ်တော့လည်း ဟုတ်တာပဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



သာသာ သစ္စာကောင်းနေတာ မြင်မှ ပိုး တို့ အားတက်သွားမိကြ၏။ ထို့ကြောင့် ...

"အေးနော် .. ဘီအီးတက်မှ ငါတို့ရတဲ့ဘွဲ့က ပြည့်စုံမှာ ..၊ ဒါနဲ့ နင့်ခဲအို အိုင်တီသင်တန်းကြီး ဖွင့်ထားတာ တကယ့် အကြီးကြီးပဲနော်.. ကြော်ငြာထဲမှာ မြင်လိုက်တာ ..၊ ငါတို့ဖြင့် အံ့သြသွားတာပဲ .. ပြီးတော့ အဲဒီသင်တန်းက ပြီးသွားရင် ရမယ့်အခွင့်အရေးတွေကလည်း ဘ[illegible] အာမခံချက်အတွက် နိုင်ပြီးသားပဲ၊ နင်ကတော့ ဘာမှ ပူစရာ မလိုတော့ဘူး .."

"ဘာ မလိုတာလဲ .."

"သင်တန်းတက်မယ်ဆိုလည်း လွယ်တယ်.. မတက်ချင်ရင်လည်း အိမ်မှာ အတူနေကြတာဆိုတော့ အေးဆေးပဲ .."

"ပိုး ရယ် .. သာသာ က အစတည်းက ကွန်ပျူတာ ဒီလောက် ကျွမ်းကျင်နေတဲ့ဥစ္စာ .. ခုတောင် ငါတို့က ဘာမှန်း မသိသေးဘူး .. သူက ဒေတာဗေ့စ် ကျွမ်းကျင်နေပြီ .."

"ဒါကတော့ မမနဲ့ကိုကို လက်ထပ်ပြီးတည်းက ငါတို့သုံးယောက်က ကွန်ပျူတာနဲ့ပဲ အချိန်ဖြုန်းနေကြတာလေ .. ကိုကိုက နောက်ပိုင်းမှာလည်း နိုင်ငံခြားက ပြန်လာတိုင်း ထူးထူးခြားခြား သိသင့်တာတွေဆို ငါ့ကို သင်ပေးတာပဲ .."

"အားကျလိုက်တာ .."

"အဲဒါကလည်း အလင်္ကာ နဲ့ ငါက အတူနေချိန်တွေ များတာကိုးဟ .. ငါ တတ်ထားမှ ဒါကို ငါ ဝါသနာပါသလို အလင်္ကာ ကျွမ်းကျင်လာမှာလေ ..၊ ငါ့ကို သင်ပေးနေတိုင်း အလင်္ကာ ကိုပါ တွဲသင်ပေးတာ.. ငါ ကစားမှ သူ ကစားရတာဆိုတော့ အလင်္ကာ လည်း ခုဆို ဝါသနာ[illegible] မပါလို့လည်း မရတော့ဘူး .. ကလေးသာဆိုတယ် ကွန်ပျူတာကတော့ အေးဆေးပဲ .."





ပိုး တို့က ပြောချင်တဲ့လိုရင်းကို မရောက်ရောက်အောင် ဆွဲယူရင်း [illegible]နဲ့ မျက်လုံးချင်း ခဏခဏ စကားပြော၏။ ဂျမ်းရှင်းစကွဲ(ရ်)၏ [illegible]ထပ်ကို ပြန်ဆင်းလာခဲ့ရင်း ...

"သာသာ .."

"ဘာလဲ .."

"နင့်အစ်မ ဆုံးသွားတာ ကြာပြီနော် .. ကလေးတစ်သက်ပဲ ..၊ [illegible]အိုက ခုထိ အိမ်ထောင်မပြုဘူး .."

"အဲ့ဒါ ဘာဖြစ်လဲ .."

"အံ့သြလို့ပါ .. ခုဆို ကွန်ပျူတာပညာရှင်လည်း ဖြစ်နေပြီ ..၊ [illegible]နီးရှင်လဲ ဖြစ် .. ရုပ်ကလည်း ချောမှ ချော .."

"ချောတာထက် ဆွဲဆောင်မှုရှိတဲ့ စတိုင်လ်မျိုးဆို ပိုမှန်မှာ ..၊ [illegible]တော့ သူက တည်တည်နေတာမျိုး .. ဒါလည်း ဆွဲဆောင်မှုတစ်မျိုး .."

သူမတို့က သာသာ တို့ အိမ်ကို ဝင်ထွက်ဖူးကြသလို ဆောင်းဦး ကိုရော .. အလင်္ကာ ကိုရော .. မျက်မှန်းတန်မိပြီးသား ဖြစ်သည်။ ထို့ပြင် သံသာချို နဲ့ ဆောင်းဦးခိုက် ရဲ့ အိမ်ထောင်ရေးကို မသိ[illegible]ယ့် ဆောင်းဦးခိုက် ကို မြင်တိုင်း အိမ်ထောင်သစ်မထူဘဲ နေခဲ့တာ[illegible]ဲ့လည်း မယုံချင် .. အံ့သြသလို အထင်ကြီးပြီးရင်း ကြီးရင်းနှင့်...

"ဟဲ့ .. နင့်ခဲအိုမှာ ချစ်သူတွေ ဘာတွေ ရှိတယ်လို့ မကြားမိဘူး .."

"ဘာလုပ်မလို့လဲ .. နင်တို့ စိတ်ဝင်စားလို့လား .."

"အမလေး .. နင့်ကို စိတ်မဝင်စားဘူးလားပဲ သိချင်တာပါနော်.. ရုပ်ရည်တွေနဲ့ စိတ်ကူးမယဉ်ပါဘူး .."

"သာသာ .. နင်နဲ့ဆို အရမ်း .."

"ဘာ အရမ်းလဲ .."



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဝါ ရဲ့ 'အရမ်းလိုက်မှာပဲ' လို့ ပြောမယ့်စကားက အဆုံး ခွင့် မရလိုက်ဘဲ တစ်ပိုင်းတစ်စနှင့် ...

"ဟိုလေ .. ငါတို့က ဟိုဥစ္စာ .."

"ဒီမှာနော် .. ကိုကိုနဲ့ ငါ့ကို ဟိုလိုဒီလိုတွေ လျှောက်မပြော

"ဘာဖြစ်လို့လဲ .. နင်တို့က မောင်နှမတော်ကြတာမှ မဟုတ် ပြီးတော့ ခုချိန်ထိ အတူတူနေကြတာ ..၊ ဆောင်းဦးခိုက် က အိမ်ထောင်မပြုသေးဘူး.. ကလေးကလည်း နင်မှနင် ဖြစ်နေတာ

"အဲဒါနဲ့ပဲ ငါတို့က ငြိရမယ်ပေါ့ .."

"မငြိရင်တောင်မှ နင်တို့ပဲ ဖြစ်သင့်တာ .."

ပိုး ကတော့ ပြောစရာရှိတာကို ပြောပြီးမှပဲ စိတ်ဆိုးရင် တောင်းပန်ရုံလို့ စိတ်ကူး၍ ...

"အကောင်းပြောတာ .. သူက မှဆိုးဖိုဆိုပေမယ့် သူများနဲ့ ရင် နှမြောစရာကြီး ..၊ နောက်ပြီးတော့ ကိုယ့်တူလေးကို မိထွေးလ ထည့်ပေးလိုက်ရမှာ .."

"အေးလေ .. ဖအေကို မပြောနဲ့ သားလေးကလည်း ချ လေး ..၊ ဆံပင်တွေ နီနီလေးနဲ့ အသားလေးက ဖြူရဲပြီး ပိုစတာ ရင် အရမ်းကို ချစ်ဖို့ကောင်းမှာ .."

"ငါတို့ကလေ နင်တို့ချင်း ရိုးသားကြရင်တောင်မှ အန်တီတို့

"တော်ကြပါတော့ဟာ .. ကျော်မကောင်း ကြားမကောင်း တော်ကြာ ကိုကို ကြားသွားရင် အိမ်မှာ မနေရဲတော့လို့ ကလေး ခေါ်ထုတ်သွားပါဦးမယ် .."

"တွေ့လား .. ပူနေရပြီ ..၊ သူ မိန်းမယူရင် ကလေးက ပါသ ပဲ မဟုတ်ဘူးလား .."

"မပါဘူး .. အလက်ာ့ ကို ငါက စည်းရုံးထားပြီးသား ..၊ သူ မိန်းမယူသွားလည်း ငါ့ကိုခွဲပြီး လိုက်သွားမှာ မဟုတ်ဘူး .."





"ဟွန်း .."

သူမတို့ကတော့ ဖြစ်စေချင်ကြသည်။ သာသာ့ ကို အားကျနေခဲ့ ။ သာသာ ကတော့ ခေါင်းထဲမှာ ဘာမှကို မရှိခဲ့တာ သေချာနေ မဖြစ်နိုင်တော့သည့်ကိစ္စအဖြစ် ထားလိုက်ကြရကာ ...

"တစ်ခုတော့ ရှိတယ် .."

ပိုး က သာသာ့ ကို မျက်လုံးလေး စွေကြည့်ကာ ...

"နင် သူ့ကို ကိုကိုလို့ ခေါ်နေပုံနဲ့ .."

"မမနဲ့ လက်မထပ်ခင်တည်းက ငါ ဒီတိုင်းပဲ ခေါ်ခဲ့တာ ..၊ ဟိုး င်တည်းက .."

"သူငယ်ချင်းတွေ ဆိုပြီးတော့ .."

"မမနဲ့ သူငယ်ချင်းလေ .. မမနဲ့ ငါနဲ့က အသက် ခုနစ်နှစ်တောင် ဥစ္စာ ..၊ ကိုကိုနဲ့ ငါ သူငယ်ချင်းဖြစ်စရာလား .."

"သူက နင့်ကို ချစ်လား .."

"ချစ်တယ် .. မမက ဆရာလုပ်လွန်းလို့ဆိုပြီး သူတို့က တကျက် ပဲ .."

"မတည့် အတူနေ ဆိုပြီးတော့ သူတို့ကျတော့ .."

"ဘာဖြစ်လို့လဲ .."

"တစ်ယောက်နဲ့တစ်ယောက် မချစ်ကြဘူးဆို.. ငါတို့လည်း ကြား ယ် .."

"ဟဲ့ .. ငါ့အစ်ကိုဝမ်းကွဲ ကိုကြီးမျိုး က နင့်ခဲအိုနဲ့ ကျောင်းတုန်း သူငယ်ချင်းလေ .. မေ့နေပြီလား .."

နိုင်ဝါ က ဝင်ပြောပြပြီး ...

"ယောက်ျားလေးချင်း ပြောပြတာတွေ ရှိမှာပေါ့ ..၊ ကိုကြီးမျိုး ပြောတယ် .. ချစ်ချင်စရာလည်း မရှိဘူးတဲ့ .. သံသာ က သိပ်ဆရာ ဘာတဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"မမက တော်လည်း တော်ပါတယ် .. ပြီးတော့ သူက ကျောင်းသူလေ ..၊ သူ့မေဂျာက ကောင်းတယ် .. ငါ့မေဂျာက ... တယ်နဲ့ အမြဲတမ်း စကားနိုင်လုနေကြတာပေါ့ ..၊ မမက ဆရာလု... ထက် ကိုကိုကရော အရှုံးပေးပြီး ပေါင်းရတယ် ထင်လို့လား .. ... လည်း တစ်စက်မှ နောက်ကျခံတာ မဟုတ်ဘူး .. သူ ခုလိုတော... မမ ကျေးဇူးတွေ အများကြီး ပါတယ် .."

"ဘာဆိုင်လို့လဲ .."

"ဆိုင်တာပေါ့.. ကျောင်းမှာ သင်ရတာက စာတွေ့ပဲလေ ... က အဲဒီလိုပြောပြီး နှိမ့်ချတယ်ထင်တော့ သူ့ဘာသာ လက်... အောင် လေ့ကျင့် ကျက်မှတ်ပြီး တကယ်တော်အောင် .. တက... တာ ..၊ ကိုကိုက ကျောင်းသားဘ၀တည်းက ကျောင်းမပြီးခင် ... တတ်နေသလိုပဲတဲ့ ..၊ ဆရာတွေကိုယ်တိုင် အံ့ဩတဲ့အထိပဲ ..

အတူတူ ယှဉ်တွဲလျှောက်ရင်း ပခုံးချင်းတိုက်မိကာ ဆော... ဘက်ကို ကပ်မှီသွားခဲ့လျက် ခိုင်ဝါ က ဆက်မသွားတော့ဘဲ လ... လေး မှီနေလိုက်၏။ ပြီးတော့ ...

"နင့်ကျတော့လည်း ဂျီတီစီကျောင်းသူပဲ ဖြစ်လာတယ်... အပွန်း .. အံ့ဩစရာကြီး .."

"ဘာ အံ့ဩတာလဲ .. မမလို မတော်လို့ ဆေးကျောင်းတ... မရခဲ့တာလေ .."

"မသိပါဘူး .. ဝါသနာတူနေတာလားလို့ .."

"တော်ကြစမ်းပါ .. ဒီမှာ လမ်းပတ်လျှောက်နေတာ ဘယ်... ရှိပြီလဲ ..၊ ရုပ်ရှင်ကြည့်ဖို့လည်း ဘယ်ကားမှ မကြိုက်ဘူးဆိုတော... ဆင်းမယ် .."

"ဘာဖြစ်ရတာလဲ အဲ့ဒါ .. စိတ်ဝင်စားတာလေး မေးမြန်း... ရင်း ဒီလိုပဲ အချိန်ဖြုန်းရမှာကို .."





"နင်တို့ စိတ်ဝင်စားတာကလည်း ငါ့အကြောင်းတွေချည်းပါ ..."

"နင်တို့ကို စိတ်ဝင်စားတာရော ငါတို့ချည်းပဲ မှတ်လို့လား .."

"ဘယ်သူတွေ ရှိသေးသလဲ .."

"ပတ်ဝန်းကျင်ဆိုတာ လက်ညှိုးထိုးပြစရာတော့ ဘယ်ရှိမလဲ ... ရဲ့ .. ဆောင်းဦးခိုက် က ပေါ်လွင်လာတော့ ပိုပြီး လူပြောများ ...ပေါ့ ..၊ ကျောင်းမှာဆိုရင် နင် ပြန်မကြိုက်ဘူးလို့ ငြင်းလိုက်တဲ့ ...နဲ့ ကျောင်းလာတက်တဲ့ ဖက်တီးလေ .."

"အံ့မယ် .. အဲဒီတစ်ယောက်ကို သာသာ ကသာ ဖက်တီးဆိုပြီး ...ိုက်တာ .. မခလာ တို့ အုပ်စုက သည်းသည်းကို လှုပ်နေတာပဲ၊ ...း‌ပြောရအောင် ဝတာလည်း မဟုတ်ဘဲနဲ့ ဘာညာဆိုပြီး သူတို့ ...တ် ရွှေမင်းသား ဖြစ်နေတာ .."

"ကဲ .. ဒီက ပြောတာကို ဖြတ်ပြီးတော့ .."

...ိုး က ခိုင်ဝါ့ ကို စိတ်တိုသံနှင့် ပြော၍ ...

"အဲဒီဖက်တီးက လျှောက်ဖွတာ သိလား .."

"ဘာ!..."

ပေါ့ပေါ့ပါးပါးရှိနေသည့် သာသာ့ မျက်နှာလေး တင်းသွားသည်။

"ဟုတ်လား .. နင်တို့ ဘယ်လိုလုပ် သိတာလဲ ..၊ ဘာတွေပြော ...လဲ .."

"သူ့ဦးလေးနဲ့ နင့်ခဲအိုက အသိတွေ ထင်တယ်ဟ .. သူတို့အိမ်မှာ ...င်းဦးခိုက် က အဝင်အထွက် ရှိဖူးတယ်တဲ့ ..၊ အဲဒါကြောင့် နင့် ...ကို ငါတို့တောင် အပြင်မှာ မတွေ့ဖူးလိုက်ဘူး .. သူက နှစ် ...တ်စလုံးကို သိတယ် ..၊ သံသာချို က လှမှ မလှတာ ဆောင်ဦး ... က ဘယ်ကြိုက်မလဲတဲ့ .. နင့်ကို တမင်တကာ ဖျာလိပ်ပိုက်ပြီး ...နေတာတဲ့ ..၊ နင်ကလည်း .."



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ .. အဲဒီ ဖက်တီး ငါနဲ့ တွေ့မယ် .."

ဒီလိုတွေ ပြောနေကြတာ သူမ ဘာဖြစ်လို့ ဘာမှ မသိခဲ့တာ

"အဲဒါက ဖက်တီး ကြောင့် ကျောင်းမှာ ပွသွားတာ .. အပြင် တော့ မသိဘူး ..၊ ပြောနေကြတာတော့ သေချာတယ် .."

"ကဲ.. တော်ပါတော့ နိုင် ရယ်.. သာသာ စိတ်တိုနေပြီ ..၊ လာ ငါတို့ ကော်ဖီအေးလေးနဲ့ ဒိုးနပ် စားရအောင် .."

ဒီနေရာပဲ ခေါက်တုံ့ခေါက်ပြန် ပတ်မိနေသဖြင့် အပေါ်ပြန်တ ပြီး ဆိုင်ထိုင်ဖြစ်ကြပြန်သည်။ သို့သော် ...

"ဟယ်!... ဟိုမှာ .. ဆောင်းဦးနိုက် တို့ သားအဖနဲ့ အမျိုးသ တစ်ယောက် .. ကြည့်စမ်း .."

နိုင် က ကော်ဖီ သွားယူနေသဖြင့် ပိုး နဲ့ သာသာ တို့ပဲ ရှိကြသ လှမ်းကြည့်လိုက်တော့ အလက်ာ က ကျောခိုင်းလျက်ဖြစ်ကာ ဆော ဦးနိုက် နဲ့ အမျိုးသမီးက ဘေးတစောင်း ထိုင်နေကြ၏။

ဘယ်တုန်းတည်းက ထိုင်နေကြသည် မသိ ..၊ နေသားတက နေကြပြီး လူကြီးနှစ်ယောက်က စကားတွေ ဖောင်သာဝေနေကြ

အလက်ာ က ဟိုကြည့် ဒီကြည့်နှင့် ...

"အမျိုးသမီးက အလန်းပဲ သိလား .. ဖြောင့်စင်းနေတာပဲ မြန်မာဝတ်စုံဝတ်ထားပြီး အသားရောင်ကို ကပ်ချပ်နေအောင် ဆွဲ ထားတော့ ဘာမှ ဝတ်မထားသလိုပဲ တကယ့် ဆက်(က်စ်)စီ.."

"ညတုန်းကဲ့ ပြောသံကြားတယ်ဟ .. သူနဲ့ အလုပ်တွဲလုပ်မ မိတ်ဆွေတစ်ယောက် ဒီမနက် ရောက်မယ်လို့ပြောတာ .. သူလည် အမေရိက က ပြန်လာတာပဲ ထင်တယ် .."

"သာသာ ရယ် .. ဒီပုံစံက အမေရိက က ပြန်တာ ဖြစ်ပါ့မလား"

"အမေရိက က ပြန်တာနဲ့ပဲ ကိုယ့်ယဉ်ကျေးမှုကို လူတိုင်း မ ပါဘူးဟယ် .. အခု ငါတို့ မြန်မာမိန်းကလေးတွေက ပိုတောင် အ





သားတယ် .. ဒီကြားထဲက စုန်းပြူးတွေကိုတော့ မကြည့်နဲ့ပေါ့ .. တခြားနိုင်ငံကိုရောက်မှ ကိုယ့်ယဉ်ကျေးမှုကို တမင် ဖော်ကျူးပြီး တတ်ကြတာပါ .."

"ဟုတ်ပါတယ်.. ငါကလည်း အရမ်းကျပ်ကျပ်ကြီး ဝတ်ထားတာ တာပါ..၊ အရောင်က အသားရောင်.. ရင်ဘတ်ကနေ လက်ဖျား အပါးသား အသားရောင်လေး .. ဟိုမှာလည်း ကြည့်ပါဦး .."

"လှပါတယ် .."

"အမလေး .. သူက ဆွမ်းကြီးလောင်းချင်နေပြန်ပြီ .."

"ဘာကို ဆွမ်းကြီးလောင်းမှာလဲ .."

ကော်ဖီအေးနဲ့ မုန့်တွေကို ဗန်းနဲ့သယ်လာရင်း နိုင်ဝါ က မထိုင်ရ ဲ မေးခွန်းထုတ်၏။

"ဟိုမှာလေ .."

နှစ်ယောက်သား အတိုင်အဖောက် ညီသွားကြသည်။ သာသာ တော့ ကိုယ်မှာတာလေးကို ယူစားရင်း ဝင်မပြောတော့ဘဲ နေသဖြင့်...

"ဟဲ့ .. ငါတို့ပြောတာက နင့်တူလေး သူများနောက် ပါသွားမှာ ကို သိရဲ့လား .."

"အေးလေ .. မဆိုးဖိုဆိုတဲ့ ပုံကိုလည်း ကြည့်ပါဦး .. ကောကြော့ တာပဲ .."

ဆောင်းဘီရှည်အနက် .. ကုတ်အင်္ကျီအနက်နှင့် အတွင်းမှာ ဝတ် သည့် နက်ပြာရောင်ရှပ်အင်္ကျီ၏ ကော်လံအစွန်းက ဖြူဝင်းသည့် ားမှာ ထင်းနေသည်။

"နင်တို့ကလည်း ဘယ်လိုဖြစ်နေတာလဲ .. သူ့ဟာသူ ဘယ်သူနဲ့ တွဲ .. အဲဒီကလေးလေးလည်း ဘယ်သူ့နောက် ပါပါ .. ငါတို့က သာဆိုင်တာ ပိုင်တာမှ မဟုတ်တာ .."

"အဲဒါ မှန်ပါတယ် .. ဒါပေမယ့်ဟာ နင့်ကိုလည်း ငါတို့က



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို လှစေချင်တာ ..၊ နင်က အားလုံးထက် လှပမယ့် အရွ
ကလေးဆန်လွန်းတယ် .. နင့်ပုံစံနဲ့ ကစားစရာတွေချည်း ကိုင်တ
တာ မကောင်းဘူး သိလား .."

"ငါက ကလေးထိန်းနေရတာ .. ကစားစရာတွေပဲ ကိုင်နေရ
ပေါ့ .."

"မဟုတ်ဘူး .. နင်ကိုက ဝါသနာပါနေတာ ..၊ ပုံစံက နုနု
ငယ်လေးနဲ့ ကလေးဆန်နေတော့ နင့်ကို ဘယ်သူက မျက်လုံးထဲ ထ
မှာလဲ .."

"ပိုး .."

"ဟင် .."

"နင်တို့ ငါ့ကို ကိုကိုနဲ့ အရမ်းကို သဘောတူနေကြတာလား

"သြော် .. မုဆိုးဖို့ဆိုပေမယ့် ပစ်ရက်စရာမှ မရှိတာ .."

"နင်ကလည်း ငါတို့ကို စိတ်မဆိုးပါနဲ့ဟာ .. ကလေးကိုလ
ရမယ် .. အားလုံး မိုလ်နေမြဲ ကျားနေမြဲ ..၊ ကိုယ့်အိတ်ထဲကို ဖိတ်
မျိုးပေါ့ .."

"စိတ်ညစ်လိုက်တာဟာ .. အဲဒီလိုမျိုးသာ မေမေတို့ တွေးလာ
ငါတော့ သေပြီ ..၊ ခဲအိုနဲ့ ခယ်မ ဖြစ်နေတာနဲ့ပဲ မသင့်တော်တာတ
မဖြစ်သင့်တာတွေ ဒီလောကတောင် များနေသလား .."

"တီတီသာ .."

"ဟင်!.."

"ဟယ်!..."

ကိုယ့်စကားနဲ့ကိုယ် အာရုံပြောင်းသွားကြစဉ် သာသာ့ တော
အလင်္ကာ ရောက်လာတာ ဘယ်သူမှ သတိမထားမိခဲ့ ..၊

"အလင်္ကာ .."

"တီတီသာ က သားကို မြင်သားနဲ့ မခေါ်ဘူး .."





"သြော် .. နင်က နင့်အဖေနဲ့ ရှိနေတဲ့ဥစ္စာ .."

"သားက ရုပ်ရှင်ကြည့်ချင်လို့ လိုက်ခဲ့တာပါ .. ကြည့်လည်း
မကြည့်ရဘူး .."

လှမ်းကြည့်လိုက်တော့ ဒီဘက်ကို ကြည့်နေကြသည့် ဆောင်းဦး
ခိုင် တို့ မျက်လုံးတွေနဲ့ သူတို့ ဆုံမိသွား၏။

"အံမယ် .. သူကများ သာသာ့ ကို ကြည့်နေတာ ခြေဆုံးခေါင်း
ဆုံး .."

ပိုး က နှုတ်ခမ်းမလှုပ်ဘဲ ပြောပြီး ဒီဘက် ပြန်လှည့်၏။ ခိုင်ဝါ
က နောက်ထပ် ပြန်ကြည့်ကာ ...

"ကြည့်မှာပေါ့ဟ .. မျက်နှာ သေချာမြင်ရကာမှ သိတော့တယ်..၊
မြင်ထားလိုက်တာ မိတ်ကပ်တွေ ခြစ်ချလို့ ရတယ် ..၊ အသက်ဝဝ
မရှုရလို့ မအီမသာ ဖြစ်နေတော့ ပိုဆိုး .."

နှစ်ယောက်သား နှုတ်ခမ်းမလှုပ်ဘဲလည်း အတင်းပြောတတ်ကြ
လေသည်။ အလင်္ကာ က စပ်ဖြဲဖြဲလေး ဖြစ်သွားကာ ...

"အန်တီကူး အကြောင်း ပြောနေကြတာလား .."

"ဟဲ့ .."

သာသာ လန့်ဖျန့်သွားပြီး အလင်္ကာ့ လက်မောင်းလေးကို ကိုင်
လှုပ်ပစ်မိ၏။ အလင်္ကာ က မျက်နှာပိုးမသပ် ..။

"အဲဒီ အန်တီက မေမေ့ကိုလေ .."

"အလင်္ကာ .. တော်တော့ .."

ပြောနေကြရင်း ဆောင်းဦးခိုင် က သူမတို့ဆီ ထလျှောက်လာပြီ
ဖြစ်ကာ ...

"သာသာ .. အတန်းလစ်ပြီး လျှောက်လည်နေတယ် ဟုတ်လား"

"ဒီနေ့ ဆရာကန်တော့ပွဲ ရှိလို့ .."

"ဆရာကန်တော့ပွဲရှိရင် ကန်တော့ပြီး ပြန်ပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



အကျယ်ကြီးပြောတာ မဟုတ်ပေမယ့် ဘေးလူတွေ ကြားကုန်မှာ စိုးကာ သာသာ ကိုယ့်အသံကိုပဲ အနိမ့်ဆုံး နှိမ့်ချကာ ...

"တစ်ခါတလေပါ ကိုကိုကလည်း .."

"တစ်ခါတလေဆိုလည်း အခု ပြန်တော့ .."

ပိုး တို့ကို ဆေ့ကြည့်ပေမယ့် ပြုံးလည်း မပြ .. နှုတ်လည်းမဆက်ဘဲ အလက်ာ့ လက်လေးကို ဆွဲ၍ ...

"ပြောတာ ကြားရဲ့လား .."

"ကိုကိုကလည်း .. ဒီနေ့တော့ လျှောက်လည်မလို့ဟာကို .."

"ဒါဆို အတော်ပဲ .."

အလက်ာ က ဆောင်းဦးနိုက် ဆွဲထားသည့်လက်ကို ဖြုတ်ချပြီး သာသာ့ ဘက် တိုးကပ်ရပ်ကာ ...

"သားနဲ့ တီတီသာ တို့ ပစီဖိတ်ရင်းမ် ကြည့်မယ်လေ .. ဖေဖေက မအားဘူးဆို .."

"ဖေဖေ မအားတာ မဟုတ်ဘူး သား ..၊ သားက ပေါင်တိုလက်တို လေးနဲ့ ရုံထဲမှာ အရမ်းအေးတယ် .. ပြီးတော့ 3D နဲ့ ဆူညံသံက နား ကို ဘယ်လောက် ထိခိုက်သလဲ သိရဲ့လား .."

အလက်ာ က နှုတ်ခမ်းလေး စူသွားသည်။

"မကြည့်ရဘူး .. သာသာ ဒီမှာပြီးရင် ပြန်တော့ .."

"ဒါဆို သားလည်း တီတီသာ နဲ့ပဲ ပြန်တော့မယ် .."

"ဟင်!..."

ဆောင်းဦးနိုက် မျက်နှာပျက်သွားသည်။ ပြီးတော့ သား မျက်နှာ ကို ငုံ့ကြည့်ပြီး တွေဝေသွားကာ ...

"သာသာ .. မင်းရော ကြည့်ချင်လား .."

"ရုပ်ရှင်ကြည့်ဖို့တော့ အစီအစဉ် မရှိဘူး .."

"ဒါပေမယ့် ကြည့်လိုက်ကွာ .."





သူ့ မျက်နှာမကောင်းစွာ ရှိလျက် စားပွဲဆီ ပြန်လျှောက်သွား၏။ သာသာ က မျက်စောင်းလေး မသိမသာ ထိုးကာ ...

"ခုနကတော့ ခုပဲ ပြန်တော့တဲ့ ..၊ သူ့သားက ရုပ်ရှင်ကြည့်မယ် ဆိုတော့ .. ဟွန်း .."

"တီတီသာ ကလည်း စိတ်လျှော့လိုက်ပါ .. သား ပစီဖိတ်ရင်းမ် ကြည့်ချင်လို့ပါ ..၊ တီတီသာ တို့ စားဖို့ သား မုန့်တွေ အများကြီး ဝယ်ခဲ့မယ်လေ နော် .."

"အံမာ .. ငါက နင် ဝယ်ကျွေးမှ စားရမှာမို့လို့လား .."

"သာသာ ရယ် .. ကလေးနဲ့ ပြိုင်ပြီးတော့ .."

"ဟုတ်တယ် .. တီတီသာ က အဲ့ဒီတိုင်းပဲ .."

"အလက်ာ .. ပါးစပ်ပိတ်ထားနော် .. ငါ စိတ်တိုနေတာ .."

ပြောနေကြတုန်း ဆောင်းဦးနိုက် ပြန်လျှောက်လာ၏။ တစ် ယောက်တည်းတော့ မဟုတ် ..။

"သာသာ စောတော့ စောသေးတယ် .. လက်မှတ်သွားဝယ်ထား လိုက်နော် .. ပြီးရင် အဲ့ဒီရှေ့မှာပဲ စောင့် .."

"ကိုကိုက ဘာလုပ်မလို့လဲ ..၊ သာသာ မကြည့်ချင်ပါဘူးဆိုမှ.."

"ကလေးကြောင့် ပြောနေတာ .. ဒီက ချာတိတ်တို့ရော .. ကြည့် မယ်မို့လား .."

"ဟင်!... ဟုတ် .."

မျက်နှာကိုပဲ မော့ကြည့်နေမိကြသဖြင့် တည့်တည့်လှည့်ကြည့်ပြီး အမေးခံလိုက်ရတော့ ပိုး တို့ အိုးတိုးအမ်းတမ်းနှင့် ခေါင်းတွေ ကပျာ ကယာ ညိတ်ကြ၏။

"ကြည့်မှာ ကိုကြီး .. လာတည်းက ရုပ်ရှင်ကြည့်ကြမလို့ .. အပူ သြီတာနဲ့ .."

ကြည့်ချင်လွန်းလို့ ရှင်းတောင် ပြနေကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုး တို့ကို ကြည့်၍ သာသာ နှုတ်ခမ်းလေး မဲ့သည်။

"လက်မှတ် ဖြတ်ထားလိုက်နော် .. ကိုယ်တို့ ပြန်လာခဲ့မယ် .."

"ကိုကိုတို့ ကြည့်မှာဆိုရင်လည်း အလက်ာ့ ကို ခေါ်သွားလိုက်ပေါ့ .. ပြီးတာပဲဟာကို .."

"ကိုယ်တို့က ကြည့်လို့ မရဘူး.. ဧည့်သည်တစ်ယောက်ကို စောင့်နေတာ ..၊ ကလေး အေးမှာစိုးလို့ ခဏပဲ .."

ပြောခဲ့ပြီး သူ ထွက်လာခဲ့တော့ အနားမှာ စိတ်ကူး က ပါလာသဖြင့် ...

"ကူး .. ကိုယ်တို့ ဆုံမယ့်နေရာကို သွားနှင့်ပါလား .."

"ဘာဖြစ်လို့လဲ ကိုဆောင်း .. ကူး တစ်ယောက်တည်း မသွားချင်လို့ပါ .."

"ဩော် .. ဒါဆိုလည်း ပြီးရော .. မင်းကို အားနာလို့ပါ .."

"ကိုဆောင်း က အခု ဘာလုပ်မလို့လဲ ..၊ ကလေး အေးမှာစိုးလို့ ဆိုတော့ .."

"အပေါ်ထပ်လေး တစ်ထည်လောက် ဝယ်မလို့.. သားက အအေးကြောက်တယ် .. ချွေးထွက်လွန်းရင်လည်း အစားအသောက် တန်းပျက်သွားရော .. မပူမအေးလေးမှ သူနဲ့ တည့်တာ .."

စိတ်ကူး က အထည်ဆိုင်တွေဘက်ကို အတူသွားနေရင်း ပြုံးလိုက်ကာ ...

"ကိုဆောင်း အိမ်မှာ သိပ်နေတယ် မရှိဘဲနဲ့ ကလေးအကြောင်းတော့ သိနေသားပဲနော် .."

"ကိုယ့်သားပဲ ကူး ရယ် .. သား ငယ်ငယ်က သူ့အမေလက်ပေါ်မှာ သိပ်နေလိုက်ရတာမှ မဟုတ်တာ .."

"ဒါပေမယ့် ကိုဆောင်း လည်း နိုင်ငံခြားရောက်သွားတာပဲလေ..၊ ကလေးက သူ့အဘွားတွေ လက်ပေါ်မှာပဲမို့လား .."





"ကိုယ်နဲ့ အတူတူနေတဲ့ အချိန်လေးတွေတော့ ရှိခဲ့တာပဲ ကူးရဲ့ .."

နိုက်နိုက်ချွတ်ချွတ် မေးနေသည့် ကူး ကို သူ စိတ်မဆိုးပါ။ သားအပေါ်မှာ သူ ဂရုတစိုက် ရှိခဲ့ပါလားဆိုတာကို ပြန်သတိရစေတာမို့ ကျေးဇူးတောင် တင်ခဲ့မိကာ ...

"သားကို ကိုယ် ချစ်တယ် .. မိတဆိုးလေးမို့ အချစ်ပိုတာမျိုးထင်တယ် ..၊ ကိုယ် ကြိုးစားနေသမျှ သားရဲ့မျက်နှာလေးက ကိုယ့်ရဲ့စိတ်ကူးတွေပဲ .. ပြီးတော့ သူ့ကို ကိုယ့်ရဲ့ ကိုယ်ပွားတစ်ယောက်လိုဖြစ်လာဖို့ ပြုစုပျိုးထောင်မှာ .."

"ဖြစ်လာမှာပါ .. ကိုဆောင်း ရဲ့ သားလေးက ဥပဓိရုပ်လေးလည်းကောင်းတယ် .. သွက်လည်း သွက်တယ် ..၊ သူ့မျက်လုံးလေးတွေကကြည်လဲ့နေတာပဲ ..၊ ဒါနဲ့ .. ကလေးရဲ့အမေက သာသာ နဲ့ တူလားဟင် .."

ဆောင်းဦးနိုက် က အတူသွားနေရင်း ငုံ့ကြည့်သည်။

"ဘာဖြစ်လို့လဲ .."

"သာသာ က အရမ်းလှတာပဲ .. သူ့ကို စိုက်ကြည့်မိလေ.. သေချာစိုက်ကြည့်နေချင်လေ ..၊ မျက်တောင်တွေ ကော့နေတာရော .. မျက်ခုံးတန်းလေးတွေ နက်ဆင်းနေတာရော .. မျက်နှာလေး တစ်ခုလုံးပဲ .."

ဆောင်းဦးနိုက် က ရယ်လိုက်ပြီး ခေါင်းလှမ်းနေသည့် ခေါင်းထိပ်ကိုပဲ ငုံ့ကြည့်လျှောက်ရင်း ...

"သာသာ က ဆုတောင်း ကောင်းတာပါ ..၊ တစ်အိမ်လုံး သူပဲလှတာ ..၊ သူ့အဖေ အမေရော .. သံသာ ရော .. သူ့လောက် ဘယ်သူမှ မလှဘူး .."

"ဒါဆို မျက်လုံးလေးတွေ .. မျက်တောင်ကော့တာလေးတွေက ကလေးက သူနဲ့ တူတာ ထင်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပေါ့ .."

ပြုံးသလို မပြုံးသလိုနှင့် မျက်နှာတစောင်းကို စိတ်ကူး က သေချာ စိုက်ကြည့်၏။ တစ်ခုခု ပြောချင်ပေမယ့် မပြောဖြစ်လိုက်ဘဲ ကလေး ဝတ် အထည်ဆိုင်ကို ရောက်လာကြ၏။

ခေါင်းစွပ်လေး ပါသည့် မီးခိုးရောင်နဲ့ အပြာနုစင်းကြား အပေါ် ထပ်လေးကို စိတ်ကူး က သေချာ ရွေးပေးသည်။

ဒါပေမယ့် ဆောင်းဦးနိုက် က နောက်ထပ်တစ်ဆိုင်ကို ရှာဖွေနေ သဖြင့် ...

"ဘာရှာတာလဲ ကိုဆောင်း .."

"ချာတိတ် အတွက်ပါကွာ .. သူက ပိုဆိုးတယ် ..၊ အအေးပတ် ပြီဆို နှာခေါင်းကစပြီး သေးလူ ဘယ်သူမှ မနေနိုင်အောင် နှာချေတာ.. လူမမာဖြစ်လိုက်ရင် တစ်ရက် နှစ်ရက်နဲ့လည်း ဘယ်တော့မှ မပြီးဘူး..၊ တော်ကြာ ကိုယ့်ကြောင့် ဖြစ်နေမှာစိုးလို့ .."

သာသာ့ အတွက် အပေါ်ထပ်ရွေးတော့ စိတ်ကူး တစ်ခွန်းတစ်ပါဒ မှ ဝင်မပြော .. ဝင်မကိုင်မိတော့ဘဲ သူ့လုပ်သမျှကိုပဲ ဘေးကနေ ကြည့် နေမိတော့သည်။

တကယ်ကို ခုမှပဲ မြင်ဖူးပါသည်။ ရုပ်ရှင် တစ်ခါကြည့်ဖို့အတွက် ရင်းလိုက်ရတဲ့ အရင်းအနှီး ...၊

အကျီဖိုးတွေချည်း လေးသောင်းကျော် ...၊





အခန်း (၇)

"ဒေါက်တာ ပြန်သွားတာလား ..၊ ဘယ်သူ ဘာဖြစ်လို့လဲ .."

"မင်း ညီမပေါ့ သားရယ် .. ပြန်ရောက်ရောက်ချင်း ရေချိုးလိုက် သလား မသိပါဘူး .. ချက်ချင်း နှာတွေမှုန်ပြီး ကိုယ်ပူတွေ တက်လိုက် တာ မထိတ်သာ မလန့်သာ .."

ဆောင်းဦးနိုက် မျက်နှာပျက်သွားသည်။ လှည့်ကြည့်လိုက်တော့ အလက်ာ က အပေါ်ထပ်က ဆင်းလာရင်း လှေကားပေါ်မှာ ခြေစုံရပ် နေ၏။

"သားရော နေကောင်းလား .."

သားဆီ ခြေလှမ်းကျဲများနှင့် လျှောက်ခဲ့ရင်း စိုးရိမ်စိတ်နှင့် မေးမိ၏။ ဒေါ်ချိုမြလှိုင် က ဒေါက်တာ့ကို လိုက်ပို့ရင်း စကားပြောနေသည့်မို့ ဒီဘက်ကို အာရုံမရောက်တော့ပေ ...။

"နေကောင်းရဲ့လား .."



www.burmeseclassic.com

www.burmeseclassic.com



အလက်ာ့ လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်ရင်း ထပ်မေးတော့ အလက်ာ က လက်ကို ရုန်း၍ ...

"သားက ဘာမှမဖြစ်ဘူး .. တီတီသာ က ကိုယ်တွေ တအားပူပြီး အိပ်ပျော်သွားလို့ ဘွားဘွား ခေါ်တာတောင် မထူးနိုင်ဘူး .."

ကိုင်ထားသည့်အိတ်ကို ချဖို့ သတိမရဘဲ သားလက်ကို ဆွဲရင်း သာသာ့ အခန်းထဲ ဝင်ခဲ့မိသည်။ ဒီနေ့ကျမှ အန်ကယ်လ် ဦးအေးချို က မဲဆောက်ကို သွားသည်။

သူ ပြန်လာတာလည်း နောက်ကျနေ၏။ အချိန်က ည ရှစ်နာရီ ထိုးနေပြီ ..။

"ဘယ်လိုဖြစ်ရတာလဲ သာသာ .. ရုပ်ရှင်ကြည့်လို့ ဖြစ်သွားတာ လား .."

သာသာ က နဖူးပေါ်တင်လိုက်သည့် သူ့လက်ကို ဖယ်ချပြီး မျက်နှာလေး ရှုံ့မဲ့သွား၏။ ပြီးမှ ...

"မဟုတ်ပါဘူး .."

"ဟုတ်တယ် ဖေဖေ .. တီတီသာ က အနွေးထည်လည်း ထပ် မဝတ်ဘူး .. အသားတွေ အေးစက်နေတာကို ဒီတိုင်းကုပ်နေတယ်.."

"အပြင်မှာ မိုးက တစိမ့်စိမ့်နဲ့ ရုံထဲမှာ အဲကွန်းက စိမ့်နေတာ .. ဘာဖြစ်လို့ မဝတ်တာလဲ .."

"မချမ်းဘူး ထင်လို့ပေါ့ .. လူတိုင်းပဲ အနွေးထည်အင်္ကျီတွေ ဝတ်လာကြတာမှ မဟုတ်တာ .."

တကယ်က တမင် အရွဲ့တိုက်နေတာ ဖြစ်သည်။ လူကို ခုပြန် .. ခုထနဲ့ အမိန့်တွေ ပေးနေပြီးတော့ ကလေးက ရုပ်ရှင်ကြည့်မယ်ဆိုမှ အမိန့်က ရုပ်ရှင်ကြည့်ဖို့ ဖြစ်သွားခဲ့သည်။

အဲ့ဒါကြောင့် လက်မှတ်ဝယ်ထားပါဆိုတာလည်း သူမ မဝယ်ဘဲ နေလိုက်သည်။ လက်မှတ်ကုန်သွားပါစေ ဆုတောင်းပေမယ့် မပြည့်ခဲ့..





"လက်မှတ် မဝယ်ရသေးဘူးလား .. မရဘဲ နေတော့မှာပဲ .."

"ပိုက်ဆံ မပါဘူး .."

"ဟာ .. ကွာ .. ကျွတ်!..."

ဒီလို ရွဲ့နည်းတွေကိုတော့ ဆောင်းဦးနိုက် ကျွမ်းကျင်ပုံ မပေါ် .. လက်မှတ်မရမှာ စိုးသည့်အာနှင့် သူကိုယ်တိုင် တဖားဖား ပြေး သည်။

ပြီးတော့ ပြောင်းဖူးပေါက်ပေါက်တွေရော .. မစ်ရှိတ်တွေ တစ်မျိုး ယ်ပေးနေတာ .. အဲဒါတွေ စားရအောင် ဒီက ကလေးအုပ်စုလား..။

"မသောက်ချင်ပါဘူး .. ရေခဲမုန့်လေး ဘာလေးဆို တော်သေး .."

"ရေခဲမုန့်က ဒီနား ပြေးဝယ်လို့မှ မရတာ .. ကလေးမဟုတ်ဘဲနဲ့ နေနဲ့ ချာတိတ် .. ပြတော့မယ် အထဲဝင်တော့ .." တဲ့ ..။

သူ့ပြောပုံတွေကြောင့်လား .. ကိုယ့်စိတ်ကူးနဲ့ကိုယ် ရွဲ့နေတာကိုပဲ လိုထင်နေသည် မသိ ..။

ဆိုသည့်တစ်ယောက်က ခပ်မိန့်မိန့်ပုံစံ လက်ပိုက်ထားရင်း တုံ့ မဲ့တဲ့တဲ့နှင့် ကြည့်နေ၏။

ဘယ်နေရာမှာမဆို ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ် ဘယ်လို .. ဘယ်သူ ဘာပြောပြော ဂရုမစိုက်ပါ။ ဒါပေမယ့် လူကို းလိုလို .. ခွေးလိုလို ကြည့်လာပြီဆို အဲဒီလူကို သူမ အသေမုန်း

ကိုကို့ကို မဟုတ်ပေမယ့် ဘေးမှာ ရုပ်ကြည့်နေသည့် အဲဒီ ပြုံး မျက်နှာကြောင့် ရုပ်ရှင်ရုံထဲထိ မကျေနပ်စိတ်က မပျောက် ..

"သာသာ .. မင်း ငါ့ကို ရွဲ့တာမို့လား .. ကလေးကြောင့် ရုပ်ရှင် နိုင်းတယ်ဆိုပြီးတော့ .."



www.burmeseclassic.com

www.burmeseclassic.com



သူ မသိဘူးထင်ပေမယ့် ရိမ်မိသွားတော့လည်း သာသာ မငြင်
ဆိတ်ဆိတ်နေလိုက်၏။

"အဲဒီလိုလုပ်တော့ ဘာတွေ ကောင်းကျိုးဖြစ်လာလို့လဲ ..။
စာမေးပွဲက ကပ်နေပြီ .."

"ပူမနေပါနဲ့ .. ကိုကို့ကို မေမေနဲ့ ပြန်မတိုင်ပါဘူး .."

"ဘယ်တိုင်မလဲ .. မင်း ကျောင်းလစ်တာ ပေါ်သွားမှာကိုး ..

သာသာ မှိတ်ထားသည့် မျက်လုံးတွေ ပွင့်လာသည်။ သူမ
အပြစ်ကိုတော့ မေ့နေခဲ့တာ အမှန် ..၊ ဒါပေမယ့် ဝန်မခံနိုင်ဘဲရှိ

"တက္ကသိုလ်ကျောင်းသူပဲ ကိုကို .. အတန်းမလစ်ဘူးတဲ့သူ
သူမှ မရှိဘူး .. ပြီးတော့ သာသာ က သူငယ်ချင်းတွေနဲ့ တစ်ခါတ
ရယ် .. ဟိုလိုဒီလိုကိစ္စတွေနဲ့ မဟုတ်ဘူး .."

"ဟုတ်ဟုတ်မဟုတ်ဟုတ် မိန်းကလေးတွေ အတန်းလစ်တာ
လို့လည်း မကောင်းဘူး .. ကြားလို့လည်း မကောင်းဘူး ..၊ နောက်
အတန်း လုံးဝ မလစ်ရဘူး .."

"ကိုကိုနော် .."

"ကိုကို မနော်နဲ့ .. ဒီတစ်ခါ ငါ တိုက်တွန်းတာ လုပ်ခဲ့
ထားလိုက်တော့ .."

"ထားလိုက်လို့ မရပါဘူး .. ကိုကို့ကြောင့်မှန်း သိရင် ကိုကို့
ကြွေးတင်သွားပြီ .."

"ဘာလဲ .. ဘာကြွေးလဲ .."

ဆေးမှာ အကျအန ဝင်ထိုင်ပြီးတော့ နီရဲ မို့တက်နေသည့်မျ
လေးကို စိုက်ကြည့်မိသည်။

လည်ကပ်ဆွယ်တာလက်ရှည် အနီရဲရဲလေးနှင့်အပြိုင် သ
ပါးပြင်လေးတွေ .. နှုတ်ခမ်းလေးတွေက နီရဲနေတာ ဆေးဆိုးထား
ပင် ..။





သာသာ က မတ်တတ်လေး ရပ်နေသည့် အလက်ာ့ ကို ကြည့်
ပြီးမှ ...

"ဟုတ်တယ်.. သာသာ့ ကို ကြွေးဆပ်ဖို့ဆိုတာ သိထား ..၊ ခုတော့
မပြောသေးဘူး .."

ဆောင်းဦးနိုက် က ပြုံးလိုက်ကာ သားဖြစ်သူကိုပါ လှည့်ကြည့်

"နှစ်ယောက်စလုံး လိုချင်နေတာ တစ်ခုတော့ ရှိနေပြီ ..၊ ဟုတ်
လား .."

"ကိုကို့ဆီက ဘာမှ မတောင်းဘူး .. ပူမနေနဲ့ .."

"တောင်းလည်း ကိုယ်ပေးချင်မှ ဖြစ်တာပါ .."

ပြောပြီး နေရာမှ ထရပ်လိုက်သည်။

"ဆရာဝန်ပေးတဲ့ ဆေးတွေတော့ အချိန်မှန် သောက်ရမှာနော်..၊
တင်းပေါက်ကမှ လွှင့်ပစ်ဖို့ စိတ်မကူးနဲ့ .."

"မေမေ .."

"အလက်ာ နော် .."

နှစ်ယောက်စလုံး သံပြိုင်ထွက်လာသည်နှင့် တစ်ယောက်က ဖော်
- တစ်ယောက်က တားဆီးမည့်အသံမှန်း သူ သိလိုက်၏။

သို့ကြောင့် ခါးနှစ်ဖက်ထောက်၍ သာသာ့ ကို ပြန်ငုံ့ကြည့်ကာ...

"ဘာလဲ .. ငါ ပြောတာ နောက်ကျသွားပြီလား .."

"ဟုတ်တယ် .. တီတီသာ က ဆေးတွေ လွှင့်ပစ်လိုက်ပြီ .."

"ဩော် .. ဩော် ..."

"ဆေးထိုးပြီးကတည်းက သက်သာသွားပြီဥစ္စာ .."

"စားဆေးနဲ့ ထိုးဆေး ဆေးဝတ်လည်မှ ပျောက်မှာပေါ့ကွ ..၊
.."

သူ နာရီ ပင့်ကြည့်ပြီး ကုတ်အင်္ကျီအိတ်ထဲက ဖုန်းထုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဘာလုပ်တာလဲ .."

"မင်း လွှင့်ပစ်လိုက်တဲ့ ဆေးတွေကို ပြန်လိုက်ကောက်လို့ တော့ဘူးလေ .. ထပ်သောက်စရာ ဆေးရှိမှ ဖြစ်မှာပေါ့ .."

ပြောပြီးတာနှင့် ဆရာဝန်ကို သာသာ မသက်သာသေးလို့ မရှုသေးလို့ပါ ဖုန်းဆက်ပြီး ပြန်လာဖို့ ခေါ်၏။ ဒါ တမင်တကာ တာမှန်း သူမ သိလိုက်ပေမယ့် ...

"သား .. သမီး ဘာဖြစ်လို့လဲ ..၊ ဘာဖြစ်လို့ ဆရာဝန် ထပ် တာလဲဟင် .."

သူ ဖုန်းပြောနေတာ ကြားကာ ဒေါ်ချိုမြလွင် ထိတ်ထိတ် မေး၏။ ဆရာဝန် ပြန်သွားလို့ လူမမာစာ ဝင်လုပ်ပေးနေတာ ပြီး မပြီးတတ်သေး ...။

ဖွေးထိန်နေသည့် မီးရောင်အောက်မှာ သာသာ က ခုတင်ပေ မျက်လုံးလေး ဝိုင်းနေကာ ဆောင်းဦးနိုက် က စိတ်မရှည်သည့်မျ တည်တည်နှင့် ဖုန်းကို အိတ်ထဲ ပြန်ထည့်၍ ...

"အန်တီ့သမီးက ဆေးတွေ လွှင့်ပစ်လိုက်တယ်လေ .. မတော် အဖျားပြန်တက်ရင် တစ်အိမ်လုံး ဒုက္ခများရဦးမှာ .."

"ဟင်!... ဟုတ်လား .. ကြည့်စမ်းပါဦး .."

ဒေါ်ချိုမြလွင် ရင်ဘတ်ထုရတော့မလို ဖြစ်သွားသည်။ ယ တုန်းက အဲဒီလိုလုပ်တတ်တဲ့အကျင့် ရှိတာကို သိသည်။

ခဏ ခဏလည်း ဖျားတတ်ပေမယ့် နောက်ပိုင်းမှာတော့ ဒီ တွေ ထပ်မရှိတော့ဘူးပဲ ထင်ခဲ့မိ၏။

"ညည်းမို့လို့ပဲ သမီးရယ် .. ကလေးမဟုတ် သူငယ်မဟု ဒီတိုင်းလုပ်နေတာတွေ ဘယ်လောက်တောင် များနေပြီလဲဟင်

"မေမေကလည်း အခုထိ သာသာ ဘာဖြစ်ခဲ့လို့လဲ ..၊ ဆေး လိုက်တာနဲ့ ပျောက်သွားတာပဲ ဥစ္စာ .."





ဖြစ်ရလေအေ .. လုပ်ချင်သလို လုပ်လာတာတွေ ဘာမှ မဖြစ်လို့ သေးတာပေါ့ ..၊ ဆောင်းဦးနိုက် ဘယ်လို ပေါ်အောင် ဖော်လိုက် .."

ဒေါ်ချိုမြလွင် မေးနေတာကို သူ နားမထောင်တော့ဘဲ ထွက်လာ ' သို့သော် ခုလောက်ဆို သာသာ ဘယ်လောက်ထိ စူပုတ်ပွထ ို မကြည့်ရပေမယ့် သိနေ၏။

တော်တော်ဆိုးတဲ့ ကောင်မလေး ..၊

ငယ်ငယ်တုန်းက အကျင့်ဆိုးလေးတွေ ခုချိန်ထိ ဘာတစ်ခုမှ က်သေးဘဲ မိဘကတော့ နောင်ရေးတွေ ဘာတွေ တွေးပူနေရှာပြီ ။

သာသာ ဒီပုံစံအတိုင်းပဲဆိုတာ သူ သိသည်။ ဘာဖြစ်လို့လဲဆို ုန်းပြောဖြစ်သည့်အခါတွေ ..၊ အွန်လိုင်းမှာ ဆုံကြသည့်အချိန် ာ သူမကို အကဲခတ်ရတာ လွယ်လွယ်လေး ...။

သာသာ့ ကို သူ လက်ထပ်လိုက်လျှင် ချစ်ရမယ့် အိမ်သူသက်ထား ာမဟုတ်ဘဲ သားတစ်ယောက်ပဲ မွေးထားပြီး နှစ်ယောက်ထိန်း ထိန်း ဆိုက်သွားမှာ သေချာသလောက် ရှိ၏။

ဘယ်အရာမဆို စိတ်ကူးနဲ့ လက်တွေ့ တစ်ထပ်တည်းကျဖို့ဆိုတာ ည် ...။



www.burmeseclassic.com

## အခန်း (၈)

"ကိုကို့ .."

"ဘာလဲ .."

"ခဏ .."

အခန်းတံခါးဝမှာ ရပ်နေပြီးမှ ဆောင်ဦးခိုက် က ဝင်လာ
အဖျားမစင်သေးသဖြင့် နှာခေါင်းသံလေး ရှရှနှင့် သာသာ က ကွ
တာရှေ့မှာ ထိုင်လျက် ...

"ဒီမှာ ကြည့်ပါဦး .. လုပ်နေတာ ကြာလှပြီ .. အယ်ရာ(ရ်)
မတက်ဘူး .. အောက်ပွတ်လည်း မထွက်ဘူး .."

သာသာ ထိုင်နေသည့်ဆောမှာ စားပွဲပေါ် လက်တစ်ဖက်ထော
င့်ကြည့်ပြီး ...

"တစ်ဖိုင်လုံး ပျောက်နေတဲ့ဟာ .. ဘယ်လိုလုပ် အဖြေထွ
လဲ .."





ထောက်စ်မှာ တင်ထားသည့် သာသာ့ လက်ပေါ် ထပ်ကိုင်ထားကာ
သာ တွန်းရွှေ့ပြသွားကာ ...

"ပရိုဂရမ်တစ်ခုလုံး ပြန်ဖျက်ပြီး အစက ပြန်ရေး .."

"ဟင်!... တကယ် .."

"ဟုတ်တယ် .. နေပါဦး .. ကိုယ့်ဘာသာ ကျောင်းစာမလုပ်ဘဲ
ွ လျှောက်လုပ်နေတာလဲ .."

သာသာ က နှာခေါင်းလေးတွန့်၍ ...

"ဘီအီး ဆက်မတက်တော့ဘူးလေ .. စာမေးပွဲအောင်ရုံတင်က
ေးပါ .."

"ဘာ!... ဘာဖြစ်လို့ မတက်ရမှာလဲ .. တက်ရမယ် .."

"မတက်ချင်ပါဘူး .. အပြင်မှာပဲ အိုင်တီသင်တန်းတွေ တက်
.. ကိုကိုလည်း လုပ်နေပြီဥစ္စာ .."

"သာသာ .."

သူက ကိုယ့်ကို မတ်မတ်ပြန်ရပ်၍ ...

"သင်တန်းဝင်လာရင်လည်း ဘီအီးသမားနဲ့ အခွင့်အရေး ကွာ
ှာပဲ ..၊ ဒီလောက် နှစ်တွေကြာအောင် တက်ခဲ့ပြီးမှ နှစ်နှစ်လေး
တက်ရမှာ ဘာဖြစ်လို့လဲ .."

သာသာ ဆံ့လည်ကုလားထိုင်ကို ဇွေ့ခနဲ နေအောင် လှည့်၍ သူ့ကို
ိုစွာ မော့ကြည့်သည်။

"ကိုကို နေရာတကာ သာသာ့ ကို ဆရာ မလုပ်နဲ့နော် .. ဒါတော့
မရဘူး ..၊ ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ်ပဲ .. ဖေဖေ သဘောမတူ
ေမယ့် မေမေ့ကို ပြောပြီးပြီ .."

"အေး .. မင်း ငါ့အားကိုးနဲ့ သင်တန်းမှာ လာကဲဖို့တော့ စိတ်
နဲ့ ..၊ ငါ့အလုပ်မှာ အလုပ်သဘောအတိုင်း ခွဲခြားသတ်မှတ်သွားမှာ
.. သွေးသားရင်းချာ ဆွေမျိုး ဘာတွေ တော်နေနေ .."

www.burmeseclassic.com



"ကိုကို့ကို အားမကိုးပါဘူး .. သူ့ကို အားကိုးရအောင် သူ သင်တန်းမှာ ထိုင်မှာ ကျနေတာပဲ ..၊ ဒါပေမယ့် .."

သာသာ ကွန်ပျူတာရှေ့ကနေ ထလိုက်ပြီး စကားပြောဖို့ တော့ ဆောင်းဦးနိုက် က မျက်မှောင်ကုတ်ပြီး ပြန်ကြည့်သည်။

"ဘာလုပ်မလို့ ထတာလဲ ..၊ ကိုယ်လုပ်တဲ့အလုပ်ကို အဆုံးသ ပြီးမှ နောက်ထပ်တစ်ခုဆီ အာရုံရောက်ရတယ် ..၊ ပြန်ထိုင် .."

"အစက ပြန်ရေးရမှာပဲဟာ .. နောက်မှ ပြန်လုပ်မှာပေါ့ .. ကို ခဏ ပြန်လာတာလား .."

ပြောရင်လည်း လုပ်မှကြိုက်သည့် ဆောင်းဦးနိုက် မျက်နှာ မှုန်ကုပ်ကုပ်နှင့် ...

"ကိုကို အစုချက်ချင်း ပြန်မသွားသေးဘူးမို့လားဟင် .."

"ဘာလုပ်မလို့လဲ .."

"ကိုကို့ကို မေးစရာရှိလို့ .."

"မအားသေးဘူး.. ပြန်မသွားရပေမယ့် အလုပ်လုပ်စရာ ရှိတယ်"

"အင်းပါ ကိုကိုရဲ့ .. ခဏပါ ..၊ ကိုကို့ .."

သာသာ က သူ ထွက်လာသည့်နောက်က ပြေးလိုက်လာကာ

"ကိုကိုနဲ့ ဟိုဘက်ခြံက ဦးဒေဝတာကြီး မနေ့က နှုတ်ဆက် တွေ့လိုက်တယ် ..၊ ကိုကိုနဲ့ ခင်လားဟင် .."

"မခင်ပါဘူး .. မင်းအစ်မရဲ့ဆရာ ဖြစ်ခဲ့ဖူးတယ် ..၊ သံသာ တော့ စကားပြော အဆင်ပြေခဲ့ပါတယ် .."

"ဒါဆို ကိုကို့ကို သူက စနှုတ်ဆက်တာ မဟုတ်ဘူးပေါ့ .."

"မျက်နှာချင်းဆိုင် တွေ့မိလိုက်လို့ နှစ်ယောက်စလုံး နှုတ်ဆ လိုက်ကြတာ .. ဘာလုပ်မလို့လဲ .."

ဆောင်းဦးနိုက် က စာကြည့်ခန်းထဲ ဝင်သွားသည်။ ဒီအိမ် စာကြည့်ခန်းနှစ်ခန်း ရှိပေမယ့် ဆောင်ဦးနိုက် ရှိမှသာ အထဲမှာ လူ





ရတတ်ကာ ဦးအေးရှို က စာဖတ်လည်း ဝါသနာ မပါ၊ သိပ်လည်း ညောင်းမထိုင်နိုင်သဖြင့် စာအုပ်တစ်အုပ်ပြီးအောင် မဖတ်နိုင်ဆဲ ..။

မနက်စာ စားပြီး သတင်းစာ ဂျာနယ် လှန်လှော ဖတ်ရှုတာ က်တောင် အနိုင်နိုင် ..၊ တစ်ခါတလေဆို သူ စိတ်ဝင်စားတဲ့ ခုပ်ယူလာပြီး တစ်ယောက်ယောက်ကို ဖတ်နိုင်းတတ်ပေမယ့် ဖတ်ပြ ဲလူကို အားနာသည်ဆိုပြီး ဒါလည်း အမြဲတမ်း မဟုတ်ဘဲ ဖြစ်ခဲ့၏။

"ကိုကို .. စာဖတ်မလို့လား .."

"ဟုတ်တယ် .. ရှာစရာရှိလို့ မင်း မေးချင်တာတွေ မပြီးသေး လား သာသာ .. ကျန်သေးရင်လည်း မြန်မြန် မေး .. ပြီးရင် သွား တော့ .."

"ဟုတ် .."

သာသာ က သူနဲ့အတူတူ စားပွဲမှာ ဝင်ထိုင်လိုက်ကာ အံဆွဲထဲမှာ ားညှပ်ကြိုးစလေးတန်းလန်းနှင့် ဖတ်လက်စ တစ်ထွာလောက် အုပ်ထူကြီး ထုတ်လိုက်တာအထိ ကြည့်နေပြီးမှ ...

"ကိုကို့ .. ကိုကိုက မခင်ပေမယ့် မမယောက်ျားဆိုတော့ မမနဲ့ င်တဲ့ အဲဒီ ပရော်ဖက်ဆာကြီးအကြောင်း .. နည်းနည်းပါးပါးတော့ ိမှာပေါ့ ..၊ ပြီးတော့ သူက ကိုကိုတို့ ခြံကို ပြန်ဝယ်ခဲ့တာ .."

"ရောင်းတာဝယ်တာတွေက လူကြီးတွေ အလုပ်ပဲကွ ..၊ မင်း အစ်မနဲ့လည်း သိပ်ခင်တာမျိုး မဟုတ်ပါဘူး ..၊ ဒီပုဂ္ဂိုလ်ကြီးက နည်း ည်း အစွန်းရောက်နေတယ် .."

"ဂေါက်နေတာမို့လား ..၊ သူ့ကိုယ်သူ ပရော်ဖက်ဆာကြီး လုပ် ပြီးတော့ .."

တကယ်က ရိုးရိုးဆရာဝန်ပဲ ဖြစ်သည်။ သူ့အိမ်ကလူတွေ ည်း သူ့အကြိုက် ပရော်ဖက်ဆာကြီးလို့ပဲ ခေါ်နေကြရတာ သူ့ နှမက အိမ်အလုပ်သမားတွေအထိ ..။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဦးနိုက် က ခေါင်းညိတ်ပြီးမှ စာအုပ်လှန်နေသည့် လက်
က တုံ့နေးသွားပြီး မျက်နှာမော့၍ ...

"အဲဒီလောက်တော့ မဟုတ်နိုင်ပါဘူး ..၊ သူ့ကို အကဲခတ်လို့
ရလောက်အောင်လည်း ဘယ်သူနဲ့မှမှ အရောတဝင် မရှိခဲ့တာ .."

"ကိုကိုက အိမ်မှာ သိပ်မနေရလို့ပါ ..၊ သာသာ တို့ဆိုရင် ခြံထဲမှာ
ကစားကြတိုင်း အဲဒီဘက်က လှုပ်ရှားမှုတွေကို မြင်ရတယ်၊ မနှစ်က
စပြီး သူက ဝန်ထမ်းမလုပ်တော့ဘူးလေ .. လုံးဝ ဆေးရုံမသွားတော့
ဘူး .."

"အစတည်းက သူ ဆေးရုံမှာ လုပ်တာမှ မဟုတ်ဘဲ .."

"ဟင်!... ဟုတ်လား .."

"သူက အရမ်းတော်တယ် .. ဒါပေမယ့် မျက်လုံး မကောင်းဘူး
နှလုံးရောဂါလည်း ရှိသေးတယ် ..၊ ဆရာဝန်ဖြစ်ဖို့ အပြင်းအထန်
ကြိုးစားရင်း ကျန်းမာရေးကြောင့် သူ မအောင်မြင်ခဲ့ဘူး .."

"ဒီလိုကျတော့လည်း သနားပါတယ်နော် .."

"ဟုတ်တယ် .. ဒါတောင် တက္ကသိုလ်မှာ ကထိကဖြစ်နိုင်တဲ့အထိ
သူ ကြိုးစားခဲ့တာ .."

"မဖြစ်ခဲ့ဘူးပေါ့ .."

"ဘာမှ လုပ်ခွင့် မရခဲ့တာပေါ့ ..၊ ဒါပေမယ့် သူက စိတ်ဓာတ်မကျ
ဘဲ ကြိုးစားတယ် ..၊ ယုန်ဖမ်းတဲ့လူလိုပေါ့ .. ယုန်ကိုချစ်လို့ မထိ
မခိုက်အောင် အရဲဖမ်းဖို့ ကြိုးစားပေမယ့် ယုန်ကို မိမယ်ကြံတိုင်း ခြေ
ခေါက်လဲလိုက် .. အခွင့်အရေးတွေကို သူ အရလိုက်နေပေမယ့် သူ
လိုချင်တာတွေက သူ့ရှေ့ လက်တစ်ကမ်းကနေ မရပ်မနား သွားနေ
တာ .."

"ဒါဆို .."

"မသိဘူး .. သံသာ တို့ကို သူ ဝင်သင်တုန်းကလည်း သင်ပေးနိုင်





တဲ့ အရည်အချင်းကြောင့် သူ့ကြိုးစားမှုကို နေရာပေးခဲ့ကြတာ ..၊ မေဂျာ
အားလုံး သူ ရပေမယ့် ကျောင်းက မေဂျာပိုင်ဆရာတော့ မဟုတ်ဘူး.."

"ဩော် .. တော်တော်ကို ဝါသနာပါတာပဲ .. ဒါပေမယ့် သူ
မျက်မှန်တပ်တာလည်း သိပ်မတွေ့ပါဘူး .."

ဆောင်းဦးနိုက် စာဖတ်ဖို့ ပြင်နေသည့်လက်က လှုပ်ရှားရင်း ပြော
သော့ ပြောပြနေပေမယ့် အချိန်မရွေး မောင်းထုတ်တော့မည့်ပုံ ဖြစ်
သာ၏။

သာသာ ကလည်း မျက်နှာပြောင်ပြောင်နဲ့ပဲ သိချင်တာကို မေးကို
မေးမှာဖြစ်ကာ ...

"ကိုကိုတို့ခြံကို ဝယ်တော့ မမနဲ့ ပရော်ဖက်ဆာကြီးက သိပြီးသား
ပေါ့နော် .."

"အင်း .. မင်း အစ်မကို မြင်တော့ ဆရာဝန်ဖြစ်အောင် မလုပ်ဘဲ
အိမ်ထောင်ပြုရသလားဆိုပြီးတော့ ဒေါသတွေထွက်နေသေးတယ် .."

"မဖြစ်သေးတာဉစ္စာ .. မဖြစ်တာမှ မဟုတ်ဘဲ .."

"ဒါပေမယ့် သူ့စိတ်နဲ့နှိုင်းတော့ ရိုင်းတာပေါ့ .. သူက ဒါကို
ဘဝနဲ့ရင်းပြီး မြတ်နိုးတယ်၊ ဒါပေမယ့် မရခဲ့ဘူးလေ .. သံသာ ကတော့
ညာမစုံသေးဘဲ အိမ်ထောင်ပြုတယ်ဆိုပြီးတော့ .."

"အဲ့ဒါ .. မမနဲ့ ကိုကိုတို့က ဘာဖြစ်လို့လဲ ..၊ အရမ်းချစ်နေကြလို့
လား .."

"သာသာ .."

ဆောင်းဦးနိုက် မျက်နှာ ချက်ချင်း တစ်မျိုးပြောင်းသွား၏။ ဖွင့်
ထားသည့်စာအုပ်ကို လက်နဲ့ခံပြီး ပိတ်ပစ်ကာ ...

"မင်း သိချင်တာ အဲ့ဒါတွေလား .."

"ဟို .."

"ငါ အလုပ်ရှိသေးတယ် .. သွားတော့ .."

www.burmeseclassic.com



"ဒါဆို တစ်ခုပဲ ထပ်မေးမယ်.. မမနဲ့အကြောင်း မဟုတ်ဘူး .."

ဖွန့်ကုတ်နေသည့် မျက်နှုံးတန်းတို့ကို ကြည့်၍ နှာခေါင်းလေး ရှုံ့မိကာ ...

"ဟိုလေ .. အဲဒီလူကြီးက သူ့ကိုယ်သူ ခွဲစိတ်ပါရဂူကြီး ဖြစ်ရမယ်ဆိုတဲ့စိတ္တဇ ရှိနေတယ်ဆိုတာ တကယ်လား ဟင် .."

"ဘယ်လိုလုပ် သိမှာလဲ .. ငါက သူ့အမေမှ မဟုတ်တာ .. မင်းကရော ဘာဖြစ်လို့ သူများကို ဒီလောက်တောင် စိတ်ဝင်စားနေရတာလဲ .."

"အစက မဝင်စားပါဘူး .. အဲဒီလူကြီးက သာသာ တို့ကိုဆို အမြဲတမ်း ရန်လိုတဲ့အကြည့်နဲ့ပဲ ကြည့်တာ ..၊ ပြီးတော့ သူ့အိမ်က လူတွေကိုလည်း သာသာ တို့ဘက်နဲ့ မပတ်သက်ရဘူးလို့ မှာထားတာ ကိုကို သိလား .."

ဆောင်းဦးနိုက် မျက်နှာ တည်သွားသည်။ ဟိုတုန်းကတော့ ဒီလို မဟုတ်ခဲ့ပါ ..။

"မင်းတို့ စပ်စပ်စုစုတွေ သွားလုပ်လို့ နေမှာပေါ့ ..၊ သူက ပတ်ဝန်းကျင်ကို မကြိုက်လို့တောင်မှ အစွန်အဖျားမှာ လာဝယ်နေတဲ့ဥစ္စာ.."

"ကင်းချင်ပေမယ့် လုံးဝ ကင်းချင်ရင်တော့ လယ်ကွင်းထဲမှာ သွားပြီး တဲထိုးနေမှပဲ ရမယ် ..၊ သူ့လိုလူကြီးကို သာသာ တို့တင် မကဘူး .. လူတိုင်း စိတ်ဝင်စားတယ် .."

ဒါဆိုရင်တော့ သူမတို့ တစ်ခုခု လွန်ကျူးအောင် စပ်စုနေခဲ့မှန်း သေချာပြီဖြစ်ရာ ...

"ဘာတွေသွားလုပ်ထားလဲ မှန်မှန်ပြော .."

သာသာ က ကုလားထိုင်မှာ ကျောကပ်မှီ၍ လက်လေးပိုက်ပြီး...

"ဘာမှမလုပ်ဘူး .. နှစ်ထောင့်တစ်ဆယ် ဒီဇင်ဘာလကတောင်မှ သာသာ့ မွေးနေ့ သွားဖိတ်သေးတယ် ..၊ အဲဒါ ဘာပြောလွှတ်လဲ သိလား..





မွေးနေ့ပါတီတွေ လုပ်တာ မြန်မာဓလေ့ မဟုတ်ဘူးတဲ့၊ အသက်ရှည် ကျန်းမာချင်ရင် ကိုယ့်ဘာသာ မတည့်စာကို ရှောင်တဲ့၊ ကံကောင်းမှ အသက်ရှည်မယ်လို့ ယုံကြည်နေရင်လည်း ဘုန်းကြီးကျောင်းမှာ အလှူ သွားလုပ်လိုက်တဲ့ .. အဲဒီဖိတ်စာလည်း မထားခဲ့နဲ့ ပြန်ယူသွား .. တဲ့"

"အဟွန်း .."

"ကိုကိုက ဘာရယ်တာလဲ .."

ပြောလိုက်ကာမှ သွားတွေပေါ်အောင် ရယ်တော့ ဆောင်းဦးနိုက် မျက်နှာက ပိုချောသွားသည်။ ရယ်မြူးရိပ်ကြောင့် ပို၍ ကြည်လဲ့နေသည့် မျက်ဝန်းတို့ကလည်း ပိုမို အသက်ဝင်လာသလို ရှိကာ ...

"အဲဒီဖိတ်စာ သွားပေးကတည်းက မင်းမှာလည်း အကြံနဲ့မို့လား"

"အံမယ် .. မဟုတ်ပါဘူး .."

"မင်း သူ့ကို သွားရောချင်တာ .."

"မဟုတ်ပါဘူးဆိုမှ .."

သာသာ က မလုံသည့်မျက်ဝန်းလေးတွေ ဟိုဒီလွှဲရင်း ဆံပင် တစ်ချက် သပ်လိုက်သေးသည်။

"ကားနဲ့တင်တင်လာတဲ့ ပါကင်ပိတ်တွေနဲ့ ကတ်ထူပုံး အရွယ်စုံ ဆိုက်စုံတွေက ဘာတွေလဲ သိချင်လို့ .."

"ဒါပဲလား .."

"ပရိဘောဂတွေဆိုရင် အိမ်ထဲမှာ ထားမှာပဲလေ ..၊ ပရော်ဖက်ဆာ ကြီး က အရမ်းချမ်းသာတာလို့လည်း ကြားထားတော့ သူ ဘယ်နိုင်ငံက အကောင်းစား နောက်ဆုံးပေါ် ဖက်ရှင်တွေနဲ့ ပြင်ဆင်နေရသလဲလို့ အတွင်းက ဒီကရေးရှင်းကို ကြည့်ချင်လို့ .."

"မြင်ခဲ့ရလား .."

"မမြင်ရပါဘူး.. တံခါးကို လုံးဝ မဖွင့်ဘူး .. သူ့တံခါးမှာ မျက်နှာ ဝဲ ဖော်လို့ရတဲ့ အဝိုင်းကြီးဖောက်ထားပြီး ဘဲလ်နှိပ်လိုက်တာနဲ့ သူ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြီး ပေါ်လာတာပဲ .. တခြား ဘယ်သူမှ ထွက်မလာဘဲ သူပဲ ထွက်ပြီး ရန်တွေ့တာ .."

"မင်းလည်း ကောင်းတဲ့အကြံနဲ့ သွားတာမှ မဟုတ်ဘဲ .. ဘာကို မကျေမနပ် ဖြစ်နေတာလဲ .."

"ကိုကို မသိလို့ အဲဒီလူကြီး သယ်လာတာတွေထဲမှာ လူတစ်ကိုယ်စာ အေးဆေး ငုတ်တုတ်ထိုင်လို့ရတဲ့ ဘောက်(စ်)ကြီးတွေလည်း ပါတယ်၊ ကားနဲ့ ခဏခဏကို သယ်သယ်လာတာ ..၊ ပြီးတော့ ဧည့်ခန်းမှာလည်း နောက်ဆုံးပေါ် အကောင်းစား ပရိဘောဂတွေနဲ့ ပြင်ဖို့ နေနေသာသာ ပန်းချီကားလေး .. ဓာတ်ပုံလေးတောင်မှ မရှိဘူး .."

"ဘာ!.."

"စားပွဲပေါ်မှာ ပန်းအိုးလေးတောင် မထားတာ ကိုကိုပဲ စဉ်းစားကြည့် .."

"အေး .. စဉ်းစားမိပြီ .."

"ဟင်!.."

"မင်းတို့ သူများထဲကို ခိုးဝင်ကြတယ်ပေါ့ .. ဟုတ်လား .."

အလိမ်ပေါ်သွားပြီမှန်း သိကာ သာသာ မျက်လုံးလေး ဝိုင်းသွားသည်။ ပြီးတော့ နေရာမှ မသိမသာ ထရပ်လိုက်ရင်း ...

"ခိုးဝင်တာတော့ မဟုတ်ပါဘူး ကိုကိုကလည်း ..၊ ဟို .. ဟို ဥစ္စာ .."

"ဘယ်ဥစ္စာလဲ .. ပြော .."

စာအုပ်ကို လုံးဝ ပိတ်ထားလိုက်ကာ သာသာ့ လက်ကောက်ဝတ်လေးကို သူ ဖမ်းဆုပ်လိုက်သည်။

"အလကား နဲ့ မင်းနဲ့ .. ဟုတ်လား .."

"ကိုကိုကလည်း .. ဘောလုံးဝင်သွားလို့ လိုက်ကောက်တာ .."

"ထိုင်စမ်း .."





လက်ကို ပြန်ဆွဲချလိုက်သဖြင့် သာသာ ထိုင်လျက်လေး ဖြစ်သွား၏။

"သာသာ .. မင်းကိုယ်မင်း ကလေးလို့ ထင်နေသလား .."

"မထင်ပါဘူး .. ဒါပေမယ့် သာသာ ကလေးလုပ်နေမှ အလကား အဆော်ရမှာပေါ့ .."

"မလိုဘူး .. ကလေးတစ်ယောက်ရဲ့ဘဝကို ပြုစု ပျိုးထောင်ပေးနိုင်ဖို့အတွက် တစ်ယောက်ကို ပေးဆပ်ပြီး ကြိုးစားဖို့ မလိုပါဘူး ..၊ ကလေးအတွက်ဆိုပြီး မင်း အဲဒီလို နေရတာကို ကျေနပ်ပျော်ရွှင်နေပြီ ..၊ အဲဒါ မင်းကိုယ်မင်း သိလား .."

"ကိုကိုနော် .. သာသာ အဲလို မဟုတ်ဘူး .."

လက်ကို ရုန်းနေရင်း သာသာ က မဲ့ရွဲ့ ခေါင်းခါနေ၏။

"ကလေးပျော်အောင်လို့ ကိုယ်က ပျော်နေမှ ဖြစ်မှာ မဟုတ်ဘူးလား .."

"ကလေးကို ပျော်အောင် ထားရမှာမှ မဟုတ်ဘဲကွ ..၊ တော်အောင် ထားရမှာ .."

"တော်အောင်လို့ သာသာ လည်း သင်ပေးနေတာပဲလေ .. အခု သာသာ တတ်သလောက်တော့ ဘာသာစကားရော .. ကွန်ပျူတာရော .. အလကား ကျွမ်းကျင်နေပြီ .."

သာသာ့ မျက်နှာလေးကို စူးစိုက်ကြည့်ရင်း ဘယ်လို နားလည်အောင် ပြောရမှန်း မသိဘဲ 'ကျွတ် ..' ခနဲ ဖြစ်၏။

"သာသာ .."

မျက်လုံးချင်းဆုံပြီး ခေါ်တော့ ရုန်းနေတာကို ရပ်၍ သာသာ က နားထောင်နေ၏။

"ကလေးနဲ့ မင်း ဆော့နေတာ .. သဘာဝမကျတာတွေ ဖြစ်လာပြီ ..၊ မင်းရဲ့အနာဂတ် တန်ဖိုးမဲ့သွားလိမ့်မယ် .. မင်း သိရဲ့လား .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို သိရမှာလဲ ကိုကို .. အခု သာသာ ဘွဲ့ရတော့မှာပဲ ..
"မင်း တက်နေတာ ဂျီတီစီ မဟုတ်ဘူးဆိုရင် ခုလောက်ဆို မင်
ဘွဲ့ရပြီးပြီ .. ခုနေ မင်းကို သားရှင် တစ်ယောက်ယောက်က ရွေးမတော်
ချင်လို့ အကဲခတ်ပြီဆိုရင် မင်း ဘာဖြစ်သွားမလဲ .."
သာသာ့ မျက်နှာလေး မော့လာပြီး ဆံပင်တွေကို ခါထုတ်ပစ်၏
"မရွေးလေ ကြိုက်လေပဲ .. ဘယ်သူကရော ယောကျ်ားတစ်
ယောက်ယောက်နဲ့ လက်ထပ်ဖို့ အရေးတကြီး လိုအပ်နေလို့လဲ .."
"အရေးတကြီး မဟုတ်ဘဲ ဖြစ်သင့်တဲ့အချိန်မှာ ဖြစ်မလာခဲ့ရင်
ရော .."
"ဖြစ်လာလာ .. မလာလာ သာသာ့ ခေါင်းထဲမှာ အဲ့ဒါတွေ တစ်
ခါမှ မရှိခဲ့ဖူးဘူး .."
"မရှိခဲ့တာကိုပဲ ငါ ပြောတာ .. ခုလည်း ရှိမနေဘူးမို့လား ..
မင်းမှာ သဘာဝမကျတာတွေ ဖြစ်နေပြီဆိုတာ အဲ့ဒါပဲ .."
"ကိုကိုက သာသာ ရူးနေပြီလို့ ပြောတာလား .."
"ရူးနေတာကမှ ကုစရာ ဆေးရှိဦးမယ် .."
သာသာ နေရာမှ ဆတ်ခနဲ ပြန်ထရပ်ကာ ...
"ကုဖို့လည်း မလိုဘူး .. သာသာ ရူးစရာလည်း အကြောင်းမရှိ
ဘူး ..၊ ရူးသွားရင်တောင်မှ ကလေးနဲ့ ဆော့နေရင်း ရူးရတာဆိုရင်
ပျော်ပျော်ကြီးကို ရူးဦးမှာ ..၊ အလက်ာ့ ကို သာသာ ချစ်တယ် .. တူ
လို ချစ်တာရော .. မမ မရှိတော့လို့ မမကိုယ်စား ချစ်တာရော .. ချစ်
လို့ကို အားမရဘူး ..၊ အဲ့ဒါကြောင့် သူ့နားမှာပဲ နေမယ် .. သူ ပျော်
မယ်ဆိုရင် သာသာ သူ့အကြိုက်ကို ဘာပဲဖြစ်ဖြစ် လုပ်နေမှာပဲ .."
"အဲ့ဒီကလေးကို အချိန်တန်ရင် သူ့အဖေက ခေါ်သွားမှာ .."
မျက်နှာလေး တွေခနဲ ဖြစ်သွားတာကို ဆောင်းဦးနိုက် က စိုက်
ကြည့်နေ၏။ ဒါပေမယ့် ခဏပဲဖြစ်ကာ ...





"ခေါ်ပစေလေ .. သူ မလိုအပ်တော့ရင် ပြီးတာပဲ ..၊ အခု သူ
အရွယ်မှာ အထီးမကျန်စေရဘူး .. အမိမဲ့မို့ အကြင်နာမဲ့တယ်
တွေး တစ်ချက်လေးမှ မဝင်စေရဘူး .."
"အဲ့ဒါ မင်း မှားနေပြီ .."
သာသာ့ မျက်နှာကို ကြည့်၍ သူ့လက်နှစ်ဖက်ကို စားပွဲပေါ် တင်
မှ ...
မင်း ရှိနေတဲ့အတွက် သူ့အမေကို မေ့ထားနိုင်မယ်လို့ မင်း ထင်
ယ် ..၊ ရေဆာနေတဲ့လူကို စားကောင်းသောက်ဖွယ်တွေ ဘယ်လို
သူ လိုအပ်နေမှာက ရေပဲ ..၊ သူ့အတွက် မင်းက သူငယ်ချင်း
ရွေ့ သူ့အဒေါ်ဆိုတဲ့ နေရာလည်း ပျောက်နေမှာပဲ .. ဒီတော့
ချင်းလို နေတော့မယ်ဆိုရင်လည်း မင်းအရွယ်နဲ့ သူ့အရွယ်
ချင်းဖြစ်လို့ ရသလား ..၊ အဒေါ်တစ်ယောက်လိုလည်း မင်းကို
သမှု မရှိတော့ဘူး .. အဲ့ဒီတော့ သဘာဝတရားတွေအတိုင်း
မှာ သူ မရှိတော့ရင် သူ့ရဲ့ဘေးမှာ မင်း ရှိခွင့်မရတော့ရင်
ကိုယ့်တူလေးလို လွမ်းရင် လွမ်းနေလိမ့်မယ် .. သူ့ဘက်က
အမြင်နဲ့ လွမ်းမယ် ထင်လဲ .."
ဘယ်လိုပဲ ဖြစ်သွားသွားလို့ သာသာ ပြောနေတာပဲ .."
ဒီတော့ မင်း ဝန်ခံပြီလား .."
ဘာကိုလဲ .."
မင်း သူ့အလိုကို လိုက်နေတာ မဟုတ်ဘူး .. မင်းကိုယ်တိုင်က
တ် ဖြစ်နေတာ .."
တ်တယ်ဆိုရင်ရော .. သာသာ့ မှာ အပြစ်ကြီးတစ်ခု ဖြစ်သွား
..
တော့ မသိဘူး .. မင်းကို အန်တီတို့က အိမ်ထောင်ချပေးဖို့
မယ်ဆိုတာတော့ ငါ သိတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

မျက်စိမျက်နှာပျက်ကာ သာသာ ဖျတ်ခနဲ ပြန်ထိုင်ချလိုက်
သူမ ဖြစ်ပျက်သွားတာတွေကို ဆောင်းဦးနိုက် က စိမ်ပြေနပြေ ကြည့်
ခဲ့သည်။

"ကိုကို တကယ် ပြောနေတာလား .."

"ညာစရာအကြောင်း ရှိလို့လား .."

"ညာစရာအကြောင်း မရှိပေမယ့် အဓိပ္ပာယ်မှ မရှိတာ ..၊ သ
ကို တစ်ခါမှလည်း မပြောဖူးဘူး .."

"မပြောဘဲ နေသေးတာက မင်းပုံစံကို မယုံရဲသေးလို့ ဖြစ်မှာ
ဥပမာ 'ဒီကောင်မလေး ကလေးဆန်လွန်းပါတယ်'ဆိုပြီး မင်းကို
ပြီးမှ ငြင်းသွားနိုင်တာမျိုး .."

"ကောင်းတယ် .. ဒါဆိုလည်း ပေးစားမှာဖြင့် မြန်မြန် တွေ့
မေမေရယ်လို့ကို တွန်းပို့ဦးမှာ .. တစ်ခါတည်း လက်ဖျားခါသွား
လုပ်ပြမယ် .."

လက်သီးလက်မောင်းတန်း၍ ထွက်သွားတော့ သူ ရယ်မိ
ပြီးတော့ စိတ်ထဲမှာ ဆက်ပြီး တွေးနေမိ၏။

သူမကို မြင်ပြီးမှတော့ ဘယ်လိုယောက်ျားကမှ နောက်လှ
သွားမှာ မဟုတ်ပါ ..။

ဘာဖြစ်လို့လဲဆိုတော့ ဘယ်လိုနေနေ ချစ်ဖို့ကောင်းနေ





အခန်း (၉)

"တကယ်ပါကွာ.. ချို က အရမ်းချစ်ဖို့ကောင်းနေလို့ပါ ..၊ အဲ့..
ဟုတ်လား .. အဲဒီလိုလေးပဲ ခေါ်မယ်နော် .."

"ဒီမှာ သော်ဇင် .."

"ဘာလဲ .. မကြည့်ရာ မကြည့်ကြောင်းတွေ ပြောမလို့လား ..၊
သာသာ .. မင်း ပြောတာတွေ ရိုးနေပါပြီ .. ကိုယ်ကတော့
ကြိုးစားမှာပဲ .."

ဦး ကလည်းဗျာ .. တီတီသာ က မကြိုက်ပါဘူးဆိုမှ လူဆိုတာ
ငြင်းရင် ကောင်းတယ် .. နှစ်ခါဆိုလည်း ရတယ် .. သုံးခါဆိုရင်
ရိုင်းတာပဲ .. တဲ့ .."

ဟား .. ချာတိတ်က အလာကြီးပါလား ..၊ အဲ့ဒါက မှန်ပေမယ့်
မသက်ဆိုင်ပါဘူးကွ .."

အလက်ာ ကို ငုံ့ကြည့်ပြီး သော်ဇင် က ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အပေါ်ထပ်အင်္ကျီထဲမှာ ပါလာသည့် ချောကလက်
နှစ်ချပ် ထပ်ကိုင်ပြီး ...

"ခင်ချင်ရင် အချိုကျွေးရတယ် .. မုန်းတဲ့လူကို အချဉ်ကျွေး
အဟွန်း .. ဦး ကိုတော့ ခင်မင်ခွင့်ပေးမယ်မို့လား .. ဒီမှာ ချောက
တကယ့် အကောင်းစားနော် .. နောက်ထပ်လည်း အများကြီး ကျွေ
မှာ .."

အလက်ာ က ကျောပိုးအိတ်လေးကို လက်မနဲ့ပြန်ချိတ်ပြီး လျှေ
နေရင်း မျက်နှာလေး ရှုံ့တွသွားကာ ...

"သားဖေဖေ နိုင်ငံခြားက ဝယ်လာတာတွေ တစ်ပုံကြီးပဲ ..
က အချိုမကြိုက်ဘူး .."

သော်ဇင် ခြေလှမ်း အနည်းငယ် တုံ့သွားသည်။ ပြီးမှ ပြုံး
ကာ ...

"ချောကလက် မချိုပါဘူးကွ .. ဘာပဲဖြစ်ဖြစ် စေတနာရှိလို့
တာကို ဒါနလေး မြောက်သွားအောင်တော့ လက်ခံလိုက်ပါ .."

"ဒါနမြောက်ချင်ရင် ဦး ဘုန်းကြီးကျောင်း သွားလှူပါလာ
သားက ဘုန်းကြီးမှ မဟုတ်တာ .."

သော်ဇင့် အဖြစ်ကို ကြည့်၍ သာသာ ရယ်ချင်နေ၏။
တနင်္ဂနွေ ကျူရှင်ချိန်တွေမှာ သူမ လာကြိုတိုင်း ဆရာမအိမ်နဲ့ တ
လမ်းမှာ လက်ဖက်ရည်ဆိုင် ရှိနေသဖြင့် သွားလာရတာ မလွတ်လ

တစ်ခါတလေ ခုလိုမျိုး အချိန်မှန်စောင့်၍ စကားလိုက်ပြော
တာတွေကြောင့် စိတ်ညစ်ဖို့ ကောင်း၏။ ထိုထဲမှာ သော်ဇင် က
ကျောင်းမှာလည်း မေရှာတူမို့ ခွဲကောင်းနေလား မပြောတတ် ..

"ချာတိတ်က ဦး ကို မခင်ချင်ဘူးပေါ့ .."

"ဟင့်အင်း .."

"တကယ်လို့ ဦးနဲ့ ချာတိတ်ရဲ့အဒေါ် ချစ်သွားကြရင်ရော





"ချစ်သွားမှာမှ မဟုတ်တာ .."

"ဟား .. ဟား .. ဟား ..."

"သော်ဇင် .. နင် နေခဲ့လိုက်တော့ .."

"ဘာဖြစ်လို့လဲ သာသာ ရယ် .. ခါတိုင်းဆို လက်ဖက်ရည်ဆိုင်
ပေးပြီး ပြန်ရတာ ..၊ ဒီနေ့မှ ကား ပါမလာလို့ .."

"ဟုတ်တယ် .. ကိစ္စရှိလို့ ကားမပါမှလည်း ဖြစ်မှာမို့လို့ တမင်
ခဲ့တာ ..၊ နင့်ကို တစ်ခါတည်း ပြောလိုက်မယ်နော် .. ငါ ကျောင်း
သားနဲ့ လက်ထပ်ရမယ့်လူ ရှိပြီးသား .."

"အဟွန်း .."

"နင့်ကို ငါ ညာနေတာ မဟုတ်ဘူး .. မိဘတွေက အားလုံး
ထားပြီးသား .."

"မိဘတွေ စီစဉ်ပေးတာကို နင်က ခေါင်းညိတ်မယ်ပေါ့ .. မဖြစ်
တာ .."

"အဲ့ဒါ ငါ့အလုပ်ပါ .. နင့်အလုပ်က အခု လှည့်ပြန်လိုက်တော့..၊
တ်လည်း ဘယ်တော့မှ မကြိုးစားနဲ့ .. ယောက်ျားလေးတစ်ယောက်
ပြန်ချစ်ဖို့ ငါ လုံးဝ စိတ်မဝင်စားဘူး .."

"ဘာ!... ဘာပြောလိုက်တယ် .."

သော်ဇင် ဖြစ်သွားတဲ့ပုံက ပြူးပြူးပြဲပြဲ အလန့်တကြားရှိကာ
သာ့ ကို မယုံနိုင်စွာ ကြည့်၍ ...

"သာသာ .. ကိုယ်ပြောတဲ့စကား ဘယ်ရောက်သွားမှန်းတော့
သိပါတယ်နော် .."

"သိပ်သိတာပေါ့ .. ငါ သဘောကျတာ မိန်းမလှလေးတွေပဲ ..၊
ကြောင့် ငါ့ကို ကြိုးစားနေသမျှ ငါ ဘယ်သူ့ကိုမျှ ပြန်ကြိုက်ခဲ့
ရှိခဲ့ဖူးလို့လဲ ..၊ နားလည်စမ်းပါ .."

သော်ဇင် ပါးစပ်အဟောင်းသားနှင့် ခြေစုံရပ် ကျန်ရစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့လက်ထဲမှာ ချောကလက်တွေကို ဆုပ်လျက်သ

ထိုစဉ် သူ့ရှေ့မှာပဲ ကားတစ်စီးက သာသာ တို့ ရှေ့မှာ ထိုး သွားကာ မှန်ကျသွားတော့ မျက်မှန်နက်လေး တပ်ထားသည့် ဖြူဖွေ မျက်နှာလေး တစ်ခု ...၊

ပြုံးပြုံးရယ်ရယ် စကားပြောနေကြပြီး သာသာ က ထိုမျ လေးရဲ့ မေးဖျားသွယ်သွယ်လေးကို မထိတထိ လှမ်းတို့၏။ ပြ ကလေးလက်ကို ဆွဲ၍ ကားထဲ ဝင်ထိုင်လေသည်။

ဘာတွေလဲ ...၊

မယုံနိုင်သည့် မျက်လုံးတွေက ကျယ်သထက် ကျယ်ကာ လ နှုတ်ဆက်သွားသည့် ချာတိတ် ရယ်ပြနေတာကို ခေါသထွက်လိုက်ေ ဖြစ်ခြင်း ...။





အခန်း (၁၀)

"ဆောရီးနော် မမကူး .. နောက်မှာ သူငယ်ချင်းကြည့်နေလို့ ...တ်ချင်တာနဲ့ ကိုင်လိုက်မိတာ .. မလေးမစားလုပ်တာ မဟုတ်ပါ ... "

ကားပေါ်ရောက်မှ တောင်းပန်ရသည်။ ကူး က ပြုံးလိုက်ပြီး ခေါင်း ...ကာ ...

"ဩော် .. ပြောရမယ့်လူတွေမှ မဟုတ်တာ ညီမရယ် .. အခု ...ယ်သွားကြမှာလဲ ...၊ အိမ်ကိုပဲလား .."

"ဟင့်အင်း.. ရပြီ မမကူး ကားရပ်ပေးနော် .. သာသာ တို့ ဒီမှာ ...ဆင်းမယ် .."

"ဆင်းတော့မယ် .."

ကူး က ပတ်ဝန်းကျင်ကို ကြည့်၍ ...

"အိမ်မပြန်သေးဘူးဆိုလည်း ဘယ်သွားမှာလဲ ပြောလေ .. မမ ...တ်ပို့မှာပေါ့ .."

"နေပစေ မမကူး .. သွားစရာ ရှိသေးလို့ပါ .."



www.burmeseclassic.com

www.burmeseclassic.com



ကလေး ပါနေတာကို ကူး က စိတ်မချတာ ဖြစ်သည်။ ထို့ကြေ
အလက်ာ့ ကို ကြည့်လိုက်တော့ အလက်ာ က ဆင်းဖို့တောင် ဖင်
ကြွနေပြီဖြစ်ကာ ...

"တီတီသာ ဆင်းရအောင်လေ .. တော်ကြာ ပြန်လျှောက်နေ
မယ် .."

သာသာ ကားပေါ်က ဆင်းနေခဲ့ရင်း စိတ်ကူး ဆိုသည့် အမျိုး
ကိုကို့ဆီ ဖုန်းဆက်တော့မှာကို တွေးမိလိုက်၏။

"အလက်ာ .. ငါတို့ ဒီနေ့ အစီအစဉ်ဖျက်မှ ဖြစ်မယ် .."

"ဘာဖြစ်လို့လဲ .."

"စိတ်ကူး ဆိုတဲ့ အမျိုးသမီး ကိုကို့ကို ဖုန်းဆက်တိုင်တော့မှ

"ဟာ .. တီတီသာ ကလည်း ဒီနေ့ ဖေဖေ မအားပါဘူး ..
ဆက်တိုင်လည်း ဖေဖေ သားတို့ကို မဆူအားဘူး ..၊ အိုင်တီ II
ဖွင့်ပွဲနဲ့ အလုပ်ရှုပ်နေမှာ တီတီသာ သိသားနဲ့ .."

"ဘယ်လောက်ရှုပ်နေနေ ငါတို့ကို ဆူဖို့တော့ သူ အားကို
မှာပဲ .."

"ဘာဖြစ်ဖြစ် တီတီသာ ရာ .. သားတို့ လာရတာ အလ
မဖြစ်အောင်တော့ လုပ်ရမှာပဲ ..၊ ဟော .. ဟော .. ပြောရင်းဆို
ဈေးဘက်က ကားထွက်လာပြီ .. အဲ့ဒါ .. အဲ့ဒါ .. ပရော်ဖက်ဆာ
အိမ်က ကား .."

နှစ်ယောက်စလုံးက လျှင်သည်။ ကားလာပြီဆိုတာနှင့် ကွယ်
ကို ပြေးကပ်လိုက်ပြီဖြစ်ကာ ...

"ဟဲ့ .. ဟဲ့ .. ဟိုမှာ လူ .."

ဒေါ်တင်လေးသွယ် အလန့်တကြား အော်လိုက်သည်နှင့် ကား
ဘရိတ်ဆောင့်အုပ်သွားကာ ယိမ်းထိုး ရပ်တန့်သွား၏။

"အား! ... သေပါပြီ .."





"တီတီသာ .."

"ကလေးလေးရော တွေ့လိုက်တယ်.. ဆင်းကြည့်စမ်း သံချောင်း..၊
သာတွေ ဖြစ်ကုန်ပြီလဲ .."

ဒေါ်တင်လေးသွယ် ဘုရား'တ'ရင်း ကားပေါ်မှာလည်း ထိုင်မနေ
နိုင် ..၊ ထို့ကြောင့် ဒရိုင်ဘာဆင်းပြီးတာနှင့် နောက်က လိုက်ဆင်းကာ...

"ဟင်!..."

ဒီကလေးလေးနဲ့ မိန်းကလေးကို သူမ မသိဘဲ နေမလား ..။

"သမီးတို့က 'မဟော်ဂနီ'ခြံက မို့လား .."

"ဟင်!... အန်တီ့ကားလား .. သေပါပြီ .."

"ဘာဖြစ်သွားလဲဟင်.. ခြေထောက်..ခြေထောက်ကိုတော့ မကြိတ်
မိပါဘူးနော် .."

"မကြိတ်မိဘူး ဆရာကတော်.. ကျွန်တော် အချိန်မီ ဘရိတ်အုပ်လိုက်
ဘာပါ .. သူတို့က ဖြုန်းခနဲကြီး ပြေးထွက်လာပြီး ဖြတ်ကူးတာကို.."

"သားတို့က ဒီနားမှာ ကားရှင်းတယ်ဆိုပြီး ဆော့နေကျ .."

"ဟုတ်ပါတယ် .. သာသာ တို့ အပြစ်ပါ ..၊ အား!..."

သာသာ က ခြေထောက်ကို နှိပ်နေရင်း မျက်နှာသေလေးနှင့် ...

"အိမ်မှာ လွတ်လွတ်လပ်လပ် ပြေးလွှား မဆော့ရတော့ ကလေး
ကို သနားတာနဲ့လေ .. ကျူရှင်ကြိုပြီး ပြန်လာတိုင်း ဒီနားမှာ ဆော့
နေကျ .."

"သြော် ... ကွယ် .."

ဘာပဲဖြစ်ဖြစ် သူမတို့ကလည်း ဒီနေရာ ရှင်းရှင်းလင်းလင်း ရှိ
တယ်ဆိုပြီး အရှိန်ကို သတိမထားတော့ဘဲ မောင်းလာခဲ့မိတာမို့ အပြစ်
ဆော့ မကင်း ..။

"အန်တီတို့လည်း မှားတာပါပဲကွယ် ..၊ ကဲ .. ထရပ်ကြည့်စမ်း..
အန်တီ တွဲကူပေးရမလား ဟင် .."



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် .."

သာသာ ကိုယ့်ကိုလည်း ထိခိုက်မှုမရှိအောင်တော့ အတတ်နိုင်ဆုံး ဘုရားတ ပြီး လုပ်လိုက်တာပဲ ဖြစ်သည်။ ဒါပေမယ့် တကယ် နာသွားတာမို့ သရုပ်ဆောင်ဖို့ မလိုတော့ဘဲ မျက်နှာလေး ရှုံ့မဲ့နေ၏။

"တီတီသာ .."

အလင်္ကာ ကလည်း အခေါ်နဲ့ နှစ်ယောက်တစ်မျက်နှာ နေခဲ့တာ၊ သာသာ တကယ်နာသွားပြီမှန်း ရိပ်မိလိုက်သည်နှင့် မျက်နှာမကောင်း–

"ဖယ် .. ဖယ် .. အ!..."

"ရရဲ့လား သမီးရယ် .."

"ရပါတယ် .. အား!... သိပ်တော့ ထောက်လို့ မရဘူး .."

"သံချောင်း .. သမီးလေးကို .."

"ရတယ် .. ရတယ် .. တီတီသာ့ ကို သား တွဲလိုက်မယ် .."

အလင်္ကာ က သာသာ့ ကို ဒရိုင်ဘာတွဲလိုက်မှာ စိုးကာ သူ့ပဲ မနိုင်မနင်းတွဲပြီး ကားပေါ် တက်စေကာ ...

"တီတီသာ .. သားတို့ ဒဏ်ရာကြီးနဲ့ ပြန်သွားရင် ဘာဖြစ်လာလဲ ဆို ဘယ်လိုလုပ်မလဲ .."

"အိုကွယ် .. ဆေးခန်းမှာ ဝင်ပြရမှာပေါ့ .. ပြီးတော့ သမီး မိဘတွေ ကျေနပ်အောင် .."

"ဟင့်အင်း .. ဆေးခန်းသွားဖို့လည်း အချိန်မရှိဘူး .. အန်တီ လိုက်ပြောပေးလည်း သာသာ တို့ ဆော့မိတာကိုရော .. အန်တီတို့ကို ရော .. ဖေဖေက ခွင့်လွှတ်မှာ မဟုတ်ဘူး .."

"ဟင်!... ဘယ်လို!.."

"ဖေဖေကလည်း ပရော်ဖက်ဆာကြီးလိုပဲ စိတ်အရမ်းတိုတတ်တာ ..၊ ဟိုတစ်လောက ပရော်ဖက်ဆာကြီး ဒီဘက်ကိုကြည့်ပြီး အော်ဟစ် ကြိမ်းမောင်းနေတုန်းကလေ .."





"အင်း .. ဘာဖြစ်လဲ သမီး .. ပြောပါဦး .."

"နာမည်မတပ်ဘဲ စောင်းမြောင်းပြောတာ ခံရခက်ဆုံးပဲတဲ့ ..၊ သာသာ တို့ကို ဘာသွားလုပ်လိုက်သလဲလို့ မေးလိုက်တာလည်း ထရိုက်ဘော့မတတ်ပဲ ..၊ ပြီးတော့လေ .. ဘယ်တော့မှ သွားမပတ်သက်နဲ့တဲ့..၊ ကိုယ့်ကို တိုက်ရိုက်ထိလာတဲ့နေ့ ကိုယ့်အလွန် မဟုတ်လို့ကတော့ ငါနဲ့ တွေ့မယ် မှတ် တဲ့ .."

"ဟင်!..."

ဒေါ်တင်လေးသွယ် မျက်နှာပျက်သွားသည်။ ကိုယ်ယောက်ျား အကြောင်း ကိုယ် အသိဆုံး ..။

"အဲဒီဘက်က အကြီးအငယ်တွဲလျက် နှစ်ကောင်ကို ငါ တော်တော်ကို မျက်မုန်းကျိုးနေပြီ .. သူတို့ လုပ်နေတာ ငါ မသိဘူးများ မှတ်နေလား မသိဘူး .. တွေ့မယ်" တဲ့ ..။

နှစ်ဖက်စလုံးက ကြိမ်းဝါးနေကြတာ လွယ်ပါ့မလား ..၊

"အန်တီ .."

"ဟင် .."

"သာသာ တို့ကို အိမ်ပဲ ပြန်ပို့ပေးပါ .. ဒါပေမယ့်လေ အိမ်ထဲ တန်းဝင်လို့ မဖြစ်ဘူး .. ဖေဖေ ရှိနေမှာ စိုးလို့ပါ .."

"သမီးတို့ မေမေကရော .."

"မေမေက ဘုရားခန်းနဲ့ မီးဖိုခန်းလောက်ပဲ အဝင်အထွက်ရှိတာ၊ ဘော်ရုံဆို သူ့အခန်းထဲမှာပဲ .."

"ဒါဆို အန်တီ ဘာလုပ်ပေးရမလဲ ဟင် .. ဒီခြံထောက်က နာနေတာ လူကြီးတွေက မသိဘဲ နေမလား သမီးရယ် .."

"ရပါတယ် .. အဲ့ဒါ သာသာ တို့ ကြည့်ပြောလိုက်မယ် .. အန်တီ တို့ခြံဘက်မှာ ခဏလေး ဝင်နေပြီး ဖေဖေ ရှိမရှိ ကြည့်ချင်တယ် .. အန်တီ အဆင်ပြေမလား ဟင် .."



www.burmeseclassic.com

www.burmeseclassic.com



"သားတို့က ပရော်ဖက်ဆာကြီး ကို ကြောက်လို့ .."

ဦးဒေဝတာ ကို လူကြီး ကလေး အားလုံးက ပရော်ဖက်ဆာ ခေါ်ကြသဖြင့် ဒေါ်တင်လေးသွယ် က အလက်ာ ကို ပြန်လှည့်ကြည့်သည်။

ဒီနေ့ အိမ်မှာ အစ်ကိုကြီး ရှိမှာ မဟုတ်ပါ။ ဒါပေမယ့် ဒီကလေးတွေကို အိမ်ထဲ ခေါ်သွားခဲ့တာ သိရင် ပြဿနာ အကြီးအကျယ်တက်မှာပင် ..။

ကြည့်ရသည့် မျက်နှာလေးတွေကို အကဲခတ်နေရင်း သူမ မယုံနိုင် ..၊ ဒီလောက် သန့်စင်ကြည်မွေ့နေသည့် ကလေးတွေက ကိုယ့်အိမ်က ပြတင်းပေါက်မှန်တွေ ကွဲအောင် လုပ်ပါ့မလား ..။

ပြီးတော့ ကားဘီး လေလျှော့ခဲ့တာ ဒီကလေးတွေပဲလို့ အစ်ကိုကြီး အတပ်ပြောနေသည်။ ဒါရော ဟုတ်နိုင်ပါ့မလား ..။

ကားဘီးလေလျှော့ဖို့ဆိုတာ ကိုယ့်ခြံထဲကို ခိုးချောင်ခိုးဝှက် ဝင်လာမှ ရမှာ ဖြစ်သည်။ ဒီကလေးတွေက ဘယ်လိုအငြိုးအတေးတွေ ရှိလို့ လုပ်မှာလဲ ..။

မနက်ပိုင်း အစ်ကိုကြီး ခြံထဲဆင်းဖြစ်တဲ့အခါတိုင်း နည်းတစ်မျိုးမျိုးနဲ့ နှောင့်ယှက်နေတယ်ဆိုတာတွေ ..၊

"အန်တီ .."

"ဟင်!... ဩော် .. ရ .. ရပါတယ် သမီးရဲ့ .. ခြံနီးချင်းတွေပဲဟာ .."

"ဟိုလေ .. ပရော်ဖက်ဆာကြီး မကြိုက်ဘူးဆိုရင် သာသာ တို့ ခြံထဲ တစ်နေရာမှာပဲ .."

"မဟုတ်တာကွယ် .. ရပါတယ် ..၊ သမီး ခြေထောက်ကိုလည်း အန်တီက ဆေးလေးဘာလေး လိမ်းပေးချင်သေးတယ် .."

"အန်တီကလည်း ခေါက်တာပဲလား ဟင် .."





"အင်း .. ဖြစ်ခဲ့ပါတယ် .. ဒါပေမယ့် ခု မဟုတ်တော့ပါဘူး.."

ကားက တဖြည်းဖြည်းနဲ့ ခြံနဲ့ နီးလာပြီဖြစ်သည်။ ထိုစဉ် သူတို့ ကားနောက်ကနေ ဦးအေးချို ရဲ့ကား ပါလာသဖြင့် သာသာ တို့ ခေါင်း ဆွင့်၍ ကားထဲမှာ ပုဝပ်နေလိုက်ကြ၏။

"ဟိုမှာ ဖေဖေ .. ခုမှ ပြန်လာတာ ဒုက္ခပဲ .."

ဒေါ်တင်လေးသွယ် လည်း မျက်နှာပျက်နေကာ ကလေးတွေကိုပဲ ဆောင်နဲ့ ထအုပ်ရတော့မလိုလို ..၊ လက်နဲ့ပဲ ကာထားရမလိုဖြစ်ကာ ရုတ်တရက် လန့်နေမိ၏။

လူကို ကြောက်တာ မဟုတ်ပါ။ ထိပ်တိုက် ငြိမိပြီဆို ဘယ်ဘက်ကမှ လျှော့ဖို့မရှိတာကို စိုးရိမ်တာ ဖြစ်၏။

တကယ်တော့ ဖေဖေ့လောက် သမီးအလိုကို လိုက်ပြီး လူမှုရေး သိတတ် နားလည်တာ မရှိပါ ..။

ဒါပေမယ့် သာသာ ကိုယ် လိုချင်သလို ဆွဲပြောလိုက်ရသည်။ ဒီနေ့ ဦးဒေဝတာကြီး ခရီးထွက်သွားတယ်ဆိုတာ သတင်း အတိအကျ ပြီးသား ..။

ထို့ကြောင့် ဒီနေ့မှ ဒီအိမ်ကြီးထဲကို သူမတို့ ဝင်ခွင့်မရလျှင် ဦးဒေဝတာကြီး သိမ်းဆည်းရမိသွားခဲ့သော အဝေးကြည့် မှန်ဘီလူးကို ပြန်ရအောင် ယူနိုင်ဖို့က မလွယ်တော့ပေ ..။

ပစ္စည်းတွေ လာချသည့်ကားတွေကို အနီးဆုံးမြင်ရအောင် အမြင့်ဆုံး သစ်ပင်ပေါ်ကနေ နှစ်ယောက်သား မှန်ဘီလူးနဲ့ တက်ကြည့်ခဲ့မိတာ ဟောအမှား ..၊

ထိုနေ့က ဦးဒေဝတာကြီး နဲ့မှ ပက်ပင်းတိုးခဲ့၏။

"အမြင့်ကြီး မတက်နဲ့လေ .. ငါ လက်လှမ်းလို့ မမီတော့ဘူး.."

"မမြင့်ပါဘူး တီတီသာ ကလည်း .. သားကို ယောက်ျားလေးပါ.. ရပါတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ!... တော်ပြီ .. အဲဒီခွဆုံမှာ ထိုင်လိုက်တော့ ..၊ ငါ မတ်တတ်ရပ်လိုက်ရင် ရပြီ .. တော်ပြီနော် အလက်ာ .."

"အင်းပါ .. မတက်တော့ဘူး .."

အလက်ာ က အပေါ်က .. သူမက နောက်က လိုက်တက်ခဲ့သည်၊ သက်တမ်းရင့်နေပြီဖြစ်သည့် ပိတောက်ပင်ကြီးက မြင့်သလောက် အခက်တွေကလည်း ဖြာနေသည်။

မှန်ဘီလူးကို သာသာ ကိုင်ထားတာဖြစ်ကာ ကင်မရာလေးကိုတော့ အလက်ာ့ လည်ပင်းမှာ စွပ်ထား၏။

"အလက်ာ .. ဟိုကိုကြည့်ဖို့ချည်းပဲ အာရုံရောက်မနေနဲ့ .. နေသားတကျ ထိုင်လို့ရအောင် အရင်လုပ် .. အား!..."

"တီတီသာ .. ဘာဖြစ်တာလဲ .."

"ကိုက်ပြီ .. ဘာ .. ဘာကောင်လဲ မသိဘူး .."

လက်နှစ်ဖက်စလုံးက မအားသဖြင့် စစ်ခနဲ နာကျင်သွားတာကို ကုတ်လို့လည်း မရ ..၊ ပွတ်ချဖို့လည်း မဖြစ်နိုင် ..။

"သေပြီ .. သေပြီ .. အား!... အလက်ာ .. နင် သေချာထိုင်ပြီးပြီလား ..၊ ရော့ .. မှန်ဘီလူး ယူ .."

"ရပြီ .. ပေး .. ပေး .. ဘာကောင်ကိုက်တာလဲ တီတီသာ .. ဘယ်နေရာကို ကိုက်နေတာလဲ .."

"လည်ပင်းမှာ ..၊ အား!... နာလှပြီ .. ရော့ .. ယူစမ်းပါ .."

"ယူမယ် .. ဒီမှာ တစ်ချက်ပဲ .."

အောက်ကို စိုးရိမ်တကြီး ငုံ့ကြည့်ပေမယ့် အလက်ာ က ကင်မရာနဲ့ ဘာတွေ ရိုက်ယူနေသည် မသိ ..။

ကလေးပီပီ သူများ မသိတာကို မရမက ဖော်ထုတ်ပြီး ဆရာကြီးလုပ်ရဖို့အရေး အလက်ာ က လုံးပမ်းနေသလောက် သာသာ မချိမဆံ့ခံစားနေရ၏။





"တီတီသာ .. ကားထဲကဟာ စက်ကြီးပဲ သိလား ..၊ ဘာစက်လဲတော့ မသိဘူး .. ဟိုတစ်ခုထဲမှာ .. ဖန်လုံး .."

"အလက်ာ .. နင် အဲ့ဒါတွေ ကြည့်နေ .. ငါ ဒီမှာ သေတော့မယ်၊ ရော့ .. ယူ .."

"သား ရှာပေးမယ်လေ တီတီသာ .. အပေါ်ကိုင်းကို တက်ခဲ့.."

"ငါ့ကိုယ်လုံးကြီးနဲ့ ကျိုးကျမှာပေါ့ ဟဲ့ .."

"ဟာ!... မကျပါဘူး .. အတုတ်ကြီးပဲဟာကို ..၊ လာပါ .. သားလက်ကို ဆွဲ .."

"မဆွဲချင်ပါဘူး .. နှစ်ယောက်စလုံး ပြုတ်ကျကုန်မှာပေါ့ .."

မှန်ဘီလူးက အရှည်ကြီးပဲဖြစ်ကာ အလက်ာ့ လက်ထဲ မှန်ဘီလူးပေးပြီးတာနှင့် သာသာ အပေါ်သစ်ကိုင်းပေါ် ဖင်ထိုင်လို့ရအောင် ခိုတက်လိုက်သည်။

"တွေ့လား တီတီသာ .. ဟိုးမှာ အောက်ချထားတဲ့ ပုံးကြီး ..၊ ဒီဘက်ထောင့်မှာ ပြနေတာ .."

"ဘယ်မှာလဲ .. အေး .."

နှစ်ယောက်သား လုယက်ချောင်းရင်း သာသာ ကျောလေးကော့လိုက် .. လည်ပင်းလိမ်လိုက်နှင့် တစ်ကိုယ်လုံး စပရင်တွန့် ဖြစ်နေ၏။

"တီတီသာ့ ကို ဘာကောင် ကိုက်သွားတာလဲ ..၊ ဟိုဘက်လှည့်.. သား ဒီဘက်လက်နဲ့ အင်္ကျီထဲ ထည့်ပြီး ကုတ်ပေးမယ် .."

"အေး .. လုပ် .. လုပ်ပေး .. ညာဘက်လက်ပြင်အောက်မှာရော.. ကျောလည်တည့်တည့် .. ယားတယ် .."

"ရပြီလား .."

"ဘာကောင်မှ မကိုင်မိဘူးလား .."

"မကိုင်မိဘူး .."

"ဟယ်!... ဟိုမှာ အဲ့ဒါ .. ပေါင်းခံအိုးလုံးကြီး အဲ့ဒါ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား .. သား မြင်တဲ့ဟာလား မသိဘူး .."

"မျက်လုံးကပဲ ကြည့်ပါ .. လက်ကို မရုပ်ပါနဲ့ ..၊ အရမ်း ယားနေလို့ပါ ဆိုမှ .."

နှစ်ယောက်စလုံး ပါးစပ်ရော လက်ရော မျက်လုံးတွေပါ တစ်ချက်မှ မနားဘဲ ပိတောက်ပင်ပေါ်မှာ မငြိမ်မသက် ဖြစ်နေကြစဉ် သစ်ရွက်သစ်ခက်တွေက ရှုပ်နေသေးရာ ...

မှန်ဘီလူးက ဟိုလက်ဒီလက် ပြောင်းလိုက် .. သစ်ခက်တွေကို ဒါနဲ့ပဲ လှမ်းထိုးပြီး ဖယ်လိုက်နှင့် လမ်းကြောင်းတွေ များနေခဲ့၏။

ထိုအခါ နှစ်ယောက်ကြားမှာ မှန်ဘီလူးက ရိုက်ချလိုက်သလို ဖြစ်သွားခဲ့လျှင် ...

"ဟာ!..."

"ဟယ်!... သွားပြီ .."

"သားအတွက် ဖေဖေ ဝယ်လာတဲ့ လက်ဆောင်လေး .."

မှန်ဘီလူးက ဟိုဘက်ခြံထဲကို ထဲထဲဝင်ဝင် ခုန်ချ ဆင်းသွားခဲ့၏။

"လက်ဆောင်ကို နမြောနေသေးတယ် ..အဲဒီပစ္စည်း ဟိုလူကြီးတွေ့သွားရင် .. သွားပြီ .."

သာသာ ခေါင်းကြီးသွားသည်။ ကျောတွေ ရင်တွေက ယားယံနာကျင်မှုတွေပါ ရုတ်တရက် မေ့သွားခဲ့ပြီး ...

"ဘယ်လိုလုပ် ကောက်ကြမလဲ .."

"အဲ့ဒါ တီတီသဲ့ ကြောင့် .."

"အံမယ် .."

"သားက တီတီသာ့ ကို လက်တစ်ဖက်နဲ့ ကုတ်ပေးနေရတာ.."

"ငါလည်း ယားလို့ သေတော့မယ်လေ ..၊ အဲ့ဒါ မြွေဆိုရင် ခုလောက်ဆို ငါ အသက်မရှိတော့ဘူး .."

"မြွေဆို သားက အရင်တက်တာ .. သားကို အရင်ကိုက်မှာပေါ့.."





"ဟုတ်တယ် .. ငါက အကုသိုလ်များတာကိုး .. ငါ့ကိုမှ ရွေးကိုက်ပါ .."

"သားက အဲဒီလိုပြောတာ မဟုတ်ပါဘူး တီတီ ကလည်း .. ကိုက်ကိုက်ရင်တောင် နာတဲ့ဥစ္စာ .. တီတီသာ့ ကို ကိုက်တာ .."

အလက်ာ စကားသံ မဆုံးလိုက်ဘဲ အလန့်တကြား ဖြစ်သွားသည့်ကြောင့် သာသာ လိုက်ငုံ့ကြည့်မိလျှင် ...

"ဟင်!..."

ဦးဧဝတာကြီး ...၊

နှစ်ယောက်စလုံး တုတ်တုတ်မျှ မလှုပ်ရဲတော့ဘဲ အသက်ရှူဖို့ကိုင် မေ့နေခဲ့ကြ၏။ သို့သော် ...

ဦးဧဝတာကြီး က မှန်ဘီလူးကို ကောက်ယူပြီးတာနှင့် သူတို့သည့် အပင်ပေါ်ကို လှမ်းကြည့်လိုက်တာ တန်းခနဲ ..၊

ထို့ပြင် မုန်းစရာ နှုတ်ခမ်းကြီးတွေကို ရုပ်ဆိုးအောင် မဲ့ရွဲ့ပြုံးလိုက်မှန်ဘီလူးကို သူတို့မြင်အောင် ထောင်ပြသည်။ ပြီးမှ လှည့်ထွက်၏။

"ပါသွားပြီ .."

"ဆေဖေ သိရင် သားကို ဆူတော့မယ် .."

"ငါရော အေးဆေးနေရမှာမို့လို့လား .."

"အဲ့ဒါ အရမ်းဈေးကြီးတာတဲ့ ..၊ တစ်ဖက်မှာ အနုစိတ် မှန်သည်း ပါတယ်တဲ့ ..၊ သာမန်မျက်လုံးနဲ့ မမြင်နိုင်တဲ့ အင်းဆက်တွေကိုတောင် မြင်ရတယ်တဲ့ .."

"အလက်ာ ရယ် .. မှန်ဘီလူးရဲ့ကွာလတီတွေ ရှုတ်ပြီး ငိုချင်းလို့လား ..၊ စိတ်ညစ်ရတဲ့အထဲ .."

"ဆေဖေ့ကို ကြောက်လို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ကြောက်တာပဲ ..၊ ကိုကိုက နင် တစ်ခုခုဖြစ်
ဦးဆောင်တယ်ဆိုပြီး ငါ့ကိုပဲ ဆူမှာ .."

"သားကို အလိုလိုက်တာပါလို့ ဖေဖေ့ကို သား ပြောပေးပါတ

"ပေးပေး မပေးပေး ငါ့ကိုက မှားတာ .. ဒီမုန်ဘီလူး ဒီဘ
ကနေ ပြုတ်ကျသွားပါတယ်ပြောလည်း ကိုကိုရော .. မေမေ
ယုံကြမှာ မဟုတ်ဘူး .."

"သစ်ပင်ပေါ်ကနေ ကျသွားတာပဲ တီတီသာ ရာ .. သာ
ပြောမှာပါ .."

"သစ်ပင်နဲ့ ခြံစပ်ကပဲ အလှမ်းကွာနေသေးတဲ့ဟာ .. အပင်
ကျရင်လည်း ကိုယ့်ခြံထဲကို ကျရမှာလေ ..၊ ငါတို့ကိုက ကံဆိ
သူ့ဖမ်းကိုယ်ဖမ်းနဲ့ လက်တွေရှုပ်ပြီး ပုတ်ထုတ်လိုက်သလို ဖြ
တာ .."

"ကျသွားတော့လည်း သစ်ကိုင်းနဲ့ရိုက်ပြီး လျှောထွက်သွား

သံဝေဂတရားတွေ ရနေကြပေမယ့် မုန်ဘီလူးက ပါသွာ
သည်။ သူမတို့မှာ အကြီးအကျယ်ဆူမယ့် ရိုက်မယ့်လူ ရှိလို့ ကြေ
ရတာ မဟုတ်ပေ ..။

ကလေးမို့ ကလေးလို ဆော့ရင်း ဖြစ်ရတာဆို ဒီအဖြစ်က
စရာမရှိပေမယ့် သူမအတွက်က ဒီလိုအပြစ်မျိုးကို ကျူးလွန်မိခြင်း

"ဒါကြောင့်တော့ ငါ အဆူမခံနိုင်ဘူး .. မုန်ဘီလူးကို
ပြန်ယူမယ် .."

"သူက သိမ်းသွားပြီဥစ္စာ .. ဘိုးဘိုးတို့ကို တိုင်ချင်ရင် လာ
ပေါ့ ..၊ ဘိုးဘိုးတို့ မသိရင် ပြီးတာပဲ တီတီသာ ရာ .. သား
မနေ့ပြောဘူး .."

လူလေးက ပေါက်စနနဲ့ စကားတတ်လိုက်တာ လူကြီးတေ
ပေးရလောက်သည်။





ပြီးတော့ အလက်ာက ညာဏ် အရမ်းကောင်းသလောက် အကင်း
ည်း ပါးသည်။

အဖေရော အမေရော ပညာတော်သူတွေ ဖြစ်သည့်အတိုင်း
သားက လည်လိုက်တာ မှတ်နေတော့၏။ တစ်ခါတစ်ခါကျတော့
ည်း လူကြီးလေးလို ပြောတတ်လွန်းလို့ စိတ်တိုမိရတဲ့အထိ ..။

"ငါ သွားလာဖူးတဲ့အိမ် ဘယ်နေရာမှာ ဘယ်လို မလွယ်ပေါက်ရှိ
ယ်ဆိုတာ ငါ သိတယ် .."

"သိတော့ တီတီသာ က ခိုးဝင်မှာလား .."

"ဟုတ်တယ် .. ငါသိက္ခာကိုတော့ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ရ
င် ပြန်ယူရမှာပဲ ..၊ ဒီလူကြီး မုန်ဘီလူးကို ထောင်ပြပြီး တမင်
ခြောက်သွားတာ ..၊ လပြည့်နေ့ကလည်း ဘောလုံး ဝင်သွားတာ
ရေဘူး .."

"အဲ့ဒါ ဟုတ်တယ် .. မျက်စိအောက်တင်ကို ချက်ချင်း ရှာတာ
တွေ့တော့ဘူး .."

"ဒါတွေကို ဒီလူကြီး တမင် စုဆောင်းနေတာ နင် သိလား ..၊
တို့ သူ့ကို ဒုက္ခပေးသမျှ ငါတို့လက်ချက်ဆိုတာ သူ သိတယ် ..၊
ကြီးပီသအောင် တမင်နေပြီး အချိုးကြီး ပြန်တွယ်ဖို့ ကြံစည်နေတာ.."

"ဘာဆိုင်လို့လဲ .. သားတို့က မြင်လို့ကြည့်တာပဲ .. သူ့ဘာသာ
ဖြစ်တာ ..၊ သူ့ဘက်က 'စ' လိုက်လို့ အပြန်အလှန်တွေ ဖြစ်လာတာ.."

"ဒါပေမယ့် သူ့ကို ငါတို့က စပ်စပ်စုစုတွေလုပ်ပြီး ခုလိုမျိုး
ချောင်းကြုံကုန်တာလေ .. သူ အရှုးနဲ့တူနေတဲ့ လျှို့ဝှက်မှုတွေကို ဘယ်သူ
သိလို့လဲ .."

ဒီအိမ်ထဲကို ဝင်မှ ဖြစ်မှာမို့ သေချာ အကွက်ချ စီစဉ်ခဲ့ရသည်။
အိမ်လုံးရဲ့ ဖွဲ့စည်းပုံကို ပုံကြမ်းရေးပြတော့ အလက်ာ က တအံ့ကြ
နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သားက အကောင်သေးတယ်ဆိုတော့ သားတို့ဟာတွေ ရှာ
သားပဲ တာဝန်ယူမယ်"လို့ ပြောခဲ့၏။

နားထဲမှာ ခါးသွားပေမယ့် 'နင်က အကောင်လေး သေးသေး
လေလုံးက တော်တော်ကြီးတယ်' ဆိုတာမျိုး ကိုယ်ပဲ ပြောနေ
အောင့်သက်သက်နဲ့ပဲ ငြိမ်နေလိုက်ရသည်။

ဘာပဲလုပ်လုပ် အတူတူကြံ အတူတူလုပ်နေကျမို့ ဒီနေ့ အထော
အထည်ဖော်နိုင်ခဲ့ပြီ ဖြစ်ကာ ...

"သမီး .. သမီး ဘယ်လိုနေသေးလဲ ..၊ အခု ဆေးလိမ်းပြီး
လေ .."

"ဟင်!... ရှင် .."

ဒေါ်တင်လေးသွယ် က သာသာ ငေးငိုင်နေတာကို ကြည့်
အဓိပ္ပာယ်တစ်မျိုး တွေးသွားကာ ...

"သမီးက ကြောက်နေတာ ထင်တယ် ..၊ သမီးမေမေကို
မပြောရဲရင် သမီးတို့အပြစ် မပါအောင် အန်တီကပဲ တောင်းပန်
ပါ့မယ် .."

"ဟင့်အင်း .. ဟင့်အင်း .. မဟုတ်ဘူး .. ဘယ်ဘက်ကမှ
ဖို့ မရှိလို့ပါ ..၊ မွေးနေ့လာဖိတ်တုန်းကိစ္စ အန်တီ မသိဘူးထင်တယ်

"ဟင်!..."

"အဲဒီတုန်းက ပရော်ဖက်ဆာကြီးက ဖိတ်စာကိုတောင် လက်
တာ မဟုတ်ဘူး .. ပြီးတော့ ပြောလိုက်ဆိုလိုက်တဲ့ စကားတွေ အ
လုံး သာသာ တို့က ပြန်ပြောပြခဲ့တယ် .."

"အင်း .. အန်တီ သဘောပေါက်ပြီ .. အစ်ကိုကြီးက အရ
အပြောဆိုးတာတော့ အန်တီ တောင်းပန်ချင်ပါတယ်ကွယ် .. တ
ပါ .. ဒါပေမယ့် အန်တီ့မှာလည်း .."

"ဟုတ်ကဲ့ပါ .. အဲ့ဒါလည်း သာသာ တို့က နားလည်ပါတ





ာ ကစားဖြစ်တိုင်း ဒီဘက်ကို မြင်ရတဲ့နေရာကနေ လှမ်းကြည့်မိ
အားလုံးကို မြင်ရတယ် .. ပရော်ဖက်ဆာကြီးကလွဲရင် အကုန်လုံး
ရှေတဲ့ပုံပဲ .."

စိတ်ထဲက မပါပေမယ့် ပြောပေးရသည်။ မလွယ်ပေါက်ကနေ
န်းထိ ဝင်ရမယ့် အလကားအတွက် အချိန်လုံလောက်ဖို့ စကား
ား ပြောနေရမည်။

ဒါမှ ဒေါ်တင်လေးသွယ် သူမနားကနေ ဘယ်ကိုမှ ထမသွားမှာ
၊ အိမ်ထဲဝင်လာပြီးတာနှင့် ဒေါ်တင်လေးသွယ် က ဆေးသေတ္တာ
သွားယူလာပြီး အနားမှာ လာထိုင်သဖြင့် ...

"မေမေ အပြင်ပြန်ထွက်ဦးမှာလား .. ဧည့်သည်ပါလာသလား
အနေ သွားကြည့်စမ်း အလကား ..၊ ခြံစပ်ကနေ သေချာ အကဲ
ငါတို့ ဒီဘက်မှာ ရှိနေတာ လုံးဝ သိလို့ မဖြစ်ဘူးနော် .."

နှစ်ယောက် စည်းဝါးကိုက်ထားတဲ့အတိုင်း မျက်စပစ်၍ ခြံထဲ
င်းလိုက်သည်။

"အန်တီ ခြံထဲမှာ ခွေးတွေဘာတွေ လွှတ်ထားတာ မရှိဘူးမို့လား
.."

မရှိတာကို သိပေမယ့် သရုပ်ဆောင်လိုက်ရသေးသည်။

"မရှိပါဘူး သမီးရယ်.. သွား.. လွှတ်လွှတ်လပ်လပ် သွား.. ပရော်
ကြီးလည်း မရှိဘူး..၊ သူ ဒီည ပြန်မလာနိုင်ဘူး ထင်ပါတယ်.."

နောက်သတင်းတစ်ခုပါ ထပ်ရလိုက်၏။ ဒါပေမယ့် အလကား
ဖြင့်ပါ့မလားလို့ ဆုတောင်းနေရင်း ရင်တမမ ဖြစ်ရတာကို မျက်
ပေါ်လွင်မနေအောင် ဘယ်လိုနေရမယ်မှန်းတော့ မသိပေ ..။

ဒါပေမယ့် အခြေအနေကို ကိုယ်က ဖန်တီးယူဖို့ မလိုဘဲ ဒေါ်တင်
ယ် ရဲ့ မေးခွန်းတွေနောက် အသာလေး လိုက်သွားရုံပဲ ဖြစ်လာ
...



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့က တူဝရီးတွေလား ..၊ တီတီသာ လို့ ခေါ်နေ
ကြားပြီး အမှတ်တမဲ့ စိတ်ထဲမှာ မောင်နှမတွေလို့ပဲ ခံစားမိနေတာ"

"ဟုတ်ကဲ့ .. မောင်နှမဆိုလည်း ဟုတ်တာပဲ .. သူငယ်ချင်း
လို့ ထင်ရင်လည်း မမှားပါဘူး ..၊ သူ့ကိုမွေးပြီး မကြာခင် ဆုံးသွား
မမကို နှမြောလွန်းလို့လေ မမရဲ့ကိုယ်ပွားလေးမို့ ပိုချစ်တယ် ..၊ လ
အရွယ်လေးနဲ့ မိခင်မဲ့ခဲ့ရတော့ ကိုယ်ပဲ ချီပွေ့ ထိန်းလာရင်း သူ့အ
သူငယ်ချင်းဖြစ်အောင်လည်း နေခဲ့ရတယ် ..၊ ကြာတော့လည်း
ကိုယ်ကိုယ် လူကြီးလား .. ကလေးလားဆိုတာတောင် မသိတော့
အဟွန်း .."

"ဟုတ်တာပေါ့ သမီးရယ် .. ကလေးကို ကရုဏာသက်မိ
စိတ်က အရာရာကို ပြောင်းလဲစေနိုင်တာပေါ့ ..၊ ကလေးကလ
ချစ်စရာလေးကွယ် .."

ပြောရမယ်ဆို တူဝရီးနှစ်ယောက်က မောင်နှမနဲ့ ပိုပြီး တူနေ
မျက်နှာပုံစံလေးတွေကအစ တူသည်။ ဖြူဖြူချောချောလေးတွေမို့ မျ
မြင် ချစ်ခင်ပါစေဆိုသည့် ဆုတောင်းလေးတွေလည်း ပြည့်ဝကြပါ

သို့သော် ဒီဆုတောင်းက အစ်ကိုကြီးအပေါ်မှာတော့ သက်
မှု မရှိခဲ့တာပဲ ထင်သည်။

"ဒါ .. ငါ သိတယ် .. ဟိုဘက်ခြံက မျောက်လောင်းနှစ်
လက်ချက်ပဲ ..၊ တောက်!... ဟိုမရောက်ဒီမရောက်နှစ်ကောင် ပေါ
ပြီး ထင်တိုင်းကြဲနေတာ ..၊ ငါ့အလှည့် ရောက်မလာပါစေနဲ့သ
တောင်းထားကြ" တဲ့ ..။

ဒီကလေးနှစ်ယောက်ကို ကြိမ်းဝါးခဲ့ဖူးတာ ကိုယ့်ရှေ့တင်

"ကလေးရဲ့အဖေက သမီးတို့နဲ့ပဲ နေတာလား .."

"ဟုတ်ကဲ့ .. ကလေးက ဒီမှာပဲနေတော့ ဒီကိုပဲ ပြန်လာ
လေ ..၊ မမ ဆုံးသွားတည်းက နိုင်ငံခြားမှာလိုလိုချည်းပါပဲ ..၊ ခု





လုပ်ငန်းထူထောင်ပြီးမှ ပြန်လာတာဆိုတော့ နားနေချိန် မရှိ
ဘက်ပဲ .."

"ကလေးက သမီးတို့ကို ခင်နေလို့ တော်သေးတာပေါ့နော် ..၊
ရင် အထီးကျန်ဆန်နေရှာမှာ .."

ဒေါ်တင်လေးသွယ် ဘာကို အမိက သိချင်နေတာမှန်း မသိပေ
စိတ်ဝင်တစား မေးနေသည့်အတွက် ကျေးဇူးတောင် တင်နေမိ
ထိုစဉ် ကျောပိုးအိတ်လေးနဲ့ အလင်္ကာ ပြန်ရောက်လာ၏။
မျက်နှာမှာ ချွေးတွေ ပြန်နေတာ သိသာလျက် အကဲခတ်ကြည့်
တာနှင့် အခြေအနေမကောင်းမှန်းလည်း သာသာ ရိပ်မိလိုက်၏။

"တွေ့လား .."

"မတွေ့ဘူး .."

ကိုယ့်အထာတွေနဲ့ကိုယ် မေးကြ ဖြေကြရင်း နှစ်ယောက်စလုံး
သွားကြ၏။

"ဘာဖြစ်လို့လဲ သမီး .. ဟိုဘက်က တစ်ယောက်ယောက်ကို
ခေါ်မလို့လား ..၊ ခြံတွေက ကျယ်တော့ လူ ဒီနားရောက်မလာဘဲ
သွယ်ဖို့တော့ မလွယ်လောက်ဘူး .."

"မဟုတ်ပါဘူး အန်တီ .. ဟိုလေ ညှော်ခန်းဘက်ကို လှမ်းမြင်ရရင်
သည် ပါမပါ သိရမှာလေ ..၊ အခု ဘာမှမမြင်ရလို့ မတွေ့ဘူးလို့
တာ .."

"ဟုတ်တယ် ဘွားဘွား .. ညှော်သည်မပါဘူးဆိုရင် ဘိုးဘိုးက
ခေါ် တန်းတက်မှာ..၊ သားတို့ မသိအောင်ပြန်ဖို့ မလွယ်တော့ဘူး.."

အလင်္ကာ ပြောပုံလေးကို ချစ်စနိုး မျက်ဝန်းများနှင့် ကြည့်ကာ...

"အင်း .. ဘွားရဲ့သားလေးလည်း သားထက် သုံးနှစ်လောက်ပဲ
ရှာ ..၊ ဒါပေမယ့် သားနဲ့တော့ လုံးဝ မတူပါဘူး ..၊ သူ ဘာမှ
ပက်ပက်ပက် ပြောဆို ရယ်မောတယ်ဆိုတာ မရှိဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!... အန်တီ့မှာ သား ရှိတယ် .."

ဒေါ်တင်လေးသွယ် က သာသာ့ ကို ပြန်ကြည့်၍ ...

"ရှိတယ် .. ဒါပေမယ့် လူမမာပါကွယ် .. ၊ အိမ်မှာ သူနဲ့ရှ ကလေးလေး ရှိတာတောင် ဆော့ဖို့လည်း စိတ်မဝင်စားဘူး၊ စားဖို့လ မခံမင်ဘူး၊ သူ့အဖေက စည်းကမ်း သတ်မှတ်ချက်တွေနဲ့ ထား သူ့မှာလည်း .."

ဒေါ်တင်လေးသွယ် ပြောနေရင်း ရပ်ပစ်လိုက်မိသည်။ စကား ဖော် မရှိဘဲ မျိုသိပ်ခဲ့ရတာတွေကို အားလုံး ဖွင့်ချပြောမိတော့မ ဖြစ်သွားပြီးမှ သတိရသွားခဲ့သည်။

အစ်ကိုကြီး သိရင် ဒါကို ခွင့်လွှတ်မှာ မဟုတ် ...။

သူမ ဒီကလေးတွေကို ညှော်ခမ်းထဲ ခေါ်ထည့်ပြီး ဘာဖြစ်လို့ ကြိုက် နေထိုင်ခွင့် ပေးနေမိတာလဲ ...၊

ကိုယ့်ကိုယ်ကိုယ် အပြစ်ပြုမိသလို ခံစားလိုက်မိကာ ကိုယ် မသိမသာ မတ်သွား၏။ သို့သော် ...

"ကျေးဇူးတင်ပါတယ် အန်တီ .. ခြေထောက်လည်း သက် သွားပါပြီ .. သာသာ တို့ကို ခွင့်ပြုပါဦး .."

သူမ ဘာမှ မပြောလိုက်ရဘဲ သာသာ က အရင် နှုတ်ဆက် ထရပ်သည်။

တစ်ဦးရင်ထဲမှာ အတွေးတစ်မျိုးစီနှင့် လျှို့ဝှက် စိုးရိမ်ခြင်း လည်း ထပ်တူညီနေခဲ့ကြ၏။

ဒါပေမယ့် ...၊





အခန်း (၁၁)

အလုပ်တွေပြီးမှ စီးကရက်မီးညှိပြီး အပြင်ကို ထွက်လာခဲ့၏။ တ်ကူးက နောက်ဖေးမီး ဖွင့်ပြီး ခြံထဲ ခဏလျှောက်ဖို့ ဖြစ်သည်။

သို့သော် မီးလင်းနေသည့် သားရဲ့အခန်းရှေ့က အဖြတ်မှာ ခြေ မ်းတွေ တုံ့သွားခဲ့၏။

သားနဲ့ သာသာ အတူတူ အိပ်ကြတာ သူ သိထားသည်။ အခန်း ယ်ကြီးထဲမှာ ခုတင်တစ်လုံးစီနဲ့ဖြစ်ကာ ကွန်ပျူတာတစ်စုံစီနှင့် တို့အိပ်ခန်းကို အကျအန စီစဉ်ပေးထားတာ ဖြစ်၏။

မအိပ်ခင်အချိန်ဆို တစ်ယောက်၏မွေ့ရာပေါ်မှာ နှစ်ယောက် လုံး အတူရှိနေတတ်ကာ တစ်ခါတလေ အတူတူ အိပ်ပျော်နေကြ တာတွေလည်း ရှိ၏။

ကွန်ပျူတာတစ်လုံးစီပေမယ့် တစ်လုံးတည်းမှာမဲ ခေါင်းချင်း နေတတ်ကြတာ သူ ရောက်တည်းက မကြာခဏ တွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း သာသာ ကလေးဆန်နေရခြင်းနှင့်ပတ်သက်၍ မကောင်းမှန်း သိပေမယ့် ကျေးဇူးလည်းတင်မိသည်။ ကလေးဆိုးလေးလို နေရာတကာမှာ ချစ်စနိုးကြည့်ဖြစ်နေတာလည်း ကိုယ့်ကိုယ်ကိုယ် သတိထားမိနေပါပြီ ...။

ဒီညကျမှ သားက သူ့အခန်းထဲမှာ ဘာဖြစ်လို့ ခွဲအိပ်နေတာလဲ..၊ တူဝရီးနှစ်ယောက် ရန်ဖြစ်ထားကြသလား ..။

စိုးရိမ်စိတ်နှင့် ဟနေသည့်တံခါးကို အသာလေး တွန်းကြည့်လိုက်မိသည်။ အရင်တည်းက သားအတွက် စီစဉ်ပေးထားပေမယ့် တစ်ခါမှ တစ်ယောက်တည်း ဝင်မအိပ်ခဲ့ဖူးသော အိပ်ခန်း ..၊

သူ မြင်လိုက်ရတာလည်း တစ်ယောက်တည်း မဟုတ်ပါ။ သာသာနဲ့ အလင်္ကာ စားပွဲခုံပေါ်မှာ လက်တွေပေါ် မျက်နှာအပ်၍ ခေါင်းချင်းဆိုင်ပြီး အိပ်ပျော်နေကြ၏။

ပြီးတော့ စားပွဲပေါ်မှာ ကွန်ပျူတာက ဖွင့်လျက်သား ..၊

သူ နာရီပင့်ကြည့်ကာ အခန်းထဲ ဝင်လာခဲ့မိသည်။

ညဥ့်ဆယ့်နှစ်နာရီခွဲနေပြီ..၊ ဒီလောက်တောင် သည်းကြီးမည်းကြီး ဆော့ရသလား ..၊

အိမ်မှာ လူကြီးနှစ်ယောက်က အချိန်ပြည့် ကြည့်ရှု စောင့်ရှောက်မနေနိုင်သမျှ ဒီကလေးနဲ့ သာသာ ထင်တိုင်းလိမ့်နေကြသည်။

စိုးရိမ်မိတာရော .. ကရုဏာဒေါသလည်း ပါကာ 'ကျွတ် ..'ခနဲ စုတ်သပ်မိ၏။

"ဟိတ် .."

ကလေး နိုးမှာစိုး၍ သာသာ ပခုံးကိုပုတ်ကာ ခပ်တိုးတိုး ခေါ်လိုက်သည်။

သို့သော် သာသာ က မနိုးဘဲ နားထဲမှာ ထူးခြားသည့်အသံ တစ်ချက် ဝင်လာ၏။





ဆောင်းဦးခိုက် မျက်လုံးတွေ မော်နီတာမှာ ပေါ်နေသည့် အရုပ်ဆီ ဖျတ်ခနဲ ရောက်သွားလျှင် ...

"ဟင်!..."

ဘယ်လိုမှ မယုံနိုင်အောင်ဖြစ်ကာ နှုတ်ခမ်းအစုံက ခပ်ဟဟ ပွင့်သွား၏။

ဦးဒေဝတာကြီး နဲ့ အိမ်အကူ အမျိုးသမီး ..၊

တိုက်ကြီးထဲမှာတော့ မဟုတ်ပေ ..၊ ကိုယ် နေထိုင်ခဲ့သည့် မြင်ကွင်းတွေပဲမို့ သူ သိနေ၏။

ဒါက အိမ်အကူတွေအတွက် သီးသန့်နေရာ ..၊

"ဟုတ်တယ် .. ငါ့သား ..၊ အခု မင်း ပြောခွင့်ရှိသွားပြီ.. ဒါပေမယ့် သူ့ကို ငါက မွေးခွင့်ပေးခဲ့တာ ..၊ ငါ မွေးနိုင်ခဲ့တဲ့ ကလေး .. အဲဒါကြောင့် သူ့ကို မင်း မပိုင်ဘူး .."

"ပရော်ဖက်ဆာကြီး ရယ် .."

"မင်းပါးစပ်ကို ပိတ်ပြီး လိမ်လိမ်မာမာ ဆက်နေရမယ် ..၊ မင်းရဲ့ နောက်ကြောင်းက မိသားစုတွေကို ထောက်ပံ့ထားတဲ့ ငါ့ဘက်က .."

"ဟား!..."

သူ ဘယ်လိုမှ စိတ်မလုံတော့ဘဲ လက်ပ်တော့ပ်ကို ဆွဲလှည့်လိုက်သည်။ ရှာကြည့်လိုက်တာနှင့် တိုက်ရိုက် ချိတ်ဆက်ထားသည့် ကွန်နရှင်ကို တွေ့လိုက်ကာ ...

"ကျွတ်!..."

ခေါင်းထဲမှာ ချာချာလည်သွားသလား မသိ ..။

သူ့ဘဝ တစ်လျှောက်လုံး ပညာရေး၊ စီးပွားရေးအတွက် ကြိုးစား ကြိုးပမ်းနေခဲ့သမျှ ခေါင်းကြီးရလောက်အောင် ထိတ်လန့် ချောက်ချားခဲ့ရတာမျိုး တစ်ခါမှ မရှိခဲ့ဘူးပေ ..။

အလစ်ဝိုက်မှာ ရိုက်ယူထားတာမျိုးဆိုရင်တောင် ဒီလောက်ထိ



www.burmeseclassic.com

www.burmeseclassic.com



စပ်စုလှချေလားဆိုပြီး ခေါင်းတစ်ချက်လောက် ပိတ်ထုမိတာမျိုးလောက်နဲ့ ခွင့်လွှတ်ပေးနိုင်ဦးမည် ...။

ခုတော့ ...

"သာသာ .. ဟိတ် .."

"ဟင်!... ဘာလဲ .. မိပြီလား ...၊ ဘာထူးခြားသလဲ .."

မျက်လုံးမဖွင့်နိုင်သေးဘဲ ခေါင်းထောင်လာတာနှင့် ပါးစပ်က စပ်စုပြီးသား ...၊

"ဟုတ်တယ် .. ထူးခြားနေပြီ .. လာခဲ့ .."

"ဟင်!... အ!..."

သာသာ တကယ်နိုးသွားသည်နှင့် ဆောင်းဦးခိုက် လက်ထဲမှ ကိုယ့်အဖြစ်ကို သိလိုက်ရလျှင် ...

"ကိုကို .."

"တိတ်တိတ်နေစမ်း .. လူကြီးတွေ နိုးကုန်လိမ့်မယ် .."

"ဘာဖြစ်လို့လဲ ကိုကို ...၊ ကိုကို ဘာလုပ်မလို့လဲ .."

သူမ လက်ကောက်ဝတ်လေးတစ်ဖက်ကို မညှာမတာ ဖိဆုပ်ထားကာ လက်တစ်ဖက်က နောက်ဖေးတံခါးကို ဖွင့်၍ အပြင်ထွက်လိုက်၏။

ညဥ့်လေအေးက သုတ်ခနဲ ဖြူးကာ ဆံပင်တွေကိုပါ လွင့်ပါသွားစေလျက် ...

"ဘယ်အချိန်တွေ ဖြစ်ကုန်ပြီလဲ မသိဘူး ...၊ ကိုကို ဘာဖြစ် .."

"မင်း ငါ့ကို မမေးနဲ့ ...၊ မင်းကို မေးဖို့ ဒီထိ ခေါ်လာတာ .."

အပြင်ကို လွတ်လွတ်လပ်လပ်ရောက်ကာမှ မျက်နှာချင်းဆိုင်ရပ်ရင်း ခါးနှစ်ဖက်ထောက်လိုက်ကာ ...

"မင်းတို့ ဟိုဘက်ခြံကို ဘာဖြစ်လို့ ဒီလောက် စိတ်ဝင်စားနေကြတာလဲ ...၊ ဒီလူကြီးကိုမှ ဘာဖြစ်လို့ ဒီလောက်တောင် .. ကျွတ်!... အဓိပ္ပာယ်မရှိဘူး သာသာ ...၊ အဲဒါ မင်းအလုပ် ဘာပါသလဲ .."





"ကိုကို .."

"ပြော .. ဘာအကြောင်းတွေနဲ့လဲ ပြော ...၊ အခု မင်း လုပ်နေတဲ့ အပြစ် ဘယ်လောက်ထိ ကြီးကျယ်နေပြီလဲဆိုတာ မင်း သိကိုသိရမယ်.."

"အစတုန်းက ဘာမှ မဟုတ်ပါဘူး .."

"နောက်တော့ ဘာတွေက ဟုတ်လာတာလဲ ...၊ ပြော .."

"သာသာ တို့ဘက်က မတော်မဆတွေကို သူက အကြီးအကျယ် အော်တယ် ...၊ ဆဲတဲ့အခါလည်း ရှိတယ် .."

"မတော်တဆတွေကလည်း မင်းတို့လုပ်လို့ ဖြစ်ရတာပဲလေ ...၊ ခင်တကာ ဟုတ်ဟုတ်မဟုတ်ဟုတ် ကိုယ့်အပြစ် မကင်းရင် တောင်းရတယ် .."

"ဘယ်သူ့အပြစ် ဘာညာ စုံစမ်းတာမဟုတ်ဘဲနဲ့ သူက မမေတို့ အားလုံး ကြားအောင် အော်တာ .."

"အော်တော့ .."

"အော်တော့ မမေက သာသာ့ ကိုချည်းပဲ လိမ့်ဆူတာ ...၊ ကလေး တော့နေမိတာပဲ အပြစ် .. မတော်တဆဖြစ်ရတာကိုပဲ မိုက်ရိုင်းရမ်းကား နေတဲ့သူလို .."

"ကျွတ်!..."

သူ စိတ်တွေတိုကာ ပြောချင်တိုင်း ပြောပစ်ချင်တာ အော်ငေါက် ပစ်ချင်သမျှ အားလုံး သူမ ကရားရေလွှတ် ပြောနေတာတွေကြောင့် ဘာမှလည်း တိုးမပေါက်နိုင် ...။

"ပြီးတော့လေ အဲ့ဒါတစ်ခုကိုတော့ စပ်စုမိတာ သာသာ ဝန်ခံပါ တယ် .."

"ဘာတစ်ခုလဲ .."

"ဒီလူကြီး အရမ်းလျှို့ဝှက်လွန်းလို့ လိုက်ချောင်းကြည့်နေရင်းနဲ့ စိတ်ဝင်စားစရာတွေ တွေ့တွေ့လာတော့ .."



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါနဲ့ ကင်မရာ ပြေးချိတ်လိုက်တာလား .."

မှောင်ထဲမှာပဲ ဆောင်းဦးခိုက် မျက်နှာကို သာသာ မရဲတရဲကြည့်မိသည်။

ဘာဖြစ်လို့ ဒါတွေ ကိုကိုနဲ့မှ သွားတိုးမိရတာလဲ ..။

မော်နီတာပေါ်မှာ တစ်ခုခု တွေ့လိုက်လို့သာ ကိုကို သိသွားတာဖြစ်သည်။

ဒါဆို ဦးဒေဝတာကြီး ဒေါ်စိုးစိုး အခန်းထဲကို တကယ် ဝင်လာ[...]တာပေါ့ ..။

"ဟေ့ .. မေးနေတာ ဖြေလေ ..။ မင်းတို့ကို ငါ တတ်သ[...] နည်းပညာတွေ သင်ပေးခဲ့တာ .. အကောင်းဆုံး ခေတ်မီစက်ပစ္စည်း[...] ကို ကစားစရာလို ကျွမ်းကျင်နေအောင် လက်ထဲ ထည့်ပေးခဲ့တာ[...] အဲ့ဒါတွေအားလုံးက သူများ လျှို့ဝှက်ချက်တွေကို ဒီလို အောက်တ[...] ကျတဲ့နည်းတွေနဲ့ နှိုက်ထုတ်ယူတတ်ဖို့လား .."

"ကိုကိုကလည်း .."

"သာယာချို .."

မျက်နှာငုံ့ထားသဖြင့် ပခုံးလေးနှစ်ဖက်ကနေ ကိုင်၍ တစ်ချ[...] ဆွဲခါပစ်ကာ ...

"မင်းကို မင်းအမေ ပြောတာ နည်းသေးတယ် ..။ မိန်းကလေး[...] ဖြစ်ပြီး မိန်းကလေးနဲ့ မတူပါဘူးဆိုတဲ့အဖြစ်နဲ့ ရပ်ကျော်ရွာကျော်[...] သတင်းကြီးရတာကို ပျော်နေတာလား .."

"ပျော်ရမလား ကိုကိုရဲ့ ..။ ဒါပေမယ့် .."

"ဒါပေမယ့်ရဲ့နောက်မှာ ဘာရှိသေးလဲ ..။ သားကို မင်းလက်[...] ထည့်ပေးထားတာ .. မင်းတို့ချင်း ကစားလို့ ရနေအောင် ထည့်[...] တယ်များ ထင်နေသလား ..။ သူက ကလေးလေး .. ခုမှ ဆယ်[...] တောင် မပြည့်သေးဘူး ..။ မင်းရဲ့အသက်အရွယ် .. သူ့ရဲ့ အဒေါ်အ[...]





ဆိုတဲ့ ဂုဏ်ပုဒ်တွေကြောင့် သူ့ကို ထိန်းကျောင်းနိုင်မှာပဲလို့ အားလုံးက ယုံကြည်ခဲ့တာ .."

"အခု အလင်္ကာ က ဘာဖြစ်နေလို့လဲ ကိုကို .. သာသာ ကရော ဘာတွေလုပ်နေလို့လဲ .."

"ဘာလုပ်နေလို့လဲ ဟုတ်လား ..။ မင်း သူ့ကို ဘာမှ မလုပ်ဘူးလို့ ထင်နေတဲ့အတွက် သူ့အနာဂတ်က ပျက်စီးဖို့ သေချာနေတာ ..။ ဘာဖြစ်လို့လဲဆိုတော့ ထုဆစ်လိုက်တဲ့သူ ပုံဖော်တဲ့အတိုင်း အရုပ်က ပုံပေါ်လာမှာ ..။ မင်းကမှ မကောင်းတာ .. မင်းလက်ရာက ကောင်းပါ့မလား.."

"ကိုကို သာသာ့ ကို အဲလောက် မပြောနဲ့ သိလား ..။ ဘဝနဲ့ချီပြီး ပျက်စီးရလောက်အောင် သာသာ ဘာအပြစ်မှ မလုပ်ခဲ့သေးဘူး .."

"မင်း လုပ်သမျှ တစ်ခုမှ မကောင်းခဲ့ဘူးဆိုတာ ခုထိ မမြင်သေးဘူး ဟုတ်လား ..။ လူတစ်ယောက်ရဲ့ အဆင့်အတန်းမှာ စိတ်ဓာတ်က အဓိကပဲ ..။ ခု မင်း ဘာတွေလုပ်နေသလဲ .. ကလေးကလား ပြိုင်ဆိုင်ချင်တယ် .. အနိုင်လိုချင်တယ် ..။ ငါရရင် ပြီးရောဆိုတာမျိုး .. လိုချင်တာကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ရယူဖို့ ကြိုးစားတယ် ..။ မင်း ရှက်ဘူးလား သာသာ .. သူများ ဘာတွေလုပ်နေနေ သိရင်တောင် မသိသလို .. ကြားပေမယ့် မကြားခဲ့သလို နေရမယ့်အစား သူများ အိပ်ခန်းထဲထိ .."

"မဟုတ်ဘူး .."

"ဘာ မဟုတ်တာလဲ ..။ ဘာကို မဟုတ်ဘူး ပြောတာလဲ ..။ မင်းတို့ သူများခြံထဲထိ ဝင်ပြီး ကင်မရာသွားထည့်တယ်၊ ထည့်ခဲ့တာက အိပ်ခန်း ..။ မင်း .. အဲ့ဒါကို .. ကျွတ်!.."

"မဟုတ်ဘူး .. အဲ့ဒါ သာသာ မသိဘူး .."

ဟိုနေ့က မှန်ဘီလူးရှာဖို့ ဝင်သွားရင်း ဘာတစ်ခုမှ ရှာမရတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို နိုင်ကွက်ဖမ်းလာရင် ကိုယ့်မှာလည်း သူ့ကို နိုင်ကွက်ရှိထား မည်ဆိုသည့်စိတ်ကူး ပေါ်ခဲ့တာက အမှန် ..။

ဒါပေမယ့် ကင်မရာ တပ်ထားတာကတော့ သူမ အကြံပေးတာ လည်း မဟုတ် ..၊ ဒါ လုပ်ဖို့ ခိုင်းလည်း မခိုင်းခဲ့ပါ ..။

"သား ကင်မရာ သွားထားခဲ့ပြီးပြီ .. အန်တီစိုးစိုး ရဲ့အခန်းက ခြံနဲ့နီးတော့ အားလုံး အိုခေတယ်" လို့ အလက်ာ ပြောပြမှ သိခဲ့တာ ဖြစ်သည်။

နောက်ထပ် တစ်ပြစ်က ဒီလိုလုပ်ခဲ့တာကို သူမ ဝမ်းသာအား ဖြစ်သွားခဲ့ခြင်းပင် ..။

"ကောင်းတယ် .. ငါတို့ခြံထဲမှာ ရှိနေကြတာ မြင်တိုင်း ဟိုဘက် ကနေ ယောကျ်ားကြီးမတန်မဲ့ စောင်းမြောင်း ကြိမ်းဝါးနေတာတွေ .. နောက်ဆို အဲ့ဒီပါးစပ် လုံးဝ မဖွင့်ရဲစေရဘူး .."

သူမ ဒီတိုင်း မြှောက်ပင့်ပြောခဲ့မိတာကိုတော့ မှားပါသည်လို့ သာသာ အားလုံး ပြောပြပြီး ဝန်ခံနေကာမှ ...

"တစ်ယောက်နဲ့တစ်ယောက် ချိတ်ရှိသွားမှတော့ ရိုးရိုး တံတွေး ထွေးလည်း သူ့ကို စောင်းပါတယ်ပဲ ထင်မှာပေါ့ ..၊ မင်းတို့ သူ့ကို တချောင်းချောင်းလုပ်နေမှန်း သိနေရင် မြွေမြွေချင်း ခြေမြင်နေတာ မျိုး .."

"မြွေမြွေချင်း မဟုတ်ဘူး ကိုကို .. သူကသာ မဟုတ်တာတွေ လုပ်နေတာ .."

"ဟုတ်လား .. ပြောစမ်းပါဦး .. ဘာတွေ သိထားသေးလဲ .. သူ မဟုတ်တာတွေ လုပ်နေပါတယ်လို့ ပြောဖို့ အများကြီး သိထား အောင် တော်တော် ကြိုးစားထားပုံပဲ ..၊ ဖိုလ်ဒါထဲမှာ ဘယ်လောက် တောင် စုဆောင်းထားပြီးပြီလဲ .."

သာသာ အသံတိတ်နေတာကို သူက ခဏ စိုက်ကြည့်နေပြီးမှ—





ဘာလဲ .. ဖေ့စ်ဘွတ်ခ်မှာ တင်ပြီး ကိုယ် အောက်တန်းကျစွာ ဆောင်းထားတာတွေ ထုတ်ကြွားမလို့လား ..၊ အဲဒီလိုနည်းနဲ့ လျှို့ဝှက်ချက်တွေ ဖော်ထုတ်ရတာကို ဂုဏ်ယူမနေနဲ့ .. ဒါမျိုး ကြတဲ့လူတွေက သူ့အကြောင်း ..၊ သူတို့ ရည်ရွယ်ချက်တွေနဲ့..၊ ရဲ့ ရည်ရွယ်ချက်က ဘာလဲ ..၊ သူများတကာရဲ့ .."

ကိုကိုနော် .. သာသာ တို့ အဲဒီလိုလူမျိုးတွေ မဟုတ်ဘူး .."

မဟုတ်ဘူးလို့ ထင်ခဲ့ပေမယ့် အခု ဟုတ်နေပြီ ..၊ ဒီမှာ သာသာ.. လုပ်ရပ်တွေကို ဒီမှာတင် ရပ်မလား .. အန်တီတို့ကို 'ဒါတွေ ပါလို့' ငါကိုယ်တိုင် ဖွင့်ပြောပြီး သားကို ဒီကနေ ခေါ်ထုတ်သွား .."

ဘယ်လို!... ကိုကို ဘယ်လိုပြောလိုက်တယ် .."

မင်း ကြားလိုက်တဲ့အတိုင်းပဲ .."

သက်လေကဲ့သို့ အေးစိမ့်သော လေနုကြမ်းလေးတစ်ချက် ဟူး ဝှေ့သွားလျှင် သာသာ့ မျက်နှာပေါ်မှာ ဆံစတချို့ ပုတ်ခတ် သွားကြ၏။

ပြင် သစ်ခက်တို့၏ လှုပ်ရှား ယိမ်းနွဲ့သွားခြင်းကြောင့် ခြံထဲမှ င်းရောင်က ပြေးလွှားနေသော ဆလိုက်မီးတွေလို မျက်နှာတွေ မှာ ပြောက်တိပြောက်ကျား ဝေ့ဝဲသွား၏။

သာသာ့ မျက်နှာလေးကို ငုံ့မိုးကြည့်နေရင်း နီးကပ်နေသည့်အဖြစ် ရကာ ဆောင်းဦးရိုက် ခြေတစ်လှမ်းဆုတ်၍ ဘောင်းဘီအိတ် တစ်ဖက် ထည့်ထားလိုက်ပြီး ...

"ငါ ခြိမ်းခြောက်ပြောနေတယ်လို့ မင်း ထင်သလား .."

သာသာ က မဖြေဘဲ ဒီတိုင်း မော့ငေးနေ၏။

သားကို ချစ်နေကြမှန်း သိလို့ အညှာကိုင်တဲ့စကားမျိုး ဖြစ်သွား လိုချင်ဆုံးပဲ ..၊ အဲ့ဒါကြောင့် မင်းကို အမြင်မတော်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



တွေ့လာရတိုင်း မင်းနဲ့ ငါ့အတွက် မသင့်တော်တာတွေ ရှိလာပြီ
တွေးမိလာတိုင်း ငါ အားလုံးကို မေ့ဖျောက်နိုင်အောင် ကြိုးစားနေခဲ့

သူ စကားရပ်ပြီး ခဏစောင့်ပေမယ့် စပ်စပ်စုစုတွေ အမေး
ထုတတ်ခဲ့သော သူမထံမှ အသံတိတ်နေဆဲမို့ ...

"ဟိုတုန်းကအတိုင်း ဘာမှ မပြောင်းလဲသလို ငါ နေခဲ့
ဒါက သားအတွက် မိသားစုဘဝလေး မဆုံးရှုံးစေချင်လို့ ...၊ အ
ချစ်နေကြတာကို ရင်ခွဲသလို ဖြစ်သွားမှာစိုးလို့ .. ဒါတွေကြော
လုပ်သင့်တာတွေကို ဘေးချိတ်ထားခဲ့ရတဲ့အပိုင်း .."

"အားလုံးရဲ့ ပေးဆပ်ခြင်းတွေက ကလေးအတွက်ချည်
ကိုကို ...၊ ကိုကိုက လိမ္မာပါးနပ်စွာ ပေးဆပ်တတ်ပေမယ့် သ
က အစတည်းက မလိမ္မာခဲ့တဲ့သူ .."

"ဒါကို မင်း ဂုဏ်ယူပြီး ပြောနေတာလား .."

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ ...၊ ဂုဏ်ယူစရာ မဟုတ်
လည်း သာသာ က ကိုယ့်စိတ်ချမ်းသာမှုကိုပဲ ရွေးချယ်မယ့်သူ ..
လုပ်တာ ဘာဖြစ်နေနေ ဂုဏ်ယူဖွယ်ဖြစ်ဖြစ် .. မဖြစ်ဖြစ် .."

"ကိုယ် စိတ်ချမ်းသာပြီး သူများကို ထိခိုက်စေမယ်ဆိုရင်
တခြားသူအတွက် ဘာဖြစ်နေနေ .. ပတ်ဝန်းကျင်က ဘယ်လိုပြေ
မင်း လုပ်မှာပဲလား .."

"သာသာ တော့ .. ကိုကို ပြောတာတွေပဲ ကြားနေရတာ

"ဘာ!... ပြောတယ် .."

"သာသာ့ ကို မေမေက ပြောပေမယ့် ကိုကို့လောက် မပြော
အလကာ နဲ့ သာသာ့ ကို ကိုကို ဘယ်တော့မှ ခွဲလို့မရဘူး သိ
ကိုကို တခြားခေါ်လည်း သူ လိုက်မှာ မဟုတ်ဘူး .. မိန်းမယူသ
ပိုတောင် ဆိုးဦးမယ် .. ကိုကို မယုံရင် လုပ်ကြည့်လိုက်လေ ...၊ အ
ကိုင်တယ်လို့ မထင်ဘူး .. သူ လိုက်မယ်ဆိုရင် ခေါ်သွားလို့ ရတ





"ဟော့ .."

ပြောပြီး ထွက်သွားဖို့ ပြင်လိုက်တာနှင့် ဆောင်းဦးနိုက် က လက်
ပြန်ဆွဲလိုက်တော့ ...

"သိတယ် .. ငါ့သားနဲ့ မင်းက နှစ်ကိုယ့်တစ်စိတ် ဖြစ်နေပြီ ..
ကိုလည်း ငါ ဘယ်တော့မှ ခွဲမှာ မဟုတ်ဘူး .. ဒါကြောင့် ငါ့သား
င်းဖို့ လိုလာတော့ မင်းကို အရင် ကောင်းအောင် ပြင်ဆင်ရ
.."

ဘာလုပ်မလို့လဲဆိုသည့် မျက်နှာလေးနှင့် သာသာ က မရှန်းဘဲ
ကြည့်နေ၏။

"အခုကိစ္စအတွက် မင်းတို့နှစ်ယောက်စလုံးကို ငါ အပြစ်ပေး
.."

"အပြစ်ပေးမယ် .."

"ဟုတ်တယ်.. ငါ အပြစ်ပေးတာ မခံချင်ရင် အန်တီတို့ကို ဒါတွေ
ုံး ဖွင့်ပြောပြီး မင်း ဝန်ခံ ...၊ သူတို့ပေးတဲ့အပြစ်ကို ယူမလား..
ပြစ်ပေးရမလား .. အဲ့ဒါ စဉ်းစား .."

ဆောင်းဦးနိုက် က ပြောပြီးတာနှင့် သာသာ့ လက်လေးကို ကိုင်
ျက် အိမ်ထဲပြန်ဝင်ပြီး တံခါးပိတ်လိုက်သည်။

"ကိုကို .."

ကိုင်ထားသည့်လက်ပေါ်ကို သာသာ က ထပ်ကိုင်ပြီး ပြန်ဆွဲထား
..

"ကိုကိုက အဲလို မလုပ်နဲ့လေ ...၊ မေမေတို့ ဒါတွေ သေချာ
နဲ့ရင် .."

ဆောင်းပန်မလို့ ပြင်ရင်း စဉ်းစားမိသွားတာက ဦးဒေဝတာကြီး
သူတို့နှစ်ယောက် ကမောက်ကမလေးတွေ ရှိခဲ့ကြတာကို မေမေ
တိုင် တွေ့မြင် ကြားသိထားတာတွေရှိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အခုကိစ္စကို မပြောပြဘဲနဲ့ နောက် မလုပ်တော့ပါဘူးလို့ … လိုက်မယ် …"

"မရဘူး … မင်းရဲ့ အကြီးမားဆုံးအပြစ်က ဒီည လုပ်တာကြော… ဖြစ်လာတာ …၊ ငါလည်း ခုထိ မအိပ်ရသေးဘူး …၊ မင်း …"

စတိုခန်းရှေ့ မှောင်မှောင်မည်းမည်းလေးနားမှာ အမှတ်… စကားမပြတ်ဘဲ ဖြစ်နေစဉ် ဖျတ်ခနဲ မီးလင်းလာသည့်ရှေ့က အလ… ရောင်ကြောင့် သာသာ ကို ဆွဲ၍ စတိုးခန်းထဲ လှည့်ဝင်လိုက်ရ…

"မေမေ နိုးလာတာ ထင်တယ် …"

"ဟုတ်တယ် … မင်းနဲ့ ငါ့ကို ဒီအချိန်ကြီး ဒီနေရာမှာ တွေ့… တစ်မျိုးထင်သွားလိမ့်မယ် …၊ တိတ်တိတ်နေ …"

"ဒါဆို … သာသာ နောက်ဖေး ပြန်ထွက် …"

"ဒုန်း …"

"အား!…"

လက်နဲ့ အရင်တိုက်မိသည်။ ပြီးတော့မှ ခြေထောက်ပေါ် ပြုတ်… ၏။ သာသာ နာကျင်သွားသဖြင့် အားခနဲ အော်သံ ထွက်သွားလျှ…

ဆောင်းဦးနိုက် လက်တစ်ဖက်က သူမနှုတ်ခမ်းလေးတွေပေါ်… ဖိကပ်ပိတ်ထားလိုက်ကာ …

"အသံမထွက်ပါနဲ့ဆိုမှ …"

"ချောက် …"

ပြောနေတုန်း နောက်ဖေးတံခါးထိပ်က မီးလုံး လင်းသွား… စတိုခန်းရှေ့မှာ လင်းထိန်သွား၏။ ပိတ်ထားသည့် တံခါးအောက်က… ဝင်လာသည့် အလင်းရောင်ကြောင့် သာသာ ထိတ်လန့်သွား… ဆောင်းဦးနိုက် ရင်ခွင်ထဲ တိုးဝင်ကာ ခါးကို ဖက်ထားလိုက်မိ…

သူမ ကိုယ့်ကိုယ်ကိုယ် ဘာလုပ်လိုက်မှန်း သိမှာ မဟုတ်ပေ… ဆောင်းဦးနိုက် ခေါင်းကြီးသွားသည်။





ဒီတိုင်းနဲ့ ဒေါ်ချိုမြလွင် တွေ့သွားခဲ့လျှင် ရှင်းဖို့ မလွယ် …။

"ဒီတံခါးက ဘာလို့ ပွင့်နေတာလဲ …"

ဒေါ်ချိုမြလွင် အသံ ကြားလိုက်သဖြင့် အနားထိ လာကြည့်တာ …သည်။ စတိုခန်းတံခါးကို တွန်းကြည့်တော့ ပွင့်နေသောကြောင့် …နည်းတွန်းပြီး အထဲကို ကြည့်လိုက်သေးသည်။

သူမမှာ ဓာတ်မီးမပါပေ …၊ နောက်ဖေးတံခါးကလည်း ပိတ်လျက် …မို့ ဟိုအသံ ဒီအသံပဲ ဖြစ်မှာပါလို့ တွေးကာ တံခါးကို အပြင်ကနေ …ချာ ဂျက်ချပိတ်လိုက်၏။

ပြီးတော့ မီးတွေပါ ပြန်ပိတ်ခဲ့ပြီးမှ အိပ်ခန်းထဲ ပြန်ဝင်ခဲ့သည်။

…တ်မှာ ကျန်ရစ်ခဲ့သူတို့၏ မှောင်မိုက်ခြင်းနှင့် ပတ်သက်၍ …၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"ဘွားရေ .. တီတီသာ ဘယ်ရောက်သွားတာလဲ ..၊ သား ရှာ ဘယ်မှာမှ မရှိဘူး .."

"ဟင်!... ဟုတ်ရဲ့လား မြေးလေးရယ် .."

"ဟုတ်တယ် .. သားအခန်းထဲမှာ ညတုန်းက ဂိမ်းဆော့ရင်း ပျော်သွားကြတာ ..၊ အခု တီတီသာ့ အခန်းထဲမှာ ရှာတာလည်း ဘူး .."

"ဘွားလည်း ဘုရားဖက်စ် ပြင်ထားပြီး ဘယ်သူမှ ဆင်းမ လို့ .."

ပြောနေရင်း စောစောနိုးတတ်သည့် ဆောင်းဦးခိုက် ကို သ သွားကာ ...

"သား ဖေဖေ့ကို သွားကြည့်ပါဦး .. တီတီသာ စာတွေဘာ သွားမေးနေလို့များ ထွက်မလာနိုင်သေးတာလား .."

သာသာ က စာကြည့်ပါဆို ကြည့်ချင်မှ ကြည့်သည်။





ကြည့်တဲ့အချိန်မှာ မရတာရှိလျှင် ဘယ်သူ အိပ်နေနေ မနေ အချိန်အခါလည်း မသိ ..။

သင့်တော်တာလည်း မတွေးဘဲ လင်မယား အိပ်နေတဲ့အခန်းကို အပြင်က တံခါးသွားခေါက်ပြီး ခေါ်ထုတ်မေးတတ်တဲ့အကျင့်

လည်း စာမေးပွဲ ရှိနေသည်ဆိုတော့ ဖြစ်နိုင်ဆုံးကို တွေးမိလိုက် သည်။ သို့သော် ...

"ဖေဖေ့ကိုလည်း သား သွားကြည့်ပြီးပြီ .. အခန်းထဲမှာ မရှိဘူး.." ပြောနေရင်း ဟိုပြေး ဒီပြေးနှင့် 'တီတီသာ ..'လို့ ခေါ်သံက လုံး ဆူညံလာခဲ့၏။

"မြေးရေ .. တအား မအော်နဲ့လေ .."

"တီတီသာ မှ မရှိတာ.. တီတီသာ က သားကို မခေါ်ဘဲနဲ့ ဘယ်မှ မဟုတ်ဘူး .. တီတီသာ .. တီတီသာ .. ဘာလုပ်နေသလဲ.."

"မြေးရေ .."

ခေါ်ချိုမြလွင် သာ မကပဲ ဦးအေးချို ပါ တကောက်ကောက် ပါ အလကား ပြေးလွှား ဆင်းတက်နေသမျှ တဖြည်းဖြည်း စိုးရိမ် ဝင်လာခြင်းသို့ရောက်လျက် ...

"အစ်ကို .. အစ်ကို့သမီး ဘာလုပ်ပြန်ပြီလဲ မသိဘူး .."

"ရှိမှာပါကွာ .."

"ချို့ အထင်တော့ တစ်ခုခု ဂိုကျပြီး ဆောင်းဦးခိုက် ကို နှိုးထုတ် ပဲ ဖြစ်မယ် ..၊ ဘာဝယ်စရာရှိလို့လဲ .. ဘယ်သွားပြီး ဘာလုပ် လို့လဲ .."

"ဒါဆိုလည်း ပိုပြီး မပူနဲ့တော့ ..၊ ဆောင်းဦးခိုက် ကို မင့်သမီး တ် မနိုင်ပါဘူး ..၊ ပြီးတော့ ဆောင်းဦးခိုက် က နေရာတကာ လိုက်နေမယ့်လူ မဟုတ်ဘူး .. ငါ သိတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွား .. တွေ့လား .."

"မတွေ့ပါဘူး မြေးရယ် .. ကဲ .. ကဲ .. အတူတူ ပျောက်

ဆိုတော့ အပြင်ထွက်သွားကြတာ ဖြစ်မှာပါ .."

"ဟာ .. ဘွားဘွားကလည်း ..၊ တီတီသာ က သား မ

မသွားပါဘူး .. သား သေချာသိပါတယ် .."

မြေးရဲ့ပါးလေးကို ဆွဲ၍ ဖွဖွလေး ငုံ့နမ်းမိကာ ဒေါ်ချို့မြ

ရယ်သည်။

"မြေးလေး စားချင်တဲ့ ဘရေ့ဖက်စ် တစ်ခုခု သွားဝယ်ကြ

ဆိုရင်ရော .."

"ဒါဆိုလည်း ဖေဖေ့ကို တီတီသာ ခေါ်မှာ မဟုတ်ဘူး

"ဘာဖြစ်လို့လဲ .."

"ဖေဖေက အိမ်က စီစဉ်ပေးတဲ့ ဘရေ့ဖက်စ်လောက်

ကြီးတဲ့စားစရာ အပြင်မှာ မရှိဘူးတဲ့ .."

"ဟေ .."

ဦးအေးချို့ သဘောကျသွားသည်။ သမက်ဟောင်းလေးက

ကိုယ့်လိုလူမို့ ကျေနပ်သွားခြင်း ဖြစ်သည်။ ဒါမှမဟုတ် နိုင်ငံခြာ

အနေများသလို ဖြစ်လာပြီး ကိုယ့်အိမ် ကိုယ့်မိသားစုအပေါ် တန်ဖိုး

ရမှန်း ပိုသိလာတာလား ..၊

ဒေါ်ချို့မြလွင် ကိုယ်တိုင် စိတ်ပူနေသည့်ကြားက ပြုံးလို

သည်။

"အပြင်မှာ စားချင်ရင် အပြင်ရောက်မှ စားတဲ့ ..၊ မိသားစု

ဖက်စ်ကို ထားပြီး ထွက်မသွားရဘူးတဲ့ ..၊ ဖေဖေ့အကြောင်း

သိပါတယ် ဘွားရာ .. တီတီတာ က ခေါ်လည်း ဘရေ့ဖက်စ်အတွ

ဖေဖေက လိုက်မှာ မဟုတ်ဘူး .."

"ဟုတ်ပါပြီရှင် .. ဒါဆိုရင် မြေးက .."





"ဒုန်း .."

"ဟဲ့ .."

"ဒုန်း .. ဒုန်း .."

"ဟာ!... နောက်က .."

"စတိုခန်းဘက်က ထင်တယ် .."

သုံးယောက် မတ်တတ်ရပ်နေရာကနေ အပြေးအလွှား သွားမိကြ

လျှင် တံခါးကို အထဲက ထုနေတာမှန်း သိလိုက်သဖြင့် အခန်းရှေ့

ရောက်မှ ခြေလှမ်းတွေ ရပ်သွားကြ၏။

သော့ခတ်ထားတာမို့ အလက်ာ က ရုတ်တရက် ဖွင့်မပေးနိုင်..၊

ဒေါ်ချို့မြလွင် နဲ့ ဦးအေးချို့ တို့ မျက်လုံးတွေ အဝိုင်းသားနှင့်

တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

ဒီထဲမှာ ရှိနေတာ ဆောင်းဦးနိုက် နဲ့ သာယာချို့ ဆိုလျှင် ..၊

www.burmeseclassic.com



## အခန်း (၁၃)

"ဘာမှ ရှင်းပြစရာ မရှိပါဘူး အန်တီ .. ဒီအနေအထားမျိုးနဲ့ ကျွန်တော်တို့ ရှိနေမိတဲ့အတွက် အန်တီနဲ့ ဦးကို ကျွန်တော်ကပဲ တောင်းပန်ရမှာပါ ..၊ ပြီးတော့ သာသာ့ ကို .."

စကားသံသည် တုံ့ဆိုင်းသွားခဲ့ပြီး မျက်နှာငုံ့နေလျက် ...

"သာသာ့ ကို ကျွန်တော် လက်ထပ်ပါရစေ .."

မဖြစ်နိုင် ...၊

ဒေါ်ချို့မြလွင် ဆောင်းဦးခိုက် ကို စေ့စေ့ကြည့်ရင်း ခေါင်းခါလိုက်မိသည်။ ဒါ ဘယ်လိုမှ တကယ်မဟုတ်နိုင်မှန်း စိတ်ထဲက အလိုလို သိနေသည်။

နှစ်ယောက်စလုံး စတိုခန်းထဲ ရောက်နေခဲ့သည့် အဖြစ်မှန်ကို မသိပေမယ့် ဒါ တစ်ခုခုတော့ မှားနေပြီဆိုတာ သေချာသည်။ ပို၍ သေချာတာက ဒီမှားယွင်းမှုဟာ ကိုယ့်သမီးဘက်က တစ်ခုခုလား ..၊





"အန်တီ တစ်ခုပြောမယ် သား .. သမီးနဲ့ လက်ထပ်ပေးဖို့ အန်တီ ... စပြီး တောင်းဆိုခဲ့ဖူးတယ် ..၊ ဟိုအရင်တည်းက အိမ်နီးချင်းတွေ ...ခဲ့သလို သမီးရဲ့ခဲအိုပေမယ့် အစ်ကိုဆိုလည်း ဟုတ် .. သူငယ်ချင်းဆို ...ည်း ဟုတ်ခဲ့တာတွေကြောင့် မြေးလေးရယ် .. သားနဲ့ သမီးငယ်ရယ်.. ...ယောက်ကို မကွဲကွာစေချင်တာလည်း ပါခဲ့ပါတယ် ..၊ ဒါပေမယ့်.."

"ဟုတ်တယ် ဆောင်းဦးခိုက် .. မင်း ပြောခဲ့သလိုပေါ့ .. ခုကိစ္စက ...ထောင်ရေး ဖြစ်နေတယ် ..၊ မင်းရဲ့ ရှေ့ဆက်ရမယ့် အနာဂတ် ...ွက် မင်း ဘယ်လောက် မျှော်မှန်းထားခဲ့သလဲဆိုတာလည်း ဦးတို့က ...ခဲ့ပြီးပြီဆိုတော့ မျက်နှာပူစရာတွေ .. အားနာတာတွေနဲ့တော့ မဆုံး ...ပါနဲ့ .."

"ဦးက ကျွန်တော် ပြောခဲ့ဖူးတာကိုများ စိတ်ထဲမှာ ခုခံနေခဲ့တာ ...သား ..၊ ကျွန်တော် ပြောခဲ့တာက .."

"မဟုတ်ဘူး .. မဟုတ်ဘူး .."

အားလုံး ထိုင်နေကြသည့်ထဲမှာ ဦးအေးချို က ခုကျမှ လက်ကာ ...င်း ရှေ့မှာ ဝင်ထိုင်လိုက်ကာ ...

"တို့တွေက မိသားစုပါ .. ဒီလိုတွေ ပြောနေကြရမယ့်လူတွေ ...တ်ဘူး ..၊ မိသားစုမို့ မိသားစုစကား ပြောရရင် ဒီမနက်အဖြစ်ကို ...ြားသူစိမ်း တစ်ယောက်တလေမှလည်း မသိခဲ့ကြဘူး .."

"ဦး .."

ဆောင်းဦးခိုက် မျက်နှာမှာ စိုးရိမ်ခြင်းတွေ ဖြစ်နေလျက် ...

"ကျွန်တော်က ပတ်ဝန်းကျင် အပြောလွတ်ချင်လို့ တောင်းဆိုနေ ... မဟုတ်ပါဘူး ..၊ ဒါကို ဘယ်သူ သိသိ .. မသိသိ သာသာ့ အတွက် ...ားကြီး နစ်နာခဲ့တာကို ကျွန်တော် မသိသလို နေရမှာလား .."

"ဒီလိုရှိတယ် သားရဲ့ .."

ဒေါ်ချို့မြလွင် မျက်နှာမကောင်းရှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စဟာ ကိုယ့်သမီးဘက်က တစ်ခုခု ချွတ်ချော်တိမ်းစောင်း ကြောင့်ဆိုလျှင် ကာကွယ်ပေးချင်ရဲ့သက်သက်နှင့် ဝတ္တရားကျေ တည် ဆောက်ဖို့ဖြစ်လာတဲ့ အိမ်ထောင်ရေးကို ခွင့်မပြုနိုင် ..။

သမီးကြီးလိုမျိုး သမီးငယ်ရဲ့ဘဝကို ပျော်ရွှင်ဖွယ်မရှိသော အေ စက်စက် အိမ်ထောင်ရေးဘဝထဲကို နောက်ထပ်ထည့်ဖို့ စိတ်မကူးတော ဘူးဆိုတာလည်း သူမတို့ ဆုံးဖြတ်ခဲ့ပြီးသားပါ။

"ရှင်းရှင်းပြောရရင် သားရယ် .. အိမ်ထောင်ရေးကို ဖြစ်သင့်တာ တွေ .. မဖြစ်သင့်တာတွေကြောင့် ထပ်ပြီး မတည်ဆောက်စေချင်တော့ တာ ..၊ အိမ်ထောင်တစ်ခု ပြိုကွဲရခြင်း .. နိုင်မြဲကြခြင်းတွေမှာ ဖြစ်သင့် တာတွေချည်း ရွေးချယ်စီမံလိုက်တိုင်း တစ်သက်လုံး အေးချမ်းသာယာ သွားမှာ မဟုတ်ဘူးဆိုတာ သား ပြောသွားလို့ သတိထားမိခဲ့တာ မှန်ပေ မယ့် သား ထင်သလို မကျေနပ်စိတ်နဲ့ ခုခံ ကျွန်ခဲ့တာမျိုး မဟုတ်ပါဘူး

ဦးအေးချို က တည်ကြည်နေသည့်မျက်နှာနှင့် ဇနီးသည်ပြောတာ ကို ခေါင်းညိတ် ထောက်ခံနေ၏။ အိမ်မှာ အကူမိန်းကလေးနှစ်ယောက် ရှိနေပေမယ့် နှစ်ယောက်စလုံး တောပိုင်းကမို့ တစ်နှစ်တစ်ခါ အလည် ပြန်သွားကြပြီဆို အနည်းဆုံး ဆယ်ရက်တော့ ခွင့်ပေးရသည်။

ပြဿနာဖြစ်ရတာက မိန်းကလေးနှစ်ယောက်စလုံး အိမ်မှာ မနေသည့်အချိန် ဖြစ်နေ၏။

ထို့ကြောင့် ဒါကို အကြီးအကျယ် အရှက်ကွဲ သိက္ခာကျရမည့် အဖြစ်တစ်ခုလို မမြင်ဘဲ ...

"အန်တီတို့ဘက်က ကျွန်တော် ပြောခဲ့တာအပေါ်မှာ မကျေန စိတ် မဖြစ်ခဲ့ဘူးဆိုရင် သာသာ့ ကို ကျွန်တော် လက်ထပ်ဖို့အတွက် ခွင့်ပြုပေးပါ .."

ဒေါ်ချိုမြလွင် အကြည့်တွေ ဦးအေးချို ထံ ရောက်သွား၏ ဦးအေးချို က ခေါင်းခါရင်း ပြုံးပြသည်။





"မင်းရဲ့ တာဝန်ယူတတ်တဲ့ မြင့်မြတ်တဲ့ စိတ်ရင်းစေတနာကို ဦးဘ လေးစားပါတယ် ..၊ နောက်ထပ် ယုံကြည်တာက မဖွယ်မရာဖြစ် ခဲ့မျိုးလို့ ဆိုရမှာပေမယ့် အကြောင်းရင်းမှာ မင်း ဒီလိုလူမျိုး မဟုတ် ဘူးဆိုတာ ဦးတို့ လုံးဝ ယုံကြည်တယ် .."

"ဟုတ်တယ် .. သမီးငယ်လည်း ရှင်းပြပြီးပြီ .. အန်တီတို့က ကိုယ့်သားသမီးတွေကိုမှ မယုံကြည်ရရင် ဘယ်သူ့ကို ယုံကြည်ရမှာလဲ"

ဆောင်းဦးခိုက် ခေါင်းခါမိသည်။ တကယ့် အကြောင်းရင်းကို သာသာ ရှင်းမပြရဲဘူးဆိုတာ သူ သိသည်။ တစ်ညလုံး သူမ တောင်းဆို ခဲ့တာက ကင်မရာတပ်ခဲ့မိသည့်အဖြစ်ကို ဖွင့်မပြောလိုက်ဖို့ ..၊

ဒါကို မပြောဘဲ လူကြီးတွေ သဘောရှင်းသွားစေအောင် ရှင်းပြဖို့ လုံတဲ့အကြောင်းရင်းက ဘယ်မှာလဲ ..၊ ထို့ကြောင့် အကြောင်းရင်း ဟာ လူကြီးတွေကိုယ်တိုင်က သာသာ့ ကို သူနဲ့ လက်ထပ်မပေး ဖို့ ဆုံးဖြတ်ထားခဲ့ခြင်းသာဖြစ်ဖို့ ရှိလျက် ...

"ကျွန်တော့်ကို ယုံကြည်တယ်ဆိုရင် ဒီယုံကြည်မှုကို ကျွန်တော် လည်း တန်ဖိုးထားပြီး ထိန်းသိမ်းရမှာပါ အန်တီ .. ဘေးလူ သိတာ သိတာထက် မိန်းမပျိုလေးတစ်ယောက်နဲ့ ကျွန်တော် တစ်ညလုံး အတူရှိနေခဲ့တဲ့အဖြစ်က ယုံကြည်ပါတယ်ဆိုတဲ့ စကားတစ်ခွန်းကြောင့် ပျောက်ပျက်သွားမှာလည်း မဟုတ်ဘူး ..၊ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ဖော်ပြသန့်သန့် ရပ်တည်သွားပါရစေ .."

"သားကို .."

"ကျွန်တော့်ကို ယုံကြည်တယ်ဆိုရင် သာသာ့ ကို လက်ထပ်ခွင့် ပြုပါ ..၊ သူနဲ့ ကျွန်တော့်အတွက် သာယာတဲ့အိမ်ထောင်ရေး ဖြစ်လာ အောင် ကျွန်တော့်ဘက်က ကြိုးစားသွားပါ့မယ်လို့ ကတိပေးပါတယ်"

ဆောင်းဦးခိုက် က ကတိတွေ ပေးခဲ့ပေမယ့် သာသာ က လက် ခံ ..။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို အဲဒီလိုပြောတိုင်း မေမေက ခေါင်းညိတ်လိုက်တာလား သာသာ တို့ ဘာမှ .."

"ဘာမှဖြစ်တာ မဖြစ်တာက အဲဒီ တစ်ညမှာ ဘာတွေ ဖြစ်ခဲ့ သလဲဆိုတဲ့ ခန့်မှန်းခြေတွေကို ဖြေရှင်းဖို့အတွက် တိကျတဲ့အ မဟုတ်ဘူး သမီး ..၊ ဆောင်းဦးခိုက် ပြောသွားတာ အဲ့ဒါပဲ .. ဘယ် ယုံယုံ မယုံယုံ မဖြစ်သင့်တဲ့ အနေအထားကြီးကို ဒီတိုင်းထားလိုက်ဖို့ ခက်တယ် .."

"မေမေ .. ကိုကိုက .."

"ပြော .. ဘာဖြစ်လို့လဲ .."

"သမီးနဲ့ ကိုကို မဖြစ်နိုင်ဘူး မေမေ .. ကိုကို့ကို သမီး ကို အစ်ကိုလိုပဲ .."

"အစ်ကို မဟုတ်တာကို မေ့တတ်နေသရွေ့ ဒီလိုပြဿနာ ထပ်ရှိနိုင်သေးတယ် သာသာ .. သမီး ငြင်းဖို့ လုံးဝ စိတ်မကူးနဲ့တော့ အဲဒီထဲကို ဘာရှာလို့ ရောက်နေတာပဲဖြစ်ဖြစ် .. သမီးတို့အရွယ်တွေ ဒီလိုပုံစံမျိုးနဲ့ အတူရှိမနေသင့်တော့တဲ့ အရွယ်တွေ .."

"မဟုတ်ဘူး .."

ခေါင်းသာ ခါနေမိပြီး ဘာမှလည်း ရှင်းအောင် မပြောနိုင်။ ဒါ မယ့် ဦးဒေဝတာကြီး နဲ့ ပတ်သက်တဲ့ ပြဿနာတွေကို ပြောပြတော့ ဒီအဖြစ်က လွတ်မြောက်သွားမှာမို့လို့လား ..။

"မပြောနဲ့တော့ သမီး .. ဖြစ်လာတာကို မသိချင်ဘူး .. ဖြစ် တာကိုပဲကြည့်ပြီး အလုပ်သင့်ဆုံးကို လုပ်ရမှာ ..၊ သမီးလည်း က ဆန်နေပေမယ့် အိမ်ထောင်ပြုသင့်တဲ့အရွယ်ပါကွယ် ..၊ မေမေတို့ မျက်နှာငယ် အရှက်ရအောင် မလုပ်ပါနဲ့ .. ဆောင်းဦးခိုက် က သမီး သင့်တော်သလို မေမေတို့ မိသားစုနဲ့ ကွဲကွာပြတ်တောက်မသွားသင့် သူ .."





"မမနဲ့တုန်းကလည်း သူ မချစ်ဘဲ လက်ခံခဲ့တာ မဟုတ်ဘူးလား မေမေ .."

"ညည်းအစ်မကရော ဘာထူးလို့လဲ .. မိန်းကလေးဖြစ်ပြီး အိမ် ထောင်ရေးခိုင်မြဲအောင် ကိုယ့်ဘက်က ကြိုးစားရမှာကို သူငယ်ချင်းစိတ် ကို မဖျောက်နိုင်ဘူး .."

"သာသာ တို့ကလည်း မောင်နှမလို နေလာတာကို ဘယ်လိုလုပ် ချောက်ရမှာလဲ .."

"သမီးကြီးက အစတည်းက ပညာမာန ရှိတယ် .. သူငယ်ချင်းမို့ မာနပြိုင်ပြီး နေခဲ့တာ ..၊ သမီးက အရင်တည်းက ဆိုးနွဲ့နဲ့တဲ့နေရာမှာပဲ ရှိခဲ့တာ .. သမီးကြီးနဲ့ သမီးငယ် တစ်ပုံစံတည်း ဖြစ်လာမှာ မဟုတ်ဘူး လို့ မေမေ ထင်တယ် .."

သာသာ့ မျက်နှာလေး မကြည်မသာ ဖြစ်နေ၏။ ပြီးတော့ အမြဲ ဘမ်း အပြစ်ဖို့ ဆူပူနေတတ်သော ဆောင်းဦးခိုက် မျက်နှာကို မြင် ယောင်မိသည်။

သူ့မအပေါ်မှာ ကိုကို့ဘက်က မရိုးသားစိတ် မရှိဘူးဆိုတာ သူမ သိနေသည်။

ဒီကိစ္စကြောင့် လက်ထပ်ယူလိုက်ရသည့်အဖြစ်ကို ကိုကို ကျေနပ် နေမလား ..၊

လက်ထပ်ပြီးမှ ဒါကိုပဲ တစ်နေ့ အခါသုံးဆယ်လောက် တူးဖော် ပြောဆိုနေခဲ့လျှင် ..၊

"ဘာမှ စိုးရိမ်မနေနဲ့ သမီး .. ဆောင်းဦးခိုက် ကို အစ်ကိုလိုမျိုး သေးစားလာခဲ့တဲ့စိတ်နဲ့ အိမ်ထောင်သည်အဖြစ်ကို သမီး ကြောက်နေ ဘာ .."

"မဟုတ်ဘူး မေမေ .. ကိုကိုနဲ့ သာသာ ဘာမှ ပြောင်းလဲခဲ့ကြတာ မဟုတ်ဘဲနဲ့ ချက်ချင်းကြီး .. အဲ့ဒါ လုံးဝကို မဖြစ်နိုင်ဘူး .. သာသာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှက်တယ် ..."

"ဘာကိုလဲ .."

"မမယောက်ျားနဲ့ .."

"နှစ်တွေ ဘယ်လောက်ကြာပြီလဲ သမီးရယ် .. သမီးတို့လေး အသက်ကိုလည်း တွက်ကြည့်ပါဦး ..၊ ခုချိန်ထိ ဆောင်းဦးခိုက် က တည်ကြည်တယ် .. ကြိုးစားတယ် .."

"အဲဒီဂုဏ်သတင်းတွေ ကြီးနေလို့ ခက်တာ ..၊ သူ့ကို သူနဲ့ နီးစပ်တဲ့ ပညာတတ် လူကုံထံအမျိုးသမီးတွေ အားလုံးက သဘောကျနေကြတာ .."

"ဟဲ့ .. ရောက်တာဖြင့် မကြာသေးဘူး .. ဟုတ်ရဲ့လား .."

"ဟုတ်တယ် .. မျက်စိရှေ့ ရောက်လာသမျှ မြင်ရတာတော့ အဲဒီ အတိုင်းချည်းပဲ ..၊ သာသာ က ခုမှ ဘွဲ့တောင် မရသေးဘူး .. ပြီးတော့ အစတည်းက လူကို ဆူဟယ် မာန်ဟယ်နဲ့ နေလာခဲ့တာ ..၊ လက်ထပ် လိုက်ကြရင် .. ဟာ!... မဖြစ်ဘူး .. မလုပ်ပါနဲ့ မေမေရယ် ..၊ ဒီလို အနေအထိုင်မှားလို့ လက်ထပ်လိုက်ကြရတဲ့အဖြစ်တွေက ရှိနေပါပြီ၊ ဘယ်အိမ်ထောင်ရေး အဆင်ပြေခဲ့လို့လဲ .."

"အမလေး ပြောနေပြန်ပြီ .. ခုကျမှ မိန်းမကြီးလေသံနဲ့ .."

ဒေါ်ချိုမြလွင် လည်ပင်းပွတ်ကာ နေရာမှ ထရပ်လိုက်မိသည်။ အိပ်ခန်းထဲမှာ လမ်းလျှောက်ရင်း စားပွဲနားမှာ ရပ်ပြီး ငုံ့ကြည့်လိုက်တော့ ကွန်ပျူတာက ပွင့်လျက်သား ..၊

ပွင့်တာ မပွင့်တာထက် စိတ်ဝင်စားလို့ မဟုတ်ဘဲ စိတ်နဲ့လူက မကပ်သလိုဖြစ်ကာ ကွန်ပျူတာကိုပဲ ငုံ့ကြည့်ပြီး ရှုးစိုက် ငိုင်တွေနေမိစဉ် သာသာ ဖျတ်ခနဲ ထလာပြီး သိမ်းပစ်လိုက်၏။

ကိုယ့်ဘာသာ လူမိမှာစိုးလို့ လှုပ်ရှားလိုက်ပေမယ့် ဒေါ်ချိုမြလွင် က အမှတ်တမဲ့ ..၊





"သမီးကြီးနဲ့ လူကြီးမိဘ သဘောတူ .. တခမ်းတနား လက်ထပ် ...နှုန်းကလည်း အဆင်မပြေခဲ့တာမှ မဟုတ်ဘဲ ..၊ ဘာပဲဖြစ်ဖြစ်.. ...လေးတွေ အိမ်ထောင်ပြုကြတာ ကံတရားနဲ့လည်း ဆိုင်သေး ... သမီးတို့ကို လောလောဆယ် စေ့စပ်ပေးထားမယ် .. သူလည်း ...ဦနဲ့ မျက်နှာဆိုင်ရဲအောင်ပေါ့ .. လက်ထပ်ဖို့ကတော့ သမီးဘက် ...ဆုံး အဆင်ပြေအောင် ကြိုးစားမယ့်အချိန်ကို သတ်မှတ်ပေး .. အဲဒါက အကန့်အသတ်မဲ့ပေမယ့် သမီး အနေအထိုင်ပေါ်မှာ ...တယ် .. မနက်ဖြန် သန်ဘက်ခါ လက်ထပ်ပေးလိုက်ရတာမျိုး ရှိလာနိုင်တယ်ဆိုတော့ .."

"တော်ပါပြီ .. သာသာ သိပါပြီ မေမေရယ် .. တကယ်ပဲ ဒါလေး ...ဘာကို အကြီးအကျယ်တွေ ထပ်ဖြစ်ရမယ်မှန်း မသိလို့ .."

"ဘယ်လို!..."

"ဟုတ်တယ် .. ကြိုသာသိရင် တံခါးကို ညတွင်းချင်း မကျိုးကျိုး ...လုပ်ပြီး ရအောင် ထွက်မှာ .."

ဒေါ်ချိုမြလွင် ခေါင်းခါနေ၏။

...ဘလေးဆန်ပါတယ် ပြောရင်လည်း ပြောပြီးသားတွေပဲ အပ် ...ထပ်ဦးမှာပါ ..။

...ဘာစကားဖြစ်ဖြစ် ဒီမိန်းကလေး ပြောလိုက်ရင် ပေါ့ပေါ့ပါးပါး..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

“ဇွဲစပ်ပွဲဆိုပေမယ့် အကြီးအကျယ်ပဲနော် ကိုဆောင်း ..”

“ဟုတ်တယ် .. သတင်းမကြား .. ဘာမကြားနဲ့ဗျာ ..”

“စော တို့ကတော့ တွက်မိပြီးသားပါ ..၊ အဲဒါကြောင့် ကိုဆော
ကို ဟိုလူ ဒီလူနဲ့ စနောက်နေကြတာတောင်မှ စော က မစဘဲ ငြိ
တာ ..”

“ဟုတ်လား စောသီရိ .. ပြောပါဦး ဘာတွေ တွက်မိထားတာ

စောသီရိ က ရယ်နေပြီး ပြောရမလားဆိုသည့် အကြည့်တွေ
ဆောင်းဦးခိုက် ကို ‘စ’နေသည်။ ဇွဲစပ်ပွဲက ပြီးခဲ့ပါပြီ .. သူတို့ ရ
တွေချည်း ဟိုတယ်လ်မှာ သပ်သပ် ညှော်ခံကျွေးမွေးဖို့ စီစဉ်ထာ
ဖြစ်၏။

ဆောင်းဦးခိုက် က မီးခိုးရောင်ဝတ်စုံပေါ်မှာ ကုတ်အင်္ကျီအနေ
ဖြစ်ကာ ဖြူဝင်းသောမျက်နှာသည် ရှိန်းမြနေသော ပါးမြိုင်းမွေးတွေ
ခပ်ရိုပ်ရိုပ်ဆင်းလျက် ကြည့်လို့ ကောင်းနေသည်။





ဆိုချက်နှာပေါ်မှာ စိတ်ကူး ရဲ့မျက်ဝန်းလေးတွေ မကြာခဏ ဇွေဝဲ
တ်တာ လွှမ်းဝေ့တို့နှင့် မျက်လွှာချပစ်တာအထိ စောသီရိ က
တ်နေခဲ့၏။

II သင်တန်းကျောင်းကြီး တစ်ခုလုံးကို ကိုယ်ပိုင် ဦးစီးဖွင့်လှစ်
ချာပိုင်ဆရာတွေနှင့် ဌာနမှူးတွေအားလုံး၏ အထင်ကြီး လေး
းကို ရယူနိုင်ခဲ့သည့် ဆောင်းဦးခိုက် ၏ ပညာဂုဏ်တွေ ..၊
ဆောက်ပြားပီသ ခန့်ညားသည့် စိတ်ဓာတ်အရည်အချင်းတွေက
အျိုးသမီးတို့၏စိတ်ကို ဆွဲဆောင်နိုင်ခဲ့တာ ဖြစ်သည်။
ဒါပေမယ့် နီးစပ်လာခဲ့ကြသည့် မိတ်ဆွေအသိုင်းအဝိုင်းထဲမှာ
ဦးခိုက် နဲ့ ဘယ်သူ နီးစပ်နိုင်မလဲဆိုတာ သူ့ထက်ငါ တိတ်တခိုး
င့်နေခဲ့ကြတုန်း ..၊
ခွဲက မစရသေးဘဲ အဆုံးသတ်သွားခဲ့သည်မို့ ...

“လုပ်လေ .. စပြီးတော့ ဆုံးအောင် ပြောမှပေါ့ ..”

“အဟွန်း .. ပြောတော့ ပြောမလို့ဟာ .. ကိုဆောင်း မျက်နှာ
ကြည့်ရသေးတယ်လေ ..”

ဆောင်းဦးခိုက် က ရယ်နေရင်း ကိုင်ထားသည့်ဖန်ခွက်ကို ချထား
တာ ...

“မကြည့်ပါနဲ့ ပြောပါ ..၊ စိတ်ဆိုးစရာ ပါတော့လည်း ဒီဝိုင်းကြီး
းခဲ့ပြီး ထထွက်သွားတာလောက်ပဲ ..”

“ဟာ .. ဒါ ဖြစ်နိုင်တယ်နော် .. ဒေါ်စောသီရိ အပြောအဆို
င်ရမှာ သတိထား ..”

ားသောက်နေရင်း ရယ်နေကြရသည်။

စိတ်ကူး နဲ့ ဟူမြေ့ တို့ကတော့ ရယ်မလို ပြုံးမလိုနှင့် မျက်လွှာ
ကြတာပဲ များကာ ဟန်ဆောင် ပန်ဆောင်လေးတောင် မရယ်နိုင်
..



www.burmeseclassic.com

www.burmeseclassic.com



"သြော် .. မကောင်းရာ မကောင်းကြောင်းတော့ မပါပါဘူး
သာယာချို့ က အရမ်းလှတာလေ .. သူ့လို အလှမျိုးကို သူနဲ့ ရွယ်
တန်းတူ မိန်းကလေးတွေထဲမှာလည်း သိပ်မရှိနိုင်ဘူး ..၊ အမျိုးသမီး
တွေဆို ပိုဆိုးပြီ .."

စိတ်ကူး နဲ့ ထွေးမြွေ မျက်လုံးတွေ ဖျတ်ခနဲ ဝင့်တက်လာ၏။
သီရိ က သူမသာ အသက်အကြီးဆုံးဖြစ်သည့်အတိုင်း ရိုးသားစွာ
သည့်အပြုံးနှင့် ...

"ဒီလောက် လတ်ဆတ်နုပျိုတဲ့အလှလေးက အရမ်းလည်း က
ဆန်တာ သိသာတယ် ..၊ ကိုဆောင်း ရဲ့အိမ်ထောင်ရေးကို ဆ
တွေးကြည့်လေ .. ဘယ်လောက် ရင်ခုန်ဖို့ကောင်းသလဲ .."

"အင်း .. ဒါက ဟုတ်တယ် .."

"ဟာ .. ဆိုးလွန်းရင်လည်း သည်းခံရတာ အောင့်သက်သက်
နော် .."

"ဆရာဟန် ကတော့ လုပ်ပြီ .. ခင်ဗျားရဲ့လေဒီကြီးနဲ့ နမူနာ
မလို့လား ..၊ ကျွန်တော့်အမြင် ပြောရရင်တော့ ကိုဆောင်း အတွ
သည်းခံရကျိုးနပ်မယ့်ပုံပါ .."

"ဟုတ်တယ် ဆရာဦး ပြောတာ မှန်တယ် .. ဂျာဗားကိုမြင့်
ပါလား .. 'ကိုမြင့် ရေ ..' ဆိုရင် 'ရေ'ပါပြီးသားပဲ ..၊ သူ့ မဒီလေ
အဲဒီလို ရေတိုက်ချင်စရာလေးဆိုတော့ .."

"ဘာလဲ .. ခင်ဗျားတို့က ကျွန်တော့် ချစ်ဇနီးလေးကို မလှဘူး
ပြောလိုက်တာလား .."

"မဟုတ်ပါဘူး .. မချောတာလေးပဲ ရှိတာကို .."

ဝိုင်းရယ်ကြတော့ ဆရာ ကိုဟန်ဝင်း က ခေါင်းတညိတ်ညိတ်
လိုက်ရယ်ရှာသည်။

"ဒီထဲမှာ ကျွန်တော်တို့သူငယ်ချင်းက အားလုံးထက် ငယ်တယ်လေ





ငယ်တာ ပညာထည်တယ် .. သူ့ဘုန်း သူ့ကံတိုင်း ရတဲ့ ဇနီး
လေးကို ကြည့်လိုက် .."

"ဟုတ်ပါတယ် .. အဲ့ဒါကြောင့် ဒေါ်စောသီရိ ကို ဆက်ပြောပါလို့
နေတာပါ .."

"ဟုတ်ရဲ့လား မချိုပြုံးကြီးနဲ့ .."

"မချိုပြုံးဆိုတာ ဘယ်လိုဟာတုန်း .."

"နေဦး .. ခင်ဗျားအပြုံးကို ဓာတ်ပုံရိုက်လိုက်ဦးမယ် .."

တစ်ယောက်က ဓာတ်ပုံရိုက်ဖို့ ဖုန်းထုတ်လိုက်၏။ တစ်ယောက်
တ်ကို ဖယ်ပစ်လိုက်သည်။

ဆရာဟန်ဝင်း ကိုပဲ 'စ'နေကြကာ ဇနီးက ဒီလောက် ရုပ်ဆိုးတာ
မဟုတ်ဘဲ ...

"အဲ့ဒါကြောင့် ပြောတာ .. ကိုဆောင်း ဆိုရင် ကလေးဆန်ပြီး
လှတဲ့ မိန်းကလေးနဲ့လေ .. ပြီးတော့ သားလေးကလည်း သူ့ကို
ဘွားထက်တောင် ချစ်နေသေးတယ် ..၊ ကဲ .. ဒီထက် ပြီးပြည့်စုံ
ဘာရှိသေးလဲ .."

"ဒါပေမယ့် နေ့စဉ်ပွဲမှာ ကိုဆောင်း နဲ့ သာသာ့ ကို တွဲလျက်
တစ်ခါမှ မမြင်ခဲ့ဘူးနော် .. လူကြီးချင်း သဘောတူခဲ့တာပဲလား.."

စိတ်ကူး က စိတ်ဝင်စားဆုံးကျမှ ဝင်မေးသည်။ ထွေးမြွေ ကလည်း
သိချင်တာလေးဆိုတော့ မျက်နှာလေး မော့လာပြီး နားစွင့်နေ၏။

"ဒါဆိုရင်တော့ အဲဒီလူကြီးတွေကို ကိုဆောင်း တစ်သက်လုံး
ဆပ်သွားသင့်တယ်နော် .. ကိုယ် ဘာမှမပင်ပန်းရဘဲ ဒီလောက်
လေးကို ရလိုက်တာ .."

"အဟွန်း .."

ဆေးခွန်းတွေ ထွက်လာပေမယ့် သူတို့ဘာသာပဲ မေးနေ ဖြေနေကြ
ဆောင်းဦးခိုက် က ဘာမှ ဝင်မပြောဘဲ နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ဆရာရဲ့ .. ကူး က အကြံပေးမလို့ပါ .. ထက် အသက်ငယ်ပြီး အရမ်းလည်း လှပေမယ့် တစ်ယော တစ်ယောက် မချစ်ကြရင်လည်း အိမ်ထောင်ရေးက ထင်သလို ဖြ မှာ မဟုတ်ဘူးလေ .. ကူး တို့ရဲ့ ဒက်ဒီနဲ့ မာမီဆို ကူး နဲ့ ကို မွေးပြီးတာနဲ့ ကွဲလိုက် ပေါင်းလိုက် ဖြစ်နေခဲ့ကြတာ ..၊ အခု အ တွေကြီးမှပဲ မြဲကြတာ .. ဒါပေမယ့် မျက်နှာချင်းမဆိုင်ဘဲ နေကြ လေ .. အဟွန်း .. ဟွန်း .. မျက်နှာချင်းဆိုင်လိုက်တာနဲ့ စကား ကြတာပဲ .."

ရယ်သံတွေ မသိမသာ တိတ်သွားခဲ့သည်။ ဆောင်းဦးခိုင် စိတ်ကူး ပြောတာကို ခေါင်းညိတ်၍ ...

"စကားများကြရမှာတော့ သေချာတယ် .. ခုတည်းက ဘာလုပ်လုပ် ကိုယ်က လိုက်ပြော .. သူက မကြိုက်တော့ ရှုံ့မဲ့ည နဲ့ စကားကောင်း ပြောမိကြတယ်လို့ကို မရှိဘူး .."

"ဟုတ်လား .. ဒါဆို ဘယ်လိုများ ချစ်မိကြတာလဲ .."

"ကျွန်တော်ကပဲ တောင်းယူရတာ .."

"ဟုတ်လား .. သာယာချို့က ကလေးဆန်သလိုလိုနဲ့ မိဘ တော့ နားထောင်သားပဲ .."

ထူးနွေ က ရှေ့ဆက်မေးဖို့အတွက် ခြေဆင်းလေး ဝင်လိုက်

"သူက ဆိုးတာ မဟုတ်ပါဘူး .. သားကို ထိန်းနေရင်းနဲ့ အ အလိုလိုက်လွန်းတော့ သူပါ ကလေးဖြစ်နေရတာပေါ့ .."

"ဒါနဲ့ တစ်ခုတော့ မေးမယ်ဗျာ .. ကိုဆောင်း နဲ့ သူ့အစ်မတို့ သူငယ်ချင်းတွေဆို .."

"မတည့်ကြတာကိုက သူငယ်ချင်းတွေမို့လို့ ထင်ပါတယ် .. ဖြစ်နေရတာမျိုးလည်း မဟုတ်ဘူးလေ .."

"သူ ဆိုးသွားတဲ့အထိပေါ့ .."





"အဲလိုတော့ မဟုတ်ဘူး .. ဒါပေမယ့် သာသာ့ ကျတော့ ဟိုအရင် က မျက်စိထဲမှာ ကိုယ့်ညီမလေးလို သဘောထားပြီး အလိုလိုက်ခဲ့ ..၊ သူက ငယ်ပေမယ့် ကျွန်တော်တို့ သုံးယောက် သူငယ်ချင်းတွေ ..၊ အငယ်ဆုံးဆိုတဲ့အသိနဲ့ ကျွန်တော်တို့ရဲ့ အလိုလိုက်စာရင်းထဲ သည့်ထားခဲ့တာလေ .."

"ဒါဆို ဘာများ မသင့်မြတ်ဖို့ ရှိလို့လဲ ..၊ စကားထဲမှာကိုက ဆောင်း ဘက်က အလိုလိုက် အလျှော့ပေးဖို့တွေ အဆင်သင့် ဖြစ် တာ အသိသာကြီး .."

"အေးလေ .. တွေ့လား .. သူ့အကြောင်းလေး ပြောနေရရင်ဆိုတဲ့ တွေနဲ့ မျက်နှာမှာ .."

"ဟား .. ဟား .. ဟား .. ဟား ..."

"လက်ထပ်ပွဲကြီး မြန်မြန် ကျင်းပနိုင်ပြီး ရာသက်ပန် ပျော်ရွှင် မှုမှာ လက်တွဲနိုင်ကြပါစေဗျား .."

ချစ်ပွဲနဲ့ သာသာ နဲ့ သူ့ရဲ့အခြေအနေကို လူတွေ ရှုပ်ထွေးစွာ အောင် သူ အတတ်နိုင်ဆုံး ပြောပြနေခဲ့မိသည်။

စိတ်ထဲမှာ တကယ်ပဲ ဒီတိုင်း ရှိနေသလား .. မရှိဘူးလားဆိုတာ တော့ မသေချာ ..၊ ဒါပေမယ့် သူ ဆုံးဖြတ်ထားခဲ့ပါသည်။

သာသာ နဲ့ ထူထောင်မယ့်အိမ်ထောင်ရေးအတွက် သူ အကောင်း ဖန်တီး တည်ဆောက်ဖို့ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

"ကိုကို .."

ဒရင်းမ်ဘက်ဒ်ခင်း၍ ထိုင်မလို့ပဲ ရှိသေးသည် ..၊ သာသာ အလင်္ကာ က အခန်းရှေ့မှာ ..၊

"ဒီမှာ ကိုကို ပတ်စ်ဝေါ့ဒ်တွေ ထည့်ထားတာလား .."

"ဟုတ်တယ် .."

ဒရင်းမ်ဘက်ဒ်မှာ မထိုင်ဖြစ်သေးဘဲ စားပွဲဆီ လျှောက်သွား[ေ]

သာသာ က လက်ပ်တော့ပ်ကို ပိုက်၍ ဦးဆောင် ဝင်လာ၏။

"ဖေဖေက သား‌ရဲ့ လက်ပ်တော့ပ်မှာရောပဲ .."

"အဲဒါ ဘာဖြစ်လဲ .."

"သားတို့ ဘာမှ လုပ်လို့ မရတော့ဘူး .."

"မလုပ်ရဘူး .. မလုပ်စေချင်လို့ တမင် ထည့်လိုက်တာ .. ဒီမှာ"

သူ နှစ်ယောက်စလုံးဘက်ကို လှည့်၍ ရပ်လိုက်ကာ ...

"ဒီနေ့ကစပြီး နောက်ထပ် ဖေဖေ ခွင့်မပြုမချင်း ဘယ်မှာ လက်ပ်တော့ပ် မသုံးရဘူး .."





ဘာကြောင့်ဆိုတာ သူတို့ မမေးတော့ပါ။ သို့သော် ...

"ကိုကို .."

စီးကရက်ဘူးနဲ့ မီးခြစ်ကို ကောက်ပြီးမှ ဆောင်းဦးနိုက် က ပြန်လှည့်ကြည့်၏။

"သာသာ က ပရော့ဂျက်အတွက် ပြင်ဆင်ထားတာတွေ ရှိတယ်.."

"အဲဒါတွေ ငါ သိတယ် .. အခု ပရော့ဂျက် မစသေးဘူးမို့လား.."

သာသာ မျက်နှာတည်တည်လေးနဲ့ ချာခနဲ ပြန်လှည့်၏။

"နေဦး .."

သူမ ခြေလှမ်းတုံ့သွားပြီးမှ အလင်္ကာ ကို ကြည့်၍ ...

"သား အပြင်ခဏထွက်ဦး.. ဖေဖေတို့ စကားပြောစရာ ရှိတယ်.."

အလင်္ကာ က သာသာ့ ကို မျက်လွှာလေးပင့်ကြည့်ပြီး တစ်ခုခု ပြောခဲ့ချင်သလို လုပ်နေသေးသည်။ ပြီးမှ ခေါင်းလေးတစ်ချက်ဖွပြီး ထွက်သွား၏။

"သာသာ ဒီဘက်ကို ပြန်လှည့် .."

လှည့်လာသည့် မျက်နှာလေးက နှုတ်ခမ်းစူလျက် ..၊ ပါးရိုးလေး တစ်ခြမ်းပေါ်မှာ ဆံစတချို့က ဖုံးကွယ်လုလု အိခွေ့ကျနေ၏။

ဆောင်းဦးနိုက် က သာသာ့ လက်ဖဝါးလေးကို သွားဆွဲ၍ စားပွဲ က ကုလားထိုင်မှာ ထိုင်ခိုင်းသည်။ သူက သူမရဲ့ဘေး စားပွဲစွန်းမှာ တင်ပါးလွှဲ ထိုင်ပြီးမှ ...

"စကားပြောနေရင် မပြီးသေးဘဲ မပြောမဆို လှည့်ထွက်သွားတာ မိုင်းနိုင်းတဲ့အပြုအမူပဲ .."

"သာသာ မှ ပြောစရာ မရှိတော့တာ .."

"မရှိရင် သွားတော့မယ်လို့ ပြောရတယ် .."

သာသာ့ မျက်ခုံးလေးတွေ တွန့်ကုတ်နေ၏။ သူ စီးကရက်မီးညှိဖို့ ထိုင်ပြီးမှ မညှိဖြစ်ဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



“သာသာ ..”

သူမ မျက်ဝန်းလေးတွေ သူ့ဘက်ကို ရွေ့လျား လှုပ်ရှားလာသည် အထိ သူ စောင့်နေပြီးမှ ...

“အခု မင်းနဲ့ ပတ်သက်သမျှ အားလုံး ငါနဲ့ တိုက်ရိုက် သက်ဆိုင် လာပြီ ..”

ပြောလိုက်ကာမှ သာသာ က ဖျတ်ခနဲ မော့ကြည့်သည်။ မျက်နှာ လေးက မှုန်ကုတ်ကုတ်နှင့် ...

“စေ့စပ်ခဲ့ရတာကို ပြောတာလား ကိုကို .. အဲဒီကိစ္စ ဖြစ်ရတာ သာသာ့ ကြောင့်ဆိုပြီး ကိုကို တင်းနေတာမို့လား ..၊ ဘာမှမလိုဘူးလို့ လည်း မေမေတို့က ပြောနေသားနဲ့ ကိုကို ဘာဖြစ်လို့ ..”

သာသာ အသက်ရှူပြင်းလာကာ စကားသံလေးပါ ပြတ်တောက် သွားသည်။

“ပြောလေ .. မင်း အဲဒီလို ပြောနေရတာ ပျော်သလား ..”

“ဒါ ပျော်စရာမှ မဟုတ်တာ ..”

“မဟုတ်ရင် နောက်ထပ် ဘယ်တော့မှ ထည့်မပြောနဲ့ ..၊ ဖြစ်ခဲ့ ကြတာတွေကို ထားလိုက် .. ဖြစ်လာဖို့ရှိတာတွေကို ပြောမယ် ..”

“ဒါပေမယ့် စေ့စပ်ခဲ့ရတာက ..”

“ငါ ပြောတာကို နားထောင်စမ်း သာသာ .. စေ့စပ်ခဲ့ရတဲ့ အကြောင်းတွေက ပြီးပြီ ..၊ အခု မင်းနဲ့ငါ စေ့စပ်ပြီးပြီ .. ဒါပဲ ..”

ဆောင်းဦးနိုက် မတ်တတ်ပြန်ရပ်လိုက်ကာ မီးခြစ်ကိုင်ထားသည့် လက်နဲ့ စားပွဲမှာထောက်၍ ပြန်ငုံ့ပြီး ...

“လောလောဆယ် မင်းဘက်မှာ လိုအပ်ချက်တွေ ရှိနေသေးတဲ့ အတွက် အဲဒါတွေကို မင်း ပြုပြင်ရမယ် ..”

သူ့မှာတော့ ပြည့်စုံနေတယ်ပေါ့ ..၊

စိတ်ထဲမှာ တင်းခနဲတော့ ဖြစ်မိသည်။





အစ်ကိုလို သဘောထားခဲ့တုန်းက ဆူလိုက်ငေါက်လိုက် ရှိလာ သွင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရတာတွေ ..၊ တစ်ခါတလေ မျက်ရည် လည်ပြီး လိုချင်တာကို ရအောင် တောင်းဆိုခဲ့ရတာတွေ ..။

ဘာပြဿနာတွေရှိရှိ မျက်ရည်ကျအောင်ပဲ ဆူဆူ ရင်ထဲမှာ ဘာ ဆိုဘာမျှ မကျန်ခဲ့ဘူးပါ ..။

ခုကျမှ မာနစိတ်လေး ဝင်လာခဲ့တာ ဘယ်လို ပြောင်းလဲမှုမျိုး လည်းတော့ မသိ ..၊ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်မိသလိုလို .. ချိုးဖဲ့ နှိမ်ချခံနေရသလိုလို ..။

“မင်း ရင်ထဲမှာ ငါ့အပေါ် ဘာတွေ မကြည်လင်တာ ရှိသလဲ ..၊ ဘာကို ဘယ်လိုဖြစ်စေချင်သလဲဆိုတာတွေလည်း မင်း ပြောလို့ရတယ်.. ဒါပေမယ့် ခု မဟုတ်သေးဘူး ..”

“ဘာဖြစ်လို့လဲ ..”

သာသာ မေးလိုက်ပုံလေးကြောင့် စိုက်ကြည့်ပြီး ဆောင်းဦးနိုက် ဘ ပြုံးသည်။

“မင်း အဲဒါကို တွေးပြီး ရင်ခံနေတာလား ..၊ အခု မင်း လုပ်ချင် နေတဲ့ မသင့်တော်တာတွေကိုတောင်မှ ငါ မနည်း လိုက်တားနေရတာ..၊ မင်း ဖြစ်ချင်သမျှ ငါက ဖြည့်ဆည်းပေးပါ့မယ်လို့ ကတိ ဘယ်လိုလုပ် ပေးရမလဲ ..”

“မပေးပါနဲ့ .. ကိုကို့ဆီက သာသာ ဘာမှ မလိုချင်ဘူး၊ သာသာ့ ကိုလည်း လက်မထပ်ပါနဲ့ .. အခု စေ့စပ်လိုက်တော့ရော ဘာဖြစ်လဲ..၊ သာသာ တို့ လက်ထပ်ချင်မှ ဖြစ်တာ .. ကိုကိုလည်း ကိုကို့ဘေးက အထင်ကြီးစရာ မိန်းမပီပီသသတွေထဲက ရွေးယူ ..၊ သာသာ လည်း ဒီတိုင်းပဲ နေချင်တယ် ..”

“မင်း ပြောချင်နေတာ ဒါတွေလား ..”

“ဟုတ်တယ် .. သာသာ ကိုကို့ကို ကြောက်တယ် .. သာသာ နဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်တဲ့သူဟာ အမြဲတမ်း သာသာ့ အပေါ်မှာ အနိုင်ယူ လွှမ်းမိုး သွားရင် ဘယ်တော့မှလည်း ပျော်ရွှင်ရမှာ မဟုတ်ဘူး ..၊ တော်တော် ဆိုးတဲ့ မိန်းကလေးဆိုတာလည်း ကိုကို သိနေတာပဲ .. ဘယ်သူ့မှာမှ သာယာဖို့ မရှိဘူး .."

"အိမ်ထောင်ပြုကြတာ သာယာမှုရှာဖို့ တစ်ခုကိုပဲ ရည်ရွယ်လို့ မရဘူး .. တစ်ခုရှိတာက ဘာတွေ လိုအပ်သလဲဆိုတာ သိရင် သိနေလိမ့် မယ် .. အဲဒီ လိုအပ်ချက်မှန်သမျှကို ပြည့်စုံအောင် ဖန်တီးယူနိုင်ခဲ့တဲ့သူ ဆိုတာလည်း မရှိသေးဘူး .."

"မရှိသေးဘူးဆိုတော့ ကိုကိုကတော့ ရှိအောင် ဖန်တီးနိုင်မယ်လို့ ထင်တယ်ပေါ့ .."

"ဟုတ်တယ် .. ငါ ဖန်တီးယူနိုင်တယ် ..၊ ဒါပေမယ့် ကမ္ဘာတစ်ခု လုံးကို ပြောင်းလဲပစ်နိုင်ရင်တောင် ဘယ်လိုမှ ပြင်ဆင် ဖန်တီးယူလို့ မရနိုင်တာရှိတာ .. အဲ့ဒါ အချစ် .."

သူ သာသာ့ မျက်နှာလေးနဲ့ နီးကပ်အောင် ငုံ့လိုက်တော့ ကော့ နက်နေသည့် မျက်တောင်ဖျားလေးတွေကို ငေးခနဲတော့ ဖြစ်သွားမိ သည်။ သူမသည် သံသာ နဲ့ ဘယ်လိုမှ ယှဉ်လို့မရအောင် လှနေတဲ့သူ။

သံသာ့ မှာ မပြည့်စုံသော အလှအပအားလုံး သူမက ပိုင်ဆိုင်ထား သည်။ ဒါပေမယ့် သံသာ့ မှာ ပြင်းထန်ခဲ့သော မာန်မာနမျိုး သူမမှာ မရှိ ..။

ထို့ကြောင့် သူမလေးမှာ ကောင်းခြင်း ဆိုးခြင်းတွေထဲက ကောင်းတာလေးတွေချည်း ပြီးပြည့်စုံနေအောင် မဟုတ်ရင်တောင်မှ ညီညွတ်မျှတသော အဆိုးအကောင်းလေးတွေအပေါ် သုံးသပ်နိုင်စွမ်းရှိ တာမျိုးတော့ ဖြစ်စေချင်၏။

"နားလည်ရဲ့လား သာသာ .. အချစ်ကြောင့် နားလည်မှုတွေဖြစ် လာတယ် .. အချစ်က အရာရာကို ပြောင်းလဲစေတယ် ..၊ သူ့အပေါ်မှာ





ဘယ်လိုဂုဏ်သတ္တိကိုမှ သက်ရောက်မခံပေမယ့် သူ့အလိုအလျောက် သက်ရောက်မှုရှိလာရင် အားလုံးက ပြောင်းလဲသွားကြတာပဲ .. မင်းနဲ့ ငါ အဲဒီအချိန်ထိ အတူတူရှိနေဖို့ လိုအပ်တယ် .."

"ကိုကိုနဲ့ နေဖို့က .."

"မင်း ကောင်းရင် ငါ မဆိုးဘူး .."

"ဟင့်အင်း .."

"သာသာ .."

သာသာ ထရပ်လိုက်တာနှင့် သူ့ရင်ခွင်ထဲမှာ ထိကပ်မတတ် ...ပ်သွားခဲ့ပြီး ...

"ငါတို့ ပြောနေတာ မပြီးသေးဘူး .. ပြန်ထိုင် .."

"သာသာ နားမထောင်ချင်တော့ဘူး .."

"မင်းကို သီချင်းဆိုပြနေတာမှ မဟုတ်တာ .."

သာသာ က ခုံကို လှည့်ပစ်လိုက်ပြီး ဟိုဘက်ထွက်ရပ်လိုက်သည်။ ...မှ ပြန်လှည့်ကြည့်ကာ ...

"အချစ်နဲ့ပတ်သက်တဲ့ ဂုဏ်သတ္တိတွေ သာသာ နားမလည်ပါဘူး.. ...ဒါပေမယ့် ချစ်လာနိုင်မယ့်အချိန်ကို စောင့်နေလို့ရတယ် ဆိုတာတော့ ...ကြားဖူးဘူး ..၊ ရတယ်ဆိုရင်လည်း ကိုကိုနဲ့ သာသာ ဖြစ်နိုင်မှာ ...ဟုတ်တော့ .."

"ဖြစ်လာတာ ဖြစ်မလာတာထက် အဆုံးသတ်ထွက်မယ့် အဖြေ ...ဘာမှမလုပ်ဘဲ ထွက်မလာဘူး သာသာ .. လောလောဆယ် ငါတို့ ...သိတ္တာတွေ ရှိတယ် ..၊ နောက်ထပ် ထည့်မတွက်လို့ မရတာတွေ ...ည်း ရှိသေးတဲ့အပြင် မင်းနဲ့ ငါ ဒီပုံစံ ဒီအချိုးထဲကနေ နုတ်ထွက်သွား ...မှ မဖြစ်နိုင်သေးဘူး .. အဲဒီတော့ အများကြီး မတွေးတာ ကောင်း ...တယ် .."

"မတွေးနဲ့ဆိုရင် သာသာ့ ကို လွတ်လပ်ခွင့် ပေးပါ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!..."

"ပြုပြင်ရမှာတွေ .. ပြောင်းလဲရမှာတွေနဲ့ .."

"မပြောင်းလဲလို့ မရဘူး .. မင်းကို ငါ့စိတ်ကြိုက် ပုံစံဝင်အောင် ပြောင်းလဲနိုင်းနေတယ် ထင်လို့လား .. မင်းဘဝအတွက် ပြောနေတာ- မင်းအတွက် ဖြစ်သင့်နေတာတွေကို ဖြစ်စေချင်နေတာ .. ဒီနေ့ကစပြီ ကလေးနဲ့ ဆော့တာတွေ ဆင်ခြင် ..၊ ငါ အပြင်သွားဖို့ ခေါ်ရင် ထလိုက် လာနိုင်ရမယ် .. အမြင်မတော်လို့ ဆူတာရှိရင်လည်း တလွဲမတွေးမိဖို့ ကြိုးစား .."

သာသာ ဘယ်လိုမှ မချိုသိပ်နိုင်တော့ဘဲ ခေါင်းဦးခိုက် မျက်နှာ ကို ရူးရူးရဲရဲ ပြန်ကြည့်ကာ ...

"ကိုကိုက သာသာ့ ကို ဆရာလုပ်ချင်လို့ နေစပ်ခဲ့တာ .."

"ဟုတ်တယ် .. မင်းကို ဆရာလုပ်ခွင့်ရမှ ငါ ရလာတဲ့ ဘွဲ့တွေ- ဒီဂရီတွေက ထပ်ပြီး တိုးပွားလာမှာလေ ..၊ ဆရာလုပ်ခွင့်က ရမှကို ဖြစ်မှာ .."

ရွှဲ့ပြောပြီး မျက်နှာလွှဲပစ်လိုက်သည်။ ပြုံးယောင်သမ်းနေသည့် နှုတ်ခမ်းတို့မှာ စီးကရက်တပ်လိုက်ပြီး မီးခြစ်ကိုလည်း ကိုင်ထားပေမယ့် မီးမညှိဖြစ် ...၊

တော်တော်ဆိုးတဲ့ ကောင်မလေး ...၊





## အခန်း (၁၆)

"တီတီသာ .."

"လာပြီ .."

စားလက်စ ပေါက်စီကို ပါးစပ်ထဲ ထိုးသိပ်ထည့်၍ ပီကေတစ်ခု ကို ခေါင်းဘီနောက်အိတ်ထဲ ထပ်ထိုးထည့်သည်။ ပြီးတော့ နံရံမှာ ချိတ်ထားသည့် ဘက်တံကို ပြေးဖြုတ်လိုက်ပြီး ထွက်ခဲ့လျှင် ...

"အ!..."

အခန်းဝမှာ ရင်ဘတ်ချင်း တိုက်မိတာ အင့်ခနဲ ...၊

"ကိုကို .."

"သိတယ် .. မင်း ဒီတိုင်း ထွက်လာတော့မယ်ဆိုတာ .."

နောက်ပြန်လန်သွားသည့် သာသာ့ လက်လေးကို ဆွဲ၍ အခန်းထဲ ပြန်ဝင်လိုက်ကာ ...

"အခု အဲဒီ ပေါင်တိုလေးကို သွားလဲလိုက် .."

"သာသာ ကြက်တောင်ရိုက်မလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကြက်တောင်ရိုက်ရမယ့်ရာသီ မဟုတ်ဘူး .. အခု သွားလဲ
လဲ .."

"မိုးမှ မရွာတဲ့ဥစ္စာ ဘာဖြစ်လို့လဲ ကိုကို .. အလက်္ာ ကို ည
စာကျက်နိုင်းခဲ့တာ ..၊ ဒီလပတ်စာမေးပွဲ ဖြေနိုင်ရင် မြို့ထဲ လျှော
လည်ပြီး ကစားကွင်းတွေ သွားမလို့ .. မေမေက မသွားရဘူးတဲ့ .."

"အဲ့ဒါနဲ့ ကြက်တောင်ရိုက်ဖို့ ဖြစ်သွားတာလား .."

"အလက်္ာ က ကစားချင်လို့ .."

"မကစားရဘူး .. ဟိုဘက်ခြံမှာ ညှော်သည်တွေ ရှုပ်နေတယ် ..
ဒီနောက်ဖေးမှာ ပေါင်းရှင်းတဲ့ အလုပ်သမားတွေနဲ့ .. ဒူးပြတ် ပေါင်ပြ
နဲ့ မထွက်ရဘူး .."

သာသာ့ ကို ထားခဲ့ပြီး သူ လှည့်ထွက်ခဲ့သည်။ ခဏကြာတော့
အလက်္ာ အထဲဝင်လာ၏။

"တီတီသာ .."

"ဟုတ်တယ် .. နင့်ကိုလည်း ပြောသွားတယ်မို့လား .. သူ ပြန်လာ
တာ အလုပ်လုပ်ဖို့ မဟုတ်ဘူး ..၊ ငါတို့ကို ဆရာကြီး လုပ်ဖို့ .."

"တီတီသာ က ဖေဖေ့ကို မချစ်ဘူးလား .."

"ဘာ!..."

အော်ပစ်လိုက်သဖြင့် အလက်္ာ့ ပခုံးလေးပါ တွန့်သွား၏။ ပြီး
တော့မှ ရှုံ့မဲ့မဲ့လေး ဖြစ်သွားကာ ...

"မေးကြည့်တာပါ ..၊ တီတီသာ နဲ့ ဖေဖေနဲ့က စေ့စပ်ပြီးပြီဆို
တော့ .."

"အဲ့ဒါ ဘာဖြစ်လဲ .."

"လက်ထပ်တော့မှာတဲ့ ..၊ ဘွားဘွားက ပြောတယ် .. သူငယ်ချင်း
လို မနေရတော့ဘူးတဲ့ .."

"ငါ ကိုကို့ကို လက်မထပ်ပါဘူး .."





"ဟင် .. တကယ် .."

အလက်္ာ မျက်ခုံးလေးတွေ ပင့်လျက် ထူးထူးဆန်းဆန်း ပြန်မေး
ပြီးတော့ မျက်နှာလေး ငယ်သွားရင်း ...

"တီတီသာ က တကယ် ရက်စက်တာပဲ .."

"ဘာလဲ .. ဘာကို ရက်စက်တာလဲ .."

"ဖေဖေနဲ့ လက်ထပ်ရင် သားရဲ့မေမေ ဖြစ်မှာမို့လို့ သားက ပျော်
.."

"နင့်အမေလည်း မလုပ်ချင်ဘူး .. နင့်အမေ ဖြစ်လာရင်ရော
ခုလို ပျော်ပျော်ရွှင်ရွှင် နေရမယ် ထင်လို့လား ..၊ ဘယ်သူမှ
မ်းသာရမှာ မဟုတ်ဘူး .."

"သား စိတ်ချမ်းသာတယ်လေ.. တီတီသာ့ ကို ဖေဖေနဲ့ပဲ သဘော
ယ် ..၊ တခြားလူကြီးတွေနဲ့ လက်ထပ်ရင် သားတို့ တူတူတောင်
ာ မဟုတ်ဘူး .."

သာသာ အံ့သြသွားမိသည်။ အလက်္ာ ဘယ်လိုတွေ ခံစားတတ်
လဲ ..၊ မေမေတို့များ တစ်ခုခု ပြောထားတာလား ...။

"တီတီသာ က ဖေဖေ့ကို ဘာဖြစ်လို့ မချစ်တာလဲ .."

"အလက်္ာ .. နင် ဘာဖြစ်လို့ အဲဒါတွေ မေးနေတာလဲ ..၊ ကလေး
ာ ဒါမျိုးတွေကို စိတ်မဝင်စားရဘူး .."

"ဖေဖေနဲ့ မဟုတ်ရင်လည်း တီတီသာ က တခြားလူကြီး တစ်
ာက်ယောက်နဲ့ ယူမှာလေ ..၊ သားက တီတီသာ့ ကို မပေးလိုက်နိုင်
း .."

"အဲဒီစကားတွေ ဘယ်သူ ပြောပြတာလဲ .."

"ဘွားဘွား ပြောတာ .."

သိသားပဲလို့ စိတ်ထဲမှာ ပြောမိရင်း မွေ့ရာအစွန်မှာ ဆောင့်ခ်နဲ
၏။



www.burmeseclassic.com

www.burmeseclassic.com

အလင်္ကာ က သူမ ပေါင်ပေါ်မှာ လက်လေးတင်၍ အတ
လိုက်ကာ ...

"မေမေက ဆော့တာ မကြိုက်ဘူးဆိုရင် သားလည်း မ
နေပါ့မယ် .."

"အလင်္ကာ .. ဘယ်လိုဖြစ်နေတာလဲ .."

"တီတီသာ က မေမေ့ကို ဒေါသတွေပဲ ဖြစ်နေတာကိုး .

"ဟဲ့ .. တိုးတိုး ပြောစမ်းပါ .."

ကြားသွားမှာလည်း စိုးရိမ်မိကာ အလင်္ကာ့ ပါးစပ်လေးကို
ဖဝါးနဲ့ ဖွဖွ ကပ်တားမိလျက် ...

"ဟိုညက ငါတို့ကိစ္စတွေ ဖယားရှုပ်ကုန်လို့ ဒီလိုတွေ ဖြ
တာ ..၊ ဘာမှကို ဖြစ်စရာကြောင်း မရှိဘူး ..၊ ကိုကို ဘာဖြစ်လို့
ဖြစ်သွားအောင် ခေါင်းညိတ်နေမှန်း နားမလည်နိုင်ဘူး တက
ဘလိုင်းကြီး .."

"မေမေက တီတီသာ့ ကို ချစ်ပါတယ် .."

"ဘာ!... ပြောတယ် .."

"ဟုတ်တယ် .. အပေါ်ထပ် ဝရန်တာမှာ မေမေ ရှိနေတုန်း
မှာ တီတီသာ ရှိနေရင် တီတီသာ့ ကိုပဲ ငုံ့ကြည့်နေတာ .. ပြ
ပြတင်းပေါက်ကနေ စီးကရက်သောက်နေရင်း ကြည့်တယ် ..

သာသာ မျက်လုံးဝိုင်းသွား၏။

အလင်္ကာ က ပြုံးစိစိလေးနှင့် ...

"သားက မြင်ပါတယ် .. တီတီ က မသိလို့ .."

"အလင်္ကာ .. သွားတော့ သွား .."

မနေတတ် မထိုင်တတ်နှင့် ထရပ်လိုက်မိကာ ကလေးကို
လွှတ်နေမိ၏။

အလင်္ကာ က ထိုင်ရာမထနှင့် ...





"အန်တီကူး ကိုဆို တီတီသာ့ အကြောင်း ပြန်ပြောနေတာ မေမေ့
ကိုသာက ခုလို မဟုတ်ဘူး ..၊ သား အကဲခတ်တတ်ပါတယ် .. တီတီ
ကလည်း .."

"သား .."

ဆုထားသည့်တံခါးက ပွင့်သွားကာ ဆောင်းဦးခိုက် ပေါ်လာ
အလင်္ကာ အထိတ်တလန့် ထရပ်သည်။

"မေမေ .."

"အပြင်မှာ လျှောက်လည်မလို့ဆို .. အကျီလဲပြီး ထွက်ခဲ့..၊ မေမေ
နေမယ် .."

"မေမေ လိုက်ပို့မှာ .. ဟုတ်လား ..၊ တီတီသာ ရော .."

"နှစ်ယောက်စလုံး .."

"ဘယ်သူက လိုက်ချင်နေလို့လဲ ..၊ မလိုက်ပါဘူး .."

"မလိုက်လို့ မရဘူး .. ပြင်ဆင်ပြီး ထွက်လာခဲ့ .."

ချမှတ်သွားပြန်ပြီ တစ်မိန့် ..၊

အလင်္ကာ က ခုန်ပေါက် ပျော်သွား၏။

"တွေ့လား .. သား ပြောသားပဲ .. မေမေက အတည်ပေါက်ကြီးနဲ့
နေတာပါ ဆို .."

ကိုယ် သင်ပေးသမျှ အတတ်မြန်လွန်း .. ပါးနပ်လွန်းလို့ ကျေနပ်
သမျှ .. ဒီတစ်ခါတော့ ကျေနပ်ဖို့ မေ့နေခဲ့၏။

ကလေး ဖြစ်ပြီးတော့ ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

ဂိမ်းစီးတီးထဲက ထွက်လာပြီး ဖုန်းထုတ်လိုက်တော့ သူ့
နီးကပ်ရွာရပ်လာသည့် အရိပ်ကြောင့် ဖုန်းခေါ်ဖို့က မဖြစ်မြောက်

"ပရော်ဖက်ဆာကြီး ပါလား .."

"ကျောင်းအုပ်ကြီး ဒီထဲ ရောက်နေပုံထောက်တော့ ကလေး
ထိန်းနေရပြီ ထင်တယ် .."

ပြုံးမဲ့မဲ့နှင့် မေးခွန်းကြောင့် ဆောင်းဦးခိုက် မျက်နှာ နီမြန်
သည်။

ဦးဒေဝတာ က ဒါကိုကြည့်ပြီး သဘောတွေ ကျသွားကာ

"ချာတိတ်မလေးနဲ့ ဇွေစပ်လိုက်တာနော် .."

ပတ်ဝန်းကျင်ကို ရှာဖွေသလို လိုက်ဝေ့ကြည့်ပြီး ထပ်မေး
လူပုံက ထိပ်ပြောင်ပြောင် .. ခပ်သေးသေးနှင့် ဆောင်းဘီရှည်
လည်း ဖိနပ်ပေါ်မှာ ပုံနေ၏။





သူ့ကိုယ်ပေါ်မှာ အမြဲတမ်း မြင်ရတတ်သော အဖြူရောင် ဂျူတီ
အရှည်ကြီးက ဖားဖားနှင့် ..၊

"ဇွေစပ်တာ မသိလိုက်ဘူး .. ကျုပ် ခရီးသွားနေလိုက်လို့ ပြန်လာ
ဘာလေ ..၊ ဟွန်း .. အံ့သြလွန်းလို့ နှစ်ခါတောင် ပြန်မေးမိတယ်"

"ဘာများ အံ့သြစရာ ဖြစ်သွားလို့လဲ .. ပြောပါဦး .."

"ကလေးတစ်ယောက်ကိုတောင် ပြန်မကြည့်နိုင်ဘဲနဲ့ နှစ်ယောက်
ဒို့ လုပ်တော့ အံ့သြတာပေါ့ .."

ဆောင်းဦးခိုက် က အရွဲ့တိုက်မေးသလို .. ဦးဒေဝတာ ကလည်း
ခွန့်လိုက် .. နှုတ်ခမ်းမဲ့လိုက်နှင့် ပြန်ဖြေပုံက ဘာကိုမှ ဂရုမစိုက်
..။

"ကျုပ်အတွက်ကတော့ ကောင်းပါတယ် .. မိမနိုင်ဖမနိုင် ကလေး
တွေကို မိဘနှစ်ပါးအပြင် ဆုံးမပေးမယ့်လူ ထပ်ရှိလာပြီဆိုတော့
လူတစ်ယောက် တိုးတာပေါ့ .. စည်းကျော်ဝင်ရောက်လာတဲ့
စည်းရမ်းပစ္စည်းတွေကို ကျုပ် စုထားတယ် .."

ဦးဒေဝတာ ရဲ့ ပြုံးနေသည့်မျက်နှာကြီး ပြောင်းလဲ တင်းမာသွား
ဆောင်းဦးခိုက် ကို မျက်လွှာပင့်ကြည့်ရင်း ရှေ့တိုး၍ ခပ်ကြိတ်
သေသံနှင့် ...

"ဘာပစ္စည်းတွေလဲဆိုတာ သူတို့ သိတယ် .. ဒါပေမယ့် အလွယ်
ပြန်ပေးပြီး မတိုင်ချင်သေးဘူး ..၊ ဒီလောက်ဆိုးတဲ့ ဟာလေးတွေ
ဆုံးမပေးရဦးမယ် .."

"ပရော်ဖက်ဆာကြီးက ကလေးမှ မဟုတ်ဘဲဗျာ .. လူငယ်တွေနဲ့
ရန်မဖြစ်ပါနဲ့ .."

"အော် .. အော် ... ကျောင်းအုပ်ကြီးကိုယ်တိုင် လက်ထပ်တော့
အိမ်ကလေးကတော့ ကလေးပေါ့ .."

"ခင်ဗျားကတော့ ကျွန်တော်တို့ရဲ့ ဦးလေး မိဘအရွယ်ပဲလေ .."



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ကျုပ်ကို ကလေးကလားနည်းတွေနဲ့ စိန်ခေါ်နေ... တာ .."

"ကလေးကလား ပြန်ဆော်မှာပဲဆိုရင်လည်း လုပ်လိုက်ပေါ့ ... ဒါပေမယ့် သူ့ရဲ့ အုပ်ထိန်းသူရှေ့ထိ ပြောပြ အသိပေးပြီးရင် အုပ်ထိ... သူကို ဆုံးမစေချင်တာ မဟုတ်ဘူးလား .."

"နောက်ထပ်ဆိုတာတွေ ရှိလာမှာကို မြင်လို့ .. ကျုပ်က ပြင်ဆ... ထားတာ .."

"အခု .. ကျွန်တော်တို့ကလည်း ခင်ဗျား တိုင်တောလို့ သိရပြီ... တော့ ခင်ဗျား လုပ်ချင်တိုင်းလုပ်လို့ မရတော့ဘူး .."

"အဟွန်း .. ဟွန်း .."

ဦးဒေဝတာ ရဲ့ မျက်နှာကြီးက မဲ့ပြုံးနှင့် လိုက်ဖက်တင့်တယ်... ပိုမို ရုပ်ဆိုးသွားခဲ့၏။

"တစ်ခုတော့ အခွင့်အရေး ရှိပါတယ် .. မင်း ဘယ်လို ချုပ်ထိ... လွှမ်းမိုးနိုင်မလဲဆိုတာ စောင့်ကြည့်နေမယ် .. ကျုပ်ရဲ့ သတ်မှတ်ချ... ကို ကျော်ပြီး နောက်ထပ် လွန်လာရင်တော့ ကျုပ် လုပ်ချင်တိုင်း ... လို့ရတယ်ဆိုတာ ပြရတော့မယ် .."

"ပရော်ဖက်ဆာ .."

ဆောင်းဦးခိုက် ခေါ်သံကြောင့် ဦးဒေဝတာ ခြေလှမ်းပြင်ပြီး ... သွားသည်။

"မယော်သဲဓာ သုခမိန်လေးကို အတိုင်းတိုင်းအပြည်ပြည်က ... ခင် အားကိုးကြတယ်.. ဒါပေမယ့် မကောင်းမှု ကျူးလွန်ထားတဲ့ အ... သားတွေဆိုရင်တော့ သူ့ကို မုန်းချင် မုန်းမှာပေါ့ .."

ဦးဒေဝတာ ပြန်လှည့်ကြည့်လာသည့် မျက်လုံးတွေက ဆောင်း... ခိုက် မျက်လုံးထဲက တစ်စုံတစ်ရာကို ရှာဖွေနေခဲ့လျက် ...

"မင်း ဘာပြောလိုက်တာလဲ .."





...သွားကြည့်တာပါ .. ခင်ဗျား ပြောသလို ကျွန်တော်က ကလေး ...နေရတယ်ဆိုရင်ပေါ့ .. ကလေးကို ကလေးလို့ မြင်ပေးနိုင် ...ရာလေးတွေလို့ မြင်လာပါလိမ့်မယ် .."

...ော့ .. ကလေးကို စည်းနဲ့ကမ်းနဲ့ နေတတ်အောင် လူကြီးက ...ရတယ်ကွ .. သူများခြံထဲ ဝင်ပြီး .."

...ပြောပါ .. သူတို့ ဘာလုပ်သွားကြသလဲ .."

...ဒေဝတာ မျက်လုံးကြီး ပြူးထွက်လာပုံက လည်နင်သွားတာ ...ဆောင်းဦးခိုက် မျက်ဝန်းတွေမှာ ရယ်မြူးရိပ်သမ်းနေလျက်... ...သူတို့ ဘာလုပ်သွားပါတယ်ဆိုတာ ပရော်ဖက်ဆာကြီး ပြောပြ ...တော် အတိအကျ အပြစ်ပေးမှာပါ .. ဥပမာ မနက်စာ ကော်ဖီ ...ထဲကို လောက်စာလုံး ကျလာတာမျိုး .. လောက်လေးစာမိပြီး ...ပါက်မှန် ကွဲသွားတာမျိုး .. အဲဒါတွေ ပရော်ဖက်ဆာကြီး ...နေတုန်းက ကျွန်တော့်ကလေး ဟုတ်တာ မဟုတ်တာလည်း ...ယ့် ကျွန်တော် ဆုံးမထားလိုက်ပါသေးတယ် .. နောက်ထပ် ...ကျူးကျော်ဝင်တယ်ဆိုတာမျိုးတွေ ရှိခဲ့ရင် သူတို့ ဘာလုပ်သွား ...ဆိုတာ ပြနိုင်တဲ့ပြစ်ချက် တစ်ခုခုပေါ့ .."

...အေး .. ဒီတစ်ခါ ငါ သူတို့ကို မိအောင် ဖမ်းမယ် .."

...ဒေဝတာ ရှူးရှူးရှားရှားနှင့် လှည့်ထွက်သွား၏။ ဆောင်းဦးခိုက် ...မျက်နှာမှာ တင်းခနဲ ဖြစ်သွားသည်။

...ပြဿနာ သေးသေးကွေးကွေး မဟုတ်တော့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ဖေဖေ့ .. သားကို ဘိုးဘိုးကြီးက ခေါ်နေတယ် .."

"လိုက်သွားလိုက်လေ .. ဘိုးဘိုးကြီးက တစ်ယောက်တည်း ရတာ ..၊ ခုလည်း သားကို ခေါ်ချင်လို့ မပြန်သေးတာ မသန လား .."

ကားမောင်းနေရင်း သားကို လှည့်ပြောနေရသည်။ အလင် ဖေဖေ့ကိုတော့ အနေဝေးနေတာကြောင့်လား မသိ .. အတူတူ အဘိုးအဘွားလောက် မရင်းနှီးပေ ..။

ပြီးတော့ ဟိုကို အလည်ခေါ်သွားဖို့အတွက် ဒီမှာ ချစ်ခင်သူ ခွဲခွာထားရစ်ခဲ့ပြီး ဟိုမှာ သူ့တစ်မျက်နှာတည်း ဖြစ်နေမှာမို့ မြေးဖြ ပျော်မှာ မဟုတ်ဘူးဆိုတာကိုလည်း တွေးမိနေရှာ၏။

"ဘိုးဘိုးက ဖေဖေ့ကိုရော ပြောလား .."

"ပြောတယ် .. ဘိုးဘိုးက သား မလိုက်ချင်ဘူးဆိုတာ အားငယ်နေတာ .."





"ဖေဖေကလည်း ဘိုးဘိုးကြီးက အဝေးကြီးမှာ နေတာ.. ပြီးတော့.."

ပြောနေရင်း နောက်ကို ဖျတ်ခနဲ လှည့်ကာ ...

"တီတီသာ လိုက်မှာလား .."

"မလိုက်ချင်ပါဘူး .."

သာသာ က ကူရှင်မှာမှီနေရင်း ဖြေလိုက်တော့ အလင်္ကာ နှာခေါင်း လေး ရှုံ့သွားသည်။

"သားက တီတီသာ နဲ့ တစ်ခါမှ ခွဲဖူးတာ မဟုတ်ဘူး .."

ပြောပြီး နောက်ကို လှည့်ကြည့်ပြန်ကာ ...

"လိုက်ခဲ့ပါ တီတီသာ ကလည်း .. စာမေးပွဲ ပြီးပြီဥစ္စာ .."

"ဟင့်အင်း .."

သာသာ မျက်လုံးလေးတွေ မှေးစင်းကာ မတုန်မလှုပ် ဖြေနေပုံကို ဆောင်းဦးခိုက် မှန်ထဲကနေ လှမ်းကြည့်နေခဲ့၏။

ကားမောင်းနေရင်း မျက်လုံးက သူမဆီကိုပဲ မကြာခဏ ရောက် ိနေကာ ...

"သာသာ ဘာဖြစ်လို့လဲ .."

"ဟင့်အင်း .."

သူ မေးလိုက်မှ အလင်္ကာ က သတိရသွားသည့်မျက်နှာလေးနှင့် ဆတ်ခနဲ ကိုယ်လေး မတ်သွား၏။

"ဟုတ်တယ် .. တီတီသာ နေမကောင်းလို့တဲ့ ..၊ သားတို့ ဂိမ်း ီးတီးမှာ ဆော့နေတုန်းက ဆော့နေရင်းနဲ့ ထိုင်နေလိုက်ရတာ ဖေဖေ.."

"ဟုတ်လား .."

သူ စိတ်ပူသွားကာ လောလောဆယ် ကားရပ်ဖို့နေရာ ရှာရသည်။ သာသာ ဟန်ဆောင်ပန်ဆောင်လေးတောင်မှ ခေါင်းမခါနိုင်ဘဲ သူ ားမှာထိုင်လိုက်တာနှင့် ပခုံးစွန်းမှာ ခေါင်းလေး မှီလာကာ ...

"အရမ်းမူးတာပဲ ကိုကို .."



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်!… ဒီလောက် ဖြစ်အောင်ပဲ မပြောဘဲ နေရလား .."

အမြဲတမ်း အမြင်မတော်ဘူးလို့ပဲ ထင်နေသည့်စိတ်က အနုမကောင်း ဖြစ်နေသည့်မျက်နှာလေးကို မြင်မှ ပိုပြီး ဒေါသထွက်သွားမိသည်။

ကရုဏာဒေါသ ဆိုတာမျိုးကိုလည်း ဒီကောင်မလေး နားလည်မှာ မဟုတ် ..၊

ဆူမိတော့မလို ဖြစ်သွားသည့် ကိုယ့်စိတ်ကို ပြန်ထိန်း၍ အနီးဆုံး ဆေးခန်းတစ်ခန်းကို စဉ်းစားရင်း သူငယ်ချင်းတစ်ယောက်ကို ဖုန်းခေါ်၍ …

"မင်း အခု ဘယ်ဆေးခန်းမှာ ထိုင်နေလဲ ဥက္ကာ .."

"… … … …"

"အေး .. အခု ငါ လာခဲ့မယ် ..၊ မင်း စောင့်နေပေးလို့ ရလား .. ငါ ဆယ့်ငါးမိနစ်လောက်ပဲ .."

ဖုန်းချပြီး သူ ရှေ့ခန်းကို ပြန်လာခဲ့လျက် …

"သား .. တီတီသာ့ ဘေးမှာ သွားနေလိုက် .. ဒက်ရှ်ဘုတ်ထဲမှာ ရှုဆေးဘူးလေးပါ ယူသွား .."

"ဟုတ် .."

အလက်ာ စိုးရိမ်နေတာလည်း မျက်လုံးလေးတောင် ဝိုင်းနေရှာသည်။

နောက်ခန်းကို သွားပါလို့ နိုင်းမှ ကူးသွားတာကိုတော့ ဆောင်းဦးခိုက် အမှတ်တမဲ့ ..၊

"တီတီသာ .."

အလက်ာ က သာသာ့ နဖူးလေးကို စမ်းသလိုနှင့် မျက်နှာချင်း တိုးကပ်ကာ …

"တီတီသာ့ ကို စိတ်ပူနေတာ သိလား .. ဖေဖေ့မျက်နှာကြီးက နီရဲနေတာပဲ .."





အဲဒေါ်နဲ့ အဲမေဖြစ်သူကို အဆင်ပြေသွားစေချင်သည့်ဆန္ဒလေးနှင့် …ာ ကလေးပေမယ့် ဟိုအကဲခတ်ရ .. ဒီအကဲခတ်ရ အလုပ်ရှုပ်နေ…ာ လူမသိ ..။

ဒေါက်တာ ဥက္ကာဗို က သာသာ့ ကို စမ်းသပ်ပေးပြီး ပြန်ထွက် …ကြတော့ ရယ်ကျဲကျဲမျက်နှာနှင့် ကပ်၍ …

"သားလိမ္မာချင်း တူပေမယ့် မင်းကတော့ ကံကောင်းခြင်းတွေ …တိုက်ပါလား ဆောင်းဦးခိုက် .."

"ဘာလာဖြစ်နေတာလဲ .. ကိုယ့်ဘာသာ ကြိုက်တာ ရွေးယူထား …တော့ .."

"ဒါပေမယ့် မိဘက တန်းစီချပြထားတဲ့ အချောအလှတွေထဲကပဲ …ရတာ မင်းနဲ့ အတူတူပါပဲကွာ .. ငါက ရွေးချယ်ခွင့် ရှိခဲ့ပေမယ့် …က ရင်းနှီးပြီးသား သူငယ်ချင်းနဲ့ ..၊ ဟော .. အခုကျတော့ တစ်မှိန် … ထိုင်ကြည့်နေချင်အောင် လှတာလေးကို ရပြန်ပြီ .."

"အဲဒီတော့ .."

"ကံကောင်းတာပေါ့ကွ ..၊ မင်းနဲ့ ရင်းနှီးပြီးသား .. အရမ်း ချစ် …ကောင်းတဲ့ ကောင်မလေးလေ ..၊ နာမည်က ဘာတဲ့ .."

"သာယာချို .."

"အေး .. အဲ့ဒါပဲ ..၊ တစ်ယောက်က သံသာချို .. အခု သာယာချို.. …ယောက်စလုံးက .."

"သူ့စိမ်းဆို ပိုကောင်းတာ မဟုတ်ဘူးလား ဥက္ကာ .. ရှိထားပြီး … အဖြူရောင်တွေကို ဆေးဆိုးဖို့က ပိုခက်တယ် .."

"အဲဒါ ပိုလွယ်တာပါကွာ .. အဖြူရောင်လောက် စွန်းထင်းလွယ် … မရှိဘူး ..၊ ဟော့ကောင် .. မင်း လျှောက်ပြောမနေစမ်းပါနဲ့ .. …င်မလေးကို စိုးရိမ်ပြီး ဒီလောက် အပူတက်နေတဲ့ မျက်နှာကြီးနဲ့ …လာတာတောင် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား .. အဲလို ဖြစ်နေသလား .."

"အံမယ် .. ရုပ်ကြီးက .."

ဆောင်းဦးခိုက် က ရယ်ရင်း ကားနားရောက်နေပြီဖြစ်သည့် သာသာ့ ကို လှမ်းကြည့်သည်။

"အရမ်းဆိုးတာကွ .."

"ပျင်းဖို့မကောင်းတော့ဘူးပေါ့ .."

"စိတ်ညစ်ဖို့ကောင်းအောင် ဆော့တာတွေလည်း ရှိတယ် .."

"ဟမ်!... ငါ နားကြားမှားသွားတာလား .."

"အဟွန်း .."

သူ ရယ်ရင်း ခေါင်းခါလိုက်သည်။ ပြီးတော့ ပခုံးကို ပုတ်လိုက်၍-

"သွားမယ်ကွာ .. ကျေးဇူးပဲ .."

"မင်း ငါ မေးတာ ဖြေဦးလေ .."

"အခု ဘာဖြစ်လို့ မူးနေတာလဲ .. မင်းပဲ ပြောပြီးတော့ .."

"ဟုတ်တယ်လေ .. ချွေးထွက်များပြီး ပရက်ရှာ ကျတာ .."

"ဘယ်လောက်ဆော့လဲ စဉ်းစားကြည့်ပေါ့ .."

"ဟင်!..."

"သားနဲ့ သူ့ကို ကလေးနှစ်ယောက်လို ထိန်းနေရတာ .. ဘယ်မှာ ရင်ခုန်ချိန် ရှိမှာလဲ .."

"ဩော် .. ဟား .. ဟား .. ဟား .."

"မရယ်နဲ့ .."

လက်မောင်းကို မနာအောင် ထိုးလိုက်ရင်း မရယ်နဲ့ဆိုပြီး သူပါ ရယ်မိသည်။ သာသာ နဲ့ စနောက်သံတွေ ကြားရတိုင်း သူ့စိတ်ထဲမှာ ကျေနပ်သလိုလို .. ကြည်နူးသလိုလို ဖြစ်နေတတ်တာ အမှတ်တရတွေ ဖြစ်လာခဲ့၏။

ပြန်တွေးလိုက်ရင်လည်း သံသာ နဲ့ သူ လက်ထပ်လိုက်တဲ့အချိန်





မှာ သာသာ က တကယ့်ကလေးဆိုးလေးပဲ ဖြစ်သည်။ သံသာ နဲ့အဝှ ရူ အဆင်ပြေပြေ ပြောဆို နွေးထွေးတာ သိပ်မရှိခဲ့တာတောင် သာသာ က သူ့သားမှာ အမြဲတမ်း ရှိနေတတ်ခဲ့၏။

"ကိုကိုက မမနဲ့ မခေါ်ပြန်ဘူးလား .."

"ခေါ်ချင်စရာမှ မရှိတာ .."

"ခေါ်လိုက်ပါ ကိုကိုကလည်း .. တစ်ယောက်နဲ့တစ်ယောက် စကားမပြောဘဲ နေကြရင် ပျင်းစရာကြီး .."

"မပျင်းပါဘူး .. နှင် ရှိနေတာပဲ ..၊ အစတည်းက သိပ်ကြည့်လို့ ရတာ မဟုတ်ဘူး .."

"ဒါဆို ဘာဖြစ်လို့ ယူခဲ့ကြသေးလဲ .."

"လူကြီးတွေကြောင့်ပေါ့ .. ပြီးတော့ နှင့်အစ်မကို ဒီလောက် ခန့်တက်ပြီး ကောင်းကင်တက်ချိတ်နေမယ်မှန်း မသိလို့ ..၊ လင်မယား ဆောက်လိုက်ရကာမှ ပိုသိလာတယ် ..၊ သူက မာနကြီးတော့ ဘာလုပ်ရမှာ လဲ ..၊ လူနာကို ဆေးကုတတ်နေတာနဲ့ပဲ တစ်လောကလုံးရဲ့ ကယ်တင် ရှင်ကြီးပဲ ဖြစ်နေသလိုလို .."

"အံမာ .. ဆောင်းဦးခိုက် .. နှင် စကားပြောတာ ပေါ်တင်ပြော နော် ..၊ ကွယ်ရာမှာ အတင်းအဖျင်းပြောတာ ယောကျ်ားအလုပ် မဟုတ် ဘူး .."

သူ့ရှေ့မှာတင် လင်မယား ရန်ဖြစ်ပြီဆို သာသာ ဟိုဘက်က ဝင် ပြော .. ဒီဘက် လှည့်ဖာထေးနှင့် ထိုအချိန်မှာတော့ လူကြီးလေးလိုပဲ ဖြစ်သည်။

"ဟုတ်တော့ ဘာဖြစ်လဲ ..၊ လူနာကို ဆေးကုပေးနိုင်တယ် .. ကုနိုင်လို့ မာနကြီးတယ် .. နှင် ကုနိုင်သလား .."

"နှင်လည်း မကုနိုင်ပါဘူး .. လူတစ်ယောက်ရဲ့ ရောဂါအခြေ အနေကို ကြည့်ပြီး ကျွမ်းကျင်ရာ ဆရာဝန်တွေဆီ ပို့ပေးရတာပဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း တာဝန်ခံ ကုပေးနိုင်တဲ့ ဒေါက်တာ နင် ဖြစ်သွား
ပြီလား .."

"တောက်!..."

"ဒီမှာ မှတ်ထား ..၊ နင့်လို ဂုဏ်ဖော်မယ်ဆိုရင် ငါက မောက်
တစ်ချက် ရွှေ့လိုက်တာနဲ့ ကမ္ဘာကြီးတစ်ခုလုံးကို ငုံ့ကြည့်လို့ ရတယ်"

"နင့်ကိုယ်နင်ပဲ ပြန်ငုံ့ကြည့်စမ်းပါ ..၊ လူက လက်သီးလောက်
ပြောတဲ့စကားက ခေါင်းလောက် ရှိတယ် .. ဘာမှမဖြစ်သေးဘူး မိုးတ
လုံး လေတစ်လုံးနဲ့ ခြေထောက်လွတ်နေပြီ ထင်တယ် .."

"လွတ်နေလည်း နင့်ကို မီအောင် လိုက်ရဦးမှာ ..၊ နင်ကတော
လေထဲမှာ လွင့်လွန်းပြီး ဟိုမမိ ဒီမမိ ကိုးယိုးကားယားတောင် ဖြစ်
ပြီ .."

"သေနာကောင် .."

"မပူနဲ့ .. သေနာစွဲနေရင်တောင် နင့်ဆီမှာ မကုဘူး .."

ပြန်တွေးမိတာတွေကြောင့် ရယ်မြူးစိတ်တို့က နာကျင်မှုတွေ ဖြ
သွား၏။ ပြုံးနေသည့်မျက်နှာက မှုန်တေတေ ဖြစ်သွားကာ နှုတ်ခမ်းရေ
တင်းခနဲ စေ့မိ၏။

လူတိုင်း မျှော်လင့်ကြသလို မတည့်အတူနေ ဆိုတာမျိုး သူ
ဖြစ်မလာခဲ့ပါ။ အတူတူနေကြပြီး ဘယ်တော့မှ မတည့်ဖို့ ဖြစ်ဖြစ်
တာက သံသာ သည် သူမသည်သာ အလုပ်ကြီးအကိုင်ကြီး လုပ်နေရ
ကဲ့သို့ အချိန်ပြည့် မအားလပ်ခြင်းကို ပြတတ်တာတွေကြောင့် ..

"အိပ်ရာထဲဝင်ရင် လှုပ်စိလှုပ်စိနဲ့ မအိပ်နိုင် .. မပျော်နိုင် .. စိ
ရက် သောက်နေတာက ရှိသေးတယ် ..၊ မအိပ်ချင်သေးရင် ဝင်မလာ
ပေါ့.. အချိန်ပြည့် အလုပ်လုပ်နေရတဲ့လူကို နည်းနည်းပါးပါး အားနာဦ

"နင်က အချိန်ပြည့်ဆိုတော့ ငါကတော့ အားနေချိန်တွေ ရှိတ
ပေါ့ .."





"ဒါတော့ နင့်ကိုယ်နင် သိမှာပေါ့ ..၊ လက်ဖက်ရည်ဆိုင် ထိုင်ချိန်၊
ကောင်မလေးတွေ အကူအညီတောင်းရင် ကူညီပေးဖို့ အားလပ်နေတဲ့
အချိန်တွေလေ ..၊ ငါ့မှာ အဲဒီလိုအချိန်တွေ မပိုဘူး .. ခေါင်းချလိုက်ရင်
အိပ်ရမှ .."

"နင့်ကို ဘယ်သူက မအိပ်ပါနဲ့ဦး ပြောနေလို့လဲ ..."

"မသိဘူး .. ပြောမလို့များ ပက်ပျိုးနေသလားလို့ ..၊ ကြိုပြော
ထားမယ်နော် ဆောင်းဦးခိုက် .. လင်မယားပဲဆိုပြီး ငါ့ကို မနှောင့်ယှက်
နဲ့ .. နင်နဲ့ငါ ချစ်ကြတာလည်း မဟုတ်ဘူး ..၊ သွေးဆူလွယ်ရင် စိတ်
ချမ်းသာမယ့်ဆီ သွား .. ငါ့ဘက်က အေးဆေးပဲ .. ရှော်ခ် မရှိဘူး .."

"ဘာပြောတယ် .. နင်က ငါ့ကို နာဘူး မှတ်နေသလား .."

"ငါ ဘယ်သိမလဲ" တဲ့ ...။

အဲဒီလို တစ်စက်လေးမှ ကြင်နာရကောင်းမှန်း မသိတဲ့ သူငယ်
ချင်း ကောင်မလေးဟာ သူကလည်း စိတ်မဝင်စားသလို ကိုယ့်ဘက်က
လည်း ရင်ခုန်ချင်စရာ မမြင်တော့ အိမ်ထောင်ရေးက ရေခဲတုံးကြီးလို..၊

ဒါဆို သာသာ့ အပေါ်မှာတော့ သူ ရင်ခုန်ဖို့ ကြိုးစားနေမိပြီလား..၊
သူမဘက်ကရော ...

"ဒီမှာ .. ဒီမှာ မောင်လေး .."

"ဗျာ .."

စိတ်ကူးတွေနဲ့ ခြေလှမ်းတွေ နှေးကွေးနေစဉ် သူ့ဆီးကို ခပ်သုတ်
သုတ်ရောက်လာသည့် အမျိုးသမီးကို လှည့်ကြည့်လိုက်မိ၏။

"မောင်လေး .. ဟိုလေ အစ်မက မောင်လေးနဲ့ ခြံချင်းကပ်က
ကျော်ဖက်ဆာကြီး အိမ်ကလေ .."

"ဟုတ်ကဲ့ .. ဘာများ အကူအညီပေးရမလဲ ပြောပါ .."

"အစ်မ အိမ်ကို ပြန်ဖို့ မောင်လေးရယ် .. အဲဒီ ကားပျက်သွားလို့
.. ကား တစ်ချက်လောက် ကြည့်ပေးပါလား ဟင် .."



www.burmeseclassic.com

www.burmeseclassic.com



သူ လှမ်းကြည့်လိုက်တော့ သူမ ပြသည့်ကားက အဝါရောင် တက္ကစီတစ်စီး ဖြစ်နေသဖြင့် ...

"ဟို တက္ကစီလား .."

"ဟုတ် .. ဟုတ်ပါတယ် .."

"တက္ကစီပျက်နေရင် သူ့ဟာသူ ပြင်မှာပေါ့ အစ်မရယ် .. ကား ပြောင်းစီးလိုက်ပေါ့ .."

"မဖြစ်ဘူး .. အစ်မမှာ ပိုက်ဆံအပို မပါတော့ဘူး ..၊ လမ်း တစ်ဝက်ကျိုးနေပြီဆိုတော့ သူကလည်း ပြန်မအမ်းဘူး .. ခဏပဲ စောင့် ပါတဲ့ ..၊ သူ့ကြည့်တော့ ပြင်တတ်ပုံလည်း မရဘဲနဲ့ ဟိုဖုန်းဆက် .. ဒီဖုန်းဆက်နဲ့ကွယ် .."

"ဒါဆိုလည်း .."

"မဖြစ်လို့ပါ .. အစ်မ အိမ်ပြန်နောက်ကျလို့ လုံးဝ မဖြစ်ဘူး .. ကူညီပါ မောင်လေးရယ် .. မောင်လေးက အင်ဂျင်နီယာမို့လားဟင်.."

နည်းပညာတက္ကသိုလ်က ဆင်းသမျှ အင်ဂျင်နီယာတွေချည်း ထင် နေပုံပေါ်သည့် အမျိုးသမီးကို ကြည့်၍ သူ ဘာပြောရမှန်း မသိ ဖြစ်နေစဉ် ...

"အန်တီ .. ဟိုကားပေါ်မှာ အန်တီ့သား ပါတယ်မို့လား .."

အနားကို အလက်ာ ရောက်လာ၏။ စိုးစိုး က အလက်ာ့ မြင်ကာမှ ပျာယိပျာယာပုံစံတွေ ပျောက်ကုန်လျက် ထိတ်လန့်သွားသည် မျက်နှာနှင့် ..၊

"ဩော် .. ကလေးတွေ ပါလာတာကိုး .."

"ဟုတ်တယ် .. ဒီလိုလုပ်ပါလား အစ်မ .. ကျွန်တော်တို့လည်း ပြန်မှာပဲ .. ကလေး သွားခေါ်လိုက်ပါ၊ ကျွန်တော့်ကားနဲ့ပဲ ပြန်လိုက် ပေါ့ .."

"ဟင်!..."





ားကြီးကို လှမ်းကြည့်ကာ စိုးစိုး ခေါင်းခါသည်။ ဒီကားကြီးကို တ်မစီးရဲပါ ..၊ ပြီးတော့ ဒီကားနဲ့ သူမ ပါသွားလို့လည်း မဖြစ်..။ နားမှာရှိနေသည့် အလက်ာ့ မျက်နှာလေးကို ပြန်ငုံ့ကြည့်မိတော့ က်က အလိုလိုနေရင်း နောက်ကို တစ်လှမ်းဆုတ်မိ၏။

"အဲဒီအိမ်ကဟာတွေကိုတော့ ငါ အရေခွံဆုတ်ပစ်ချင်နေပြီ .."

ာ်ဖက်ဆာကြီး ဖျစ်ဖျစ်မြည်အောင် အံကြိတ်ပြီး ကြိမ်းဝါး ကလေးတွေ ..၊

"ဟဲ့ .. စိုးစိုး .."

"ဟင်!..."

နားကို မြန်းခနဲ ရောက်လာသည့် ခေါ်တင်လေးသွယ် ကိုတော့ ဦးနိုက် သိသည်။ ဒါပေမယ့် တစ်ခါမှ တရင်းတနှီး ခေါ်ပြော မဟုတ်သဖြင့် မျက်လုံးချင်း ဆုံမိပေမယ့် ဘာသိဘာသာပဲ တွေ လွှဲမိကြကာ ...

"ဘယ်မှာလဲ .. ကလေးရော .."

"ဟို .. ဟိုကားထဲမှာ .."

ိုးစိုး ဆိုသည့် အမျိုးသမီး လက်ညှိုးထိုးပုံက ကတုန်ကယင်ဖြစ် ပြီးတော့ ခေါ်တင်လေးသွယ် က အလက်ာ နဲ့ ခေါင်းဦးနိုက် တစ်ချက် ပြန်ဝေ့ကြည့်ကာ ...

"လာ .. လာ .. ကလေး သွားခေါ် .. နင်ကတော့ ဒုက္ခပါပဲ .."

အမျိုးသမီးနှစ်ယောက်ကို ကြည့်၍ သူတို့ ဘယ်လိုရှုပ်ထွေးနေကြ ာ့ မသိပေမယ့် စိုးစိုး အမူအရာတွေက လဲပြိုကျသွားတော့ ကြောက်ရွံ့ တုန်ယင်နေတာ သိသာသည်။

ခေါ်တင်လေးသွယ် က ဘာကို ပူပင်နေမှန်း မသိ ..၊

ွန်ခဲ့သောညက ကင်မရာကတစ်ဆင့် မြင်လိုက်ရသည့်အဖြစ် ို မြင်ယောင်ကာ ပြောသွားခဲ့တာတွေကိုပါ သတိရလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို သာသာ တို့တောင် မသိလိုက်ကြပေ ..။

ဒေါ်တင်လေးသွယ် နဲ့ ဒီအမျိုးသမီးတို့ ဦးဒေဝတာ ... အောက်မှာ ဘယ်လိုပုံစံတွေ ရုပ်တည်နေကြသလဲ ..။

"ဖေဖေ .."

"ဟင်!..."

"တီတီသာ က သူ နေကောင်းသွားပြီတဲ့ ..၊ ရုပ်ရှင်ကြည့်... ကြည့်တဲ့ .."

"မကြည့်ရပါဘူး .. အပြင်ထွက်လာရင် ဘာဖြစ်လို့ ရုပ်ရှင်... ဖို့ပဲ တာစူနေရတာလဲ ..၊ ရုပ်ရှင်ကြည့်တာ ဖေဖေ မကြိုက်... ပြောထားတယ်လေ .. ပြီးတော့ သာသာ က ခုပဲ ဆေးခန်းက ... လာတယ် .."

အလင်္ကာ က နဖူးကြောလေး ရှုံ့တွတွနှင့် ငြိမ်သွား၏။

"ကိုကို .."

"ပြောလေ .. ဘာစားချင်လို့လဲ ..၊ အမူးပြေသွားတော့ ဗိုက်... လာသလား .."

"မဆာပါဘူး .. အလင်္ကာ က အိမ်မပြန်ချင်သေးဘူး ..၊ ... သာသာ နေမကောင်းလို့ ပြန်မယ် ပြောရတာ .."

"ဒါဆိုလည်း ဘယ်သွားချင်လို့လဲ .. အေးဆေးနားလို့... တစ်နေရာပေါ့ .. ရုပ်ရှင်တော့ မကြည့်ရဘူး .."

"ဒါဆို ပန်းခြံသွားမယ် .."

အလင်္ကာ ကပဲ အကြံပေးတော့ သူ သာသာ့ ကို လှမ်းကြည့်...

"သွားမယ်လေ .. ကန်စပ်မှာ ထိုင်ရတာပေါ့ .."

သူ ခေါင်းညိတ်ပြီး ကားကို ဦးတည်ချက်ပြောင်းလိုက်... ကားမောင်းနေရင်း ဖုန်းပြောနေတာတွေက မနားသဖြင့် အလင်္ကာ... မော့ကြည့်၍ ...





"ဖေဖေ့ကို သား စိတ်ညစ်တယ် .."

"ဟင်!... ဘာဖြစ်လို့လဲ .."

အဲဒီလို စကားတတ်လွန်းသဖြင့် အလင်္ကာ့ ကို ဆောင်းဦးခိုက် ...ခိုင်ရတာပါ။ ပြီးတော့ ထက်မြက်သွက်လက်လွန်းသဖြင့် သူ့ကို ...ကြိုက်နေရသည်။

"ဘာဖြစ်လို့လဲ သား .."

"ဖေဖေက အလုပ်တွေပဲ ရှုပ်နေတာ .."

"သားအတွက် ဖေဖေ အလုပ်လုပ်နေတာလေ ..၊ သား အရွယ် ...ရောက်လာတဲ့အခါ ဖေဖေ အလုပ်တွေ မလုပ်နိုင်တော့ရင် မိသားစု ...င် မကြောင့်မကြ သုံးနိုင် စားနိုင်တာပေါ့ .."

"သားတို့က ချမ်းသာပြီးသားပဲဥစ္စာ .. ဘိုးဘိုးနှစ်ယောက်စလုံးက ...ယ် .. ဖေဖေက တစ်ဦးတည်းသောသား တဲ့ ..၊ မေမေက အခု ...တော့ဘူး .. တီတီသာ တစ်ယောက်ပဲ ရှိတော့တာဆိုတော့ သားရဲ့ ...တည်းသော မေမေ ဖြစ်သွားပြီ .."

"အလင်္ကာ .."

သာသာ အဲဒီလိုကြီးတော့ နားထောင်နိုင်စွမ်း မရှိဘဲ မျက်နှာလေး ...၏။

"ဘာတွေ လျှောက်ပြောနေတာလဲ ..၊ ငါ နောက်ကနေ ခေါင်း ...လိုက်မှာနော် .."

"တီတီသာ ကလည်း .. ဖေဖေနဲ့ လက်ထပ်ပြီးရင် သားမေမေပဲ ...

...တွေ့လား .. ငါ .."

"ဟာ!... မလုပ်နဲ့လေ .. ဖေဖေ့ .."

...ရှင်ကနေ ကျောလေးကော့၍ အလင်္ကာ က ခေါင်းကိုလည်း ...သားနဲ့ အုပ်ထားသည်။

www.burmeseclassic.com



သာသာ လက်ရှယ်ပြီးမှ ကူရှင်မှာ ပက်ခနဲ ပြန်မှီကာ ငွ…
ရေရွတ်ပြီး မဲ့ရွဲ့နေ၏။

မှန်ထဲကနေ လှမ်းကြည့်ပြီး သူ မျက်နှာလွှဲရင်း ပြုံးလိုက်မိသ…
ကန်တော်ကြီးဥယျာဉ်ထဲကိုပဲ ဝင်ခဲ့ကြပြီး အလင်္ကာ က တီတီ…
လက်ကို ဆွဲ၍ …

"တီတီသာ .. သားတို့ တံတားပေါ် တက်ရအောင် .."

"ဟာ .. အဲ့ဒါ ကလေးတွေပဲ တက်လို့ရတာ .."

"ဒါဆို .. ဟိုစင်လေးတွေပေါ် တက်မယ် .."

"ကလေးလေးတွေချည်းပဲ အလင်္ကာ ရယ် .. ကိုယ့်အိမ်…
တော်သေးတယ် .."

ကလေးက ကစားနေကျအတိုင်း ခေါ်ပေမယ့် သာသာ ခေါ်…
နေတာကို ဆောင်းဦးနိုက် ဒီတိုင်းပဲ ကြည့်နေလိုက်သည်။

ဘယ်ကိုဖြစ်ဖြစ် ခေါ်မရတော့ အလင်္ကာ က ခေါင်းလေး…
၍ …

"ဒါဆို .. ဟိုမှာ မဲ့သွားလှည့်မယ် .. တစ်ခါလှည့် သုံးရာ…

"သွားမယ် .."

"မသွားနဲ့ .."

ဆောင်းဦးနိုက် သာသာ့ လက်ကို ဆွဲထားလိုက်ကာ …

"မျက်နှာက မကြည်မလင်နဲ့ .. မင်း နေမကောင်းဘူးမို့လ…

"ဆော့မှာမှ မဟုတ်တာ .."

"ဟိုမှာ လူတွေထဲ မင်း တိုးရမှာ..၊ သား သွားဆော့လေ …
ကြာရင် ပြန်မယ် .."

"ဟုတ် .."

"လူစုစုဆီကို အာရုံရောက်နေပြီမို့ အလင်္ကာ က ချက်ချင်…
ထွက်သွား၏။





"ဟိုတံတားလေးပေါ်မှာ ထိုင်မလား ..၊ ဒီဘက်နားမှာ ရိပ်တယ်"

"မထိုင်တော့ပါဘူး .. အလင်္ကာ လှည့်တာကို ဒီက ကြည့်မယ်.."

"မမြင်ရပါဘူးကွာ .. လာ .."

လက်ဖဝါးလေးကို ဆွဲခေါ်လာတော့လည်း ပါလာသည်။ အဖြူ…
…င် ခါးရှည် ကိုယ်ကျပ်အဖြူရောင် စကက်တိုလေးနှင့် သာသာ့
…လုံးလေးက ထင်းနေအောင် လှသည်။

ပြီးတော့ ခိုပြာရောင် နက်စွေးစွေးအရောင်တင်ထားသည့် ဆံနွယ်
…လေးတွေ ပခုံးအောက် ခပ်ဝဲဝဲနှင့် မျက်နှာဖြူနုနုလေးက ချစ်ဖို့
…င်း၏။

"သာသာ .."

"ဟင် .."

"မင်းနဲ့ငါ စေ့စပ်ထားတာနဲ့ ပတ်သက်ပြီး မင်း ရင်ထဲကို ဘယ်လို
…ထားလဲ .."

"ဘယ်လိုမှ မထည့်ဘူး .."

"ဘာ!…"

သူ 'ဘာ ..'လိုက်တာကို သာသာ က အံ့သြသလိုလေး ကြည့်၏။

"တစ်ခုခုတော့ ရှိရမှာလေ .. ဘာမှ မထည့်ဘူးဆိုတာ မဟုတ်
…ဘူး .."

"ဘာကို ထည့်ရမှာလဲ ကိုကို ..၊ သာသာ့ စိတ်ထဲမှာ ဘာမှမှ
…ဘာ .."

"လက်ထပ်ကြဖို့အတွက် ခေါင်းထဲကို ခုထိ ထည့်မတွေးခဲ့ဘူး
… .."

"ထည့်တွေးလိုက်တယ် .. ဒါပေမယ့် လက်ထပ်ဖြစ်မှာ မဟုတ်
…တဲ့ အဖြေက ရှိပြီးသားပဲ .."

"ဘာဖြစ်လို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"သာသာ ကိုကို့ကို မချစ်ဘူး .."

"ဒါပဲလား .."

"ကိုကိုလည်း မချစ်နိုင်ဘူးလို့ မှုမှုတတ တွေးခဲ့တာပါ ..၊ ... ကိုကို ရန်တွေဖြစ်ဖြစ်နေကြတာတွေ သာသာ ဟိုတုန်းက အမှတ်... ပေမယ့် ကိုကိုနဲ့ စေ့စပ်ဖို့ ဖြစ်လာတော့ တွေးမိလာတယ် ..၊ အချ... ချိုသလား .. ခါးသလား မသိလိုက်ခင် ယူကျုံးမရ မခံစားချင်ဘူ... အထူးသဖြင့် ကိုကို့ကို သာသာ က အစ်ကိုလို သဘောထားခဲ့တာ...

နှစ်ယောက်ကြားမှာ တိတ်ဆိတ်ခြင်းက လွှမ်းမိုးသွားခဲ့၏။ ... ကြာမှ ...

"မင်း ခေါင်းထဲမှာ အဲ့ဒါမျိုးတွေ တွေးမိနေလိမ့်မယ်လို့ ငါ မ... ခဲ့မိဘူး .."

ပြောပြီး ဆောင်းဦးခိုက် မျက်နှာမှာ ပြုံးယောင်သမ်း၏။ သာ... က ထိုမျက်ဝန်းတွေက ရီဝေခြင်းကို မျက်လွှာချပစ်ပြီး ရှောင်၏။

"လက်ထပ်ဖို့ကို ကိုယ့်ဘက်က အပျက်မခံနိုင်ဘူး သာသာ ...

ဟိုတုန်းက နင်တွေ .. ငါတွေကနေ နိုင်ငံခြားမှာပဲ အနေများ... ခဲ့ပြီးနောက်ပိုင်းမှာ 'မင်းနဲ့ ငါ' ဖြစ်လာသည်။

ခုကျတော့ 'ကိုယ်' ဆိုတာကို မကြာခဏ ကြားလာရကာ ...

"အဲ့ဒါ သားအတွက် ထည့်စဉ်းစားခဲ့တာ မှန်ပေမယ့် မိသား... တွေရဲ့ သာယာချမ်းမြေ့မှုတွေ မပြိုကွဲစေချင်တာလည်း ပါတယ် ... ခု ထပ်ပြီးပြောရရင် မင်းနဲ့တော့ နွေးထွေးဖို့ ကိုယ် ကြိုးစားချင်တယ်...

မျက်လုံးချင်း ဆုံသွားပြန်သည်။ သာသာ နောက်ထပ် မျက်နှာ... သွားတော့ ဆောင်းဦးခိုက် က ပခုံးလေးနှစ်ဖက်ကို ကိုင်ပြီး သူ့ဘ... ပြန်လှည့်ယူ၍ ...

"ကိုယ့်ကို ကလေးအဖေ ဖြစ်နေလို့ မင်း ငြင်းတာလား .."

"အို!... မဟုတ်ပါဘူး .."





"အလက်ာ ကရော မင်းကို သူများလက်ထဲ ထည့်လိုက်ဖို့ .. ...ဘခြားမိန်းမတစ်ယောက်ယောက်နဲ့ လက်ထပ်လိုက်ဖို့တွေ ဖြစ် ...ချင် သူ ဒီတိုင်း ပုံစံမပျက် နေနိုင်မယ်လို့ ထင်သလား .."

"မသိဘူး ကိုကို .. သာသာ ကိုကိုနဲ့ လက်မထပ်ချင်ဘူး ..၊ ခု ...မှ ကိုကို့ အမိန့်အာဏာတွေနဲ့ သာသာ မလွတ်ကင်းနိုင်ဘူး .. ...း ဖြစ်သွားရင် .."

"ပြောပါဦး .."

"မသိဘူး .. သာသာ အဲဒီလိုကြီး မနေချင်ဘူး .. ကိုကို တစ်နေ့ ...က်ထပ်သွားရင်လည်း အလက်ာ က သာသာ့ ဆီကနေ ကိုကို့ ...ကို မလိုက်ဘူးဆိုတာ သိတယ် ..၊ အဲဒီတော့ .."

"ကိုယ် မရှိတော့ရင် မင်းကို ပြောမယ့် ဆူမယ့်လူတစ်ယောက် ...သွားမယ်ပေါ့ .."

သာသာ က မဖြေ ..၊

"များများ ဆူနေရတာက များများချစ်လို့ပဲ သာသာ .. မင်းအပေါ် ...ချင်ထဲက စေတနာ အစစ်အမှန်တွေပါ ..၊ ငါနဲ့ မဟုတ်ဘဲ တခြား ...ာက်နဲ့ မင်း ဆုံစည်းခဲ့ရင်လည်း ကိုယ့်ဘက်မှာ ပြောစရာ ဖြစ် ... .. သူ့ဘက်က ပြောလာမှာပဲ .."

"အဲ့ဒါကြောင့် အိမ်ထောင်ရေးကို သာသာ စိတ်မဝင်စားဘူး .."

"...င်း ဒီလောက်လှနေတာ မင်းက စိတ်မဝင်စားရင်လည်း မင်းကို ...င်စားတဲ့သူတွေ ရှိနေမှာပဲ ..၊ လက်ထပ်ခြင်း .. မထပ်ခြင်းတွေကို ...စိတ်မဝင်စားရုံနဲ့ ခေါင်းခါဖို့ မလွယ်ဘူး ..၊ ဘာဖြစ်လို့လဲဆိုတော့ ... စိတ်ချချင်တဲ့ အုပ်ထိန်းသူတွေ ရှိသေးတယ် .."

သာသာ့ မျက်နှာလေးက မျက်ခုံးတန်းလေးတွေ တွန့်နေလျက် ...ဘက်ထိ စိတ်ညစ်သွားသလဲဆိုတာကို ဖော်ပြနေကြ၏။

"နေကောင်းရဲ့လား .."

www.burmeseclassic.com



"ဟုတ် .."

"စိတ်ညစ်သွားတာလား .."

"အင်း .."

"မင်း စိတ်ညစ်နေတာ မြင်တော့ ကိုယ်လည်း မပျော်ပါဘူး အတူတူ ညစ်ကြတာပေါ့ .."

ပြောပြီးတာနှင့် နေရာမှခွာဖို့ သာသာ့ လက်လေးကို ဆွဲလိုက်

"ကိုကို .."

"ဘာလဲ .."

"ဟိုလေ .. သာသာ တို့ ကင်မရာနဲ့ ဖမ်းကြည့်နေတဲ့ည ကိုကို တစ်ခုခု တွေ့လိုက်လား ဟင် .."

"တွေ့တယ် .."

"အဲ့ဒါ .."

"မင်း သိဖို့ မလိုဘူး သာသာ ..၊ နောက်ထပ်ပြီး သူများ ကိုယ် ကိုယ်တာတွေအပေါ် စပ်စု စွက်ဖက်ချင်တာမျိုးတွေ မလုပ်နဲ့တော့ ဦးဒေဝတာ က ကိုယ့်ရှေ့ထိ လာပြီး ကြိမ်းမောင်းသွားတယ် .."

"ဟင်!..."

"ဟုတ်တယ် .. လူကို ကြောက်လို့ မဟုတ်ဘူး .. ဒါပေ ကိုယ့်ရဲ့စည်းကမ်း စာရိတ္တကို စော်ကားခံလာရရင် ကိုယ်ချည်းပဲ ခံ မဟုတ်ဘူး .. မိဘ ဘိုးဘွားတွေကိုပါ ထိခိုက်တာ .. ရန်ဖြစ်လိုက် တောင် ပခုံးချင်းပြေးတိုက်ပြီး သူသေကိုယ်သေ ချပစ်လိုက်လို့ ရတ အဲ့ဒါမျိုး ခံရရင် ကိုယ့်ဘက်က ဘာမှ ပြောခွင့် မရှိတော့ဘူး .."

"သူက အဲ့ဒါကို သိသွားလို့လား .."

"သူ့ဆီမှာ ထားသွားတဲ့ ကင်မရာကြီး တစ်လုံးလုံးကို မမေ့ နေမလား ..၊ ပြီးတော့ CCTV ကင်မရာ မြင်လိုက်တာနဲ့ သူ နား သွားပြီ ..၊ ဘယ်လောက်ထိ အန္တရာယ်ကြီးသလဲ သိရဲ့လား .."





သာသာ က သူ ကိုင်ထားသည့် လက်လေးကို ပြန်ရုန်းလိုက်ပြီး ဘတားလက်တန်းပေါ်မှာ လက်ကိုတင်၍ ရေပြင်ဘက် လှည့်လိုက်သည်။

"အဲ့ဒီလူကြီးက ဒေါ်စိုးစိုး တို့ သားအမိကို အရမ်း အနိုင်ကျင့်တာ .."

"အဲ့ဒါ သူတို့အကြောင်းပဲကွ .."

"ဒေါ်စိုးစိုး ကို သာသာ တို့က အိမ်အကူလို့ပဲ ထင်တာလေ ..၊ အဲ့ဒါလည်း မဟုတ်ဘူးလို့ ပြောလို့ရတဲ့ အချက်တွေ ရှိတယ် .. သာသာ သိနေသမျှ အလက်ာ့ ကို မပြောပါဘူး .. ကလေးကတော့ ဟိုဘက်ကနေ မေမေတို့ ကြားအောင် အော်ဟစ် ကြိမ်းမောင်းနေတာကိုပဲ ကလေးစိတ်နဲ့ မခံရပ်နိုင် ဖြစ်နေတာမျိုးပဲ .."

"မခံရပ်နိုင် ဖြစ်နေတဲ့စိတ်ကို ဟိုခြံထဲ ခိုးဝင်ပြီး ကင်မရာ သွားခိုတ်တဲ့အထိဖြစ်အောင် မင်း ဘာဖြစ်လို့ အတူတူ ကျူးလွန်နေရတာလဲ .."

"ကင်မရာထားတဲ့အထိ သာသာ မသိဘူး ကိုကို ..၊ ကိုကို မယုံဘူးလား .."

"ကျွတ်!..."

"အန်တီစိုးစိုး ရဲ့သား စိုးအောင် ဆိုတဲ့ ကောင်လေးနဲ့ အလက်ာ က မတိမ်းမယိမ်းအရွယ်တွေလေ .. အဲဒီကောင်လေးကလည်း ပရော်ဖက်ဆာကြီးကို အသေကြောက်နေတဲ့ပုံနဲ့ လူပါ သေနေသလား မှတ်ရတယ် ..၊ သူတို့အားလုံးက စိတ်ဝင်စားစရာတွေ ဖြစ်နေတာ .. စိုးအောင်နဲ့ တစ်ခါ နှစ်ခါ စကားပြောပြီးတည်းက အလက်ာ က အဲဒီအိမ်ကို လှမ်းမြင်လိုက်ရတိုင်း သေချာ ဂရုစိုက်ကြည့်တော့တာ ..၊ ပြီးတော့ အဲဒီခြံက ကိုကိုတို့ခြံမှန်း သိတော့ .."

"ကလေးက သိရုံပဲ သိတာ .. မင်းက အကွင်းပိုင်း တစ်ခုလုံးကို ကြမ်းရေးပြလိုက်တော့ ပိုဆိုးပြီပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



ကိုကို အားလုံးကို ဖွင့်ကြည့်ပြီးသွားပြီမှန်း သိလိုက်သည်။ သူမတို့ သိထားသမျှကို ကိုကို သိနေပြီဖြစ်ကာ ကိုကို သိလိုက်ရသည့် နောက်ဆုံးလျှို့ဝှက်ချက်ကိုတော့ သူမတို့ မသိရပါလား ..။

"ပရော်ဖက်ဆာကြီးမှာ သားတစ်ယောက် ရှိတယ် .. အဲဒီကောင်လေးကလည်း အလက်ဇ် အရွယ်လေးပဲ ..၊ စိုးအောင် ရယ် .. အဲဒီကလေးလေးရယ် .. အလက်ဇ် ရယ် .. ခြံချင်းကပ်လျက် ရွယ်တူလေးတွေဖြစ်ပြီးတော့ စိုးအောင် ကလည်း မတုန်မလှုပ်နဲ့ .. ပရော်ဖက်ဆာရဲ့သားကလည်း အပေါ်ထပ် ပြတင်းပေါက်လေးမှာ ထိုင်ကြည့်နေတာပဲ တစ်ခါတလေ မြင်ဖူးတယ် .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"အဲဒီတော့ .. တစ်အိမ်တည်းနေကြတဲ့ သူတို့ချင်းလည်း ကစားဖော် မဖြစ်ဘူး .. အလက်ဇ် က ဒီဘက်ကနေ လှမ်းခေါ်တာလည်း အရေးမစိုက်ဘူး ..၊ ကလေးတွေကိုက ကလေးတွေနဲ့ မတူဘူးလေ .. စက်ရုပ်တွေလိုပဲ ..၊ ပြီးတော့ သူတို့အမေတွေကလည်း ကလေးတွေကို အပြင်လူနဲ့ စကားမပြော .."

"တော်ပြီ သာသာ .. ကိုယ့်ရဲ့ တန်ဖိုးရှိတဲ့အချိန်တွေကို သူများအကြောင်းတွေ တွေးပြီး မင်း အချိန်ဖြုန်းနေတာလား .."

"သာသာ ဝါသနာပါနေတာ ထင်တယ် .."

ကိုယ့်ကို တိုက်ခိုက်ချင်သလို အရွတ်ဆန်သည့်စကားမျိုး ပြောလာတော့ ဆောင်းဦးခိုက် မျက်မှောင်ကုတ်သွားသည်။

သာသာ က တကယ်တော့ ပြောရခက်နေသည့် စကားတွေကို ခုလိုပြောနိုင်အောင် အကြိမ်ကြိမ် ကြိုးစား အားထုတ်နေခဲ့ရတာ ဖြစ်ကာ ...

"ကိုကို မေမေ့ကို ပြောပေးရင် သိပ်ကောင်းမှာပဲ .."

"ဘာလဲ .."





"သာသာ က ဘီအီး ဆက်မတက်ဘူးဆိုတော့ .. ကိုယ် ဝါသနာပါတာပဲလုပ်ပြီး ထူးချွန်အောင် လုပ်ချင်တယ် .."

"ဘာကို ဝါသနာပါနေတာလဲ ..၊ သတင်းထောက်လုပ်စားဖို့ မင်း စိတ်ကူးနေတာလား .."

သာသာ 'ဟင် ..'ခနဲ ဖြစ်အောင် အံ့သြသွားသည်။ ဒါပေမယ့် ဆောင်းဦးခိုက် မျက်နှာက ဒေါသကို မြင်တာနှင့် 'ဟုတ်တယ်'ဆိုသည့် စကားနှစ်ခွန်းကို ပြောရခက်သွား၏။

"မင်း ဝါသနာပါတာ မဟုတ်ဘူး .. အဲ့ဒါ စိတ်ကစားနေတာ..၊ ဒေါက်တာ တို့ မိသားစု တစ်ခုလုံးကို စိတ်ဝင်စားပြီး သူတို့အကြောင်း စပ်စုကြိုက် ပေ့လာဖော်ထုတ်ခွင့်ကို အလိုရှိနေတာ ..၊ ကိုယ်နဲ့ ဘာမှ ပတ်သက်မပ် မသက်ဆိုင်တာတွေကို ခေါင်းထဲ မထည့်ပါနဲ့လို့ ပြောနေရတာ မင်းအတွက် .."

"ကိုကိုကလည်း .."

"မပြောနဲ့ .. ငါ လုံးဝ ခွင့်မပြုဘူး .. အန်ကီတို့ကို မင်း ပြောလို့ အန်ကီတို့ကိုယ်တိုင် ခွင့်ပြုဖို့ ဖြစ်လာရင်တောင် မင်းကို ရအောင် ဖတ်ထပ်ပြီး ငါ့အမိန့်နဲ့ တားမယ် ..၊ ရပြီလား .."

လက်လေးကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ဆွဲပြီး တံတားပေါ်ကနေ ပြန်ဆွဲလာခဲ့သည်။

အလက်ဇ် က ရွယ်တူကလေးတွေနဲ့ ကဲလို့ ကောင်းနေတုန်း ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"မြေးရေ .. ဘိုးဘိုးကြီးတို့ လေယာဉ်ချိန် နီးပြီကွ .."

မီးဖိုချောင်ထဲမှာ အလင်္ကာ့ အတွက် မုန့်နဲ့ အိုဗာတင်းဘူးတွေ အားလုံးကို သေချာထည့်လျှိုနေရင်း ဦးသန့်ဇင် ခေါ်သံကြောင့် အလင်္ကာ ဘယ်ရောက်နေသလဲဆိုတာ သာသာ နားစွင့်ကြည့်မိ၏။

ထိုစဉ် ...

"တီတီသာ .."

"အလင်္ကာ .."

အလင်္ကာ က သူမအားကို ရောက်နေပြီဖြစ်ကာ မော့ကြည့်နေသည့် မျက်ဝန်းလေးတွေမှာ မျက်ရည်တွေ ပြည့်အိုင်နေလျက် ...

"အလင်္ကာ .. ဘာဖြစ်လို့လဲ ကလေးရယ် ဟင် .."

"တီတီသာ က သားကို လေဆိပ် လိုက်မပို့ဘူးလား .."

သာသာ က အလင်္ကာ့ ရှေ့မှာ ခုံလေးဆွဲ၍ ထိုင်လိုက်ကာ ပခုံးလေးကို ဆွဲဖက်ထားလိုက်ရင်း ...





"တီတီသာ့ ကို ဘွားဘွားက ဟင်းတွေ ချက်ခိုင်းထားတယ်လေ..၊ ...င် ပြန်လာရင် နင့်ရဲ့ တီတီသာ ကိုယ်တိုင် ချက်တဲ့ ဟင်းတွေကို ...းရမှာ .."

"တီတီသာ က မချက်ချင်ဘဲ ချက်နေရတာပါ ..၊ ဘွားဘွားက ...င်းချက်သင်ရမယ်ဆိုပြီးတော့ .."

ခေါင်းခါပြီး စကားပြောသော မျက်ရည်စက်လေးတွေ စင်ကျလာ ...၊ သူမ သုတ်ပေးပေမယ့် နောက်ထပ်ကျသော မျက်ရည်တို့နှင့် ...

"သားက တီတီသာ့ ကို မချက်ခိုင်းပါဘူး .. တီတီသာ ချက်တတ် ...တ် မတတ်တတ် သားက ချစ်တယ် .."

"အင်းပါ .. ဟုတ်ပါတယ် .. အခု ဘာမုန့်တွေ ဘာတွေ လိုသေး ...ဲ ကြည့်ပါဦး ..၊ လမ်းမှာစားဖို့ မဟုတ်ဘူး .. လေယာဉ်ပေါ်မှာ မုန့် ...တွေ စားရမှာ .. ဟိုရောက်ရင် စားဖို့ .."

မုန့်တွေ ထုပ်ပိုးထားတာကို ပြပြီး ချော့မော့ဖို့ ကြိုးစားတာလည်း ...ရ ..၊ အလင်္ကာ က သူမခါးကို ဖက်ထားကာ ...

"သားနဲ့ လိုက်ခဲ့ .."

"လိုက်လို့ မဖြစ်လို့ပါ အလင်္ကာ ရယ်.. ဒီမှာလည်း အလုပ်သမား ...တွေ မရှိဘူးလေ .. မေမေတစ်ယောက်တည်း ပင်ပန်းမှာပေါ့ ..၊ ပြီးတော့ ...က သင်တန်းတက်ရဦးမှာ .."

"သင်တန်း သားတို့ပြန်လာမှ တက်လေ .. သားလည်း ကျောင်း ...မှာ ခွင့်ယူထားတာပဲဥစ္စာ .. သား ဖေဖေ့ကို ပြောပေးမယ် .."

သာသာ့ အတွက် ကျောင်းကိစ္စ .. သင်တန်းကိစ္စ အားလုံးကို ...ခေါင်းဦးခိုက် ပဲ စီစဉ်နေတာမို့ အလင်္ကာ က သိနေသည်။

"မြေးက သူ့အဒေါ်ကို ကပ်ချွဲနေတာကိုး .."

သာသာ လှည့်ကြည့်လိုက်တော့ မီးဖိုခန်းတံခါးဝမှာ ဦးသန့်ဇင် ...နဲ့ မေမေက ပြုံးနေ၏။ မေမေကတော့ မီးဖိုခန်းထဲကို တန်းဝင်လာပြီး...



www.burmeseclassic.com

www.burmeseclassic.com



"မြေးအတွက် အကျီနဲ့ ဘောင်းဘီလေး ဘွားဘွား ဝယ်ထား တယ်..၊ လာ မြေး လာ .. မြေးရဲ့ တီတီသာ က မုန့်တွေ လုပ်ပေးတယ် ဘွားဘွားက အကျီလှလှလေးတွေလေ .."

"သား ဘာမှ မလိုချင်ပါဘူး .. အကျီတွေလည်း အများကြီး တယ် ..၊ မုန့်တွေလည်း ဘိုးဘိုးကြီးက ဝယ်ကျွေးမှာဥစ္စာ .."

သာသာ့ ကို ဖွတ်ခေါ်နေသဖြင့် လူကြီးတွေ မနည်းချော့လိုက် သည်။ ဒီလိုဆိုလည်း နေခဲ့ပါတော့လို့ ပြောသင့်ပေမယ့် ဦးသန့်ဇင် ကိုယ်တိုင်က မြေးကို တစ်ခါလောက်တော့ အလည်ခေါ်သွားချင်သည် ဖြစ်ရာ ...

"ဘိုးဘိုးက မြေး မလိုက်ချင်မှာစိုးလို့ အဝေးကြီးကို မခေါ်တော့ ဘူးလေ မြေးရဲ့ .. မန္တလေးမှာ ဘိုးဘိုးရဲ့ဟိုတယ်ကြီး ရှိတယ် ..၊ လည်း အကျယ်ကြီးပဲ .. မြေးကို အဲ့ဒီမှာပဲ ထားမယ် .. မြေး ပြန်ချင် တယ်ဆိုရင် ချက်ချင်း ပြန်ပို့မယ်ကွာ ..၊ ကဲ .. ဘိုးဘိုးကြီးဆီကို မြေး တစ်ခါလောက်ပဲ လိုက်ခဲ့ .."

ချက်ချင်း ပြန်ပို့မယ်ဆိုမှ သူ့ဘာသာ မျက်ရည်သုတ်ပြီး ခေါင်း ညိတ်ဖော် ရတော့သည်။ လူကြီးတွေ ရယ်နေကြပေမယ့် မျက်နှာတွေ မကောင်းကြရှာ ..။

"စိတ်ဖြောင့်ဖြောင့် ခေါ်သွားပါ ကိုသန့်ဇင် ရာ .. ကလေးဆိုတော့ မေ့လွယ်ပျောက်လွယ်ပါ .. ကိုယ့်ဘိုးအေ ဘွားအေတွေ ရှိတဲ့အရပ်ဆို တာ ရင်းနှီးကျွမ်းဝင်နေရမှာပေါ့..၊ ဟိုရောက်ရင်လည်း သူ ပျော်မှာပါ.."

"အေးဗျာ .. ဝေးဝေးလံလံထိ ပြောင်းသွားခဲ့မိတာကိုက မှားတာ ပါ ..၊ မန္တလေးမှာ အခြေချနိုင်အောင် ပြန်လုပ်ရဦးမယ် ..၊ ဘာပဲဖြစ်ဖြစ် နီးသွားတာပေါ့ .."

ဦးသန့်ဇင် က ညည်းတွားသလို ပြောနေရင်း သာသာ့ မျက်နှာ လေးကို ကြည့်၍ ...





"နောက်ထပ် မြေးလေးတွေ ထပ်ရရင်တော့ ငယ်ငယ်တည်းက ...လူးသွားလာတတ်နေအောင် ရင်းနှီးဖို့ ကြိုးစားရတော့မယ် .."

သာသာ့ ပါးပြင်လေးတွေ နီမြန်းသွားသည်။ ဒေါ်ချိုမြလွင် က ...ရင်း အလက်ဲ့ လက်လေးကို ဆွဲခေါ်သွား၏။

ဦးအေးချို ကပါ ထွက်သွားလျှင် ...

"သမီး .."

ဦးသန့်ဇင် က ခပ်လှုပ်လှုပ် လျှောက်လာကာ ...

"ညတုန်းက အန်ကယ်လ်နဲ့ သား စကားပြောဖြစ်ကြတယ် ..၊ သမီးတို့ရဲ့ အိမ်ထောင်ရေးအတွက်ပေါ့ .."

သာသာ ထိုင်ရာကနေ ထရပ်ကာ အလုပ်မရှိ အလုပ်ရှာရင်း အလက်ဲ့ အတွက် ပြင်ထားပြီးသည့် စားစရာအိတ်လေးကို ပြန်ဖွင့်၍ ...ကြည့်နေမိသည်။

"သမီးက သားကို လက်မထပ်ချင်တဲ့အကြောင်း သားက ပြော ...ယ် .."

"သူကရော ..၊ သူ့ဘက်က ရှေ့မဆက်တော့ဘူးတဲ့လား .."

သာသာ ချက်ချင်းကြီး အားတက်သရော ဖြစ်သွားပုံကို ကြည့်၍ ဦးသန့်ဇင် က ပြုံးသည်။ သာသာ က ပြောပြီးမှ အားနာသွားသလို ...ည်ပင်းလေး ပွတ်ရင်း ...

"မဟုတ်ပါဘူး .. ဟို .. ကိုကိုနဲ့ သာသာ တို့က မောင်နှမလိုပဲ ...လာကြတော့ နှစ်ယောက်စလုံးအတွက် ခက်ခဲနေလို့ပါ ..၊ ပြီးတော့ ...သာ .. ဇေစပ်ဖြစ်ခဲ့ရတဲ့ အကြောင်းရင်းကလည်း .."

"အန်ကယ်လ် အားလုံး သိပြီးပါပြီ .. ဒါပေမယ့် ခုလို တိုက်ဆိုင် ...တွေ ဖြစ်မလာလည်း သားနဲ့ သမီးကို လက်ထပ်ပေးကြဖို့ ရည်ရွယ် ...ချက်တွေက အန်ကယ်လ်တို့မှာ ရှိပြီးသား .."

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်လာလိုက်တော့ တိုက်တွန်းဖို့အတွက် သိပ်အားမထုတ်ရ
တော့ဘူးပေါ့ကွယ် ..၊ သားကို တခြားမိန်းကလေးတစ်ယောက်ယောက်
နဲ့ လက်ထပ်ပေးလိုက်ဖို့ မဖြစ်နိုင်သလို .. သမီးကိုလည်း တခြားလူနဲ့
ပေါင်းဖက်ခွင့်ပေးဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး .. အဲ့ဒါက အလက်ာလေး
ကြောင့်ပါ ..၊ မြေးကို သမီးလည်း ကိုယ့်တူသားလေးမို့ ဘယ်လောက်ထိ
ချစ်ခဲ့ရသလဲ ..၊ အန်ကယ်လ်တို့လည်း ဒီတိုင်းပါပဲ .."

"ဒါပေမယ့် အန်ကယ်လ် .. ဘယ်သူက ဘယ်သူ့ကိုပဲ လက်ထပ်
သွားသွား .. ကလေးက သဘောကျတဲ့ဘက်မှာ နေလို့ရတာပဲလေ .."

"ဘယ်ဟုတ်မလဲ သမီးရယ် .. လက်ထပ်ပြီးကြပြီဆိုရင် သားတို့
သမီးတို့မှာ တစိမ်းတွေ ကိုယ်စီ ဖက်လာကြပြီလေ ..၊ သားနဲ့ သမီးက
ကလေးအတွက် ဘယ်လိုငဲ့ညှာမှုမျိုးဖြစ်ဖြစ် ပေးနိုင်ပေမယ့် အဲဒီအချိန်
မှာ ပေးချင်တိုင်းပေးလို့ မရတော့ဘူး .. မြေးလေးက သမီးကို ဘယ်
လောက်ခင်တွယ်နေသလဲ .. ဒါကို သမီး ငဲ့ညှာပါကွယ် .."

ဦးသန့်ဇင် က ဇာစပ်ပွဲအတွက်နဲ့ ရပ်ဝေးကနေ မဖြစ်မနေ လာခဲ့
ရတာ ဖြစ်သည်။ အထူးသဖြင့် ဒီစကားတွေကို သာသာ့ ကို ကိုယ်တိုင်
ပြောချင်တာကြောင့်ဖြစ်ရာ ..၊

"ဟိုအရင်တုန်းတည်းက သမီးက နှစ်ဖက်မိသားစုမှာ အငယ်
ဆုံး .. သမီးအပေါ်မှာ အားလုံးက အချစ်ပို အလိုလိုက်ခဲ့ကြတာပါ ..
အန်ကယ်လ် ပြောချင်တာက သမီးကို အန်ကယ်လ်က သမီးလေးအဖြစ်
ကို လိုချင်နေတာ .. အဲ့ဒီခံစားချက်က သံသာ နဲ့တုန်းကထက် ပိုတယ်
ဆိုတာ သမီး ယုံပါ ..၊ ဘာဖြစ်လို့လဲဆိုတော့ .."

ဦးသန့်ဇင် ခဏ တုံ့ဆိုင်းသွား၏။ ပြီးမှ ...

"သားကိုယ်တိုင်က သမီးကို လိုလိုလားလား လက်ထပ်ချင်
တာ.."

မဖြစ်နိုင်တာပဲ ..၊





သာသာ့ မျက်နှာ မကြည်မလင်ပုံလေး တန်းဖြစ်သွားသည်။ ကိုယ်
လက်ခံချင်နေတဲ့ မိန်းမတစ်ယောက်ကို ဘယ်လိုယောကျာ်း
ဒီလိုမျိုး ဆက်ဆံမှာ မဟုတ် ..။
ဟိုတုန်းကလို အလိုလိုက် ဂရုစိုက်တာမျိုးတောင် မဟုတ်တော့ဘဲ
သမျှ အပြစ်တင် .. နည်းနည်းလေး အမှားတွေ့တာနှင့် ဆူလို့
..။

အန်ကယ်လ် မေတ္တာရပ်ခံပါတယ် .. လက်ထပ်ပွဲကို မငြင်းပါနဲ့
ယ် .. ပြီးတော့ အချိန်သိပ်မဆွဲဘဲ မကြာခင်မှာ ကျင်းပချင်
.. ပညာဆိုတာ ကုန်ခန်းသည်မရှိပေမယ့် သမီးအရွယ်နဲ့ သမီး
င့်တဲ့ ပညာအရည်အချင်းလည်း ရှိနေပြီ .. သားကလည်း
လွန်ခင်ပေါ့ .. အန်ကယ်လ် စိုးရိမ်ဆုံးက သမီးတို့နှစ်ယောက်
ကြာကြာနေသွားရင် တလွဲ ချိတ်ဆက်မှုတွေ ဖြစ်သွားကြတော့
ဘာဖြစ်လို့လဲဆိုတော့ .."

သန့်ဇင် က သာသာ့ မျက်နှာလေးကို ကြည့်၍ ...

သမီးတို့က ရိုးသားမှုတွေကိုပဲ ရှေ့တန်းတင်ပြီး တွေးနေကြတာ
နောက်ပြီး သမီးတို့ နှစ်ယောက်က ပေါ်လွင်မှုတွေကိုယ်စီနဲ့
တဲ့လူတွေ .."

ကိုကိုက အဲဒီလိုလူပါ အန်ကယ်လ် .. သူ့အတွက် သာသာ့
သာတဲ့ ဇနီးကောင်းတွေ အများကြီး ရွေးလို့ ရပါတယ် ..၊
က သူနဲ့ယှဉ်ရင် .."

သူနဲ့ သမီးက ယှဉ်ရမှာ မဟုတ်ဘူးလေ .. ရှေ့သွားနောက်လိုက်
.. အဲ့ဒါ သမီးကို အန်ကယ်လ်က သားထက် အရည်အချင်း
ယ်လို့ ဆိုလိုတာ မဟုတ်ဘူး .. ခေတ်အရ မိန်းမနဲ့ ယောကျာ်း
ဘူး .. ရင်ဘောင်တန်းနေကြပြီ ..၊ ဘာပဲပြောပြော ဇနီးမယား
တ်လွဲသောလက်ပိုင်ရှင်ပဲ .. ကျင့်ဝတ်တွေနဲ့အညီ ရှိထားခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝတ္တရားသတ်မှတ်ချက်တွေကို ပစ္စည်းတွေ နေရာရွှေ့သလို လိုး
ရွှေ့ပြောင်းယူလို့ မလွယ်ပါဘူး ..''

''ဟုတ်တယ် အန်ကယ်လ် .. ကိုကိုက အဲဒီလို ဇနီးကောင်း
တင့်တယ်ပါတယ် ..၊ သာသာ က သူ့အတွက် ဇနီးကောင်း မဖြ
ဘူး .. အဲဒါ သာသာ သိသလို ကိုကိုလည်း သိနေပါတယ် ..''

''သိတော့ သမီးကိုကိုက သမီးကို လက်မထပ်ချင်တဲ့အကြော
စကား ဟခဲ့ဘူးလား ..''

''အားနာလို့ ဖြစ်မှာပေါ့ အန်ကယ်လ် .. မမကိုတောင် တင
လေးမှ ကြည့်မရခဲ့ဘဲနဲ့ လူကြီးတွေကြောင့် လက်ထပ်ခဲ့တာပဲ ..

ဦးသန့်ဇင် ကိုတော့ ဟိုတုန်းတည်းက ဆိုးနွဲ့ ရင်းနှီးခဲ့
သာသာ စိတ်ထဲရှိတဲ့အတိုင်း ပြောရဲသည်။ ဦးသန့်ဇင် ကလည်း ခွင့်
နားလည်နေသည့် မျက်ဝန်းတို့နှင့် ...

''ဟုတ်တယ် .. အဲဒါကြောင့်ပဲ ထင်တယ် ..၊ သူ့ကိုယ်သူ
အောင် ကြိုးစားနေပေမယ့် ကိုယ့်ကိုယ်ကိုယ် အရမ်းတော်အောင်
စားချင်တဲ့ ဇနီးမျိုး သူ မလိုချင်တော့ဘူး ..''

''အဲ့ဒါ ဟုတ်နေရင်တောင်မှ ညံ့တာကို ကိုကို မကြိုက်ဘူ
သာသာ ကိုကို့စိတ်ကို သိတယ် .. သာသာ က ညံ့တဲ့အပြင်
ကြိုးစားရမှာလည်း ပျင်းသေးတယ် .. အခု အိမ်ထောင်ရှင်မ ဖြ
ရင် ထမင်းဟင်းချက်တာလောက်တော့ တတ်ရမယ်ဆိုပြီး မေမေ
နေတဲ့ ချက်ပြုတ်နည်းတွေကိုလည်း သာသာ ဘယ်လောက် စိတ်
နေတယ် အန်ကယ်လ် ထင်လဲ ..''

''ဟား .. ဟား .. ဟား ...''

ဦးသန့်ဇင် စိတ်ပျက်မသွားသည့်ပြင် သဘောကျစွာ ရယ်
သာသာ့ ခေါင်းလေးကို ပုတ်လိုက်၏။

''ငါ့သမီးကတော့ကွာ .. ခုချိန်ထိ ကလေးလေးပဲ ..''





ဟုတ်တယ် .. ကိုကိုနဲ့လည်း တစ်ခါမှ မတည့်ဘူး .. သာသာ
လက်မထပ်ချင်ပါဘူး ..''

သားကတော့ ဒီလိုမပြောဖူးပါဘူး သမီးရယ် .. သမီးက ငြင်းနေ
စိတ်ညစ်နေပုံပဲ ..''

အားနာနေတာပါ ..''

ဘ်ခမ်းလေးလှုပ်ရုံ ပြောကာ နှာခေါင်းကလည်း ရှုံ့မဲ့မဲ့ ဦးသန့်
သွားတွေပေါ်အောင် ပြုံးနေကာ ...

သမီး ခေါင်းမညိတ်သေးရင်တော့ အန်ကယ်လ် နောက်ထပ်
မှာတွေ ရှိဦးမှာပေါ့ ..''

ဟင်!...''

ဘယ်လိုပြောပြော လိုရင်းကိုပဲ တက်ကြွစွာ ချိတက်နေသည့်
င် ကို သာသာ အံ့ဩနေမိ၏။

သားနဲ့ မြေးကို အန်ကယ်လ်က သမီးနဲ့ကလွဲပြီး ဘယ်သူနဲ့မှ
တွေ့နိုင်ဘူးလေ ..၊ မြေးလေးကို သမီးလက်ထဲမှာထက် ဘယ်
း လက်ထဲမှာဖြစ်ဖြစ် အန်ကယ်လ် စိတ်မချနိုင်ဘူး ..''

ဦးသန့်ဇင် ထွက်သွားတဲ့အချိန်ထိ အပြုံးမပျက် ပြောနေဆဲဖြစ်
ားထွက်ခါနီးတော့ ဆောင်းဦးစိုက် ရောက်လာမှ ...

နောက်မကျသေးပါဘူး .. ဖေဖေတို့ အဆင်သင့်ဖြစ်ပြီလား ..''

အိမ်ထဲဝင်လာတာနှင့် နာရီကြည့်လျက်သား ဖြစ်ကာ ပြင်ဆင်
သည့် အိတ်တွေကို ကောက်ကိုင်၏။

ဩော် .. ငါ့သားရယ် .. ဒီလောက် အလုပ်ရှုပ်နေရင်လည်း
ပ့်ပါနဲ့ကွာ .. လေယာဉ်ချိန် နီးနေပြီဥစ္စာ .. ရောက်တာနဲ့ ကွင်း
င်းရမှာပဲ ..''

ဟုတ်တာ ဖေဖေရာ .. သားက ကျွန်တော်မှ မပါရင် ဖေဖေတို့
ပေါ့ ..''



www.burmeseclassic.com

www.burmeseclassic.com



"အေး .. ဟုတ်သားပဲ .."

ကားပေါ်တက်ဖို့ကိုတောင် သာသာ့ ကို လှည့်ရှာနေသေးသ

"ဖေဖေ .. တီတီသာ သားကို လွမ်းလို့ အိမ်ထဲမှာ ငိုနေ
သား သိတယ် .."

ပြောပြီး မျက်ရည်တွေ ကျရှာ၏။

"ခဏတစ်ဖြုတ် အလည်သွားတာပဲ သားရယ် .. သား ပြန်
ရင် ဖေဖေတို့က လာကြိုပြီး အိမ်တန်းမပြန်ဘူး .. ကစားကွင်း
ပန်းခြံတွေ လျှောက်လည်ကြမှာ .."

"ဖေဖေ တကယ်နော် .."

"တကယ်ပေါ့ .."

ကားစက်နှိုးတာနှင့် အလက်ာ မျက်ရည်တွေကို လက်ခုံ
ပွတ်သုတ်ပစ်ကာ အိမ်ထဲကို လည်ပင်းလေး ရှည်ကြည့်၍ ...

"တီတီသာ သား သွားပြီးနော် .. ဟိုရောက်တာနဲ့ သား တန်း
မယ် .. တီတီသာ မငိုနဲ့ .. ဟီး .. ဟီး .."

"မြေးက တိတ်ပါကွာ .. ယောက်ျားပဲကွ .. မျက်ရည် မကျရ

ကားမောင်းရင်း ဆောင်းဦးခိုက် ပင့်သက်ရှိုက်မိသည်။ နှ
ဆို သာသာ တစ်ချောင်းချောင်မှာ ငိုနေလောက်ပြီ ..။





အခန်း(၂၀)

"ရှာလိုက်ရတာ သမီးရယ် .."

"မမေ့ .."

"ဟော .. ဟော .. လုပ်ပြီ .."

ခေါ်ချိန်မြလွင် ဘာမှမပြောရသေးခင် ရင်ခွင်ထဲမှာ မျက်နှာလေး
ချပြီး ငိုပစ်လိုက်သည့် သာသာ့ ကြောင့် သူမပါ မျက်ရည်တွေ
ရကာ ...

"ခဏသွားတာပဲ သမီးရယ် .."

"အန်ကယ်လ်က သူ့ဟာသူ နေတာ မဟုတ်ဘူး .. နောက်လည်း
းလို့ရမှာ မဟုတ်ဘဲနဲ့ ကလေးကို ဘာဖြစ်လို့ ခေါ်သွားရတာ

"သူလည်း သူ့မြေးလေးပဲ သမီးရယ် .. မေမေတို့ ချစ်သလို သူ
ချစ်ရှာမှာပေါ့ .."

"အလက်ာ့ ကို တစ်ခါမှ ညအိပ်ညနေ မခွဲဖူးတာ မေမေ ..
မနေတတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"သမီးက အရမ်းငိုနေရင် ခရီးသွားနေတဲ့လူ နှောင့်နှေး ဖြစ်ကုန်ပါ့မယ် မငိုပါနဲ့ကွယ် .. ဒါမျိုးက စိတ်ချင်း ဆက်သွယ်နေ တယ် ..၊ ခေါ်သွားရတဲ့လူချောလည်း ကလေး တငိုငို ဖြစ်နေရင် လိုလုပ် စိတ်ချမ်းသာမှာလဲ .."

သာသာ့ ကိုယ်လေး ပြန်မတ်၍ မျက်ရည်သုတ်ပေမယ့် ..

"မတတ်နိုင်ဘူး မေမေ .. ကလေးကလည်း လိုက်ချင်တာ ဘဲနဲ့ .."

"ဘယ်ကလေးမဆို ခရီးသွားရတာကို ပျော်တာပဲ သမီး .. ကတော့ သမီးကို မခွဲနိုင်ဘူး ဖြစ်နေတာလေ ..၊ အင်း .. မိတဆိုး ထားခဲ့ရတဲ့ မေတ္တာ အကြင်နာတွေကလည်း နည်းတာမှ မဟုတ် ကဲ .. ကဲ .. ထပါ .. စိတ်ပြေလက်ပျောက် မေမေတို့ မရန်းသီးသုပ် လုပ်စားရအောင် ..၊ စပ်စပ်ချဉ်ချဉ်လေး စားပြီး ကြာရိုးဟင်းခါး လေ .. မကောင်းဘူးလား .."

"မေမေနော် .. သာသာ့ ကို ခိုင်းချင်တာနဲ့ .."

ဒေါ်ချိုမြလွင် က ရယ်ကာ သာသာ့ ကို မျက်ရည်သုတ်ပေး နောက်ဖေးခြံထဲကနေ ပြန်တက်လာခဲ့ကြပြီး မီးဖိုခန်းထဲမှာ စီစဉ် ပြောပြပြီးကာမှ ...

"ဒါဆို သမီး ရပြီမို့လား .. မေမေ သမီးဖေဖေ ထားခဲ့တဲ့ လက်စတွေ ပြီးအောင် လုပ်လိုက်ဦးမယ် ..၊ ပြီးတာနဲ့ အားလုံး ပြီး ပြန်လာမယ်နော် .."

"ဟုတ် .."

ဒီလို ချော့မော့ပြောတာတွေဆို မေမေတို့ စကားသံတွေ ချို

"အ!.."

မရန်းသီးလှီးနေရင်း လက်ထဲက လိမ့်ထွက်သွားတော့ လက်ကို ဖိချလိုက်သလို ဖြစ်သွား၏။





"သေပါပြီ .. ဓားတုံးဓားပဲ့ .. လက်ကို ထိဖို့ကျတော့ ရုပ်ခနဲပဲ.."

သွေးတွေ ထွက်လာသည့်လက်ကို ငုံ့ကြည့်ပြီး လက်တစ်ဖက်နဲ့ ကာ မကျေမနပ် ရေရွတ်မိ၏။ ပြီးတော့ လက်ကို တစ်ချက် ခါ၍ တစ်ရှူးလေးတစ်စနဲ့ ဖြစ်သလို ကောက်ပတ်ထားလိုက်

ဓားတွေထဲက အထက်ဆုံးကို ရွေး၍ လှီးစရာရှိတာတွေကို ဆက် လုပ်ကိုင်ရင်း လက်ကို ဓားရှမိတာ နောက်ထပ် နှစ်ခါ ..။

လက်ချောင်းထိပ်လေးတွေမှာ တစ်ရှူးလေးတွေ ပတ်ထားလျက် အိုးတင်ထားပြီး ကြာရိုး ချိုးနေလိုက်၏။

အိမ်ထောင်ရှင်မ ပီသဖို့အတွက် ဒီလိုပဲ ဓားရှခံ .. အလှပျက်ခံပြီး လုပ်နေရတာလား ..။

တွေးမိရင်း ကိုယ့်လက်ကို ငုံ့ကြည့်မိပြန်သည်။

လက်သည်းချွန်ချွန်လေးတွေလည်း ဓားထိပြီး မကြာခင် ပဲ့ရွဲ့ကုန် .. ထက်ပိုင်းပြတ်မလား မသိနိုင် ..။

ဘယ်သူက ယောကျ်ားယူချင်ပါတယ် ပြောမိလို့လဲ ..၊ ဒါတွေ တတ်မှ အိမ်ထောင်ရှင်မ ပီသမယ်ဆို အိမ်ထောင်ရှင်မ မလုပ်ဘဲ ..။

"အား!... ပူလိုက်တာ .."

ဟင်းခါးအိုးထဲကို ကြာရိုးတွေ ထည့်ပစ်လိုက်တာ လက်ကို တွေ ဖျန်းခနဲ စင်ကုန်သည်။

"ကျွတ်!... ကျွတ်!... ပူလိုက်တာ .."

လည်ပင်းအဟိုက် လက်ပြတ်လေး ဝတ်ထားတာမို့ ရေနွေးပူက တ်ကိုလည်း အလွတ်မပေး ..၊ လက်မောင်းတွေပေါ်ကိုလည်း ကိုယ်ကို ပွတ်သပ်ရင်း မျက်ရည်တွေပါ ည်၏။

"ရှီး .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

အဖုံးပိတ်လိုက်မိသည့် ဟင်းခါးအိုးက ချက်ချင်း ဝေကျလာသ ထိတ်ခနဲ ဖြစ်သွားသည်။

ဂတ်စ်မီးဖိုမှ ဟင်းရည်ဝေကျတာနှင့် မီးတောက်က ဟူးဟူး ရှန်းကြွလာ၏။

သူမ ထိတ်လန့်ကာ လက်နီးခုကို ယူကာ အဖုံးကို ကမန်းက ဆွဲချပစ်လိုက်လျှင် အိုးကိုပါ ဆွဲချလိုက်သလို ဖြစ်သွားပြီး ...

"ဒုန်း .."

"အား!..."

ဆောင်းဦးခိုက် လူ မတွေ့လို့ ဟိုဒီလိုက်ရှာရင်း အထဲဝင်လာ မီးဖိုခန်းက သာသာ့ အသံကြောင့် ပြေးသွားမိ၏။

"ဟာ!... သာသာ .."

"ကိုကို .. အား!... အရမ်းပူတယ် .."

"နေဦး .. ခဏ နေဦး .. ရေ သွားမလောင်းနဲ့ .."

လှမ်းအော်ရင်း ပြေးဝင်သွားကာ မီးဖိုကို အရင်ပိတ်ရသ ပြီးတော့ သာသာ့ ကို ပွေ့၍ အပြင်ကို ထွက်ခဲ့လျှင် ...

"ဟင်!... သမီး သာသာ .. ဘယ်လိုဖြစ်တာလဲ .."

"ရေနွေးပူတွေ လောင်သွားတာ .."

"ဟော့တော် .. ဒုက္ခပါပဲ .."

ဒေါ်ချိုမြလွင် ဒုက္ခမျိုးစုံ ညည်းတွားကာ ဘုရားလည်း 'တ'သ ဆောင်းဦးခိုက် နောက်ကနေ ပျာယီးပျာယာ လိုက်လာရင်း ...

"ဒီမိန်းကလေး တော်တော်ကို ထိချက်ပြင်းသွားလို့ နေမှာ မဟုတ်ရင် အသံထွက်တာ မဟုတ်ဘူး .."

တဖျစ်တောက်တောက် ပြောနေတာလည်း ရှိလျက် ...။





## အခန်း (၂၁)

"ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ ဆောင်းဦးခိုက် ရာ .. မင်း ဆောင်မလေးခြေထောက် လုံးဝ အလှမပျက်စေရဘူး .. ညထိလည်း တာ နာတာ ဘာမှ မကျန်စေရဘူး .."

"မဟုတ်ပါဘူး .. ခြေသလုံးတွေရော .. ခြေထောက်တစ်ခုလုံး ရဲ ညိုတက်လာတော့ ငါ လန့်သွားတာပေါ့ကွ .."

"အေးပါ .. မင်းကိုလည်း ပိုလွန်းတယ် .. သည်းလွန်းတယ်လို့ ပြောရသေးပါဘူး .."

"ပြောဖို့ရှိနေတာ သိလို့ ရှင်းပြနေရတာ ခွေးကောင် .."

ရယ်သံတွေကြောင့် ဒေါ်ချိုမြလွင် ရှေ့ဆက်မသွားသေးဘဲ အခန်း မှာပဲ အသာ ငြိမ်နေလိုက်မိသည်။

ဆောင်းဦးခိုက် ဥက္ကာဗို ကို လိုက်ပို့ရင်း အတူတူ လျှောက်နေ ရာက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဆေးပြောလည်း အလိမ်းမခံဘူး .. ညှစ်ဆေး လိမ်းပေးတော့ လည်း ဆေးက ကုန်သွားတယ်ကွာ .. နေရာမှ မနံ့သေးဘာ .. အဲဒ ငါ မစိုးရိမ်ရဘူးလား ..၊ တော်ရုံဖြစ်လို့ သူက မျက်ရည်ကျတာ မဟုတ် ဘူးကွ .. အခု အရမ်းငိုနေတာ .."

"ဒါဆိုလည်း အငိုတိတ်သွားအောင် မှုတ်ပေးလိုက်ပေါ့ကွ .."

"ဟေ့ကောင် .."

"ခြေထောက်ကိုလေ.. နည်းနည်းပါးပါး သက်သာသွားတာပေါ့- ဘာတွေ လျှောက်တွေးနေတာလဲ .."

"မင်းမျက်နှာ စပရင်ကြီးကို အရင် ပြင် .. ခွေးသူခိုး .."

ဘယ်လောက် ဆဲနေနေ ဥက္ကာဗို က အရယ်မပျက်ဘဲ ရှိနေကာ-

"ဟေ့ကောင် .. အတွေးမလွဲနဲ့နော် .. ခုနစပ်ပြီးပြီဆိုပြီး စိတ်ချ ထားရင် မင်း ငုတ်တုတ် မေ့ကျန်ခဲ့လိမ့်မယ် ..၊ ငိုနေတာတောင် ချစ် စရာကောင်းအောင် ငိုပဲ ငိုတတ်တယ် ..၊ မျက်တောင်တွေမှာ မျက်ရည် တွေ စိုပြီးတော့ .."

"ရပြီ .."

"ဘာရတာလဲ.. ငါ ကြည့်တာမဟုတ်ဘူး.. မြင်ခဲ့တာကို ပြောတာ"

"အဲ့ဒါလည်း ရပြီ .. ပြန်တော့ .."

"အေးပါ .. အကြံကောင်း ဉာဏ်ကောင်း ပေးသနားတဲ့ ကျေးဇူး ရှင်ဆိုပြီး .. ပြီးတော့မှ ကန်တော့ပွဲ အုန်းပွဲနဲ့ ကန်တော့ဖို့ ရှာမနေနဲ့-"

"ဘာလုပ်ဖို့လဲ .."

"ငါ ကျန်ခဲ့ပါပြီ ..၊ မင်းစကား နားမထောင်မိလို့ ဆိုပြီးတော့-"

"သွားစမ်းပါကွာ .."

"ဂျိမ်း .."

ကားထဲကို အတင်းတွန်းတင်လိုက်ကာ တံခါးပါ ပိတ်ပစ်လိုက် နားအေးသွားသည်။





အိမ်ထဲ ပြန်ဝင်လာတော့ ဒေါ်ချိုမြလွင် က စောင့်နေကာ ...

"သား အလုပ်ပြန်သွားရဦးမှာလား .."

"သွားရမှာ အန်တီ .. ဘာဖြစ်လို့လဲ .."

"ဩော် .. နေ့လယ်စာ စားပြီးမှ သွားပါလားလို့ .."

ဆောင်းဦးခိုက် က နာရီ ငုံ့ကြည့်ရင်း ...

"နေပစေတော့ အန်တီ .. နာရီဝက်လောက်ပဲ အချိန်ရမှာ ..၊ သာသာ ကို မီးဖိုချောင်ဝင်ခိုင်းရင် တစ်ယောက်တည်းတော့ လွှတ် ထားပါနဲ့ ..၊ သူ့ စိတ်ပါတာ မဟုတ်တော့ လူတခြား စိတ်တခြားနဲ့ အန္တရာယ်ရှိတယ်လေ .. ပြီးတော့ သားက ဒီနေ့မှ ထွက်သွားတာ သူ စိတ်ဆင်းရဲနေမှာ .."

"ဟုတ်ပါတယ် သားရယ် .. အန်တီကလည်း သူ စိတ်များပြောင်း သွားမလားလို့ပါ ..၊ မြေးတို့ကား ထွက်သွားတော့ အန်တီ သူ့ကို ဘယ်မှ ရှာမတွေ့ဘူး .. နာရီဝက်လောက်ကြာမှ နောက်ဖေးက ပန်းပင် တွေကြားထဲမှာ ငုတ်တုတ်ထိုင်ပြီး ငိုနေလိုက်တာကွယ် .. ကလေးလို ရှိုက်ကြီးတငင် .."

ဆောင်းဦးခိုက် သက်ပြင်းချလိုက်မိသည်။ 'ဒီလောက်ထိ ခံစားနေ သည့်လူကို စိတ်ပြောင်းစေချင်တာများ မီးဖိုချောင်ထဲ ထည့်ပေးလိုက် သလား' လို့ တွေးမိတာကို မပြောဖြစ်ဘဲ ...

"အခု ရေချိုးပူမို့လို့ .. ဆိုပူတွေဆိုရင် မလွယ်ဘူး အန်တီ .. ကျွန်တော့်ဆန္ဒကို ပြောရရင် သာသာ ကို ချက်ပြုတ်ခိုင်းတာတွေ မလုပ် စေနဲ့ဦး .."

"ဟင်!..."

"ဒါတွေက မိန်းကလေးတွေနဲ့ အနီးစပ်ဆုံး ပညာတွေပဲမို့လား၊ ကိုယ်တိုင် ဝင်စားချင်ရင် တတ်ချင် သင်ချင် ဖြစ်လာမှာပါ .. မခိုင်း စေနဲ့ ..၊ နောက်တစ်ခုက အိမ်ထောင်ရှင်မ ပီသစေချင်တာဆိုရင် ဒီရိုက်



www.burmeseclassic.com

www.burmeseclassic.com



ခတ်မှုက ကျွန်တော့်ဘက်ကို လှည့်လာနိုင်တယ် ...၊ ကျွန်တော်တို့
ခုချိန်ထိ နားလည်မှုယူလို့ ရသေးတာ မဟုတ်ဘူး.. အဲ့ဒါကြောင့်ပါ..

"အေးပါ .. အန်တီ အဲဒါကို သတိမထားမိလိုက်ဘူး ...၊ မင်းညီ
ကို သွားကြည့်လိုက်ပါဦး .. အန်တီ မီးဖိုချောင်ထဲ ဝင်လိုက်ဦးမယ်..

သာသာ့ ဆီ သူ ရောက်သွားတော့ မွေ့ရာပေါ်မှာ သာသာ
မရှိ ...၊ ပရန်တာတံခါး ပွင့်နေသဖြင့် နောက်က လိုက်ကြည့်လျှင် သူ
က တစ်ဖက်က တိုက်ကြီးဆီကို တန်းတစ်တန်းပေါ် ခြေတစ်ပေါင်ကို
ထောက်ထားပြီး လည်ပင်းရှည် ကြည့်နေ၏။

"ကျွတ်!..."

"ကျိုးဆော့ .. ကန်းမော့ ဆိုတာ အဲ့ဒါ .."

ကရုဏာဒေါသနှင့် စိတ်ထဲမှာ ရေရွတ်မိကာ ခြေလှမ်းတွေ
သူမနား‌ကို ဘယ်လို ရောက်သွားမှန်း မသိ ...၊

"ပြောစကားကို မင်း ဘယ်တော့မှ နားမထောင်ဘူး .."

"ကိုကို .."

"ဟုတ်တယ် .. လာခဲ့ .."

"အ!..."

"မအော်နဲ့ .. လုပ်ချင်ရာ လုပ်နေရင် အကောင်း ...၊ ခုနကတော့
ငိုနေလိုက်တာ ဘယ်နိုင်ငံမှာ အငိုသန်ဆုံးဆု သွားယူမလို့လဲ .."

ကိုယ့်ယို့ကားယား ရပ်နေသည့် ကိုယ်လေးကို ဇွေ့ခနဲ ဆွဲချွေ့ကာ
အိမ်ထဲထိ ဘောက်လျှောက် ဒီတိုင်း ခေါ်လာသဖြင့် ...

"ကိုကိုနော် .. လွှတ်လို့ ဆိုမှ .."

ဘယ်လိုရုန်းနေနေ အိပ်ခန်းထဲထိ ခေါ်လာခဲ့သည်။ မွေ့ရာပေါ်မှာ
သေချာ ချထားလိုက်ပြီးမှ ...

"အခု လောလောဆယ် မင်း ရှိနေရမှာ ဒီနေရာ ...၊ မျောက်
သစ်ကိုင်းလွှတ်သလို ကိုယ့်ယို့ကားယားနဲ့ ဟင် .. မင်းကိုယ်မင်း ကိုယ်





...က်ဝိဇ္ဇာ မှတ်နေသလား .. ဒီဘက်က ချောင်းနေတာကို ဟိုဘက်က
မြင်ဘူးပေါ့ .."

"ဟိုလူကြီး ထွက်သွားတာမြင်လို့ သာသာ ပေါ်တင် ကြည့်နေ
...ပါ ...၊ ခုန ဒီထဲကနေ လှမ်းမြင်လိုက်တုန်းက .."

သာသာ မြင်လိုက်တာကို ပြောပြမလို့ပေမယ့် ...၊

"ဒီထဲကနေ လှမ်းမြင်လိုက်သေးတယ် ဟုတ်လား ...၊ ဒီလောက်
...နေတာတောင် မျက်လုံးက ရောက်နိုင်သေးတယ် .."

"ဒီကနေ ပြတင်းပေါက်ကို အတည့်ပဲဥစ္စာ .. သာသာ့ ကိုပဲ
...ဖြစ်လို့ ဆူနေရတာလဲ ကိုကို .. ဟိုဘက်ကို တမင်ကြည့်တာ မဟုတ်
... – ဂါဝန်ကြီးနဲ့ဆို ဒဏ်ရာကို ပွတ်တိုက်နေတိုင်း နာလို့ ဘောင်းဘီ
...တို့ လဲဝတ်ဖို့ ထသွားတာ .."

ဆောင်းဦးနိုက် ငြိမ်ကျသွားသည်။

"အဲ့ဒါ ထရပ်လိုက်တာနဲ့ လှမ်းမြင်ရတာကို စိတ်ဝင်စားစရာ
...နေရင် မကြည့်မိဘဲ ဘယ်သူ နေမှာလဲ .."

"မင်း ကြည့်လိုက်တာကိုက စိတ်က အဲဒီဘက်မှာပဲ သန်နေလို့ပေါ့"

"သန်သန် မသန်သန် ခွမ်းခနဲ မှန်ကွဲသွားတာ အသံရော မြင်
...င်းကိုပါ တစ်ခါတည်း မြင်လိုက်ရရင် ကြည့်မိမှာပဲ .."

"မှန်ကွဲတယ် ဟုတ်လား .. ပြတင်းမှန်လား .."

"ဟုတ်တယ်.. ဟိုးနောက်ပိုင်းက ထောင့်မှာ တွေ့လား.. ဟိုမှာ.."

သာသာ က ရန်တွေ့နေရင်း ချက်ချင်း အကောင်းတိုင်း ပြန်ဖြစ်
...သည်။ နေရာမှ ထရပ်ပြီး ဆောင်းဦးနိုက် ကို ပြတင်းပေါက်နား
...ခေါ်သွား၏။

ခြေထော့နေတဲ့သူက ဆွဲခေါ်တော့ သူ့မှာ သူမကိုပဲ တွဲပေးရ
...း ...၊ ကိုယ့်ဘာသာပဲ ပြေးကြည့်လိုက်ရမလား .. စိတ်က ...များ
...ရင်း ကိုယ့်ယို့ကားယား ပါသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ .. အဲ့ဒါ အပြင်က တစ်ခုခုနဲ့ ပစ်ပေါက်ခွဲတာ မဟုတ်ဘူး ..၊ အထဲက တစ်ခုခုကြောင့် ကွဲတာ .."

သာသာ က အပိုင်အနိုင် ပြောပြ၍ ...

"အသံကြားတာနဲ့ သာသာ က ဒီတည့်တည့်ကို ရောက်နေတုန်းကွက်တိပဲ .. အဲ့ဒါကြောင့် သေချာမြင်လိုက်တယ် .. အထဲမှာ ရန်ဖြစ်ကြတာ .."

ဆောင်းဦးနိုက် မျက်လုံးထဲမှာ စိတ်ဝင်စားသည့်အရိပ်တွေ မြင်၍ သာသာ က ဆက်၍ ...

"ပြီးတော့ သိပ်မကြာဘူး .. ဦးဒေဝတာကြီး ထွက်သွားတာပဲ.."

ဒါတွေ ခဏအတွင်းမှာ ဖြစ်သွားတာလား ..၊ သူနဲ့ ဥက္ကာဗို စကားပြောနေတာပဲ ကြာသွားတာလား ..၊

ဘာပဲဖြစ်ဖြစ် အဲဒီဘက်က စိတ်ဝင်စားဖွယ်တွေကို သာသာ တို့ကို မမြင်စေချင် ..။

"တော်ပြီ .. တော်ပြီ ..၊ သူ့အိမ်မှာ သူ ဘာတွေဖြစ်ဖြစ် မင်း နေကောင်းတာ မဟုတ်ဘူး .. စိတ်ဝင်စားမနေနဲ့ .."

သူ ပြန်ခေါ်လာတော့လည်း မွေ့ရာနားထိ ပါလာခဲ့သည်။ ပြီးတော့မှ လက်လေးကို ပြန်နုတ်ရန်းကာ ...

"ကိုကို့ဘာသာ အလုပ်သွားမှာ သွားပါလား ..၊ လေဆိပ်ကအပြင် အလုပ်ကို တန်းပြန်ဝင်မှာ မဟုတ်ဘူးလား .."

"အခု အိမ်ပြန်လာလို့ပေါ့ .. မဟုတ်ရင် အန်တီတစ်ယောက်တည်း မင်း ဒီလိုဖြစ်နေတာကို ဘယ်လောက် ဗျာများနေမလဲ .."

"အခု မများတော့ဘူးတဲ့ ..၊ ကိုကိုက မသွားသေးဘူးလား .."

"ငါ ရှိနေတော့ ဘာဖြစ်လို့လဲ .."

"အနားမှာရှိနေရင် ကိုကို ဆူတာပဲ ခံနေရတာ .."

ပြောပြီး မွေ့ရာပေါ်ကို ဆောင့်ခနဲ ထိုင်၏။





သူမရှေ့မှာ ခုံပုလေးနဲ့ ထိုင်လိုက်တော့ မျက်နှာအောက်ကနေကြည့်သလို ဖြစ်သွားသဖြင့် မျက်နှာလေး လွှဲပစ်၏။

ဆံစလေးတွေ ဖုံ့ဖွဲ့ အုပ်ကွယ်သွားသည့် မျက်နှာလေးကို လိုက်ကြည့်မိကာ ...

"မင်းကို စိတ်ပူလို့ပါလားလို့ တစ်ခါတလေ အကောင်းဘက်က ကြည့်ပါလား .."

"တစ်ခါတလေမှ မဟုတ်တာ ကိုကိုက .."

"မင်းကိုပဲ အရိပ်လို ကြည့်နေတာမျိုး မဖြစ်နိုင်ဘူးလား .."

သာသာ့ မျက်ဝန်းလေးတွေ သူ့ဆီ တိုက်ရိုက်ဆင်းလာသည်။ နှာခေါင်းတစ်ချက်တွန့်၍ ပြုံးပြမိကာ ...

"ကိုယ် ညာပြောတာ မဟုတ်ဘူး .. မင်း ကလေးဆန်နေတာကို ကြိုက်တာလည်း မဟုတ်ဘူး .. ဒါပေမယ့် မင်း တစ်ခုခု ဖြစ်သွားနိုင်တယ်ဆိုတဲ့စိတ်က ကိုယ့်ရဲ့အချိန်တွေ တော်တော်များများကို ဖွဲ့ယူနေတာ .."

သာသာ က မျက်နှာလွှဲပစ်လိုက်ပြီး ...

"အဲဒီလို စိုးရိမ်ခြင်းခံနေရတာ သာသာ စိတ်ညစ်တယ်.. စေတနာတွေပါ .. မေတ္တာတွေပါ ပြောရင်လည်း စော်ကားသလို ဖြစ်မှာပဲ ..၊ ဘာဖြစ်လို့လဲဆိုတော့ လူကို ကလေး ပိစိနှောက်တောက်လို ထင်သလို ပြောပြီးမှ စေတနာနဲ့ဖြစ်ဖြစ် ဘာဖြစ်ဖြစ် မလိုချင်ပါဘူး .."

"စေတနာ မေတ္တာထားတယ်ဆိုတာ လိုချင်တဲ့လူကိုပဲ ရွေးပြီး ထားကြတာ မဟုတ်ဘူး .. လိုချင်ချင် မလိုချင်ချင် .. ကိုယ် ပေးတဲ့ အတိုင်း ပြန်ရသည်ဖြစ်စေ မရသည်ဖြစ်စေ .."

"ဟုတ်တာပေါ့ .. သူများကို ဆူပူကဲ့ရဲ့နေရတာ ဘဝင်ခွေ့နေတာ ပဲ .."

"ဟား .. ဟား ..."



www.burmeseclassic.com

www.burmeseclassic.com



သူ သာသာ့ ခေါင်းလေးကို လှမ်းပုတ်ပြီး ဆံပင်တွေကိုပါ ဖွပစ် လိုက်မိ၏။ သာသာ က ခေါင်းလေးတိမ်း၍ လက်တစ်ဖက်နဲ့ ဖယ်ချ လိုက်လျှင် သူ့လက်ကနာရီနဲ့ သူမလက် ထိမိကာ ...

"အား!..."

"ဘာဖြစ်သွားတာလဲ .."

သာသာ လက်ဖျားလေးကို ခါနေရင်း ပြန်ငုံ့ကြည့်ကာ ...

"စားထိထားတာ .."

"ဘာ!..."

"ကိုကို့နာရီနဲ့ ပြန်ခြစ်မိသွားတာ .. အား!..."

"ပြစမ်း .."

လက်ကို ဆွဲကြည့်လိုက်တော့ လက်ချောင်းထိပ်လေးတွေမှာ ရှိ နေသည့်ဒဏ်ရာတွေက တစ်ခု နှစ်ခုတည်း မဟုတ် ...၊

"ကြည့်စမ်း .. ဒီမှာ သွေးပြန်ထွက်နေပြီ .."

"အဲ့ဒါ ကိုကို့နာရီနဲ့ ထိတာ .."

"နေပါဦး .. ဒါတွေကို ဆရာဝန်လာတုန်းက ဘာဖြစ်လို့ မပြတာ လဲ .."

"စားရှမိတာလေးကို ပြရာလား ကိုကိုရဲ့ .. ခုတောင်မှ ရေမွှေး လောင်းတာလေးကို ဒီလောက် နာကျင်နေရလားဆိုတဲ့ အကြည့်တွေနဲ့ သူတို့ မခံရတိုင်း .."

"သူတို့ မခံရဘူးလေ .. မင်း ခံရတာ မင်း သိတာပဲ .. ဘယ်သူ ဘာပြောပြောပေါ့ကွ .. အနာရှိရင် ဆေးရှိရတာပဲ .. အဲဒီဆေးကို ဆရာ ဝန်တွေပဲ ကျွမ်းကျင်တာ ...၊ ဒဏ်ရာဖြစ်ဖြစ် .. ရောဂါဖြစ်ဖြစ် အကြီး ကြီးဖြစ်မှ ဆရာဝန်ပြရတယ်လို့ မင်းကို ဘယ်သူပြောလဲ .."

သူ နေရာမှ ထထွက်သွားကာ အိမ်သုံးအတွက် ဝယ်ထားသည့် ဆေးတွေထဲမှာ လိုအပ်တာ အကုန် ရှာဖွေယူလာခဲ့ပြီး ...





"လက်တွေ ပြ .."

"ဘာမှမဖြစ်ဘူးဆိုမှ .."

"ဖြစ်ဖြစ် .. မဖြစ်ဖြစ် .."

ဆောင်းဦးနိုက် က သူမ ဘာပြောပြော ဂရုမစိုက်ဘဲ စားချက်ရာ တွေကို သေချာ သန့်စင်၍ ဆေးထည့်ပေးသည်။ သူမကတော့ ဘာတွေကို လှမ်းတာနဲ့လည်း ဖြေစရာမရှိတဲ့ သူ ...၊

ထို့ကြောင့် ကိုယ်မှာ နာကျင်ရတိုင်း ဖွဲ့ချက်တင်ဖို့ အဆင်သင့် ရကာ ...

"အဲဒီဒဏ်ရာတွေ ဖြစ်ရတာ ကိုကိုနဲ့ အများကြီး သက်ဆိုင်တယ်.."

"သိတယ် .. ခင်ဗျား အဲလိုမှ ပြောပါ့မလားလို့ .."

သိနေတယ်ဆိုမှ စိတ်က ပိုပြီး တိုသွားလျက် ...

"ဒါဖြင့် .. သာသာ့ ကို ချက်ပြုတ်တတ်အောင် သင်ပေးဖို့ မေမေ့ ကိုကို ပြောထားတာပေါ့ .."

"ဟော့ .. ဘာတွေ လျှောက်စွပ်စွဲနေတာလဲ .."

"ဒါဆို ကိုကိုက ဘာဖြစ်လို့ သိနေရတာလဲ .."

"မင်းတောင်မှ ဒါတွေ ခုမှ သင်ပေးနေရလားဆိုပြီး ငါ့ကို စွပ်စွဲဖို့ ရသွားတယ်မို့လား .. အဲဒီအတိုင်းပေါ့ .."

သာသာ က ပတ်တီးဖြူဖြူလေးတွေနဲ့ လက်ချောင်းလေးတွေကို ကြည့်ရင်း ငြိမ်နေသဖြင့် ...

"အန်တီ့ကို ပြောပြီးပြီ .. မင်းကို မီးဖိုချောင် မဝင်နိုင်းပါနဲ့ဦးလို့.. ကြောင့် ပူမနေနဲ့ .."

"ဟင်!... ဟုတ်တယ် .."

"ဟုတ်တယ်လေ .. ခုပဲ မင်း ကိုယ့်ကို ပြောနေပြီ .."

"ပြောတာက သူများကို အပြစ်တင်ရတာ ဝါသနာပါနေလို့.."

"သြော် .. သြော် ..."



www.burmeseclassic.com

www.burmeseclassic.com



"သာသာ ကဖြင့် ခိုင်းတိုင်း လုပ်မယ် မှတ်လို့လား ..၊ ကို
ဘာသာ မေမေ့ကို ဝိုင်းကူသင့်တယ်ထင်လို့ .. မေမေ့စကား နားထော
လိုက်တာ .."

"ဒါဖြင့် အခု ကိုကို့ကြောင့်ဆိုတာကလည်း ဝါသနာအရပဲပေါ့-

"ဟုတ်ပါတယ်ဆို .."

"ပြီးတာပဲ .. နောက်တစ်ခါ ကိုကို့ကြောင့်ဆိုတာ ပါမလာ
ကျေးဇူးတင်တယ် .."

"အလုပ်သွားတော့မလို့လား .."

"ဘာဖြစ်လို့ ဂရုကစိုက်ကြီး ဖြစ်နေတာလဲ .."

"သွားရမှာကို သိလို့ပါ ..၊ သာသာ့ ကြောင့် မသွားရသေး
မဟုတ်ဘူးလား .."

"ဟုတ်တယ် .. ခုလည်း ခင်ဗျားကြောင့် မသွားတော့ဘူး -

"ဟင်!..."

"နောက်နေ့ကစပြီး မင်းကို အခန်းပြောင်းထားမယ် ..၊ ဒါကြော
ရင်တမမနဲ့ ပူမနေနိုင်ဘူး .."

သြော် ...၊

ကိုကို အလုပ်မသွားဘဲ နေရခြင်းအကြောင်းကို နားလည်သွား
သာသာ စိတ်ကူးတွေလည်း ပျက်လေသည်။

ထို့ကြောင့် စိတ်ထဲမှာ ဒေါသတွေ ဗရပွနှင့် ဆုတောင်းမိ၏

ကိုကိုနဲ့ ဘယ်တော့မှ မဆုံချင် ..၊





## အခန်း (၂၂)

"သာသာ ရော အန်တီ .."

မီးဖိုခန်းထဲမှာ .."

သူ မီးဖိုခန်းထဲရောက်တော့ အိမ်အကူကောင်မလေးတစ်ယောက်
သာ က ရေခဲသေတ္တာထဲက ထုတ်ထားသည့် ဟင်းချက်စရာတွေ
ပြီး ဘာတွေ ပြောနေကြသည် မသိ ..။

သာသာ ဘာလုပ်နေတာလဲ .."

သူ ဟင်းချက်ဖို့ကို ပြောပြနေတာ ..၊ ကိုကို ဘာလုပ်မလို့လဲ.."

ခင်းကို လာခေါ်တာ .."

သာသာ့ ကို .."

သူက အံ့သြနေသလို သူကလည်း အံ့သြနေသဖြင့် အထဲထိ
ပြီး စပ်စပ်စုစုတွေ လိုက်ကြည့်မိ၏။

နေ့တစ်နေ့ကမှ အချက်အပြုတ်သင်နေတဲ့လူက ဒီနေ့ မီးဖို
သင်မည့်သူကို ဆရာလုပ်နိုင်ပြီဆိုတော့ ဒါက တကယ့်ကို စွမ်း
ယ် ..၊



www.burmeseclassic.com

www.burmeseclassic.com



"သူက လူသစ်လား .."

"ဟုတ်တယ် ကိုကို .. အဲ့ဒါကြောင့် ဒီမှာ ချက်ပြုတ်ပုံကို ... နေတာ .."

ပြုံးမိတော့မလို ဖြစ်သွားသည့် ကိုယ့်မျက်နှာကို ပြန်ထိန်းရ... သာသာ့ ကို ခေါ်ထုတ်လာခဲ့၏။

အပြင်ရောက်မှ ...

"ဘာလဲ .. မသိတဲ့လူက မတတ်တဲ့လူကို ပြန်သင်ပေး... လား .."

"အံမာ .. သာသာ ဟင်းချက်သင်နေတာ ရှစ်ရက် ရှိပြီ ... မတတ်သေးဘူးလို့ ကိုကို ထင်လို့လား .."

"အဟွန်း .."

သူ ရယ်လိုက်ရင်း သာသာ နဲ့ ရန်မဖြစ်ဖို့အရေးအတွက် ... ညိတ် အလျှော့ပေးလိုက်သည်။

"ဟုတ်ပါပြီ .. အကျီ့သွားလဲ .."

"ဘာလုပ်မလို့လဲ .."

"သင်တန်းကို လိုက်ခဲ့ .."

"ဟင်!... ဘာလိုက်လုပ်ရမှာလဲ .."

"လိုက်ကြည့်ပေါ့ .. သင်တန်းတစ်ခုလုံး ဘယ်ကိုကြည့်... မင်းအတွက် အကျိုးမယုတ်ဘူး .. ဒီမှာသာ ဘယ်ကိုကြည့်ကြည့်... တော်တာတွေချည်းပဲ .."

"ကိုကိုကလည်း အဲဒါတော့ သက်သက် အကြောင်းပြ... တာ .."

"ဘာ အကြောင်းပြ ကောင်းတာလဲ ..၊ မင်းကိုလည်း သင်... တက်ရမယ်လို့ ငါ ပြောပြီးသား .. အိမ်မှာသင် ဆိုတော့ အိပ်ငို... တယ် .."





"ကိုကိုက အကြာကြီးပဲကိုး .. ပြီးတော့ မုန့်လည်း မစားရဘူး..၊ ...ပဲသောက်ဆိုတော့ အအေးတွေသောက်ပြီး ရေအိမ် ခဏ ခဏ ...တော့ ခဏ ခဏ သွားနေလို့တဲ့ .."

"...ဆော်တော့ .. အခု အကျီ့သွားလဲမလား .. ဒီတိုင်း လိုက်ခဲ့မှာ .."

...သာသာ ခြေလေးဆောင့်၍ ခေါင်းကုတ်တုံ့ကာရော လက်ခါတာရော ...အောင် ဖြစ်သွားတာကိုကြည့်ပြီး သူ ရယ်မိသည်။

...ကိုတုန်းကအတိုင်း ဘာမှကို မပြောင်းလဲပါလား သာသာ ..၊ ...မင်း ကိုယ့်ကိုယ်ကိုယ် ဒီအသက် ဒီအရွယ်အတိုင်း မရွေ့မလျား ...ပဲလို့ ထင်နေသလား ..။

...ခင်ထဲမှာ မေးခွန်းတွေဖြစ်ရင်း မျက်နှာတည်တည်လေးနှင့် မကြည် ...ဆင်းလာသည့် သာသာ့ ပုံစံလေးကို စိုက်ကြည့်နေမိသည်။

...မိမ်းပြာရောင်ဖျော့ဖျော့ သရီးကွာတားလေးနှင့် အနက်နဲ့ နက်ပြာ ...လွယ်ကျားထားသည့် ခါးရှည် လက်စက ကိုယ်ကျပ်လေးကို ...ားသည်။

...အမြဲတမ်း တခြမ်းစောင်းလေး ဖွာဆင်းနေတတ်သည့် ဆံနွယ် ...လေးတွေက ပါးရိုးလေးတစ်ဖက်ပေါ်မှာ အုပ်ကွယ်နေသလို ...နှာတံကော့ကော့လေးက ထင်းနေ၏။

...ပါးရိုးလေးတွေ မို့နေသလို ပါးပြင်လေးတွေ ဖောင်းအိအိလေး ...ပုံက နှုတ်ခမ်းလေးကို ပိုလှအောင် အနုစိတ် ခြယ်ထားသလို ...

"အဲဒီ ကောင်မလေးကိုက ဂုဏ်ယူရမှန်း မသိတာ နေမှာပါကွာ.. ...တတ် ကြွားကို မကြွားတတ်တာပဲ ..၊ ငါ့ရှေ့မှာတင် အဲဒီချာတိတ် ...ပြောနေကြတာ .. တစ်ယောက်က သာယာချို ဆိုတဲ့ နာမည်နဲ့ ...ယိုပ်စာနဲ့ တက္ကသိုလ်မှာ ဘာမေဂျာနဲ့ အတိအကျ ...မ်းလာ



www.burmeseclassic.com

www.burmeseclassic.com



တယ် ..၊ တစ်ယောက်က နားထောင်ပြီး အဲဒါဆိုရင်တော့ နား
တော့ .. အဲ့တစ်ယောက်က ကျောင်းပြီးခါနီးမှ သူ့ရာဇဝင်တော့ အ
ခံမှာ မဟုတ်ဘူးတဲ့ ..၊ ဘာရာဇဝင်လဲ တစ်ယောက်က မေး
ရည်းစားမထားဘဲ ဘွဲ့ယူမယ်ဆိုတဲ့ ရာဇဝင်တဲ့ .. ခုထိ ဘယ်ကော
လက်မခံခဲ့ဘူးတဲ့ .."

ဥက္ကာမို က မကြာသေးခင်ကမှ သတင်းအတိအကျ ပို့ထား
သူ့ရှေ့မှာပဲ သာယာချို ဆိုတဲ့နာမည်ကို အတိအကျ ရွတ်ပြပြီး
သွားကြတာတွေကို ပြန်ပြောပြခဲ့သည်။

သူ တကယ်ကို အံ့သြခဲ့တာပါ ..၊ သာသာ့ ပုံစံက ကလေး
သလောက် သူ့မျက်လုံးထဲမှာလည်း သူမကို ဟိုလိုဒီလိုပုံစံတွေနဲ့
မကြည့်မိခဲ့ဘူးပေ ..။

သူ တွေးနေတုန်း ဖုန်းသံက နှောင့်ယှက်ခဲ့လျက် ..၊ သာ
က သူမအိတ်လေးထဲက ဖုန်းကို ထုတ်ယူလိုက်သည်။ ပြီးတော့
ပြီး မျက်နှာလေးမဲ့သွားကာ ပိတ်ပစ်လိုက်၏။

"မကိုင်ဘူးလား ..၊ ဘယ်သူ့ဖုန်းလဲ .."

ဖုန်းကို အိတ်ထဲ ထည့်နေရင်း သာသာ က ခေါင်းခါ၍ -

"သူငယ်ချင်းဆီကပါ .."

"သူငယ်ချင်းဆိုလည်း ကိုင်လိုက်လေကွာ .. ဘာပြောမ
မသိတာ .."

သာသာ့ မျက်နှာလေး သူ့ကို ဖျတ်ခနဲ မော့ကြည့်လာကာ

"ပြီးရော .."

ပြောင်းလဲသွားသည့် မျက်နှာလေးကို နားမလည်ဖြစ်သွ
သူ ဒီတိုင်းပဲ ရပ်ကြည့်နေမိလျှင် ...

"ပြော .. ဘာလဲ .."

"... ... ... ..."





"ဟုတ်တယ် မလာနိုင်ဘူး .. အဲ့ဒါ ဘာဖြစ်သွားနိုင်သလဲ .."

"... ... ... ..."

"သေလိုက် .."

ဖုန်းကို ဆောင့်အောင့်ပိတ်ပြီး မဲ့ရွဲ့နေသည့် နှုတ်ခမ်းလေးက မပြီး
..။

"ဟော့ .."

ရှေ့ကနေ မျက်နှာလေးမော့ပြီး ထွက်သွားလျှင် သူ ခြေလှမ်းကျဲ
နှင့် လျှောက်လိုက်သွားမိရင်း ...

"ရည်းစားက ဆက်တာဆိုလည်း ပြောတာ မဟုတ်ဘူး .. ဒါ
ရောလား .."

"လာပြန်ပြီ .."

သာသာ တုံ့ခနဲ ရပ်ပစ်လိုက်မိ၏။ သူကလည်း ဘေးမှာပဲ ရှိနေ
...

"သူငယ်ချင်းဆီက ဆိုတော့ .. မင်းကို .."

"ကိုကို နော် .."

သာသာ ဆံပင်တွေကို မျက်နှာလေးမော့၍ ခါထုတ်ပစ်ရင်း ...

"ဘာမှ မဟုတ်ဘူး .. မဟုတ်လို့ အလွယ်တကူ ပြောလိုက်တာ၊
ပဲ သူများကိစ္စကို ဘာမှန်းညာမှန်း မသိဘဲနဲ့ .."

"မသိတာကို သိအောင် ပြောမှ သိမှာပေါ့ ..၊ သူငယ်ချင်းလို့
လိုက် .. ဟိုလိုဒီလိုတွေ ပြောနေပြီး မဟုတ်ဘူး ဖြစ်လိုက် .."

"ဟိုလိုဒီလိုတွေ ရှိတော့ရော ဟုတ်စရာလား ..၊ သာသာ့ မှာ
ရှိလို့ကတော့ ကိုကို့လိုလူကို မယူခင်ကတည်းက ခိုးရာလိုက်ပြေး
ပဲ .."

"ဟုတ်လား .. ချစ်မယ့်သူ မရှိလို့လား .. ပြောမယ့်ပြောတော့
သေါ်တင်ကြီးပါလား .."



www.burmeseclassic.com

www.burmeseclassic.com



"ချစ်မယ့်သူ မရှိစရာလား .. မကြိုက်ချင်လို့ သိလား .. နောင်တရနေတာ .. ရည်းစားထားခဲ့ရ ကောင်းသားလို့ .."

"ဒါဆို ခု ထားကြည့်လိုက်လေ .."

ပြောပုံက စိန်ခေါ်နေတာနှင့် တူနေသဖြင့် သာသာ သူ့မျက်နှာ အဓိပ္ပာယ်ရှာသလို ကြည့်နေမိသည်။

ဆောင်းဦးခိုက် က ပြုံးချင်နေသည့် မျက်နှာတည်တည်နှင့် သူ့ လက်ကလေးကို ဆွဲကိုင်လိုက်ပြီး ...

"မလုပ်ရဘူး .. ချာတိတ်ကို ချစ်လို့ စတာ .."





အခန်း (၂၃)

"မမသာ အိပ်နေတယ် ဆရာ .. ရှိုးကေ့စ် အလယ်ထပ်မှာပဲ ...င်ထားခဲ့တယ် .."

"ဟင်!..."

အလုပ်လုပ်နေရင်း သူ လှည့်ကြည့်တော့ အကူကောင်မလေး ...ပြုံး က ဒါကိုပဲ ထပ်ပြောပြ၍ ...

"ဒါမှမဟုတ် ပြန်ယူသွားရမလား .."

"အေး ပြန်ယူသွားလိုက်တာ ကောင်းမယ် .. ကော်ဖီအေးသွားရင် ...ကြိုက်မှာ မဟုတ်ဘူး .."

"ဟုတ်ကဲ့ .."

အလုပ်တစ်ခုခု ခိုင်းလိုက်ပြီဆို ပြီးအောင်တော့ လုပ်သည်။ ဒါပေမယ့် နောက်တစ်ခု ထပ်မလာနဲ့တော့ .. သာသာ ဖို့ အိပ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဦးခိုက် ဖြူးလိုက်မိကာ ကော်ဖီ ပြန်ယူပြီး ထွက်လာသ ဝေဖြိုး ကို နောက်ထပ် နာရီဝက်လောက် ကြာလျှင် ကော်ဖီ လာ ထပ်မှာလိုက်၏။

သူမ ထွက်သွားပြီး မကြာမီ ဆရာမ ဒေါ်ယုယ ရောက်လာက

"ကျောင်းအုပ်ကြီး ရှိတာနဲ့ အတော်ပဲ .."

"ပြောစရာရှိလို့လား .. ထိုင်လေ ဆရာမ .."

ဒေါ်ယုယ က ရှေ့မှာ ဝင်ထိုင်ကာ သူမ ကိုင်လာသည့် ဖိုင် ပိုက်ဆံအိတ်ကို စားပွဲပေါ် တင်ထားလိုက်ပြီး ...

"ကျောင်းသားတွေရဲ့ ပရောဂျက်ကိစ္စမှာ ပြဿနာ နည်းနည်း ရှိနေလို့ပါ .."

"ဘာပြဿနာလဲ ဆရာမ First Seminar တောင် လုပ်ပြီး မှ.."

"ဟုတ်ပါတယ် ကျောင်းအုပ်ကြီးရယ် .. တခြားကျောင်းသား အားလုံး အဆင်ပြေကြပါတယ် .. အဲဒီကောင်မလေးရဲ့အဖွဲ့က သူ့ရဲ့ဘက်ခ်ရောင်းန်လည်း ကောင်းတော့ စင်ကာပူက ဖိနပ်ကုမ္ပ တစ်ခုရဲ့ စက်ရုံအလုပ်သမားတွေနဲ့ စက်ပိုင်းဆိုင်ရာတွေ ထိန်းချုပ်မှု အကြောင်း ပရောဂျက် ရေးချင်နေတယ် .."

ဆောင်းဦးခိုက် မျက်ခုံးတွေ တွန့်ကုတ်နေတာကို ကြည့်၍ ဆရာ က ထပ်ရှင်းပြနေ၏။

"အစက သူ အဲ့ဒီလိုရေးဖို့ မဟုတ်ဘူး ကျောင်းအုပ်ကြီး .. အဲ ကျွန်မ သိတယ် ..၊ နောက်မှ စက်ပစ္စည်းတွေရဲ့ ကွန်ထရိုလ်ပိုင်း Low Level နဲ့ ရေးချင်လို့ဆိုပြီး title ပြောင်းလိုက်တာ .."

"ကျွတ်!..."

"ဟုတ်ပါတယ် ဆရာရယ် .. Low Level က ပိုခက်လို့ ကျွန် လည်း .."





"ဆရာမက ဘာဖြစ်လို့ ပြောင်းခွင့်ပေးလိုက်တာလဲ ..၊ သူ့မှာ ဘက်ခ်ရောင်းန် ဘယ်လောက်ကောင်းကောင်း နိုင်ငံခြားမှာရှိတဲ့ လုပ် ငန်းတစ်ခုရဲ့ အင်ဖော်မေးရှင်းကို သူ လိုချင်သလောက် ထိုင်ရာမထ အောင်ယူနိုင်ဖို့ လွယ်မလား ..၊ ပြီးတော့ သူတို့ကို ကျွန်တော် ဒီ လောက်လည်း မလုပ်နိုင်သေးဘူးလေ .."

"ဟုတ်ပါတယ် .."

"သူတို့ စပြီး Scope ရွေးကတည်းက ဆရာမတို့က ဂရုစိုက်ရမှာ၊ သူတို့ကို ကိုယ် ကျွမ်းကျင်နိုင်နင်းတဲ့ Scope အတွင်းမှာပဲ အကောင်း ဆုံး တီထွင်ရေးကြဖို့ ကြိုပြောထားရမှာ .."

ဆရာမ ဒေါ်ယုယ ခေါင်းတညိတ်ညိတ်နှင့် ဘာမှ ပြန်မပြောနိုင်ခဲ့ ..။

"အခု ဘာတွေ လိုအပ်နေပြီလဲ .."

"အင်ဖော်မေးရှင်းအတွက် ဒီသင်တန်းက တကယ် တောင်းခံတဲ့ အကြောင်း သင်တန်းထောက်ခံချက်နဲ့ ကျွန်မတို့အားလုံးရဲ့ လက်မှတ် တွေ ပို့ပြီးပါပြီ .. အဲ့ဒါ .. ကျောင်းအုပ်ကြီးလက်မှတ်ပါ လိုချင်တယ် ဆိုလို့ .."

ဆောင်းဦးခိုက် မျက်နှာ တည်ငြိမ်နေပေမယ့် ခပ်တွန့်တွန့် မျက် ခုံးတွေက အလိုမကျ ဖြစ်နေခြင်းကို ဖော်ပြနေကြ၏။

ခဏကြာမှ ရှေ့မှာဖွင့်လျက်သား ရှိနေသည့် ဖိုင်နှစ်ထပ်စလုံးကို ပိတ်၍ ဘေးကို တွန်းရွှေ့ထားလိုက်ကာ ...

"အင်းလေ .. စထားပြီးပြီဆိုတော့လည်း ပြီးဆုံးတဲ့အထိ လုပ်ပေး လိုက်ပါ .."

"ဟုတ်ကဲ့ .."

ဒေါ်ယုယ က ဖိုင်နဲ့တွဲထားသည့် စာရွက်ကို ရှေ့ထိ ပျာပျာသလဲ ထိုးပေး၏။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဦးခိုက် က လက်မှတ်ထိုးပြီး တံဆိပ်တုံးထုတဲ့အထိ အား လုံးပြည့်စုံအောင် လုပ်ပေးသည်။ ပြီးမှ ...

"ဒီညနေ ဌာနမှူးတွေအားလုံး အစည်းအဝေးရှိတယ်လို့ ဆရာ ပြောလိုက်ပါ .."

သူ စကားပြောခွက် ကိုင်လိုက်ရင်း နံပါတ်တစ်ခုကို ခေါ်နေတော့ တစ်ခုခုပြောဖို့ ပြင်ပြီးမှ ခေါ်ယုယ ဒီတိုင်းပဲ ပြန်ထွက်သွား၏။

"ဦးဘမော် လား .. ကျွန်တော်ပါ .."

"... ... ... ..."

"အင်း .. ကိစ္စရှိလို့ပေါ့ .. စင်ကာပူက ဖိနပ်ကုမ္ပဏီတစ်ခုကို သိချင်လို့ .."

"... ... ... ..."

"ဟုတ်တယ် .. ကျွန်တော် အချိန်မရဘူး ...၊ ZTZအုပ်စုလို့ ထင်လို့ ခင်ဗျားကို ရှာခိုင်းတာ .."

"... ... ... ..."

"ဒါဆို .. စင်ကာပူကုမ္ပဏီ သုံးခုစလုံးရဲ့ ဝက်ဘ်ဆိုက်တွေထဲ ဝင်ကြည့်လေ ...၊ ကျွန်တော် ထင်တယ် .. ZTZအုပ်စုက မှန်ရင် ဂျိုးဇက် နဲ့ ပတ်သက်မှာပဲ .. ဒါဆို ပြဿနာမရှိတော့ဘူး .."

"... ... ... ..."

"လုပ်ပါ .. ဟုတ်မဟုတ် ကြည့်ရုံပဲ ...၊ သိရင် အကြောင်းပြန် ဒါပဲ .."

"ဘုန်း .."

ဖုန်းချလိုက်တာနှင့် အခန်းထဲက တစ်စုံတစ်ခု ပြုတ်ကျသံကြောင့် နောက်လှည့်ကြည့်လိုက်မိသည်။

သာသာ နိုးနေပြီ ထင်ပေမယ့် ဘာသံမှ ထပ်မကြားတော့ဘဲ ထွက် လည်း မလာသဖြင့် သူ နေရာမှ ထလာခဲ့သည်။





စားပွဲပုလေးနဲ့ လက်ပ်တော့ပ်နဲ့ စာအုပ်က ဘေးမှာ အားလုံး ငြင်းလျက်သားနှင့် သူမက ဒရင်းမ်ဘက်ဒ်ပေါ်မှာ စောင်ပါးလေးကို ပါးသာသာထိ တင်ထားသည်။

စာအုပ်ဖတ်ရင်း အိပ်ပျော်သွားပုံပေါ်ကာ ကြမ်းပေါ်မှာ Java z Black Book အထူကြီးက ထောင်လျက်သား ...၊

သူ ပြုံးလိုက်မိကာ စာအုပ်ထူကြီးကို ကောက်၍ ရှိုးကေ့စ်ပေါ် အုမ်းတင်ထားလိုက်သည်။

သူမကိုယ်တိုင် ဒီစာအုပ်ကို စိတ်လိုလက်ရ ယူဖတ်နေသဖြင့် ကျေနပ်သွားမိသည်။

သူ အပြင်ပြန်ထွက်လာခဲ့ကာမှ သာသာ က ကိုယ်ပေါ်ကစောင် ကို ခုလုံး ဖယ်ချကာ တစောင်းလေး ဖြစ်သွား၏။

အဖြူရောင် ဆွဲသားလက်ရှည် ကိုယ်ကျပ်လေးနှင့် ကော်ဖီရောင် ဘောင်းဘီရှည်က တစောင်းလေး ဖြစ်သွားသည့် ကိုယ်လုံးအလှကို သက်ရှုမှားအောင် ပြစားနေသလိုပင် ...။

သူ ပြန်လှည့်သွား၍ စောင်ကို ကောက်ယူကာ သူမကိုယ်လေး ပေါ် သာသာလေး လွှားခြုံပေးလိုက်သည်။

စောင်ကို လက်က မလွှတ်မိသေးခင် ဝင်းစက်နူးမွတ်နေသော မျက်နှာလေးကို ငုံ့မိုးကြည့်ရင်း သူမ မျက်နှာလေး ရှေ့မှာပဲ ခြေဖျား ထောက် ထိုင်လိုက်မိ၏။

လှလိုက်တာ ချာတိတ်ရယ် .. မင်းနဲ့ငါ ဒီလိုပုံစံနဲ့ ပြန်ပြီး ဆုံစည်း ရလိမ့်မယ်လို့ ဘယ်တုန်းကမှ တွေးမကြည့်မိခဲ့ဘူး ...၊ ပြီးတော့ ...

မင်းရဲ့ အလှတွေကြောင့် ရင်ခုန်သံတွေ ဖြစ်လာလိမ့်မယ်လို့ ကိုယ် ထင်ခဲ့ဘူး ...၊

ပါးမို့မို့လေးကို လက်ချောင်းတို့နဲ့ ဖွဖွလေး ထိကပ်ပွတ်သပ်ရင်း ဘိုလက်တို့က နှုတ်ခမ်းသားလေးတွေဆီ တရွေ့ရွေ့ ဆင်းသက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် နှုတ်ခမ်းသားလေးနဲ့ မထိမိခင် သူ့လက်ကို ပြန်ရုတ်လိုက်မိသည်။

ဘယ်သူမှ မသိလိုက်ပေမယ့် ခိုးချောင်းခိုးဝှက် တို့ထိခဲ့မိသည့် အဖြစ်အတွက် ပူပူထူထူကြီး ဖြစ်သွားခဲ့၏။

နေရာမှ ထထွက်လာခဲ့ရင်း တံခါးနားရောက်မှ ပြန်လှည့်ကြည့်မိသည်။

သာသာ က နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲ ...၊

တော်သေးသည် ...၊

နမ်းမိတော့မလို့ တဲတဲလေး ...၊





အခန်း (၂၄)

"ဟော .. ယူခဲ့စမ်း .. အဲဒီကင်မရာ .."

တိုက်ခန်း၏ နောက်ဖေးအစပ်လေးမှာ ခိုးချောင်းခိုးဝှက် ကိုင်နေ[...]ခိုးအောင် လက်လေးတွေ တုန်ခနဲ ဖြစ်သွား၏။ ထို့အတူ ကိုင်[...]သည့် ကင်မရာလည်း လွတ်ကျသွားလေသည်။

[...]ခြံထဲမှာ လမ်းလျှောက်နေသည့် ဦးဒေဝတာ ခြေလှမ်းတွေ မြန်မြန်[...]ဆန်ကြီး ဖြစ်သွားကာ ခိုးအောင် လှစ်ခနဲ ပျောက်သွားသည့်အထဲ[...]ဘက်လျှောက် လိုက်ဝင်ခဲ့၏။

"ဘယ်ရောက်သွားလဲ ဟိုကောင် .. ဟေ့ .. ထွက်လာခဲ့စမ်း .."

"ပရော်ဖက်ဆာကြီး .."

သူ့ရှေ့မှာ ပေါ်လာတာက ခိုးအောင် မဟုတ်ဘဲ ဒေါ်စိုးစိုး ဖြစ်နေ[...]

"နင့်သားကို ခေါ်စမ်း .. ဘယ်မှာလဲ ..၊ ခုန ကင်မရာကိုင်ထား[...]ငါ တွေ့တယ် .."

"မ .. မဟုတ်ပါဘူး ပရော်ဖက်ဆာကြီးရယ် .. ကစားစရာပါ.."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး .."

ဦးဒေဝတာ က ဒေါ်စိုးစိုး ကို တွန်းဖယ်၍ ကိုက်ခန်းထဲထိ လိုက်သွား၏။ ပြီးတော့ ကြောက်ကြောက်လန့်လန့်နဲ့ ရပ်နေသော စိုးအောင် လက်ထဲက ကင်မရာကို ဆွဲယူလိုက်ကာ ...

"ဒါလား ကစားစရာ .."

ကင်မရာကို လှည့်ပတ်ကြည့်လိုက်တာနှင့် CCTV ကင်မရာမျိုး သူ သိလိုက်သည်။

ထို့နောက် မျက်လုံးတွေက စိုးအောင် ထံ တန်းခနဲ ရောက်

"ဒါ ဘယ်က ရတာလဲ .."

"ခြံထဲက ကောက်ရလာတာပါ .."

"ငါ နင့်ကို မမေးဘူး .."

ကြားက ဝင်ဖြေလိုက်သည့် ဒေါ်စိုးစိုး ကို ဦးဒေဝတာ က ဒေါ တကြီး လှည့်အော်ကာ ...

"ဟေ့ .. မေးနေတာ ကြားလား .."

"ခြံ .. ခြံထဲက .."

"ငါ့ကို လိမ်ပြောတယ် .. ဟုတ်လား .."

စိုးအောင် သည် ခေါင်းတခါခါနှင့် မအေကို မော့ကြည့်၏။ တော့ ဘာတစ်ခွန်းမှ မဖြေနိုင်ဘဲ ချွေးသီးချွေးပေါက်ကြီးတွေ ကျ ကြ၏။

"ဒါက ဘာဖြစ်တာလဲ ..၊ မင်းကို လူတောမတိုးရဲအောင် သင်ထားတာလား ဟင် .. လူနဲ့ သူနဲ့ စကားမပြောရဲအောင် ငါ အဲ သင်ပေးထားခဲ့သလား .."

ဦးဒေဝတာ အော်လေ စိုးအောင် က တဆတ်ဆတ်တုန်လာ သေးတွေပါ ထွက်ကျကုန်၏။

"အလကား အသုံးမကျတဲ့ကောင် .."





"ပရော်ဖက်ဆာကြီး မလုပ်ပါနဲ့ .."

ဒေါ်စိုးစိုး က လက်တစ်ဖက်ကနေ ဆွဲခါပစ်လိုက်သည့် ဦးဒေဝ ၏ ချုပ်ကိုင်မှုထဲကနေ ကလေးကို ပြန်ဆွဲလုလိုက်ပြီး ...

"ကျွန်မကို ကြိုက်သလို ဆက်ဆံ .. ဘယ်လို သဘောထားထား ကျွန်မသားလေးကို ဒီလို မရက်စက်ပါနဲ့ .."

"ဘာ!... ပြောတယ် .."

"ဆော်လောက်ပါပြီ အစ်ကို .. လူလူချင်း ဒီလောက်ထိ မနိုင်နင်း နဲ့ .."

သူတို့သုံးယောက်နှင့် မလှမ်းမကမ်းမှာ ဒေါ်တင်လေးသွယ် က မတ်စွာ ရပ်နေလျက် ...

"ကိုယ့်အိမ်က အလုပ်သမားလို ထားတယ် ဆိုရင်လည်း သား တစ်ယောက်ပုံစံမျိုး မဆက်ဆံပါနဲ့ .."

ဒေါ်တင်လေးသွယ် က ရဲဝံ့စွာပြော၍ ရှေ့ကို တစ်လှမ်းချင်း တိုး သည်။ လူကြီးတွေကို ကြည့်နေရင်း သတိလစ်မတတ် ရှိနေသည့် င် ကို ဒေါ်စိုးစိုး က မျက်နှာလေးကို တယုတယ ပွတ်သပ်ရင်း ခေါ်သွား၏။

"တင်လေးသွယ် .. မင်းက .."

"သင့်တော်လို့ ပြောတာပါ .. ကိုယ့်အိမ်က အလုပ်သမားကို ရှင်ကမှ သားပြော မယားပြော မပြောဘူး .. ကျွန်မတို့အိမ်က ရာတချို့ကို ဒေးလူတွေ ရိပ်မိကုန်ရင် ဘယ်လိုလုပ်မလဲ .."

ဒေဝတာ မျက်လုံးပြူးကြီးနှင့် ငြိမ်ကျသွား၏။ ပြီးတော့ ကင်မရာ ကြည့်သည်။

"ဒါတွေ ခြံထဲကို ရောက်လာတဲ့အထိ ဖြစ်ရတာ အစ်ကို့ ကို နည်းနည်းပါးပါး မတွေးမိဘူးလား .."

"ဘာကွ!..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်အမူအရာ .. နှုတ်အမူအရာဟာ အဲဒီလူရဲ့ အဆင့်အ[...] ပဲ အစ်ကို .."

"မင်း ဘာတွေ လာပြောနေတာလဲ ..၊ ငါ့အိမ် ငါ့ခြံဟာ ဘယ်[...] ဝန်းကျင်နဲ့မှ အဆက်အစပ် မရှိခဲ့ဘူး .. ဒါကို ဘယ်သူမှလည်း [...] မဝင်စားဘူး .. ဟိုဘက်ခြံက မိမဆုံးမ ဖမဆုံးမဟာလေးတွေကြော[...]

ကင်မရာကို မျက်နှာရှေ့ မြှောက်ကိုင်ပြီး တက်ခေါက်၏။

"ကလေး ခွေးကအစ မလေးမစား ပြုမူရဲလာတာကိုက -"

"တိတ်စမ်း .."

ဦးဒေဝတာ ဒေါသက မျက်နှာတစ်ပြင်လုံးကို ညိုမှောင်[...] လျက် ...

"ဒီလောက်ထိ အတင့်ရဲလာကြတာ .. တွေ့မယ် .. သင်း[...] ကင်မရာ လာချိတ်ရဲတဲ့အထိ ဖြစ်လာကြပြီဆိုတော့ သူတို့ ရ[...] သူမသိ ဒုက္ခပေးသလို ငါကလည်း ပေးတတ်တယ် ..၊ ဘယ်သူ[...] မသိစေရဘူး .. ကြည့်နေ .."

"အစ်ကို အဲဒီလိုပုံစံ သွားလုပ်လို့တော့ မရဘူးနော် .. သူ[...] လည်း အသိုင်းအဝိုင်းကြီးတယ် .."

"အသိုင်းအဝိုင်းကြီးတဲ့လူတွေ စပ်စုတော့ စပ်စုခွင့် ရှိသ[...] ဒါ သူတို့က စည်းကျော်လာတာလေ .. ငါ့လျှို့ဝှက်ချက် ဘာလဲ[...] မသိရခင် ငါ ဘာလဲဆိုတာ သိရစေမယ် .."

ဦးဒေဝတာ က ကင်မရာကို ကြည့်လိုက် .. ကြိမ်းဝါးလိုက်[...] ခြေလှမ်းကြဲကြီးများနှင့် ထွက်သွားလေသည်။

ဒေါ်တင်လေးသွယ် မသွားနိုင်သေးပါ ..၊

ဒေါ်စိုးစိုး တို့သားအမိ ဝင်သွားသည့်အခန်းကို ကူးလာခဲ့မိ[...]

ဒီကင်မရာ ဘယ်လိုရောက်လာတာလဲဆိုတာ သိရမှ ဖြစ်[...]





## အခန်း (၂၅)

[...]ိုယ့်အိမ်မှာတော့ ဖွန်ပန်းရုံ မရှိပါ။ ဒါပေမယ့် သာသာ ဖွန်ပန်း [...]ကြိုက်သည်။ အနံ့ကိုရော ပန်းပွင့်လေးတွေကိုပါ ချစ်သည်။ [...]ကြောင့် ဖွန်ပန်း လာယူပါလို့ ပြောသည့်နေ့ဆို လမ်းထိပ်က [...]ချစ်တင် တို့ ခြံကြီးကို စက်ဘီးလေးနဲ့ သွားနေကျ ..။

[...]နေ့ခင်းမှာ စက်ဘီးလေးကို အရှိန်မှန် နင်းလာခဲ့ရင်း ခါတိုင်းဆို [...]မှာ အလကား ပါနေကျမို့ အလကား ကို လွမ်းနေမိ၏။

[...]ဘက်ကနေ သူမခါးကို ဖက်၍ ကျောပြင်မှာ ပါးလေးကပ်ကာ [...]တွေ တတွတ်တွတ် ပြောနေတတ်သည်။ တစ်ခါတလေ စကား [...] အဆင်မပြေ ဖြစ်လာလျှင် ...

[...]ဘီတီသာ နော် .. ကလိထိုးလိုက်လို့ မြက်ခင်းကို မွေ့ရာခင်း [...] ဝမ်းလျားမှောက်ပြီးသား ဖြစ်သွားမယ် .."

[...]ဖြင့် လူကြီးတွေစကား ကြားဖူးနားဝနှင့် ကြိမ်းဝါးတတ် [...] ခုကျတော့ သူမ တစ်ယောက်တည်း ..၊

"ဒီ .."



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးတို့နှင့် လွှမ်းမောနေရင်း နောက်က ကားဟွန်းသံ
လှည့်ကြည့်မိမလို ဖြစ်သွား၏။ ဒါပေမယ့် မကြည့်ဖြစ်ဘဲ လမ်း
ကပ်ပေးလိုက်သည်။

"တီ .."

အိမ်ရာလမ်းတွေပေမယ့် အကျယ်ကြီးပါ ..၊ ဒီကားက
တက်မသွားဘဲ ဘာဖြစ်လို့ ဟွန်းတီးနေတာလဲ ..၊ ထပ်ကပ်
မရှိတော့သဖြင့် ဒီတိုင်းပဲ ဘေးကပ်ရင်း အရှိန်ထပ်လျှော့လိုက်

"တီ .."

ဒေါသက ထောင်းခနဲ ဖြစ်သွား၏။ တမင်လိုက်ကပ်
သိလိုက်သောကြောင့် အနားကပ်လာသည့် ကားဦးဆီကို လှည့်
လိုက်မိသည်။ သို့သော် ကိုယ် သူ့ကို မမြင်ရသေးမီ ကားက အ
ကပ်ရိုက်ပစ်လိုက်လျှင် ...

"ဟင်!..."

"ဒုန်း .."

"အား!..."

ကားလမ်းဘေးမှာ ပန်းခင်းနှင့် ပလက်ဖောင်းလုပ်ထား
ဘောင်ကို စက်ဘီးက ပွတ်ကပ်သွားကာ လူက ဟိုဘက်ကို
ခေါက်ကွေး ပစ်ကျသွား၏။

"အား!..."

လက်ထောက်လိုက်မိသဖြင့် လက်ဖဝါးမှာ ပန်းရိုးတွေ
တစ်ကိုယ်လုံး နာကျင်ပေပွလျက် ...

"ဟင်!..."

လွန်သွားပြီးမှ ပြန်ဆုတ်လာသည့်ကားထဲမှာ ဦးဒေဝတာ

"ဘယ်လိုလဲ .. ပန်းပင်ပေါက်လေးတွေထဲ ဒိုင်ဗင်ထိုးဝင်
ပန်းမျိုးလဲဆိုတာ စပ်စုတာလား .."





ဘြာပြီး တစ်ဝက်လောက်ချထားသည့်မှန်ကို တစ်ဆုံးထိ ချပစ်
သည်။

နှင့်ကို ဒါ ပထမဆုံးနဲ့ နောက်ဆုံး သတိပေးတာ ..၊ မကြောက်
င် ဆက်လုပ်ကြည့်လေ .. မကြောက်တတ်တာချင်း ပြိုင်ကြတာ
"

န်ကို လျှော့ခနဲ ပြန်တင်၍ အကြမ်းပတမ်း မောင်းထွက်သွား၏။
ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်ထိ အဖြစ်ဆိုးသွားပြီမှန်း သိနေ

န်းပင်တွေနဲ့အတူ စုတ်ပြတ်နေပြီဖြစ်သည့် သူမရဲ့ လက်ဖဝါး
နဲ့ တင်ပါးတွေပေါ်မှာ ဒဏ်ရာ ဘယ်လိုထင်ကုန်ပြီ မသိသော်
လာလောဆယ် ထလို့မရပေ ..။

က်ဘီးရှေ့ခြင်းထဲမှာ သူမ လွယ်နေကျ ကြိုးရှည် ဘေးလွယ်
င် မှန်း ..။

က်ဘီးရှိရာကို ဘယ်လိုထသွားရမှန်း မသိဘဲ တစ်ယောက်
ရှက်သည့်စိတ်နှင့် မရမက ကုန်းကျူးထသည်။ ဖြတ်သွားဖြတ်
ခင်ဦးတလေမှ မလာသေးခင် ထရပ်နိုင်ဖို့ ဖြစ်၏။

သို့သော် သူမ ကြိုးစားနေဆဲမှာ ကားတစ်စီး၏ ဦးခေါင်းက
ပေါ်လာ၏။

ဆိုးတာက ထိုကားသည် ဆောင်းဦးခိုက် ၏ကား ဖြစ်နေရာ...
ဦးစားစမ်း ..၊ ဘာဖြစ်တယ်လို့ ပြောမလဲ ညည်း စဉ်းစား
ရှိ ..၊

ဦးဒေဝတာကြီး ပညာပြသွားတာမှန်း သူ သိလို့ မဖြစ်ဘူး ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

ဒီနားမှာ သေချာ မြင်လိုက်တာပါ ...။

စိတ်ဝင်စားပြီဆို မြွေပါးကင်းပါး ကြောက်ရမှန်းလည်း မသိ... ပေ။ ဝရန်တာမှာ ထွက်ရပ်တိုင်း မျက်လုံးတွေက ဟိုဘက်ခြံ... ရောက်နေကျမို့ လှမ်းကြည့်မိသည်။

ဟိုဘက်ထိ မကြည့်ဖြစ်လိုက်ဘဲ ခြံစပ်ကလူရိပ်ကြောင့် မျက်... က ထိုဆီမှာပဲ ရူးစိုက်သွားခဲ့၏။ ခြံစပ်မှာ သစ်ပင်ကြီးတွေပါးတဲ့... ဆိုလို့ ဒီထောင့်တစ်ထောင့်ပဲ ရှိသည်။

ကိုယ့်ဘက်မှာ ယူကလစ်ပင်ပျိုလေး နှစ်ပင်နှင့် ဟိုဘက်... ကံ့ကော်ပင်ကြီးတစ်ပင်က ခြံစည်းရိုးခြား၍ ဖိုခံလောက်ဆိုင်ပုံ... ကံ့ကော်ပင်ကြီး၏အောက်မှာ အကျီအဖြူဆွတ်ဆွတ်နှင့် မတ်တ... နေတာ စိုးအောင် မှ စိုးအောင် အစစ် ...။ ကိုင်ထားသည့် ခါတ်မီး... က ဟိုဒီ ဝေ့ဝဲနေပေမယ့် ရဲရဲတင်းတင်းလည်း မထိုးရဲ ...။

ည ဆယ်နာရီကျော်မှာ ပတ်ဝန်းကျင်က ကြောက်မက်ဖွယ်... လောက်အောင် တိတ်ဆိတ်နေကာ လပြည့်ကျော်တစ်ရက်၏ ဖွေ... နေသော အလင်းရောင်က မြင်ကွင်းတိုင်းကို အရိုးရှင်းဆုံး မြင်နေ...





ချို့ကိုတိုးလာရင်း တဟူးဟူး တိုးဝှေ့နေသော ညဥ့်လေနှင့်အတူ ...တ်တွေပါ ပါလာမလားလို့ စိုးရိမ်လာခဲ့မိသည်။

သူမ ဘာဖြစ်လို့ ဆင်းလာခဲ့မိမှန်း ကိုယ့်ကိုယ်ကိုယ် သတိရလာ ...။ နေ့နဲ့ ည၏ လှည့်စားမှုက နေ့ဘက်မှာ ကိုယ်တိုင် ပြေးလွှား ...ကစားနေခဲ့သည့်နေရာတွေမှန်း သိလျက်နှင့် သစ်ရွက်သစ်ကိုင်းတို့ ...တိုက်သံကို စကားသံတွေလို့ ထင်လာသည်။

လှုပ်ရှားယိမ်းထိုးနေသော လေတိုးသံနှင့် အရိပ်သဏ္ဍာန်တို့က ...ဘွှေတို့၏ ခုန်အုပ်ဖမ်းဆွဲတော့မည့် လက်တံတွေလို စိတ်က ...လိုနေရင်း ချောက်ချားလာ၏။

ဆက်မသွားနဲ့တော့ ...၊ ပြန်လှည့်လိုက်တော့ သာယာချို ...။ သူ့ဝင်း သူ့ခြံထဲမှာ သူတို့ဘာသာ ဘာတွေလုပ်နေနေ နင်နဲ့ ဘာ ...သလဲ ...။

ဒီလောက်ထိ စိတ်ဝင်တစား စပ်စုဖို့ မသင့်ဘူးဆိုတာ သတိရလိုက် ...အချိန်မှာ သူမက ယူကလစ်ပင်တွေနားကို ရောက်နေခဲ့ပြီ ဖြစ်၏။ ခြံစည်းရိုးလို့ သတ်မှတ်ထားသည့် ပုဏ္ဏရိပ်ပင်တချို့၏ တားဆီး ...ိုးအောင် တကယ်ရှိနေသည့်နေရာကိုလည်း သူမ မြင်ရတော့မှာ ...်ပေ ...။ ဒါပေမယ့် သူမ ဒီထိ ရောက်လာခဲ့ပြီဖြစ်ကာ ...

"စိုးအောင် .."

အရဲစွန့်ခေါ်ကြည့်ရင်း ဟိုဘက်က ကံ့ကော်ပင်အောက်ကို ပုဏ္ဏား ...ခြောက်တွေကြားကနေ ဓာတ်မီးနှင့် လှမ်းထိုးကြည့်မိသည်။ ...ီးတော့ ရှေ့ထပ်တိုး၍ လေသံကို နှိမ့်ကာ ...

"စိုးအောင် .. ဒီနားမှာလား .."

"ရှပ် .. ရှပ် .. ရှပ် ..."

...ုံပြန်သံအစား ဘာမှန်းမသိသည့်အသံကြောင့် သူမ လန့်ဖျပ် ဓာတ်မီးနဲ့ ဟိုထိုးဒီထိုးတွေ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အပေါ်ကို တစ်ချက်ဝေ့သွားသည်။ မီးရောင်မှာ အစုံတ
ကို မျက်လုံးထောင့်က သတိထားမိလိုက်၏။

ကုံကော်ပင်ပေါ်မှာ ဘာလဲ ..၊

စိတ်က ထင်လိုက်သည်နှင့် ခုတ်မီးနဲ့ ဖျတ်ခနဲ ဖမ်းထိုးလိုက်လျှ

"ဟင်!..."

သစ်ကိုင်းတစ်ကိုင်းပေါ်မှာ စိုးအောင် သည် မတ်တတ်ရပ်နေ
တော့ မှန်ပေမယ့် ခေါက်ထိုးကြီး ငြိမ်သက်စွာ ..၊

"အား!..."

မျက်လုံးထဲမှာ မဟူရာလွှင်ပြင်ကြီး ကြီးစိုးသွားကာ သာ
ဘာဆိုဘာမျှ မမြင်တော့ဘဲ ...

"သာသာ .. သာသာ သတိထားစမ်း .. ဘာဖြစ်တာလဲ .."

"ဟင်!..."

တစ်စုံတစ်ယောက်က လှုပ်ယမ်းခေါ်နေခြင်းကို ပထမဆုံး သ
ဝင်လာသည်။ မျက်လုံးတွေ ဖွင့်လိုက်တော့ သူမ လဲကျသွားခဲ့သ
နေရာ မဟုတ်ဘဲ မွေ့ရာပေါ်မှာ ဖြစ်နေလျက် ..၊ လင်းလင်းချင်း
ရှိနေသည့် နေ့အလင်းရောင်က ညဉ့်နက်နက်လည်း မဟုတ် ..။

"ကိုကို .."

"ဟင် .. သတိရပြီလား .. မင်း အိပ်ပျော်သွားတာ တစ်မနက်
ပဲ .."

"သာသာ .. သာသာ အိပ်နေတာလား .."

ကိုကို့ကို သိမ်းကျုံးဖက်ထားမိသည့် ကိုယ့်အဖြစ်ကို သတိရ
ပတ်ဝန်းကျင်ကို တအံ့တသြ ကြည့်မိသည်။

"ကိုကို .. မေမေတို့ရောဟင် .."

"တစ်မနက်လုံး မင်းနားမှာပဲ ထိုင်နေကြတာ ..၊ ခုနကပဲ သွား
ပါဦးလို့ မနည်း ပြောလိုက်ရတယ် ..၊ အန်ကယ်လ်လည်း အလုပ်ထဲ





သက်လို့ .. အရေးကြီးတာနဲ့ ထွက်သွားရတယ်..၊ မင်းကိုပဲ အားလုံး
စိုးရိမ်နေကြတာ .."

"သာသာ ဖျားနေတာလားဟင် .."

မွေ့ရာထက်မှာ နေသားတကျ ပြန်ထိုင်ရင်း တစ်ကိုယ်လုံး နာကျင်
သည့် ကိုယ့်အဖြစ်ကို မနေ့ကနဲ့ မနည်းပဲ ဆက်စပ်ကြည့်နေရသည်။
စက်ဘီးမှောက်လာတာကို ကိုယ့်ဘာသာ ကားကိုရှောင်ရင်း လဲကျ
ရစ်ခဲ့တာလို့ ကိုကို့ကို ညာခဲ့မိသည်။ ဒါပေမယ့် ကိုကိုက မယုံပါ..။

"ဦးဒေဝတာ ရဲ့ကားနဲ့ လမ်းကွေ့မှာ ငါ ဆုံခဲ့တယ် ..၊ ဒီဘက်က
ထွက်လာတာ သူ့ကား တစ်ကားပဲ ရှိတယ် သာသာ ..၊ အဲဒီကားနဲ့
ငြိတာမို့လား .. မညာနဲ့ .."

"မဟုတ်ပါဘူးဆိုမှ .. ဒီဘက်လမ်းကြားထဲ ဝင်သွားတဲ့ ကားတစ်
စီးပါ .. ကျောင်းက ကောင်တွေ ပါတယ် ..၊ သာသာ့ကို တမင်တကာ
တိုက်သွားတာ .."

ကိုကို့ကိုတောင်မှ သူမ ယုံအောင် ဖြီးနိုင်ခဲ့၏။ ပွန်းရာရှရာတွေ
အပြင် ဒူးခေါက်ကွေးနားမှာ ဘာနဲ့ထိမှန်း မသိဘဲ အသားကွဲသွားတာ
ကို ဘယ်သူ့ကိုမှ မပြဘဲ ဖုံးထားခဲ့မိ၏။ ထိုဒဏ်ရာက ဒူးဆစ်ရောင်တာ
ကြောင့် ရောကာ ညကျမှ အဖျားတွေ တက်တော့သည်။

"မင်းရဲ့ ဒူးဆစ်နားကဒဏ်ရာ ရောင်နေတယ် ..၊ အနာရှိန်တက်
ပြီး ဖျားတာလေ ..၊ ဒဏ်ရာရှိတာကို ကိုယ့်အမေကိုတောင် မပြောဘဲ
ဘာဖြစ်လို့ ဖုံးထားရတာလဲ .."

သာသာ ကိုယ့်ဘာသာ မရိုးသားခြင်းတွေ များပြားပြီး ဖုံးဖိရတာ
တွေကလည်း ဟိုမလုံ ဒီမလုံ ..၊

"မှန်မှန်ပြောစမ်း သာသာ .. မင်းကို ဒီဒဏ်ရာတွေ ဖြစ်အောင်
လုပ်သွားတာ ဦးဒေဝတာ မို့လား ..၊ ငါ့ကို ကားထဲကနေ လှမ်းကြည့်
သွားတဲ့ မျက်လုံးတွေမှာ တစ်ခုခု ရှိတယ် .."

www.burmeseclassic.com



သာသာ ဘာမှ မပြောနိုင်တော့ဘဲ မျက်လွှာလေးချ၏။ ပြီးတော့ နားထင်နှစ်ဖက်ကို လက်နဲ့ ဖိထောက်ပြီး မျက်နှာလေး မဲ့သွားသည်။

"ခေါင်းကိုက်နေရင် လှဲနေလေ .."

ခေါင်းအုံးနဲ့ စောင်ကို ပြင်၍ လှဲနေဖို့ လုပ်ပေးတော့ သာသာ က သူ့မျက်နှာကို မော့ကြည့်ကာ ...

"ကိုကိုက အလုပ်မသွားဘူးလား .."

"မင်းကို လူကြီးနှစ်ယောက်နဲ့ ဘယ်လိုလုပ် ထားခဲ့ရမလဲ .."

"ကိုကို .."

"ပြော .. ဘာလဲ .."

"သာသာ .. ဦးဒေဝတာကြီး ကားနဲ့ ငြိမိတာ .."

"သိသားပဲ .. အဲဒီတော့ အခု စပ်စုတာတွေ မကောင်းမှန်း မင်း နားလည်သွားပြီလား .."

"သူ့ဟာသူ ဖြစ်နေတာ ကိုကိုရဲ့ ..၊ သာသာ တို့ ဘာလုပ်ရသေး လို့လဲ .."

"ဩော် .. CCTV ကင်မရာကြီး သွားချိတ်ထားတာကို ဘာလုပ်ရ သေးလို့လဲ ဟုတ်လား ..၊ မင်းတို့ သူများအိမ်တွင်းရေးထိ စပ်စပ်စုစု- အဲဒါ ဥပဒေဘောင်နဲ့ရော လွတ်ကင်းတယ် ထင်နေသလား .."

"ဟင်!... ဘယ်လို ကိုကို .."

"တော်ပြီ .. အခု နေကောင်းအောင် နေ ..၊ ဘာကိုမှ မတွေးနဲ့.."

"မတွေးလို့ မရဘူး ကိုကို .. သာသာ ခုန လန့်အော်တဲ့ကိစ္စ - အဲဒါ အိပ်မက်ဆိုးတွေ မက်နေတာ .."

"နေထိုင်မကောင်းဖြစ်တည်းက သွေးလေမညီညွတ်လို့ ဖြစ်တာ ပဲ ..၊ ကယောက်ကယက်တွေ လျှောက်မက်တာ ဘာဆန်းလို့လဲ .."

"မဟုတ်ဘူး .."

သာသာ က အိပ်မက်ထဲကအကြောင်းကို သေချာ ပြောပြကာ-





"အဲဒီကောင်လေးက ငယ်ငယ်ရွယ်ရွယ်နဲ့ ဂေါက်နေတာ သေချာ တယ် ကိုကို .. ဒါမှမဟုတ် လူကြီးတွေရဲ့ ထိန်းချုပ်မှု မှားနေတာလား..၊ ဆိုက်ကိုတစ်ခုခု ဝင်နေပြီ .. အဲဒါ သေချာတယ် .."

"မသေချာတာ ဘာရှိသလဲ .."

"ကိုကို .."

ဆောင်းဦးခိုက် က ဆရာဝန်ပေးခဲ့သည့် ဆေးကို တစ်ခွက်စာ သေချာထုတ်၍ သူကိုယ်တိုင်ပဲ မိုင်လိုတစ်ခွက် ဖျော်လိုက်၏။

"ကိုကို .. သာသာ့ ဘက်ကို ကြည့်ပါဦး .."

"ဘာလဲကွာ .. မင်းကို ဆေးတိုက်ပြီးရင် အလုပ်သွားရဦးမှာ.. ကောင်မလေးတစ်ယောက်ကို မင်းနဲ့ပဲ လာနေပေးဖို့ ပြောထားတယ်..၊ နက်ကို သွားမရှုံးနိုင်းနဲ့ .. တစ်ခုခု နေထိုင်မကောင်းရင် ဖြစ်ဖြစ် .. အင်တာဖြစ်ဖြစ် ကိုယ့်ဆီကို ဖုန်းဆက် .."

"အခုလိုအပ်နေတာ သာသာ ပြောတာကို ကိုကို နားထောင်ပေးဖို့ပဲ"

ဆောင်းဦးခိုက် က ခုတင်ပေါ်မှာ တင်ပါးလွှဲ ထိုင်ရင်းကနေ ထရပ် လိုက်ပြီးမှ ...

"ဘာလဲ ပြော .."

"ပြန်ထိုင်ဦးလေ .."

သူ နာရီကို ငုံ့ကြည့်ပြီး ထိုင်တော့ ထိုင်ပေးမယ့် မိုင်လိုကို တစ်ခါ တည်း ယူလိုက်ကာ ...

"ရော့ .. ဒါလေး သောက်ရင်း ပြော .."

"အင်း .."

သာသာ က တကယ်ပဲ ယူသောက်ပြီး ဆေးသောက်လိုက်တဲ့အထိ စောင့်နေကာ ...

"သာသာ ပြောရင် ကိုကို မငြင်းရဘူး .. ချက်ချင်းလည်း ထထွက် သွားရဘူးနော် .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမို့လို့လဲ .."

"ကတိ အရင်ပေး .."

"မပေးနိုင်ပါဘူး .. မင်း ပေါက်ကရတွေ တောင်းဆိုပြီး မရမချင်း နားပူနေရင် ဘယ်လိုလုပ်မလဲ .."

"သာသာ့ ကို ပြောပြရုံပဲ ပြောပြလေ .."

"ဘာလဲ .."

"သာသာ နဲ့ အလက်ာ မကြည့်လိုက်ရတဲ့ ဗီဒီယိုရီကော့ဒ်မှာ.."

"ဘာမှ မပါဘူး .."

"မဟုတ်ဘူး .. ကိုကို ညာတာ .. သူများ အတွင်းရေး .. သူများရဲ့ လျှို့ဝှက်ချက်လို့ ကိုကို ပြောလိုက်တာတွေ သာသာ သတိထားမိတယ်.. သာသာ တို့ ထင်ခဲ့တဲ့ လျှို့ဝှက်ချက်တွေကို ကိုကို တကယ်မြင်ပြီးပြီ မို့လား .."

"လျှောက်ပြောမနေနဲ့ .."

သူ ဒီတစ်ခါ ထရပ်လိုက်တာက မျက်နှာကိုပါ တင်းထားလိုက်ပြီး ဖြစ်ကာ ...

"ဘာတွေ ဟုတ်ဟုတ် မဟုတ်ဟုတ် သူများအကြောင်း စိတ်ဝင်စားနေတာကို ငါ အမုန်းဆုံးပဲ ..၊ သာသာ .. မင်းကို အဲ့ဒီညတည်းက ငါ အပြတ်ပြောပြီးသားနော် .. အေး .. အဲဒီညက မင်းနဲ့ငါ ဘာမှ မဆိုင်သေးဘူး ..၊ အခု စေ့စပ်ထားပြီးကြပြီ .. ဒါပေမယ့် အဲဒီညက လည်း ပြောခဲ့တယ် .. ခုလည်း ထပ်ပြောမယ် .. သားရဲ့အနာဂတ် .. အခု ငါ့ရဲ့ဂုဏ်သိက္ခာအတွက် မင်းရဲ့အကျင့်တွေကို ပြင်ရမယ် .."

အမိန့်တစ်ရပ်အဖြစ် ပြတ်သားစွာ ပြော၍ လှည့်ထွက်သွားသည်။ သာသာ့ မျက်ခုံးလေးတွေ တွန့်ကုတ်ကျန်ခဲ့လျက် နှုတ်ခမ်းသားလေး တွေပါ တင်းတင်းစေ့သွား၏။

နေ့လယ်ခင်း၏ လေငွေ့နွေးက ပြတင်းတံခါးမှ တိုးဝင်လာလျှင်





သူမ အိပ်ရာပေါ်က ဆင်းကာ ပြတင်းပေါက်နားကို လျှောက်သွားခဲ့ မိ၏။

ဒီကကြည့်လျှင် ဟိုဘက်အိမ်ကြီးကို အားလုံးနီးပါးလောက် မြင် ကွင်းထဲမှာ ရှင်းလင်းစွာ မြင်နေရကာ ညတုန်းက အိပ်မက်ထဲက အုတ်ကော်ပင်ကြီးကိုတော့ ကိုင်းဖျားတွေလောက်သာ မြင်ရ၏။

ဝရန်တာကို ပြန်သွားကာ ညတုန်းကအတိုင်း ပြန်ငုံ့ကြည့်ချင် သည့်စိတ်တွေ ဖြစ်လာခဲ့သည်။

စိုးအောင် ဆိုသည့် ကောင်လေးကို မြင်လိုက်ရတိုင်း ဒီကောင် လေးရဲ့စိတ်ကို မျက်လုံးထဲမှာ ရှာမတွေ့ခဲ့ပေ။ စိတ်တခြား လူတခြားနှင့် ဆေးငေးလေး ရှိနေတတ်ကာ မေးတိုင်းလည်း ဖြေချင်မှ ဖြေသည်။

ခေါ်တိုင်းလည်း လာချင်မှ လာ၏။ ထို့အတူ တိုက်ကြီးပေါ်က သူဋ္ဌေးကြီး ဦးဒေဝတာ ရဲ့သား ဆိုတာကိုလည်း အပေါ်ထပ် ပြတင်း တံခါးမှာပဲ လှမ်းမြင်ဖူးပေမယ့် ပုံစံကတော့ စိုးအောင် နဲ့ သိပ်မထူးမယ့် ပုံပါ ..။

ဒီအိမ်ကြီးထဲက လူတွေဟာ ဘာဖြစ်လို့ ဒဏ္ဍာရီဆန်ဆန် လှုပ်ရှား နေထိုင်ခဲ့ကြတာလဲ ..။

အလက်ာ နဲ့ သူမ ဒီအိမ်ကြီးကို စိတ်ဝင်စားခဲ့တုန်းက ကိုကိုတို့ ပိုင်ခဲ့တဲ့ ခြံနဲ့ တိုက်ကြီးပဲဆိုတဲ့အသိနဲ့ ဟိုကချောင်းကြည့်.. ဒီက ချောင်း ကြည့် ..၊

အလက်ာ မေးမြန်း စပ်စုတာတွေကို သူမက ဆရာကြီးလုပ်ပြီး ပြောပြ .. ဒီလောက်ပဲ ဖြစ်၏။

နောက်တော့မှ ဟိုလိုငြိမိ ဒီလိုငြိမိတွေကစပြီး ဒီလူကြီးကိုက လူကြီးမတန်မယ့် သည်းခံစိတ်မရှိတာ ဖြစ်သည်။

ခုတော့ ဒီလူကြီး ပွထလာလေ .. သွေးတိုးစီးပြီး ရှေ့တိုးလေနှင့် နှမ်ဖက်စလုံးမှာ မပြီးနိုင်တော့ဘဲ အစရှည်လာခဲ့ရခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လ၀ါဖနောင့်တွေ လက်ဖျံတွေမှာ ငွမ်းနဲ့ ပလတ်စတာတွေ ကပ်ထားသမျှ ပြန်ငုံ့ကြည့်ရင်း စိတ်ထဲမှာ တနုံ့နုံ့ ဖြစ်လာ၏။

တော်သေးသည် …၊ ခါတိုင်းလိုသာ နောက်မှာ အလက်ာ ပါနေလျှင် ကလေးတော့ ခြေကျိုးမလား .. လက်ကျိုးမလား .. တစ်ခုခု အကြီးအကျယ် ဒဏ်ရာရမှာ သေချာသည်။

ဒီလိုသာဆို ကိုကို့ဒေါသတွေ ဘယ်လောက်ထိ ကြီးထွားလာလိမ့်မလဲ …။

ကိုကို့အကြောင်း ပါလာတော့ ကိုကို့မျက်နှာနဲ့ ဒေါသတွေက အာရုံထဲမှာ မြင်လာ၏။

'ခုလည်း ထပ်ပြောမယ် .. သားရဲ့ အနာဂတ် .. ငါ့ရဲ့ ဂုဏ်သိက္ခာအတွက် မင်းရဲ့အကျင့်တွေကို ပြင်ရမယ်'တဲ့ …။

ကိုကို ဒေါသထွက်ပြီဆို နှုးညံ့တာတွေ .. လိုက်လျောတတ်တာတွေ ဘယ်တုန်းကမှ မရှိခဲ့ဘူးတဲ့လူတစ်ယောက်လို မျက်နှာတစ်ပြင်လုံးမှာ မာနတွေ .. ဒေါသတွေအပြင် ဘာမှမရှိ …။

ပြီးတော့ ကိုယ်ဟာ ဟိုတုန်းတည်းက ကိုကို့ရဲ့ အုပ်ထိန်းသွန်သင်မှုအောက်မှာ ရှိနေခဲ့ဖူးတဲ့သူ …၊

သူမနဲ့ ကိုကို အိမ်ထောင်ဖက်အဖြစ် ဘယ်လို လက်တွဲရမလဲ…။

မိန်းမဆိုးလေးလို့ တစ်လျှောက်လုံး မြင်လာခဲ့တဲ့ ကိုယ့်အပေါ်မှာ ကိုကို ဘယ်လို စိတ်ထားမျိုးနဲ့ ပေါင်းသင်းမှာလဲ …၊

တစ်ခုမှ ကောင်းလာဖွယ်မရှိသည့် ကိုကိုနဲ့ ရှေ့ဆက်ဖို့အရေးကို တွေးရင်း နာကျင်နေသည့် ကိုယ်ကို ထိန်း၍ အခန်းပြင် ထွက်ခဲ့မိသည်။

ဦးဒေ၀တာကြီး နဲ့ ပတ်သက်လာတိုင်း ကိုကို အမြဲ ဆူသည် …၊ ဒီလူကြီးကာနဲ့ ပွတ်မိပြီး ပစ်စလက်ခတ် လဲနေကာမှ ကိုကိုနဲ့ ပက်ပင်းတိုး၏။

ခုလည်း ကိုကို ကြိမ်းဝါးသွားပြန်ပြီ …၊





သာသာ စိတ်လက်မကြည်သာစွာဖြင့် အခန်းပြင်ကို ခပ်နဲ့နဲ့ ထွက်ခဲ့၍ …

"ဟုတ်လို့လား အစ်ကိုရယ် .. ညက တစ်ညလုံး သူပဲ စိတ်ပူပြီး ဘုတ်တုတ်ထိုင်စောင့်နေတာ .."

"ဟုတ်တယ် .. ငါ ပြန်ဝင်လာတော့ သူတို့စကားပြောသံကြားလို့ သမီးကို ဝင်ကြည့်မလို့ဟာ မကြည့်ဘဲ ပြန်လှည့်ထွက်ခဲ့တာ .."

ဖေဖေ သူမကို စိတ်ပူပြီး အလုပ်ကိစ္စပြီးတာနှင့် ချက်ချင်း ပြန်လှည့်လာခဲ့တာမှန်း သိလိုက်သည်။ ဒါဆို ကိုကိုနဲ့ သူမ စကားတွေ များနေကြတာကို ဖေဖေ ကြားသွားတာပေါ့ …။

"ငါ ပြောသားပဲ ချို.. သမီး စက်ဘီးလဲလာတာ မရိုးသားဘူးလို့.."

"ဟုတ်ပါတယ် .. ချို လည်း တွက်မိတယ် .. စက်ဘီးစီးလာတာ ကြာပြီဥစ္စာ .. တစ်ခါမှလည်း ဒီလို မဖြစ်ဖူးဘူး .. စက်ဘီးလဲတာလေးနဲ့ လောက်ဒဏ်ရာတွေ ရလာမှာ မဟုတ်ဘူး .."

"အေး .. ဘာကြောင့်ဆိုတာကို ဆောင်းဦးနိုက် သိနေတယ်ကွ.. ငါ သေချာကြီးတော့ မကြားဘူး …၊ ဒါပေမယ့် အဲဒါကို ဆူနေတာ သေအချာပဲ .. သမီး ဒီလိုဖြစ်လာတာ ငါ့အထင်တော့ ဟိုဘက်ခြံနဲ့ များ တစ်ခုခု ပတ်သက်မလားပဲ .."

"ပတ်သက်ခဲ့ဖူးပေမယ့် ဟိုဘက်မှာ အပြင်ကို ပေါက်ပေါက်ရောက်ရောက် ထွက်တတ်တဲ့ ကလေးမှ မရှိတာ အစ်ကိုရယ် .. ချို တော့ တကယ်ကို စိတ်ညစ်တာပဲ .."

"ဘာကို ညစ်နေတာလဲ .."

"အစ်ကို့သမီး ခုချိန်ထိ အနေအထိုင် မဆင်ခြင်တာကိုပေါ့ .. ဆောင်းဦးနိုက် က အိုင်တီသင်တန်းကျောင်းက ကျောင်းအုပ်ကြီးဆိုပြီး သတင်းမွှေးနေတဲ့အချိန်မှာ ချို တို့ သမီးက ကလေးမကျပ်ကြီး နဲ့ ဆိုးလို့ ကောင်းနေတုန်း .."



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ ဘာဖြစ်လဲကွာ .. ငါတို့ကလည်း အကြောင်းသိ ခတ်
တွေမို့လို့ ကိုယ့်သမီး အပျိုအရွယ်လေးနဲ့ သဘောတူ စေ့စပ်ပေးခဲ့
ပေါ့ .."

"ပြောလိုက်ရင် အစ်ကိုက ဒါပဲ .. ဆောင်းဦးခိုက် မှာ အစ်ကို့သ
လို အရည်အချင်းမျိုး .. အဲ့ဒါတွေထက် အများကြီးသာတဲ့ မိန်းမ
လေးတွေ ဝိုင်းဝိုင်းကို လည်လို့ .."

"မင်း ဒါတွေပဲ ထိုင်ပူနေတာကိုး .."

"မပူလို့ ရမလား အစ်ကိုရဲ့ .. အမေရိက က ပြန်လာတုန်း
တောင်မှ သမီးကို ဒီပုံစံမျိုးနဲ့ မဖြစ်ပါဘူးဆိုပြီး လက်မထပ်နိုင်ဘူး
ငြင်းခဲ့သေးတာ .. အခု စေ့စပ်လိုက်ရတာက မျက်နှာပူစရာ အခြေအ
တွေ ဖြစ်ကုန်လို့လေ .."

"ပူစရာ မလိုဘူးလို့ ငါတို့ ပြောခဲ့တာပဲ .. သူ့သဘောနဲ့သူ စေ့
နိုင်းခဲ့တာ .."

နားထောင်နေရင်း သာသာ့ မျက်ဝန်းမှာ မျက်ရည်တွေ စို့လာ
သည်။ ဒဏ်ရာတွေနှင့် မသက်ဆိုင်သော နာကျင်မှုတစ်ရပ်က ရင်ဘ
ထဲကနေ မီးစတစ်စလို ပြင်းထန်စွာ ပူလောင်စေခဲ့လျက် ...။

ဒီလိုတွေ ရှိခဲ့ကြတာလား ...။





အခန်း (၂၇)

"ဘာဖြစ်လို့လဲ .. နေမကောင်းသေးဘူးလား .."

"အင်း .."

ခုးပေါ်မှာ လက်ခုံနဲ့ လာကပ်တော့ မျက်လုံးတွေပါ မှိတ်ထား
သည်။ ဆောင်းဦးခိုက် က စားပွဲပေါ်မှာ တင်ပါးလွှဲထိုင်လိုက်ပြီး
ကိုင်ထားသည့် ဝတ္ထုစာအုပ်ကို ဆွဲယူလိုက်သည်။

"တဖတ်နေတုန်းက အကောင်း .. သင်တန်းကို သွားကြမယ်ဆို
အဖျားပြန်တက်သွားတာလား .."

"စိတ်မကြည်လို့ပါ .."

"စိတ်မကြည်လည်း ဟိုမှာ စိတ်ဝင်စားတာ တစ်ခုခု လိုက်လုပ်
နေခဲ့နဲ့ ...၊ အလုပ်လုပ်ရင်းနဲ့ နောက်ဆံမတင်းချင်လို့ .."

သာ မျက်လုံးတွေ ဖွင့်လိုက်တော့ သူမ ရှေ့မှာ ဆောင်းဦးခိုက်
ကိုလက်ရှည်အဖြူကို လက်ဖျားတွေ နှစ်ထပ်လောက် ခေါက်
၏ ။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဘီရှည်နက်ပြာရောင်က အနက်ရောင်နဲ့မခြားအောင်
တောက် နက်မှောင်နေ၏။ ပြီးတော့ သေးမှာ ကိုင်နေကျ လက်ဆွဲ
အနက်ရောင်လေးကို ချထားလျက် ...

"ဘာကြည့်နေတာလဲ.. အဲဒီ ဂါဝန်ဖားဖားကြီး သွားလဲ ..၊ အ
ထပ်အကျီနဲ့ တစ်စုံ အပိုထည့်ယူခဲ့ .. နောက်ဆို ဟိုမှာပဲ မင်းအ
အဝတ်ဗီရိုတစ်လုံးထားမှ ဖြစ်မယ် .."

"ဘယ်သူက လိုက်မယ် ပြောလို့လဲ .."

"မလိုက်လို့ မရဘူး .. မင်းကို ဘာမှလည်း မခိုင်းဘူး စိတ်
နားနေခန်းထဲမှာ စိတ်ချမ်းသာသလို နေ .. ကိုယ့်အနားမှာ ရှိ
ပြီးရော .."

သာသာ က သူ့မျက်ဝန်းတွေကို စူးစူးစိန်းစိန်း စိုက်ကြည့်နေ
ဆောင်းဦးခိုက် မျက်မှောင်ကုတ်သွား၏။

"အိမ်မှာ အန်တီတစ်ယောက်တည်း ရှိမှာ .. မင်း အဖျား
ဘာတွေ ပြန်တက်နေရင် ဒါမှမဟုတ် တစ်ခုခု လုပ်ချင် စားချင်
ကောက်ခနဲ ထွက်သွားတတ်တဲ့ မင်းရဲ့အကျင့်နဲ့ အိမ်မှာ ကျန်နေ
ဖြစ်ကို မဖြစ်ဘူး ..၊ ကဲ .. ထကွာ .."

သူ နာရီ ငုံ့ကြည့်ပြီး မျက်နှာမဲ့သွားကာ ...

"ဒီနေ့ သိပ်နောက်ကျလို့ မဖြစ်ဘူး .."

"ကိုကို ဘာဖြစ်လို့ ဒီလောက်တောင် ခေါင်းရှုပ်ခံပြီး ဝတ္တရား
ချင်နေတာလဲ သာသာ မသိဘူး .. ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ်
တကာရဲ့ချဉ်ဖတ် ဖြစ်နေပြီမှန်းတော့ သိနေပါပြီ .."

"ဘယ်လို!..."

"မေမေတို့ကို မျက်နှာပူပြီး သာသာ့ ကို စေ့စပ်ခဲ့ရတယ်ဆို
လည်း ဒီလောက်ဆို ရပါပြီ .. အစတည်းက စေ့စပ်တယ်ဆိုတာ အ
မရွေး ဖျက်လို့ရတဲ့ကိစ္စပဲလို့ ကိုကို့ကို သာသာ ပြောခဲ့တာပဲ .."





"ဘာတွေ လျှောက်ပြောနေတာလဲ သာသာ .."

"လျှောက်ပြောနေတာ မဟုတ်ဘူး .."

သာသာ ခုံမှာ ထိုင်ရာကနေ မတ်တတ်ရပ်လိုက်သည်။

"သာသာ အနေအထိုင်မတတ်လို့ .. ဒီအရွယ်ထိ ကလေးဆန်နေ
ဘယ်ယောကျ်ားကမှ လက်ထပ်ချင်မှာ မဟုတ်ဘူးဆိုတာတွေကို
တဖွဖွ ပြောနေတာ .."

းပွဲပေါ်မှာ တင်ပါးလွှဲ ထိုင်နေရာကနေ သာသာ့ ရှေ့မှာ မျက်နှာ
င် ရပ်လိုက်ပေမယ့် သူ ဘာမှ မပြောဖြစ်ခဲ့ ..။

"အဲဒါတွေကို သာသာ့ စိတ်ထဲမှာ ဘာမှ မထားခဲ့ဘူး .. ကိုကို
ာ .. ပြောနေကျတွေမို့လို့ ရှက်ရကောင်းမှန်းလည်း မသိခဲ့ဘူး..၊
ယ့် .. ဒါပေမယ့် .. ကိုကိုက .."

"ဘာဖြစ်လဲ ပြောစမ်းပါ ..၊ အခု မင်း ဘာတွေ ဖြစ်နေတာလဲ..
အကုန်လုံး ပြောလိုက် .."

သာသာ သည် အစိမ်းရောင်ဂါဝန်လေးကို ဆန့်ချထားသည့်
ဖက်စလုံးမှာ ဖိဆုပ်ကိုင်ထားသဖြင့် ဂါဝန်ကို 'မ' ထားသလို
ကာ ...

"ကိုကိုကိုယ်တိုင် အဲဒီလို သဘောထားခဲ့တာ သာသာ မသိခဲ့ဘူး..
ည်းက ပြောခဲ့ပါလား ကိုကို ..၊ နင့်ကို ငါလိုလူဆိုရင်လည်း
ဟုတ်ဘူးလို့ .."

ောင်းဦးခိုက် မျက်မှောင်ကုတ်သွားသည်။ သူမ ဘာတွေဖြစ်နေ
ချိန်ထိ သူ နားမလည်နိုင် ..။

သာသာ သည် အစိမ်းရောင်လေး ဝတ်ထားသည့်အတိုင်း မျက်
းတွေမှာ စိမ်းကားသော အကြည့်စူးစူးတို့ဖြင့် မျက်ရည်တွေ
ပြည့်အိုင်လျက် ...

"ကိုကိုက မျက်နှာပူစရာတွေကြောင့် အားနာလို့ စေ့စပ်ခဲ့တာ..၊



www.burmeseclassic.com

www.burmeseclassic.com



သာသာ့ ဘက်က အဲဒါကို သိနေကာမှ ကိုကို အားနာပါးနာ စေ့စ
ခဲ့တာကို ကျေးဇူးတင် ဝမ်းမြောက်နေရမှာလား ..”

“မျက်နှာပူတာတွေ .. အားနာတာတွေက ဘယ်က ပါလာ
လဲ ..၊ မင်း ဘာ့တွေ လာပြောနေတာလဲ သာသာ .. မင်းအပေါ်မှာ
ဆက်ဆံခဲ့သမျှ အားနာလို့ လိုက်လျောခဲ့တာ တစ်ခုမှ မရှိဘူး .. ကြ
တာ .. ဂရုစိုက်တာတွေကို ဟန်ဆောင်လို့ ရသလား ..”

“အဲ့ဒါ ကိုကို့ပဲ သိမှာပေါ့ .. ကိုကို နိုင်ငံခြားက ပြန်ရောက်
က သာသာ့ ကို လက်မထပ်နိုင်ပါဘူးလို့ ငြင်းခဲ့တယ် ..”

“အဲ့ဒါ ဘာဖြစ်သလဲ ..”

ပြောင်ပြောင်ကြည့်ပြီး ဝန်ခံလိုက်တော့ သာသာ ပါးပြင်ထ
မျက်ရည်စက်တို့ စွန်းထင်းသွား၏။

“သာသာ အနေအထိုင်မတတ်လို့ စေ့စပ်ကြဖို့အထိ ဖြစ်သွ
တော့ ကိုကို ငြင်းပါလား ..၊ မေမေတို့ကလည်း ဒါ မဖြစ်မနေ
ဖြစ်တော့မယ့်အခြေအနေမျိုး မဟုတ်ပါဘူး .. ထားလိုက်ပါလို့
ကို ပြောခဲ့တာပဲ ..”

“ဒါပေမယ့် မင်းကို ငါ စေ့စပ်ခဲ့တယ် .. အဲဒါရော ဘာဖြစ်သ
ဆက်ပြော ..”

“အဲ့ဒါ သာသာ့ ကို ကိုကို အရှုံးခံသလိုပဲ ..၊ ဒီလော
အထင်မကြီးနိုင်တဲ့ မိန်းမကို ကိုကို ဘာဖြစ်လို့ စေ့စပ်ခဲ့တာလဲ
“စေ့စပ်တာ့ မဟုတ်ဘူး .. လက်ထပ်ဖို့ထိ ဆုံးဖြတ်ထားတာ
“အသုံးမကျတာတွေ တစ်နေ့ အခါရှစ်ဆယ်လောက် ပြော
တော့လား ..၊ ကိုကိုက အဲ့ဒီလိုမျိုး နိုင်နေချင်တာလား .. ဒါမှမဟု
အလကာ့ ကို ထိန်းပေးဖို့အတွက်လား ..”

“မင်းပြောတဲ့ လိုအပ်ချက်တွေကို ငါ ပိုက်ဆံပေးနိုင်ရင် အ
ဖြည့်ဆည်းယူလို့ ရတယ် သာသာ .. သားကို ထိန်းဖို့အတွက်





တဲ့နည်းထက် ပိုကောင်းတဲ့နည်းတွေ သုံးပြီး ပျော်အောင် ထားနိုင်
း မမျိုးတွေလည်း ငါ့အတွက် မရှားဘူး ..”

သူ သာသာ့ ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ပစ်လိုက်ကာ ...

“စော်ကားချင်ရင် မင်း စော်ကားမယ့်လူကို အရင်ကြည့်လိုက်..
သူက မင်း စော်ကားတိုင်း ခံမယ့်လူလားဆိုတာ ..”

“ကိုကိုက အရင် စော်ကားတာ .. ကိုယ့်ကိုယ်ကိုယ် တာဝန်ကျေ
ဆိုတဲ့ ခေါင်းစဉ်တပ်ဖို့အတွက် တစ်ဖက်လူ ဘယ်လိုဖြစ်ဖြစ်..”

“အဲဒီလို ခေါင်းစဉ်တပ်ဖို့အတွက်နဲ့ ငါက စိတ်ပျက်စရာကောင်း
မိန်းမတစ်ယောက်ကို လက်ထပ်ဖို့အထိ ဆုံးဖြတ်ခဲ့တယ်ပေါ့ ..
လား ..၊ ဖြေစမ်းပါ .. ငါ့မျက်နှာကို ကြည့် ဖြေ ..”

“မသိဘူး .. ကိုကို့ ရင်ထဲမှာ ဘာတွေရှိနေနေ သာသာ မသိချင်
အခု သေချာပေါက် ပြောနိုင်တာက ကိုကို့ကို သာသာ လက်မထပ်
.. စေ့စပ်ထားတာကိုလည်း သာသာ့ သဘောနဲ့ ဖျက်မယ် ..”

“လုပ်ကြည့်လိုက်လေ .. မင်း ငါနဲ့ တစ်ခါတည်း ညားသွားချင်လို့
တယ်ဆိုတဲ့ခေါင်းစဉ်တစ်ခု ထပ်တိုးသွားမှာပေါ့ .. လုပ်ကြည့်
..”

“ဘာ!...”

သူ လှည့်ထွက်လာခဲ့လျှင် သာသာ နောက်ကနေ မေးခွန်းတွေ
လာတာ မပြီးနိုင် ..။

ပြီးတော့ သူ ကားထွက်လာပြီး သိပ်မကြာလိုက်ခင် ..၊

“ဟလို .. အန်တီလား ..”

အိမ်က ဖုန်းမို့ အန်တီလို့ပဲ ထင်လိုက်၏။

သို့သော် ...

“မဟုတ်ဘူး အစ်ကိုလေး .. ကျွန်မပါ ..”

“စုစု လား .. ဘာဖြစ်လို့လဲ ..”



www.burmeseclassic.com

www.burmeseclassic.com



"အန်တီက ဘုရားပန်းလဲပြီး အိပ်ရာထဲ ပြန်ဝင်သွားတာ မလာဘူး .. အိပ်ပျော်နေလား မသိဘူး ..၊ အခု မမသာ ကားမော ထွက်သွားလို့ .."

"ဘာ!..."

"အန်တီက မမသာ ကို ကြည့်နေဆိုလို့ပါ ..၊ ကျွန်မတို့ ကြည့်ပဲ ကြည့်နေရဲတာ .. မပြောရဲဘူး .."

"ဘာကားနဲ့လဲ .. ဘယ်ဘက် ထွက်သွားတာလဲ .."

"ကားအနက်လေးနဲ့ အစ်ကိုလေး .. ဘယ်ဘက်ကို ကွေ တယ် ..၊ ဟိုလေ .. ဖုန်းပြောနေတာ ကြားတာတော့ သူ့သူငယ် တွေနဲ့ ချိန်းတာလား မသိဘူး .."

"အေး .. အန်တီ နိုးလာရင် ဘာမှ သွားမပြောနဲ့ဦး ..၊ ငါ့ဘ ဖုန်းဆက်လိုက်မယ် .."

သူ ကားကို ပြန်ကွေ့လိုက်ရင်း မျက်ရည်တွေဝေ့နေသည့် သ မျက်နှာလေးကို မြင်ယောင်နေမိသည်။

ဒီကောင်မလေး နေသိပ်မကောင်းသေးလို့ အပြင်ကို မထွက် အန်တီ အမိန့်ထုတ်ထားသည်။

သူ သွားချင်လာချင်မှာပဲဆိုပြီး သင်တန်းကို ခေါ်လာမလို့ သူမ ဘယ်ကနေ ဘာတွေကြားလာပြီး ဒီနေ့ကျမှ ငိုကြီးချက်မ ရတာလဲ ..။

လက်ထပ်ဖို့ သူ ငြင်းခဲ့တာကို ဝန်ခံရဲသည်။ သာယာချို မိန်းကလေးကို လက်ထပ်ပြီး ရှေ့ဆက်မယ်လို့ ဘယ်တုန်းကမှ ခဲ့ဖူးသော ရင်ထဲမှာ သာယာချို ဟာ သံသာချို ရဲ့ညီမ ဖြစ်နေ အမိက ဖြစ်၏။

လူကြီးတွေကတော့ ရင်ဆိုင်တွေ့ကြတဲ့အခါ ဒီလို သိပြီးသ နေအောင် ကြိုတင် ပြောပြထားတာပဲ ဖြစ်သည်။





ဘာပဲဖြစ်နေနေ သာသာ ဟာ ဟိုအရင်တည်းက ကိုယ့်ညီမလေး ချစ်ခင် အလိုလိုက်ရင်း စောင့်ရှောက်လာခဲ့ရတဲ့ ကောင်မလေး..။ သူ ခံစားလို့ ရခဲ့တာဟာ ဒီ့ထက် ဘယ်လိုမှ မပိုနိုင်ခဲ့ပေ။ ဒါပေ ...

အရာအားလုံးဟာ အချိန်ရာသီရဲ့ ကုစား ပြောင်းလဲမှုအောက်မှာ အရာမှ ရပ်တန့်မနေခဲ့ပေ ..။

သာသာ က ဟိုတုန်းက ချာတိတ်မလေးအသွင်နဲ့ လုံးဝ မတူတော့ ဘယ်လိုမှ ပြောင်းလဲဖို့ မလွယ်ဟု ကိုယ့်ကိုယ်ကိုယ် ထင်ခဲ့သည့် င်ထဲမှာလည်း ..၊

ဟိုမှာ ကား ..၊

အိမ်က ကားကို ရေခဲမုန့်ဆိုင်တစ်ဆိုင်ရှေ့မှာ တွေ့လိုက်သဖြင့် ူးတို့ကို ဖြတ်ကာ မလှမ်းမကမ်းမှာ ကားကို ရပ်လိုက်၏။ သူ ဲဝင်လာတာကို သာသာ က မြင်သည်။

ုန်းကိုင်ထားတာကို ချလိုက်ကာ မတို့မထိရသေးသည့် ရေခဲမုန့်ပွဲ ရှ့ကို ဆွဲယူသည်။ နှုန်းလေးနဲ့ ဟိုဘက်က ဖိလိုက် .. ဒီဘက်က က်နှင့် ဖန်ခွက်လေးထဲမှာ ရေခဲမုန့်လုံးလေးက ပုံပါမသွားဘဲ လိမ့် ိမ့်နေလျက် ...

"ခေါ်တော့ မလိုက်ဘဲနဲ့ ဘာလို့ တစ်ယောက်တည်း ထွက်သွား ဲ .."

"ကိုကိုနဲ့ မလိုက်ချင်လို့ပေါ့ .."

အဖြူဆွတ်ဆွတ် ဆွယ်တာပါးလေးနှင့် ဘောင်းဘီရှည်အဖြူကို ားသည့် သာသာ့ မျက်နှာလေးက မှုန်ညက်ညက်လေးနှင့် ဝင်းနစ် ည်။

ထူးခြားစွာ ကော့နက်ရှည်လျားစွာ ရှိနေကြသည့် မျက်တောင်များ ိတ်ခနဲ ငုံ့သွားလိုက် .. ပင့်တက်လာလိုက်နှင့် သူ့ကို မလိုလားစွာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေမှန်းလည်း သိသာနေကာ ...

"ဒီနေ့ လျှောက်လည်ကြမလို့ .. သူငယ်ချင်းတွေကို ဒီမှာ ချိန်းပြီးပြီ .."

"ဘယ်သူ ခွင့်ပြုလိုက်လို့လဲ..၊ မင်း နေမကောင်းသေးလို့ .. အဲ သဖြင့် ဒီနေ့ ဘယ်မှမသွားဖို့ အန်တီ မှာထားတယ်မို့လား .."

"ကိုကိုနဲ့ လိုက်တော့ရော အပြင် မဟုတ်ဘူးလား .."

"ကျွတ်!..."

သူ မျက်နှာမဲ့သွားကာ အနားရောက်လာသည့် ဝိတ်တာ လေးကို ခေါ်ခါ၍ ...

"ဘာမှ မမှာတော့ဘူး .. ဒါ ဘယ်လောက်လဲ .."

"ဒီအစ်မက အာလူးချောင်းကြော် မှာထားသေးတယ် .."

သူ ပိုက်ဆံရှင်းမလို့ လုပ်တော့ သာသာ မျက်နှာလေး ပျက် ကာ ...

"သာသာ သူငယ်ချင်းတွေနဲ့ ဒီမှာ ဆုံဖို့ ချိန်းထားပါတယ် ကိုကို ဘာလုပ်မလို့လဲ .."

"မဆုံနဲ့တော့ .. အဲဒီ အာလူးကြော်ကို ပါဆယ်လုပ်လိုက်.. နောက်ကျနေပြီ .."

"ကိုကိုနော် .."

ဖွန်းလေးနဲ့ ထိုးခွဲမရ ဖြစ်နေသည့် ရေခဲမုန့်ကိုလည်း မစား ရပေ။ ဆောင်းဦးခိုက် ပုံစံကို ကြည့်ကာ အာလူးကြော်ပါဆယ်က မြန်မြန်ဆန်ဆန် ရောက်လာရှာ၏။

"အဲဒီကား ထားခဲ့လိုက်.. ပြီးမှ ဒရိုင်ဘာ လာယူခိုင်းလိုက်မယ်"

သာသာ မောင်းလာသည့် ကားလေးကို သူ့ဘာသာ လော့ခ် ချပစ်လိုက်ပြီး သင်တန်းကို အရောက်ခေါ်ချလာခဲ့တာလည်း သူ့သ နဲ့ သူ ..။





"ဟာ!... ရေခဲမုန့်တွေ အရည်ပျော်ကုန်ပြီ .. ဒီရောက်မှ ဘာဖြစ် လို့ ဒီလောက်တောင် အိပ်လို့ ကောင်းနေတာလဲ .."

အလုပ်လုပ်စရာတွေ ရှိပေမယ့် သာသာ့ အတွက် ရေခဲမုန့်ရော.. ချိစ်ကိတ်တွေရော သူ အားလုံး မှာထားပေးခဲ့သည်။ ဝင်လာတော့ သူမက ဘာမှမစားဘဲ ဒရင်းမ်ဘက်ခ်ပေါ်မှာ အိပ်နေ၏။

"သွေးလေးနေတာလား .. နေကောင်းရဲ့လား .."

"ဘာမှ မဖြစ်ပါဘူး .. အိပ်ချင်လို့ အိပ်တာ .."

သာသာ က မှုန်ကုတ်ကုတ်မျက်နှာလေးနှင့် လှဲနေရာကနေ ထတ်တုတ်လေး ထိုင်၏။ ဆောင်းဦးခိုက် က သူမ မေးရိုးအောက်နားမှ ည်ပင်းလေးကို လက်ခုံနဲ့ ကပ်ကြည့်လိုက်ပြီး ...

"ကိုယ်ပူတာမှ မဟုတ်တာ .. ရေချိုးလိုက်ပါလား .."

"ဘာမှမှ မပါတာ .. အပြင်မှာ အင်္ကျီတစ်စုံလောက် သွားဝယ် ယ်လေ .."

ဆောင်းဦးခိုက် က ပြုံးလိုက်ပြီး ရှိုးကေ့စ် အထပ်ကြီးပေါ်မှ ဗိုင် စ်ထပ်ကို ဆွဲချ ယူလိုက်ရင်း ...

"မင်းအတွက် အင်္ကျီဘောင်းဘီ ဝယ်တာ ဘာမှ မခက်ဘူး ..၊ ချိုးမှာဖြင့် ချိုး .. ကျောင်းစောင့်အိမ်က ကောင်မလေးတစ်ယောက်ကို ယ်ခိုင်းလိုက်မယ် .."

ဗိုင်ကို စားပွဲပေါ်မှာ ချလိုက်ပြီး မတ်တတ်ရပ်နေရင်းကနေ လှမ်း ကြည့်နေ၏။ သာသာ နေရာမှ ထရပ်လိုက်ကာ ...

"ကိုကိုက သာသာ့ ကို ဘာဖြစ်လို့ အပြင်မထွက်စေချင် ဖြစ်နေ တာလဲ .."

"မင်းကရော ဘာဖြစ်လို့ ဒီလောက်တောင် အပြင်သွားဖို့ စိုင်းပြင်း နေရတာလဲ ..၊ မသိရင် ယောက်ျားနဲ့ ခိုးရာလိုက်ဖို့ ချိန်ထားတာ ကျနေ တာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



သာသာ ဘယ်လိုမှ စိတ်ထိန်းလို့ မရတော့ဘဲ ဆောင်းဦးခိုက်ကို မျက်စောင်းထိုးပစ်မိကာ တစ်ဖက်လှည့်နေလိုက်ရင်း ...

"အဲဒီလိုသာ ချိန်းစရာရှိလို့ကတော့ သာသာ တို့က လိုက်ပြီးသားပဲ .."

ဆောင်းဦးခိုက် အသံထွက်အောင် ရယ်သည်။ ပြီးတော့ ဖိုင်ကို ပိတ်ပစ်လိုက်ပြီး သူမဘက် လှည့်၍ ...

"ယုံပါတယ် မင်းကို ...၊ စိတ်မထင်ရင် မထင်သလို လုပ်ပစ်မှာပဲဆိုတာ .."

သာသာ သူ့မျက်နှာကို ခပ်စောင်းစောင်း လှည့်ကြည့်ပြီး မဲ့သည်။ ဆောင်းဦးခိုက် လျှောက်လာတာ မြင်မှ ဆတ်ခနဲ မျက်နှာလွှဲ၍ ...

"ဟုတ်တယ် .. သာသာ့ မှာလည်း မာနရှိတယ် ...၊ အခု အပြင်ထွက်လာတာလည်း ကိုကိုနဲ့ စေ့စပ်ထားတာကို နှစ်ဦးသဘောတူ ပြန်ဖျက်တဲ့အကြောင်း သတင်းစာထဲ ပြန်ထည့်ဖို့ .."

"ဘာ!..."

"သာသာ့ ဘက်က ဖျက်တယ်ဆိုရင် သို့လော သို့လောတွေနဲ့ ကိုကို သိက္ခာကျမှာ စိုးလို့ပါ .."

"အဲဒီတော့ နှစ်ဦးသဘောတူလို့ ထည့်မယ်ပေါ့ .."

"ဟုတ်တယ် .."

"ကိုယ့်ဘက်က သဘောတူမှာပဲလို့ မင်းက တွက်ထားတာလား.."

"မသိဘူး .. ကိုကို့ဘက်က ဘယ်လိုအကြောင်းကြောင့် မဖျက်ဘဲနေနေ သာသာ ကတော့ ဖျက်မှာပဲ .."

"ကိုယ်က မဖျက်နိုင်ဘူး .."

"ဟင်!..."

ကိုယ့်နား လျှောက်လာတာ သိပေမယ့် ဒီလိုမျိုး ရှိလာမယ်လို့ မထင်ခဲ့ပေ ..။





နောက်ကနေ သာသာ့ လက်ခုံလေးတွေကိုပါ ထပ်ချပ်ကိုင်ပြီး သက်ပိုက်သလို သူ ပွေ့ပိုက်ထားလိုက်တာ တစ်ကိုယ်လုံးက သူ့ရင်ခွင်ထဲမှာ ...၊

"ကိုကို နော် .."

ဖွေးနု ရှိန်းစိုနေသည့် ကုပ်သားဝင်းဝင်းလေးကို ငုံ့နမ်းလိုက်လျှင် သာသာ ပခုံးလေး ကျုံ့သွားကာ အတင်းရုန်းတော့သည်။

"ကိုကို နော် .. ဟင့်အင်း .. လွှတ် .."

တစ်သက်လုံးမှာ မခံစားခဲ့ဖူးသည့် ရင်ခုန်ခြင်းသည် လူကို ကိုင်မြှောက် ဆွဲခါနေသလို တလှပ်လှပ် ထုံခဲလျက် ...၊ မတ်တတ်ကနေ အသိမဲ့သွားသကဲ့သို့ ...၊

"ကိုကို့ကို အရမ်းမုန်းတယ် .. သိလား .."

အနမ်းတို့သည် သောင်းသောင်းဖြဖြ ရွာချလိုက်သည့် မိုးစက်တွေနှင့် တူ၏။

ဒါပေမယ့် နွေးသော မိုးစက်များနှင့် ပတ်သက်၍ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"တီတီသာ .."

တိုးလျသည့် ခေါ်သံလေးကြောင့် မှိတ်ထားသည့် မျက်လုံးတွေကို ဖွင့်ကြည့်လိုက်မိ၏။ ဘေးနားမှာ ဘယ်သူမှလည်း မရှိ ...။

"မေမေ .. မေမေ့ .."

"ဟင်!... ဟဲ့ .. ဘာဖြစ်လာတာလဲ .."

သာသာ စိတ်ထဲမှာ ဘာဖြစ်သွားမှန်း မသိဘဲ လဲ့နေရာကနေ ဖျတ်ခနဲ ထကာ မေမေ့ကို ခေါ်ရင်း ပြေးထွက်သွားမိ၏။ မေမေက လည်း ဒီဘက်ကို လှမ်းနေတာနှင့် မျက်နှာချင်းဆိုင်မိကာ ...

"မေမေ .. အလကာ နေကောင်းရဲ့လား မသိဘူး .. သာသာ့ ကို လာခေါ်တယ် .."

"မဟုတ်တာ သာသာ ရယ် .."

"ဟုတ်တယ် .. ခုလေးတင် သာသာ တကယ် ကြားလိုက်တာ.."

ပြောနေရင်း မျက်ရည်တွေ လည်လာကာ ...





"သာသာ သိတယ် မေမေ .. ကလေး တစ်ခုခု ဖြစ်နေပြီ .. သူ သာသာ့ ကို လှမ်းနေတာ .."

"ဟုတ်ပ .. မှန်လိုက်တာမှ သွေးထွက်အောင်ပါပဲရှင် .."

မထင်မှတ်သော မေမေ့စကားကြောင့် သာသာ ကြောင်အမ်းအမ်း ဖြစ်သွား၏။ ထိုစဉ် ဦးအေးချို နှင့် ဆောင်းဦးခိုက် တို့ လှေကားဘက် ဆီမှနေ ခပ်သုတ်သုတ် လျှောက်လာနေလျက် ...

"ဟော .. ဒီမှာ အစ်ကိုရေ .. အစ်ကို့သမီး အိပ်မက်တွေမက်ပြီး အခန်းထဲက ပြေးထွက်လာတယ်လေ .."

"ဟုတ်လား .. ဘာတွေ အိပ်မက်နေတာလဲ .."

"သူ့တူက သူ့ကို လာခေါ်နေလို့တဲ့ .."

"ဟော .. ဟား .. ဟား .. ဟား ..."

ဦးအေးချို က ဆောင်းဦးခိုက် ကို လှည့်ကြည့်ပြီး ရယ်သည်။

"တွေ့လား .. သူတို့က သားအမိကျနေတာပဲ ..၊ စိတ်ချင်း ဆက် သွယ်နေကြတာ .."

"အို .. အစ်ကိုကလည်း သားအမိ တော်တိုင်းလည်း ဒီလိုဖြစ်နေ ကြတာ မဟုတ်ပါဘူး ..၊ သူတို့နှစ်ယောက်က သံယောဇဉ်ကို ကြီးလွန်း တာပါ .."

"ဟုတ်ပါရဲ့ကွာ .. အရွယ်မတူလို့ပေါ့ .. မဟုတ်ရင် အချင်းတိုင် အစ်ခုတည်း မွေးလာကြတဲ့ အမြွှာမောင်နှမလို့ ထင်စရာပဲ .."

ဆောင်းဦးခိုက် က ရယ်နေကာ ကမန်းကတန်း ဝတ်ထွက်လာပုံ ရသည့် မိတ်ကပ်ရောင် ရှပ်အင်္ကျီလက်ရှည်၏ လက်ဖျားစတို့ကို ခေါက် တင်နေရင်း ...

"ဘာတွေ နားမလည်နိုင် ဖြစ်နေတာလဲ ..၊ အင်္ကျီသွားလဲ.. ဆေးဆိုင်ကို သွားရမယ် .."

"ဟင်!... ဘာလုပ်ဖို့လဲ .."

www.burmeseclassic.com



"မင်းရဲ့ ဖွားဖက်တော်လေး ပြန်လာနေပြီ .."

"ဟယ်!... တကယ် .."

"တွေ့လား .. ရုပ်ကြီး ဖြစ်သွားတာ .."

သာသာ တကယ်ပျော်သွားတာဖြစ်ကာ အကျီပြေးလဲပြီး ပြန်ဆင်းလာပုံက လျှပ်စီးလက်သွားသလိုပင် ..။

"မေမေ မလိုက်ဘူးလား .."

"မလိုက်ပါဘူးရှင် .. ရှင့်တူတော်လေးက ဖုန်းဆက်ကတည်းက တီတီသာ ဆိုတာချည်းပဲ .. ဟိုမှာ ဘယ်လိုမှကို ချော့လို့မရလို့ ပြန်ပို့ရတာတဲ့ ..၊ ဘိုးအေခမျာလည်း သနားပါတယ် .. ဟိုခရီးနဲ့ ဒီခရီးကို ခုသွား ခုပြန်နဲ့ .."

ဒေါ်ချိုမြလွင် တဖျစ်တောက်တောက်ပြောရင်း ကားနားထိ ပါလာ၏။

ဒီနေ့က ဦးအေးချို က တမင်တကာ ဘယ်မှမသွားတာဖြစ်ကာ ဆောင်းဦးနိုက် ကလည်း နေ့လယ်ပိုင်းကျမှ သွားမည်ဆိုပြီး အိမ်မှာ လူစုံနေကြတာ ဖြစ်သည်။

တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ကျမှ အလင်္ကာ က ပြန်ရောက်လာ၏။

"မေမေတို့ကို သာသာ ပြောသားပဲ .. အလင်္ကာ နေမှာမဟုတ်ပါဘူးလို့ ..၊ သက်သက် သူများအလုပ်ရှုပ်အောင် ထည့်လွှတ်လိုက်တာကိုး .."

ကားထဲမှာ ဝင်ထိုင်ပြီးကာမှ လှည့်ပြောတော့ ဒေါ်ချိုမြလွင် က တရားကျသွားသလို ခေါင်းတညိတ်ညိတ်နှင့် ...

"အေးပါ .. ညည်းမှ အပြောကောင်းပါတယ်နော် .. ဟိုမှာလည်း ဘိုးအေပဲလေ ..၊ ခုလည်း ကြည့်ပါဦး .. တီတီသာ လာခေါ်လှည့်ပါဆိုပြီး လေဆိပ်ရောက်ကာမှ ထိုင်စောင့်နေတယ် ..၊ လူကြီးက ခရီးပန်းလာတဲ့ဟာ ခြေဆန့်လက်ဆန့် နားချင်မှာပေါ့ .."





မေမေ ပြောရင်း ကျန်နေခဲ့တာကို မှန်ထဲက လှမ်းကြည့်ပြီး သာသာ ပခုံးလေး တွန့်၍ ပြုံးမိသည်။

"ဘယ်လိုလဲ .. ခုကျတော့ စိတ်ကောက်နေတာတွေကို မေ့သွားပြီလား .."

ကားမောင်းနေရင်း ဆောင်းဦးနိုက် က ပြောမှ သူမ မနက်တည်းက ဘရေဖက်စ် မစားဘဲ နေခဲ့တာကို သတိရသွားသည်။

မိုးလင်းခါနီးမှ ပန်းသီးစားထားမိလို့ မဆာလို့ဆိုသည့် အကြောင်း ...ကန့် ဖြစ်သည်။ ဒါကို ခုကျမှ သတိရသွားသည်။

"သားကို မင်း သိပ်ချစ်တာပဲလား .."

"မမက မွေးထားတာပဲ ချစ်တာပေါ့ .."

ဆောင်းဦးနိုက် က ပြုံးလိုက်ကာ ...

"ဟုတ်ပါတယ် .. ငါကလည်း ငါ မွေးထားတယ်လို့ မပြောပါ ..၊ ဒါပေမယ့် သားကို ချစ်ပြီး ဖအေကို အမုန်းပွားနေလို့တော့ ...ူးနော် .."

"ကိုကို့ကို ဘယ်သူက မုန်းနေလို့လဲ .."

"မင်းလေ .. မနေ့ညနေတည်းက ကိုယ့်ကို လုံးဝ စကားမပြော .."

သူ အတင်း အနိုင်ကျင့်ပြီး နမ်းခဲ့တာကျတော့ သူ့မှာ အပြစ်မရှိ ...လို့ ထင်နေသလား ..၊ ချစ်သူတွေလည်း မဟုတ်ကြဘဲနဲ့ ..။

ပြီးတော့ ကိုကို့အပေါ်မှာ အဲဒီလိုပုံစံမျိုးနဲ့ သူမ တစ်ခါမှ စိတ်ကူး ...ည့်ခဲ့ဖူးတာမို့ ပြန်တွေးမိလိုက်တိုင်း တစ်ကိုယ်လုံး ကျင်ခဲသွားသလို ...မိနေတာ ခုချိန်ထိ ..။

ရှက်နေမိတာလည်း ဒါကို တစ်လောကလုံးက မြင်သွားခဲ့ကြ ...သိုမျိုး ..၊ ပတ်ဝန်းကျင်ကို ကြောက်နေမိ၏။

"ဟော့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

သူမ ဆတ်ခနဲ ဖြစ်သွားပြီးမှ ပြန်ထိန်းလိုက်တာကို ဆောင်းဦး ခိုက် က ကြည့်နေပြီးမှ ...

"ကိုယ့်ကို စိတ်ဆိုးနေတာလား .."

"ဟင့်အင်း .."

"ဒါဆို ဘာဖြစ်လို့ စကားမပြောဘဲ နေတာလဲ .."

"မပြောချင်လို့ .."

"ဘာဖြစ်လို့ မပြောချင်တာလဲ .."

"မပြောချင်လို့ပေါ့ .."

သူက ရှေ့ကို ပြန်ကြည့်ရင်း ရယ်ကာ မီးပွိုင့်နီသွားသဖြင့် ကား ရပ်လိုက်၏။

"အခု ဖေဖေ ပြန်ရောက်လာတာ ကိုယ်တို့ မင်္ဂလာကိစ္စပြီး ပြန်မယ်လို့ ပြောတယ် .."

"ဟင်!... ဘယ်လို!..."

"ကလေးကြောင့်လည်း ပါတယ် .. လူကြီးတွေက မင်းနဲ့ ကိုယ့်ကို အကြောင်းတစ်ခုခုကြောင့် လွဲသွားမှာ တော်တော် စိုးရိမ်နေကြတာ.."

"အဲ့ဒါကြောင့် ကိုကို့ဘက်က ငြင်းလို့ မကောင်းတော့တာတွေ ပြောပြဦးမလို့လား ကိုကို .."

"မင်းနဲ့ ကိုယ့်အိမ်ထောင်ရေးအတွက် ကိုယ် ဆုံးဖြတ်ခဲ့သမျှမှာ မကောင်းတတ်တာတွေ မပါဘူး သာသာ .. အဲ့ဒါကိုတော့ မင်း ယုံ ဖြစ်မယ် .."

"ယုံစရာလား ကိုကို .. ကိုကို မေမေတို့ရှေ့မှာတောင် ငြင်းခဲ့သေး တာ .."

"အဲ့ဒါကြောင့် ယုံနိုင်းနေဘာ ... ကိုယ့်ဘက်က မကောင်းတတ် တာတွေကြောင့် ပျော့ညံ့ခဲ့ရင်တောင်မှ ဒီတစ်ခါ ကိုယ့်အိမ်ထောင်ရေး





သူ့လက်ထဲမှ ဝကွက် မအပ်တော့ဘူးလို့ ဆုံးဖြတ်ခဲ့ပြီးသား ... ကြောင့် အန်တီနဲ့ မင်းအဖေရှေ့မှာပဲ ကိုယ် ငြင်းခဲ့တာကို ဝန်ခံ ... ဒီလိုကိစ္စမှာ ကိုယ် အားမနာတတ်ဘူးဆိုတာလည်း မင်း ဖြစ်မယ် .."

သာသာ က လှည့်ကြည့်တော့ မျက်လုံးချင်း ဆုံသွားသည်။

"ကိုယ် ငြင်းခဲ့တယ် .. ဒါပေမယ့် ဇေစပ်ဖို့အတွက် ကိုယ်ပဲ ဆုံးခဲ့တယ် .. အဲဒါတွေ ဘယ်လိုပြောင်းလဲကုန်မှန်း ကိုယ် ... ကိုယ် အခု သိနေတာက မင်းနဲ့ကိုယ် သာယာတဲ့အိမ်ထောင် ခုကို တည်ဆောက်ချင်တယ် ... အဲဒီအတွက် အခု ကိုယ့်ဘက် လိုလားလား ဖြစ်နေတယ် .. ဒါပဲ .."

သူ့စကားအဆုံးမှာ မီးပွိုင့်ကလည်း စိမ်းနေပြီ ဖြစ်၏။ ဒါပေမယ့် ကားက မထွက်သေးသဖြင့် နောက်ကားကလည်း ဟွန်းတီး ၏။

ဆားက ကားတွေကလည်း ထွက်ကုန်ပြီဖြစ်ကာ ဆောင်းဦးခိုက် နေ တရွေ့ရွေ့ ရှေ့တိုးလာသည့်ကားထဲမှာ ဒေါ်တင်လေးသွယ်...။

"ဟယ်!..."

မျက်လုံးချင်း ဆုံမိလျှင် သာသာ က အမှတ်တမဲ့ပေမယ့် ဒေါ်တင် သွယ် မှာ ကိုယ်လုံးပါ ကြွခနဲ ဖြစ်သွားလျက် ...

"သာသာ .."

ဆယ် ..' ဆိုသည့် အသံကိုရော ... ကိုယ့်နာမည် ခေါ်လိုက်တာ အသံကို မကြားရပေမယ့် သူမရဲ့ပါးစပ် လှုပ်သွားတာကို မြင် သာနဲ့ သိသည်။

အရမ်းကို မျှော်လင့်တောင့်တနေသူကို မြင်လိုက်သဖြင့် ဝမ်းသာ ဖြစ်သွားတာမျိုးမို့ ဒေါ်တင်လေးသွယ် ကို သာသာ တအံ့တဩ နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်လုံးပြောင်းသွားတာကို သတိထားမိကာ ဆောင်းဦး... က ဘေးကို မျက်ခနဲ လှည့်ကြည့်လိုက်၏။

ဒေါ်တင်လေးသွယ် သည် ထိုအခါကျမှ ဆောင်းဦးနိုက် ... ယောက်လုံးကို သတိပြုမိသွားပုံရှိလျက် မျက်နှာ ချက်ချင်း လွှဲသွား...

ထို့ပြင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသမျှ အမူအရာတွေအား... ရုတ်ခြည်း ပျောက်ဆုံးသွားကာ ကားနဲ့အတူ သူမပါ ပါသွားခဲ့၏...

"အဲဒီခြံက လူတွေနဲ့ မင်းနဲ့ အခေါ်အပြောတွေ ဖြစ်နေကြ... လား .."

"ဟင့်အင်း .."

"မလုပ်နဲ့နော် .. အဲဒီလို လျှို့ဝှက်တဲ့လူတွေမှာ ရှုပ်ထွေးမှု... ရှိနေတတ်တယ် ..၊ ဘာကြောင့်မှ မပတ်သက်နဲ့ .."

သာသာ့ ရင်ထဲမှာတော့ ဒေါ်တင်လေးသွယ် ရဲ့ မျက်လုံးတွေ... ညှို့ယူ ဖမ်းစားသွားပြီ ဖြစ်၏။

သူမ တစ်ခုခု ပြောချင်နေတာပါ ..၊

ဘာတွေ ဖြစ်နိုင်မလဲ ..။





## အခန်း (၂၉)

"တီတီသာ .. သားကို ကြည့်စမ်း ..၊ ပိန်မသွားဘူးလား .."

"ပိန်သွားတာပေါ့ .. ဘယ်လောက်တောင် လျှောက်ဆော့နေလဲမှ ... .."

"ဘယ်ကလာ ဆော့ရမှာလဲ .. တီတီသာ့ ကို လွမ်းနေတာ .."

"ဟုတ်လို့လား .. မယုံပါဘူး .."

...တစ်လမ်းလုံး သာသာ့ ရင်ခွင်ထဲ ခေါင်းလေးမှေ့နေကာ သူတို့ ...တွေချည်းပဲ ဖြစ်နေသဖြင့် ဆောင်းဦးနိုက် နဲ့ ဦးသန့်ဇင် မကြာ ...မျက်လုံးချင်း ဆုံနေကြ၏။

...ဘာပေမယ့် ဒီတစ်ခါတော့ သား စိတ်မပါဘဲ ဘာကိုမှ ဖွင့်... ...ချင်တော့တာမို့ ကလေးနဲ့ သာသာ ရဲ့သံယောဇဉ်တွေကို သား ...နိုင် နားလည်စေချင်သည်။

...တစ်ခါတည်း လက်ထပ်ပေးသွားဖို့ စိတ်ကူးခဲ့ပေမယ့် အထ... ...တ်မှာကိုတော့ စိုးရိမ်နေဆဲဖြစ်ကာ ကိုယ်ဖြစ်စေချင်တာကို ဖြင့်... ...သေးမီ သားရဲ့မျက်လုံးထဲမှာ အဖြေရှာမိခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် သာသာ့ ကိုတော့ သားကိုယ်တိုင် ဂရုစိုက် အ
လိုက်နေတာမို့ တစ်မျိုးတော့ စိတ်ချမ်းသာမိသည်။

"ဖေဖေ .. သားတို့ မုန့်ဝင်စားရအောင် .."

"အိမ်မှာ သားဘွားဘွား မုန့်တွေပြင်ပြီး စောင့်နေတယ်ကွ .."

"ဟုတ်သားပဲကွ .. ငါ့မြေး ဗိုက်ဆာမှာပေါ့ .. လေယာဉ်ပေါ် လည်း ဘာမှ မစားဘူး .."

"လေယာဉ်ပေါ်မှာ သားကြိုက်တဲ့မုန့်တွေ ကျွေးတာပဲ .. ဘာ လို့ မစားခဲ့တာလဲ .."

"သားက တီတီသာ့ ကိုပဲ တွေ့ချင်နေတာ .. မစားချင်ပါဘူး.."

"ငါ့မြေးကတော့ဟော့ .. စကားထဲမှာ ဖေဖေလည်း မပါဘူး အဘိုးအဘွားတွေလည်း မပါဘူး .. တီတီသာ ဆိုတာချည်းပဲကွ .."

"အလကား အန်ကယ်လ် .. အဲ့ဒါ ချွဲနေတာ ..၊ သာသာ့ ကို တစ်ခုခု ခိုင်းချင်တာ ရှိနေပြီ .."

"တီတီသာ နော် .. သားက တီတီသာ လို့ရော .. မေမေလို့ရော နှစ်မျိုးစလုံးနဲ့ ချစ်ထားတာ .."

သာသာ့ မျက်နှာလေး ပန်းရင့်ရောင် ဖြစ်သွား၏။

ဆောင်းဦးခိုက် ထိုမျက်နှာလေးကို လှမ်းကြည့်တာ မလိုလား တစ်စိုးတစ်စိမှ မပါ..။

ဦးသန့်ဇင် နားလည်သွားကာ ခုမှပဲ စိတ်ချမ်းသာရာ ရ သည်။

"ဒါဆို ဘယ်ဆိုင်ဝင်မလဲ .."

"Cofe 47 မှာ စားမယ် ဖေဖေ .. သားနဲ့ တီတီသာ အဲ့ဒီ စားဖူးတယ် .."

ဆောင်းဦးခိုက် လှမ်းကြည့်လိုက်တော့ သာသာ က အပြစ်မကင်း သလို မျက်နှာလေးနှင့် ခပ်လွှဲလွှဲ လုပ်ပစ်ကာ ...





"ဒီမှာက ပါကင်လည်း ချောင်လို့ပါ .. မေမေက ပါကင်ကျပ်တဲ့ တွေ မသွားရဘူးဆိုလို့ .."

Cofe 47 ကို ပါကင်ချောင်တယ်ဆိုတော့ ဆောင်းဦးခိုက် မသိ ပြုံးမိသည်။

"ဒီမှာ အားလုံး ကောင်းပါတယ် တီတီသာ ကလည်း .. သိလား .. သားတို့ ခဏ ခဏ လာစားကြတာ .."

"ဟုတ်ပါပြီ .. ဖေဖေ ဝင်ပေးမယ် .."

ဆိုင်ထဲကို ကွေ့ဝင်လိုက်ပြီး ပါကင်မှာ နေရာယူလိုက်သည်နှင့်...

"ဆရာ .."

ပါကင်ထဲက ထွက်သည့် ကားတစ်စီးပေါ်မှာ စုံတွဲတစ်တွဲက ကား ့လိုက်ပြီး နှစ်ခြိုက်စွာ ရယ်ပြနေလျက် ...

"ဆုံပြန်ပြီနော် .. ဒီတစ်ခါ ဆရာက .."

ကားမောင်းနေသူသည် လွှတ်ခနဲ ပြောလိုက်ပြီး နောက်က ဆင်း သည့် သာသာ့ ကို လှမ်းကြည့်၏။

"ဆောရီးနော် ဆရာ .. ဆရာမတွေ မပါဘူးလားလို့ မေးမလို့ .."

သူ့ဘေးမှာ ရှိနေသည့် အမျိုးသမီးကလည်း သာသာ တို့ အားလုံး မ်းကြည့်ပြီး သူ့လူကို လက်နဲ့ လှမ်းရိုက်၏။ ဆောင်းဦးခိုက် မှမဖြစ်သလို ပြန်ပြုံးပြကာ ...

"အေးဗျာ .. အခုက သားကို သွားကြိုလာတာလေ ..၊ အလုပ်ထဲ က်သေးဘူး .."

သူတို့ဘာသာ နှုတ်ဆက်ပြီး သာသာ့ မျက်နှာလေး မဲ့မလို ရွဲ့မလို တာကို ကြည့်၍ ...

"ဂျပန်ကုမ္ပဏီက ဧည့်သည်တွေနဲ့ ချိန်းထားလို့ .. အလုပ်ကိစ္စနဲ့ တာ .. ဘာမှတ်လို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကို ဘယ်သူက မေးနေလို့လဲ .."

"ခင်ဗျား မျက်လုံးက မေးတာထက်တောင် ပြင်းသေးတယ်

"ဟုတ်လား .."

သာသာ က ခေါင်းလေးညိတ်၍ အလင်္ကာ့ လက်ကို ဆွဲ

"ဖြစ်တတ်ပါတယ် .. ဒီလိုပဲလေ .. မလုံတဲ့လူဆိုတာ .."

ပြောပြီး ကြော့ကြော့မော့မော့လေး လျှောက်ထွက်သွား ဆောင်းဦးရိုက် အသည်းယားသွား၏။

ဦးသန့်ဇင် က ပြုံးနေကာ ...

"နေပါဦး သားရဲ့ .. ခဏပဲ ဖေဖေ မင်းကို ပြောထားတဲ့ မေးချင်လို့ .."

ကားကို လော့ခ်ချလိုက်ပြီးမှ မသွားဖြစ်သေးဘဲ သားအဖ ချင်းဆိုင်မိကြသည်။

"အိမ်မှာဆို သူစိမ်းတွေနဲ့ စကားမှားလို့ မကောင်းဘူး တို့သားအဖချင်း ပွင့်ပွင့်လင်းလင်း ပြောရအောင် .."

သူတို့နှစ်ယောက် ကားနားမှာ ကျန်နေခဲ့တာကို အလင်္ကာ ဆိုင်ထဲဝင်ရင်း နောက်ပြန်လှည့်ကြည့်ကာ ...

"ဘိုးဘိုးနဲ့ ဖေဖေ ဘာဖြစ်လို့ ကျန်ခဲ့တာလဲ တီတီသာ သိလား

"မသိပါဘူး .. သူတို့ဘာသာ ဘာဖြစ်လို့ပဲ ကျန်ကျန် .."

"အဲ့ဒါ သား သိတယ် .."

ဆက်ပြောမဖို့ပေမယ့် အထဲက ထွက်လာကြသည့် စုံတွဲ ကြောင့် သာသာ့ လက်ကို လှမ်းကိုင်မလိုပြင်ပြီးမှ ဖယ်ပေးလိုက်ရ

"သိလား အဲ့ဒါ .. ဘိုးဘိုးက တီတီသာ နဲ့ ဖေဖေ့ကို တစ်ခါ လက်ထပ်ပေးပြီးမှ ပြန်မှာတဲ့ .."

"ဖြည်းဖြည်း ပြောစမ်းပါ .. လျှာခလုတ်တိုက်မှာ မဟုတ် နှင့် ခလုတ်တိုက်ဦးမယ် .."





အလင်္ကာ က သာသာ့ လက်ကို ဆွဲလိုက်ပြီး ရယ်ကာ ...

"စကားပြောနေတုန်း သူတို့က အရင် အရေးကြီးလာတာကို...၊ တီတီသာ .. သားတို့ အပေါ်ထပ်သွားမယ် .. ဒီမှာ မထိုင်နဲ့ .."

နှစ်ယောက်တည်း ဆုံးဖြတ်ပြီး အပေါ်ထပ်မှာ နေရာယူလိုက်ပြီး

"တီတီသာ .. တီတီသာ က ဖေဖေ့ကို လက်ထပ်မှာမို့လား .."

"မထပ်ပါဘူး .."

"ဘာဖြစ်လို့လဲ .. သား ရှောင်ပေးထားတာတောင်မှ ခုထိ အခြေ တာ မတိုးတက်သေးဘူးလား .."

"ဘာ!..."

"ဟုတ်တယ် .. သားက တီတီသာ နဲ့ အတူတူ အမြဲတမ်း ရှိရှိနေ ဖေဖေနဲ့ နှစ်ယောက်တည်း မပြောရမှာစိုးလို့ သားက ဘိုးဘိုးနဲ့ ချင်ဘဲနဲ့ လိုက်သွားပေးတာ .."

"အံမာ ကြည့်စမ်း .."

"တကယ် ပြောနေတာ .. သားက ဟိုမှာ ညအိပ်တိုင်း ဆုတောင်း .. တီတီသာ နဲ့ ဖေဖေ ချစ်သွားပါစေလို့ .."

အလင်္ကာ့ မျက်နှာလေးကို ကြည့်ပြီး သနားသွားမိသည်။ ဒီ ခုလောက်ထိ သူမအပေါ် သံယောဇဉ်ကြီးမယ်လို့ မထင်ခဲ့ပေ။ အဖေ ပြန်လာတာလည်း ပြန်လာတယ်ဆိုပြီး အကူးတလည် ပျော် တာမျိုး မရှိ ..၊ အဘိုးရောက်လာလို့ စားစရာတွေ လက်ဆောင် ချော့မော့ ပေါင်းကြည့်တာလည်း အဘိုးဖြစ်သူခမျာ မအောင်မြင် ...။

အလင်္ကာ သည် သူမသာရှိလျှင် လောကကြီးတစ်ခုလုံး ငြိမ်းချမ်း သို့ သူ့ဘဝ ပြည့်စုံပြီ ထင်နေရှာသည့် ကလေး ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ!... တီတီသာ .. ဟိုမှာ ဖုန်း .."

"ဟင်!..."

"ဟိုမှာ .. တီတီသာ့ နောက်မှာ .."

စားပွဲပေါ်မှာ လက်တစ်ဖက် တင်ထားတာမို့ အလက်ာ့ ... လှည့်၍ စကားပြောနေတော့ ကိုယ်တစ်ခြမ်းစောင်းထားသည့်နော... ကျောဘက် ဖြစ်နေ၏။

တင်ထားသည့်လက်ကို ဖြုတ်၍ လှည့်ကြည့်လိုက်မှ ဖုန်းက... လက်နားမှာပဲ ရှိနေတာဖြစ်ကာ ...

"ဟုတ်ပါ့ရော .. ဘယ်သူ ကျန်ခဲ့တာလဲ မသိဘူး .."

"ဆိုင်ထဲမှာ လူတွေ စုံနေတာပဲ တီတီသာ ရေ .. ဒီစားပွဲပဲ ... လွတ်နေတာ .. ဒါ ခုနထွက်သွားတဲ့နှစ်ယောက်ရဲ့ဖုန်း နေမှာ ..

"ဟုတ်တယ် .."

နောက်ကို တစ်ပတ်ဝေ့ကြည့်လိုက်ပြီးမှ သာသာ က ဖုန်း... အနားဆွဲယူလိုက်သည်။

အလက်ာ ကပါ အနားကပ်ကြည့်ကာ ...

"ဖုန်းက အကောင်းစားကြီးပဲ .."

"ဟုတ်တယ် .. ယော .."

နှစ်ယောက် ကြည့်နေကြတုန်း ဖုန်းက မက်ဆေ့ချ်ဝင်လာ...

စခရင်မ်လင်းလာသည်နှင့် ခေါင်းချင်းဆိုင်သွားကြကာ ... ပျောက်သွားတော့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်... ကြ၏။

"တီတီသာ ဖတ်လိုက်လား .. ဘာတဲ့လဲ .."

"အံမယ် .. နင်က ဒါလေးတောင် မဖတ်နိုင်ဘူးလား .."

"ဖတ်နိုင်ပါတယ် .. ဒါပေမယ့် သားက ဖုန်းနံပါတ်ကိုပဲ ... ထားလိုက်တာ .. သား ဖွင့်ဖတ်လိုက်မယ်လေ .."





"ဟဲ့ .. သွားမလုပ်နဲ့ .. သူများ မက်ဆေ့ချ်ကို ဖွင့်ဖတ်ထားမှန်း သိသွားရင် ရှက်ဖို့ကောင်းတယ် .."

သာသာ က ဖွင့်ဖတ်မယ်လုပ်နေသည့် အလက်ာ့ လက်ကို ကိုင်ထားလိုက်ပြီး ...

"မောင်ရေ .. သားမွေးနေ့နော် .. မမေ့နဲ့တဲ့ ... ခု ဘယ်မှာလဲတဲ့ .."

"ဟာ .. ဒါဆို ဟိုလူကြီးဖုန်းပဲ .."

သူတို့ စဉ်းစားမရ ဖြစ်နေတုန်း ခုနကစုံတွဲပဲ ခပ်သုတ်သုတ် ပြန်ဝင်လာကြကာ ...

"ဒီမှာ ကျန်တော့် ဖုန်း .."

"တွေ့တယ် .. ရော့ .."

"ဟာ!... ကျေးဇူးပဲနော် .."

အမျိုးသမီးက ခပ်လှမ်းလှမ်းမှာ ရပ်စောင့်နေကာ အသားဖြူဖြူ ခပ်ဖိုင့်ဖိုင့်နှင့် မျက်နှာပုံလည်း ချောသည့် ထိုလူကတော့ ဖုန်းကိုယူပြီး ဝမ်းသာအားရနှင့် ကျေးဇူးတင်စကားတွေ တစ်ထောက်ကြီး ပြောသွားသည်။

ပြီးတော့ လှည့်ထွက်သွားတာနှင့် ဖုန်းကို ဖွင့်ကြည့်ကာ ဖုန်းပြန် ဆောင်တာကအစ အလက်ာ က သေချာ လိုက်ကြည့်နေလျက် ...

"တီတီသာ ခဏလေး .."

"ဘယ်ကိုလဲ .."

မေးတာကို လက်ကာဖြေခဲ့ပြီး အလက်ာ က လှစ်ခနဲ ထွက်သွား၏။

ပြီးတော့ ခဏကြာမှ ပြန်ဝင်လာကာ ...

"တီတီသာ .. ဟိုဘဲကြီးက သူ့မိန်းမကို ဖုန်းဆက်ပြီး ဘူးသီး ခရမ်းသီးတွေ လုပ်နေတာ သိလား .."



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ အလင်္ကာ ရဲ့ နှစ်ယောက်တည်းသိထားသည့် လိမ်ညာခြင်းက ဘူးသီး .. ခရမ်းသီး ...။

"ဟုတ်လား .. ဖုန်းပြောနေတာလား .."

သာသာ စိတ်ဝင်တစား ဖြစ်သွားကာ ...

"ပြောစမ်း .. ဘာတွေ ပြောနေတာလဲ .."

"မောင် အလုပ်ရှုပ်နေတာ .. ကုမ္ပဏီမှာ ဒီနေ့ အစည်းအဝေးလည်း ရှိတယ် .. ဘာညာနဲ့ ..။ ပြီးတော့ သူ့ကိုယ်သူ ကုမ္ပဏီမှာလို့ ဘူးသီး ခရမ်းသီး လုပ်နေတာ .."

"ဟုတ်လား .. ပြန်သွားပြီလား .."

"သား ကြည့်နေတော့ ဖုန်းပြောတုန်းပဲ .. သူနဲ့ ပါလာတဲ့ အန်တီက ရှုံ့မဲ့နေတာပဲ .."

"အဲဒါမျိုး ယောကျ်ားတွေ အရမ်းမုန်းဖို့ ကောင်းတာပဲ ...၊ နေနှင့်ဦး .."

သာသာ စိတ်လိုက်မာန်ပါ ထရပ်လိုက်တာနှင့် ဦးသန့်ဇင် နဲ့ ဆောင်းဦးခိုက် တို့ ရောက်လာကြကာ ...

"ဘာမှလည်း မမှာကြဘူး .. ဘယ်ကို သွားကြဦးမလို့လဲ .."

တံ့ဆိုင်းဆိုင်း ထစ်အအ ဖြစ်သွားသည့် နှစ်ယောက်ကို သတိထားမိလိုက်ပေမယ့် ဆောင်းဦးခိုက် မေမေ့ရှေ့မှာမို့ ဘာမှမပြောဘဲ ကြည့်နေလိုက်သည်။

သို့သော် သူတို့ကိုယ်တိုင် စားစရာတွေမှာပြီး ထပ်စောင့်နေတဲ့အထိ ပြန်ရောက်မလာကြသဖြင့် ...

"ကလေးတွေနောက်ကို လိုက်သွားလိုက်ဦးမယ် မေမေ .."

ပြောပြီးတာနှင့် သူ ထထွက်လာခဲ့သည်။ ဆိုင်အပြင်ဘက်ကိုပဲ ပြန်ရောက်လာကာ ဟိုဒီ လိုက်ကြည့်လိုက်တာနှင့် ဆိုင်ထောင့်အကွယ်လေးမှာ သာသာ နဲ့ အလင်္ကာ တို့ကို သူ လှမ်းမြင်လိုက်၏။





"ဘာရမလဲ .. အိမ်ပြန်ရောက်တာနဲ့ ဒီပုဂ္ဂိုလ် တက်ပြီ .. ရှော့ခ်.."

"အဲဒါ သားကြောင့်နော် တီတီသာ ..၊ သား ဖုန်းနံပါတ် မှတ်ထားလို့ .."

"နှစ်ယောက်စလုံး တော်တာဆိုရင် နှစ်ယောက်စလုံးကို ဆုပေးမယ် .. အဲဒီဖုန်း အရင်ပေး .."

"ဟင်!..."

"မေမေ .."

ဆောင်းဦးခိုက် အနားရောက်လာမှန်း သိလိုက်သည်နှင့် ဖုန်းကပါသွားပြီးဖြစ်ကာ ...

"ဘာတွေ လုပ်ထားတာလဲ .."

"သားတို့ ဆော့နေကြတာပါ .."

သာသာ က မဖြေဘဲ ကြည့်နေသဖြင့် ဆောင်းဦးခိုက် သာသာ့ လက်နှာကို စိုက်ကြည့်ကာ ထိုနေရာမှာပဲ ဖုန်းကို ဖွင့်လိုက်သည်။

ကြည့်စမ်း ...၊

ပါကင်ရှေ့မှာ အမျိုးသမီးရဲ့ပခုံးကို ဖက်၍ တစ်ခုခု ငုံ့ပြောနေသည့် စုံတွဲတစ်တွဲ၏ နောက်ကျောပိုင်းပုံ ...၊

ပြီးတော့ အောက်မှာ Cofe 47 ဆိုတာကို တမင် ရေးထည့်ထားသေးသည်။

ဒါကို တမင်လိုက်ရိုက်ပြီး တစ်ဖက်ကဖုန်းဆီ viber နဲ့ ပို့ထားတာဖြစ်၏။

"သာသာ .."

ဒေါသသည် ကိုယ့်သားမို့ ကွက်ချန်လိုက်တာ မဟုတ်ဘဲ ကြီးတဲ့သူက ခေါင်းဆောင်လုပ်ရှားနေတာကို ဘယ်လိုမှ ခွင့်မလွှတ်ချင်တာဖြစ်၏။

"မင်း ဘာတွေ လျှောက်လုပ်နေတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"လျှောက်လုပ်တာ မဟုတ်ပါဘူး .. အဲဒီထဲကလူက မိန်းမနဲ့ ကလေးနဲ့ ရှိရဲ့သားနဲ့ ရှုပ်နေတာ .."

"ရှုပ်နေတာ မင်းနဲ့ ဘာဆိုင်လို့လဲ .."

"သူ့ဖုန်းက စားပွဲပေါ်မှာ ကျန်ခဲ့တာလေ ..၊ သူ့မိန်းမက မက်ဆေ့ချ် ပို့လိုက်တော့ အဲဒီပုဂ္ဂိုလ် ရှုပ်နေတာ ပေါ်သွားတာပေါ့ .."

"ပေါ်သွားတော့ .."

"ဒါမျိုးကို လက်ပိုက်ကြည့်နေသင့်သလား ကိုကိုရဲ့ .."

"ဟား!..."

"အိမ်မှာ မိန်းမက ဘယ်လောက်သနားဖို့ကောင်းလဲ .. ဟွန်း.."

သာသာ့ မျက်နှာလေးက တကယ့်ကို အမျိုးသမီးထုဘက်က မားမားမတ်မတ် ရပ်တည်ဖို့ ဆုံးဖြတ်ထားသလို အားမာန်အပြည့်နှင့်..

"မိန်းမက ဘယ်မှာလဲ မေးတာတောင် ကုမ္ပဏီမှာတဲ့ ..၊ ဟိုက မက်ဆေ့ချ်ပို့တာကို မက်ဆေ့ချ်ပြန်ပို့ပြီး လိမ်လိုက်ရင်တောင် တော်သေးတယ် .. ခုတော့ ဖုန်းပြန်ဆက်ပြီး ပေါ်တင်ကြီး .. ရှက်လည်း မရှက်ဘူး .."

"ကြည့်စမ်း .. မင်းတို့နှစ်ယောက် သူများကိစ္စကို တစ်စတစ်ဆုံး လိုက်ချောင်းကြတယ် .. ဟုတ်လား .."

"ကိုကို ပြောမှပဲ လူကြားတာ .. သာသာ တို့က ချောင်းတာ မဟုတ်ဘူး .. လူတိုင်း မြင်တယ် .."

"လူတိုင်းမြင်တာ .. လူတိုင်းပဲ မင်းတို့လို စပ်စုနေကြသလား.."

"သူတို့တွေက သာသာ တို့လိုမှ မက်ဆေ့ချ် မဖတ်လိုက်ရတာ ကိုကိုရဲ့ .."

"တော်တော့ .. တော်တော့ .. ကျွတ်!..."

ဆောင်းဦးနိုက် က ဒေါသကြီးနေပေမယ့် ထိန်းချုပ်ထားရသည့် မျက်နှာကြီးနှင့် အလကား လက်ကို ဆွဲပြီး လှည့်ထွက်သွား၏။





သို့သော် သာသာ က နှုတ်ခမ်းလေးကိုက်ပြီး နေရာမှာပဲ ရပ်ကျန်ခဲ့ဖြင့် သွားပြီးမှ ပြန်လှည့်ကြည့်၍ ...

"ဟော့ .. ဘာလုပ်နေတာလဲ .."

သာသာ က မျက်နှာလေး လွှဲပစ်ရင်း ...

"သာသာ မိုက်မဆာဘူး .. ကားပေါ်ကပဲ စောင့်တော့မယ် .."

သာသာ မလိုက်တော့ဘူးဆိုတာနှင့် သူ ဆုပ်ကိုင်ထားသည့် လက်က လက်လေးကလည်း ပြန်ရုန်းလိုက်သလို တင်းခနဲ ဖြစ်သွား၏။

"ကားပေါ်က စောင့်လို့ မရဘူး .. ကားက လော့ခ်ချထားခဲ့တာ.. ာ .. လိုက်ခဲ့ .."

အနားပြန်ရောက်လာကာ လက်ကို ခပ်ဖိဖိ ဆွဲခေါ်၏။ သူတို့ပုံစံ သားကလူတချို့က အကဲခတ်နေကြ၏။

အထူးသဖြင့် အဖြူဆွတ်ဆွတ်တွေသာ အဝတ်များသည့် သာသာ့ လေးက ရောက်သည့်နေရာမှာ ထင်းနေတတ်ကာ သူမကိုယ်သူမ တိမထားပေမယ့် လူတိုင်း သတိထားကြည့်တတ်ကြတာ သူ သိနေသည်။

ထို့ကြောင့် သူမလေးအတွက် ဘယ်မှာဖြစ်ဖြစ် စိတ်မချနိုင် ..၊ ယ် ဘယ်လိုပုံစံမျိုးလဲဆိုတာ သတိမထားဘဲ စိတ်လွတ်ကိုယ်လွတ် ဆိုင်သွားလာတတ်တာတွေ .. ခုလိုကိစ္စတွေကို ပေါ့ပေါ့ပါးပါး လုပ် တတ်တာတွေ ..၊

ဒါတွေကြောင့် သူမအတွက် အန္တရာယ်တွေ ဖြစ်လာနိုင်တယ် တာ သူပဲ တွေးပူနေမိတာလား ..၊

"စားလေ တစ်ခုခု .."

"ဟင့်အင်း .."

"တီတီသာ ကလည်း စားပါ .. ဘာမှလည်း မစားရသေးဘဲနဲ့.."

"မဆာလို့ပါဆိုမှ .. နင့်ဟာနင် စားစမ်းပါ .."



www.burmeseclassic.com

www.burmeseclassic.com



အလကာ် မျက်နှာလေး ငယ်သွားသည်။ ပြီးတော့ ဖအေကို လှမ်းကြည့်ပြီး မျက်လွှာချ၏။ ဦးသန့်ဇင် ခုမှ သတိထားလိုက်မိသည်။

ဒီကလေးတွေ တစ်ခုခုတော့ ပြဿနာရှာခဲ့ပြီ ဟု ..၊

"မဆာလည်း တစ်ခုခု စားရမယ် .."

ဆောင်းဦးခိုက် က သာသာ စိတ်ကောက်နေတာကို သိသည်။ ထို့ကြောင့် သူ့ဘာသာ ဆုံးဖြတ်ပြီး Cofe' 47 ပဲ တစ်ခွက်မှာ၍ မုန့်လည်း သူပဲ မှာသည်။

သာသာ နှုတ်ခမ်းလေး ပိုစူသွားကာ ကော်ဖီရောက်လာတာတောင် တော်တော်နဲ့ မသောက် ..။

"ရော့ .. နည်းနည်းဖြစ်ဖြစ် သောက်လိုက် .."

ဆောင်းဦးခိုက် က သူ့ဘာသာ သကြားထည့် မွှေပစ်လိုက်ကာ ရှေ့တိုးပေး၏။

သာသာ ဆို ကော်ဖီခွက်ထဲက ပန်းပွင့်ပုံ စာလုံးလေးကို အကြာကြီး ကြည့်ပြီးမှ မွှေတတ်တာမို့ အလကာ် လည်ပင်းလေး ရှည်သွား၏။

ဖေဖေကလည်း တစ်မျိုး ..၊





အခန်း (၃၀)

"မဟုတ်ဘူး .."

"ဘာ မဟုတ်တာလဲ .."

"အား!..."

"ဝုန်း .. ဒုန်း .."

ခေါင်းလေးသွယ် ပန်းသားတွေ နာကျင်လာကာ အတင်း ...င့်ရုန်းပစ်လိုက်သဖြင့် ကိုယ့်အရှိန်နှင့်ကိုယ် စားပွဲပေါ် နောက်ပြန် ...သွား၏။

စားပွဲပေါ်မှာ ရှိသည့် ပန်းအိုးနှင့်အတူ အရာအားလုံးဟာ တုန်ခါ ...းကုန်ကြလျက် တစ်ခန်းလုံး ဝုန်းဒိုင်းကြသွား၏။

ဦးဒေဝတာ သည် သရဲပူးနေသလို မျက်လုံးပြူး .. အသားတွေ ...လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း .. မင်းရဲ့ ခြေလှမ်းတွေကို ငါ မသိဘူးလို့ မင်း ထင်နေသလား တင်လေးသွယ် .."

"တစ်လောကလုံးအကြောင်း အစ်ကိုချည်းပဲ နောကြေနေတယ် ထင်သလား .."

"ကြေတယ် .. ငါ အားလုံးကို သိတယ် .. လူတွေ ငါ့ကို အရူးလို သနားသဖြင့် ဆက်ဆံနေကြတာတွေ .. ငါ ချမ်းသာလို့ ဘုရားထူးနေပေမယ့် တစ်ဖက်လှည့်ပြီး ရှုံ့မဲ့ ကဲ့ရဲ့နေကြတာတွေ .."

"အဲဒါတွေကို သိနေရုံနဲ့ ကိုယ့်ကိုယ်ကိုယ် လူတတ်ကြီးလုပ်နေလို့ မရဘူး အစ်ကို .."

ဒေါ်တင်လေးသွယ် လဲကျနေရာမှ ထရပ်ကာ သနား၍ နာကျင်သော ..၊ ထို့အတူ အထင်ကြီးပေမယ့် အထင်သေးနေပြီဖြစ်သော မျက်ဝန်းတို့ဖြင့် စူးစိုက်ကြည့်၍ ...

"အသိရှိနေပေမယ့် သတိရှိမှ အသက်ကို ညာဏ်စောင့်တာ .. လူတွေ ဘယ်လိုဆက်ဆံနေကြတာလဲဆိုတာ သိတယ် .. ကိုယ်လုပ်နေတာ မကောင်းမှန်းလည်း အစ်ကို သိနေတာပဲ .. သိရဲ့သားနဲ့ ဆက်လုပ်နေတာ .."

"မကောင်းဘူး ဟုတ်လား .. ဘာမကောင်းတာလဲ ..၊ လူတွေ စပ်စုတာ မကြိုက်လို့ ခြံကျယ်ကျယ်ဝယ်ပြီး ပတ်ဝန်းကျင်နဲ့ ကင်းကင်း နေခဲ့တာ .. ငါ ချမ်းသာလို့ ငါ့ရည်ရွယ်ချက်အားလုံးကို ငါ့အင်အားနဲ့ အကောင်အထည် ဖော်နိုင်ခဲ့တာ .."

"အစ်ကို့အင်အားချည်းပဲ မဟုတ်ဘူး .. ဒီခြံထဲမှာ ရှိသမျှလူတွေ အကုန်လုံး .."

"ဟော့ .. တိတ်စမ်း .. မင်းပါးစပ်ကို ခုချက်ချင်း ပိတ်လိုက် .."

ဦးဒေဝတာ လှုပ်လှုပ်ရှားရှားဖြစ်ကာ လက်ညှိုးငေါက်ငေါက်ထိုး အော်၏။





"မဆိုင်တာတွေ မပြောနဲ့ .. အခု မင်းကို ငါ မေးနေတာ ဖြေ .. ခြံက မျောက်နှစ်ကောင်နဲ့ ဘယ်တုန်းတည်းက ဆက်သွယ်နေ ..၊ ဒီခြံထဲကို ဘယ်နှစ်ကြိမ်လောက် ဝင်ထွက်ပြီးပြီလဲ .."

"မဟုတ်ဘူး .. အစ်ကို ထင်တာတွေ မှားနေတာ .. ဟိုအရင်က ..ားနဲ့ တိုက်မိလို့ .."

"နောက်ထပ် မင်းတို့ ခေါ်ပြော နှုတ်ဆက်နေကြဘာရော .."

"ခေါ်တာ မဟုတ်ဘူး .. ခေါ်ပြောမှုကြလို့ တရင်းတနှီး လှမ်း..တာ ..၊ ကြည့်မိတာကိုပဲ အစ်ကို ဒီလောက်ထိ ဒေါသထွက်နေ..ယ်လိုမှုကို နားမလည်နိုင်တော့ဘူး .."

"ဘာ!... ပြောတယ် .."

ဦးဒေဝတာ နောက်ထပ် ရှေ့ရောက်လာကာ နာကျင်နေသည့် ..ဖက်ကိုပဲ မညှာမတာ ဖိဆုပ်ကိုင်လိုက်ပြီး ...

"တရင်းတနှီး ကြည့်မိတာ ဟုတ်လား .. မင်းကို ငါ ဘယ်သူနဲ့မှ ..ရဘူးလို့ မှာထားတာလေ ..၊ ပြီးတော့ အဲဒီဟာလေးတွေ ငါ့ကို ..လောက်ထိ နှောင့်ယှက်နေသလဲ မင်း မသိဘူးလား .."

"ကလေးတွေက ကလေးဆန်ဆန် နေကြတာပါ အစ်ကိုရယ် .. ..ာင်းတဲ့ ကလေးဆို ဝိုင်းစကြတဲ့အတိုင်း အစ်ကိုက ကလေးတွေ ..ပြီး သူတို့တစ်ချက်ဆို ကိုယ်က နှစ်ချက် ပြန်လုပ်နေမှတော့ ..ခံ အရှုံးမပေးတွေ ဖြစ်ကုန်ပြီပေါ့ ..။"

"မင်း .."

"ညှာနှမတို့ အားလုံး ပတ်ဝန်းကျင်နဲ့ အလိုက်အထိုက် နေခဲ့ကြရင် မထူးခြားတဲ့ မိသားစုတစ်ခုလိုပဲ ဘယ်သူကမှ သတိထားမိကြ..တ်ဘူး .. ကိုယ့်အိမ်တွင်းရေး မသိစေချင်ရင် မစပ်စုရဲအောင် ..ရတယ် ..၊ ခုတော့ .."

"အား .. ပြောပါ .. ဆက်ပြောစမ်းပါဦး .. အခု ဘာတွေ ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



မလဲ ..."

"ကျွန်မ ပြောနေဖို့ မလိုပါဘူး .."

ဒေါ်တင်လေးသွယ် က စိတ်တိုးတိုးချ၍ ကိုယ့်ကိုယ်ကိုယ် သ
မွေးလိုက်သည့်မျက်နှာနှင့် ...

"ဒါပေမယ့် ဘာတွေဖြစ်နေနေ .. အစ်ကို့ဘာသာ ဘာတွေ
လုပ် .."

ပြောနေရင်း ဦးဒေဝတာ နဲ့ ဝေးအောင် နောက်ကို ထပ်ဆု
၍ ...

"ကျွန်မတို့ သားအမိကိုတော့ ချမ်းသာပေးပါ .. ကျွန်မသား
က ရောဂါသည်လေးပါ အစ်ကိုရယ် .. သူ ရှင်သန်ခွင့်ရှိတဲ့ကာလ
မှာ သူ့ကံလေး ကုန်တဲ့အထိ သက်သောင့်သက်သာ နေသွားပါစေ .

"ဟ!.. ငါကလည်း သူ့အတွက် ကြိုးစားနေတာပဲကွ .. ငါ့သ
အတွက် ငါ့ရဲ့အချိန်တွေ .. ငွေတွေ .. ငါ့ရဲ့အရာအားလုံးကို မြှုပ်နှံထ
ခဲ့တာ .."

"သူ့အတွက် မဟုတ်ဘူး .. အဲဒါတွေ လုပ်နေတာ ..၊ အစ်
ဝါသနာနဲ့ အစ်ကို ရူးသွပ်နေတာ .."

"ဘာကွ!..."

"ဖြန်း .."

ဒေါ်တင်လေးသွယ် ဘယ်လိုမှ ငဲ့ရှောင်ချိန် မရလိုက်ပေ ...

ခေါင်းတစ်ခုလုံးက လည်ပင်းကနေ ပြုတ်ထွက်သွားပြီလား ထ
ရကာ နေရာမှာတင် ပုံခနဲ ကျ၏။

"ရှင် .. ရှင် .. မလုပ်ရဘူး ..၊ ဘယ်သူတွေကို ဘာလုပ်လု
ကျွန်မသားကိုတော့ .."

ဒေါ်တင်လေးသွယ် လက်ညှိုးထိုးဖို့ ကြိုးစားရင် လက်မြှောက်လ
ပေမယ့် မအောင်မြင် ..၊





တေားလည်း မဆုံးလိုက်ဘဲ သတိလစ် မေ့မြောသွား၏။

"ဓတနာနဲ့ မတန်တဲ့ မိန်းမ .. မင်း တွေ့မယ် .."

ဦးဒေဝတာ ခါးထောက် ကြိမ်းဝါးကာ နေရာမှ ဒေါကြီးမောကြီး
ထွက်ခွာသွား၏။

မျက်နှာတစ်ပြင်လုံးသည် တစ်လောကလုံးကို စိန်ခေါ်ချင်နေသော
တွေအပြည့်နှင့် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၁)

နှစ်ယောက်သား ဖုန်းတစ်လုံးစီနှင့် ခေါင်းချင်းရိုက်ကာ ဘာ[illegible]
အလုပ်ရှုပ်နေကြမှန်း မသိ ..။

လက်ကိုင်ဖုန်းက အလင်္ကာ မှာလည်း ရှိသည်။ ဝတ်သမျှ ဘောင်[illegible]
ဘီအတိုအရှည်လေးတွေမှာ ခါးပတ်လေးနဲ့ ရောချိတ်ထားပေးသဖြ[illegible]
ဘယ်သွားသွား ပါ၏။

ဒါက သူ ရောက်ကတည်းက လုပ်ပေးထားတာဖြစ်ကာ လူကြီ[illegible]
တွေက သိပ်မကြိုက်ချင် ..။

"ကလေးကို လူ့အမြင်တန်ပါတယ် သားရယ် .. ပြီးတော့ ကလေ[illegible]
က ငယ်ပါသေးတယ် .."

"ကွန်ပျူတာတောင် သုံးတတ်နေပြီပဲ အမေ .. သားက ပါးနပ်တဲ[illegible]
ကလေးပါ ..၊ ကလေးဆိုပေမယ့် ဒါကို ကစားစရာတစ်ခုလို ကြွားနေ[illegible]
ရလောက်အောင် ဒီပစ္စည်းတွေနဲ့ အလှမ်းကွာတဲ့သူလည်း မဟုတ်ဘူး..
ဟန်းဖုန်းတစ်လုံးက အရာရာအတွက် အဆင်ပြေပါတယ် .."





ကလေးကို ဖုန်းကိုင်စေတဲ့အတွက် ဘာမှတော့ အဆင်မပြေတာ
[illegible]သမယ့် သာသာ နဲ့ ခေါင်းချင်းရိုက်နေကြတာတွေ ပိုများလာသည်။
[illegible]တစ်လုံးကို အမျိုးမျိုးလုပ်တတ်နေတာလည်း လူကြီးတွေနဲ့ နင်လား
[illegible]ား ..။

"ဟာ!... မေမေ့ .."

အခန်းဝမှာ သူ ရပ်နေတာ ကြာမှ အလင်္ကာ က လှည့်ကြည့်ပြီး
[illegible]သွားသည်။ မြင်တာနှင့် ချက်ချင်း ထရပ်လိုက်ကာ သူ့ဖုန်းကို သူ့
[illegible]လေးထဲ ပြန်ထည့်၏။

သာသာ ကတော့ လှည့်ကြည့်ပြီး မျက်နှာလေး တည်သွားကာ
[illegible]ကို ဒီတိုင်းချထားလိုက်တာ တွေ့နေရပြင် ..၊

"မေမေ သားကို လာခေါ်တာလား .."

"မဟုတ်ဘူး သား .. သားရဲ့ တီတီသာ နဲ့ စကားပြောမလို့ .."

"ဟုတ် .."

အလင်္ကာ က သာသာ ကို တစ်ချက်ပဲ ပြန်လှည့်ကြည့်ပြီး ချက်
[illegible]ထွက်သွား၏။ သူ အထဲကို လျှောက်ဝင်လာရင်း ...

"ဘာလုပ်နေတာလဲ .."

"ဘာမှ မလုပ်ပါဘူး .."

ခေါင်းခါဖြေရင်း သာသာ က ထရပ်လိုက်သည်။ ဒါက အလင်္ကာ
[illegible]း ဖြစ်သည်။ သူမနဲ့ အလင်္ကာ ပျောက်နေပြီဆို ဒီအခန်းထဲမှာ
[illegible]တ်သဖြင့် သူ လာရှာတာဖြစ်ကာ ...

"နေဦးလေ .. မင်းနဲ့ စကားပြောချင်လို့ လိုက်ရှာနေတာ .."

"သာသာ ခေါင်းတွေ အုံနေလို့ .."

အကြောင်းရှာပြီး ဖုန်းကို လှည့်ကောက်လိုက်တော့ သောင်[illegible]း
[illegible]ာ ထိုလက်လေးကို ဖမ်းဆွဲထားလိုက်ကာ ...

"ခုနက စကားတွေ တွတ်ထိုးနေတာ များသွားလို့ နေမှာပါ ..၊



www.burmeseclassic.com

www.burmeseclassic.com



ခဏပဲပြောရင် ရတယ်မို့လား ..”

သူ ရိလိုက်တာမှန်း သိပေမယ့် သာသာ မျက်လွှာချထား မမော့ပေ ..။ ဒီတိုင်းပုံစံနှင့် လက်ကို ပြန်ရုန်းလိုက်ကာ ...

“ကိုကို ဘာပြောမလို့လဲ ..”

“ကိုယ့်ကို စိတ်ကောက်နေတာလား ..”

သာသာ က မဖြေ ..၊

ခါတိုင်းဆို ‘မဟုတ်ပါဘူး’ဆိုသည့် ကာကွယ်စကားလေး ထွက်လာဖော် ရသေးတာမို့ ဒီပုံစံက သူ နားလည်သွားသည်။

“ကိုယ် ဆူမိ ပြောမိတိုင်း မင်း ဘာဖြစ်လို့ အကောင်းမမြင် လဲ သာသာ .. ကိုယ် ဘာကြောင့် ပြောမိပါတယ်ဆိုတာတွေ အထပ်ထပ် ရှင်းပြပြီးပြီ ..”

“အကောင်းမမြင်တော့ ကိုကို ဆူတိုင်း သာသာ က စိ ဒေါသထွက်နေလို့လား ..”

“အခု မင်းမျက်နှာကို မှန်ယူပြရမလား ..”

သာသာ့ မျက်နှာလေး မော့လာပေမယ့် တင်းမာနေလျက် ..

“ဟုတ်တယ် .. အခု သာသာ့ မျက်နှာ ရှုပုတ်နေမှာပဲ .. အဲ

“ပြော .. ဘာဖြစ်လို့လဲ ..”

“မနေ့က ကိုကို လူတွေရှေ့မှာ သာသာ့ ကို ကလေးဆူ ဆူခဲ့တာ .. ကိုကိုကတော့ ကျေနပ်နေမှပေါ့ ..”

“မဟုတ်တာကွာ ..”

“ဟုတ်တယ် .. ကိုကို သာသာ့ ကို ဘယ်လို အနေအထ ပြောနေနေ .. ဆူနေနေ ဘာဖြစ်ဖြစ် သာသာ မေ့မေ့ပျောက်ပျေ နေခဲ့တာချည်းပဲ .. ဒါပေမယ့် ကြာလာတော့ ရှက်တယ် သိလာ အခု ရှက်ရမှန်း ပိုသိလာတာက သာသာ့ ကို ဆူပြောနေတဲ့ သာသာ လက်ထပ်ရမယ့်လူ ဖြစ်နေတာပဲ ..”





“ဆူတယ် ပြောတယ် ဆိုတာကြီးကို မင်း ခေါင်းထဲက ထုတ် တ် သာသာ ..”

“ဟင့်အင်း .. အခု မထုတ်နိုင်ဘူး .. မနေ့က အရှက်ရခဲ့တဲ့အဖြစ် နောက်ဆုံး ဖြစ်ရမယ်လို့ ကိုယ့်ဘာသာ ဆုံးဖြတ်ပြီးသား ..၊ အဲဒီလို ာ်မဖြစ်ဖို့အတွက် ကိုကိုနဲ့ ကင်းကင်းနေရမှာ .. ဒါကြောင့် လက် ပ်နိုင်ဘူးဆိုတာလည်း မေမေ့ကို ပြောထားပြီးပြီ ..”

“ဘယ်လို!...”

“ကိုကို့အမေကလည်း စိတ်ကူးတွေနဲ့ လာတာဆိုတော့ သူ ဖွင့် ငြင်းနေရမှာ စိုးလို့ ..၊ မေမေတို့ ကြိုပြောထားနိုင်အောင်လို့လေ.. ကိုက ပညာတတ် လူရည်မွန် .. သာသာ့ ထက် အများကြီး တော်တဲ့ .. ကိုကို့လိုလူကို လက်ထပ်တာထက် သာသာ ကိုယ်နဲ့ထိုက်တန် ယောက်ျားမျိုး တွေ့မှပဲ ယူတော့မယ် ..”

သာသာ က နာကြည်းသည့်မျက်ဝန်းလေးတွေနဲ့ သူ့ကို မော့ကြည့် နှုတ်ခမ်းလေး မဲ့၍ ...

“ကိုကို ဘယ်လိုမိန်းမမျိုးကို အထင်ကြီးတတ်သလဲတော့ မသိ .. သာသာ ကတော့ အထင်ကြီးဖွယ်တွေ အရမ်းပြည့်ဝနေတဲ့ ကိုကို့ ကို မမက်ဘူး ..”

“ဟော့ .. နေဦး ..”

“ဟင့်အင်း .. ဖယ် ..”

“မရဘူး .. ခဏနေဦး ..”

သာသာ က ရုန်း .. သူက ဆွဲထားနှင့် အဆင်မပြေတွေ ဖြစ်နေကြ ..

“သာသာ .. မင်းနဲ့ ငါ စေ့စပ်ခဲ့ကြတာ အချိန်မရွေး ဖျက်လို့ရ ်လို့ မင်း ထင်နေပေမယ့် အဲဒီလောက် မလွယ်ဘူး .. အဲဒါကို မှတ်ထား ..”



www.burmeseclassic.com

www.burmeseclassic.com



"လွယ်တယ် .. အခု မလွယ်ပေမယ့် နောက်ကျမှ မလွယ် ဖြစ်လာရင် သာသာ မမထက် ဆိုးသွားမှာပေါ့ ..၊ ကိုကို မမကိုက သားသမီးတို့ ဝတ္တရားနဲ့အညီ လက်ထပ်ခဲ့တယ် .. သာသာ့ ကိုကု အလကာ့ ရှေ့ရေးအတွက် မရှိမဖြစ် လိုအပ်တဲ့သူ အဖြစ်နဲ့ .."

"ဟာကွာ .. ကျွတ်!..."

"သာသာ့ ကို လွှတ်ပါ .."

လက်မောင်းမှာ ဆုပ်ကိုင်ထားတာကို သာသာ က အတင်း ပစ်၍ ...

"သာသာ ဆုံးဖြတ်ပြီးသားနော် ကိုကို .. မေမေတို့နဲ့ ကို သင့်တော်သလို စီမံပေးမယ့် အိမ်ထောင်ရေးကို လုံးဝ လက်မခံ အတင်းဖြစ်လာရင် သာသာ ထွက်ပြေးမှာ .."

"ဘာ!..."

"သာသာ့ ကို လက်ထပ်ဖို့ မေမေ့ကို ကိုကို ထပ်မပြောပါနဲ့

"ဘာလို့ ဒီလောက်ဖြစ်သွားတာလဲ သာသာ ..၊ မင်းရင် ကိုယ့်ရဲ့ ကရုဏာဒေါသနဲ့ ပြောနေမိတဲ့စကားတွေအတွက် ဒီလို ခံစားနေခဲ့တယ်ဆိုတာ ဘာဖြစ်လို့ နည်းနည်းလေးမှ အချက်မပြခဲ့ လဲ .."

"မသိဘူး .. ခံစားမိလာတဲ့အတိုင်းပဲ .."

သာသာ က ထွက်သွားဖို့ ခြေလှမ်းပြင်နေသမျှ ဆောင်းဦး က ပိတ်ကာထားကာ စုတ်သပ်လိုက် .. နဖူးပွတ်လိုက်နှင့် ...

"မဟုတ်ဘူး .. မင်း ထင်နေတာတွေ .."

ပြောချင်တာတွေ အများကြီး ဖြစ်လာပေမယ့် ပြောလို့လ မထွက် ..၊ အသက်အရွယ်ကတော့ ဒီလောက်ကွာတာ မဟုတ်ပေ မောင်နှမတွေလို နေထိုင် ဆက်ဆံလာခဲ့ကြသည့်အရှိန်နှင့် နှ သီကုံးပြီး ရင်ခုန်သံတွေ ဖြစ်နေပါသည်ဆိုတာကို ပြောမထွက်နိုင်





မပြောဘဲနေလေ မသိလေနှင့် .. ဒီကောင်မလေး မသိတတ် ဆိုးဝါးစွာ အရွဲ့တိုက်နေတာကို ဘယ်လိုလုပ်ရမလဲ ..၊

"သာသာ .."

သူ ချော့မော့သည့်လေသံနှင့် သာသာ့ လက်ဖဝါးလေးကို ဆွဲယူလိုက်၏။ သူမက ပြန်ရုန်းပေမယ့် မလွှတ်ဘဲ ဖိဆုပ်ထားမိရင်း ...

"မင်း .. ကိုယ့်ကို မုန်းနေတာလား .."

"ဘာလို့ မုန်းရမှာလဲ ..၊ မမုန်းတဲ့လူတိုင်းကို လက်ထပ်ယူလို့ ရသလား .."

"ဟုတ်တယ် .. မရဘူး ..၊ ဒါပေမယ့် ကိုယ့်အတွက် အခု လိုအပ်တာက မင်း ကိုယ့်ကို မုန်းနေသလား မနေဘူးလား ဆိုတာပဲ ..၊ မင်းက မမုန်းဘူးဆိုတာ သိရတဲ့အတွက် မင်းကို ကိုယ် ရအောင် ယူမယ် .."

"ဘာ!..."

"အဲ့ဒါ သားကြောင့်ချည်းပဲ မဟုတ်ဘူး .."

"ကိုကို နိုင်နေရတာကိုး .."

"တခြား တစ်ခုခု ဖြစ်နိုင်မလားလို့ တွေးကြည့်ပါလား .."

"ကိုကိုပဲ တွေးပါ .. တွေးတာ ရေးတာ ကိုကိုပဲ တော်တာ .. သာသာ က ကျောင်းစာကိုတောင် သိပ်စိတ်ဝင်စားတာ မဟုတ်ဘူး.."

ရုန်းနေသည့်လက်ကို ဖိဆွဲလိုက်လျှင် သူမကိုယ်လေး ကိုယ့်ဘက်ကို ယိမ်းကျလာ၏။ ဆောင်းဦးခိုက် သူမရဲ့ နောက်ထပ် လက်ဖဝါးလေးတစ်ဖက်ကိုပါ ဆွဲကိုင်ထားလိုက်ကာ ...

"မင်းက သည်းခံနေခဲ့ရတယ် ဆိုပေမယ့် ကိုယ့်ဘက်မှာလည်း မင်းရဲ့ ပုံပန်းမကျတဲ့ အမူအရာတွေ .. မင်း ဆိုးနွဲ့ခဲ့တဲ့ စကားသံတွေ.. ဘာကိုမှ ဖျောက်လို့ မရအောင် ဖြစ်နေပြီ .."

"ဟာ!... အဲ့ဒါတွေ မသိဘူး .. လွှတ် .."

"ကိုယ်တို့ လက်ထပ်ရအောင် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟွင့်အင်း .."

"သာသာ ဘယ်လိုဖြစ်နေတာလဲကွာ .. ကိုယ် မင်းကို ဆုံးရှုံးခံမှာ မဟုတ်ဘူးနော် .. ခုလို စည်းရုံးနေတာက မင်းနဲ့ ကိုယ် အဆင်ပြေချင်လို့ .."

"ပြေမှာ မဟုတ်ဘူး .. ကိုကို အမျိုးမျိုး ဖန်တီးရေးဆွဲနေတဲ့ ပရိုဂရမ်တွေလို သာသာ နဲ့ လက်ထပ်ပြီးစီးဖို့အတွက် ကိုကို သရုပ်ဆောင်နေတာ .."

"ဘာ!... ပြောတယ် .."

"သာသာ့ ကို လွှတ် .."

ဆောင့်ရုန်းလိုက်တော့ လွတ်မြောက်သွားသည်။ ဒါပေမယ့် ပန်း လေးတစ်ဖက်ကို ဆောင်းဦးနိုက် က ဆောင့်ခနဲ ပြန်ဆွဲလိုက်၍ ...

"မင်း ငါ့ကို စော်ကားတယ် .. ဟုတ်လား ..၊ မင်းနဲ့ ငါ့ကြားမှာ အဲဒီလို ဟန်ဆောင်သရုပ်ပြမှုတွေ ရှိခဲ့ဖူးသလား .."

"အစက မရှိပေမယ့် ခု ရှိရင် ရှိမှာပေါ့ .. အလကာ့ အတွက် လိုအပ်တယ်လေ .."

"တောက်!..."

ဆောင်းဦးနိုက် မျက်နှာ နီရဲနေလျက် ...

"မင်း .."

အသက်ရှူပြင်းပြင်းတစ်ရှိုက်နဲ့ ဒေါသကို ထိန်းချုပ်ရင်း နောက် ဆုတ်ရပ်လိုက်၏။ ပြီးတော့ ဘောင်းဘီအိတ်နှစ်ဖက်ထဲ လက်တွေ ထည့်ထားလိုက်ပြီး ...

"အလကာ့ အတွက် မင်းမှ မရှိရင် သူ့ရဲ့ ရှင်သန်မှုတွေ ရပ်ဆိုင်း သွားနိုင်မယ်လို့ မင်း တွက်နေတာလား .."

"အားလုံး ဒီတိုင်းတွက်ပြီး သာသာ တို့ကို လက်ထပ်ပေးဖို့ ကြိုး စားနေကြတာပဲ .."





"ကလေးဆိုတာ လက်သာရာမှာ ပျော်တတ်တဲ့အမျိုးပဲ .. မင်းလို သူနဲ့အတူတူ ကစားဖော်လုပ်ပြီး ထိန်းကျောင်းပေးမယ့် မအေမျိုး ထပ် မရှိနိုင်ရင်တောင် မိခင်တစ်ယောက်ရဲ့ နူးညံ့ကြင်နာမှုနဲ့ စောင့်ရှောက် သွားမယ့် နောက်ထပ် မအေတစ်ယောက်ယောက်တော့ ရှိနိုင်ပါသေး တယ် .."

သာသာ့ မျက်နှာလေး ရဲခနဲ ဖြစ်သွားသည်။ ပေါ့ပါး လွတ်လပ် မှုများနဲ့ တစ်သက်လုံး နေလာခဲ့ပြီးမှ ပထမဆုံး ဝင်ရောက်လာခဲ့သော ခါးသီးလွန်းသည့် ခံစားချက်တွေကြောင့် ဖိကိုက်ထားသည့် နှုတ်ခမ်း သားလေးတွေပါ ဆတ်ဆတ်တုန်၏။

ဘယ်သီလိုမှ အထင်ကြီးဖွယ်မရှိသော မိန်းမလို့ အမြဲတမ်း မြင်လာခဲ့ သည့် ကိုကို့ရင်ထဲက စကားသံတွေလား ...၊

သူမကို ကိုကို ဘယ်တုန်းကမှ အထင်မကြီးခဲ့တာ အစတည်းက သိပြီးသားပါ ...၊ ဒါပေမယ့် ပြောချလိုက်တာကတော့ ရက်စက်လွန်းပါ သည်။

ဆောင်းဦးနိုက် မျက်နှာကတော့ ဘယ်လို ပြောချလိုက်လို့မှ ကျေနပ်ပြီးစီးသွားပုံ မရှိခဲ့ဘဲ ...

"အိမ်ထောင်ပြုတဲ့အလုပ်ကို လိုအပ်ချက်တစ်ခုအတွက် ငါ ဘယ် တော့မှ မဆုံးဖြတ်ဘူး ...၊ အေး .. ဝတ္တရားအရ ဆိုတာလည်း ပထမ တစ်ခါမှာပဲ ပြီးဆုံးသွားပြီ ...၊ မင်း ထင်နေတာတွေ တကယ် ဟုတ် မဟုတ် မင်းဘာသာ သိလာတဲ့အချိန်ထိ ငါ စောင့်မယ် .."

ပြောပြီးတာနှင့် ချာခနဲ လှည့်ထွက်သွားသည်။ သူ မရှိတော့မှ သာသာ ရှိုက်ကြီးတငင် ငိုချလိုက်မိရင်း ...

"ဟုတ်တယ် .. သူပဲ မှန်နေတာ .. သူ လုပ်ခဲ့တာတွေပဲ မှန်တယ်"

"ဒုန်း .."

"ဝုန်း .."



www.burmeseclassic.com

www.burmeseclassic.com



စားပွဲခုံပေါ်မှာ ရှိသမျှ အားလုံးကို တွန်းတိုက် ရိုက်ချပစ်လှုပ်
စာအုပ်တွေ ပန်းအိုးတွေကအစ .. လက်ပ်တော့ပ် တစ်ခုလုံးပါ တဒုန်း
ဒုန်း လွင့်ကျ ပျက်စီးကုန်၏။

"တီတီသာ .."

"သမီး .. ဟယ်!..."

"ဘာတွေဖြစ်နေတာလဲ ချို .."

ရှေ့ဆင့်နောက်ဆင့် ပြေးလာကြသည့်လူကြီးတွေ မျက်နှာမှာ
အံ့အားသင့်ခြင်းတွေကိုယ်စီနှင့် သာသာ နဲ့ တစ်ခန်းလုံးကို ငေးငိုင်သွား
ကြ၏။

နောက်ဆုံးမှ ရောက်လာသူက ဦးသန့်ဇင် ဖြစ်ကာ သားဖြစ်သူရဲ့
မျက်နှာကို တွေ့လိုက်ရပြီးသည့်နောက် သာသာ ဘာဖြစ်နေသည်ကို
နားလည်နေသည်ဖြစ်ရာ ...

"ဆိုးဝါးမှုတစ်ခုခုက ကောင်းတဲ့ဘက်ကို ရောက်သွားတတ်ပါ
တယ် ..၊ ထားလိုက်ပါ .."

ဦးအေးချို တို့ လင်မယား နောက်ကနေ ခပ်တိုးတိုး ပြောသည်။
ဒေါ်ချိုမြလွင် ကတော့ နားမလည်နိုင်ပါ ...။

ကိုယ့်သမီး ဒီလိုပုံစံ ကြမ်းတမ်း ခက်ထန်တာမျိုး တစ်ခါမှလည်း
မရှိခဲ့ဘူးသည်မို့ ...၊

ဘာတွေ ဖြစ်ကုန်တာလဲ ..။



## အခန်း (၃၂)

သာသာ နာရီ ပင့်ကြည့်ပြီး သက်ပြင်းချမိသည်။
တစ်ညနေလုံး တွေးရင်း မျက်ရည်ကျရင်းနှင့် အိပ်ပျော်သွားခဲ့
[illegible] နိုးလာတော့ ခေါင်းတွေ အုံနေ၏။ လှဲနေရာကနေ ငုတ်တုတ်
[illegible]င်လိုက်တော့ တဆစ်ဆစ် ကိုက်လာသည်။

"အား!... ကျွတ် .. ကျွတ်!..."

"ခေါက် .. ခေါက် .."

အခန်းတံခါးခေါက်သံ ကြားကတည်းက မေမေမှန်း သိလိုက်

[illegible]

ဆို့ကြောင့် ချက်ချင်း မထူးသေးဘဲ နေပြီးမှ ...

"သမီး အိပ်နေသေးတာလား .."

"ဟင် .. ဟုတ် .. မေမေ သမီး မထချင်သေးလို့ .."

"ခုန သမီး ညည်းနေတာလားလို့ .."

"ဟို .. အဲ့ဒါ .."



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းတွေ ကိုက်နေတာမို့လား .. ဆက်အိပ်မနေနဲ့လေ သမီးရဲ့ .. ထွက်ခဲ့ လာ .. မေမေ သက်သာအောင် လုပ်ပေးမယ် .."

မေမေ ဒီအခန်းနားမှာ ဘယ်နှစ်ခေါက်တောင် ဖြတ်လျှောက်နေသည် မသိ ..၊ ငိုပြီး အိပ်ရင် ခေါင်းကိုက်တတ်မှန်းလည်း ကြိုသိနေသဖြင့် စိတ်ပူနေတာ ဖြစ်မည်။

ဒါပေမယ့် သူမ အပြင်မထွက်ချင် ..၊ ပြီးတော့ ဒီညမှာ သူမ အားလုံးနဲ့ ကင်းကင်းနေမှ ..၊

"အိပ်ရေးမဝသေးလို့ပါ .. သာသာ ပြန်အိပ်လိုက်ဦးမယ် .."

"ဒါဆိုလည်း စားသောက်ပြီး ဆေးလေးဘာလေး သောက်လိုက်ပါဦးကွယ် .."

မေမေ့စေတနာကို သိနေပေမယ့် သူမ မတတ်နိုင် ..၊

ပိတ်ထားသည့် အခန်းတံခါးကို ကြည့်၍ ခေါင်းပါ ခါလိုက်မိကာ ...

"ဟင့်အင်း .. ခုနစ်နာရီတောင် ကျော်နေပြီဥစ္စာ .. သာသာ အိပ်လိုက်တော့မယ် .. တစ်ရေးပြန်နိုးမှ ဆာရင် တစ်ခုခု ထွက်စားမယ် .. မေမေ သွားတော့နော် .."

"ဩော် .. ခက်တော့တာပဲ .. အပြင်မှာ မြေးလေးလည်း ဘယ်သူ ဘာကျွေးကျွေး မစားဘူး ..၊ ဖအေလည်း ဘာအလုပ်မှ မလုပ်ရဘဲ သားကိုပဲ ထိုင်ချော့နေရတယ် သမီးရယ် .. သမီးတို့ ဘာတွေဖြစ်ကြမှန်းတော့ မေမေ မသိဘူး ... ဒါပေမယ့် အခန်းတံခါးကြီး ပိတ်ထားတော့ မြေးလေး ဝမ်းနည်းနေတာပေါ့ ..၊ ကလေးကိုတော့ စိတ်ဒုက္ခမပေးစေချင်ဘူးကွယ် .."

ပြောလို့မဆုံးခင် တံခါးက ရုပ်ခနဲ ပွင့်သွား၏။

"အလက်ာ့ ကို ဒီထဲ ထည့်ပေးပါ မေမေ .."

"သမီးရယ် .."





မျက်နှာလေး နီမြန်းမြန်း ရှိနေဆဲမို့ ဒေါ်ချိုမြလွင် စိတ်မကောင်းဖြစ်မိရင်း ဘာဖြစ်ကြတာလဲဆိုတာတောင် မမေးရက်ဘဲ ဖြစ်နေမိ၏။

'ဘာပဲဖြစ်ဖြစ် ငါ့သမီးပဲ ကောင်းတယ်' ဆိုတာမျိုးတော့ ဘက်လိုက်ပြောတာ မဟုတ်ပါ ..။

ဒါပေမယ့် သမီးလေး ဘယ်လောက်ထိ ဖြူစင်မှန်း သူမ သိသည်။ ဆောင်းဦးခိုက် နဲ့ အဆင်မပြေဖြစ်ကြပြီမှန်း တွေးမိလိုက်တာနှင့် ဘာကြောင့်ဆိုတာကိုလည်း ခန့်မှန်းမိသည်။

နားမလည်နိုင်တာက ဆောင်းဦးခိုက် ကလည်း အစ်ကိုလိုမျိုး နေကျ ပြောနေကျဖြစ်သလို .. သမီးဘက်က မခံရပ်နိုင်လောက်အောင် ဖြစ်ခဲ့ဖူးတာ ရှိလို့လား ..။

သမီး ဒီလောက်ထိ ခံစားသွားရသည့်အဖြစ်ဟာ ...

"ကလေးလည်း ဘာမှ မစားရသေးဘူး သမီးရယ် .. တစ်ခုခု ကျွေးလိုက်ပါ .."

"ဟင့်အင်း .. သာသာ့ မှာ သူကြိုက်တဲ့ ကွတ်ကီးတွေ ရှိတယ်"

ဒေါ်ချိုမြလွင် လက်လျှော့သွားခဲ့၏။

အလက်ာ သည် သာသာ က ခေါ်သည်ဆိုတာနှင့် ချက်ချင်း ပြေးသွားကာ ...

"တီတီသာ .."

သာသာ တံခါးဖွင့်လိုက်တာနှင့် ပြေးဖက်၏။

"သမီး .."

"ဟင့်အင်း မေမေ .. လာ ထပ်မခေါ်ပါနဲ့တော့ .."

သာသာ တံခါးပိတ်ပစ်လိုက်သည်။ အလက်ာ က သူမမျက်နှာကို ကြည့်နေကာ ...

"တီတီသာ ဘာဖြစ်လို့ ငိုနေတာလဲ ဟင် .. ဖေဖေက ဆူလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"နှင့်အဖေက ငါ့ကို အမြဲတမ်း ဆူနေတာပဲ .. မေးမနေနဲ့ .."

"သားလည်း ဖေဖေ့ကို မခေါ်ပါဘူး .."

"ဟင်!... ဘာ!..."

"တီတီသာ့ ကို ဘာသွားလုပ်လိုက်တာလဲလို့ သား မေးတယ်.. ဖေဖေက ဘာပြောတယ် ထင်လဲ .. ဖေဖေ ဘာမှမလုပ်ဘူးတဲ့ .. သားရဲ့ တီတီသာ က လုပ်တာတဲ့ .."

သာသာ့ မျက်နှာလေး တင်းသွားသည်။

ဟုတ်ပါတယ် .. သူက အမြဲ မှန်နေတာကိုး ..၊

"တီတီသာ .."

"စကားတွေ သိပ်များမနေနဲ့ .. ငါတို့ကို အန်တီ တင်လေးသွယ် ချိန်ထားတာ အချိန်က ကပ်နေပြီ .."

"ဟာ!... ဟုတ်တယ် .."

နှစ်ယောက်စလုံး စားပွဲဆီ ခပ်ပျာပျာ ရောက်သွားကြကာ ...

"မေမေ နောက်ထပ် လာမခေါ်ခင် ငါတို့ အချိန်မီ ပြန်ရောက်မှ ဖြစ်မှာ .."

"တီတီသာ .. ဖေဖေက အဲ့ဒါကို သိသွားလို့ ဆူထားတာမို့ လား.."

"မသိပါဘူး .. ဒါပေမယ့် ဖုန်းကတော့ ကွဲသွားပြီ .."

"ဟုတ်လား .. ဖုန်းကိုပါ ပေါက်ခွဲပစ်တယ် .."

"ဟုတ်တယ်.. ပြန်မမေးနဲ့..၊ ငါ ဒေါသပြန်ထွက်မိတော့မယ်.."

သာသာ ကိုကို့မျက်နှာကို ပြန်မြင်ကာ ဘယ်လိုခံစားချက်မှန်း မသိသော နာကျင်မှုက တရိပ်ရိပ် ပြန်ပေါ်လာသည်။

မီးရောင်အောက်မှာ သာသာ့ မျက်ဝန်းလေးတွေ တလက်လက် ဖြစ်လာတာကို မော့ကြည့်ရင်း အလင်္ကာ က လူကြီးလေးလို ခေါင်းခါ နေ၏။





"တီတီသာ .. သားကို ငရဲပေးနေတာပဲ .."

"ဘာ!... ပြောတယ် .."

"တီတီသာ ဖေဖေနဲ့ ရန်ဖြစ်လိုက်တာ သေချာသွားပြီ .."

"အဲဒီတော့ ဘာဖြစ်လဲ .."

အလင်္ကာ က ခေါင်းခါနေဆဲနှင့် ...

"ဖေဖေနဲ့ တီတီသာ မခေါ်ရင် ဖေဖေ့ကို သားကလည်း မခေါ် .. ဖေဖေ ဘာပြောပြော နားမထောင်ဘဲနေတော့ ငရဲကြီးမှာပဲ ဘူးလား .."

"နင်က ဘာဖြစ်လို့ မခေါ်ဘဲ နေရမှာပဲ .. လူဆိုတာ သည်းခံ နိုင်ရတယ် .. ချစ်နေပေမယ့် မချစ်သလို .. မုန်းပေမယ့် မမုန်း .."

"ဒါဆို တီတီသာ ကလည်း ဖေဖေ့ကို မုန်းပေမယ့် မမုန်းသလို ဘား .."

"ဘာ!..."

"ငိုချင်ရင်လည်း မငိုချင်သလို ဟန်ဆောင်ပေါ့ .. တီတီသာ က သားက ဖေဖေ့ကို မခေါ်ချင်တော့ဘူး .."

"မခေါ်ချင်လို့ ရမလား ..၊ သူက နှင့်အဖေလေ .."

"တီတီသာ ကလည်း သားရဲ့ တီတီမေမေပဲ .."

"ဟင်!..."

ရင်ထဲမှာ နင့်သွားသည်။

အလင်္ကာ က ခုချိန်ထိ သူ့အဖေနဲ့ သူမ လက်ထပ်ကြမှာပဲလို့ ထင်နေရှာ၏။

အလင်္ကာက လက်ချောင်းလေး သုံးချောင်း ထောင်လိုက်ပြီး ...

"သားတို့သုံးယောက် အတူတူနေကြရင် ဖေဖေ ဆူတိုင်း တီတီသာ ရှိရင် .."



www.burmeseclassic.com

www.burmeseclassic.com



"အလက်ာ .."

သာသာ နားမထောင်ချင်တော့ဘဲ ထောင်ထားသည့် လက် လေးတွေကို ဆုပ်ကိုင်ထားလိုက်မိကာ ...

"နှင့်အမေနဲ့ ငါ .."

"ပြောလေ .. ရန်ဖြစ်ကြတာမို့လား .."

"ဘာမှ မဟုတ်ဘူး .."

နောက်ထပ် နာရီ ငုံ့ကြည့်မိကာ ...

"အချိန်တွေတောင် ကြာကုန်ပြီ .. ငါတို့ ဘယ်လိုလုပ်ကြ

"တီတီသာ .."

"ဟင်!..."

"မေမေ သိရင် တီတီသာ့ ကို ထပ်ဆူလိမ့်မယ်.. သားတို့ရဲ့ ကင်မရာက ဈေးကြီးပေမယ့် ပြန်မယူပါနဲ့တော့ .. ပြီးတော့ အ မရာအကြောင်း မေမေလည်း သိပြီးပြီ ဥစ္စာ .."

"ဟဲ့ .. ကင်မရာကို ငါတို့က ထားလိုက်နိုင်ပေမယ့် အတိုအထွာပစ္စည်းတွေရော .. ဒီကင်မရာကိုပါ ဦးဒေဝတာကြီး ထားတာ ငါတို့အတွက် ဘယ်လောက် အန္တရာယ်ကြီးသလဲ နင် လား .."

"ဟင့်အင်း .."

အလက်ာ က ကလေးပဲမို့ လူကြီးတွေလိုတော့ အကုန်အ မလည် ...၊

သာသာ က ပြတင်းပေါက်တံခါး ဖွင့်၍ အောက်ကို သည်။

ပြီးတော့ ပြန်လှည့်လာပြီး စောင်တွေ အကုန်ထုတ်ချကာ ချက်ကြည့်လိုက် .. ပြတင်းပေါက်ကို သွားငုံ့ကြည့်လိုက်နှင့် လည်း မပျက်ဘဲ ...





"နောက်ပြီး အန်တီ တင်လေးသွယ် မက်ဆေ့ချ်ပို့ထားတဲ့ပုံစံက လာယူစေချင်တာထက် ပြောစရာ တစ်ခုခုလည်း ရှိနေတာ သိသာ .."

ကလေးကို မပြောဖြစ်ပေမယ့် ဟိုတစ်နေ့က ကားချင်းနီးသွား လှမ်းကြည့်သွားသည့် မျက်လုံးထဲက စကားတွေကို မကြားရပေ နားလည်နေမိသည်။

"တီတီသာ .. ပရော်ဖက်ဆာကြီး က ရှူးနေတာလား ဟင် .."

သူမ စောင်တွေ ဆက်ထုံးနေကာ မြင်တာနှင့် အလက်ာ က နား သွားကာ သူ့ပါ ဝိုင်းကူသည်။

ပြီးတော့ မဆီမဆိုင် မေးခွန်းထုတ်၏။

"ရူးတယ်ဆိုတာ အသိစိတ် မရှိတော့ဘဲ ပြောချင်ရာ ပြော င်သလို နေတော့တာလေ .. ဒီလူကြီးက အဲ့ဒါမျိုးတော့ မဟုတ် ားပေါ့ ..၊ ဆရာဝန်ဖြစ်ရတာတောင် အားမရဘဲနဲ့ သူ့ကိုယ်သူ ားရုပ်ရှင်တွေထဲက ခွဲစိတ်ပါရဂူကြီးတွေလို တခမ်းတနား ထင် ာ ..၊ ဘာမှလည်း မဟုတ်ဘူး .."

"ဘာမှ မဟုတ်ဘူးလား .."

"ဘာမှမဟုတ်လို့ ဘယ်ဆေးခန်းမှာမှ မထိုင်တာပေါ့ .. အဲဒီ တ်တော်ရင် သူ့မျက်နှာကြီးကို အိမ်မှာပဲ အချိန်တိုင်း မြင်နေရပ္ .."

ဦးဒေဝတာ အကြောင်းကို သာသာ တို့လည်း ပတ်ဝန်းကျင်ပြော ထင်မြေကြးတွေလောက်ပဲ သိထားကြတာ ဖြစ်သည်။

"မြန်မြန်လုပ် .. ချိန်းထားတာ အချိန်ကျော်နေပြီ ..၊ ငါတို့က ခြံထဲ ကျူးကျော်ဝင်ရမှာ .."

"ခုဟာက အိမ်ပိုင်ရှင်က ခေါ်တာပဲ တီတီသာ့ ကလည်း .."

အရေးထဲမှာ သူက လူတတ်ကြီးလုပ်ပြီး ပြောနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တင်လေးသွယ် ဆီက မက်ဆေ့ချ် ရောက်လာတော့ သူ
တအံ့တသြကြီး ဖြစ်နေခဲ့ကြ၏။

ဒီပုံစံမျိုး ခေါ်ပြော ပို့ယူနေရလောက်အောင် ဆက်သွယ်မှု ရှိ
တာလည်း မဟုတ် ...။

ထို့ကြောင့် အလက်ာ နဲ့ သူမ မက်ဆေ့ချ်ဖတ်ရင်း ခေါ်ထား
နေရာကို အရောက်သွားဖို့ တိုင်ပင်နေကြတာ ဖြစ်သည်။

တိုင်ပင်နေတုန်းမှာ ဆောင်းဦးနိုက် ရောက်လာတာမို့ ဘယ်
ထွက်မယ် .. ဘယ်လိုပြန်မယ်ဆိုတာတွေထိ ဘာမှမပြောဖြစ်လိုက်

ရှောင်တခင် ကြံစည်လိုက်ခြင်းကြောင့် ဇောင်တွေရော .. ကြ
ပါ ဆက်ထုံးဖွဲ့ကာ ပြတင်းပေါက်ကနေ တွယ်ဆင်းရသည့်အပြ
ရောက်လျက် ...။





အခန်း (၃၃)

"ဟော .. သားလည်း မအိပ်သေးဘူးလား .."

"ဟုတ်ကဲ့ .."

ဆောင်းဦးနိုက် က သာသာ တို့ အိပ်သည့်အခန်းကို လှမ်းကြည့်
..

"သာသာ တို့ တူဝရီး တစ်ခါမှ ထွက်မလာကြဘူးလား အန်တီ.."

ခေါ်ချိုမြလွှင် မျက်နှာမကောင်း ဖြစ်သွားကာ ကိုင်ထားသည့်
တစ်ခြင်းလေးကို ရင်ခွင်ထဲမှာ ပိုက်လိုက်ရင်း ...

"သူ ဆက်အိပ်မယ်လို့ ပြောသွားတာပဲ သားရယ် .. ညလယ်စာ
ပဲ ထစားမယ်တဲ့ ...၊ မြေးလေး စားတဲ့ ကွတ်ကီးတွေလည်း အခန်း
ရှိတယ်လို့ ပြောတယ် .."

"သားကို မိုးမချုပ်ခင်တုန်းက ကျွန်တော် အပြင်မှာ ကြေးအိုး
တွေ့ထားသေးတယ် ...၊ သာသာ တံခါးမဖွင့်ဘဲနေတော့ သူ
ည်းပြီး 'စ'ကောက်သွားတာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ပြီးတာပဲကွယ် .. အန်တီက ဖြေးလေးအတွက်ပဲ စိ... နေတာ .. တော်ကြာ ကလေးက သူ့အပေါ် စိတ်ဆိုးနေမှန်း သိ... မပြောရဲ မဆိုရဲနဲ့ ညစာ မစားရဘဲ နေမှာလေ .."

"သာသာ စောစောပိုင်းက ဘာစားထားလဲ အန်တီ .."

"ဟင်!..."

ဆောင်းဦးခိုက် သာသာ့ ကို စိတ်ပူလို့ မေးနေတယ် မထင်ခဲ့...

တစ်ချိန်လုံး စီးကရက်တွေ ထိုင်သောက်ပြီး ဘာအလုပ်မှလည်း မလုပ်ဘဲ ဝရန်တာ ထွက်နေလိုက် .. ပြန်ဝင်သွားလိုက်နှင့် ...

"အဲဒီကောင်မလေးက အဆာလွန်အောင် နေရင် တစ်ချိန်... ဘာမှ မစားတော့ဘူး .. ခဏခဏဆိုရင် ရောဂါရလာလိမ့်မယ် .."

"အန်တီလည်း ပြောတာပဲ သားရယ် .. ဒီတစ်ခါ သား ဆူလို... တာကို သူ တော်တော် ဝမ်းနည်းသွားတဲ့ပုံပဲ .."

ဘာဖြစ်ကြတာလဲလို့ မမေးပေမယ့် မေးလိုက်တာပဲမို့ ဆောင်း... ခိုက် မျက်နှာ မသိမသာ ငှဲ့သွားသည်။ ပြီးမှ ...

"ကျွန်တော့်ဘက်ကတော့ ထားခဲ့တဲ့ စေတနာအတိုင်းပါပဲ အန်... ရယ် .. သူ အထင်လွဲသွားတာပါ ..၊ ဟိုနေ့က သားကို ကြိုပြီး ပြန်... ကျတော့ စားသောက်ဆိုင်မှာ အမြင်မတော်တာတွေ့လို့ ဆူလိုက်... တယ် .. အဲဒါကို သူ စိတ်ဆိုးသွားတာ .."

ဒေါ်ချိုမြလွင် က ခပ်လေးလေး ခေါင်းညိတ်၏။ ပြီးတော့ ... သက်ရှိုက်ရင်း ဆောင်းဦးခိုက် မျက်နှာကို ပြန်ကြည့်ကာ ...

"သမီးလေးက ခုလိုမျိုး ပေါက်ကွဲရတဲ့အထိ တစ်ခါမှ ... မကြိုးခဲ့ဖူးဘူး .."

ပြောရင်းနဲ့ ပိုက်ထားသည့်ခြင်းထဲကို ငုံ့ကြည့်သည်။ ခြင်းထဲ... ပျက်စီးကုန်သည့် ပစ္စည်းတွေထဲကနေ အမှိုက်လို မပစ်လိုက်နိုင်သ... ပစ္စည်းတချို့ကို ရှာဖွေ စုဆောင်းလာခဲ့တာ ဖြစ်၏။





ဆောင်းဦးခိုက် က ခြင်းထဲကို လိုက်ငုံ့ကြည့်ရင်း ကွဲနေသည့် ...သော ဖန်အစတွေကို ကောက်ယူထားလိုက်ကာ ...

"ဟုတ်ပါတယ် .. ကျွန်တော် မှားသွားတာပါ .. ကိုယ်က မမှား... ထင်ခဲ့ပေမယ့် သူ့ရင်ထဲမှာ ဘယ်လို လက်ခံထားခဲ့သလဲဆိုတာ ...မထားမိခဲ့ဘူး .."

မီးရောင်ဖွေးဖွေး၏အောက်မှာ ရေညှိစိမ်းရောင် ပုတ်ပုတ်မည်း ...နှင့် ဆွယ်တာလည်ကပ် လက်ရှည်သည် ဆောင်းဦးခိုက် ရဲ့မျက်နှာ ...၍ ဖြူဝင်းနေအောင် အနားသတ်ပေးသလို ရှိ၏။

ထူနက်သောမျက်ခုံးတန်းတို့က မသိမသာ တွန့်နေလျက် သာသာ ...အခန်းဆီ ငေးရင်း ...

"ကျွန်တော် နောက်တစ်ခု ထပ်မှားသွားတယ် အန်တီ .."

"ဘယ်လို!..."

"ကျွန်တော် ပြောသင့်လို့ ပြောခဲ့တာပေမယ့် သူ စိတ်နာသွားမယ့် ...လုံးတွေပါ .."

ဒေါ်ချိုမြလွင် မျက်လုံးအဝိုင်းသားနှင့် နားစွင့်နေခဲ့၏။ ဒါပေမယ့် ...ဆောင်းဦးခိုက် ထံမှ နောက်ထပ် ဒီအကြောင်းအရာကို ပြောမလာတော့ ...

"ဒါပေမယ့် ခုချိန်မှာ သူ ဘာမှ အပြောခံမှာ မဟုတ်ဘူး ..၊ ...ထပ်ဖို့ကိစ္စကိုလည်း .."

"သားရဲ့ခေါင်းထဲက ထုတ်လိုက်ပါကွယ် .."

"ဗျာ!..."

"အန်တီတို့က တစ်ခါဆိုရင် နားလည်တတ်တဲ့လူမျိုးတွေပါ ..၊ ...တစ်ခါ မှားတာကို ပြင်ဆင်ချိန် မရလိုက်ဘူးဆိုရင်တောင်မှ ...ယတစ်ခါဆိုရင်တော့ ပြင်ဆင်ဖို့ မလိုအောင် ဂရုစိုက်ရမှာလေ .."

ဆောင်းဦးခိုက် မျက်နှာက စိုးရိမ်ခြင်းတွေကို ဒေါ်ချိုမြလွင် မမြင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ပါ။ အကြိမ်ကြိမ် ငြင်းပယ်ခံနေရခြင်းအတွက် ရှက်စိတ် သာ ဖြစ်နေကာ ...

"သမီးကြီးနဲ့တုန်းက သားတို့အိမ်ထောင်ရေး အဆင်မပြေ သိရက်နဲ့ အမှတ်တမဲ့ နေခဲ့မိတယ် .. သမီးငယ်နဲ့ လက်ထပ်ဖို့ အန်တီတို့ပဲ ထပ်ပြောခဲ့မိတာ .."

ခင်နေကြတုန်းတည်းက 'ဦး'နဲ့ 'အန်တီ'လို့ ခေါ်ခဲ့တာကို သမီးကြီးနဲ့ လက်ထပ်ပြီးတဲ့အထိ 'အမေ .. အဖေ'လို့ ခေါ်ရမှန်း လို့လား ..။

မိတ်ဆွေ အသိုင်းအဝိုင်းတွေ ရှေ့မှာ 'ဦး'တွေ .. 'အန်တီ' ပြောဆိုလာတိုင်း သမက်နဲ့ယောက္ခမ ဖြစ်နေတဲ့ ကိုယ့်အဖြစ်ကို ပူခဲ့ရ၏။

ဒါပေမယ့် ကိုယ့်သမီးကလည်း သူ့မိဘကို 'ဦးဦးဇင်' .. ' ချော' လို့ ခေါ်ခဲ့တာကို မပြောင်းလဲခဲ့တာမို့ ဘာမှ မပြောသာ

ကိုသန့်ဇင် ကတော့ ပြောခဲ့သေးသည်။

"သူတို့ချင်း မခင်တွယ်တာ မဟုတ်ဘူး .. မချစ်နိုင်ကြတာ မဟုတ်ပါဘူး ..။ မပူပါနဲ့ .. သူငယ်ချင်းချင်းဆိုတော့ မာနတွေ ဘယ်သူ အလျှော့ပေးလာမလဲ မဲတင်းနေကြတာပါ ..။ တစ်ဖက် လျှော့လိုက်ရင် ပြီးပြီ" တဲ့ ..။

တကယ်တမ်းဖြစ်လာတော့ သမီးကြီး သေဆုံးသွားခဲ့တဲ့အထိ ထောင်ရေးက အချစ် မပါခဲ့ပေ ..။

ဆောင်းဦးခိုက် ရဲ့ တစ်ယူသန်စိတ်ကို မှတ်မှတ်သားသား တာ ကိုယ့်အပြစ်ပဲ မဟုတ်ဘူးလား ..။

ဒေါ်ချို့မြလွင် ငိုင်တွေနေပြီး အတော်ကြာမှ ...

"အဲ့ဒါကြောင့် အခု သမီးငယ်နဲ့ ပတ်သက်တာအားလုံးကို မင်း .."





"ကျွန်တော် တာဝန်ယူပါရစေ အန်တီ .."

"ဟင်!..."

"သာသာ့ ကို ကျွန်တော် လက်ထပ်ချင်တယ် .. အဲ့ဒါ သား အတွက် အဆင်ပြေမှာ ပါပေမယ့် တခြား ဘာမှမပါဘဲ ကျွန်တော်ကိုယ် ဘိုင် လိုလားတောင့်တကဲ့ဆန္ဒနဲ့ ပြောတာပါ .."

စပြောလာသည့် စကားတွေကတော့ ဒီလိုမျိုး တောင်းဆိုလာမယ့် ပုံ မရှိခဲ့ဘဲ ...

"လက်ထပ်ဖို့အတွက် လောလောဆယ် မစီစဉ်စေချင်တာက သာသာ့ ရဲ့စိတ်ကို ကျွန်တော်ကိုယ်တိုင် လွှမ်းမိုး ပိုင်ဆိုင်နိုင်တာ မဟုတ် ဘဲ တစ်စုံတစ်ရာကြောင့် အပိုင်ရလိုက်တာမျိုးကို မလိုချင်တာ ..။ သဲသာ နဲ့ အိမ်ထောင်ရေးအတွက် ကျွန်တော့်ဘက်က မှားခဲ့တာရှိရင် တောင်းပန်ပါတယ် ..။ သာသာ့ ကိုတော့ အဲဒီပုံစံနဲ့ လက်မထပ်ချင် ဘူး .. သူရော .. ကျွန်တော်ရော ချမ်းမြေ့သာယာစွာနဲ့ လက်တွဲချင် တယ် ..။ အဲ့ဒါကြောင့် သူ ကျေနပ်လာတဲ့အထိ ကျွန်တော့်ကို သူကိုယ် တိုင်က ကြည်ဖြူနှစ်သက်လာမယ့်အချိန်ထိ ကျွန်တော်ပဲ ကြိုးစားချင် တယ် .."

ဒေါ်ချို့မြလွင် စိတ်ချမ်းသာသွားသည့်ရင်ထဲမှာ ခေါင်းတညိတ် ညိတ် ဖြစ်လာခဲ့ခြင်းက အဖြေပေးနေသလိုပင် ..။

"တခြား ဘယ်သူ့ပယောဂ .. ဘယ်သူ တိုက်တွန်းတာမှ မပါဘဲ ကျွန်တော်တို့ချင်း နားလည် နှစ်သက်ကြတာမျိုး .."

"အင်းလေ .. အန်တီ ကျေနပ်ပါတယ် ..။ သား ရင်ထဲမှာ ဒီလို ရှိနေတယ်ဆိုရင် အန်တီတို့က ဘာမကျေနပ်စရာ ရှိမှာလဲ ..။ ဖြစ်နိုင်ရင် သမီးလေးကို စိတ်ဒုက္ခပေးမိတာမျိုး ထပ်မလုပ်ချင်ဘူး ..။ အန်တီတို့ ကြောင့် နောက်ထပ် သမီးတစ်ယောက် ဘဝသေတာမျိုး မဖြစ်ဖို့ပါ.."

ဆောင်းဦးခိုက် မျက်လွှာချ၍ ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပျက်သုန်းခဲ့ရသည့် အိမ်ထောင်ရေးဟာ နှစ်ယောက်စလုံး ရှိနေရင်တော့ အများအမှန်တွေက ဒီတိုင်း လွန်ဆွဲနေကြဦးမှာပေမယ့် သေတဲ့သူက သေသွားခဲ့ပြီမို့ ဘာပဲဖြစ်ဖြစ် ကိုယ်သာ အလွန်ပါပဲ ..။

ထို့ကြောင့် ဒေါ်ချို့မြလွင် ပြောနေတာတွေအပေါ် သူ့မှာ အပြစ်ရှိသူလို မျက်နှာငယ်စွာ ခေါင်းငုံ့နေရုံမှ လွဲ၍ ...

"ပြီးတာတွေလည်း ပြီးပါပြီ သားရယ် .. အခု သားတို့ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမယ်ဆိုရင် အန်တီတို့က ဝမ်းသာပါတယ်..။ မနက် ကျောင်းသွားရဦးမှာမို့လား .. သား စိတ်ဖြောင့်ဖြောင့် အိပ်ပါ..။ အန်တီလည်း အိပ်တော့မယ် .."

ဒေါ်ချို့မြလွင် က အရင် နှုတ်ဆက်ပြီး ထွက်သွားဖို့ ပြင်ရင်း ...

"ဖုန်း သား ယူထားလိုက်မလို့လား .."

"ဟုတ်ကဲ့ .. ကျွန်တော် ပြင်ကြည့်လိုက်မယ်လေ .."

"အေး .. အေး .. အန်တီက မနက် မင်းဦးလေး အလုပ်သွားရင် ထည့်ပေးလိုက်ပြီး ပြင်ဆိုင် ပို့မလို့ .. ဖုန်းက အရမ်းကောင်းတော့ ပစ်လိုက်ရမှာ နှမြောစရာကြီး .."

ဆောင်းဦးနိုက် ဖုန်းအကွဲကို လက်တစ်ဖက်ထဲမှာ ကိုင်ထားရင်း အခန်းထဲ ပြန်ရောက်လာ၏။ ပူလောင်နေသည့်ရင်ထဲမှာ ဒီလောက်မွှေနေတဲ့ ည ...၊

ဒီတစ်ညလုံး သူ့ကို အိပ်စက်ခွင့်ပေးတော့မှာ မဟုတ်ပေ ..။ ဒါဟာ အချစ်ရဲ့ ပူလောင်ခြင်းဆိုလျှင် သူ သာသာ့ ကို ဘယ်လောက်ထိ ချစ်မိနေသလဲ ..။

ဖုန်းကို စိမ်ပြေနပြေ ကိုင်တွယ် တပ်ဆင်နေရင်း စိတ်က အိပ်စက်ခြင်းကို မဟုတ်ဘဲ ရောက်ချင်ရာ ရောက်နေခဲ့၏။

သေချာကြည့်တော့ ဖုန်းက ဘာမှ သိပ်မဖြစ်သည်မို့ သူ့လက်ထဲမှာပဲ မကြာခင် အကောင်းတိုင်း ပြန်ဖြစ်သွားခဲ့သည်။





နည်းပညာပိုင်းနဲ့ ပတ်သက်သမျှအပေါ်မှာ လေ့လာလိုက်စားခဲ့သည့် အကျိုးကျေးဇူးတွေက ဘယ်နေရာမှာဖြစ်ဖြစ် ဆောင်းဦးနိုက်တို လူတွေ ဦးတိုက် လေးစားကြရသော ပညာရှင်ရောင်ပဲ ဖြစ်လေသည်။

ဒါပေမယ့် ...

"သာသာ ကတော့ အထင်ကြီးဖွယ်တွေ အရမ်းပြည့်ဝနေတဲ့ ဘိုကို့လိုလူကို မမက်ဘူး .." တဲ့ ..။

သာသာ့ မျက်နှာလေးကို မြင်ယောင်ကာ သူ့နှုတ်ခမ်းတွေ ခပ်လွန့်လွန့် မဲ့သွား၏။

ဖုန်းကို ဒီတိုင်းချထားလိုက်ပြီး ကုလားထိုင်မှာ ပက်ခနဲ မှီ၍ စီးကရက်တစ်လိပ် ထပ်ညှိသည်။

'မင်းကို ဖွင့်မပြောဖြစ်တဲ့ စကားတွေထဲမှာ အဲဒါလည်း ပါတယ် သာသာ ..'

'မင်းက မမက်ပေမယ့် မင်းကို ငါ မက်မောတယ် ..၊ အဲ့ဒါကြောင့် ..'



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

"မက်မနေပါနဲ့ တီတီသာ ရာ .. အဲဒါကြောင့် ပြောတာပေါ့ - ထားလိုက်ပါတော့ဆိုမှ .."

"တိတ်တိတ်နေစမ်းပါ .. ညက တိတ်ဆိတ်နေရတဲ့ကြားထဲ -"

သူမျှားခြံထဲကိုတော့ ချဉ်းနင်းဝင်လာခဲ့မိပြီ .. ဒါပေမယ့် ရေစင်ကြီးရဲ့အောက် ဆိုတာမှာ ဒေါ်တင်လေးသွယ် ရှိမနေခဲ့ပေ ..။

"ဟော .. ဟိုအခန်းမှာ မီးလင်းလာပြီ .. ပရော်ဖက်ဆာကြီး ထွက်လာလိမ့်မယ် .. သွားရအောင်လေ .."

"နေစမ်းပါ .. ဟိုမှာ မီးပြန်မှိတ်သွားပြီ တွေ့လား .."

အလက်ာ့ လက်ကို ဖိဆွဲထားရင်း မှောင်ရိပ်သိပ်သည်းနေသည့်ဘက်ကိုပဲ တိုးကပ်သွားမိ၏။ အရင်ဆိုရင် အလက်ာ ဆိုတဲ့ ကောင်လေးဟာ အရမ်းကို စပ်စပ်စုစု သိချင်တဲ့ ကလေးပါ ..။

ခုကျမှ သူ့အဖေနဲ့ သူမ ထပ်ပြီး ရန်ဖြစ်ကြမည်လို့ စိတ်ပူကာ စိုးရိမ်တတ်နေတာ ဖြစ်၏။ ဒါကို သိထားတော့ သာသာ က သူ့လက်ကိုပဲ ဖိဆွဲထားကာ ...





"အသံတစ်ခုခု မကြားဘူးလား .. နားစိုက်ထောင်ကြည့် .."

နားနားလေး ကပ်ပြောလိုက်လျှင် အလက်ာ က နားစွင့်သွားပုံလေးနှင့် ...

"ကြားတယ် .. မော်တာသံလား .. ဘာသံကြီးလဲ မသိဘူး .."

"စကားပြောသံရော .."

အလက်ာ က ခဏ ငြိမ်သွားပြန်ကာ ...

"မဟုတ်ဘူး တီတီသာ .."

သူမ သေချာအောင် နားစိုက်ထောင်နေမိစဉ် တံခါးဖွင့်လိုက်တာလား ဘာသံမှန်း မသိသော အသံတစ်ချက်နှင့်အတူ ...

"ဟုတ်တယ် .."

ထိုအသံရဲ့နောက်မှာ ငိုညည်းသံသဲ့သဲ့ကို ခဏပဲ ကြားလိုက်ရကာ ဓာတ်မီးရောင်တစ်ချက် ဒီဘက်ကို ပြေးလွှား ဝေ့လာ၏။

ဟိုလူကြီး ထွက်လာပြီ ...၊

"လာ .."

ဒီနေရာတွေက သူမ သွားလာနေကျမို့ ဘယ်နေရာမှာ ဘယ်လို အချိုးအကွေ့ရှိသည်ဆိုတာ သာသာ အားလုံး သိသည်။

ဓာတ်မီးရောင် ဒီဘက်ကို နီးမလာမီ အလက်ာ့ လက်ကိုဆွဲ၍ မှောင်ရိပ်ခိုရင်း နောက်ဖေးဘက်ကို ပတ်ပြေးခဲ့ရ၏။ လက်စသတ်တော့ ဒီလူကြီး တံခါးဖွင့်လိုက်လို့ အထဲက အသံတစ်ချက် ပိပိပြင်ပြင် လွင့်လာသည်ပဲ။

ထိုအသံ ကြားလိုက်တည်းက ကိုယ့်ဘက်ကို ပြေးကူးသွားလိုက်လျှင် မီသေးသည်။

ခုတော့ ဒေါ်တင်လေးသွယ် နဲ့ တွေ့ရမှာ မဟုတ်တော့တာ သေချာသွားပြီပေမယ့် သူမတို့တိုက်ကြီးရဲ့နောက်ထဲကို ပြေးဝင်ခဲ့ရင်း ကိုယ့်ခြံနဲ့ ဆေးကွာလာခဲ့ပြီ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"တီတီသာ .. ခတ်မီးရောင်က ဒီဘက်ရောက်လာပြီ ..၊ ရှေ့မှာ မှောင်နေတာပဲ .. သားတို့ ဘယ်လိုလုပ်မလဲ .."

"နင်က ကြောက်နေပြီလား .."

"သားက ဒီလူကြီးကို မကြောက်ပါဘူး.. မေမေ ဆူမှာပဲ ကြောက်တာ .."

"ဘာမှကြောက်မနေနဲ့တော့ .. ရှေ့မှာ သံပန်း မတပ်ထားတဲ့ တံခါးတစ်ချပ် ရှိတယ် .. အဲဒီ ဆလိုက်တံခါးက အထဲကလည်း သော့ပျက်တော့ ငါ ဖွင့်လို့ ရနိုင်တယ် .."

"တီတီသာ ကလည်း .. ခုလောက်ဆို ပြင်ပြီးပြီနေမှာပေါ့ .. ဟိုတစ်ခါ မှန်ကွဲသွားတာတောင် ချက်ချင်း မှန်လဲလိုက်တာဆို .."

"တိတ်တိတ်နေစမ်းပါ အလကား ရယ် .. နင် မကြောက်ဘူးမို့လား ..၊ ပါးစပ်ပိတ်ပြီး ငါ့နောက် လိုက်ခဲ့ .."

ကိုကို ပြောတာလည်း သိပ်တော့ မမှားဘူးဆိုတာ ပြေးလွှားနေရင်း တွေးမိလာသည်။ သူမကိုက စပ်စု စွန့်စားရတာကို ဝါသနာကြီးနေတာ မှန်နေလေသည်။

ပြေးလွှားနေရတဲ့အထိ ကျဉ်းထဲကျပ်ထဲ ရောက်နေတာတောင် ကြောက်လန့်စိတ်က ထင်သလောက်တော့ မဖြစ်ခဲ့ပေ ..၊ ဦးဒေဝတာကြီး က ဘာကို ဘယ်လို မသင်္ကာဖြစ်ပြီး ထွက်လာရှာဖွေနေမှန်း မသိပေမယ့် သူမတို့ကို အထဲကို မောင်းသွင်းနေသလို ဖြစ်နေခဲ့လျက် –

"အ!..."

"ဘာဖြစ်တာလဲ .."

"ခြေထောက် ဘာနဲ့တိုက်မိတာလဲ မသိဘူး .. ခတ်မီးမထိုးလိုက်နဲ့နော် .."

အလကား ခတ်မီးကိုင်ထားသည့်လက်လေးကိုပါ ဆုပ်ကိုင်ထားလိုက်ရကာ ...





"လာ .. ဟိုလူကြီး လိုက်လာပုံက ဒီဘက်ကိုပါ ရောက်လာနိုင်တယ် .."

"ရောက်လာတာ မဟုတ်ဘူး .. ဟိုမှာ လာနေပြီ .."

ရင်ထဲမှာ ဒိန်းခနဲတော့ ဆောင့်ခုန်သွား၏။ ပြတင်းပေါက်က ယောက်ျားတစ်ရပ် ကျော်သည်။ ဒါကို ကိုယ့်အရပ်နဲ့ မီဖို့ .. ဖွင့်ဖို့အတွက် အချိန် ဘယ်လိုမှ မရနိုင်တော့မှန်း သိလိုက်၏။

ဒီတိုက်ကြီးကို ကွေ့ပတ်ပြေးနေရုံနဲ့ ကိုယ့်ခြံဆီကို ဖောက်ထွက်ရောက်ရှိသွားနိုင်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပေ ..။

ဆုပ်ကိုင်ထားမိသည့် အလကား့ လက်လေးကို ခပ်ဖိဖိညှစ်ရင်း စိုးရိမ်စိတ်တွေ ဝင်လာခဲ့သည်။ ကိုယ့်တစ်ယောက်တည်းဆို ကိုယ့်အတွက် ပူတာ မပူတာက ကိုယ့်အလုပ် ..၊

အခုက ကလေး ပါနေသည်။ မျက်နှာတင်းတင်းနှင့် ကိုကို့စကားသံတွေကို ပြန်ကြားကာ ဘယ်လိုလုပ်ရမလဲဆိုသည့် ပူလောင်မှုက လူကို အငွေ့ပျံသွားမလား မှတ်ရသည်။ ထိုစဉ် ...

"ကလောက် .."

အသံပျော့ပျော့တစ်ချက်နှင့်အတူ သေးမျှင်သော အလင်းတန်းလေးတစ်ခုက ကြိုကြားက တစ်နေရာမှ ဖြောင့်တန်းစွာ ဖြာကျလာ၏။

နောက်ဖေး အဆင်းတံခါး ပွင့်သွားပြီး ...

သာသာ ခေါင်းထဲမှာ အန်းခနဲ မြည်သွား၏။

အထဲက ဘယ်သူထွက်လာမှာလဲ ..၊

ဒေါ်တင်လေးသွယ် သာ မဟုတ်ခဲ့လျှင် ရှေ့နဲ့နောက် ညှပ်ပူးညှပ်ပိတ်ကြားမှာ သူမတို့အဖြစ်က ...

"တီတီသာ လာနေပြီ .."

ဦးဒေဝတာ ၏ ခတ်မီးရောင်က ဒီဘက်ထိ ဝေကျလာ၏။ ရှေ့တို ပြန်ကြည့်တော့ နောက်ထပ် မည်သည့်လှုပ်ရှားမှုမှ ထပ်ရှိမလာ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် နီးရာဓားကို အရင်ဆုံး ရှောင်ရှားရန် သာသာ ရှေ့ကိုပဲ မိုက်မိုက်ကန်းကန်း တိုးခဲ့၏။

အလင်္ကာ က အခြေအနေကို နားလည်နေကာ စကားသံလည်း မထွက်ရဲ ..၊ ညှပ်ပူးညှပ်ပိတ်ကြားမှာ သာသာ ဘာလုပ်တော့မည်ကို သိလိုက်ပေမယ့် မော့ကြည့်ရုံသာကြည့်ပြီး ဘာမှ မမေးပေ ..။

တံခါးကို နည်းနည်းတွန်းလိုက်တော့ တံခါးပွင့်သွားသည်။ ခဏစောင့်ပေမယ့် အထဲက လှုပ်ရှားမှုတစ်စုံတစ်ရာမှ မရှိသဖြင့် နှစ်ယောက်စလုံး ကမန်းကတန်း ဝင်လိုက်၏။

အချိန်သည် သီသီလေးပဲဖြစ်ကာ ခတ်မီးရောင်က တံခါးနားထိ ရောက်လာခဲ့သည်။ သူမ စိတ်ကူးမိလိုက်သလို တံခါးပွင့်နေမှန်း ရုတ်တရက် မသိအောင် အထဲက တစ်ခုခုနဲ့ ပြန်ခုပြီး ပိတ်လိုက်ဖို့လည်း အကောင်အထည် မဖော်နိုင်တော့ပေ ..။

အလင်္ကာ့ လက်လေးကိုပဲ မလွှတ်တမ်း ဆုပ်ကိုင်ထားကာ တံခါးကနေ လှမ်းမမြင်နိုင်သော ကွယ်ရပ်တစ်ခုကို အပြေးအလွှားရှာပြီး ပုန်းဝင်နေလိုက်၏။

အထဲမှာ တစ်စုံတစ်ယောက်မှ ရှိမနေဘဲ တံခါး အလိုအလျောက် ပွင့်သွားခြင်းသည် သူမတို့အတွက် နတ်သိကြားတွေ ကြည့်ရှုစောင်မလိုက်သလိုပါလားလို့ တွေးလိုက်မိစဉ် ...

"ဟင်!..."

"ဟာ!..."

ဒေါ်စိုးစိုး ..၊

သာသာ ထိတ်လန့်သွားပေမယ့် အလင်္ကာ သတိလက်လွှတ် ထအော်လိုက်မှာကို စိုးရိမ်ကာ ပါးစပ်လေးကို လက်နဲ့ဖမ်းအုပ်ထားလိုက်၏။

အလင်္ကာ သူ့ပါးစပ်ကို အုပ်ထားသည့် သာသာ့ လက်ပေါ်ကနေ ထပ်အုပ်ကိုင်ကာ မျက်လုံးလေး ဝိုင်းလည်နေအောင် ထိတ်လန့်သွား၏။





ဒေါ်စိုးစိုး သည် သူတို့နှင့် မျက်နှာချင်းဆိုင်က တံခါးဖွင့်နေသော ...န်းထဲကနေ မားမားကြီး ရပ်ကြည့်နေ၏။ မျက်လုံးအစုံသည် ရှူးရဲ ...င်လက်လွန်းကာ အနီရောင်သမ်းနေသလား ထင်ရ၏။ ပြီးတော့ အပြာရောင် မီးရောင်ဖျော့ဖျော့မှာ သူမ အသားရောင်က ...း ဖြူဖပ်ဖပ် ပြာတာတာကြီး ဖြစ်နေသည်။

မျက်နှာချင်းဆိုင် စူးစိုက်ကြည့်နေမိကြကာ သာသာ သည် မထူး ...ိုက်၍ အသက်အောင့်ထားမိလျက် ..၊ ဒေါ်စိုးစိုး ကလည်း ဒီတိုင်း ...ကြည့်နေပေမယ့် လှုပ်ရှားမှုလည်း မရှိ ..၊ အသံလည်း မထွက် ..။ ဦးဒေဝတာ သည် တံခါးကို တွန်းဖွင့်၍ ဝင်လာ၏။ ခတ်မီးနဲ့ ...ဒီထိုးလုပ်ကာ တံခါးဖွင့်နေတာကို ပြန်ထိုးကြည့်သည်။ ပြီးတော့ မီးဖွင့်လိုက်၏။

"ဒီတံခါးက ဘာထဖြစ်ရတာလဲ ..၊ တောက်!..."

ခကျေမနပ်ပြောနေရင်း တံခါးအပြင်ကို ဘယ်သူထွက်တာလဲ ...ည့်ပုံစံနှင့် အပြင်ကို ခေါင်းထွက်ကြည့်၍ ခတ်မီးနဲ့ ထိုးနေသည်။ သာသာ တို့က ကွယ်ရပ်နေရာမှဖြစ်ရာ ခတ်မီးရောင် ဖွေ့လာပေ...ည်း သူမတို့ဆီကိုတော့ မရောက်ပေ ..၊ ဒါပေမယ့် စိုက်ကြည့်နေ ... ဒေါ်စိုးစိုး ကတော့ လက်ညှိုးထိုးတော့မှာ ဖြစ်သည်။ ...မိန်းမကြီးကလည်း သူ့သားနဲ့ အလင်္ကာ စကားပြောတာတောင် ...ခဲ့တာ မဟုတ် ..၊

သာသာ အလင်္ကာ့ ပါးစပ်ကို အုပ်ထားသည့်လက်ကို ခပ်ဖြည်း ...လွှတ်ကာ လက်ကောက်ဝတ်လေးကို ပြောင်းကိုင်လိုက်သည်။ ...ဘယ်လိုအခြေအနေပဲရှိရှိ တတ်နိုင်သမျှတော့ လွတ်အောင် ရုန်း...ရှာပဲ ဖြစ်သည်။

"...တောက်!... အလကား အလုပ်ရှုပ်တာ .."

"...ချောင်း .."



www.burmeseclassic.com

www.burmeseclassic.com



တံခါးကို ပိတ်ပြီးမှ ဆောင့်ကန်ပစ်သေးသည်။ ပြီးတော့ ... ကိုင်ရင်း ဒီဘက် လျှောက်လာ၏။ စတိုခန်းရှေ့ရောက်တော့ ... တောင် ပြန်စွေသွားခဲ့သေးသည်။

ဒေါ်စိုးစိုး နဲ့ မျက်နှာချင်းဆိုင်ချည်းကို မမြင်ရလောက်အော ... ဒီလူကြီး ဘာတွေ အာရုံများနေတာလဲ ..၊

ဒေါ်စိုးစိုး ကလည်း ဒီလောက် မျက်လုံးကြီးနဲ့ ကြည့်နေ ... သူမတို့ကို လက်ညှိုးထိုးမပြခဲ့ပေ ..။

"သွားပြီ .."

"ရှူး .."

အလက်ာ က ရင်ခုန်နေသည့်အသံလေးကို ထပ်၍ နှိမ့်ရ ... ကာ ...

"သားတို့ ထွက်မယ်လေ .."

"ဒီနားမှာ ဒီတံခါးပဲရှိတာ .. သော့ခတ်သွားပြီ ..၊ ငါတို့ ဘ ... လုပ် ထွက်မလဲ .."

ဦးဒေဝတာ ရဲ့ခြေသံ ဝေးကွာသွားမှ ပုလုံးနေအောင် ကု ... သည့်ကိုယ်ကို ခါးမတ်မတ်ဆန့်နိုင်ခဲ့လျက် ...

"ဟိုထဲမှာ ဒေါ်စိုးစိုးကြီး ရှိသေးတယ် ..၊ ဒီအန်တီကြီး ... မတိုင်လိုက်တာ ငါတို့ဆီက တစ်ခုခု လိုချင်တာလား ..၊ ငွေညှ ... လားပဲ .. နေဦး .."

အားလုံး တိတ်ဆိတ်သွားကာ စေ့သွားခဲ့သည့် တံခါးက ... ထပ်မံ လှုပ်ရှားမှု ရှိမလာ ..။

"ထွက်လည်း မလာဘူး .."

"သူ မလာလည်း ငါတို့ ပေါ်တင်သွားတွေ့ပြီး မေးမှ ဖြစ် ... တို့ကို သူ မြင်နေပြီးမှ ဘာမှ မထူးတော့ဘူး .."

အခြေအနေကြည့်ပြီး ပုန်းနေရာကနေ ထွက်လိုက်ကြသည် ...





"တီတီသာ .. တော်ကြာ .. အန်တီ ဒေါ်စိုးစိုး က အော်လိုက်ရင် ... လိုလုပ်မလဲ .."

"အော်မယ်ဆိုရင် ခုနတည်းက ငါတို့ ပြေးပေါက်မှားနေပြီ ..၊ ... ကြာက်နဲ့ .."

စတိုခန်းက အစတည်းက တံခါးလော့ခ်မကောင်းတာလား မသိ..၊ ... ပဲ စေ့ထားခဲ့သဖြင့် သာသာ အပြင်ကနေ တံခါးကို သာသာလေး ... ွင့်လိုက်သည်။

အထဲမှာ ပြာလဲ့လဲ့မီးရောင် ရှိနေပေမယ့် ဒေါ်စိုးစိုး ကို မတွေ့..၊ ... မှာ တစ်ဖက်ကို ကူးသည့်တံခါး ဘာညာဆိုတာလည်း မရှိသဖြင့် ... ာ အံ့သြနေ၏။

ဘယ်တုန်းက ထွက်သွားတာလဲ ..၊ ဘယ်ရောက်သွားတာလဲ ..။

"တီတီသာ သွားရအောင်လေ ..၊ အန်တီကြီး အပြင်ထွက်လိုက် ... နေမှာပေါ့ ..၊ သားတို့ ဘယ်လိုလုပ် ပြန်ထွက်မလဲ .."

"အန်တီတင်လေးသွယ် နဲ့ တွေ့အောင် ရှေ့တိုးကြည့်ရမှာပဲ ..၊ မတွေ့ရင်လည်း ငါတို့ ထွက်ပေါက်တစ်ခုခု တွေ့မှာပဲ .."

"ပရော်ဖက်ဆာကြီးနဲ့ တိုးသွားရင်ရော .."

"ရှူး .. တိုးတိုး .."

သာသာ က အလက်ာ့ လက်ဖဝါးလေးကို ဆုပ်ညှစ်ပြီး သတိပေး ...

"ခုတောင်မှ လွတ်ခဲ့သေးတာပဲ ..၊ ဘာဖြစ်လို့ ကြောက်နေတာ ..."

"ကြောက်နေတာ မဟုတ်ပါဘူး .. ဒီတစ်ခါဆို ညဘက်ကြီး ... မိသွားရင် သားတို့ကို ရဲစခန်းပို့ရင် ပို့မှာ .. သားမှာ ဖုန်းပါ ..၊ ဖေဖေ့ဆီ ဆက်လိုက်ရမလား .."

"ဘာ!..."



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ဆူလည်း သား လုပ်တာလို့ ပြောပါမယ် ..၊ ဖေဖေ လိုက်လာရင် သားတို့ .."

"တိတ်တိတ်နေပါ အလင်္ကာ ရယ် .. နင် ဘာမှ မဖြစ်စေရပါ လာ .. မကြောက်နဲ့ .."

မျက်နှာချင်းဆိုင်အခန်းတွေနှင့် စင်္ကြံလမ်းလေးကနေ လွှန်း နှင့် ဧည့်ခန်းကို မဖြတ်ရဲဘဲ သူမ ခြေလှမ်းတုံ့သွား၏။

အပေါ်ထပ် မျက်နှာစာပတ်လည်မှာ ဂငယ်ပုံ ထုတ်ထား ကော်ရစ်ဒါကနေ ငုံ့ကြည့်လျှင် ဧည့်ခန်းကျယ်ကြီးကို ဒီတိုင်း မြ သည်။

ဦးဒေဝတာကြီး ဘယ်မှာရှိမှန်း မသိသဖြင့် ဖြုန်းခနဲ မထွက်ရဲ

"တောက် .. တောက် .."

နှစ်ယောက်စလုံး အသံကြောင့် ခေါင်းတွေ ထောင်သွားကြ

"တောက် .. တောက် .. တောက် .."

"လှေကားကြီးဘက်က ထင်တယ် .."

သာသာ တီးတိုးရေရွတ်ရင်း လှေကားဘက်ကို တရွေ့ရွေ့ ကပ်သည်။ ထိုအခါ တတောက်တောက်အသံကို မကြားရဘဲ ငိုရှိုက် ကြီးကို ပီပီပြင်ပြင် ကြားလိုက်ရ၏။

"ရှင် အဲ့ဒီလိုလူစားမှန်း ကျွန်မ သိတယ် ..၊ ဒါပေမယ့် ကျွန် ကျွန်မ ရှင့်ကို ချစ်လို့ အားလုံးကို မျက်စိပိတ် နားပိတ်ပြီး ရှင့်ရဲ့ဘေး နေပေးခဲ့တာ .."

စကားသံသည် ကြားရတစ်ချက် .. မကြားရတစ်ချက်ဖြစ် အပေါ်ထပ်က လာတာ သေချာသလို ဒေါ်တင်လေးသွယ် အသံဝ နေ၏။

ထို့ပြင် ဦးဒေဝတာကြီး အပေါ်ထပ်မှာရှိနေပြီမှန်းလည်း သိ ၏။





"နင် ကြောက်နေသလား အလင်္ကာ .. ဒီထဲမှာ မကောင်းတာ ခုခုတော့ ဖြစ်နေပြီ .. ငါတို့ သွားကြည့်ရအောင် .."

"ဘာ မကောင်းတာလဲ ဟင် .."

"ရှင် ကျွန်မကိုတော့ ချမ်းသာပေးပါ ..၊ ကျွန်မသားလေးနဲ့ ကျွန်မ တော့ ချမ်းသာပေးပါ အစ်ကို ရယ် .."

သာသာ မဖြေရသေးခင် ဒေါ်တင်လေးသွယ် ရဲ့ ငိုသံစွက်နေသော အသံတို့ကို ကြားလိုက်ရကာ အလင်္ကာ မျက်ခုံးလေးတွေ ပင့်သွား၏။

"ကြားလား .."

"ဟုတ် .."

"သွားမယ် .. အပေါ်ထပ်မှာလည်း နောက်ဖေးကနေ ဆင်းတဲ့ လှေကား ရှိတာပဲ .. အရေးအကြောင်းရှိရင် လွတ်အောင် ပြေးလို့ ယ် .."

"အင်း .. သွားကြည့်မယ် .."

အလင်္ကာ တက်ကြွစွာပြောသည်နှင့် သာသာ လှေကားကြီးဆီ တော့၍ ပြေးခဲ့သည်။ သို့သော် ...

"ဒေါက် .. ဒေါက် .. ဒေါက် .."

"ဟင်!..."

လှေကားရင်းမှာ နှစ်ယောက်စလုံး ခြေလှမ်းတွေ တန့်သွားကြ၏။ ဒေါက်ဒေါက်နှင့် လှေကားတစ်ထစ်ချင်းစီကို ခုန်လွှား ဖြတ်ကျော် လာသည့်အရာလေးသည် ဖန်ဂေါ်လီလေးတစ်လုံး ဖြစ်နေလျက်...

"ဒါ .."

"စိုးအောင် ဆော့နေတဲ့ ဖန်ဂေါ်လီ .."

ခြေထောက်နားထိ ကျလာပြီးမှ လိမ့်ထွက်သွားသည့် ဂေါ်လီကို သာ တို့ လိုက်ကြည့်နေမိကြသည်။ ညဉ့်၏ တိတ်ဆိတ်ခြင်းမှာ ဂေါ်လီတွေ ကျလာသည့်အသံ၊ လိမ့်သွားသည့်အသံတို့က ကျယ်လောင်



www.burmeseclassic.com

www.burmeseclassic.com



ပြတ်သားနေခဲ့ရာ ဦးအေဝတာကြီး ပြန်လှည့်လာမှာကို တွေး...
စိုးရိမ်စိတ်တွေ ဖြစ်လာကြ၏။

ဒါပေမယ့် သူတို့မြင်ကွင်းထဲမှာ ရောက်နေတာက ဦးအေ...
မဟုတ် ...။

"စိုးအောင် .."

"ခုက္ခပဲ .."

စိုးအောင် သည် ကြောင်လိမ်လေ့ကားကြီး၏ ပထမကွေ့မှာ ...
တတ်ရပ်နေ၏။ အချိန်က အရေးကြီးနေပြီမို့ သာသာ ဘာမှ မစဉ်း...
နိုင်တော့ဘဲ ကလေး ရှိရာကိုပဲ အရဲစွန့်ပြီး ပြေးတက်ခဲ့၏။

"စိုးအောင် .. မောင်လေး .."

ဘာသံမှမထွက်ခင် ကလေးကို အုပ်မိအောင် စည်းရုံးဖို့ ဖြစ်...
သို့သော် ...

"မောင်လေး .. မောင်လေး .. ခဏနေပါဦး .."

ကျယ်ကျယ်လည်း ခေါ်လို့မရ ..၊ ချာခနဲ လှည့်ထွက်သွားသ...
စိုးအောင် ကလည်း လှည့်မကြည့် ..၊

"သား လိုက်ခေါ်မယ် .."

"နေ .. မလိုက်နဲ့ .."

အလက်ာ လိုက်ခေါ်မယ်လုပ်တော့ ပြန်ဆွဲထားမိကာ အ...
နေရာကနေ အပေါ်ကို မော့ကြည့်တော့ စိုးအောင် ကို မတွေ့ ..

"ဒီလောက်မြန်မြန်ကြီး ပြေးတက်သွားတာဆိုရင် သွားတိုင်...
သေချာပြီ ..၊ လာ .. မြန်မြန်တက် .."

မထူးစိတ်ပိုက်ကာ အလက်ာ လက်ကို ဆွဲ၍ ပြေးတက်ခဲ့...
သူတို့မလာခင် ပုန်းကွယ်ဖို့နေရာ ရှာနိုင်အောင် ဖြစ်သည်။

"တီတီသာ .. သားတို့ အိမ်ပေါ်ထိ ရောက်နေပြီနော် .. ...
မိသွားရင် မလွယ်ဘူး .."





"မတတ်နိုင်ဘူး .. တွေးကြောက်မနေနဲ့ .."

"ဟား .. ဟား .. ဟား .. ဟား .."

ရုတ်တရက် ဦးအေဝတာ ၏ ရယ်သံကြီး ထွက်လာသဖြင့် နံရံမှာ
...နေလိုက်မိ၏။

"ခုချိန်ကျမှ မင်းကို ငါက ယုံကြည်လိုက်ရင် ငါ့လောက် မိုက်တဲ့
...ရှိပါဦးမလား တင်လေးသွယ် .. ငါ မင်းရဲ့ ဒိုင်ယာရီကို ဖတ်ပြီးပြီ
.. မင်းတို့က ဆေးရုံတစ်ရုံလုံး ငါ့ကို အရူးဆိုပြီး နောက်ကျောကနေ
...ကြည့်ပြီး ရယ်နေကြတာ .."

"ကျွန်မမှာ အဲဒီလိုစိတ်မျိုး မရှိဘူး သိရဲ့လား .."

"ဘယ်ရှိမလဲ .. မင်းတို့အိမ်ကို ငါက မချိမဆန့် ဖိုပန်းပေးနေတဲ့
...ကြိုး .."

"ရှင် .. ရှင် ကျွန်မ စေတနာတွေကို ပြီးဆုံးကာမှ သံပရာတစ်ခြမ်း
...ချေပါနဲ့ .."

"ဟား .. ဟား .. ဟား .. ဒေါက်တာတင်လေးသွယ် .. မင်းက
...ကို မေတ္တာမရှိဘဲနဲ့ လူတွေ အရူးလို့ ဝိုင်းကြည့်ကြတာကို သနားပြီး
...ထပ်ဖို့ ဆုံးဖြတ်ခဲ့တယ် ဟုတ်လား .. ဒိုင်ယာရီထဲမှာ ချရေးထား
...ဆိုတော့ အမှန်တွေပဲ နေမှာပေါ့ .."

"အမှန်တွေမှန်း သိရင် ရှင် ဘာဖြစ်လို့ စေတနာကို စော်ကားနေရ
...လဲ ..၊ ရှင် ထောက်ပံ့ပေးကမ်းတာတွေနဲ့ ကျွန်မ မိသားစုက မကင်း
...ရှိရင် ရှိမယ် .. ရှင့်ကို လက်ထပ်နိုင်တဲ့အထိ ထားခဲ့တဲ့ စေတနာ
...ကာ ဟန်ဆောင်လုပ်ယူလို့ မရဘူး .. အဲ့ဒါ ငွေနဲ့ ဘာမှ မဆိုင်
.."

...ဆိုင်ဆိုင် မဆိုင်ဆိုင် မင်းရဲ့ ဒေါက်တာတွေ ငါ့ကို ဘယ်လို
...ထားနဲ့ ဆက်ဆံနေကြသလဲဆိုတာ မင်း ငါ့ကို မပြောခဲ့ဘူး၊
...ကိုယ်ငါ ဆရာဝန်ပဲဆိုပြီး ကျေနပ် ပျော်ရွှင်နေခဲ့ရတဲ့ ကာလတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ငါဟာ လှောင်ရယ်ခံနေခဲ့ရတယ် .. အဲ့ဒါ မင်း ပါးစပ်ပိတ်နေခဲ့
တင်လေးသွယ် .. မင်းကို ငါ လုံးပ ခွင့်မလွှတ်ဘူး .."

ဒေါ်တင်လေးသွယ် မျက်ရည်စက်တွေ အဆက်မပြတ် ကျ
ရင်း ခေါင်းတွင်တွင်ခါနေမိသည်။

ကုလားထိုင်မှာ ထိုင်လျက်နှင့် လက်တွေ ခြေတွေကို တိတ်
ပတ်ချည်ထားသဖြင့် လှုပ်လို့တောင် မရပါ။ ဒါပေမယ့် သူမ ဦး
တာ အပေါ်မှာ မေတ္တာမပျက် ရှိနေဆဲ ..။

သူဟာ ကိုယ့်ကို ခင်တွယ်သလောက် ယုံကြည်ခဲ့သည်။
ကြောင့် ကိုယ် အားပေးကူညီခဲ့သမျှ ကလေးလို နာခံခဲ့၏။

တကယ်ဆို 'ရှင် ဆရာဝန် မဖြစ်ခဲ့ဘူး'လို့ ပြောပြ နားချခဲ့
ဒီအချိန်မှာ ဒီလောက်ထိ အခြေအနေဆိုးလာမှာ မဟုတ် ..။

"အဲ့ဒါတွေ .. အဲ့ဒါတွေက ရှင့်ကို ကျွန်မ ချစ်ခဲ့တာတွေပါ၊
မျှော်လင့်ချက်တွေ .. ဝါသနာတွေအပေါ်မှာ စူးစိုက်လွန်းတဲ့ လုံ့လဝီရိ
တွေကို ရိုက်ချိုးမပစ်ရက်လို့ .."

"တော်တော့ တင်လေးသွယ်...မင်းကသာ ဆရာဝန်ပါ.. ငါက
နလုံးရောဂါသည် .. မျက်လုံးမကောင်းတဲ့ ငတုံး ..၊ မင်းကြောင့် ငါ
တစ်ခုလုံး ဇီးကွက်လို နေ့ညတွေ ပျောက်ဆုံးခဲ့ရတယ်.. ပွန်း .. ဒါ
မယ့် အခု ဒေဝတာ ဘာကောင်လဲဆိုတာ မင်းတို့အားလုံး သိစေရမယ်

အသံကြားသည့်အခန်းကို တရွေ့ရွေ့ တိုးလာခဲ့စဉ် သူမတို့ရှေ့
ဒေါ်စိုးစိုး တို့ သားအမိ ဘယ်လိုရောက်လာကြမှန်း မသိ ..။

အိမ်တွင်းထဲမှာ မီးရောင်တွေ သိပ်မလင်းပေမယ့် ရှေ့မှာ သိ
မကွာသည့် အနေအထားမို့ အင်္ကျီတွေကအစ ပီပီပြင်ပြင် မြင်နေရ

ဒေါ်စိုးစိုး ၏ သနပ်ခါးရောင်အင်္ကျီ ရင်စေ့သည် ရင်ဘတ်တစ်
လုံးမှာ နီရဲသော ပန်းပွင့်ကြီး ရှိနေသဖြင့် တမင်ကပ်ထားတာလား
အင်္ကျီစက ဒီဖိုင်းကို ရင်ဘတ်မှာ ထည့်ထားတာလား .. ဘာမှန်းမသိ





ပြီးတော့ စိုးအောင် အင်္ကျီ ဗိုက်တစ်ပြင်လုံးမှာလည်း ဒီအတိုင်း...၊

နှစ်ဖက် မျက်နှာချင်းဆိုင်မိကာ သာသာ တို့ ပြေးပြီး တောင်းပန်
ရတော့မလား ..၊ ဘာဖြစ်ချင်တာလဲလို့ မေးပြီး ညှိနှိုင်းဖို့တွေ ဖြစ်လာ
မလား တွေးနေစဉ် ...

"သွားကြပြီ .."

အလင်္ကာ က ဝမ်းသာသွားသည့်အသံလေးနှင့် ...

အခန်းထောင့်မှာ ကွယ်သွားသည်နှင့် သာသာ့ စိတ်တွေ ဟိုရောက်
ဒီရောက် ဖြစ်လာ၏။

ဒီအမျိုးသမီးကြီး ဘာဖြစ်လို့ ဘာမှမပြောဘဲနဲ့ လာလာပြီး ရပ်
ကြည့်တာလဲ ..၊ ဘာဖြစ်လို့ လှည့်ထွက်သွားတာလဲ ..။

ဒါ ဘယ်လိုမှ သွေးရိုးသားရိုး မဖြစ်နိုင် ..၊ ဦးဒေဝတာကြီး ကိုယ်
တိုင် လှည့်ကွက် တစ်ခုခုဆင်ပြီး သူမတို့ကို ဒီထိရောက်လာအောင်
ခေါင်းသွင်းတာမျိုးလား ..။

"ဟင့်အင်း .. မလုပ်ပါနဲ့ .. မလုပ်ပါနဲ့ အစ်ကို .. ရှင့်ကို တောင်း
ပန်ပါတယ် ..၊ ကျွန်မသားလေး သေမယ်ဆိုလည်း သူ့ဘာသာ သက်
သောင့်သက်သာ နေပါစေတော့ .. မလုပ်ပါနဲ့ .."

တောင်းပန်ရင်း ဒေါ်တင်လေးသွယ် တရှိုက်ရှိုက် ငို၏။ ထိုစဉ်...

"တင် .. တင် .."

အလင်္ကာ့ ဖုန်းကနေ ဘက်ထရီ ကုန်တော့မည်ဖြစ်ကြောင်း
အလန်းမ် မြည်လာ၏။ အခန်းထဲက စကားသံ တိတ်ကျသွားသည်နှင့်
ဒီက အလန်းမ်မြည်သံကို ကြားသွားပြီမှန်း သူမ သိလိုက်၏။

ထို့ကြောင့် တုံ့ဆိုင်းမနေတော့ဘဲ အလင်္ကာ့ လက်ကိုဆွဲကာ နောက်
ကို ပြန်လှည့်ပြေးခဲ့၏။ ဒါပေမယ့် ဝေးဝေးပြေးချိန် မရတော့ပေ ..။

မှောင်ရိပ်လည်း မကျ .. ဘာအကာအကွယ်မှလည်း မရှိသော
ဒီအခန်းရဲ့တစ်ဖက်ထောင့်အကွယ်မှာပဲ ရပ်၍ ကျောကပ်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဒေဝတာကြီး ဒီဘက်ကို လာရှာလျှင် ပက်ပင်းတွေ့ကြတော့မည်။ ဒါမှမဟုတ် ဟိုဘက်ကို ထွက်သွားတာဆိုရင်တော့ ကံကောင်းထောက်မစွာ လွတ်မြောက်နိုင်မှာ ဖြစ်၏။

"ပေး .. အဲ့ဒါ .."

အလင်္ကာ လက်ထဲက မာတ်မီးကို ဆွဲယူပြီး ကျစ်နေအောင် ဆုပ်ကိုင်ထားလိုက်သည်။ ရင်ဆိုင်မိလို့ကတော့ ဦးအောင် ရိုက်ပစ်ခဲ့ပြီး လွတ်အောင် ပြေးဖို့အပြင် တခြားရွေးစရာ မရှိ ..။

အလင်္ကာ ရင်တွေခုန်နေတာကို သူ့ကို သိမ်းဖက်ထားသည့် လက်တွေကနေ သူမ သိနေ၏။ ကိုယ်ကပါ ထပ်ပြီး ကြောက်ပြနေလို့ မဖြစ်..။

ဒါပေမယ့် သူမ စိတ်တုံးတုံးချ၍ စောင့်နေပေမယ့် ဦးဒေဝတာ၏ လှုပ်ရှားသံက ဒီဘက်ကို ဦးတည်လာတာ မဟုတ်မှန်း သိလိုက်၏။

အသာလေး ခေါင်းထွက်ပြီး ချောင်းကြည့်လိုက်တော့ ဦးဒေဝတာ အခန်းဝကနေ ဟိုဘက်ဒီဘက် ကြည့်ပြီးမှ ဟိုဘက်ကို ရွေးချယ်လိုက်တာပဲ ထင်သည်။

လှေကားဘက်ကိုမလာဘဲ မှောင်နေသည့်အတွင်းပိုင်းကို လျှောက်ထွက်သွားသည်။

"လာ .."

သာသာ အခန်းထဲကို အလျင်အမြန် ပြေးဝင်လိုက်၏။ ဒီလို လုပ်မိလိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ်တောင် မထင်ခဲ့မိပေ ..။

ဒါပေမယ့် သူမနဲ့ အလင်္ကာ အခန်းထဲကို ရောက်သွားခဲ့ပြီဖြစ်၏။ ဒီထဲမှာ ဒေါ်တင်လေးသွယ် ရှိနေသည်။ သူမကိုယ်တိုင် ကာကွယ်ပေးမှသာ ဒီထဲကို ဝင်ရောက်လာခဲ့ရသော အကျိုးအကြောင်းက ပေါ်လာမှာဖြစ်၏။

လျှပ်တစ်ပြက် အတွေးနှင့်အတူ ဆုံးဖြတ်ချက် မချရသေးခင် သူမ ဒီထဲရောက်လာခဲ့တာ ဖြစ်လေသည်။





"အန့်တီ .."

"ဟင်!... မင်း .. မင်းတို့ ဒီထိ .."

ဒေါ်တင်လေးသွယ် မျက်လုံးပြူးသွားသည်။ သာသာ တို့ကတော့ အခန်းထဲက မြင်ကွင်းကြောင့် တအံ့တသြကြီး ဖြစ်သွားကြ၏။

ဒီအခန်းကို သူမ သိထားခဲ့တာ ရိုးရိုးအိပ်ခန်းပဲ ဖြစ်သည်။ ခုတော့ ဒီလိုမဟုတ်ဘဲ အထဲမှာ တံခါးကြီးတစ်ချပ် ပွင့်နေသော နောက်ထပ် အခန်းတစ်ခန်းက ထပ်ရှိနေသေး၏။

ဒီဘက်မှာ ကွန်ပျူတာတစ်လုံးနှင့် စားပွဲကုလားထိုင်အပြင် ပန်းအိုးကြီးတစ်အိုးပဲ ချထားကာ တခြားပရိဘောဂဆိုလို့ ဘာမှ များများစားစား မရှိပေ ..။

ဒေါ်တင်လေးသွယ် သည် ကုလားထိုင်ကြီးတစ်လုံးမှာ တိတ်ပ်တွေနဲ့ ပူးတွဲချည်ထားခံနေရလျက် ...

"သွား .. သွား .. ခင်းတို့ ဟိုထဲ သွားပုန်းနေ .. သူ ပြန်ဝင်လာမှာ .."

ဒေါ်တင်လေးသွယ် က တံခါးပွင့်နေသည့်အခန်းဆီ မေးဆတ်ပြနေသည်။

"အဲဒီထဲမှာ မင်းတို့ ပုန်းစရာတွေ ရှိတယ် .. မြန်မြန်သွား .."

"အန့်တီက ဘာဖြစ်တာလဲ ..၊ သာသာ ဒါတွေ ဖြတ်ပေးခဲ့မယ်.."

တိတ်ပ်တွေကို ဖြတ်ဖို့ သာသာ က လက်နက်တစ်ခုခု ပြေးလွှားရှာသည်။

ဒေါ်တင်လေးသွယ် က ခေါင်းတွင်တွင်ခါလျက် ...

"မရှာနဲ့ .. လာနေပြီ .. မြန်မြန် သွားကြ .. သွား .."

လာနေပြီဆိုသည့်အဖြစ်ကြောင့် သာသာ ဘာမှ မတတ်နိုင်တော့ဘဲ အလင်္ကာ လက်လေးကို ဆွဲ၍ တံခါးပွင့်နေသည့် အခန်းထဲကို ပြေးဝင်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

"ဟာ!... ကြည့် .. ကြည့်စမ်း .."

သာသာ အလကော့ ခေါင်းလေးကို ဆွဲဖက်လိုက်ရင်း ပါးစပ်လေးကိုပါ လက်ဖဝါးနဲ့ ကပ်ပိတ်ထားလိုက်ပြီးဖြစ်ကာ ...

"အသံမထွက်နဲ့တော့ .."

သူမတို့နှစ်ယောက်အတွက် ပုန်းကွယ်စရာ သိပ်မရှာလိုက်ရဘဲ ရှိုးကေ့စ်ကြီးခံ၍ အပေါ်ပိုင်းမှာ ထပ်စင်ကြီးတွေပါသော နေရာနောက်မှာ ပြေးပုန်းလိုက်သည်။

မရှေးမနှောင်းမှာပဲ ဦးဒေဝတာကြီး ၏ ခြေသံနှင့်အတူ ...

"တောက် .. တစ်ခုခုတော့ ငါ့ကို နှောင့်ယှက်နေပြီ .. ငါနဲ့တွေ့လို့ကတော့ မလွယ်ဘူး မှတ် .."

ကြိမ်းဝါးပြီး ခဏပဲ ကြာကာ ...

"မင်း ဟိုဘက်က သတ္တဝါလေးတွေနဲ့ အဆက်အသွယ်ရှိနေတယ် မို့လား .. ငါ နောက်ဆုံး မေးနေတာနော် .."

"နောက်ဆုံးဖြစ်ဖြစ် .. နောက်ဘဝဖြစ်ဖြစ် ကျွန်မ ဒါပဲ ဖြေမှာ... ဘာမှမဟုတ်ဘူးလို့ ရှင့်ကို ပြောနေတာ ဘယ်နှစ်ခါ ရှိနေပြီလဲ .."

"ဘာမှ မဟုတ်ရင် အခု .. ကျွတ်!... အခု ငါ့စိတ်ထဲမှာ တစ်ခုခုကို ခံစားမိနေတယ် .."

"ညကြီးမင်းကြီး ရှင့်ခြံထဲကို သူများသားသမီးက ခိုးဝင်နေတယ်လို့ ထင်တာလား .."

"အဲဒီနှစ်ယောက်က ဘယ်ဖြစ်ဖြစ် ရောက်နိုင်တာပဲ .. ဒီဟာလေးတွေကို မင်းက လျှော့တွက်နေတယ်ပေါ့ .. အခုကိစ္စ ပြီးသွားတာနဲ့ ဒီနှစ်ကောင်ကို ငါ ဘာလုပ်မလဲ ကြည့်နေ .."

"ရှင် မဟုတ်တာတွေ လုပ်နေတိုင်း ကျိုးလန့်တာစား ဖြစ်နေမှာပေါ့ .. ချွတ်ခနဲ အသံကြားတိုင်း ထွက်ကြည့်နေတာ .."





"တင်လေးသွယ် .. မင်း .."

"ရှင် လူစိတ်ပျောက်နေပြီ ကိုဒေဝတာ .."

ဒေါ်တင်လေးသွယ် 'အစ်ကို' လို့ ခေါ်ရင်း တတွတ်တွတ် တောင်းပန်နေခြင်းတွေကို အဆုံးသတ်လိုက်ပါပြီ။ ထို့ပြင် အထဲမှာရှိနေတဲ့ ကလေးတွေ ဒီအဖြစ်မှန်တွေကို သိသွားအောင် ကိုယ့်နည်းကိုယ်ဟန်နဲ့ ကြိုးစားဖို့ ဆုံးဖြတ်၍ ...

"ရှင့်ကို ဖုတ် တစ္ဆေတွေ ပူးနေပြီ .. အဲ့ဒါကြောင့် ရှင်လည်း သူတို့ရဲ့အသံတွေကို ကြားနေရတာ ..၊ ရှင် သတ်ပစ်လိုက်တဲ့ စိုးစိုးတို့သားအမိရဲ့ ဝိညာဉ်တွေလေ .. သူတို့ ရှင့်ကို မကျေနပ်ကြလို့ ဒီနားမှာ ခြေသံပြင်းနေကြတာ .."

ဟင်!...

အပြင်က စကားသံ အလုံးစုံကို ကြားလိုက်ရကာ သာသာ တစ်ကိုယ်လုံး တုန်ခါသွားသလိုပင် ...၊ ရင်ခွင်ထဲကို ပြန်ငုံ့ကြည့်လိုက်တော့ အလကော လည်း မျက်လုံးလေးတွေ ကျွတ်ထွက်မတတ် ပြူးနေရှာ၏။

"ဟား .. ဟား .. ဟား .. သရဲလား ..၊ သရဲဆိုလို့ကတော့ ဒေဝတာ မြင်ရအောင်သာ ပြစမ်းပါ .. တစ်ခါတည်း ဖမ်းပြီး ကုပ်ထောင် ပြန်ချိုးပစ်လိုက်ဦးမယ် .. အဲဒါမှ ပရော်ဖက်ဆာ ဒေါက်တာ ဒေဝတာ က လူကိုတင် ခွဲစိတ်တာမဟုတ်ဘဲ သရဲကိုတောင် ကုပ်ချိုးသတ်နိုင်တယ်ဆိုတာ နိုင်ငံကျော်သွားအောင် .."

သာသာ တဒိန်းဒိန်း တုန်ခါလာသည့် ရင်ခုန်သံတွေကို ထိန်းရင်း တံတွေးတွေပဲ မျိုချနေမိသည်။ ကိုယ်တောင် ဒီလောက် ကြောက်နေတာ ကလေးက ဘယ်လိုနေမလဲ ...။

စိုးရိမ်ပေမယ့် အားမပေးနိုင်တော့ဘဲ အလကော့ ကိုယ်လေးကို တင်းအောင် ဖက်ထားရင်း ကြောက်စိတ်ကို ဇရိမက ဖြေဖျောက်နေရသည်။

www.burmeseclassic.com



"တီတီသာ .."

"ရှူး .."

အလက်ာ က ခေါင်းလေးညိတ်ကာ လေသံသာသာလေး တိုးလိုက်ရင်း ...

"သားတို့ တွေ့ခဲ့တာက .."

"မကြောက်နဲ့ .. အဲဒါတွေ မေ့လိုက် .."

သာသာ က အပြောမခံဘဲ ပခုံးလေးလှုပ်၍ ဆက်မပြောဖို့ တားဆီးလိုက်သည်။ တကယ်တော့ အလက်ာ က ကလေးပီပီ ထိတ်လန့်အံ့သြစရာမြင်ရလျှင် ဖြုန်းခနဲ လန့်ဖျပ်သွားတာမျိုး ဖြစ်ချင်ဖြစ်မည်။

သူမလို တွေးရင်း နားလည်လာရင်းနှင့် ကြောက်နေတာမျိုး မဖြစ်..

ထို့ပြင် အပြင်က စကားတွေကို ကြားနေရလေ စပ်စုတဲ့ မျက်ဝန်းလေးတွေ ဖြစ်လာလေနှင့် ...

"ဟိုထဲမှာ တစ်ခုခု ရှိနေမှာ .."

နို့စိမ်းရောင် ကန့်လန့်ကာကွယ်ထားသည့် တစ်ဖက်ကို လက်ညှိုးလေး ထိုးပြ၏။ ဒါကို သူမ ခုမှ သတိထားမိသည်။ အခန်းထဲ ဝင်လိုက်သည်နှင့် နိုင်ငံခြားရုပ်ရှင်တွေထဲက အဆင့်မြင့် စမ်းသပ်ခန်းကြီးထဲ ရောက်သွားသလို ဓာတ်ခွဲစမ်းသပ်သည့်ကိရိယာတွေ အစုံအလင်နှင့် ခွဲစိတ်ရာမှာသုံးသော ဓား .. ကတ်ကြေးတွေကအစ ပြိုးပြက်လက်နေ၏။

ပြီးတော့ လူနာခုတင် တစ်လုံး ...။

သူမ မြင်လိုက်တာ ဒါပဲဖြစ်ကာ ကိုယ့်ရဲ့ဘေး ခပ်လှမ်းလှမ်းမှာ ကန့်လန့်ကာ ကာထားသည့် ဟိုတစ်ဖက်ကိုတော့ သတိမထားမိခဲ့ပေ။

"တီတီသာ .. သား သွားကြည့်ရမလား .."

"မသွားနဲ့ .."

"ဟို အန်တီတို့ရဲ့ အလောင်းတွေ ရှိ .."





"ရှူး .."

ဦးဒေဝတာကြီး အထဲဝင်လာသည့် ခြေသံကြောင့် သူတို့ တုတ်တုတ်မျှ မလှုပ်ဘဲ ပုနေလိုက်ကြသည်။

"ကိုဒေဝတာ .. ရှင် မလုပ်ပါနဲ့ .. ကျွန်မသားလေး နေပါစေ .. တောင်းပန်ပါတယ် .. ဟီး .. ဟီး ..."

ဒေါ်တင်လေးသွယ် အသံ ပျံ့လွင့်လာ၏။

"တောက်!..."

ဦးဒေဝတာ ဝင်လာပြီးမှ တက်ခေါက်သံပြင်းပြင်းနှင့် ချာခနဲ ပြန်လှည့်သွားကာ ...

"ဖြန်း .. ဖြန်း .."

"အား!..."

"မှတ်ထား .. အဲ့ဒါ မင်း ငါ့ကို အထင်သေးဦး ...၊ ငါ့ကို အထင်သေးတာ .. လှောင်ရယ်တာတွေ ငါ အမုန်းဆုံး ...၊ အေး .. မင်းကိုလည်း ငါ မုန်းတယ် ...၊ သတ်ပစ်ချင်အောင် မုန်းပေမယ့် အခု မသတ်သေးဘူး.. ဘာဖြစ်လို့လဲ သိလား .. ငါ့သားအတွက် ခွဲစိတ်ပြီးရင် ငါ့အတွက်က မင်းပဲ .."

"ဘာ!... ရှင် .. ရှင် ဘာပြောလိုက်တာလဲ .."

"ဟား .. ဟား .. ဟား .. ငါလည်း နှလုံးရောဂါသည်ပဲ .. ငါ့ရောဂါကြောင့် ငါ့ဆန္ဒတွေ .. ငါ့ရဲ့ မျှော်လင့်ချက်တွေ အားလုံးကို ဆုံးရှုံးခဲ့ရတယ် ...၊ ဒါကြောင့်ပဲ ငါ ဒီပညာတွေတတ်အောင် ကြိုးစားခဲ့တာလေ .."

"ရှင် ဘာမှ မတတ်သေးဘူး .. ရှင် ရူးနေပြီလား ကိုဒေဝတာ..၊ လူတစ်ယောက်ရဲ့ အသက် ရှင်သန်ဖို့အတွက် တစ်ယောက်ကို သတ်တယ် .. ရှင် အခု နှစ်ယောက်တောင် သတ်ပစ်ခဲ့တာ .."

"မဟုတ်ဘူး .. မင်းကိုလည်း ငါ့အတွက် သတ်ရဦးမှာ .."



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါကိုက ရှင် ရှုံးနေတာ .. ရှင့်အတွက် နှလုံးအစားထိုးဖို့ ကျွန်မ ဟုတ်လား .. ဖြစ်နိုင်ရဲ့လား ..၊ တွေးစမ်းပါဦး .."

"ဖြန်း .."

သာသာ ကြောက်စိတ်တွေပါ လျှော့ပါးကုန်၏။ ဒီလူကြီး ယုတ်မာလှချေလား ..၊ ဒါဆို ရောဂါသည်ဆိုတဲ့ သူ့သားအတွက် စိုးအောင်ကို သတ်ပစ်လိုက်တာပေါ့ ..။

ဒေါ်စိုးစိုး ကိုတော့ ဘာကြောင့် သတ်ခဲ့တာလဲ ..။

မျက်နှာသေကြီးတွေနဲ့ တောင့်မတ်စွာ ရပ်ကြည့်နေခဲ့ကြသော ဒေါ်စိုးစိုး တို့ သားအမိကို မြင်ယောင်ကာ တံခါးတွေ ဖွင့်နေရခြင်းကို နားလည်သွားသည်။

သူမတို့ ဒီထဲ ဝင်လို့ရအောင် တမင် ကူညီလိုက်ခြင်းမှ လွဲ၍ ..

"နင် ဒီမှာ နေ .. ငါ သွားကြည့်မယ် .."

"ဟာ!... တီတီသာ က အကျီအဖြူကြီးနဲ့.. ပြီးတော့ လူကြီးလေး.. သားက အကျီမီးခိုးရောင်နဲ့ ကိုယ်လုံးလည်း သေးတယ် .."

ပြောရင်းနဲ့ မတ်တတ်ရပ်လိုက်ပြီဖြစ်ကာ ကုန်းကုန်းကွကွလေး ထွက်သွား၏။ ကန့်လန့်ကာကြီးထဲကို ဝင်သွားသည့် အလင်္ကာ့ အရိပ်လေးကို ဒီဘက်ကနေ မြင်နေရ၏။

ပြီးတော့ ကန့်လန့်ကာသည် အောက်ခြေကနေ မြောက်ခနဲ သိမ်းလှန်သွား၏။ အလင်္ကာ က သာသာ မြင်အောင် တမင်ပြလိုက်ခြင်းဖြစ်သည်။

အထဲမှာ လူနာခုတင်တစ်လုံး ရှိနေကာ ခုတင်ပေါ်မှာ ဦးဒေဝတာကြီး ၏ သားလေး..၊ ကန့်လန့်ကာချလိုက်ဖို့ သာသာ လက်နဲ့ အချက်ပြလိုက်သည်။

ဒါပေမယ့် အလင်္ကာ ဒီဘက်ကို ပြန်ကူးလာခွင့် မရလိုက်ပေ .. ဦးဒေဝတာကြီး ၏အရိပ်ကို တံခါးမှာ မြင်လိုက်သည်နှင့် သာသာ ခေါင်းထဲမှာ ဒိုင်းခနဲ ပေါက်ကွဲသွားသည်။





ခြေဖျားလက်ဖျားတွေမှာပါ ကျဉ်ခဲသွားသလို ရုတ်တရက် ကြက်သေသွား၏။ ကိုယ့်အတွက်ကိုတောင် ဒီလောက် ပူမိမှာ မဟုတ်..။ ကန့်လန့်ကာရဲ့တစ်ဖက်မှာ အလင်္ကာ ဘယ်လို ပြေးပုန်းမလဲ..၊

ဦးဒေဝတာ သည် တံခါးကို သေချာပြန်ပိတ်ပြီးမှ နံရံဘေးက တ်တစ်ခုကို နှိပ်လျှင် မှန်နက်ကြီးနှင့် ဆလိုက်တံခါးတစ်ချပ်က းပိတ်သွား၏။

ဒီထဲမှာ တခြား ပြတင်းတံခါး ဘာမှမရှိပေ။ အခန်းကို အသံလုံအောင် လုပ်လိုက်ပြီမှန်း သိကာ ဒီထဲမှာပဲ တစ်ခုခုလုပ်တော့မှာကို မိလိုက်၏။

ခုတင်ပေါ်မှာ သွေးသွင်းဖို့ရော .. ခွဲစိတ်ဖို့အတွက် လိုအပ်တာ လုံး ပြင်ဆင်ထားပြီးပုံကို တွက်ကြည့်ခြင်းအားဖြင့် ကလေးကို ကြီး ခွဲစိတ်မှုတစ်ခုခု လုပ်တော့မှာပါ ..။

သူမတို့ ဘယ်လိုတွက်ကြမလဲ ..၊ အလင်္ကာ က ထိုအနီးအနားမှာ ာ သူမနဲ့ တစ်နေရာစီ ဖြစ်နေ၏။

တွေးစမ်း .. အထဲမှာ ပိတ်မိနေပြီ သာသာ .. နင် ဘယ်လို ပြေး ..။

"မင်း ဒါတွေလုပ်နေတာ ဘယ်လောက် အန္တရာယ်ကြီးသလဲ သိ း .."

စိုးရိမ်စိတ်တွေ ဖြစ်လာလေ ကိုကို့ စကားတွေကို သတိရလာ ..၊ ကြောက်လွန်းလို့ လန့်ဖျပ်တွေးမိတာ မဟုတ်ပါ။ ဒီတိုင်းဖြစ် ာတွေကို တွေးပြီး အလင်္ကာ့ အတွက် ပူလောင်မိနေတာ ဖြစ်၏။

ကိုယ့်ဘက်က တူဖြစ်သလို .. သူ့ဘက်ကလည်း သူ့သား ..။ သူ့သားအတွက် သူ စိတ်ပူသလို ကိုယ်လည်း ဒီတိုင်းပဲ ပူလောင် တယ်ပြောရင် ယုံမလား ..၊

ခဏအတွင်းမှာ စိတ်တွေ ယောက်ယက်ခတ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဒေဝတာ သည် သူ့ကိုယ်သူ ခွဲစိတ်ခန်းဝတ်စုံ ဆင်ပြီး နှာခေါ် အုပ် လက်အိတ်တွေ အားလုံး ပြည့်စုံအောင် ဆင်သည်။

ပြီးတော့မှ ကန့်လန့်ကာ တစ်ဖက်ဆီကို လျှောက်ဝင်သွား ဟိုဘက်မှာတော့ ဘာတွေဘယ်လို ပြင်ဆင်ထားသည်မှန်း မသိနိုင် မယ့် တွန်းယူသွားသည့် ဘီးတပ်စားပွဲလေးပေါ်က ခွဲစိတ် ပစ္စည်း ကိရိယာတွေအရ ကလေးကို ခွဲစိတ်တော့မည်မှန်း သိလိုက်သည်

ထိုစဉ် မျက်နှာကြက် မီးလုံးကြီးတွေ ဖွင့်လိုက်သဖြင့် ဒီဘက် ကြည့်နေတာတောင် မျက်လုံးကျိန်းသွားသည်။

အလင်္ကာ ဘယ်မှာလဲ..၊ ဘယ်မှာ ပုန်းနေသလဲ ..။

တံခါးဖွင့်ပိတ်သည့်နေရာတွေကို စိုက်ကြည့်ရင်း ပြေးလွှား လမ်းကို မျက်လုံးနဲ့ပဲ ကွက်ကြည့်နေမိသည်။

အလင်္ကာ ဖြစ်နေပုံကို သူမ မမြင်ပေမယ့် အလင်္ကာ က ဦးဒေဝတာကြီး လှုပ်ရှားနေသမျှကို ကျောနောက်က ရှိုးကေ့စ်မှန် ထဲမှာ မြင်နေရ၏။

အငွေ့ဖြူတွေ လွင့်တက်နေသော ဖန်အိုးကြီးထဲကနေ သတိ စွာ ထားနေသည့်ပုံနှင့် ထုတ်ယူလိုက်သည့် တစ်စုံတစ်ခုကို မြင်ချင် ရှေ့တိုးရင်း ခေါင်းထောင်ရင်းနှင့် ...

ဟင်!...

သွေးသံရဲရဲနှင့် အရာကြီးကို မြင်လိုက်ရကာ အလင်္ကာ ကြက် သေသွား၏။

ကလေးပေမယ့် သူ ဒါမျိုးတွေ တီဗွီထဲမှာ ခဏခဏ ကြည့် သည်။ ကြားဖူးနားဝတွေလည်း အများကြီး ..။

ဒါဟာ လူတစ်ယောက်ရဲ့ နှလုံး ဒါမှမဟုတ် စိုးအောင် ရဲ့နှလုံး ထုတ်ယူထားတာမှန်း တွေးမိလိုက်သည်။ နေရာမှာပဲ ပြန်ထိုင်ချ ကြောက်သည့်စိတ်တွေ ဖြစ်လာတာကို ဘယ်လိုမှ ထိန်းလို့မရ





ရုတ်ခြည်းဆိုသလို အာခေါင်တွေ ခြောက်သွေ့လာကာ တံတွေး ည်း မျိုချလို့ မရ ..၊ ထိုစဉ် ...

"ဒုတ် .."

သူ ပုန်းနေသည့် မျက်နှာရှေ့ကို ခြောက်လက်မခန့် စတီးပိုက် တစ်ခု ပြုတ်ကျလာ၏။ အလင်္ကာ မျက်လုံးပြူးသွားသည်။ မတ် ရပ်နေသည့် ဦးဒေဝတာ ၏ ခြေထောက်တစ်ဖက် နောက်ဆုတ် သွာ မြင်လိုက်သည်နှင့် ဒါကို ငုံ့ကောက်တော့မည်မှန်း သိလိုက်၏။ တစ်ဆက်တည်း သူ သိလိုက်သည်က ပြေးရတော့မည်။

တီတီသာ ဘယ်မှာလဲ ..၊

ဘာမှ မတတ်နိုင်သည့်အဖြစ်မှာ မျက်လုံးအပြူးသားနှင့်ကြည့်ရင်း တုတ်မေ့လေသည်။ ဦးဒေဝတာ စတီးပိုက်ကို ကောက်မလို့ ငုံ့လိုက် ယ့် ဖုန်းမြည်လာသည့်အသံကြောင့် အာရုံက တခြားကို ပြန်ရောက် ၏။

"ရှင် မတတ်ပါဘူး .. အဲဒါ ရှင် ရူးနေတာ ..၊ ကျွန်မသားလေး စေ .. တောင်းပန်ပါတယ် .."

ဖုန်းမြည်သံရော ဒေါ်တင်လေးသွယ် ၏ စကားသံတွေပါ သူ့ ခေါင်းထဲမှာ ပွက်ပွက်ဆူနေ၏။ နှလုံးအစားထိုးကုသခြင်းနှင့် ပတ် သော သူ လေ့လာ တတ်ကျွမ်းထားခဲ့သမျှ ဖုန်းမြည်သံနောက် ပါသွားကာ ဒေါ်တင်လေးသွယ် ၏ ငိုရှိုက်သံတွေနဲ့ ဆက်လက် ထွေးလေသည်။

"ရှင် မတတ်ပါဘူး .. ရှင့်ကိုယ်ရှင် ခွဲစိတ်ဆရာဝန် ထင်နေတာ .."

"အရူး .. အဲဒါ ရှင် ရူးလို့ပဲ .."

ကိုင်တွယ်နေသည့် ခွဲစိတ်ချက်တို့ဟာ မှန်နေသလား .. မှားနေ သား ..၊ သူ တကယ် မတတ်ဘူးလား .. တတ်သလား ..။



www.burmeseclassic.com

www.burmeseclassic.com



သို့တည်းမဟုတ် သူ ရူးနေပြီလား ...၊

ဦးဒေဝတာ အသက်ရှူတွေ ပြင်းလာကာ တလှုပ်လှုပ်ခုန်နေ သွေးသံရဲရဲနှင့် နှလုံးတစ်စုံဟာ သူ ကိုင်ထားသည့် ကိရိယာတစ်စုံ နဲ့ ထိလိုက်တိုင်း နာကျင်စွာ အော်ညည်းနေသည့် ပါးစပ်ကြီး ဖြစ် သည်။ ထိုအခါ သူ့လက်တွေပါ တဆတ်ဆတ် တုန်လာခဲ့၏။

"ရှင် အရူးပဲ .. ကျွန်မသားလေး သေမယ်ဆိုရင်လည်း သူ့ဘာ သက်သောင့်သက်သာ နေပါစေတော့ .."

နားထဲမှာ ဒေါ်တင်လေးသွယ် တတွတ်တွတ် ပြောနေတာတွေ ခုပဲ ပြောနေတာလို မိတ်ပျက်ဖွယ် ကြားနေရ၏။ သူ သတိနဲ့ကိုယ် မမြဲချင်ဘဲ ဖြစ်လာကာ နှာခေါင်းအုပ်ကို ဆွဲဖြုတ်ပစ်လိုက်သည်။

ကိုင်တွယ်နေသမျှ သွေးစတွေက သူ့မျက်နှာပေါ်မှာ ပေကျံ ပေမယ့် မျက်လုံးတို့သည် ငြိမ်သက်စွာ လဲလျောင်းနေသော သား မှာ ဖြစ်လျက် ...

"သား .. မင်းရဲ့ဖေကြီးက ခွဲစိတ်ပါရဂူကြီးပါကွ .. ဖေကြီး မင်းအသက်ကို ကယ်ဖို့ပါ .."

ပြောနေရင်း မျက်ရည်ကျ၏။ အရေးကြီးဆုံးအချိန်ကို ရောက် ပြီဖြစ်သည့် ခွဲစိတ်ကုသမှုသည် သူ့အတွက် အရေးမပါတော့ဘဲ သား ရဲ့မျက်နှာပေါ်မှာသာ စူးစိုက်လျက် ...

"သားလေး .. မင်းကတော့ အဖေ့ကို ယုံတယ်မို့လား .."

နောက်ထပ် မျက်ရည်တွေကို သုတ်လိုက်တော့ သွေးတို့သ မျက်နှာမှာ မြင်မကောင်းတော့ပေ။ သူ့မျက်လုံးထဲမှာ ခွဲစိတ်ခံ ကလေးရဲ့ ဝဲဘက်ရင်အုံတစ်ခုလုံးသည် ရေးလက်စ ပန်းချီကားတင် လို ဖြစ်နေကာ ...၊ ရေးခြင်း .. မရေးခြင်းက သူ့သဘော ...။

ကိုင်ထားသည့် ကတ်ကြေးလေးကို ချထားလိုက်ပြီး ငိုနေ ရယ်သည့်မျက်နှာ ပြုံးမဲ့မဲ့ကြီးနှင့် ...





"ဒါ အောင်မြင်သွားရင် ဂါ့သား တစ်သက်လုံး ရောဂါသည်လေး နေစရာ မလိုတော့ဘူး .."

"မဟုတ်တာတွေ မပြောနဲ့ .."

"ဟင်!..."

မှိတ်ထားသည့် ကလေးရဲ့မျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာကာ စူးရဲ တောက်နေသည့် မျက်ဝန်းလေးတွေက ရန်လိုစွာ ...

"ဖေကြီး ရူးနေတာ .. ဖေကြီး လျှောက်လုပ်နေလို့ သား သေရ တော့မယ် .."

"မဟုတ်ဘူး .. ငါ မရူးဘူး .."

"ဘာလို့ မရူးရမှာလဲ .. ရှင် အရူးပဲ ..၊ ပေး .. ကျွန်မသားကို ပေး .."

"သားကို ဖေကြီး သတ်နေတာ .. ဖေကြီးကြောင့် သား သေရ .."

"မဟုတ်ဘူး .. မဟုတ်တာတွေ မပြောကြနဲ့ .."

ဦးဒေဝတာ ထိန်းချုပ်ထားရသမျှ မာနတွေဟာ ပြေးလွှားရိုက်ခတ် သည့် စကားသံတွေအောက်မှာ သဲထဲကို ကျသွားသည့် သကြားလုံး ...၊

"ငါ ခုပဲ အကောင်းတိုင်းဖြစ်အောင် လုပ်ပေးမှာ..၊ သား .. သား ဖေကြီး နှလုံး လဲပေးပြီးပြီ .. ငြိမ်ငြိမ်နေနော် ..၊ ခုဖဲ ချုပ်တော့ .."

ကတုန်ကယင်လက်တို့နှင့် အပ်ကို ကိုင်ကာ မပြီးသေးဘဲ အဆုံး ဖြင်သည်။ ထိုစဉ် ...

"ရှင် .."

စားပွဲအောက်က အသံ ...၊

ဦးဒေဝတာ ကိုင်ထားသည့်အပ်ကို ပြန်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အဆမတန် ထွက်နေသည့် ဒေါသတွေနှင့် ...

"မင်းက အောက်ကလာပြီး ငါ့ကို ချောင်းနေတယ်ပေါ့ ဟု[illegible]လား .. ဒီလောက်တောင် ငါ့ကို အထင်သေးတဲ့ မိန်းမ .."

ဒေါ်တင်လေးသွယ် လို့ပဲ ထင်သည်။ ထို့ကြောင့် ဆွဲထုတ်ကျကျနန ဆုံးမမလို့ စားပွဲအောက်ကို ငုံ့လိုက်လျှင် ...

"အံမာ .. မင်း .. မင်း .. စိုးအောင် ..၊ မင်းကလည်း ငါ့မကျေနပ်လို့ လာချောင်းတယ်ပေါ့ .."

ထိတ်ထိတ်လန့်လန့် ပြူးကြည့်နေသည့် မျက်လုံးလေးတွေသူ့မျက်လုံးထဲမှာ စိုးအောင် ဒေါသတကြီး ကြည့်နေတယ်ပဲ ထင်လက်ကြီးတစ်ဖက် ဆန့်ထွက်လာပြီး လှမ်းဆွဲ၏။

ထိုစဉ် ...

"ကဲ .. ဟာ ..."

"ဘုန်း .."

"အား!..."

"အလက်ာ .. ထွက်ခဲ့ .."

ဦးဒေဝတာ ကျောကော့သွားသည်။ ရုတ်တရက် ပြန်ထမလာတာကို သိပေမယ့် တံခါးတွေ ဖွင့်ရမှာ နှစ်ထပ် ..၊

"ထလာပြီ ဟိုမှာ .. မြန်မြန်လုပ်ပါ တီတီသာ ရဲ့ .."

ဆလိုက်တံခါးက လေးလံသည့် ကုန်တင်လှည်းကြီးလို တ[illegible]ပွင့်၏။ ဦးဒေဝတာကြီး ခါးကို တစ်ဖက်က ထောက်၍ ဒယိမ်းဒ[illegible]ထရပ်သည်။

ပြီးတော့ ခေါက်သိမ်းထားသည့် ဒေါက်စင်တစ်ခုကို ဖြဆွဲချလာ၏။

"ထွက် .. မြန်မြန်ပြေး .. ငါ အန်တီကို တိတ်ပ်တွေ ဖြလိုက်ဦးမယ် .."





သာသာ က ကြံစည်ထားပြီးသည့်အတိုင်း လက်ထဲမှာလည်း ခွဲခန်းထဲက ကတ်ကြေးလေးတစ်လက် ပါလာသည်ဖြစ်ရာ အလက်ာ ပြေးခိုင်း၏။

"ပြေး.. ပြေးကြ.. မင်းတို့ လွတ်အောင် ပြေး.. အကူအညီ ခေါ်.."

ဒေါ်တင်လေးသွယ် က မထိန်းချုပ်တော့ဘဲ အသံပြာအောင် အော်၏။ ထိုအချိန်မှာ ဦးဒေဝတာ သည် ဒဏ်ရာရှိထားသူနဲ့ မတူဘဲ သံဒေါက်ကြီးဆွဲလျက် မြန်မြန်ဆန်ဆန်ကြီး ထွက်လာလေသည်။

ထို့ပြင် ...

"ဝိုး .."

"ဒုန်း .."

"ပြေး .. ကြ .."

လွှဲရိုက်လိုက်သည့် သံဒေါက်က အရှည်ကြီးမို့ သာသာ နဲ့ မထိဘဲ နေရာထိ ဒုန်းခနဲ ပစ်ကျ၏။

လူကိုသာ ထိလိုက်လျှင် ဘယ်နေရာထိထိ တွေးရဲစရာ မရှိ ..၊ သို့သော် တိတ်ပ်က လက်တစ်ဖက်ပဲ ပြုတ်သေးသည်။ ရှေ့ကို လောကြီးလိုက်လာသည့် ဦးဒေဝတာ ၏ခွန်အားတွေ ရှေ့ကိုပဲ စိုက်ထုတ်နေ[illegible] သူမ ဒေါ်တင်လေးသွယ် ရဲ့ထိုင်ခုံကို တစ်ပတ်ပြန်ပတ်ကာ ဦးဒေဝတာကြီး ပစ်ချလိုက်သည့် သော့တွဲကို ပြေးယူသည်။

အခန်းထဲကနေ ဦးဒေဝတာ သော့တွဲ စားပွဲပေါ် ပစ်တင်လိုက်သည့်အသံကို ပုန်းကွယ်နေရာကနေ သေချာ ကြားထားခဲ့သည်။ ထို့ကြောင့် ပိုင်ပိုင်နိုင်နိုင်ပဲ ကောက်ယူနိုင်ခဲ့၏။

"တီတီသာ .. မြန်မြန်လာ .."

"ဘာလုပ်နေတာလဲ ပြေး .. မြန်မြန် ပြေး .. ရော့ .."

အလက်ာ က မပြေးဘဲ စောင့်ရင်း ပြေးရင်း လုပ်နေသဖြင့် သော့ပစ်ပေးလိုက်ရင်း အော်ပြောလိုက်မိသည်။

www.burmeseclassic.com



ခြွမ်းခနဲ ပစ်ကျလာသည့် သော့တွဲကြီးကို အလက်ာ ထကော
ယူလိုက်၏။ ဒါပေမယ့် လှည့်ထွက်ပြေးသွားတာ မဟုတ် ..။

"တီတီသာ .. လာပြီ .. နောက်မှာ .."

"ဒုန်း .."

"အ!.."

လူကို ထိမိတာ မဟုတ်ပေမယ့် မျက်လုံးထဲမှာ ရိပ်ခနဲ ရောက်
တာ မြင်လိုက်.. ဒုန်းခနဲ အသံကြားလိုက်နှင့် သာယာ မအော်ဘဲ
နိုင် ..။

"လှေကားဘက်ကို မြန်မြန် ဆင်းပြေး .."

အလက်ာ ကို ပြောရင်း အခန်းရှေ့တစ်ခုက ပန်းအိုးကြီးကို
ကာ ညာဘက်က ပြတင်းပေါက်မှန်ချပ်ကို ခွမ်းခနဲ ရိုက်ခွဲပစ်လိုက်

ထို ပြတင်းပေါက်သည် သာသာ တို့ အိမ်ဘက်ခြမ်းက ကော
ကောင်းမြင်နိုင်သည့် ပြတင်းပေါက် ..၊ ပြီးတော့ နောက်ထပ်
ပေါက် ..။

အလဲလဲအကွဲကွဲနှင့် တွေ့သမျှပစ္စည်း ကောက်ယူကာ မှတ်သာ
လိုက်သည့် ပြတင်းပေါက်မှန်ကို ထပ်ခွဲလိုက်သည်။

"ခွမ်း .. ချလွမ်း .."

ညဥ့်ယံထဲမှာ မှန်ကွဲသံတို့နှင့်အတူ ဒီတိုက်ကြီးထဲက ပြေးလွှာ
အော်ဟစ်နေသံတွေပါ ကိုကိုတို့ ကြားပါစေ ..၊

"ဒုန်း .."





## အခန်း (၃၅)

"ဒါ ဘယ်သူ ပို့ထားတာလဲ .."

ဖုန်းက ဘာမှ သိပ်မဖြစ်တာမို့ ကောင်းသွားအောင် ပြုပြင်ပြီး
း‌ကရက်ထိုင်သောက်နေခဲ့တာ ဖြစ်၏။ အိပ်မရနိုင်သည့် ညအတွက်
အချိန်ဖြုန်းစရာ မရှိတော့ ဖုန်းကိုပဲ ပြန်ကိုင်မိကာမှ ...

"သမီးတို့ရဲ့ CCTV ကင်မရာ အစ်ကို သိမ်းထားတယ် ..
ည ၇း၃၀ ရေစင်နားမှာ လာယူ .. အရေးကြီးတယ် .."

"ဒါ .. ဘာလဲ .."

အထပ်ထပ် ဖတ်ကြည့်ရင်း နေရာမှ ထရပ်လိုက်စဉ် ဟိုဘက်ခြံထဲ
က ဆူညံသံတစ်ခုကို ကြားလိုက်ရသည်။ သူ ပြတင်းပေါက်နားမှာ
သွားရပ်ကာ တစ်ဖက်ကို သေချာကြည့်သည်။

အသံလည်း ပျောက်သွားကာ အားလုံးက ပြန်လည် တိတ်ဆိတ်
နေခဲ့၏။ ဒါပေမယ့် သူ့နားထဲမှာ ပုံမှန်မဟုတ်တဲ့ အသံတစ်ခုကို ကြား
နေရသည်ပဲ ထင်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ကြားမှာ ညှပ်ထားသည့် စီးကရက်ကို ခွက်ထဲထည့်ပစ်ခဲ့ကာ အခန်းထဲကနေ ခြေလှမ်းကျဲတွေနှင့် ထွက်သည်။ ဒိတ်ကိုကြည့်တော့ ချိန်းတာက ဒီညပဲ ဖြစ်သည်။

ပြီးတော့ ဒီနေ့ကျမှပဲ သာသာ့ ကို ပြဿနာရှာသလို သူ ပြောဆိုခဲ့မိသည်။ ကလေးနဲ့ သာသာ အခန်းအောင်းနေတာ ရိုးရဲ့လား ...၊

ကြုံကြုံဖန်ဖန်တွေ စွန့်စား စပ်စုကတ်ကြတာကို တွေးမိလိုက်တာနှင့် စိုးရိမ်စိတ်တွေက လွန်လွန်ကဲကဲ ဖြစ်လာကြသည်။

ဒီကင်မရာကိစ္စ အရေးကြီးမှန်း သိပေမယ့် ဘာမှ မတတ်နိုင်တော့တာကို သူကိုယ်တိုင် ဘာမှ အစမဖော်တော့ဘဲ နေခဲ့တာ ဖြစ်သည်။ ဦးဒေဝတာကြီး ကြိမ်းမောင်း ခြောက်နေခဲ့တာကိုလည်း ဂရုမစိုက်ခဲ့...။

ခုကျမှ ကင်မရာက ဘယ်သူ့လက်ထဲရောက်ပြီး ဘာတွေ အရေးတကြီး ပြန်ပေးဖို့ လုပ်ရတာလဲ ...။

"ကျွတ်!..."

စိတ်ထဲမှာ မချင့်မရဲနှင့် သာသာ့ အခန်းဆီ တည့်တည့်မတ်မတ် လျှောက်လာခဲ့၏။ ဒေါ်တင်လေးသွယ် လား .. ဒါမှမဟုတ် အိမ်အကူ အမျိုးသမီးလား ...။

အဲဒီဘက်မှာ ဒီအမျိုးသမီးနှစ်ယောက်စလုံးက ဦးဒေဝတာ အတွက် အရေးပါတဲ့သူတွေဖြစ်ရာ မက်ဆေ့ချ်ပို့လိုက်တာ ဘယ်သူလဲ ...၊ ဒီကိစ္စကြီးကို ဘာဖြစ်လို့ လူငယ်တွေနဲ့ပဲ ကြိတ်လုပ်နေရတာလဲ ...။

တွေးလေ .. ဦးဒေဝတာ ထောင်ချောက်ဆင်ထားတယ်ဆိုတဲ့ အဖြစ်က သေချာလေ ...၊

သာသာ နဲ့ အလင်္ကာ တို့ အဲဒီဘက် ရောက်သွားပြီဆိုရင်တော့ ပြီးပြီ ...။

"ဒေါက် .. ဒေါက် .."

"သာသာ .. ဟေ့ .. သာသာ မင်း ရှိသလား .. အိပ်နေတာလား"





"ဒုန်း .. ဒုန်း .."

လူမြင်တိုက်နေသည့် ညဦးယံမို့ တံခါးတိုးတိုးခေါက်၍ ကြိတ်ခေါ်နေရတာ အားမလိုအားမရ ဖြစ်လာ၏။ ထို့ကြောင့် လက်သီးဆုပ်နှင့် ထု၍ ...

"သာသာ .. သာသာ ထစမ်း .. တံခါးလာဖွင့် .. ငါ အရေးတကြီး ပြောစရာ ရှိတယ် ...၊ သာသာ ကြားလား .."

အထဲက တုံ့ပြန်သံ မကြားရ ...၊

"ဟား!..."

ဆောင်းဦးခိုက် စိတ်တွေ လှုပ်ရှားနေပြီဖြစ်ကာ ပင့်သက် တစ်ဝကြီးရှိုက်၍ အခန်းတံခါးကို စူးစိုက်ကြည့်၏။

အထဲကို နားစွင့်နေပေမယ့် တုံ့ပြန်ဖို့ နေနေသာသာ ဘာလှုပ်ရှားသံမှ မရှိသဖြင့် ...

"သွားပြီ .."

တစ်ယောက်တည်း စိတ်လှုပ်ရှားစွာ ပြောမိရင်း နဖူးက ဆံပင်တွေကို လက်ဝါးနဲ့ ပင့်သပ်တင်မိသည်။

မဟုတ်ဘူး .. အဲဒီလို မဖြစ်နိုင်ဘူး ...၊ တံခါးကို အထဲက ပိတ်ထားတာ ...။

ထိုစဉ် ...

"ခွမ်း .."

ဟင်!...

သူ့တစ်ကိုယ်လုံး မတ်ခနဲ ဖြစ်သွားသည်။ ကြာကြာတွေဝေမနေတတ်သည့်စိတ်ကြောင့် လူက ထိုဘက်ကို မြင်ရသည့် ပြတင်းပေါက်ဆီ ချက်ချင်း ရောက်သွားသည်။

"ခွမ်း .. ချလွမ်း .."

"ဒုန်း .."



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ကွဲရှသံတို့သည် လွှပ်ရှားပြေးလွှားနေသော ပုံရိပ်တချို့ကိုပါ ထပ်တူ ဖော်ပြလျက်ရှိကာ ...

"ကျွတ်!... ဒီလောက်ထိတော့ မဖြစ်နိုင်ပါဘူး .."

ကိုယ့်သောကကို ဖြေသိမ့်သလို ရေရွတ်ရင်း ပိတ်ထားသည့်တံခါးဆီ ပြန်ပြေးခဲ့၏။

ဒီတစ်ခါ အသိစိတ်က တစ်စုံတစ်ခုကို တွက်မိနေပြီမို့ ဘယ်သူ့ကိုမှ ခေါ်မနေတော့ဘဲ တံခါးကို အရှိန်နဲ့ တစ်ခါတည်း ပြေးတိုက်ပစ်လိုက်၏။

ခုံနဲ့ ကိုင်ရိုက်လိုက်ဖို့ စိတ်ကူးက ဟိုဘက်ခြံက ဆူ .. ဒီဘက်ဆူ ဖြစ်ကုန်မှာစိုးကာ ကိုယ့်အားကိုယ်ကိုးလိုက်ရပြီး ...

"ဒုန်း .. ဒုန်း .."

တံခါးနှင့်အတူ လူပါ အထဲကို ပြိုကျသွား၏။ အောင့်တက်နာကျင်သွားသည့် ပခုံးတစ်ဖက်ကို ဖိဆုပ်ထားမိကာ တစ်ယောက်မှ ရှိမနေသည့် တစ်ခန်းလုံးကို ဝေ့ကြည့်ရင်း အမောဆို့သွား၏။

ပြီးတော့ စောင်တွေ ဆက်ထုံး၍ ကြိုးလုပ်ချထားသည့် ပြတင်းပေါက်ကို ပြေးငုံ့ကြည့်မိလျက် ...

"တောက်!... ဒီလောက်တောင်မှကွာ .."

အောင့်တာတွေ .. နာကျင်တာတွေကို မေ့ကာ သူ အခန်းထဲက ပြေးထွက်ခဲ့၏။

ဒီည သူ ဘယ်လိုမှ အိပ်မပျော်နိုင်ခဲ့တာ ကံကောင်းတာလား .. ကံဆိုးတာလား ..။





အခန်း (၁၆)

"တီတီသာ မရတော့ဘူး ..၊ လာ .. လာပါဆိုမှ .."

နောက်ဖေးတံခါးသော့ကို သူမ မှတ်ထားသည်။ ရှေ့တံခါးသော့တွေဆို သူမ မသိသဖြင့် ရွေးချိန် ဖယ်ချိန် မရသည့် ပြေးလမ်းကို မသွားချင် ..။

ဒါပေမယ့် ဦးအေဝတာကြီး က ထက်ကြပ်မကွာ ကပ်ပါလာသဖြင့် ရှေ့ဆက်ပြေးနေလည်း မီတော့မှာပဲဖြစ်ရာ အိမ်ရှေ့ပိုင်းကို ပြန်ကွေ့ပြေးခဲ့ရ၏။

"တောက် .. လှေကားပေါ်က ဒလိမ့်ကျတာတောင် မသေဘူး.. သရဲပူးနေသလား မသိဘူး ..၊ အား!..."

ပြုတ်ကျတဲ့ပုံချင်း အတူတူပဲဟာ .. သူမမှာတော့ ခြေထော့ပြေးနေရ၏။ ဒီလူကြီး ခြေထော့နေပေမယ့် တစ်လှမ်းနဲ့တစ်လှမ်း ခုန်ပေါက်လာသလား ထင်ရသည်။

အနီးဆုံးမှာရှိသည့် လှေကားကြီးအောက်က အခန်းကျဉ်းလေးထဲ ပြေးဝင်ပြီး တံခါးပြန်ပိတ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"တော်သေးတာပေါ့ .. ဒီတံခါးလေး ပွင့်နေလို့ .."

"စိုးအောင် တို့ ဖွင့်ပေးတာလား မသိဘူး .."

"တိတ်တိတ်နေ .."

ဦးဒေဝတာကြီး သူမတို့ နောက်ဖေးဘက် ပြေးပြီအထင်နှင့် တောက်လျှောက် လိုက်သွား၏။ နှစ်ယောက်သား မှောင်မည်းမည်းထဲမှာ တစ်ယောက်ကိုတစ်ယောက် ဖက်ထားရင်း ကိုယ့်ရင်ခုန်သံတွေ ကိုယ်ပြန်ကြားနေရ၏။

"တီတီသာ .."

အလင်္ကာ က အသံလေး နိမ့်ခေါ်ကာ ...

"သားတို့ လွတ်မှာ မဟုတ်ဘူး .."

"ဘာလို့ မလွတ်ရမှာလဲ .."

ပြောလိုက်သည့်လေသံက မာကျောမှုရှိပေမယ့် မောနေသဖြင့် အဖျားခတ် တုန်ယင်နေ၏။

ပြီးတော့ သူမကိုယ်မှာ သွေးထွက်သံယို အကြီးအကျယ် မရှိနိုင်ပေမယ့် တစ်ကိုယ်လုံးမှာ ဒဏ်ရာတွေကြောင့် နာကျင်နေပါပြီ ..။

"နင် ဘာမှ မဖြစ်ဘူးမို့လား အလင်္ကာ .. နိုက်မိသေးလား .."

"ဟင့်အင်း .. တီတီသာ ဘာဖြစ်လို့ သူများအိမ်တံခါးမှန်တွေကို တမင် ရိုက်ခွဲတာလဲ .."

"ကိုကို မအိပ်သေးဘူး .. ဒီဘက်ကအသံတွေကို ကြားအောင်လို့ .."

"သားတို့ အိပ်နေပြီလို့ပဲ ဖေဖေက ထင်တာကို .."

"ထားလိုက်ပါဟာ .. ငါလည်း ကြံမိကြံရာ ကြံလိုက်တာ .. ဘာစော်ကြီး နံနေတာလဲ မသိဘူး .. ဒီထဲမှာ ဘာပစ္စည်းတွေ ထားတာလဲ မသိ .. ဟင်!..."

ပစ္စည်းတစ်ခုခု ထည့်ထားသည့် အိတ်ကြီးအမှတ်နှင့် ကျကျနန ထိုင်နေမိသည့် ကိုယ့်အောက်ကို အမှတ်တမဲ့ ထိစမ်းလိုက်မိလျှင် ..





"တီတီသာ ဘာဖြစ်လို့လဲ .."

"ဒီ .. ဒီအောက်မှာ .."

ဖိခနဲ နစ်ဝင်သွားသည့် ကိုယ့်လက်ကို လက်ချောင်းချင်း ပွတ်ကြည့်တော့ ပျစ်ချွဲချွဲ စေးထန်းထန်းတွေ ..၊

ထိုစဥ် နှာခေါင်းထဲကို ဝေ့ခနဲ ကျီစယ်သွားတာ သွေးညှီနံ့ ..၊

သာသာ မျက်လုံးတွေ ပြာသွား၏။

သရဲကို ကိုယ်တိုင် မြင်ခဲ့ရတာတွေ ..၊ သက်စွန့်ဆံဖျား ပြေးနေရတာတွေ .. အားလုံးမှာ ဒီလောက်ထိ သတိလစ်မတတ် ကြောက်ခဲ့ရတာ မရှိ ..။

သူမတို့ ထိုင်ထားသည့်အောက်မှာ ရှိနေသောအရာသည် ..၊

"တီတီသာ .."

အလင်္ကာ့ အသံလေးက တိုးတိုးလေးပေမယ့် အမောတကော ရှိနေကာ ...

"သားတို့အောက်မှာ ဘာလဲ မသိဘူး .. သား .. သား စမ်းကြည့်လိုက်တာ ခေါင်းကြီးထင်တယ် .."

"မကြောက်နဲ့ အလင်္ကာ .."

သာသာ ကိုယ့်စိတ်ကို သံပတ်တင်းလိုက်ပြီး အလင်္ကာ့ ကိုယ်လေးကို တင်းခနဲ ဆွဲဖက်လိုက်သည်။

"မကြောက်နဲ့ .. လူသေကောင်က ငါတို့ကို ဘာမှ မလုပ်ဘူး..၊ ဟိုလူကြီး သိသွားလိမ့်မယ် .."

အားပေးနေသူ၏အသံသည် အဖျားတက်နေသလိုရှိလျှင် အလင်္ကာ့ ချော နေစရာ မရှိတော့ပေ ..။

"သား ကြောက်တယ် .. အပြင်ထွက်မယ် တီတီသာ .."

"အို!... မဖြစ်ဘူးလေ .."

"ဟင့်အင်း .. ဟိုလူကြီးကို သား မကြောက်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လက်ကိုပင် ပြန်မမြင်နိုင်အောင် မှောင်ပိန်းနေသည့် အခန်းထဲမှာ နှစ်ယောက်တည်း အသက်ရှူရပ်မတတ် ဖြစ်နေကြစဉ် …

"ဒုန်း .."

"အမေ့!…"

"အား!…"

ကြောက်နေသည့်စိတ်တွေ ရောထွေးကုန်လျက် သာသာ တို့ အော်သံတွေ ပြိုင်တူ ထွက်သွားကြ၏။

"ဒုန်း .."

တံခါးကို အထဲကနေ ဂျက်ချထားပေမယ့် ပြင်းထန်သည့် ထုနှက်ခြင်းကြောင့် နှစ်ချက်တည်းနှင့် ဂျက်က ပြုတ်ထွက်သွား၏။

"ဟား .. ဟား .. ဟား .. လာခဲ့စမ်း .. ဂြိုဟ်ဆိုးနှစ်ကောင် .. အဲဒီထဲက မသာနှစ်ကောင်လို နင်တို့ကို ရင်ခွဲပစ်မယ် .. ပြီးရင် အဲဒီထဲမှာ အတူတူ ထားမယ် .."

တံခါးဝမှာ မားမားကြီး ရပ်နေသဖြင့် သာသာ နဲ့ အလက်ာရတ်တရက် ငေးကြောင်ကာ ချောင်ပိတ်မိသွားကြ၏။

ထိုစဉ် …

"ကိုဒေဝတာ .. ရှင် ကလေးတွေကို လွှတ်ပေးလိုက်ပါ …၊ မဟုတ်ရင် ရှင့်ကို ကျွန်မ ဒီဓားနဲ့ ခုတ်မှာနော် .."

"အံ့မာ .."

အပြင်က အလင်းရောင်မှာ ဒေါ်တင်လေးသွယ် နှင့် ၄က်ကြီးတောင်ဓားရှည်ကြီးကို မြင်လိုက်ရ၏။

သူမ ဝမ်းသာသွားကာ အခွင့်အရေးရတာနှင့် ပြေးထွက်ဖို့ အလက်ာ့လက်လေးကို ဆုပ်ကိုင်ထားရင်း အသင့်ပြင်ထားမိသည်။

သူမ တွက်ထားသည့်အတိုင်း ဦးဒေဝတာ သည် နောက်ကျောဘက်ရန်သူဘက်ကို အာရုံရောက်သွားကာ …





"မိန်းမယုတ် .. ကိုယ့်လင်ဘက်က မပါဘဲနဲ့ နင်က .. နင့်ကို ဘာဖြစ်လို့ ကြောက်ရမှာလဲ .."

ဟိုဘက်ကို ကိုယ်တစောင်း လှည့်လိုက်တာနှင့် သာသာ ပြေးကာ ဦးဒေဝတာ ကိုယ်ကြီးကိုပါ ဆောင့်တွန်းပစ်လိုက်၏။

"ဒုန်း .."

"အ!…"

ကိုယ့်လက်နက်နဲ့ ကိုယ် ဦးဒေဝတာ ထိသွား၏။ ဒါပေမယ့် ပြန်ထသည်။ အာရုံရှိသမျှ သူ သတ်ချင်နေတာ သာသာ တို့ဆီ ရှိနေလျက် …

"ဒီလိုပြေးလို့ လွတ်မလား .."

ဒေါ်တင်လေးသွယ် ကို တစ်ဖက်က ကိုင်ထားသည့် တုတ်ရှည်နှင့် ရိုက်ပစ်လိုက်၏။ ဓားကိုင်ထားပေမယ့် မခုတ်ရဲဘဲ ဦးဒေဝတာ ၏ လက်နှင့် ခွေခနဲ လဲကျသွားသည်။

ဒေါက်စင်ကြီးကို ဘယ်မှာထားခဲ့ပြီး ဘယ်လက်နက်တွေ ပြေးဆွဲသည် မသိ …။ လက်နှစ်ဖက်စလုံးမှာ ကိုင်ထားသည့် တုတ်တစ်ဖက် စ်ဖက်သည် .. ဓားမြှောင်က ဗိုက်မှာ စိုက်လျက်တန်းလန်းနှင့်…

"ဟိတ် .. ရပ်နေစမ်း .."

"တီတီသာ မြန်မြန်ဖွင့် .."

"ငါ မှတ်ထားတာ ဒီသော့ပဲ .. ဖွင့်လို့ မရဘူး .."

အရေးကြီးလေ လက်က တုန်နေလေ …၊ သော့လည်း ဖွင့်လို့ နောက်ကို ပြန်လှည့်စရာ ပြေးပေါက်လည်း မရှိတော့ပေ …။ ဦးဒေဝတာ သည် ဗိုက်မှာ ဓားတန်းလန်းနဲ့ပေမယ့် ဝမ်းခေါင်းသံ ရယ်ကာ တုတ်ရှည်ကြီးကို တအားလွှဲ၏။

ထိုစဉ် …

"လေပ်နဲ့ …၊ ဟော့ .."

www.burmeseclassic.com



လှမ်းဆွဲလို့မမီနိုင်သည့် အနေအထားမို့ ဆောင်းဦးနိုက် ကမူး[illegible]
ထိုး လှမ်းအော်မိကာ ...

"ဦးဒေဝတာ .. ခင်ဗျား ရပ်လိုက် .."

မထင်မှတ်သည့်အသံကို ကြားလိုက်ရသဖြင့် ဦးဒေဝတာ နော[illegible]
ကို အာရုံရောက်သွားကာ လှည့်ကြည့်၏။

"ဖောင်း .."

ဘယ်သူဘယ်ဝါ မသိရသေးမီ လက်ပြန်ရိုက်ချက်ကြောင့် မျက်[illegible]
သာမကဘဲ တစ်ကိုယ်လုံး လည်ထွက်သွားသည်။

"မင်း .. မင်းက .."

"ကျွန်တော်က ဆောင်းဦးနိုက် .."

ဦးဒေဝတာ ဒေါသဖြစ်ချိန် မရ ...၊ အံ့ဩဖို့လည်း မတတ်နိုင်[illegible]
ဘဲ နံရံမှာ မှီကျနေလျက်ကနေ တအိအိ ပြိုကျသွားခဲ့ရင်း ...

"မင်းတို့ကို ငါ သတ်မယ် ...၊ မင်း .. မင်းတို့ .."

မျက်လုံးကြီး တဝင်းဝင်းနှင့် ကြိမ်းဝါးရင်း ဗုန်းဗုန်းလဲကျတဲ့[illegible]
အံတကြိတ်ကြိတ် ...။

အလက်ာ့ လက်လေးတစ်ဖက်ကို ဆွဲကာ ဆောင်းဦးနိုက် ဒီ[illegible]
ရပ်ကြည့်နေခဲ့၏။

ဦးဒေဝတာ ၏ ဗိုက်က ဓားကို ခုမှ သေချာမြင်လိုက်တာမို့ [illegible]
ဘယ်သူ့လက်ချက်လဲဆိုတာပဲ ခေါင်းထဲမှာ ပြေးလွှား အဖြေရှာ[illegible]
သည်။

ဒီအဖြစ်တွေ ဘယ်လောက်ထိ ရှုပ်ထွေးဦးမှာလဲ ...၊





## အခန်း (၃၇)

"သက်သာရဲ့လား သမီး .."

"ဟုတ် .."

ကိုယ့်အပြစ်နဲ့ ကိုယ်မို့ ဘယ်လူကြီး ဂရုစိုက်တာကိုမှ မခံရဲသလို
[illegible]ဖြစ်နေသည်။ လှေကားပေါ်က ပြုတ်ကျထားသည့်ဒဏ်နှင့် ခြေ
[illegible]တ်က လမ်းလျှောက်တိုင်း နာသည်။

ကျောတွေ .. ပခုံးတွေက လှုပ်တိုင်း အောင့်နေ၏။ ဒါပေမယ့်
[illegible]ာ ဘာတစ်ခုမှ မပြောရဲပေ။ ကိုယ်တွေလက်တွေ ကိုက်ခဲနေသည်
[illegible]ပြောတော့ ဆရာဝန်ကလည်း စမ်းသပ်ကုသပြီးတာနှင့် ပြန်သွား၏။

"တီတီသာ ကလည်း ခြေထောက်က ရောင်တောင် ရောင်နေတဲ့
.."

"တိတ်တိတ်နေစမ်းပါ .. ကိုကို အပြင်မှာမို့လား .. ကြားသွားလို့
[illegible]ကြီးကျယ်ကျယ်တွေပြောပြီး ဆူဦးမယ် .."

"ဖေဖေ မရှိပါဘူး .. ဆေးရုံမှာ လူနာတွေကို သွားကြည့်နေ
.."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ သမီး .. သက်သောင့်သက်သာ ရှိရဲ့လား ..၊ ခြေ ထောက်မှာ ဒဏ်ရာရှိတယ်ဆို .."

"ရှင်!..."

ဦးသန့်ဇင် က အခန်းထဲဝင်လာပြီး မေးတော့ သာသာ ခြေ လေးပေါ်နေတာကို စောင်ထဲ ပြန်သွင်းသည်။

"သမီးကိုကိုက ဆေးရုံကနေ လှမ်းပြီး ဖုန်းဆက်မေးနေလို့ .. အဲ့ဒါ ခုပဲ ဆရာဝန်ပြန်သွားတယ်လို့ .. ကောင်းပါတယ်လို့ပဲ ဦး ဖြေလိုက်တယ် .."

"ဟုတ်ကဲ့ .. သာသာ ဒဏ်ရာကြီးကြီးကျယ်ကျယ် မရပါဘူး"

ဆံပင်လေး မတိုမရှည် ဝဲဝဲလေးနှင့် ညဝတ်အကျီပွပွလေးနဲ့ သာ ပုံစံလေးကို ချစ်စနိုးကြည့်၍ ဦးသန့်ဇင် က ပြုံးသည်။

ဝင်းဝင်းစက်စက်လေး နုဖတ်နေသည့် မျက်နှာလေးမှာ ထူး သော မျက်တောင်ရှည်တွေက ပို၍ လှအောင် အရောင်တင်ထားသ သို့ရှိလျက် ..၊ အပျို့ရွယ်လေးလို လှ၍ နုသစ်လတ်ဆတ်နေသည့် မျ ဝန်းလေးတွေက ကလေးဆန်သည်။

ဒီကလေးမကိုတော့ ကိုယ့်သား တကယ်ကို မြတ်နိုးနေပြီဆို နားလည်သွားပြီမို့ ရင်ထဲမှာ ချမ်းမြေ့နေသည်။ ခုနကပဲ ဖုန်းဆက် မေးနေတာ စိုးရိမ်သံတွေကို မဖုံးနိုင် မဖိနိုင် ..။

"အဲဒီကောင်မလေးက ခပ်ပေပေရယ် .. နာလည်း နာတယ် မ ဘူး ..၊ ဖျားနေတာတောင် ဖျားနေမှန်း မသိအောင် နေတာ ဖေ သူ့ အလကား ကို ဖက်ပြီး ခြေဖော့ထောက်နေရတာ ကျွန်တော် တယ် ..၊ ဘယ်ဘက်ခြေထောက်မှာ ရောင်နေသလားတောင် မသိ ဖေဖေ မေးမနေပါနဲ့တော့ .. သူ့ကို ဖုန်းကိုင်ခိုင်းပေးပါ"တဲ့ ..

တွေးရင်း ပြုံးလိုက်မိကာ မြေးရဲ့ဘေးမှာ ဝင်ထိုင်လိုက်ပြီး ..

"ရော့ သမီး .. သမီးကိုကိုက သမီးနဲ့ ပြောမလို့ စောင့်နေတယ်





"ဟင်!.."

သာသာ ကိုကိုနဲ့ မပြောချင်ပါ။ ပြောစရာအကြောင်းလည်း မရှိ။ ခု ဖြစ်သွားတာ ကိုယ့်ကြောင့် ဆိုပေမယ့် ကိုကိုနဲ့ သူမရဲ့ကလျာမှာ ...နိ်တာတွေ ပြောဖို့မှ မလိုတာ ..၊ ပြီးတော့ သူ့ကို မခေါ်ဘူးလို့ ဆုံး ...တ်ထားပြီးသား ..။

"ရော့ပါ သမီးရဲ့ .. သမီးကို သူ မဆူပါဘူး .."

ဆူတော့ရော ကြောက်ရမှာလားလို့ အသံတိတ် စစ်တိုက်မိပေမယ့် ...ကယ်တမ်းကျတော့ ကိုကို အပြင်မှာပဲမှတ်ပြီး ဒီထဲ ဘယ်အချိန် ...်လာမလဲလို့ စိုးရိမ်နေခဲ့တာ အမှန် ..။

"ဟလို .."

သာသာ ဖုန်းကိုင်လိုက်တာနှင့် ဦးသန့်ဇင် က နေရာမှ ထထွက် ...း၏။

"မင်း နေကောင်းရဲ့လား သာသာ'.."

"ကောင်းတယ် .."

"ခြေထောက် နာနေတယ်မို့လား .. ရောင်နေသလား ..၊ ခု ဆရာ ဘာလုပ်ပေးခဲ့သလဲ .."

"ဘာမှ မဖြစ်ပါဘူး .."

"ကျွတ်!..."

ဖုန်းထဲကနေ စိတ်ပျက်သံကို အကျယ်ကြီး ပို့လွှတ်ပြီးမှ ...

"အင်း .. မင်း နေသာထိုင်သာ ရှိနေရင် ပြီးတာပဲ .. သားကိုရော ...ာ ကိုယ် ပြောထားမယ် .. အခု ညနေလောက်မှ ကိုယ် ပြန်ရမှာ.. ...ို့ ဘယ်မှ မထွက်နဲ့နော် .."

"ဒီမှာ ခြေထောက်ကြီး နာနေတာ ဘယ်လိုလုပ် ထွက်လို့ရမှာ ..."

"တွေ့လား .. မေးတော့ ဘာမှ မဖြစ်ဘူးဆိုပြီး .."



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းတော့ နာတာပေါ့ .."

ဆောင်းဦးခိုက် အသံ ခဏ တိတ်သွားစဉ် ...

"ကိုကို .."

"ဟင် .. ပြောလေ .."

သာသာ မျက်နှာလေး စူပုတ်ထားတာကို သိနေသဖြင့် ကို စိတ်လိုလက်ရ ခေါ်လိုက်တော့ ဆောင်းဦးခိုက် ပျာပျာသလဲ ပြ မိကာ ...

"ပြောလေ.. ဘာမေးမလို့လဲ..၊ ဒေါ်တင်လေးသွယ် တို့အကြေ လား .."

"အင်း .. သူတို့ မသေမပျောက်ကြဘူးဆို .."

"ဟုတ်တယ် .. ဦးဒေဝတာ လည်း မားချက်ပြင်းပေမယ့် အ ကြီး အစိတ်အပိုင်းတွေနဲ့ လွတ်သွားလို့ အခု ခွဲစိတ်လိုက်တာ သွားပြီ ..၊ ဒါပေမယ့် သူ့စိတ်တွေတော့ မရတော့ဘူးကွ .. ဆေ ဆင်းရင်လည်း စိတ်ကျန်းမာရေးဆေးရုံ ရောက်မှာပဲ ..၊ သက်သ ရင် လူသတ်မှုတွေနဲ့ ထောင်ကျမယ် .. ကောင်းဖို့တော့ မရှိဘူး -

"ဟို .. ရဲ .. ရဲတွေက ဘာပြောလဲ ဟင် .."

သာသာ ကြောက်နေတာကို သိကာ ဆောင်းဦးခိုက် က သည်။

"ကြောက်နေတာလား .. မင်းတို့ ဘာမှ မဖြစ်ပါဘူး .. ဒေါ် လေးသွယ် က မင်းတို့ကို ဒီလျှို့ဝှက်ချက်တွေ ဖွင့်ပြောပြီး အကူ တောင်းခိုင်းချင်လို့ သူကိုယ်တိုင် ခေါ်ထားတဲ့အကြောင်း အစစ်ခံ တယ် .."

သာသာ တို့သာ ရောက်မလာခဲ့လျှင် သူမလည်း သေမှာပဲ သည်။ အဖြစ်သနစ်တွေကို အားလုံး ပြောပြပြီး ရှိုက်ကြီးတငင် ငိုေ မြင်ရတဲ့လူတွေ ဘယ်သူမှ စိတ်မသက်သာပါ ..။





ပြီးတော့ မေးသေးသည်။

"သူ ဘယ်လိုအပြစ်မျိုး ကျနိုင်လဲ ဟင် .."

"ဒါက အခု ပြောလို့မရသေးဘူး ဒေါ်တင်လေးသွယ် .. လူသတ်မှု ကျူးလွန်ခဲ့တာ ခုမှ မဟုတ်ဘူး .. မဲဆောက်မှာ သူ နေသွားခဲ့တဲ့ မှာတုန်းကလည်း မြေအောက်ခန်းလုပ်ပြီး အဲဒီမှာ သူ လူစသတ်ခဲ့ - အဲဒီမှာတုန်းက ဖမ်းမိပေမယ့် စိတ်ကျန်းမာရေးမှာ ကုသမှုခံနေ း သူ ထွက်ပြေးသွားတယ် .."

"အဲဒီအချိန်တုန်းက ကျွန်မတို့သားအမိ မရှိပါဘူးရှင် .. ကျွန်မ လေးက တစ်နှစ်သားကတည်းက ခွဲစိတ်ကုသထားခဲ့ရတာ.. ကျွန်မ အဲဒီတုန်းက စင်ကာပူမှာပါ .."

"ဟုတ်ပါတယ် .. ဒါတွေက ပြီးခဲ့ပါပြီ .. ဒီတစ်ခါတော့ သူ တ်လမ်းမရှိတော့ဘူး .. လောလောဆယ် ဆေးရုံတင်ထားရမှာပေမယ့် ကို အထူး စောင့်ကြပ်ကြမှာပါ .."

ဦးဒေဝတာ က နာမည်အရင်း မဟုတ်ပေ ..။ သူ့နာမည်အရင်းက လွင် ဖြစ်၏။ သူဟာ နာမည်နဲ့ပတ်သက်ပြီး မကျေနပ်ဖြစ်ခဲ့ရ ည့် စိတ်အခံနှင့် ရောဂါသည်ဖြစ်ရခြင်း ..၊ ဆေးကျောင်းတက်ခွင့် ခဲ့ခြင်း စသဖြင့်သော အရာအားလုံးဟာ ဒီနာမည်ကြောင့်လို့ပဲ အစွဲ ခဲ့ ဖြစ်ခဲ့သည်။

ထို့ပြင် သူငယ်ချင်းတွေက 'ဖြူရေ .. အချစ် ..' 'ဖြူလေး ရေ..' ည် နောက်ပြောင်ကျီစယ်မှုတွေအပေါ်မှာ နာကျင် ခံစားခဲ့ရသည်။

ကြီးပြင်းလာခဲ့တဲ့အချိန် နောက်တစ်ဆင့်က သူ့ကို ဆေးတက္ကသိုလ် ကျောင်းသားမဟုတ်ပေမယ့် ကျောင်းသားလို ပါဝင်လှုပ်ရှားနေခဲ့ အတွက် အားလုံးက မျိုးသိပ်နေခဲ့ကြခြင်း ..၊

ကိုယ့်ကိုယ်ကိုယ် ဆရာဝန်ဖြစ်ပြီလို့ သတ်မှတ်၍ ဆေးရုံထိ သွား ပါဝင်နေခဲ့တဲ့အထိ လက်ခံနေခဲ့ကြတာတွေ ..၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့မသိစိတ်မှာ ချို့ယွင်းမှုရှိနေခဲ့ခြင်းအတွက် စွဲမိစွဲရာမှာ ... ကာ မလိုလားတာ မှန်သမျှကိုတော့ အားလုံး မေ့နေခဲ့သည့်အဖြ... ဘဝတစ်လျှောက်လုံးမှာ အမှားတွေကို ဆက်တိုက် ကျူးလွန်စေ... ခဲ့၏။

သူမွေးသည့် သားလေးမှာ ရောဂါပါလာမှန်း သိကတည်... ဝါသနာဗီဇက ပွက်ပွက်ဆူခဲ့သည်။ စမ်းသပ်ချက်တွေ အမျိုးမျိုး ... စာအုပ်တွေဖတ်၍ အတတ်ပညာတွေ စုဆောင်းကာ ခုလိုပဲ ... သမားထဲက လူနှစ်ယောက်ကို သတ်ခဲ့တာ ဖြစ်၏။

ဒေါ်တင်လေးသွယ် တို့ ပြန်လာတော့ သူ့ကိုယ်သူ အကြီးအ... ရောဂါရလို့ ဆေးရုံတက်လိုက်ရတာမျိုး လိမ်ညာကာ ဝရမ်းပြေး ... ရခြင်းကို ဖုံးကွယ်ထားခဲ့သည်။

တကယ်တော့ မဲဆောက်မှာတည်းက စိုးစိုး ကို သူ သိမ်းပိုက်... ခဲ့တာဖြစ်ကာ ထိုစဉ်က လူသတ်မှုတွေကိုလည်း ဒေါ်စိုးစိုး က သိ...

သူမ မသိခဲ့တာက ကလေးရလိုခြင်းအတွက် သူမကို ချော... စည်းရုံးထားခဲ့သည့်အဖြစ်ကိုပင် ...။

"စိုးစိုး ရဲ့ကလေးကိုလည်း သွပ်ချောင်ချောင်လေး ဖြစ်နေ... သူ လုပ်ထားတာပဲ .."

ဒေါ်တင်မလေးသွယ် က ဦးဒေဝတာ အကြောင်းတွေ ပြော... တော့ ဒေါ်စိုးစိုး အကြောင်း ဆက်ပြော၏။

"ပျော်မယ် ..စားမယ် .. သွားမယ် .. လာမယ် ဆိုတဲ့ ခံစား... တွေ မဲ့ပြီး ကြောက်တာ တစ်ခုတည်း သိတတ်နေအောင် သူ လုပ်... တာ ..၊ သူထင်တာက ဒီကလေးရဲ့ နှလုံးကို ယူတဲ့အခါမှာ ကလေး... သူ ချုပ်ကိုင်ရလွယ်အောင်ပေါ့ ..၊ အရမ်းကို ပညာမဲ့ပြီး ရူးသွပ်ခဲ့တာ... ဒါပေမယ့် သူ့ကို ကျွန်မ သနားခဲ့တယ်.. သူ ဆရာဝန်ဖြစ်ချင်နေတာ... မြင်ရလေ သနားလေနဲ့ ဒီအချိန်ထိ ကျွန်မ သူ့ဘေးမှာ ရှိနေပေးခဲ့တယ်...





ဦးဒေဝတာ က မခန့်မှန်းနိုင်လောက်အောင် ချမ်းသာသည်။ ဒါပေမယ့် သူ သုံးချင်တာအတွက် ငွေ လိုအပ်လာလျှင် သုံးသည်။ တခြား ဘာကိုမှ စိတ်မဝင်စား ...၊

ပိုဆိုးတာက သူ့မိဘ အရမ်းချမ်းသာခဲ့သည့်အရှိန်အဝါကြောင့် သူ့ဘဝ ပျက်ခဲ့ရသည်လို့ တွက်နေတာပဲ ဖြစ်၏။

သူ့ရဲ့ ရူးသွပ်မှုအတွက် မိဘက ဖြည့်ဆည်းပေးခဲ့သမျှ သူက နာကြည်းခဲ့၏။ မိဘတွေ အသေစောပေမယ့် နမြောရမှန်း မသိဘဲ စိတ်ဆင်တာတွေ လုပ်ခဲ့သည်။

သားဖြစ်သူရဲ့ကျန်းမာရေး ဆိုးဝါးလာသည်နှင့် စိုးအောင် ရဲ့ နှလုံးကို ယူဖို့ ကြိုးစား၏။ ထိုအချိန်မှာ ဒေါ်စိုးစိုး နဲ့ အကြီးအကျယ် စကားများတော့သည်။

ဘယ်တုန်းကမှ မော်မကြည့်ရဲခဲ့သော်လည်း သားအတွက် တိုက်ပွဲဝင်ရင်း ဒေါ်စိုးစိုး အသတ်ခံရ၏။

အလွတ်ဖြေရင်း အောင်မြင်ခဲ့လျက် ကိုယ့်ကိုယ်ကိုယ် ဆရာဝန်ကြီးလို့ သတ်မှတ်ခဲ့သော ဦးဒေဝတာ က တကယ်လည်း ပညာတော်ပါသည်။ ဒါပေမယ့် သူ့စိတ်က ပုံမှန် မဟုတ်ခဲ့ ...။

ဒေါ်တင်လေးသွယ် က အားလုံး ရှင်းပြပြီး မျက်ရည်တွေ တစိမ့်စိမ့် ကျနေခဲ့၏။ သူမအတွက်က ဒါတွေကို လက်မခံနိုင်သည့်စိတ်တွေ ဖြစ်လာပေမယ့် ဦးဒေဝတာ က သူမကို မျက်စိအောက်က အပျောက်မခံတော့ပေ ...။

ခြေလှမ်းမှားလိုက်တာနှင့် ကိုယ့်ကို သတ်ပစ်ဖို့ ဝန်မလေးတော့ပြီမှန်း နားလည်လာသဖြင့် အနီးဆုံးမှာ ရှိနေကြသည့် သာသာ နဲ့ ကလေးတစ်ယောက်ကို အကူအညီတောင်းဖို့ ဆုံးဖြတ်လိုက်ရခြင်း ဖြစ်သည်။

သူမတို့နှစ်ယောက် ရောက်လာသည့်အချိန်မှာ ဦးဒေဝတာ ခွဲစိတ်ဖို့ ဆုံးဖြတ်ထားသည့်နေ့ ဖြစ်နေရတာကတော့ တိုက်ဆိုင်မှုပဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ သိထားခဲ့တာတွေကို အားလုံးလည်း သိကြပြီးပါပြီ။ ဒါပေမယ့် သာသာ့ ကိုတော့ ဖုန်းနဲ့မို့ သေချာ ပြောမပြနိုင်သေးပေ ..။

"သာသာ .."

"ဟင်!..."

"ဘာမှ တွေးမနေနဲ့တော့ .. နေကောင်းအောင် နေ .."

"သာသာ ဘာမှမဖြစ်ပါဘူး .. အခု အန်တီစိုးစိုး တို့ အလောင်းတွေရော .."

"မှုခင်းဆရာဝန်တွေလက်ထဲ အပ်လိုက်တာပေါ့ ..၊ ခဏာလေးကိုယ့်ကို ဒေါက်တာ ခေါ်နေလို့ .."

သာသာ နဲ့ စကားဖြတ်ပြီး သူ ထွက်လာခဲ့သည်။

ဦးဒေဝတာ သည် ကောင်းကောင်း သတိမရသေးဘဲနှင့် ပါးစပ်ကကယောင်ကတမ်းတွေ ရူးရူးဝါးဝါး လျှောက်ပြောနေ၏။

အားလုံးထဲမှာ ပီပီသသ တစ်ချက် တစ်ချက် ကြားရတာက 'သတ်မယ် ..' 'သတ်ပစ်မယ် ..' ဆိုတာတွေပဲဖြစ်ကာ မှိတ်ထားသည့် မျက်ဝန်းဆောင့်ကနေ မျက်ရည်တွေ စီးကျနေတာ အဆက်မပြတ် ..။

ဒါကို ဒေါ်တင်လေးသွယ် ကြည့်ရင်း မျက်နှာကို လက်ဖဝါးနှစ်ဖက်ထဲ အပ်၍ ငိုကြွေးနေ၏။

ထို့ပြင် သူမကလည်း တတွတ်တွတ် ပြောနေခဲ့၏။

"ပြီးပါတော့ .. အားလုံး ဒီလောက်နဲ့ပဲ ပြီးပါတော့ .."





## အခန်း (၃၈)

"နေကောင်းရဲ့လား သာသာ .. ညကလည်း ကောင်းကောင်း မအိပ်ဘူးဆို .."

"ဟုတ်တယ် .. ဟို .."

"ဘာဖြစ်လို့လဲ .."

"အန်တီစိုးစိုး က သာသာ ကို ကြည့်နေတယ်လို့ ထင်ပြီး အိပ်ပျော်သွားတာနဲ့ ကြက်သီးတွေထပြီး လန့်နိုးတာပဲ ..၊ အဲ့ဒါနဲ့ မအိပ်ဘဲနေလိုက်တော့တာ .."

"တစ်ညလုံးလား .."

"အင်း .."

"သားတောင်မှ မေ့မေ့ပျောက်ပျောက် ဖြစ်သွားပြီကွာ .. ပြီးတော့ သူက မင်းတို့ကို ကူညီခဲ့တဲ့သူပဲ .. မုန်းနေတာမှ မဟုတ်တာ .."

"ဒါပေမယ့် အဲ့ဒါ အစိမ်းသေချည်း .. သူတို့ ကျွတ်လွတ်မှာ မဟုတ်ဘူး .. အခု အိမ်ကြီးမှာ ဘယ်သူမှလည်း မရှိတော့ဘူးဆိုတော့ သာသာ ကြောက်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



သူ သာသာ့ ဘေးမှာ ဝင်ထိုင်လိုက်ပြီး မျက်နှာလေးကို ငုံ့ကြည့်သည်။ သာသာ က တစ်ဖက်ကို မသိမသာ လှည့်ပစ်၏။

ကိုင်ထားသည့် ခေါင်းရန်းပန်းလေးကို ဆောင်းဦးခိုက် က ဆွဲဖယ်လိုက်ပြီး လက်ခုံလေးကို ဆုပ်ကိုင်လိုက်၏။

သာသာ ဖျတ်ခနဲ လှည့်လာကာ ဟိုကြည့်ဒီကြည့်နှင့် ...

"အလင်္ကာ တွေ့သွားဦးမယ် .. ကိုကိုကလည်း .."

ဆောင်းဦးခိုက် က လက်ကို ပြန်ရုတ်လိုက်ပြီး လက်ဖဝါးချင်း ဆုပ်၍ ပင့်သက်ရှိုက်သည်။

"ခြံချင်းကပ်နေလို့ စိတ်ချောက်ချားနေရင် ဖေဖေနဲ့ အလည်လိုက် သွားကြပါလား .. သားကလည်း မင်း ပါရင်တော့ ဟိုမှာ ပျော်နေမှာ-"

"မလိုက်ချင်ပါဘူး .."

သာသာ က စိတ်ဝင်စားတာ မဟုတ်ဘဲ ကန်ပတ်လည်မှာ ရှိနေသည့် တခြားလူတွေကို လျှောက်ကြည့်နေလိုက်၏။

သူမ နေမကောင်းဘူးဆိုပြီး အပန်းဖြေ လမ်းလျှောက်ဖို့ ထွက်လာကြတာ ဖြစ်သည်။

ညနေခင်းမှာပဲ လမ်းလျှောက်လို့ ကောင်းပေမယ့် ညနေမို့ လူတွေ က ရှုပ်ယှက်ခတ်နေသည်။ ကန်ရေပြင်ကြီးနဲ့ မြင်ကွင်းက သာယာပေ မယ့် အေးချမ်းသာယာတာမျိုးတော့ မဟုတ် ..။

သူမ ဒါမျိုးနေရတာ ပျော်ပါသည်။ တခြားအချိန်တွေဆို အလင်္ကာ နဲ့ သူမ ဟိုဟာစားမည် ..၊ ဒီဟာစားမည် .. ဘယ်လို ပြိုင်ဆိုင်အနိုင်လု ပြီး ဆော့ကြမလဲ ..။

ဒီအချိန်ဟာ ပျော်စရာ အကောင်းဆုံး ဖြစ်သွားမှာပင် ..။

ဒါပေမယ့် ခုတော့ စိတ်က ပင်ပန်းနေသည်။ ဘယ်ကိုကြည့်ကြည့် သာယာစိတ်လည်း မဖြစ် ..၊ အိပ်ရေးပျက်ခြင်းကြောင့် စားစရာတွေ အများကြီး မြင်နေရပြီး မစားချင် ..။





ပြေးလွှား ရှောင်ရှားနေရတုန်းကတော့ လွတ်မြောက်ဖို့သာ အဓိက အရေးကြီး ဖြစ်ခဲ့၏။ အံ့သြတာလည်း ကြာကြာ အံ့သြချိန် မရ ..၊ ကြောက်လန့်စရာမြင်လည်း ကြာကြာ ကြောက်မနေနိုင် ..။

ဒါတွေက ခုကျမှ တရေးရေး ပြန်လည် ခြောက်လှန့်နေကြ၏။ ညကဆို သူမ မျက်လုံးဖွင့်နေရတာလည်း ကြောက်သည်၊ မှိတ်လိုက် ဆော့လည်း အိပ်ပျော်တာနှင့် လန့်နိုး၏။

အလင်္ကာ ကတော့ အိပ်နေလိုက်တာ ခုတင်တစ်ခုလုံး တစ် ယောက်တည်း လိုမ့်နေရတာကိုများ ကျဉ်းသေးတယ် ထင်နေလား မသိ..။

ကလေးမို့ မေ့ပျောက်လွယ်တာလား ..၊ ဒါမှမဟုတ် ယောကျ်ား လေးမို့လို့လား .. မဆိုင်ဘူးလား .. ဘာမှန်း မသိပေမယ့် သူမနဲ့ မတူ ဘဲအတွက် အိပ်ပျော်နိုင်၏။

"သာသာ .. ခေါင်းမူးနေတာလား .."

"နည်းနည်းပါ .."

"စိတ်ကြည်မလားလို့ ခေါ်လာတာ .. ပိုပင်ပန်းနေလို့လား ..၊ ဒါဆို ပြန်မယ်လေ .."

"ရပါတယ် .."

"ကိုယ့်ကို စကားမပြောချင်ဘူးလား သာသာ .."

"ဟင်!..."

သာသာ မော့ကြည့်လိုက်တော့ ငုံ့မိုးကြည့်နေသည့် မျက်ဝန်းတို့က နူးခိုက်လျက် ...

"အဲဒီနေ့က မင်းနဲ့ ကိုယ် စကားများခဲ့တာလေ .."

သာသာ မျက်နှာလေး ပြန်ငုံ့သွားတော့ သူမ လက်ခုံလေးကို ဆုပ်ကိုင်မိပြန်သည်။ ဒါပေမယ့် ချက်ချင်း ပြန်လွှတ်လိုက်ပြီး ...

"မင်းကို တောင်းပန်မလို့ ကိုယ် စောင့်နေတာပါ .. မင်းအခန်း ဘဲခါး လုံးဝ မဖွင့်ဘဲနေတော့ ကိုယ်လည်း အိပ်လို့ မရဘူး ..၊ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်ကွာ .. မင်း ကိုယ့်ကို တမင်တကာ စည်းခြားပြီး တွေးနေတာ.. ဆူမိပြောမိတိုင်း အထင်မြင်သေးလို့ချည်းပဲ မဟုတ်ဘူးဆိုတာ မင်းက တစ်ယောက်ယောက်ကို စိုးရိမ်တတ်လာတဲ့အခါကျရင် သိလာမှာပါ.."

"အလက်ာ လာပြီ .."

အလက်ာ က ရေခဲမုန့် သွားဝယ်ရင်း တုတ်ထိုးဝင်စားနေသဖြင့် ကြာနေတာ ဖြစ်သည်။ ပြန်လာတော့ သာသာ့ အတွက်လည်း ဝယ်လာသေးသည်။

ဒါပေမယ့် ဆောင်းဦးနိုက် က တုတ်ထိုးစားတာကို မကြိုက် .. အသီးအရွက်ဖြစ်ဖြစ် .. အသားငါးဖြစ်ဖြစ် လမ်းဘေးမှာ စုပြုံထိုင်ပြီး ဟိုထိုးလိုက် .. ဒီလှမ်းလိုက် လက်ချင်းရှုပ်ပြီး စားသောက် ဝါးမြုံနေတာတွေဆို ရှုံ့မဲ့ ကဲ့ရဲ့၏။

"တုတ်ထိုးဆို ဘာတုတ်ထိုးဖြစ်ဖြစ် မစားရဘူး .."

လို့ တစ်ချက်လွှတ်အမိန့် ထုတ်သည်။

ဖေဖေက ရေကူးကန်ဘက်မှာ မိတ်ဆွေတစ်ယောက်နဲ့ သွားတွေ့ဦးမှာဆိုပြီး ဘာဖြစ်လို့ တီတီသာ့ ဘေးမှာ ရောက်နေတာလဲ ..၊

အဆေးက လှမ်းမြင်ပြီး နှာခေါင်းလေး ရှုံ့မှုမှု ဖြစ်သွား၏။ ဖေဖေက သွားစရာရှိတာ သွား .. သူနဲ့ တီတီသာ က ကန်ပေါင်မှာ ထိုင်ကြမည်။ ဒီလို စီစဉ်ခဲ့ကြတာကို ...၊

ဖေဖေ ရှိနေတာ စားသောက်လာတဲ့ ဒီပါးစပ်ကို ဘယ်လိုလုပ်မလဲ..၊ ဝယ်လာတာတွေကိုရော လွှင့်ပစ်ခဲ့ရမှာလား ...၊ ဘာလုပ်ရမလဲ..

ခြေလှမ်းတွေကို တမင် နှေးကွေးစေကာ နှေးသထက်နှေးသည့် နှုန်းထားနှင့် ချီတက်နေစဉ် ဖေဖေ ဖုန်းကိုင်ပြီး ထရပ်လိုက်တာကို မြင်လိုက်တော့ ဝမ်းသာသွား၏။

ဆောင်းဦးနိုက် ကတော့ စိတ်ပျက်သွားသည့် မျက်ခုံးအစုံ ခပ်တွန့်တွန့် ဖြစ်သွားကာ ...





"ကိုယ် ဖုန်းပြောလိုက်ဦးမယ် ...၊ သားနဲ့ လမ်းလျှောက်ကြည့်ပါဦး .. ဒါမှမဟုတ် တစ်ခုခု စားချင် သွားစားကြ .."

ပြောပြီး သူ လျှောက်ထွက်သွားသည်။

သာသာ နေရာမှ ချက်ချင်းထရပ်ပြီး ခေါင်ရန်းပန်းကို ကောက်ယူလိုက်သည်။ မုန့်ဆိုင်တွေဆီ ပြန်သွားပြီး တစ်ခုခု စားကြည့်ဖို့ စိတ်ကူးလိုက်တာ ဖြစ်သည်။

"တီတီသာ .."

အလက်ာ က ဆွဲလာသည့်အိတ်ကို ခပ်ကွယ်ကွယ် ယူလာကာ...

"ရေခဲမုန့်က တီတီသာ စားတဲ့ ကတော့နဲ့ဟာ မရှိဘူး .. အဲဒါကြောင့် သား တုတ်ထိုးဝယ်ခဲ့တယ် .."

"ဟင်!..."

သာသာ က ကျောပေးရပ်နေသည့် ဆောင်းဦးနိုက် ဆီကို လှမ်းကြည့်သည်။

"ဖေဖေ ပြန်လှည့်မလာခင် စားလိုက်လေ .. သားက စားခဲ့ပြီးပြီ"

"ပြန်လှည့်လာတော့ရော ဒီအနံ့ကို မသိဘဲ နေမလား ...၊ တော်ပါပြီ .. ရှုံ့မဲ့ကဲ့ရဲ့တာတွေ မခံချင်တော့ဘူး .."

"တီတီသာ ကလည်း သား ပီကော ဝယ်ခဲ့ပါတယ် .. နောက်ပြီးတော့ အခု တီတီသာ နေမှမကောင်းတာ ဖေဖေက မဆူပါဘူး .."

သာသာ က အတော်လှမ်းလှမ်းထိ လျှောက်ခဲ့ရင်း အလက်ာ ကိုင်ပြနေသည့်အိတ်ထဲကို ငုံ့ကြည့်၍ ...

"စားချင်စိတ်လည်း မရှိပါဘူးဟာ .. တုတ်ထိုးစားတယ်ဆိုတာ ဈေးသည်ရှေ့မှာ ထိုင်စားရတာလောက်ပဲ ကောင်းတာ .. အဲဒီလို ရဲရဲပြပြကြီး လုပ်လာရင် မကြိုက်ဘူး .."

အလက်ာ က သူ ဝယ်လာတာကို ပြန်ငုံ့ကြည့်ပြီး မျက်နှာလေး ငယ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးလေ .. ဦးလေးကြီးကတော့ အချဉ်သပ်သပ်ပေးဖို့ပဲ - သားက တီတီသာ ကမန်းကတန်း စားရမှာဆိုတော့ မြန်မြန် ပါးစပ်ထဲ ရောက်အောင် လုပ်လာတာ .."

သာသာ က အလက်ာ့ ခေါင်းလေးကို ဆံပင်လေးတွေ ပွသွားအောင် ပွတ်လိုက်ပြီး ရယ်ပြကာ ...

"အိပ်ရေးပျက်ထားတော့ စားချင်စိတ်လည်း မရှိလို့ပါ ..၊ လာ- ဒီမှာ ထိုင်မယ် .. အဲဒါတွေ လွှင့်ပစ်လိုက်တော့ .."

"လွှင့်ပစ်ရမယ် .."

"အင်းလေ .."

"သား စားလိုက်မှာပေါ့ .."

"မစားနဲ့တော့ .. ဆိုင်မှာ စားပြီးပြီဥစ္စာ .. တော်ကြာ ဗိုက်နာနေလိမ့်မယ် .. ပေးစမ်းပါဟာ .."

ပြောပြောဆိုဆိုနဲ့ ယူလွှင့်ပစ်လိုက်သဖြင့် အလက်ာ ဟာ .. ခနဲ ပါးစပ်လေး ပွင့်လျက် ...

"တီတီသာ က တကယ်ပဲ ဖေဖေနဲ့ တစ်ဂိုဏ်းတည်း ဖြစ်လာပြီ"

"ဘာမှ တစ်ဂိုဏ်းတည်း မဟုတ်ဘူး .. အချဉ်တွေများရင် ဗိုက်နာမှာကိုတော့ ငါလည်း စိုးရိမ်တတ်တယ် .."

"သားက ဆိုင်မှာ နည်းနည်းပဲ စားခဲ့တာ .. တီတီသာ့ ကို မဖြောင့်လို့ .."

"အပွန်း .."

သာသာ က သဘောကျသွားကာ အလက်ာ မထိုင်ဘဲ နေတာလေးကို ဖိဆွဲလိုက်၏။ ဘေးမှာ ထိုင်ပြီးကာမှ ပခုံးလေးကို ဖက်ထားလိုက်ကာ ...

"ငါက နင့်ကို ပိုချစ်လို့ တားနေတာ .. အဲဒါ သဘောပေါက်.."

"မဟုတ်ပါဘူး .. သားက ပိုချစ်တာပါ .."





"အံမယ် .."

"ဟုတ်တယ် ..၊ တီတီသာ သားကို ချစ်ရင် သားရဲ့မေမေ လုပ်ရ ..."

"ဘာ!..."

အလက်ာ က ပေစောင်းစောင်း မျက်နှာလေးနှင့် မော့ကြည့်၏။

"တီတီသာ ပဲ စဉ်းစားကြည့် .."

လူကြီးလေသံနှင့် ပြောနေပြန်ကာ ...

"ဖေဖေနဲ့ တီတီသာ လက်မထပ်ဘူးဆိုရင် သားတို့ အတူတူနေရ ...ဟုတ်ဘူး .. ညတုန်းက ဘိုးဘိုးနဲ့ ဘွားဘွား တို့ ပြောနေကြတာ ...ကြားတယ် .."

"ဟင်!... ဘာတွေလဲ .."

"ဘွားကလည်း တီတီသာ့ ကို စိတ်မချဘူးတဲ့ .. ပြီးတော့ သားနဲ့ ...ရှိနေလို့ ဒီလိုတွေ လုပ်လုပ်နေတာတဲ့ ..၊ သူတို့ ချစ်ကြပေမယ့် ...နိုင်ဘူးတဲ့ .. တီတီသာ က တခြားအိမ်ထောင်ဖက်နဲ့ဆိုရင်တော့ ...ာင်မှာပါတဲ့ .."

"ဘာ!..."

သာသာ လန့်သွားသည်။

အလက်ာ က မှတ်ဉာဏ်ကောင်းတဲ့ ကလေးမို့ ကြားခဲ့သမျှကို ...လုံး ပြန်ပြောပြနိုင်သည်။ ဒါပေမယ့် မထင်မှတ်တာတွေ ကြား...သဖြင့် နားမလည်နိုင် ..။

"ငါ့ကို မေမေက တခြားတစ်ယောက်နဲ့ လက်ထပ်ပေးဖို့ ပြောနေ... .."

"မသိဘူးလေ .. ဘိုးဘိုးကြီးကတော့ ဖေဖေ့ကိုလည်း အရွယ် ...ခင်သော့ အိမ်ထောင်ချပေးဖို့ စီစဉ်ရမှာပဲတဲ့ ..၊ အပြောင်းအလဲ ...ကာစလေးပဲ ခံစားကြရမှာပါတဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



သာသာ မျက်နှာလေး တည်သွားသည်။

ဘာတွေ ဖြစ်ကုန်တာလဲ ..၊

ဦးဒေဝတာကြီး တို့နဲ့ ပြဿနာတက်ရခြင်းတွေအပေါ်မှာ ...
အိမ်သားလုံး သူမတို့ကို တစ်ခွန်းတစ်ပါဒမှ ဆူပူ ငေါက်ငမ်းခဲ့ကြ...
မဟုတ်ဘဲနဲ့ ...

"တီတီသာ .. သား ပြောတာ ကြားလား .."

"ကြားတော့ ငါ ဘာလုပ်ရမှာလဲ .."

"တီတီသာ က ဖေဖေ့ကို လက်မထပ်ဘူးလို့ ပြောလိုက်တာ..."

"နင့်ကို ဘယ်သူက ပြောတာလဲ .."

"ဘိုးဘိုးကြီးက ပြောတာ ..၊ သားက ဖေဖေ့ကို တခြားအန်တီ...
နဲ့ မပေးစားရဘူးလို့ ပြောတော့ မြေးရဲ့အန်တီကမှ လက်မခံတာ..."

သာသာ့ မျက်နှာလေး မဲ့သွားသည်။

လက်ထပ်ဖို့ကိစ္စကြီးက ဘာလဲ ..၊

တစ်ယောက်နဲ့မဟုတ်ရင် တစ်ယောက်နဲ့ မဖြစ်မနေ မီရာ...
လိုက်တော့မှာလား ..။

"ကိုကြီး မီသေးတယ် မဟုတ်လား ဟင် .."

မလှမ်းမကမ်းက ထိုင်ခုံလေးပေါ်မှာ တစ်ယောက်ကနေ ...
ယောက် ဖြစ်သွားသည်။ အစတည်းက ခပ်ဝေးဝေးမှာ သွားထိုင်လို...
ကောင်းသား ..။

ကန်ပေါင်မှာ ထိုင်ချင်တာနဲ့ ခုံတွေကို ရှောင်ကွင်းလာခဲ့ကာ...

"ဘာဘကြီး အရွယ်ကြီးနဲ့များ .. ဟွန်း .."

အလက်ာ ကလည်း လှည့်ကြည့်ပြီး နှာခေါင်းလေး ရှုံ့မှုမှုန်...
သည်။

တစ်ယောက်တည်း အစက ထိုင်နေသည့် အမျိုးသမီးက သာ...
ထက် အသက်ပိုကြီးလျှင် သုံးနှစ်လောက်ပဲ ရှိမည်။





ရောက်လာသည့်လူကြီးက အသက်လေးဆယ်ကျော်အရွယ် ..
...င်းဘီရှည်ပွပွ ဟာဝေယံရုပ်အနီရဲရဲနှင့် တစ်ကိုယ်လုံး နုရွနေအောင်
...င်ထား၏။

"ကိုကြီး အလုပ်တွေ နည်းနည်း များသွားလို့ပါ ..၊ ဟိုလေ ..
... ရဲ့မွေးနေ့အတွက် ကိုကြီး အကောင်းဆုံးလက်ဆောင် ပါတယ်.."

"သွားပါ .. ဒီမှာ သူများတွေ ပေးပြီး ပြန်တောင်သွားကြပြီ ..
...ယ်ချင်းတွေကို ကျွေးမွေးပြီး ဆူး ကတော့ ဘာမှမစားသေးဘဲ စောင့်
...တယ် ..၊ ကိုကြီးနော် .. လက်ဆောင်က သူများ အမောပြေမှဖြစ်
... - ဒါပဲ .."

"ဟား .. ဟား .. ဟား ..."

သဘောတွေ ဘယ်လောက်ကျသွားသည် မသိ ..၊ အကြာကြီး
...နေပြီးမှ ...

"အမောပြေရုံတင် မကဘူး .. ကိုကြီးကို ဆူး ပိုချစ်သွားလိမ့်
... .."

"ဟုတ်ပါပြီ .. ဘယ်မှာလဲလို့ ..၊ ဒီမှာ ကြည့်ချင်လှပြီ .."

"ဟား .. ဟား .. ဟား ..."

အမျိုးသမီးက လက်နောက်ပစ်လိုက်သည့် အမျိုးသားရဲ့လက်ကို
...င်းလိုက်ဆွဲသည်။ အမျိုးသားက ရယ်နေ၏။

ဖြတ်သွားဖြတ်လာ တချို့လူတွေက သူတို့ကို လှည့်ကြည့်သွား
...သည်း ဂရုမစိုက် ..။

နောက်က တစ်စုံတစ်ရာကို ယူနေမှန်း သိလျက်နှင့် လက်က
...ပြန်ထုတ်မလာသဖြင့် ...

"ကိုကြီးနော် .. သူများကို နှိပ်စက်နေတာ .."

"မဟုတ်ရပါဘူးဗျာ .. မွေးနေ့ရှင်ကို ကိုကြီးက နှိပ်စက်ချင်ပါ့
...း ..၊ စိတ်လှုပ်ရှားသွားရုံလေး .."



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက မလုတော့ဘဲ နေရာမှာ ကျကျနန ကိုယ်လေးဖြေ၍ ပြန်ထိုင်လိုက်ပြီး ...

"မလုတော့ဘူး .. ပေးချင် ပေး .. မပေးချင် နေ ..၊ ဟွန်း .. ဒီက သူ့လက်ဆောင်မို့လို့ မက်တာ .."

အမျိုးသမီးက နှုတ်ခမ်းစူကာ ဘေးမှာချထားသည့် သူငယ်ချင်းတွေရဲ့ လက်ဆောင်လေးတွေကို စိတ်မဝင်စားဘဲ ကိုင်နေရင်း ...

"သူ့ကြောင့် သူများရဲ့မွေးနေ့ကို အိမ်မှာမလုပ်ဘဲ နေရတာ .."

"ဟုတ်ပါပြီ .. ဟုတ်ပါပြီ .. နှုတ်ခမ်းကြီးတော့ စူမနေပါနဲ့ .. ဒါပေမယ့် ကိုကြီး စိတ်ကူးယဉ်ပြီး ပန်းလေးတစ်ပွင့် ယူလာတယ် .. အဲ့ဒါကို အရင်ပန်ရမယ်နော် .. ဟဲ .. ဟဲ ..."

ချစ်စနိုးမျက်နှာကြီးနှင့် အမျိုးသမီးရဲ့ မေးဖျားကို ကိုင်လှုပ်ခဲ့သေးသည်။

ပြီးတော့ လက်တစ်ဖက်က ပခုံးကိုလည်း တင်းခနဲ ဖက်လိုက်သေး၏။

"ကြည့်နေ .. မကြာခင် အစိမ်းလိုက် ဝါးစားတော့မှာ .."

"ဝါးနေမှာ မဟုတ်ဘူး .. ဒီတိုင်း မျိုချပစ်မှာ ထင်တယ်..၊ ရေမွေးမပြုတ် .. အမွေးမနှုတ်ဘဲနဲ့ .."

"ဟား .. ဟား .. ဟား ..."

"ကြက်တွေ ချက်ရင် ဒီလိုပဲလေ .."

လူငယ်တစ်သိုက် ပေါ်တင်ကြီး လှည့်ကြည့်ပြီး ရယ်သွားကြတော့ အမျိုးသားမျက်နှာကြီး ရှက်ကိုးရှက်ကန်း ဖြစ်ကျန်ခဲ့လျက် .. အမျိုးသမီးက မျက်စောင်းထိုး၏။

"သူတို့အပူ ကျနေတာပဲ .. ဟွန်း .. အဲ့ဒါ ကိုကြီးကြောင့် .."

"တောင်းပန်ပါတယ် ဆူးလေး ရယ် .. ကဲ .. ကဲ .. ကိုကြီး မနေတော့ပါဘူး .. ဟောဒီမှာ .."





နောက်မှာ ကွယ်ထားသည့် လက်ဆောင်ဘူးကို ရုပ်ရှင်တွေထဲက slow နဲ့ ထုတ်ယူလိုက်ပြီး ...

"ဟော .. ရပြီ .."

"ဟင်!... ဘာကြီးလဲ .."

"ဟင်!..."

အမျိုးသား ကိုယ်တင်ထားသည့်ပန်းကို ကိုယ့်ဘာသာ မြင်လိုက်တော့ မျက်လုံးပြူးသွား၏။

ခေါင်ရန်းပန်း ..၊

"ကိုကြီး .. ကိုကြီးက ဆူး ရဲ့မွေးနေ့မှာ ခေါင်ရန်းပန်း ပန်နိုင်းတယ် .. ဟုတ်လား .."

"မဟုတ်ဘူး .. ဒါ .."

"ကိုကြီး သိပ်ရက်စက်တယ် သိလား .. ပြီးတော့ ဒါ .. ဒါ .."

"မဟုတ်ရပါဘူး သဲလေး ရယ် .."

"ဘာ!... သဲလေး လဲ .. မသိဘူး .. ရှက်လိုက်တာ .."

"မဟုတ်ပါဘူး .. ဒါ .. ဒါ တစ်ယောက်ယောက် .."

ဘေးဘီကို လိုက်ကြည့်တော့လည်း ဘယ်သူမှ မရှိ ..၊ သူ သေချာပြီး ညှပ်ယူလာခဲ့တာပါ။ ဒီလက်ဆောင်ဘူးလေးပေါ်မှာ ရေမွေး၊ ပန်းရောင်စပ်ကြားလေးကို ဖဲပြားလေးထဲမှာ သေချာ ဖိညှပ်ခဲ့

မွေးလည်း မွေးသည်၊ ပြီးတော့ တစ်လအထိ အနံ့မပြယ် .. ညှိုးမညှိုးဘူးဆိုတဲ့ ဂုဏ်သတ္တိတွေနဲ့ ..၊

"ကိုကြီးကို မုန်းတယ် .. ရှက်လည်း ရှက်တယ် ..၊ ဟိုမှာ သူများ လှမ်းကြည့်ပြီး ရယ်ကုန်ကြပြီ .."

"ဟာ!... နေပါဦး .. ဒီပန်း ကိုကြီးက ပေးပါမလား ဆူးရယ်.. ဦး .. အထဲမှာ ယူလာတဲ့ လက်ဆောင်ကို သဲလေး မြင်ရင် .."



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး .. မလိုချင်တော့ဘူး .. သွားမယ် .."

"ဟာ!... သဲလေး .."

ထွက်ပြေးသွားသည့် ဆူး ရဲ့နောက်ကို ကမန်းကတန်း ထလိုက်ပေမယ့် ...

"အ!.. ဟာ!..."

ဝတ်ထားသည့် ဟာဝေယံရှပ်က ခုံတန်းရဲ့ကျောမှီမှာ ငြိနေ... လူက ကျူးထလိုက်သဖြင့် ဆောင့်ဆွဲထားသလိုဖြစ်ကာ ဖင်ထိုင် ပြန်... သွားပြီးမှ ပြုတ်သည်။

"တောက်!..."

အင်္ကျီကို နောက်ပြန်စမ်းလိုက်တော့ ကြိုးစတန်းလန်းနှင့် ... လျက်သား ဟနေသော အပ်ချိတ်လေးက အင်္ကျီမှာ ...၊

"ကြည့်စမ်း .. ဒါ ဘယ်ကောင်လဲကွ .."

ရှက်ဖို့ ထိန်းချုပ်ဖို့တွေ မေ့လျော့ကာ ပတ်ဝန်းကျင်ကို လှည့်... ကြည့်ပြီး အော်သေးသည်။ ဒါပေမယ့် ဘယ်သူဘယ်ဝါမှလည်း မ... ဘဲရှိကာ ထွက်ပြေးသွားသည့် သူမနောက်ကိုပဲ ပြေးလိုက်သွားရ...

"ဟား .. ဟား .. ဟား ..."

"ဖြောင်း .. ဖြောင်း .. ဖြောင်း ..."

သာသာ နဲ့ အလင်္ကာ တို့ မထင်မှတ်သည့်နေရာလေးကနေ ... ကြည့်နေပြီး အားပါးတရ လက်ခုပ်တီး ရယ်ကြ၏။ သို့သော် —

"ဖြောင်း .. ဖြောင်း .. ဖြောင်း .."

"တော်တယ်ကွာ .."

လက်ခုပ်သံတွေက နောက်ထပ် မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်... ကာ ကုန်းလျှောဘက်ကနေ တက်လာကြသည့် နှစ်ယောက်နှင့် ... တတ်ရပ်ကြည့်ရင်း ကျန်ခဲ့တဲ့အုပ်စု .. အနည်းဆုံး ခြောက်ယော... လောက် ရှိ၏။





အားလုံးမျက်နှာတွေက စပ်ဖြဲဖြဲ ...၊

"တို့ မြင်တယ်နော် .."

"ဘာ .. မြင်တာလဲ .."

ရှေ့ကိုရောက်လာသည့် တစ်ယောက်က သာသာ ရန်လိုစွာ မေး... လိုက်တာကို ဂရုမစိုက်နိုင်ဘဲ တစ်ကိုယ်လုံးကို အားမနာတမ်း စိုက်... ကြည့်ငေး၏။

ပြီးတော့ ...

"လှလိုက်တာကွာ .. မွှေလိုက်တာလည်း လုပ်ကွက်က ကမ်းကုန် ... .."

"အေးကွာ .. ဒီကလေးလေးနဲ့ ပျင်းဖို့ ကောင်းပါတယ် .. နောက်... ဆ် အမွှေဖယားတွေ လုပ်ဦးမလား .. ကိုယ်တို့ ကူညီမယ် ...၊ ဒီ့ထက် ... မွှာ်ဖို့ကောင်းမှာပါ .."

"ဦးတို့က ဘာတွေ လာပြောနေတာလဲ ...၊ လာ မေမေ ပြန်မယ်"

"ဘာ!..."

"ဟော့ ချာတိတ် .. လာပါဦး .. ချက်ချင်းကြီး အမေတော်ပစ်လိုက်... လား ...၊ အချင်းချင်းတွေနော် .."

"အေးလေ .. ဒီအဆင်နဲ့ ဒီအဆင် .."

သာသာ မျက်နှာလေး တင်းနေကာ အလင်္ကာ့ လက်လေးကို ဆွဲ၍ ...သည့်အထွက် ...၊

"ဘာဖြစ်နေကြတာလဲ .."

"ဖေဖေ .."

"လာ .. ပြန်မယ် .."

ဆောင်းဦးနိုက် က လူငယ်တွေကို ခပ်တည်တည်ကြည့်ကာ ...သာ့ ပခုံးလေးကို ဖက်လိုက်ပြီး ...

"ကိုယ် ချွေးသည်နဲ့စကားပြောရင်း ဟိုဘက်ရောက်သွားတာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟော .. တွေ့ပြီလား ကိုဆောင်း .. ဒါဆိုလည်း မနှောင့်ယှ
တော့ပါဘူးဗျာ .. အေးဆေး အပန်းဖြေကြပါ .. ကျုပ်တို့ကို ခွင့်ပြုဦး

"အိုခေ .. ဆီးယူ .."

"ဆီးယူ ဗျာ .."

လက်ပြ နှုတ်ဆက်သွားကြသည့် မိတ်ဆွေတွေကို ပြောလ
စကားလေးတောင် အဆုံးသတ်မပေးလိုက်နိုင်ဘဲ ပြန်နှုတ်ဆက်လို
သည်။

ဒီဘက် ပြန်ကြည့်လိုက်တော့ ခုနက လူငယ်နှစ်ယော
ခပ်လှမ်းလှမ်းက အုပ်စုဆီမှာ ပူးပေါင်းပြီး ရပ်ကြည့်နေကြတာ မှ
တေ မျက်နှာတွေနှင့် ...၊

"လူမမာက ဒါမျိုးကျတော့ လန်းနေတာပဲ .. ဟင် .."

"ဘာလဲ .."

"ခုန မင်းတို့ ထိုင်လိုက်တဲ့ ဆေးခုံက နှစ်ယောက် ဘာ
ထဖြစ်သွားတာလဲ .."

ကိုကို မြင်လိုက်လို့လား ...၊

သာသာ နဲ့ အလကာ မျက်လုံးချင်း ဆုံသွားသည်။

ဆောင်းဦးခိုက် က ခပ်လှုပ်လှုပ်လျှောက်နေရင်း မျက်တောင်
တွေ စင်း၍ အကဲခတ်ကြည့်နေ၏။ ထိုအခါ တကယ့် တရားခံအ
ဖြစ်နေသော အလကာ့ မျက်နှာလေးပဲ အရင်မော့လာကာ ...

"ဖေဖေ .."

"ပြော .."

"အဲ့ဒါ .. ဖေဖေက ဘယ်လိုလုပ် .."

"ဖေဖေက ဆောင်းအလကာ ရဲ့အဖေ ဖြစ်နေလို့ပေါ့ .."

စကားလုံးက မကြမ်းပေမယ့် ဆောင်းဦးခိုက် မျက်နှာမှာ နူး
ဆိုတာ မရှိ ...။





"ဖေဖေ .. အဲ့ဒါ .."

"ဘာဖြစ်ကုန်ကြတယ်ဆိုတာ အလုံးစုံ သိစရာ မလိုဘူး .. ဟိုတစ်
ယောက်လက်ထဲက ခေါင်းရန်းပန်းနဲ့ နောက်ကျောမှာ အပ်ချည်တန်း
လန်းနဲ့ .."

သားနဲ့ အတူတူအိပ်ဖြစ်တဲ့ ညတွေမှာ သားရဲ့ဘောင်းဘီ ဘေး
အိတ်လေးတွေထဲမှာ ဒီလိုပစ္စည်းတွေကအစ ကစားစရာတွေ .. စားစရာ
တွေအစုံ ရှုပ်ရှုပ်ထွေးထွေးတွေ ထည့်ထားတတ်တာ သူကိုယ်တိုင် ထုတ်
ကြည့်ခဲ့ဖူး၏။

စားသောက်ထားသည့် အိတ်ခွံလေးတွေကြောင့် စည်းကမ်း
မနေတတ်သေးပါလားလို့ တွေးမိရုံအပြင် ကျန်တာတွေကို ဂရုမစိုက်
မိခဲ့တာ ရှိ၏။

ခုကျမှ သွားလေရာမှာ ဒါတွေ ဆောင်ထားခဲ့ရသည့် အကြောင်း
ရင်းကို နားလည်သွားခဲ့သည်။ ကလေးက ဒီလိုတွေ ဗရုတ်ကျဖို့ ဝါသနာ
ပါနေတော့ရော လူကြီးက အားတက်သရော ကူညီပေးနေစရာလား...။

ခပ်တွန့်တွန့် မျက်ခုံးတို့နှင့် မျက်လုံးတွေက သာသာ့ ဆီ စူးစိုက်
သွားခဲ့လျှင် ...

"ဖေဖေ .. အဲ့ဒါတွေ သား လုပ်တာပါ .."

"သာသာ လည်း ပါတယ် .."

မျက်နှာ စူပုတ်ပုတ်လေးနှင့် ဝန်ခံနေတာကို ကြည့်၍ ဆောင်းဦး
ခိုက် ခပ်မဲ့မဲ့ ပြုံးသည်။

"ဟုတ်တယ် .. ကိုယ် အဲဒီလို ပြောမလို့ပဲ .."

"သာသာ သိပါတယ် .."

"မသိလို့ ဘယ်ရမလဲ ...၊ မင်း ခုပဲ ခြေလှမ်းမှားပြီမို့လား..
ဟုတ်တာလုပ်တော့ မဟုတ်တာဖြစ်ချင်တဲ့ ဗရုတ်သုတ်ခတွေ မင်းနား
ရောက်လာကြတာ .."



www.burmeseclassic.com

www.burmeseclassic.com



သာသာ တောင့်တောင့်လေး ဖြစ်သွားပေမယ့် ဘာမှ ပြန်မပြော နိုင် ..။

"မင်းကိုယ်မင်း ကလေးလို မနေသင့်တော့ဘူးဆိုတာ အခု သိသွားပြီလား .."

"သာသာ ကလေးလိုနေတာ မဟုတ်ဘူး ကိုကို .."

"လျှောက်ပြောမနေနဲ့ .. အလက်ာ ဘာလုပ်လုပ် မင်း လုပ်လို့ မရဘူး .. အလက်ာ နဲ့ မင်း မတူဘူး ..၊ ကျွတ်!... ပြောပေါင်းလည်း များပြီ .. မင်း တော်တော်ခက်တယ် သာသာ .."

သာသာ အံလေးကြိတ်ရင်း မျက်နှာလွှဲနေပေမယ့် မျက်ရည်တွေ ဝေ့နေ၏။

အလက်ာ လူကြီးတွေကို မော့ကြည့်ရင်း ပြောချင်ပေမယ့် ဘာမှ လည်း မပြောရဲ ..။

ပန်းချင်း လဲထည့်ပေးရုံလေးဥစ္စာ.. ဘာမှလည်း မလုပ်ဘဲနဲ့ ..။





အခန်း (၃၉)

"အပြစ်ဆိုတာ ကိုယ်က လုပ်မိတယ် မထင်ပေမယ့် အပြစ်ဖြစ်သွားတာမျိုးတွေ ရှိတယ် .."

"ရှိတယ်ပဲ ထားပါဦး မေမေ .. သာသာ ဦးဆောင်ခဲ့တာမှ မဟုတ်တာ .."

"အေးလေ .. ဦးမဆောင်ပေမယ့် တွန်းအားပေးနေတာ အတူတူပဲပေါ့ .."

"ဒါဆိုလည်း နောက် မလုပ်တော့ဘူး မေမေ .. အလက်ာ့ ကို သာသာ ကိုယ်တိုင် တားစရာရှိရင် တားမယ် ..၊ ဆုံးမနိုင်အောင်လည်း ကိုယ့်ကိုယ်ကိုယ် လူကြီးလို နေတတ်အောင် ပြင်ပါ့မယ် .. ကလေးကို ဒီလိုတော့ ခွဲထုတ်မသွားပါနဲ့လို့ .. နော် .."

ဒေါ်ချိုမြလွင် စိတ်မကောင်း ဖြစ်သွားမိသည်။ ထိုအခါ ဟန်လုပ်ပြီး ထိန်းချုပ်ထားရသမျှ မျက်ဝန်းမှာ မျက်ရည်တွေ မြန်မြန်ဆန်ဆန် ပြည့်သိပ်လာခဲ့၏။

အမြဲတမ်း အတူတူနေလာခဲ့တဲ့ မြေးလေးက ဒီအိမ်ရဲ့ ဆည်းလည်းလေးပါ ..၊ ပြီးတော့ သမီးကြီး မွေးခဲ့တဲ့ မြေးဦးလေး ..။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူ့အဖေရဲ့ သဘောဆန္ဒကိုတော့ သူမတို့တွေ ကျော်လွှား လွှမ်းမိုးဖို့ဆိုတာ မဖြစ်နိုင် ..။

စကားပြောမလို့ အနားရောက်လာသည့် ဦးအေးချို လည်း ဇနီးနဲ့ သမီးရဲ့ သောကတွေကို မြင်ကာ သက်ပြင်းရှည်ကြီး ချပြီး လှည့်ထွက်သွား၏။

"ကိုကိုက အလက်ာ ကို သာသာ နဲ့ ခွဲထုတ်ချင်တာနဲ့ အိမ်ထောင်ပြုလိုက်ဖို့ စိတ်ကူးတာမေ့ .. ဟုတ်လား မေမေ .."

"အဲ့ဒါတွေ သူတို့ ဘယ်လိုစီစဉ်ထားကြတယ် မေမေ မသိပါဘူး သမီးရယ် .. လက်ထပ်မို့ကို သမီး သဘောမတူဘူးဆိုတာပဲ မေမေ ပြောပြလိုက်တာပါ .."

"ဘာဖြစ်ဖြစ် အလက်ာ ကို မြန်တောင်းပေးပါ မေမေရယ် .. သူ့အဖေ အိမ်ထောင်ပြုသွားလည်း သာသာ တို့နဲ့ နေလို့ရတာပဲ ..၊ တစ်သက်လုံး သာသာ တို့ပဲ ထိန်းလာခဲ့ရတာ ခုကျမှ ဘာမှ ပြောခွင့်မရှိတော့ဘူးလား .."

"ဘယ်အချိန်ဖြစ်ဖြစ် .. ဘယ်ရောက်နေနေ ဆောင်းဦးခိုက် က ဆောင်းအလက်ာ ရဲ့အဖေပဲ ..၊ သူ့ကို ဒီလိုမလုပ်နဲ့ .. ဒီလိုလုပ်ပါလို့ မေမေတို့ ပြောပိုင်ခွင့် မရှိဘူး .."

"ဟင့်အင်း .. အလက်ာ ကို ဒီပုံစံနဲ့ ခေါ်သွားမှာမျိုး သာသာ လက်မခံနိုင်ဘူး .."

မျက်ရည်တွေ သုတ်ပစ်ရင်း သာသာ ထရပ်လိုက်လျှင် ဦးသန့်ဇင် က နောက်ထဲက ထွက်လာတာနှင့် မျက်နှာချင်းဆိုင်မိကာ ...

"ဦး .. ကိုကို ဘယ်မှာလဲဟင် .."

"သမီးကိုကို သူ့သားလေးကို ချော့နေတယ်ကွယ် .."

"ဦးက အလက်ာ ကို အပြီး ပြန်ခေါ်မလို့ ပြန်လိုက်လာတာလား ဟင် .."





"ဟော!..."

ဦးသန့်ဇင် မျက်ခုံးနှစ်ဖက် ပင့်သွားကာ အပြစ်ကျူးခံရသူကဲ့သို့ ထိတ်လန့်သွားသည့်မျက်နှာနှင့် ...

"မဟုတ်ရပါဘူး သမီးရယ် .. မြေးကို ပြန်လာပို့တာပါ ..၊ နောက် အစီအစဉ်တစ်ခု ပါလာတာက သမီးနဲ့ သားကို လက်ထပ်ဖို့ .."

"အဲဒါ အခု ကိုကိုတို့သားအဖ တစ်ခါတည်း ပြန်လိုက်ကြဖို့အထိ ဖြစ်သွားတာက ဘာဖြစ်သွားတာလဲ ပြောပြပါ ..၊ သာသာ တို့ အပျော်လွန်တာတွေ .. ဇရုတ်ကျူးခဲ့မိတာတွေက ဒီလောက်ထိ ဖြစ်သွားခဲ့တာလား .."

မေးနေတာက ရန်တွေ့နေတာနှင့် ပိုတူကာ ဦးသန့်ဇင် ပါးစပ်အပြင်ပြင်နှင့် လက်ပါကာရင်း ဖြေရှင်းဖို့ ကြိုးစားနေ၏။

ဦးအေးချို လည်း အပြင်ကိုပြန်ထွက်လာရခြင်းသို့ ရောက်လျက်...

"သမီးက လူကြီးကို ဒီလိုလေသံနဲ့ မပြောရဘူးလေ .."

"ဆော်ကားတဲ့စကားတွေ ပြောနေတာ မဟုတ်ဘူး ဖေဖေ .. သာသာ နဲ့ အလက်ာ ဒီလောက် လူးလိမ့် ငိုကြွေးနေရတာကို ကိုကို လုပ်ချလိုက်တာ ကြည့် .."

"ဟုတ်ပါတယ် သမီးရယ် .. အဲ့ဒါက .."

"ဦးက ကိုကို့ကို မိန်းမပေးစားမှာမို့လို့ ခေါ်တာဆိုရင် ကိုကို့ကိုပဲ ခေါ်သွားပေါ့ ..၊ အလက်ာ က သူတို့အတွက် ရှုပ်တောင် ရှုပ်နေဦးမှာ..၊ အမင်တကာ ခေါ်ထုတ်သွားတာက ကိုကို တမင်လုပ်တာ .."

"သမီး .."

ဦးအေးချို မျက်နှာပူလာရကာ ...

"ဘာဖြစ်လို့ ကလေးကလားစကားတွေ ပြောနေရတာလဲ ..၊ ဦးသန့်ဇင် နဲ့ ဆောင်းဦးခိုက် က သမီး ဒီလိုပြောရမယ့်လူတွေ မဟုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် .. သမီး အရမ်းခံစားနေရလို့ ပြောတာ ကျွန်တော် နားလည်ပါတယ် .. ဒါပေမယ့် သမီးရယ် .. သမီးကိုကိုက ကလေးမှ မဟုတ်တာ .. သူ့သဘော မပါဘဲနဲ့ ဦး ဘာမှ စီစဉ်ပေးလို့ မရဘူး .. ဒီလိုလုပ်ဖို့ ဦး စိတ်လည်း မကူးတော့ပါဘူး .. ခုချိန်မှာ ဖြစ်သင့်တာကို ပြောပြမယ် .. သူ့ဆုံးဖြတ်ချက် တိမ်းစောင်းနေတယ်ထင်ရင် တည့်မတ် ပေးတဲ့စကားမျိုး ပြောမယ် .. ဒီလောက်ပဲ တတ်နိုင်တာပါ .."

"ဒါဆို ကိုကို လက်ထပ်တော့မယ်ဆိုတာ အလကား နဲ့ သာသာ့ကို ခွဲဖို့အတွက် ချက်ချင်းကြီး ကောက်ဖြစ်သွားတာပေါ့ .."

"အဲ့ဒါက သမီးကိုကို .."

"သာသာ ကိုကို့ကို သွားမေးမယ် .."

မျက်ရည်တွေနဲ့ ပြေးထွက်သွားသည့် သာသာ ကြောင့် လူကြီးတွေ ပါ မျက်နှာချင်းဆိုင်ပြီး မကြည့်ဝံ့အောင် ဖြစ်ကျန်ရစ်လေသည်။

သားရေး သမီးရေးဆိုတာလည်း မလွယ်ပါလား ..။





အခန်း (၄၀)

"သား တီတီသာ နဲ့ပဲ နေခဲ့မှာ .."

"သား .."

ချော့နေရင်းနဲ့ စိတ်မရှည် ဖြစ်လာခဲ့မိ၏။ ကိုယ့်မှာရော ဒီလို ဆုံးဖြတ်ဖို့အတွက် လွယ်ကူတာ ဘာရှိခဲ့သလဲ ..။

ပူလောင်နေရတဲ့ အိမ်ထောင်ရေးသောကထဲက လွတ်မြောက်ခဲ့လို့ ပညာရေး .. စီးပွားရေးတွေနဲ့ စိတ်ချလက်ချ အခြေတည်တော့မလို့ ဆုံးဖြတ်ခဲ့သည်။

ဒီသားရဲ့ပုံစံက တစ်မျိုး ..၊ သာသာ့ အတွက် ဆုံးဖြတ်ရခက်နေ တာက တစ်မျိုး ..။

ကလေးကို တဖြည်းဖြည်း စည်းရုံးပြီး ကောင်းတဲ့ဘက်မှာ တည်မြဲနေ သာအောင် ပြုပြင်ပေးသွားလို့ ရသည်။ ဒါပေမယ့် သာသာ ကကလေး အလိုလိုက်ပြီး ထင်ရာလုပ်သမျှ ကူညီနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေး စိတ်ချမ်းသာဖို့အတွက်ဆိုသည့် ခေါင်းစဉ်အောက်မှာ ကိုယ့်ကိုယ်ကိုယ် ဘယ်ပုံစံဖြစ်နေမှန်း မသိအောင် ဖြစ်နေတာကို ဘယ်လို လုပ်မလဲ ..။

ပြောမြန်ရင်လည်း လူကြားကောင်းပါ့မလား မသိ ..။

သူ စိတ်ပူနေရတာ သားအတွက်ထက် သူမအပေါ်မှာ ပိုနေခဲ့၏။ ပြီးခဲ့တဲ့ စနေနေ့ညနေက အဖြစ်ကိုပဲ ကြည့်ပါဦး ..။

သူမရှေ့မှာ နှောင့်ယှက်ဖို့ အဆင်သင့်ဖြစ်နေကြသည့် ယောကျ်ားလေးတွေ ..။

"ကျွတ်!..."

ဆောင်းဦးနိုက် သားရဲ့ အကျီ်တွေကို အိတ်ထဲမှာ စီထည့်ပေးရင်းဘေးမှာ ထိုင်လိုက်မိ၏။

ပြီးတော့ အလင်္ကာ့ ကိုယ်လေးကို ဖက်ထားလိုက်ကာ ...

"သား .. သားရဲ့ တီတီသာ့ ကို လူဆိုးတွေ နှောင့်ယှက်ကြရင် သား ကာကွယ်ပေးနိုင်သလား .."

ပြောလိုက်တာနှင့် သူ ဘာကို ရည်ရွယ်တာမှန်း အလင်္ကာ က တန်းသိသည်။

"အဲဒီလို ထပ်မဖြစ်ရအောင် သားတို့ နောက်ဆို ဘယ်မှ မထွက်တော့ဘူးလေ .. ဘွားဘွားတို့ပြောရင်လည်း နားထောင်မယ် .. ဖေဖေ မသိအောင်လည်း ဘာမှ မလုပ်တော့ဘူး ..၊ သား ဆောင်းဘီအိတ်ထဲမှာလည်း ပီကေအိတ်ခွံတွေ .. ကလစ်တွေ .. ညှပ်တွေ .. ချိတ်တွေ ဘာဆိုဘာမှ ထည့်မယူသွားတော့ဘူး .."

"သားရာ .. မင်း တော်တော် ခေါင်းမာတဲ့ကောင်ပဲ .."

"ခေါင်းမမာပါဘူး .. တီတီသာ နဲ့ သားနဲ့ မခွဲဘူးဆိုရင် သား လိမ္မာပါ့မယ် .. နော် .. ဖေဖေ သားတို့ အရင်လိုပဲ နေမယ် .. ဖေဖေလည်း အလုပ်ဖြောင့်ဖြောင့် လုပ်ပေါ့ .."





အလင်္ကာ က ပါးပေါ်က မျက်ရည်တွေကို လက်ခုံလေးနဲ့ ပွတ်ဆွဲသို့ မြှောက်လိုက်လျှင် ထိုလက်လေးကို သူ ဖမ်းဆွဲထားကာ မျက်ရည်တွေကို ကိုယ်တိုင် သုတ်ပေး၏။

"ကဲ .. ခဏပဲကွာ .. မခွဲဖူးဘူးဆိုတာချည်း ပျောက်သွားအောင်တည်းက အကျင့်လုပ်တာမျိုးပေါ့ .."

"ဖေဖေ ဘာပြောတာလဲ ဟင် .."

"လူတွေက တစ်နေ့နေ့မှာ ခွဲကြရတာပဲ သားရဲ့ .. ဘိုးဘိုး ဘွားဘွားတို့ဆိုရင် ဖေဖေတို့ ပညာစုံ ကြင်ရာစုံပြီဆိုတာနဲ့ မိဘကို ခွဲပြီး အိုးတစ်အိမ် ထူထောင်သွားကြတာကို ဒီလိုပဲ ကြည့်နေခဲ့ရတယ်..၊ ..င် အသက်တွေကြီး အိုမင်းလာတာနဲ့ ဘိုးဘိုးတို့ ဘွားဘွားတို့ ..ကျန်း ဖြစ်လာမယ် .. သေဆုံးသွားမယ် .. ဒါလည်း ဖေဖေတို့က ..ကို ရှာဖွေကျွေးချင်ပါသေးတယ်ဆိုပြီး ဆွဲထားလို့ မရဘူး .."

အလင်္ကာ က ပါးနပ်တဲ့ကလေးမို့ စကားရဲ့လိုရင်းကို နားလည်..နှင့် မျက်ရည်တွေ နောက်ထပ် ဝေ့တက်လာခဲ့၏။

"အဲဒီတော့ လူဖြစ်လာတည်းက သေကွဲ .. ရှင်ကွဲတွေနဲ့ ခွဲခွာခြင်း..မျိုးကို ကြုံလာရမှာပဲ ..၊ ဒါကြောင့် ဖေဖေက ခွဲခွာကြရတဲ့ဒဏ်ကို ..ခံနိုင်ရည် ရှိစေချင်တာ .."

"သားက ခံနိုင်ရည် မရှိသေးဘူးဆိုရင် ဘာဖြစ်မှာလဲ ဟင် .."

ဆောင်းဦးနိုက် ရုတ်တရက် အသံတိတ်သွား၏။

"လူဆိုတာ မွေးဖွားမယ် .. ရှင်သန်မယ် .. ပြီးရင် သေဆုံးမယ်..၊ ..တွေက မွေတာပါပဲ ကိုကို .."

သာသာ့ အသံလေးကြောင့် သူ ဖျတ်ခနဲ လှည့်ကြည့်သည်။

"တီတီသာ .."

အလင်္ကာ က မွေ့ရာပေါ်မှာ ထိုင်နေရာကနေ ပြေးထ..ပြီး ..ကို ဆွဲထား၏။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဦးခိုက် မျက်နှာမှာ စိတ်ရှုပ်ထွေးခြင်းတွေ ပြည့်သိပ်လာ ခဲ့ပြီး တစ်ဖက်လှည့်ပစ်၏။ သာသာ က အခန်းဘုံခါးနားကနေ တ လှမ်းမှ မရွေ့ဘဲ ကျနေသည့်မျက်ရည်ကိုလည်း မသုတ် …၊

"ကိုကို ပြောနေတာ မှန်ပေမယ့် ခုမှ .. ခုမှ အညွန့်တက်လာ အပင်ပေါက်ကလေးကို သီးစေ .. ပွင့်စေဆိုပြီး မန်းမှုတ်နေတာနဲ့ တူ တယ် .."

"သာသာ .."

သူ နေရာမှ ဆတ်ခနဲ ထရပ်လိုက်ကာ …

"ငါ့သားရေ့မှာ မင်း ငါပြောတဲ့ စကားတွေကို နှင်းချေပြနေ လား .."

"မဟုတ်ဘူး .. ဒါပေမယ့် သာသာ လိုချင်တဲ့ဆုအတွက် ကိုကို့ တော့ အနိုင်တိုက်ရမှာပဲ .."

"ဘာလဲ …၊ ဘာဆုကို လိုချင်တာလဲ .."

"အလကာ့ ကို ကိုကို ခေါ်မသွားရဘူး .."

"ဟား!…"

ခါးနှစ်ဖက်ထောက်ရင်း ဟာသတစ်ခုကို ကြားလိုက်ရသ ရယ်ချလိုက်ဖို့ပေမယ့် မဲ့ပြုံးတွေသာဖြစ်၍ …

"မင်း ပြောသလို ပြန်ပြောမယ် .. ခုချိန်မှာ ငါ့ဘဝနဲ့ ငါပဲ ဘယ်သူမှ ခိုင်းစေလို့ မရဘူး .. ငါကိုယ်တိုင် သီး .. ငါကိုယ်တိုင် ပွင့်လို့ ရတယ် .."

သူ့မျက်လုံးတွေ အလကာ့ ဆီ ရောက်သွားကာ …

"သား .. အပြင်မှာ သွားနေ .. ဖေဖေတို့ စကားပြောနေတယ်"

"ဟုတ် .."လို့ ပြောပြီး ချာခနဲ လှည့်ပြေးတတ်သည့် ကလေး သာသာ့ လက်ကို ပို၍ တင်းအောင်ဖက်ပြီး မျက်နှာကို မော့ကြည့် သေးသည်။ ပြီးမှ …





"တီတီသာ .. သားကို မထည့်လိုက်နဲ့နော် .. သား မလိုက်သွား ဘူးနော် .."

အပြင်ကို ခြေလှမ်းနေတဲ့အထိ မှာလို့ မဆုံး …၊ ငုံ့ကြည့်ပြီး ခေါင်း ညိတ်ပြနေသည့် သာသာ့ မျက်ဝန်းမှ မျက်ရည်စက်တွေ ကြွေဆင်း သွားတာ ပြက်ခနဲ လက်ခနဲ …။

သူမ ပြန်မော့လာတော့ တင်းတင်းစေ့ထားသည့် နှုတ်ခမ်းသား သားတွေက ကတုန်ကယင်နှင့် …၊

"သာသာ နဲ့ ထားရင် ကိုကို့သား ပျက်စီးမှာ စိုးလို့လို့ ပွင့်ပွင့် လင်းလင်း ပြောလိုက်ပါ ကိုကို .."

"ပြော .. ခင်းပဲ ပြော …၊ အားလုံး မင်းပဲ သိ .. မင်းပဲ တတ်နေ သလား …၊ ငါ လုပ်သမျှ မင်းကို အဲဒီပုံစံတွေနဲ့ချည်း သွားငြိနေသလား.. ဘာကြောင့်!…"

နဖူးကနေ သွားသည့်လက်က ဆံပင်တွေထဲထိ ရောက်သွားခဲ့ပြီးမှ ထောက်မိကာ …

"ဘာလုပ်လုပ် ဘာကိုမှ အဆင်မပြေဘူး .. တလွဲချည်းပဲ .."

စိတ်ပျက်စွာ ညည်းမိသည်။

သာသာ က မဲ့၍ …

"ဟိုနေ့က ကိုကိုပဲ ပြောတာလေ .. သာသာ တို့ကို တစ်ခုခုလုပ်မှ တော့မယ်ဆိုတာ .. ကိုကို အဲဒါကို ချက်ချင်း အကောင်အထည် ဖော်လိမ့်မယ်လို့ သာသာ မထင်ခဲ့ဘူး .."

"ဟုတ်တယ် .. အဲ့ဒါ မင်းအတွက် ဘာမှမပါဘူးလို့ မင်း ထင် သလား .."

"ပါလည်း မလိုချင်ပါဘူး .. သာသာ လိုချင်တာက အလကာ့ .. ဒီကလေးကို သာသာ တို့ မမဝမ်းက ကျွတ်ကတည်းက မွေးလိုက် ခဲ့ရတာ .. သာသာ တို့ ရှိနေလို့ ကိုကို ပညာတွေ သင်ချင်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



သင်ရတယ် .. ဘယ်မှာ အလုပ်သွားလုပ်နေနေ နောက်ကြောင်း မေ့... ဘူး ..၊ ခုကျမှ ငါ့သားဆိုပြီး ဆွဲထုတ်သွားတာ ကိုကို မရက်စက်လွန်း... ဘူးလား .."

"ရက်စက်မှု ကြေကွဲတယ်တဲ့ ..၊ မင်း သတိမထားမိတာတွေ... ထားမိလာအောင် ထောက်ပြလိုက်သလို ဖြစ်သွားရင်ပဲ ငါ ကျေး... တယ် .."

"ဘယ်လို!..."

"ကလေးအပေါ်မှာ မင်း ထားနေတဲ့ သဘာဝလွန် စေတနာ... ပေါ့ .."

ပြောနေရင်း သူ သာသာ ရပ်နေတဲ့ဆီ လျှောက်သွားမိသည်။

"ငါ့သားကို ငါ .. သင်ပေးနေစရာ မလိုဘူး သာသာ .. သူ့... သင်ပြပေးနိုင်မယ့် အမေတစ်ယောက် ငါ့ဘေးကို ရောက်လာတာ... ပြီးသွားမှာ ..၊ ငါ အများကြီး ထည့်တွေးပြီး စိတ်ပူနေတာ မင်းကို..."

သာသာ က မဲ့ပစ်ပြီး မျက်နှာလေး လှည့်သွားတော့ သူ စိတ်... သွားသည်။

"မင်း ဘာမဲ့တာလဲ .."

သူမ ပခုံးလေးနှစ်ဖက်ကို ဆောင့်ဆွဲပစ်လိုက်ပြီး မျက်နှာချင်း... ကပ်ကာ ...

"ကလေးကို စိတ်ကြိုက်ထားဖို့အတွက် မင်းကိုယ်မင်း စတေး... ထားသလို ဖြစ်နေတာ .. ကိုယ့်ကိုယ်ကိုယ် သိရဲ့လား .."

"မသိဘူး .. သာသာ စတေးတယ်ဆိုရင်လည်း ကိုယ့်ဘဝနဲ့ကိုယ်... ကိုကို ပူစရာ မလိုဘူး ..၊ အခု ကိုကို လက်ထပ်လိုက်တော့ရော ကလေး... နဲ့ သာသာ အားလုံး ပြောင်းလဲပြီး ပျော်ပျော်ရွှင်ရွှင် ဖြစ်သွားကြမယ်လို့... ထင်လို့လား .. ကိုကို့မိန်းမနဲ့ .."

"ဘာလဲ .. ငါ့မိန်းမ ဘယ်မှာလဲ .."





မေးပုံက ဒေါသတကြီးမို့ သာသာ ကြောက်အမ်းအမ်း ဖြစ်သွား၏။

ဆောင်ဦးခိုက် က သာသာ့ ပခုံးလေးကို ကိုင်ထားရင်း တံခါးကို ခြေထောက်နဲ့ တွန်းပိတ်လိုက်၏။

"ငါ မိန်းမယူမယ်လို့ မင်းကို ဘယ်သူပြောတာလဲ .."

သာသာ က မဖြေ ...။

ထိကပ်တော့မလို ငုံ့လာသည့် သူ့မျက်နှာကို မျက်နှာလေးမော့၍ ရှောင်ရင်း ငေးကြည့်နေ၏။

"ဒီမှာ သာသာ .. မင်းကို ငါ စေ့စပ်ခဲ့တာ ပျော်လို့ မဟုတ်ဘူး..၊ မင်းက ငါ့အပေါ် .. ငါက မင်းအပေါ်မှာ တစ်ယောက်နဲ့တစ်ယောက် ပါဝင်ပတ်သက်ခွင့်တွေ ရှိလာကြရင် မင်းကို ပိုပြီး ပြောဆို ပြုပြင်ပေးနိုင်မယ်ထင်လို့ ဆုံးဖြတ်ပြီးမှ ငါ လုပ်ခဲ့တာ ..၊ မင်း ထပ်ပြီး နားလည်ထားဖို့က ငါ့ရင်ဘတ်ကြီးက ဆိုးသွမ်းလူငယ်တွေ ပြုပြင်ရေးအတွက် ဒါနပြုဖို့ ဖွင့်ထားတာ မဟုတ်ဘူး .."

"သာသာ့ ကို လွှတ် .."

"နေဦး .."

သူ့လက်တွေကို ဖယ်ချပေမယ့် ဘယ်လိုမှ မအောင်မြင် ...၊

"သားကို အလိုလိုက်လွန်းပြီး သား တစ်မျက်နှာကလွဲပြီး ဘာမှ ဂရုမစိုက်ချင်တော့အောင် မင်း ဖြစ်နေတာတွေကို တည့်မတ်ပေးချင်တာ ..၊ အဲဒီစိတ်တွေ ပြောင်းသွားပြီး ကိုယ့်ဘက် ယိုင်လာမယ့် မင်းရဲ့စိတ်ကို အပိုင်လိုချင်တာ .."

မြတ်နိုးပါသည် .. နှစ်သက်ပါသည်လို့ပဲ ပြောလာတော့မလိုနှင့် စကားသံတွေက နူးညံ့မှုတစ်စုံတစ်ရာမှ ပါမလာခဲ့ဘဲ ...

"အခု ပိုပိုပြီး ဝေးလာတာကို ငါ သိသွားပြီ .. အဓိကလုပ်ရမှာက သားနဲ့ မင်းကို ခွဲထားဖို့ပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဘာပြောလိုက်တယ် .. အခု သာသာ နဲ့ တမင် ခွဲထုတ်ဖို့ အတွက် လုပ်နေတာ ဟုတ်လား .."

"ဟုတ်တယ် .. အဲဒါ မင်း ပြောသလို သား အကျင့်ပျက်မှာ မဟုတ်ဘူး .. မင်းအတွက် ရှိလာမယ့် အန္တရာယ်က ပိုကြီးနေလို့ .."

"မယုံဘူး .. ကိုကို သာသာ့ ကိုပဲ ကြည့်မရ ဖြစ်နေတာ..၊ သာသာ ဘာလုပ်လုပ် အပြစ်ပဲ မြင်နေတာ သာသာ သိတယ် ..၊ လူတိုင်း ဒီလိုပဲ နေနေကြတာ သာသာ တို့ကျမှ .."

"ငါ မင်းကိုကျမှ ချစ်မိနေလို့ပဲ သာသာ .."

သူ သာသာ့ မျက်နှာလေးကို စူးစိုက်ကြည့်နေမိလျက် ...

"မင်းကို မှဲ့တစ်ပေါက်တောင် စွန်းထင်းမခံနိုင်ဘူး .."

သာသာ ခေါင်းခါနေမိသည်။ သူ ပြောတာကို မယုံတာလား .. ဘာကိုမှန်းလည်း ကိုယ့်ဘာသာ မသိ ...။

"မင်းကို ငါ ချစ်တယ် .. ဒီစကားကို မင်းကိုပဲ ပထမဆုံး ပြောဖူးတာ ..၊ ဒါပေမယ့် ငါ မင်းလို ကလေးဆန်လို့ မရဘူး .. ဖြစ်ချင်တာ ထက် ဖြစ်သင့်တာကို အရင်လုပ်ရမှာပဲ .."

"ဟင့်အင်း .. အလကား ကိုတော့ ကိုကို ခေါ်မသွားပါနဲ့ .. ကလေးနဲ့ သာသာ့ ကို မခွဲပါနဲ့ ကိုကိုရယ် .."

ချစ်တယ်လို့ ပြောပြီးနေတာတောင် နူးညံ့မှုရှိမလာသည့် မျက်နှာကြောင့် မျှော်လင့်ချက်မဲ့သလို ခံစားမိလာလျက် ...

"အလကား နဲ့ပဲ နေပါရစေ .. သာသာ ကိုကို လိုချင်တဲ့ကတိ ပေးပါ့မယ် .."

ဆောင်းဦးနိုက် ထံမှ ဘာသံမှ ထွက်မလာခဲ့ပေ ..၊ ပြီးမှ ပခုံးမှာ ဖိဆုပ်ကိုင်ထားသည့် လက်တို့ တဖြည်းဖြည်း လျော့ကျသွားကာ လက်ဖဝါးလေးတွေကျမှ ခပ်ဖိဖိ ဆုပ်ဖျစ်၍ ...

"ကိုယ် လိုချင်တာကို တကယ် ပေးနိုင်သလား .."





သာသာ သူ့ကို မကြည့်ဘဲ ခေါင်းလေးညိတ်ပြသည်။ ပန်းနုရောင် တီရှပ်လေးနှင့် ပါးမို့လေးတွေ နုရဲနေသော မျက်နှာလေးက ငိုနေတာ တောင် ပိုလှနေသလား မသိ ...။

မျက်တောင်ကော့တို့မှာ မျက်ရည်ဥတို့က မြက်ဖျားနှင်းစက်လေး တွေလို ရှိနေလျက် ...

"တစ်ခုတည်း မဟုတ်ဘူး .. မင်း ကိုယ့်ကို ကတိနှစ်ခု ပေးရ မယ် .."

မေးဖျားလေးကို မော့စေကာ ပါးပြင်လေးကို မျက်ရည်သုတ်ပေး ရင်း ပွတ်သပ်နေမိကာ ...

"ကိုယ်တို့ လက်ထပ်ကြမယ် .."

"ဟင်!..."

"နောက်တစ်ခုက .. သားနဲ့ မဆော့ရဘူး .."

"နောက်တစ်ခုကို ကတိပေးရင် မရဘူးလား ကိုကို.. သာသာ ကိုကို့ ကို .."

"လက်မခံနိုင်ဘူးလား .."

သာသာ ခေါင်းမခါဘဲ ခေါင်းလည်း မညိတ်နိုင် ...။

"ကိုယ် လိုချင်တာ သားကို ထိန်းကျောင်းမယ့်သူ မဟုတ်ဘူး..၊ သားနဲ့ အတူဆော့ပေးမယ့်သူလည်း မလိုချင်ဘူး .. ကိုယ့်ကိုချစ်ပြီး ကိုယ့်သားကိုလည်း သားလေးလို ချစ်နိုင်မယ့်သူကို လိုချင်တာ .."

"ကိုကို့ကို ဘယ်သူက ချစ်မယ် ပြောလို့လဲ .."

"မင်း ချစ်လာအောင် ကိုယ် ဒီထက်များများ ဆူပေးမှာပေါ့ .."

"ဘယ်လို!..."

"ဒါမှ မင်း ငိုတိုင်း ကိုယ် ချော့ရင်းနဲ့လေ .."

ဒီလို ရက်စက်တတ်တဲ့လူကြီးက ချော့မယ်တဲ့လား ...

သာသာ မျက်ခုံးလေးတွေ တွန့်နေရင်း မော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ချစ်လို့ မှန်းအောင် လုပ်ပါသည်'ဆိုတဲ့လူရဲ့ ရင်ထဲမှာ နူးညံ့တတ်တယ်ဆိုတာ ဘယ်မှာလဲ ...။

"လူကို ဘယ်လိုကြီး ကြည့်နေတာလဲ .."

"ကိုကို့ကို ကြောက်တယ် .."

"လာပြန်ပြီ .."

"ဟုတ်တယ် .. ခုတောင် ကိုကို ဒီလိုလုပ်ရက်တာ .. လက်ထပ်ပြီးရင် အခွင့်အရေး ရှိသွားပြီဆိုပြီး သာသာ အံပြစ်ရှိလာရင် ကိုကိုက ရိုက်ချင် ရိုက်မှာ .."

သူ ပြုံးလိုက်ရင်း သာသာ့ မျက်နှာလေးကို ပါးလေးနှစ်ဖက်က ကိုင်၍ မော့ယူကာ ...

"အခု မင်းက ကိုယ့်သားနဲ့ ဆော့နေတဲ့ ကောင်မလေးလေ .. ကိုယ့်ဇနီးလေး ဖြစ်သွားရင် သားနဲ့လည်း မဆော့ရတော့ဘူး .. ရိုက်ဖို့ မပြောနဲ့ မင်းမျက်နှာလေး ညိုသွားအောင်တောင် ကိုယ် မပြောဘူး.."

"သာသာ က အလကာ နဲ့ စိမ်းစိမ်းကြီး နေရမှာလား .."

"ဖြစ်မလာသေးတာတွေကို လျှောက်မေးမနေနဲ့ကွာ .. သဘာဝကနေ ပြောင်းလဲမှုတွေ အဆင့်ဆင့် ဖြစ်လာကြပေမယ့် ပြောင်းလဲအောင် ဘယ်သူမှ ကြိုတင် ဖန်တီးယူခဲ့ကြတာ မဟုတ်ဘူး .."

"ကိုကိုက ဖန်တီးမယ့်သူ ဖြစ်နေရင် ဘယ်လိုလုပ်မလဲ ..။ စိတ်တိုတတ်လိုက်တာ အရမ်းပဲ .."

"ဟုတ်တယ် .. စိတ်တိုတတ်နေတာ မင်းကြောင့်ပဲ ..။ ကိုယ်က လက်ထပ်ယူချင်နေပြီ .. အဲဒီချာတိတ်မက ကလေးနဲ့ ဆော့နေတယ်..။ ဘယ်လို စိတ်ရှည်ရမလဲ ပြော .."

"အဲ့ဒီအတိုင်းပဲ ထပ်လုပ်နေမိရင် ဘယ်လိုလုပ်မလဲ ..။ ကိုကိုပဲ အရင် ကတိပေး .."

"ဘာလဲ .."





"သာသာ ရုတ်တရက် မပြောင်းလဲနိုင်ဘူး ဖြစ်နေရင် အလကာ သာသာ့ ကို .."

"မရဘူး .. မင်းပဲ ခုနက ပြောတယ်လေ .. ကိုယ်က ဖန်တီးတဲ့သူ .. မင်း ပြောင်းလဲသွားအောင် ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ .."

သူ သာသာ့ ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲယူပြီး ပွေ့ပိုက်ထားလိုက်ည်။

"မင်းကို ကိုယ် ဘယ်တုန်းက ချစ်မိသွားခဲ့မှန်း မသိဘူး .."

သူ သာသာ့ ပခုံးလေးတွေပေါ်မှာ ခွေထောက်နေသည့် ဆံစလေးကို သိမ်းဖယ်လိုက်ရင်း ဖွေးနုသော လည်တိုင်လေးမှာ မျက်နှာ ထားမိလျက် ...

"ကိုယ့်ကို နည်းနည်းတော့ သံယောဇဉ်ရှိတယ်မို့လား ဟင် .."

"နည်းနည်းမှ မရှိဘူးလို့ ကိုကို ထင်လို့လား .."

"သားကို မခွဲနိုင်လို့ အဖေကို လက်ထပ်ရတာပါလို့ စိတ်ဆိုးတိုင်း တော့ဘူးဆိုရင် ရပြီ .."

"အဟွန်း .."

သာသာ ရယ်လိုက်တော့ သူ့မျက်နှာ ခွာကာ သာသာ့ ကို သေချာ ကြည့်၏။

"ရယ်တယ် ဟုတ်လား .. ကြည့်ရတာ ဒီတိုင်းပြောဖို့ စိတ်ကူးရှိ တဲ့ပုံပဲ .."

ရယ်နေသည့် ကိုကို့မျက်နှာ ချောချောကို မော့ငေးရင်း သာသာ့ နှာလေးက မျက်ရည်စလေးတွေနှင့် ပြုံးနေ၏။

ဆောင်းဦးခိုက် က မျက်တောင်ကော့တို့မှာ စိုကပ်နေဆဲ မျက်ရည် ကို လက်မနဲ့ ဖွဖွလေး ထိကပ်သုတ်ပေးရင်း ...

"ရတယ် .. ကိုယ် ပိုင်ပြီးမှဆိုရင် ကိုယ် မကြားချင်တဲ့စကားမျိုး တော ခဏ မပြောရဲအောင် ဘယ်လို ဒဏ်ခတ်ရမလဲဆိုတာ တွေး



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးသား ..”

“ကိုကို ပြောသလို တကယ် တည်မှာလား ..”

“ဘာလဲ .. မယုံဘူးလား ..”

“မသိဘူး .. ကိုကို သာသာ့ ကို ချစ်နေနိုင်မယ်လို့ မထင်ထာ သာသာ့ ကို အမြဲတမ်းပဲ စိတ်တိုနေတော့ ..”

“မင်းကို ယူရခက်နေလို့ပါ ဆိုမှ ..”

“အင်း .. သာသာ ယုံဖို့ ကြိုးစားရဦးမှာ ..”

“လက်ထပ်ပြီးမှ ကြိုးစားကွာ.. နောက်ထပ် မစောင့်နိုင်တော့ဘူ

“ကိုကိုပဲ အလက်ာ့ ကို ခေါ်ပြီး ထွက်သွားဖို့တောင် စီစဉ် နေမှ ..”

“အဲဒါက မင်းမှ ခေါင်းမညိတ်ဘဲ .. မသက်ဆိုင်တဲ့နေရာက ပြောဆို ပူပန်နေရတာ .. ဒီမှာ ဘယ်လောက် ဒုက္ခများနေလဲ သိလာ သားကို ခေါ်ထုတ်သွားရင် မင်းတို့နှစ်ယောက် ဘယ်လိုမှ စိတ်ချမ်း မှာ မဟုတ်မှန်း သိသိနဲ့ပဲ ဆုံးဖြတ်ရတာ ..၊ အဲဒါ မင်းအတွက် အ ကြီး ပါတယ် ..”

“ဟင့်အင်း.. မင်းအတွက်တွေ တော်တော့ .. နောက်ဆို အလ နဲ့ သာသာ့ ကို ဘာအကြောင်းနဲ့မှ မခွဲရဘူး ..”

“မင်းက ခွဲပါရစေ ဆိုရင်တောင်မှ ခွင့်မပြုဘူး ..”

သူ သာသာ့ နဖူးလေးကို နမ်းလိုက်သည်။ ပြီးတော့ ဆံစလေး ကို ပွတ်သပ်ဆော့ရင်း ...

“မင်းဘက်က ပြင်သင့်တာတွေရော .. ကိုယ် ဖြစ်စေချင်တာ ရော .. မကြာခင်မှာ သူ့အလိုလို ပြည့်ဝလာမှာပါ ..”

“ဘာကို ပြောတာလဲ ..”

“ကိုယ်တို့နှစ်ယောက် သားအတွက် ညီ .. ညီမလေးတွေ ရ ရင်လေ ..”





“ဟာ!... ကိုကိုကလည်း ..”

ရှက်သွားသည့် မျက်နှာလေးကို ငေးရင်း သူ့ရင်ခုန်သံတွေ မြန် လာသည်။

သူမလေးကို မြတ်မြတ်နိုးနိုး ချစ်မိနေပြီဆိုတာ သေချာနေရကာ...

“တကယ် ပြောနေတာ .. သားတွေ သမီးတွေနဲ့ ယောက်ျားနဲ့ မိန်းမွားနဲ့ အလုပ်တွေ ရှုပ်လာတဲ့အခါ ..၊ မင်းရဲ့ သားသမီးတွေ ပြော မကောင်း ဆိုမကောင်း ဖြစ်လာတာတွေ တွေ့တဲ့အခါ ..”

“ကိုကို ..”

“ဟင် ..”

“သာသာ့ ကို တကယ်ချစ်တာလား ဟင် ..”

“ချစ်စေချင်တယ်ပေါ့ ..”

“အင်း ..”

“မင်းကရော ..”

“သာသာ က မေးနေတာလေ ..”

“ကိုယ်ကလည်း ကိုယ့်ကို ချစ်စေချင်တာပေါ့ကွ ..”

“ခုနကတော့ သံယောဇဉ် နည်းနည်းလောက်ပဲ ရှိပါတဲ့ ..”

“ခုပဲ လောဘတွေ တက်လာတာ ..”

“သွားပါ ..”

“ဘယ်ကိုလဲ ..”

“ကိုကို နော် ..”

“တွေ့လား .. မေးတာကို မဖြေဘဲနဲ့ ..”

“ဘာလဲ .. လက်ထပ်မယ်ဆို ပြီးရောပေါ့ ..”

ဆောင်းဦးခိုက် က ရယ်လိုက်ပြီး လှူကို စူးစိုက်ကြည့်နေ၏။ သာသာ ရှက်လာကာ သူ့လက်တွေကို ဖယ်ချပစ်လိုက်ရင်း ...

“သွားတော့မယ် ..”



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်စရာ ရှိလို့လဲ .."

"အလင်္ကာ စောင့်နေမှာ .."

"မင်းနဲ့ မခွဲရတော့ဘူးဆိုရင် သူ ပျော်သွားမှာပါ .."

ဒါတွေ ကျူးကျော်လာတော့မှာကို သိလိုက်လို့ ရှောင်ထွက်ဖို့ ကြိုးစားပေမယ့် မအောင်မြင် ..။

"မေမေတို့လည်း စိတ်မကောင်းဖြစ်နေတာ ကိုကိုရဲ့ .. သာသာတို့ လက်ထပ်တော့မယ်လို့ သွားပြောလိုက်မယ် .."

"နေပါစေ .. အဲ့ဒါ ကိုယ်လုပ်ရမယ့် အလုပ် .."

"ကိုကိုနော် .. အရမ်းမုန်းဖို့ ကောင်းတာပဲ .. ဟင့်အင်း .."

"ဘာလဲ .. ဘာမှ မလုပ်ရသေးဘူး .."

"ကြည့်ပါလား .. ဒီမှာ ငိုချင်လာပြီ .."

ရင်ခုန်သံ မြန်လာခြင်းနှင့်ပတ်သက်သော ချစ်ခြင်းဥပဒေအရ သူမ ကိုကို့ကို ချစ်နေမိခဲ့သလား ..။

ဒါမှမဟုတ် ဘယ်ဘက်ရင်အုံမှာ လှိုက်ခါနေသော ရင်ခုန်သံတွေကြောင့် သူမ ..။

*လရောင်ကျူးရင့်*



BURMESE CLASSIC .com

www.burmeseclassic.com